ASEAN University Network
Human Rights Education (AUN-HRE)

Institute of Human Rights and Peace Studies
Mahidol University

UiO : Norwegian Centre for Human Rights
University of Oslo

လူ့အခွင့်အရေး သဘာဝ ပတ်ဝန်းကျင် နှင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု

အတွဲ - ၅

EDITED BY
AZMI SHAROM, SRIPRAPHA PETCHARAMESREE AND KALPALATA DUTTA

လူ့အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ပြဋ္ဌာန်းစာအုပ် စီးရီး အတွဲ ၅၊ ၂၀၂၄ ခုနှစ်

By

ASEAN University Network – Human Rights Education (AUN–HRE)

And Institute of Human Rights and Peace Studies (IHRP), Mahidol University

With support of Norwegian Centre for Human Rights (NCHR),

University of Oslo

Edited by

Azmi Sharom, Sriprapha Petcharamesree and Kalpalata Dutta

This work is distributed under Creative Commons licensing:

CC BY-NC-SA
Attribution-NonCommercial-ShareAlike

More information on licensing is available at: https://creativecommons.org/licenses/by-nc-sa/4.0/

လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ပြဋ္ဌာန်းစာအုပ် စီးရီး အတွဲ ၅၊ ၂၀၂၄ ခုနှစ်

ISBN: 978–616–443–915–3

ISBN (e–book): 978–616–443–916–0

ထုတ်ဝေသူ – Institute of Human Rights and Peace Studies (IHRP), Mahidol University

ပုံနှိပ် – Scand–Media Corp., Ltd, Bangkok, Thailand

ဘာသာစကားတည်းဖြတ်မှု Chanida နှင့် Alec Bamford

Norwegian Centre for Human Rights (NCHR), University of Oslo ၏ ပံ့ပိုးမှုဖြင့် ထုတ်ဝေသည်။

ဘာသာပြန် – မေဖြူ

စာတည်း – PNMD Secretariat

ဤမြန်မာဘာသာပြန်ဆိုထားသော ပြဋ္ဌာန်းစာအုပ်ကို Norwegian Centre for Human Rights (NCHR), University of Oslo ၏ ပံ့ပိုးကူညီမှုဖြင့် ထုတ်ဝေသည်။

This Burmese Translated Textbook was produced under the support of the Norwegian Centre for Human Rights (NCHR), University of Oslo.

AUN–HRE Secretariat
Institute of Human Rights and Peace Studies (IHRP)
Mahidol University
999 Phuttamonthon 4 Rd., Salaya,
Nakhon Pathom 73170, Thailand
Website: http://www.ihrp.mahidol.ac.th/

အဖွင့်မိတ်ဆက်

သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရှိခြင်းက လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟူသောအချက်ကို အစောဆုံးနှင့် အရှင်းလင်းဆုံး တရားဝင်လက်ခံထားသည့် နိုင်ငံတကာထုတ်ဖော်ချက်တစ်ရပ်အဖြစ် ၁၉၇၂ ခုနှစ် စတော့ဟုမ်း ကြေညာစာတမ်း၌ တွေ့ရှိနိုင်ပေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၅၃)နှစ်ကြာကာလအတွင်း ထိုအယူအဆသည် အကြီးအကျယ် တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ စာရွက်စာတမ်းမှတ်တမ်းများအပေါ် ကနဦးသန္ဓေတည် အစပြုလာခဲ့သည့် အိုင်ဒီယာများသည် နောက်ပိုင်းတွင် ပိုမိုခိုင်မာတိကျသည့်အရာများအဖြစ် ပြောင်းလဲလာပြီးလျှင် ခိုင်မာသည့် မူဝါဒများနှင့် တင်းကျပ်သောဥပဒေများသဖွယ် ပေါ်ထွန်းလာတတ်သည်ဖြစ်ရာ ၎င်းတို့ တိုးတက်လာပုံကို အထင်အရှား ပြတ်သားစွာ တွေ့နိုင်မည်မဟုတ်ပေ။ ဥပမာအားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဟူသော အယူအဆကို စတော့ဟုမ်းကြေညာစာတမ်းတွင် တွေ့ရှိနိုင်သော်လည်း ၁၉၈၇ ခုနှစ်၊ ဘရန့်လန်းအစီရင်ခံစာ၌ မှသာ အများလက်ခံသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ် ရရှိခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ရီယိုကြေညာစာတမ်းတွင်မူ နိုင်ငံတကာမူဝါဒတစ်ခုအဖြစ် ပိုမိုခိုင်မာလာခဲ့သည်ကို တွေ့နိုင်မည်ဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အယူအဆများကို ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (MDGs) နှင့် ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ (SDGs) တို့တွင် ထပ်မံအတည်ပြုကာ ပိုမိုအားကောင်းလာစေခဲ့ပြီး နောက်ဆုံးထုတ်ပြန်ချက် (SDGs) တွင် လူသားများ၊ ကမ္ဘာမြေနှင့် သာယာဝပြောမှု တို့အကြား ဟန်ချက်ညီမျှတမှုရှိရေးကို အလေးပေးဖော်ပြထားသည်။

ဤသင်ကြားရေး အထောက်အကူပြု ပစ္စည်းများ ပေါ်ပေါက်လာရသည်မှာ အာဆီယံတက္ကသိုလ်များကွန်ရက် - လူ့အခွင့်အရေးဆိုင်ရာ ပညာရေးအဖွဲ့ (AUN-HRE) အဖွဲ့ဝင်များ၏ အစည်းအဝေးမှ အစပြုခဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများရှိ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များ အကြောင်း အဓိကထားပြီးလျှင် ဒေသတွင်း ပညာရှင်များကိုယ်တိုင် ပြုစုထားသော စာပေဖတ်ရှုဖွယ်ရာ များကို ကျောင်းသားများနှင့် (ပို့ချသူ) ကထိကများထံသို့ ပံ့ပိုးပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ AUN-HRE အဖွဲ့ဝင်များအကြား တူညီသောသဘောထား တစ်ရပ်ရှိကြသည်မှာ လူ့အခွင့်အရေး ရှုထောင့်မှကြည့်လျှင် နိုင်ငံတော်အစိုးရများအနေဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့်ဖြစ်လာနိုင်မည့် ကြိုတင်ခန့်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်ရန် တာဝန်ရှိသကဲ့သို့၊ အဆိုပါ ပြဿနာများကြောင့် ထိခိုက်ခံစားရသည့် လူအုပ်စုများအတွက် ထိရောက်သော ကုစားမှုများနှင့် လူမှုစီးပွါးဘဝ ရပ်တည်နိုင်မည့် နည်းလမ်းများကို ရရှိစေရေး အာမခံချက်ပေးရမည်ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ဤကိစ္စရပ်သည် အရေးကြီးသော်လည်း ဒေသတွင်းရှိ ကျောင်းသားများနှင့် (ပို့ချသူ) ကထိကများအတွက် ရည်ရွယ်၍ ပြုစုထားသော သင်ကြားရေး အထောက်အကူပြုပစ္စည်းများမှာ ရှားပါးနေသည်ကို တွေ့ရှိရသည်။

အရှေ့တောင်အာရှဒေသရှိ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့်အတူ သက်ဆိုင်ရာ အကြောင်းအရာများအပေါ် သုတေသနလုပ်ကာ ဒေသတွင်းနေထိုင်ကြသော နိုင်ငံခြားသားပညာရှင်များ၏ ပါဝင်ကူညီပြီးလျှင် အော်စလို တက္ကသိုလ်ရှိ နော်ဝေလူ့အခွင့်အရေးစင်တာ (NCHR) ၏ ရက်ရောသော ပံ့ပိုးကူညီမှုဖြင့် ဖတ်စာအုပ်စီမံကိန်း၏

ပဉ္စမမြောက်အတွဲကို ရေးသားပြုစု ပြီးစီးခဲ့လေသည်။ ရွေးချယ်ထားသော ခေါင်းစဉ်များသည် ဒေသတွင်းရှိ အရေးကြီးသော ကိစ္စရပ်များအပေါ် အခြေပြုထားရုံသာမက ဤစာအုပ် ဖတ်ရှု/အသုံးပြုသူများအနေဖြင့် သဘော တရားရေးရာနှင့် ဥပဒေမူဘောင်များအပြင် တကယ့်လက်တွေ့အခြေအနေများကိုပါ ကောင်းစွာ နားလည် သဘော ပေါက်စေရန် ရည်ရွယ်ထားကာ စံနှုန်းများနှင့် အယူအဆများအပေါ် တွင်လည်း အခြေခံထားခြင်းဖြစ်သည်။ ဤစာအုပ်တစ်ခုလုံးတွင် ဒေသတွင်းရှိ ဖြစ်ရပ်မှန်များနှင့် သာဓကများအကြောင်း အလေးပေး ဖော်ပြထားကာ ဖတ်ရှု/အသုံးပြုသူများအနေဖြင့် ပြဿနာများ၏ ကြီးမားလေးနက်မှုကို သိရှိနားလည်နိုင်စေရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ အထူးသဖြင့် သန့်ရှင်းပြီး ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတို့နှင့်စပ်လျဉ်းသည့် ချိုးဖောက်မှုများကို လျှော့ချရာတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သည်။ ဤအတွဲ(၅) တွင် အခန်းပေါင်း (၈) ခန်း ပါဝင်သည်။

၁။ စံနှုန်းများ - လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

၂။ ဂျဲန်ဒါ၊ ဂေဟ အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှု

၃။ ရာသီဥတုကြောင့် နေရပ်စွန့်ခွာရမှု - အရှေ့တောင်အာရှတွင် ပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာမှု

၄။ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိသော စီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍ

၅။ ဌာနေတိုင်းရင်းသားလူမျိုးများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

၆။ အရှေ့တောင်အာရှဒေသရှိ လူ့အခွင့်အရေးနှင့် မြေယာအကြောင်း

၇။ ရေ၊ မြစ်ချောင်းများနှင့် လူ့အခွင့်အရေး

၈။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများအား ကာကွယ်ရပ်တည်ခြင်း

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြေညာစာတမ်းများနှင့် အစီရင်ခံစာများ၏ သမိုင်းကိုကြည့်ပါက များစွာသော အယူအဆများနှင့် ဝေါဟာရ အသုံးအနှုန်းများ ပေါ်ထွက်လာခဲ့သည်ကိုတွေ့နိုင်ပြီး ယင်းတို့ကို Kalpalata Dutta ရေးသားသည့် “အယူအဆများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ – သဘာဝ ပတ်ဝန်းကျင်၊ လူ့အခွင့်အရေး နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု” ဟူသော ပထမဦးဆုံးအခန်းတွင် အသေးစိတ် ဖော်ပြထားသည်။ ဤအခန်းသည် စာဖတ်သူများအတွက် ဤနယ်ပယ်ရှိ ဘာသာရပ်ဆိုင်ရာ ဝေါဟာရ များစွာကို နားလည်စေရန်ကူညီပေးရုံသာမက လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုးတက် ပြောင်းလဲလာမှု ဖြစ်စဉ်အကြောင်းကိုလည်း လေ့လာထားသည်ဖြစ်ရာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ဤခရီး သည် အလုံးစုံ ချောမွေ့အဆင်ပြေလွယ်ကူလှသည်မဟုတ်ပေ။ ဥပမာအနေဖြင့် ရီယိုကြေညာစာတမ်းတွင် “အခွင့်အရေးများ” ဟူသော စကားလုံး ပါဝင်မှုမှာ သိသိသာသာ နည်းပါးနေပြီး မူကြမ်းရေးဆွဲသူများက သန့်ရှင်းသော သဘာဝ

ပတ်ဝန်းကျင်တစ်ခုကို “ရပိုင်ခွင့်ရှိသည်” ဟူသော အသုံးအနှုန်းကိုသာ အစားထိုး အသုံးပြုခဲ့ ကြသည်။ ဤသို့ လူ့အခွင့်အရေးဟူသည့်အသုံးအနှုန်းအပေါ် ရှောင်ဖယ်လိုခြင်းမှာ ထိုအချိန်က လူ့အခွင့်အရေးကို အလေးအနက် ထားကာ ခုခံကာကွယ်ခြင်းမရှိကြသည့် မလေးရှားနှင့် စင်ကာပူကဲ့သို့သော နိုင်ငံများ၏ ပါဝင် ပတ်သက်မှုနှင့် ပြောဆိုဝေဖန်မှုများကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ Kalpalata သည် အခြေခံ မူသဘောတရားများ ဖြစ်ကြသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ညစ်ညမ်းစေသူက ပေးလျော်ရမည် ဆိုသည့် မူဝါဒ၊ ကြိုတင်သတိပြု ကာကွယ်ရေးဆိုင်ရာမူဝါဒ နှင့် အခြားသောအယူအဆများအကြောင်းကို အသေးစိတ် လေ့လာဆန်းစစ်ထားသည်။ သူမသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့်ပတ်သက်၍လည်း ယခုအခါ အများ သိရှိလက်ခံထားကြပြီးဖြစ်သည့် “တူညီသော်လည်း ကွဲပြားသည့်တာဝန်ဝတ္တရားများရှိခြင်း” ကဲ့သို့သော အယူအဆ သစ်များဖြင့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုစနစ်က ကမ္ဘာသို့ မည်သို့ မိတ်ဆက်ပေးခဲ့သည် ကို ရှင်းလင်းတင်ပြထားသည်။

စတော့ဟုမ်းကြေညာစာတမ်းထွက်ပေါ်လာပြီးနောက် နှစ်အနည်းငယ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာခဲ့သည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP) ကို တည်ထောင်နိုင်ခဲ့ခြင်းက မှတ်တမ်းတင်ထိုက်သော တိုးတက်မှု မှတ်တိုင်တစ်ခု ဖြစ်လေသည်။ UNEP သည် အခြားသော ကုလသမဂ္ဂ အေဂျင်စီများကဲ့သို့ သာမန် အဖွဲ့အစည်း တစ်ခုသာမျှမဟုတ်ဘဲ ယနေ့ခေတ်တွင် ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသည့် သဘောတူ စာချုပ်များပေါ်ထွန်းလာစေရေးအတွက် အဓိက ပံ့ပိုးကူညီပေးခဲ့သည့် အဖွဲ့အစည်းလည်း ဖြစ်သည်။ ထိုကာလ အတွင်း သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်ဟူသော အယူအဆမှာလည်း ပိုမိုအားကောင်းလာခဲ့သည်။ ထိုအချိန်က အဆိုပါအခွင့်အရေးကို တိုက်ရိုက်ဖော်ပြထားသော သဘောတူစာချုပ်များ မရှိသေးသော်လည်း ထိုယူဆချက် အတွေးအခေါ်မှာ ကမ္ဘာတစ်ဝန်းတွင် အမြစ်တွယ်လာခဲ့ပြီ ဖြစ်သည်။ ဖိလစ်ပိုင်နှင့် တောင်အာဖရိက ကဲ့သို့သော နိုင်ငံများသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုအခွင့်အရေးကို ထည့်သွင်းပြဋ္ဌာန်းလာခဲ့ကြပြီး အိန္ဒိယ ကဲ့သို့သော နိုင်ငံများကမူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် “အသက်ရှင်သန်ပိုင်ခွင့်” အခွင့်အရေး ၌ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်လည်း အကျုံးဝင်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။

သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်အတွက် အထက်ပါအချက်များကို ပင်ပအရင်းခံ အခွင့်အရေးများဟု ဆိုနိုင်ပါမူ ခိုင်မာအားကောင်းသော လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများ ရှိစေရေးအတွက် ဆောင်ရွက်ကြ ရမည် ဟူသော စိုးရိမ်ပူပန်မှုများလည်း ပိုများလာခဲ့သည်။ ၎င်းတို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်ခွင့်၊ သတင်းအချက်အလက် ရရှိပိုင်ခွင့်နှင့် တရားမျှတမှုရှိသည့် အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများ လက်လှမ်းမီနိုင်ခွင့်တို့ ပါဝင်သည်။ သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် ယခင်ကထက် ပိုမို အသေးစိတ်ဖြစ်လာပြီးလျှင် နက်နဲသိမ်မွေ့သော ပုံစံများအသွင် ဖြစ်လာခဲ့သည်။ ဤစာအုပ်က ဆောင်ကြဉ်းပေးထားသည့် အချက်တစ်ချက်မှာ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ထိစပ်နေသော သီးခြားကဏ္ဍများကို လေ့လာဖော်ပြထားခြင်းဖြင့် ၎င်းတို့၏

အသေးစိတ်အချက်အလက်များနှင့် နက်နဲမှုများအကြောင်း စာဖတ်သူများ သိရှိနားလည်စေရန် မိတ်ဆက်ပေးခြင်းပင် ဖြစ်သည်။

ထိုသို့သော ထိစပ်နေသည့် နယ်ပယ်များအနက် ဂျဲန်ဒါအရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ၎င်းကို Melizel Asuncion နှင့် Tesa de Vela တို့ ရေးသားထားသည့် “ ဂျဲန်ဒါ၊ ဂေဟ အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာဖောက်ပြန်ပြောင်းလဲမှု” ဟူသော အခန်းတွင် ဖော်ပြထားသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို ရှေးဦးစွာ ရင်ဆိုင်ရသူများ ဖြစ်လေ့ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေးအခြေခံသည့် လူမှုအသိုက်အဝန်းများ၊ ကျေးလက်ဒေသများတွင် ထိုအချက်က ပိုမိုသိသာထင်ရှားလေသည်။ စိုက်ပျိုးရေးသည် ဂျဲန်ဒါ မရွေး လုပ်ကိုင်ကြသည့် အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်သော်လည်း အချို့သော အခြေအနေများတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုထိခိုက်ခံစားကြရသည်။ ဥပမာအားဖြင့် ရေခဲခြင်းကဲ့သို့သော တာဝန်များကို အမျိုးသမီးများက လုပ်ကိုင်ရလေ့ရှိပြီး မိုးခေါင်ခြင်းနှင့် အလားတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ပြဿနာများက အမျိုးသမီးများအတွက် ရေခဲရသည့်အလုပ်ကို ပိုမိုပင်ပန်းခက်ခဲစေသည်။ သို့သော်လည်း ဖိုဝါဒီ ကြီးစိုးသော လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ အသံကို အလေးထား နားထောင်လေ့မရှိကြချေ။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဒဏ်ကို တန်းတူညီမျှရှိစွာ သို့မဟုတ် ပိုမို၍ ခံစားနေရသော လူတန်းစားတစ်ရပ်၏ အသံများကို ကြားသိနိုင်စေရန်အတွက်မှာမူ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်မှုရှိခြင်းက အဓိကသော့ချက်ဖြစ်လာပေသည်။

ချဉ်းကပ်ပုံနည်းလမ်းတစ်ခုမှာ ဂျဲန်ဒါ ရေးရာအလိုက် မတူကွဲပြားသောချဉ်းကပ်မှု ဟု လူသိများသည့် နည်းလမ်းဖြစ်ပြီး ထိုနည်းအရ အမျိုးသားနှင့် အမျိုးသမီးများအကြား ကြုံတွေ့ရသည့် အတွေ့အကြုံချင်းမှာ မတူညီနိုင်ကြောင်းကို အသိအမှတ်ပြုပြီးလျှင် မူဝါဒများ ချမှတ်ရေးဆွဲသည့်အခါတွင် ယင်းအချက်ကို ထည့်သွင်းစဉ်းစားရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ နိုင်ငံတကာဥပဒေများတွင်လည်း ထိုအချက်ကို အသိအမှတ်ပြုထားပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍကို ၁၉၉၂ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ ၁၉၉၄ ခုနှစ် ကုလသမဂ္ဂ သဲကန္တာရ ဖြစ်ထွန်းမှု တိုက်ဖျက်ရေး သဘောတူစာချုပ်၊ နှင့် ၁၉၉၂ ခုနှစ် ကုလသမဂ္ဂ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူ စာချုပ်တို့တွင် ဖော်ပြထားသည့်အပြင် ၎င်း၏ နောက်ဆက်တွဲ သဘောတူစာချုပ်များ၌လည်း အထူးအလေးထား ထည့်သွင်းဖော်ပြထားသည်။ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း အလားတူ လုပ်ဆောင်ချက်အချို့ ရှိနေပြီး ယင်းတို့ကို Melizel နှင့် Tesa တို့က ဆွေးနွေးတင်ပြထားသည်။

၎င်းတို့သည် ဂျဲန်ဒါရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နောက်ထပ်ချဉ်းကပ်နည်းတစ်ခုဖြစ်သည့် ကိုလိုနီခေတ်လွန် ဂေဟစနစ် အမျိုးသမီးဝါဒဆိုင်ရာ ချဉ်းကပ်မှုအကြောင်းကိုလည်း လေ့လာတင်ပြထားသည်။ ဤချဉ်းကပ်မှုအရ လက်ရှိကမ္ဘာကြီးသည် စီးပွားရေးနှင့် ငွေကြေးကိုသာ အဓိကဗဟိုပြုနေသည့် နီယိုလစ်ဘရယ် ဝါဒ၏ လက်တွင်းသို့ ကျရောက်နေသည်ဟု ဆိုထားသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများအပေါ် ရန်ပုံငွေ ထောက်ပံ့ပေးနေသော G7 နိုင်ငံများ၏ Global Shield ကဲ့သို့သော အယူအဆများသည် လူသားချင်းစာနာထောက်ထားမှုရှိဟန်ဖြစ်သော်လည်း အမှန်စင်စစ်တွင်မူ

စနစ်အတွင်းရှိ အက်ကြောင်းကြီးများကို အပေါ်ယံ ဖုံးဖိထားခြင်းမျှသာ ဖြစ်သည်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု၏ ရင်းမြစ်အကြောင်းခံဖြစ်သော အရင်းရှင်စီးပွားရေးစနစ်မှာမူပြောင်းလဲခြင်းမရှိဘဲ နဂိုအတိုင်း ဆက်လက် တည်ရှိနေဆဲပင် ဖြစ်သည်။ ယင်းအစား ပြဿနာ၏ ရင်းမြစ်အကြောင်းရင်းများအပေါ် မေးခွန်းထုတ်ခြင်းမပြုတော့ဘဲ ပြဿနာဖြေရှင်းရန်တာဝန်ကို အစိုးရများ သို့မဟုတ် စီးပွါးရေးလုပ်ငန်းကြီးများ မဟုတ်သည့် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအပေါ်တွင်သာ ပုံချထားလိုက်ခြင်းဖြစ်သည်။ ဂေဟစနစ် အမျိုးသမီးဝါဒသည် ဤစနစ်တကျအတွင်း အမြစ်တွယ်နေသော အတွေးအခေါ်အား မေးခွန်းထုတ်ထားပြီး Melizel နှင့် Tesa တို့က အစားထိုးနည်းလမ်းများဖြင့် တင်ပြဆွေးနွေးထားသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက အထူးသဖြင့် ဆိုးရွားပြင်းထန်သော လူမှုရေးပြဿနာတစ်ရပ်ကို ရှေ့တန်းသို့ ရောက်ရှိစေခဲ့ပြီး ၎င်းမှာ လူများ နေရပ်စွန့်ခွာရသည့်အရေးကိစ္စပင် ဖြစ်သည်။ ဤပြဿနာကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကလည်း အသိအမှတ်ပြုထားသည်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လူဦးရေသန်းတစ်ထောင်အထိ နေရပ်စွန့်ခွာရနိုင်သည်ဟု ခန့်မှန်းထားသည့် အစွန်းရောက်အမြင်ဖြစ်စေ၊ (သို့တည်းမဟုတ်) အကြောင်းရင်းအားလုံးကို ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ်တွင်သာ ပုံချခြင်းမှာ အပေါ်ယံဆန်လွန်းသည်ဟု ယူဆသည့် အနည်းဆုံးဝါဒီအမြင်ဖြစ်စေ၊ မည်သည့်အမြင်ကို လက်ခံထားသည်ဖြစ်စေ လူသားများ နေရပ်စွန့်ခွာရမည့်ကိစ္စမှာ ပေါ်ပေါက်လာမည်ဖြစ်ပြီး ယင်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည်ဆိုသည့်အချက်မှာ ငြင်းဆိုမရသော အမှန်တရားတစ်ခုပင် ဖြစ်ပေသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်လာရသည့် အလွန်အမင်း ရေကြီးရေလျှံမှုကဲ့သို့သော အကြီးစား သဘာဝဘေးအန္တရာယ်များကြောင့် နေရပ်စွန့်ခွာရခြင်းကိစ္စသည် ရုတ်တရက်ချက်ချင်း ဖြစ်ပွါးနိုင်သကဲ့သို့ တရွေ့ရွေ့နှင့်လည်း ဖြစ်ပေါ်လာနိုင်သည်။ ဥပမာအားဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းက ရေချိုအရင်းအမြစ်များအတွင်းသို့ ဆားငန်ရေများ ဝင်ရောက်စေပြီးလျှင် ထိုမှတစ်ဆင့် စိုက်ပျိုးမြေများ ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်း ကျဆင်းခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ မြေနိမ့်ပိုင်းတွင်ရှိနေသော ကျွန်းနိုင်ငံများအတွက်မူ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းက ကုန်းမြေနေရာများ ဆုံးရှုံးရသည်အထိ ဖြစ်စေနိုင်သည်။ ထိုကိစ္စရပ်များအကြောင်းကို Sriprapha Petcharamesree နှင့် Chunya Primrose Boonyawan တို့ရေးသားသည့် “ရာသီဥတုကြောင့် နေရပ်စွန့်ခွာရခြင်း - အရှေ့တောင်အာရှရှိ ပတ်ဝန်းကျင်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းတို့၏ ဆက်နွယ်မှု” အခန်းတွင် ဆွေးနွေးထားသည်။

ဤအခန်းတွင် Sriprapha နှင့် Chunya တို့သည် ထိုသို့သောအခြေအနေမျိုး ကြုံတွေ့နေရသူများအပေါ် အကာအကွယ်ပေးနိုင်ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ မေးခွန်းတစ်ခုကို ထုတ်နှုတ်တင်ပြထားသည်။ သဘာဝဘေးအန္တရာယ်များကြောင့် နယ်စပ်ဖြတ်ကျော်လာသူများကို ဒုက္ခသည်များအဖြစ် အပြည်ပြည်ဆိုင်ရာဥပဒေက အသိအမှတ်ပြုထားခြင်း မရှိသည်ဖြစ်ရာ ၎င်းတို့ကို အကာအကွယ်ပေးရန်အတွက် ပုံမှန်ထားရှိသည့် နိုင်ငံတကာ စံနှုန်းများအား အသုံးပြုနိုင်ခြင်းလည်း မရှိသေးပေ။ တစ်ချိန်တည်းမှာပင် ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ပတ်သက်၍လည်း ပြဿနာရှိနေပေသည်။ ၎င်းတို့သည် မိမိတို့ရောက်ရှိနေသော နိုင်ငံ၏ ပြည်တွင်းမူဝါဒများ၊ ဥပဒေများနှင့် ခိုင်မာအားကောင်းမှုနည်းသော နိုင်ငံတကာ လမ်းညွှန်ချက် အနည်းငယ်ဖြင့်သာ

နေကြရပေသည်။ ဤအပိုင်းသည် ဆက်လက်လေ့လာမှုလုပ်ဆောင်ရန်လိုအပ်နေသည့် နယ်ပယ်တစ်ခု ဖြစ်နေသည်မှာ ရှင်းလင်းနေပြီးလျှင် ယင်းတို့အနက် အဓိပ္ပါယ်ဖွင့်ဆိုချက်အပိုင်းက အဓိကကျပေသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်အဖြစ် သို့မဟုတ် ပြည်တွင်း နေရပ်စွန့်ခွာရသူအဖြစ် မည်သို့သတ်မှတ်မည်ဆိုသည်ကို သိရှိခြင်းသည် ပြဿနာ၏ အမှန်တကယ် အတိမ်အနက်ကို တွက်ချက်ရာတွင် အလွန်အရေးကြီးလှပေသည်။

Kalpalata ရေးသားသည့် အယူအဆများအကြောင်းဖော်ပြထားသောအခန်းတွင် စိတ်ဝင်စားဖွယ်အချက်တစ်ချက်ပါဝင်ပြီး ၎င်းမှာ စတော့ဟုမ်းကြေညာစာတမ်းသည် သဘာဝပတ်ဝန်းကျင်အရေးနှင့်ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍ၏ တာဝန်ယူမှုအပေါ် လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် ဝေဖန်မှုအချို့နှင့် ကြုံတွေ့ခဲ့ရသည်ဟူသော အချက်ပင်ဖြစ်သည်။ ဤကိစ္စရပ်ကို Patricia Rinwigati Waagstein ၏ "သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရပိုင်ခွင့်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် တာဝန်ယူမှုရှိသော စီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍ" ဟူသော အခန်းတွင် ဆွေးနွေးထားသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်လာပါလျှင် နိုင်ငံသည် အဓိက တာဝန်ရှိသူဖြစ်ပြီး စီးပွါးရေးလုပ်ငန်းများအပေါ် ချမှတ်ထားသည့် မည်သို့သောတာဝန်ဝတ္တရားမဆို အကောင်အထည်ဖော်ဆောင်နိုင်ရေးမှာမူ နိုင်ငံတော်က ထိုတာဝန်ဝတ္တရားများအတိုင်း လိုက်နာစေရေးအတွက် အရေးယူဆောင်ရွက်လိုစိတ် မည်မျှရှိသည်ဟူသောအချက်အပေါ်တွင်သာ မူတည်နေပေသည်။ ထိုသို့ဆိုလျှင် စီးပွါးရေး လုပ်ငန်းများတွင် ရှိသင့်သော အဆိုပါ တာဝန်ဝတ္တရားများမှာ မည်သည်တို့ ဖြစ်နိုင်မည်နည်း?

စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ (၂၀၁၁) က ဤကိစ္စအတွက် အစပြုထားသည်။ ထိုလမ်းညွှန်ချက်တွင် စီးပွါးရေးလုပ်ငန်းများက လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန် တာဝန်ရှိကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သော ကြိုတင်စိစစ်မှုများကို ဆောင်ရွက်ရန်၊ ၎င်းတို့အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုယ်တိုင်ကျူးလွန်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကျူးလွန်မှုများနှင့် ပတ်သက်ဆက်နွယ်မှုများ မပြုလုပ်ကြရန် တာဝန်ရှိကြောင်း ဖော်ပြထားသည်။ ဤနေရာ၌ ပတ်သက်ဆက်နွယ်မှုရှိခြင်း ဆိုသည်မှာ မိမိ(လုပ်ငန်း)ကိုယ်တိုင်က ထိုသို့သော ချိုးဖောက်မှုများကို ကျူးလွန်ခြင်းမရှိသော်လည်း လူ့အခွင့်အရေး ချိုးဖောက်သူများနှင့် လုပ်ငန်းသဘောအရ ထိတွေ့ဆက်ဆံရေးများရှိနေခြင်းကို ဆိုလိုပေသည်။ အဆိုပါလမ်းညွှန်ချက်များသည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးကို တိုက်ရိုက်ကိုင်တွယ်ထားခြင်းမျိုးမဟုတ်သော်လည်း ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့နှင့်ဆက်စပ်၍ ပေါ်ပေါက်လာသော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို လွှမ်းခြုံနိုင်လောက်အောင် ကျယ်ပြန့်မှုရှိသည်ဟု Patricia က အခိုင်အမာဆိုထားလေသည်။ စာဖတ်သူများအနေဖြင့် ဤအခန်းကို Melizel နှင့် Tesa တို့ရေးသားသော ကိုလိုနီလွန်ခေတ် ဂေဟစနစ် အမျိုးသမီးဝါဒဆိုင်ရာ ဆွေးနွေးချက်များနှင့် ယှဉ်တွဲလေ့လာပါက စိတ်ဝင်စားဖွယ် ကောင်းပေလိမ့်မည်။

အရှေ့တောင်အာရှရှိ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို PDR၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့တွင် ဌာနေတိုင်းရင်းသားမျိုးနွယ်စုဝင် လူမှုအသိုင်းအဝိုင်းများစွာ ရှိကြလေသည်။ ဌာနေတိုင်းရင်းသား

လူမျိုးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ပင်မအပြည်ပြည်ဆိုင်ရာဥပဒေမှာ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (၂၀၀၇) UNDRIP ပင် ဖြစ်သည်။ ထိုသို့ရှိသော်ငြားလည်း ၎င်းသည် သဘောတူစာချုပ်တစ်ရပ်မဟုတ်ဘဲ ကြေညာစာတမ်းတစ်ခုသာဖြစ်သည့်အတွက် သဘောတူစာချုပ်များကဲ့သို့ စည်းနှောင်မှုအာဏာ မရှိပေ။ သို့သော်လည်း ပိုမိုခိုင်မာသော ဥပဒေများ ရေးဆွဲချမှတ်ရန်အတွက် အခြေခံမူဝါဒ များစွာကို ထိုကြေညာစာတမ်းက ချမှတ်ပေးထားသည်။ UNDRIP အကြောင်းကို Jerald Joseph နှင့် Kamal Solhaimi Fadzil တို့ ရေးသားသည့် “ဌာနေတိုင်းရင်းသားလူမျိုးများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု” ဟူသော အခန်းတွင် ဆွေးနွေးထားသည်။ သို့သော် ၎င်းတို့အခန်း၏ အဓိက ဆိုလိုရင်းမှာ ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများသည် မြေယာအရေးနှင့် ခွဲခြားု၍မရနိုင်လောက်အောင်ပင် ဒွန်တွဲနေသည်ဟူသော အချက်ဖြစ်သည်။ ဌာနေတိုင်းရင်းသားတို့၏ မြေယာအသုံးချမှု ဓလေ့ထုံးတမ်းများသည် ယေဘုယျအားဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုလိုက်လျောညီထွေရှိပြီး အထူးသဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တားဆီးရာတွင် ပိုမိုထိရောက်ကြောင်း စာရေးသူတို့က အခိုင်အမာ ဆိုထားပေသည်။ သို့သော်လည်း ၎င်းတို့၏ (မြေယာ) ပိုင်ဆိုင်မှုဆိုင်နှင့်စပ်လျဉ်းသည့်အယူအဆမှာ အခြေခံအားဖြင့် မတူကွဲပြားမှုရှိနေပြီး အများလက်ခံထားသည့် အယူအဆများနှင့် ဆန့်ကျင်ဘက်ဖြစ်နေခြင်းကြောင့် ၎င်းတို့၏ မြေယာအပေါ် ဥပဒေကြောင်းအရ အခိုင်အမာတောင်းဆိုနိုင်မှုအပိုင်းတွင် အားနည်းချက်များ ရှိနေပေသည်။ ထိုသို့ မြေယာအပေါ်အလေးပေးဖော်ပြချက်သည် Philip Hirsch ရေးသားသည့် “အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးနှင့် မြေယာအကြောင်း” ဟူသော အခန်းနှင့် အလွန်ဆက်စပ်သွားလေသည်။ Philip သည် မြေယာအရေးကို ဌာနေတိုင်းရင်းသားလူမျိုးများအတွက်သာမကဘဲ လူထုတစ်ရပ်လုံးအပေါ် သက်ရောက်မှုရှိသည့်ပုံစံဖြင့် ပိုမိုကျယ်ပြန့်သော ရှုထောင့်မှ လေ့လာထားသည်။ ဤအခန်းတွင် မြေယာ ပိုင်ဆိုင်ခွင့်၊ မြေယာဥပဒေ၊ မြေယာအတွင်း နေထိုင်လုပ်ကိုင်နေသူများအပေါ် အကြမ်းဖက်မှု၊ တရားမျှတမှု လက်လှမ်းမီနိုင်ခြင်းစသည့် စိုးရိမ်ပူပန်မှုများတွင် ဆိုးရွားလှသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများရှိနေပြီး မြေယာပိုင်ဆိုင်ခွင့်၏ အဓိပ္ပါယ်ဟူသော စိတ်ဝင်စားဖွယ် အတွေးအခေါ် ဆိုင်ရာမေးခွန်း နှင့်အတူ ၎င်းတို့ကို ဆွေးနွေးထားသည်။

မြေယာနှင့် ပတ်သက်ပါက ပိုင်ဆိုင်မှုဟူသည် အရေးကြီးသော ကိစ္စရပ်တစ်ခု ဖြစ်သော်လည်း မြေပေါ် ဖြတ်သန်းစီးဆင်းနေသည့် မြစ်ချောင်းများတွင်မူ ထိုသို့ ဖြစ်လိမ့်မည်မဟုတ်ပေ။ ရေသည် အသက်ရှင်သန်ပိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းပြုခွင့်၊ ကျန်းမာရေးနှင့် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်ကဲ့သို့သော များစွာသော လူ့အခွင့်အရေးများနှင့် ဆက်နွယ်နေပေသည်။ Carl Middleton ၏ “အရှေ့တောင်အာရှရှိ မြစ်ချောင်းများနှင့် လူ့အခွင့်အရေး” ဟူသော အခန်းတွင် ရေရရှိပိုင်ခွင့်အကြောင်း၊ မြစ်ချောင်းများနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအကြောင်းကို လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ၊ ဥပဒေများနှင့် နိုင်ငံရေး ရှုထောင့်များဖြင့် လေ့လာဆန်းစစ်ထားသည်။ ထို့အပြင် စာရေးသူသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ဂျဲန်ဒါရေးရာကဲ့သို့သော ရေနှင့် မြစ်ချောင်းရေးရာ သီးခြားနှီးနွယ်နေသောကိစ္စရပ်များကိုလည်း ထည့်သွင်းလေ့လာထားသည်။

သဘာဝပတ်ဝန်းကျင်အရေးသည် လူသားအားလုံးနှင့်သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည့်အားလျော်စွာ သဘာဝပတ်ဝန်းကျင်နှင့်ဆက်နွယ်နေသော လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များသည်လည်း လူတိုင်းနှင့် သက်ဆိုင်နေပေ

သည်။ လူအားလုံးနှင့်သက်ဆိုင်မှုရှိသော်ငြားလည်း လက်တွေ့၌ ထိုအခွင့်အရေးများအတွက် အထူးအလေးထား အားစိုက် လုပ်ဆောင်နေကြသည့် လူပုဂ္ဂိုလ်များနှင့် အုပ်စုအဖွဲ့များ ရှိနေကြပြီးလျှင် ၎င်းတို့ကို Sriprapha Petcharamesree ရေးသားသည့် နောက်ဆုံးအခန်းဖြစ်သော “သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအား အကာအကွယ်ပေးခြင်း” တွင် အဓိကထား ဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ (EHRD) အသတ်ခံရသည့် ဖြစ်စဉ်များစွာ ရှိလာပေသည်။ ဤဖြစ်ရပ်များသည် အလွန်ဝမ်းနည်းဖွယ်ကောင်းလှသော်လည်း ၎င်းတို့မှာ EHRD များ ရင်ဆိုင်တွေ့ကြုံနေရသည့် ခြိမ်းခြောက်မှုများအနက်မှ မြင်သာလှသော အပေါ်ယံ အပိုင်းအစလေးမျှသာ ဖြစ်ပေသည်။ ငွေကြေးနှင့်အာဏာ ရှိသော ကော်ပိုရေးရှင်းကြီးများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက လူထုပါဝင်မှုကို ဟန့်တားရန် ရည်ရွယ်လုပ်ဆောင်သည့် မဟာဗျူဟာမြောက် တရားစွဲဆိုမှုများ (SLAPP) ကဲ့သို့သော အကြမ်းမဖက်သည့် နည်းလမ်းများကို အသုံးပြုခြင်း၊ ထိုသို့ အသုံးပြုခြင်းက ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများသကဲ့သို့ပင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးများ ကာကွယ်ရေးဆိုင်ရာ ကြိုးပမ်းချက်များအား ထိခိုက်ပျက်ပြားစေနိုင်သည်။ ဤအခန်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအကြောင်း ဖြစ်ရပ်မှန် လေ့လာခြင်းများ၊ ၎င်းတို့ ရင်ဆိုင်နေရသော အန္တရာယ်များနှင့် ပြဿနာများအပြင် ၎င်းတို့အား ကာကွယ်စောင့်ရှောက်မှုပေးရာတွင် အသုံးပြုသင့်သည့် အပြည်ပြည်ဆိုင်ရာဥပဒေများ၊ အခြေခံမူများနှင့် စံနှုန်းများအကြောင်းကိုလည်း လေ့လာထားသည်။ ၎င်းတို့တွင် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်၏ ကာကွယ်ရပ်တည်သူများဆိုင်ရာမူဝါဒ၊ ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စုအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းတို့ ပါဝင်သည် (လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း ၁၉၉၈)။

နိဒါန်းအစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်းပင် ဤဖတ်စာအုပ်ကို ကျောင်းသား/သူများနှင့် ဆရာ/မများအတွက် အဓိက ရည်ရွယ်ထားခြင်းကြောင့် “ဆွေးနွေးရန်အချက်များ” ကဲ့သို့ ကဏ္ဍများကို ထည့်သွင်းထားသည်။ သို့သော်လည်း သုတေသီများ၊ တက်ကြွလှုပ်ရှားသူများနှင့် အများပြည်သူတို့အတွက်လည်း အသုံးဝင်လိမ့်မည်ဟု မျှော်လင့်မိသည်။ အထူးသဖြင့် အရှေ့တောင်အာရှဒေသအပေါ် စိတ်ဝင်စားသူများအတွက် ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်သည်။ အခန်းအားလုံး၌ အရှေ့တောင်အာရှဒေသအပေါ်တွင် အထူးဗဟိုပြု၍ ရေးသားထားရခြင်းမှာ ကျွန်ုပ်တို့ အသီးသီးရှိသီးခြားအတွေ့အကြုံများအကြောင်း ဖော်ထုတ်ပြသရန် လိုအပ်သည်ဟု AUN-HRE နှင့် တည်းဖြတ်သူများက အခိုင်အမာ ယုံကြည်ထားခြင်းကြောင့် ဖြစ်သည်၊ ယေဘုယျအားဖြင့်လည်း လူ့အခွင့်အရေးဆိုင်ရာ မည်သည့် ဆွေးနွေးမှုမျိုးတွင်မဆို အရှေ့တောင်အာရှ၏အသံများကို နားထောင်သင့်သည်ဟု ယုံကြည်ခြင်းလည်းဖြစ်သည်။ ဤစာအုပ်ပါအခန်းများကို လေ့လာခြင်းဖြင့် စာဖတ်သူသည် သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်ဟူသော အယူအဆ၏ တိုးတက်ပြောင်းလဲလာပုံကိုသာမက မတူညီသော ကဏ္ဍအသီးသီးသည် မည်သို့ ထိစပ်ချိတ်ဆက်နေကြောင်းကိုလည်း နားလည်နိုင်မည် ဖြစ်ပေသည်။ ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များစွာ ရှိနေခြင်းက သဘာဝပင်ဖြစ်သော်လည်း စတော့ဟုမ်းကြေညာစာတမ်းပါ အခြေခံဖော်ပြချက်များမှအစပြု၍ ယနေ့အချိန်ထိ

ဆိုပါလျှင် ခရီးအတော်အတန် ရောက်ရှိလာခဲ့ပြီဟု ဆိုနိုင်ပေမည်။ ဤစာအုပ်သည် လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ တွန်းအားပေးနိုင် လိမ့်မည်ဟု မျှော်လင့်မိပေသည်။

Azmi Sharom နှင့် Sriprapha Petcharamesree

ဖေဖော်ဝါရီလ ၈၊ ၂၀၂၄။

မာတိကာ

အခန်း ၁ ..... ၁

စံနှုန်းများ - လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ၁

၁.၁ လူ့ပတ်ဝန်းကျင် ၂

၁.၂ သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ၇

၁.၃ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ၁၅

၁. ၃.၁ ကျိုတိုနော်ဆက်တွဲစာချုပ် ၁၈

၁. ၃. ၂ ပဲရစ်သဘောတူညီချက် ၁၉

၁.၄ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှု ၂၃

၁.၅ ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စဉ်ဆက်မပြတ်သည့် သဘာဝ ပတ်ဝန်းကျင် ရရှိခွင့် ၂၆

၁.၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစိုးမိုးရေး ၃၁

၁.၇ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ ၃၂

၁.၈ အာဆီယံ ASEAN တွင်ချမှတ်ထားသော စံနှုန်းများနှင့် စာချုပ်စာတမ်းများ ၃၄

၁.၉ နိဂုံး ၃၈

က။ မေးခွန်းများ ၃၉

ခ။ ကျမ်းကိုးအထောက်အထားများ ၃၉

အခန်း ၂ ..... ၄၂

ဂျုန်ဒါ၊ ဂေဟ အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှု ၄၂

၂.၁ အဓိက သဘောတရားများနှင့် သီအိုရီများ ၄၃

၂.၂ ဆန့်ပြုသော မျှော်မှန်းရလာဒ်များ ၄၄

၂.၃ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအပေါ် ဂျုန်ဒါရေးရာ မတူကွဲပြားသော ချဉ်းကပ်ပုံ ၄၄

၂.၃.၁ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂျုန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၅ - ၂၀၂၀) ၄၆

၂.၃.၂ ၂၀၂၀ အလွန် မူဘောင် - ဂျုန်ဒါ တုန့်ပြန်မှုရှိသော ချဉ်းကပ်ပုံတစ်ရပ်ကို ချမှတ်ခြင်း ၄၇

၂.၃.၃ သဲကန္တာရဖြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UNCCD) ၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၇).....၄၉

၂.၃.၄ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူစာချုပ် (UNFCCC) ၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၇).....၅၁

၂.၃.၅ တိုးမြှင့် ပြင်ဆင်ထားသော ငါးနှစ်တာ ဂျဲန်ဒါရေးရာ လီမာ လုပ်ငန်းအစီအစဉ် (၂၀၁၉) ၅၂

၂.၃.၆ အာဆီယံဒေသရှိ ဂျဲန်ဒါနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု.....၅၂

၂.၃.၇ ဆွေးနွေးခြင်း.....၆၀

၂.၄ ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှုအပေါ် ကိုလိုနီခေတ်လွန် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ ချဉ်းကပ်မှု၆၄

၂.၄.၁ နီယိုလစ်ဘရယ် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှု.....၆၄

၂.၄.၂ ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာစီမံအုပ်ချုပ်မှုကို ပြန်လည်သုံးသပ်ခြင်း.....၆၆

၂.၄.၃ ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ၊ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေခြင်းများ (Intersectionality) နှင့် သာမန်ဘဝ - နီယိုလစ်ဘရယ် ရာသီဥတုစီမံအုပ်ချုပ်မှုအပေါ် တန်ပြန်ဆွေးနွေးမှု တစ်ရပ် ပေါ်ထွက်လာခြင်း.....၆၉

၂.၄.၄ နေ့စဉ်ဘဝဆိုင်ရာ အမျိုးသမီးဝါဒီ နိုင်ငံရေးနှင့် စုပေါင်းလှုပ်ရှားမှု.....၇၀

၂.၄.၅ အမျိုးသမီးဝါဒီများ၏ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသော ခွဲခြားမှုဆိုင်ရာ ဆန်းစစ်ချက် (Intersectionality) နှင့် ရာသီဥတုပြောင်းလဲမှုအကျပ်အတည်းအပေါ် အုပ်ချုပ်မှု.....၇၀

၂.၄.၆ ဂရုဏာအခြေပြု ကျင့်ဝတ် (Care Ethics) ကို အမျိုးသမီးဝါဒီများ၏ အသွင်ကူးပြောင်းရေး သီအိုရီ အဖြစ်တည်ဆောက်ခြင်း.....၇၁

၂.၅ နိဂုံး 72

က။ အဓိကမေးခွန်းများ ၇၂

ခ။ ကျမ်းကိုးအထောက်အထားများ ၇၃

အခန်း (၃) ၇၅

ရာသီဥတုကြောင့် နေရပ်စွန့်ခွာရမှု - အရှေ့တောင်အာရှတွင် ပတ်ဝန်းကျင်၊ ရာသီဥတု ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်းတို့၏ ဆက်စပ်မှု ၇၅

၃.၁ နိဒါန်း.....၇၅

၃.၂ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အခြေအနေများနှင့် ရွှေ့ပြောင်းမှုများ၏ သဘော သဘာဝ ၇၇

၃.၃ ရာသီဥတုကြောင့် ရွှေ့ပြောင်းခံရသူများအား ကာကွယ်သည့် လက်ရှိစံသတ်မှတ်ချက် မူဘောင်နှင့် ဗျူဟာများ ၈၁
၃.၄ အရွှေ့တောင်အာရှ၏ နောက်ခံအခြေအနေနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ၈၆
၃.၅ အရွှေ့တောင်အာရှတွင် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေသော အချက်များ ၈၈
၃.၆ အရွှေ့တောင်အာရှတွင် ရာသီဥတုပြောင်းလဲမှု/ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး မှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်မှု ၉၀
၃.၆.၁ ရုတ်တရက်ဖြစ်ပွားသော ရာသီဥတုပြောင်းလဲမှုနှင့် ၎င်း၏သက်ရောက်မှုများ ၉၁
၃.၆.၂ ဖြည်းဖြည်းချင်းဖြစ်ပွားသော ရာသီဥတုပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်မှု ၉၃
၃.၇ နိဂုံး 97
က။ မေးခွန်းများ ၉၉
ခ။ ကိုးကားချက်များ ၉၉
အခန်း (၄) ၁၀၁
သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ ၁၀၁
တာဝန်ယူမှုရှိသော စီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍ ၁၀၁
၄.၁ အဖွင့်မိတ်ဆက် ၁၀၁
၄.၂ ဥပဒေရေးရာ သီအိုရီများနှင့် နောက်ခံကြောင်းခြင်းရာ ၁၀၃
၄.၂.၁ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ : ကာကွယ်ရန်၊ လေးစားရန်နှင့် ကုစားမှုပေးရန် မူဘောင် ၁၀၃
၄.၂.၂ ပထမမဏ္ဍိုင် : နိုင်ငံ၏ ကာကွယ်ပေးရမည့် ဝတ္တရား ၁၀၅
၄.၂.၃ ဒုတိယမဏ္ဍိုင် : စီးပွါးရေးလုပ်ငန်းများ၏ လေးစားလိုက်နာရမည့် တာဝန် ၁၀၆
၄.၂.၄ တတိယမဏ္ဍိုင် : ကုစားမှုရပိုင်ခွင့် ၁၀၉
၄.၂.၅ (နိုင်ငံ)နယ်နိမိတ်ကျော်လွန်သည့် တာဝန်ဝတ္တရားများ ၁၁၀
၄.၃ စီးပွါးရေးလုပ်ငန်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ရပိုင်ခွင့်များနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ၁၁၂
၄.၄ နိဂုံး ၁၂၂
က။ ထပ်မံ ဖတ်ရှုဖွယ်ရာများ ၁၂၄

ခ။ ကျမ်းကိုးအထောက်အထားများ ၁၂၄
အခန်း (၅) ၁၂၇
ဌာနေတိုင်းရင်းသားလူမျိုးများ၊ သဘာဝပတ်ဝန်းကျင်နှင့် ၁၂၇
ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ၁၂၇
၅.၁ ဌာနေတိုင်းရင်းသားလူမျိုးများ - UNDRIP အတွင်းရှိ စံနှုန်းများ ၁၂၇
၅.၁.၁ ဌာနေတိုင်းရင်းသားလူမျိုးများဆိုသည်မှာ မည်သူများနည်း။ ၁၂၈
၅.၁.၂ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လူနည်းစု တိုင်းရင်းသားများအကြား ကွာခြားချက်မှာ အဘယ်နည်း? ၁၂၉
၅.၁.၃ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းကို ရေးဆွဲချမှတ်ခြင်း ၁၂၉
၅.၁.၄ အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများအကြောင်း အကျဉ်းချုပ် မိတ်ဆက် ၁၃၁
၅.၁.၅ ဌာနေတိုင်းရင်းသားလူမျိုးများ တွေ့ကြုံရင်ဆိုင်နေလေ့ရှိသည့် ပြဿနာများ ၁၃၃
၅.၂ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် မြေယာအခွင့်အရေး ၁၃၆
၅.၂.၁ ခြုံငုံသုံးသပ်ချက် ၁၃၆
၅.၂.၂ ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာ မြေယာပြဿနာကို ဖြေရှင်းရာတွင် ဥပဒေကြောင်းဆိုင်ရာ ချဉ်းကပ်မှုများမှာ အဘယ်နည်း။ ၁၃၇
၅.၂.၃ အရှေ့တောင်အာရှရှိ မိရိုးဖလာ မြေယာကိစ္စရပ်များ - ပြဿနာရပ်များနှင့် စိန်ခေါ်မှုများ ၁၃၉
၅.၃ ဌာနေတိုင်းရင်းသားလူမျိုးများ၊ သစ်တောများ၊ ပင်လယ်နှင့် ရာသီဥတုပြောင်းလဲမှု ၁၄၄
၅.၃.၁ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် စဉ်ဆက်မပြတ် သစ်တောအသုံးချမှု ၁၄၄
၅.၃.၂ ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို လျှော့ချခြင်း ၁၄၈
၅.၄ တရားမျှတမှုနှင့် အားလုံးပါဝင်နိုင်မှု ၁၅၂
၅.၄.၁ အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း ၁၅၃
က။ ကျမ်းကိုးအထောက်အထားများ ၁၅၉
အခန်း (၆) ၁၆၄
အရှေ့တောင်အာရှဒေသရှိ လူ့အခွင့်အရေးနှင့် မြေယာအကြောင်း ၁၆၄
၆.၁ အဖွင့်မိတ်ဆက် ၁၆၄

၆.၂ လူ့အခွင့်အရေးနှင့် မြေယာဆိုင်ရာ အခြေခံသဘောတရားရေးရာ ပြဿနာရပ်များ..... ၁၆၆
၆. ၂. ၁ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ဖွယ်တစ်ခုဖြစ်နေသည့် မြေယာ..... ၁၆၇
၆. ၂. ၂ မြေပိုင်ဆိုင်ခွင့် ခိုင်မာမှု..... ၁၆၇
၆. ၂. ၃ မြေယာအခွင့်အရေးများ နှင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးများ..... ၁၆၈
၆. ၂. ၄ ခြံခတ်ပိတ်ဆို့ခြင်းနှင့် ဖယ်ထုတ်ခြင်း..... ၁၆၉
၆. ၂. ၅ မြေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု..... ၁၇၀
၆. ၂. ၆ မညီမျှမှုရှိခြင်း..... ၁၇၁
၆. ၂. ၇ နယ်နိမိတ်ကျော်လွန် ခံစားနိုင်သည့် အခွင့်အရေးများ..... ၁၇၁
၆.၃ လူ့အခွင့်အရေးနှင့် မြေယာကိစ္စတို့နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာပြဿနာများ.....၁၇၂
၆. ၃. ၁ မြေယာလုပ်ပိုင်ခွင့်.....၁၇၂
၆. ၃. ၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ..... ၁၇၃
၆. ၃. ၃ ပြည်သူပိုင်သိမ်းယူခြင်း..... ၁၇၃
၆. ၃. ၄ ရွေးချယ်ပြီး အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်း..... ၁၇၄
၆. ၃. ၅ ဥပဒေမဲ့ အကြမ်းဖက်မှုများ..... ၁၇၄
၆. ၃. ၆ ဆန္ဒအလျောက်လိုက်နာရန် ချမှတ်ထားသည့် လမ်းညွှန်ချက်များဖြင့် စီမံအုပ်ချုပ်ခြင်း..... ၁၇၅
၆.၄ မြေယာအခွင့်အရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်နေသော နောက်ခံကြောင်းခြင်းရာများ.....၁၇၅
၆. ၄. ၁ အရှေ့တောင်အာရှဒေသရှိ သမိုင်းတလျှောက် မတရားမှုများနှင့် မြေယာပြုပြင် ပြောင်းလဲရေး ၁၇၆
၆. ၄. ၂ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း..... ၁၇၇
၆. ၄. ၃ မြေယာလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်များနှင့် မြေယာသိမ်းယူခြင်း..... ၁၇၇
၆. ၄. ၄ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေများအပါအဝင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များကြောင့် နေရပ်စွန့်ခွာရမှုများ..... ၁၇၈
၆. ၄. ၅ အခြေခံအဆောက်အအုံစီမံကိန်းများကြောင့် နေရပ်စွန့်ခွါရွှေ့ပြောင်းနေထိုင်ရမှု..... ၁၇၈
၆. ၄. ၆ မြေပိုင်ဆိုင်မှုအထောက်အထားနှင့် ၎င်း၏ မြေပိုင်ဆိုင်မှုခိုင်မာခြင်းအပေါ် ဒွိဟ/ မရေမရာ သက်ရောက်မှု..... ၁၇၉
၆. ၄. ၇ အကျပ်အတည်းများအတွင်း ခိုလှုံရာ အရင်းအမြစ်သဖွယ်ဖြစ်သော မြေယာ..... ၁၇၉

၆. ၄. ၈ ဂျုန်ဒါနှင့် မြေယာအခွင့်အရေးများ ၁၈၀
၆. ၄. ၉ တိုင်းရင်းသားဖြစ်မှုနှင့် မြေယာအခွင့်အရေးများ ၁၈၀
၆. ၄. ၁၀ လူမှုရေးလှုပ်ရှားမှုများ ၁၈၁
၆. ၄. ၁၁ စီမံခန့်ခွဲခြင်း ၁၈၂
၆.၅ နိဂုံး ၁၈၄
က။ မေးခွန်းများ၊ ငြင်းခုံဆွေးနွေးခြင်းနှင့် ဆွေးနွေးခြင်းများအတွက် အဓိကအချက်များ ၁၈၅
ခ။ ထပ်တိုးဖတ်ရှုဖွယ်ရာများ ၁၈၆
အခန်း (၇) ၁၈၈
ရေ၊ မြစ်ချောင်းများနှင့် လူ့အခွင့်အရေး ၁၈၈
၇.၁ နိဒါန်း ၁၈၈
၇.၂ ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး ၁၉၂
၇.၃ သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ဆက်စပ်ခြင်းရာရှိ HRWS ၁၉၆
၇.၄ ရေစီမံအုပ်ချုပ်မှု၊ မြစ်ချောင်းများနှင့် လူ့အခွင့်အရေး ၁၉၈
၇.၄.၁ ရေစီမံအုပ်ချုပ်မှု ၁၉၉
၇.၄.၂ လူ့အခွင့်အရေးနှင့် ရေစီမံအုပ်ချုပ်မှုဆိုင်ရာ “ပေါင်းစပ်ညှိနှိုင်းသော” ချဉ်းကပ်မှုများ ၂၀၀
၇.၄.၃ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေနှင့် ဥပဒေဆိုင်ရာ ဗဟုဝါဒ ၂၀၁
၇.၄.၄ အပြည်ပြည်ဆိုင်ရာ ရေဥပဒေနှင့် လူ့အခွင့်အရေး ၂၀၃
၇.၄.၅ လူ့အခွင့်အရေးနှင့် ရေ/မြစ်များကို အများပိုင်အရင်းအမြစ် (Commons) အဖြစ် ရှုမြင်ခြင်း ၂၀၅
၇.၅ ရေဆိုင်ရာ အခြေခံအဆောက်အအုံနှင့် လူ့အခွင့်အရေး ၂၀၆
၇.၆ မြစ်ချောင်းများ၏ အခွင့်အရေး ၂၀၉
၇.၇ နိဂုံး 210
က။ မေးခွန်းများ၊ ငြင်းခုံဆွေးနွေးရန် အဓိကအချက်များ ၂၁၂
ခ။ ထပ်မံဖတ်ရှုဖွယ်ရာများ ၂၁၂
အခန်း (၈) ၂၁၈
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအား ကာကွယ်ရပ်တည်ခြင်း ၂၁၈

၈.၁ နိဒါန်း - လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုသည်ကား မည်သူတို့ဖြစ်ကြ သနည်း။ ၂၁၈

၈.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ ၂၂၀

၈.၃ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်ရေးကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများ – စံနှုန်းများ ၂၂၁

၈.၃.၁ ဒေသတွင်း ဥပဒေများနှင့် နိုင်ငံတကာ ဥပဒေများတွင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများကို အာမခံပေးထားမှု ၂၂၂

၈.၄ အရှေ့တောင်အာရှဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များ ၂၃၃

၈.၅ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေ ၂၃၆

၈.၆ အရှေ့တောင်အာရှဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများ ၂၃၉

၈.၆.၁ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း ၂၄၃

၈.၆.၂ သဘာဝပတ်ဝန်းကျင် အခွင့်အရေး ကာကွယ်ရပ်တည်သူများအတွက် SLAPP အား အသုံးချခြင်း ၂၄၅

၈.၇ နိဂုံး - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများကို ကာကွယ်စောင့်ရှောက်ရန် မဟာဗျူဟာများ ရှိပါသလား။ ၂၄၈

က။ မေးခွန်းများ ၂၅၂

ခ။ ကျမ်းကိုးများ ၂၅၂

ပြဋ္ဌာန်းစာအုပ်ပါ ထူးခြားချက်များ အညွှန်း

အခန်း ၁

စာဖတ်သူလမ်းညွှန် ၁

အဓိကစကားရပ်များ ၇

အလေးထားစရာ- ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရီယို ကြေညာစာတမ်း ၁၀

ဇယား ၁ - မြေကမ္ဘာထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သော Agenda 21 တွင် ပါရှိသည့် အကြောင်းအရာများ ၁၂

အလေးထားစရာ- ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင် သဘောတူစာချုပ် (၁၉၉၂) ၁၆

အဓိက စကားရပ်များ ၂၁

ဇယား ၂ - ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှု ၂၃

ဇယား ၃ - အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ - ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော စဉ့်ဆက်မပြတ်သည့် သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့် ၂၇

အလေးထားစရာ - ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့်ဆက်မပြတ် ပတ်ဝန်းကျင်ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံများ၏ တာဝန်ဝတ္တရားများဆိုင်ရာ မူဘောင် သဘောတရားများ ၂၉

အလေးထားစရာ - စဉ့်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်၏ P (၅)လုံး ၃၃

အလေးထားစရာ - အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း - အာဆီယံအသိုင်းအဝန်း ၏ မျှော်မှန်းချက် ၂၀၂၅ ၃၆

အခန်း ၂

စာဖတ်သူလမ်းညွှန် ၄၂

အလေးထားစရာ - ဂျန်ဒါရေးရာတုံ့ပြန်ဆောင်ရွက်သည့် ချဉ်းကပ်မှု ၄၈

ဖြစ်ရပ်လေ့လာခြင်း - ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မူဝါဒများတွင်ပါရှိသည့် ဂျန်ဒါကဏ္ဍ ၅၃

ဖြစ်ရပ်လေ့လာခြင်း - အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မူဝါဒများ တွင်ပါရှိသည့် ဂျန်ဒါကဏ္ဍ ၅၈

အခန်း ၃

အဓိကအသုံးအနှုန်းများ- ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ (IDPs) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ၇၈

ဖြစ်ရပ်လေ့လာခြင်း။ မြန်မာနိုင်ငံ - ပဋိပက္ခကာလအတွင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ၉၂

ဖြစ်ရပ်လေ့လာခြင်း။ ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်း – ဖိလစ်ပိုင်နိုင်ငံ ၉၃

ဖြစ်ရပ်လေ့လာခြင်း။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ - နစ်မြုပ်နေသောမြို့ ၉၅

ဖြစ်ရပ်လေ့လာခြင်း။ ပျောက်ကွယ်သွားနိုင်သည့် မဲခေါင်မြစ် ၉၆

အခန်း ၄

စာဖတ်သူလမ်းညွှန် ၁၀၁

ဖြစ်ရပ်လေ့လာခြင်း - ထိုင်းနိုင်ငံ၊ အွမ်ကွိုင်ခရိုင်အတွင်းရှိ ကျောက်မီးသွေးတူးဖော်ခြင်း ၁၀၅

စီမံကိန်း အပေါ် ဆန့်ကျင်ခဲ့သည့် ဌာနေကရင်တိုင်းရင်းသားများ၏ ကြိုးပမ်းမှု

ဖြစ်ရပ်လေ့လာခြင်း - မြေယာသိမ်းဆည်းသည့် လုပ်ရပ်များနှင့်ပတ်သက်၍ ထိုင်းသကြား ၁၁၈

ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုအား ကမ္ဘောဒီးယားနိုင်ငံသားများက စွဲဆိုသည့် နယ်စပ်ဖြတ်ကျော် အစုအဖွဲ့လိုက် တရားစွဲဆိုမှု

ဖြစ်ရပ်လေ့လာခြင်း - ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ၁၁၉

ကာဗွန်အဓိက ထုတ်လွှတ်သည့်ကုမ္ပဏီကြီးများ၏ တာဝန်ယူမှုရှိခြင်းအပေါ် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားအဆင့် စုံစမ်းစစ်ဆေးမှု

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ပင်မအရင်းခံ အခွင့်အရေးများနှင့် လုပ်ထုံးလုပ်နည်း ၁၂၁

ဆိုင်ရာ အခွင့်အရေးများ

အခန်း ၅

စာဖတ်သူလမ်းညွှန် ၁၂၇

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခြေအနေကို ၁၃၅

နားလည်သဘောပေါက်ခြင်း

သင်ယူမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု (၁) ၁၃၅

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ဌာနေတိုင်းရင်းသားလူမျိုးများနှင့် မိရိုးဖလာ ၁၄၄

မြေယာအခွင့်အရေးများ

အလေးထားစရာ - ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများ၏ ရိုးရာအသိပညာနှင့် ၁၄၆

သစ်တောစီမံခန့်ခွဲမှု

သင်ယူမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု (၂) ၁၄၈

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ဘေးမဲ့နယ်မြေများအား ပူးတွဲစီမံခန့်ခွဲရာ၌ ဌာနေ ၁၅၂

တိုင်းရင်းသားလူမျိုးတို့၏ အခန်းကဏ္ဍ

အလေးထားစရာ - တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအပေါ် အသိအမှတ်ပြုမှု ပိုမိုခိုင်မာလာစေရန် မြှင့်တင်ပေးသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍ ၁၅၈

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ယန္တရားများ ၁၅၉

အခန်း ၆

စာဖတ်သူလမ်းညွှန် ၁၆၄

အခန်း ၇

စာဖတ်သူလမ်းညွှန် ၁၈၈

ပုံ ၁ - လူသားအားလုံးအတွက် ရေစီမံခန့်ခွဲမှုနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရန် ကြုံတွေ့နေရသော စိန်ခေါ်မှုများဆိုင်ရာ SDG သတင်းအချက်အလက်ပြပုံကားချပ် ၁၈၉

အလေးထားစရာ - အမျိုးသမီးများနှင့် ရေ ၁၉၅

အလေးထားစရာ - ရေ အသုံးချခွင့်နှင့် သောက်သုံးရေ ရရှိပိုင်ခွင့် ၂၀၁

အလေးထားစရာ - ဌာနေတိုင်းရင်းသားလူမျိုးများ၊ ရေနှင့် လူ့အခွင့်အရေး ၂၀၃

အလေးထားစရာ - အကြီးစားဆည်များနှင့် နိုင်ငံဖြတ်ကျော် မဲခေါင်မြစ် ၂၀၈

အခန်း ၈

စာဖတ်သူလမ်းညွှန် ၂၁၈

ဖြစ်ရပ်လေ့လာမှု - မင်ဒါနာအိုကျွန်းရှိ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ (Global Witness ၂၀၁၇ ခုနှစ် အစီရင်ခံစာ) ၂၃၉

ဖြစ်ရပ်လေ့လာမှု - ကမ္ဘောဒီးယား သစ်တောကာကွယ်ရေး တက်ကြွလှုပ်ရှားသူ ချတ် ဝူတီး (Chut Wutty) ၏ ဖြစ်ရပ် ၂၄၁

ဖြစ်ရပ်လေ့လာမှု - ထိုင်းနိုင်ငံရှိ HRDs များ ၂၄၂

အခန်း ၁

စံနှုန်းများ - လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

Kalpalata Dutta

စာဖတ်သူ လမ်းညွှန်

ဤအခန်းတွင် သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့် စပ်လျဉ်းသည့် သဘောတရားများနှင့် စံနှုန်းများ၏ ပေါ်ပေါက်လာပုံသမိုင်းကြောင်းများအကြောင်း တင်ပြထားသည်။ ယခုအခန်း၌ ၁၉၇၂ ခုနှစ် စတော့ဟုမ်း ကြေညာချက်၌ တင်ပြခဲ့သည့် လူ့ပတ်ဝန်းကျင်ရေးရာ သဘောတရားများအကြောင်း၊ ၁၉၈၇ ခုနှစ် ဘရန့်လင်း အစီရင်ခံစာ၌ ဖော်ပြပါရှိခဲ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတရားအကြောင်း၊ ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရီယို(Rio) ကြောချက်တွင် ဖော်ပြခဲ့သည့် သဘာဝ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံမူသဘောတရားများအကြောင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဆိုင်ရာ ကုလသမဂ္ဂ အခြေခံသဘောတူစာချုပ် (UNFCCC) တွင် ဖော်ပြခဲ့ သည့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု နှင့်စပ်လျဉ်းသော အခြေခံသဘောတရားများအကြောင်းနှင့် လုပ်ဆောင်ချက်ရေးရာ အခြေခံမူဘောင်အကြောင်း၊ ကျိုတို နောက်ဆက်တွဲစာချုပ်နှင့် ပဲရစ်သဘောတူညီချက် အကြောင်း၊ လူ့အခွင့်အရေးနှင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုအကြားရှိ ချိတ်ဆက်မှုများအကြောင်း၊ ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော စဉ်ဆက် မပြတ်သည့် သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်အား လူ့အခွင့်အရေးကောင်စီက ၂၀၂၁ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည့်အကြောင်း၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအကြားရှိနေသည့် ချိတ်ဆက်မှုများအကြောင်း ဆွေးနွေးထားသည်။ နောက်ဆုံးအနေဖြင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအကြား ဆက်စပ်နေသည့် ပြဿနာရေးရာကိစ္စရပ်များအပေါ်တုန့်ပြန်ရန် ရေးဆွဲချမှတ်ထားသည့် အာဆီယံအဆင့် စာချုပ်စာတမ်းများနှင့် ယန္တရားများအကြောင်းကို ဆွေးနွေးထားသည်။

၁.၁ လူ့ပတ်ဝန်းကျင်

လူ့ပတ်ဝန်းကျင်ဟူသော သဘောတရား၌ လူသားများနှင့် သဘာဝပတ်ဝန်းကျင်အကြား မည်သို့ယှဉ်တွဲ တည်ရှိနေပုံ၊ အချင်းချင်း အပြန်အလှန်ဆက်နွယ်နေပုံများကို ဖော်ပြထားခြင်းဖြစ်သည်။ လူ့ပတ်ဝန်းကျင်ဟူသော သဘောတရားနှင့် လူ့အခွင့်အရေးတို့သည် ၁၉၇၂ ခုနှစ် စတော့ဟုမ်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် လူ့ပတ်ဝန်းကျင်ရေးရာကုလသမဂ္ဂညီလာခံ၌ ပထမဦးဆုံးအနေဖြင့် ချိတ်ဆက်မိခဲ့ခြင်းဖြစ်သည်။

၁၉၆၀ နှစ်များကမူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များကို ကမ္ဘာတစ်လွှား ဆက်တိုက် ရင်ဆိုင်ခဲ့ကြရသည်။ ဖြစ်ရပ်များအနေဖြင့် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလတွင် လန်ဒန်မြို့၌ လေးရက်ကြာ မီးခိုးမြူငွေများ ဖုံးလွှမ်းခဲ့ခြင်းကြောင့် ခန့်မှန်းခြေ လူပေါင်း ၇၅၀ နီးပါး သေဆုံးခြင်း၊ ၁၉၆၉ ခုနှစ်၊ ကယ်လီဖိုးရီးယားပြည်နယ် ဆန်တာဘာဘာရာတူးမြောင်းတွင် ဖြစ်ပွါးခဲ့သည့် ဆီဖိတ်စင်မှုကြောင့် အနည်းဆုံး ၄၀်ပေါင်း ၃,၅၀၀ သေဆုံးခဲ့ခြင်း၊ ၁၉၆၀ ဝန်းကျင် နှောင်းပိုင်းကာလများမှစကာ အာဖရိကတိုက် ဆာဟယ်ဒေသ၌ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့် မိုးခေါင်ရေရှားမှုများကြောင့် ခန့်မှန်းခြေ လူပေါင်း ၁၀,၀၀၀ ခန့် သေဆုံးရခြင်း၊ ဂျပန်နိုင်ငံ၊ မိနာမာတာ ပင်လယ်အော်တွင် အဆိပ်များစွန့်ပစ်ခြင်းမှ ဖြစ်လာသည့် မာကျူရီအဆိပ်သင့်မှုကြောင့် တရားဝင်စာရင်းအရ လူပေါင်း ၂,၂၆၅ ဦးကို သေဆုံးစေခဲ့သည်များ ရှိခဲ့သည် (Chasek, ၂၀၂၀)။ ၁၉၆၂ ခုနှစ်တွင်၊ ရေချယ်ကာဆန်၏ တိတ်ဆိတ်သောနွေဦး (Silent Spring) စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် အရောင်းရဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့ပြီး ၎င်းတွင် ဓါတုပိုးသတ်ဆေးများအား ခွဲခြားသုံးစွဲမှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေသည့် သက်ရောက်မှုများအကြောင်းကို မှတ်တမ်းတင်ဖော်ပြထားပြီးလျှင် သဘာဝပတ်ဝန်းကျင်အပေါ် အသိစိတ်သစ်တစ်ခုအား အမေရိကန်အပြင် ပြည်ပနိုင်ငံများအထိ နိုးထစေခဲ့သည်။ ထိုနောက်ခံနှင့်မတူဘဲ တစ်ဖက်၌လည်း ၁၉၆၈ ခုနှစ်တွင် ဆွီဒင်နိုင်ငံက လူသားတို့၏ လုပ်ရပ်များကြောင့် သဘာဝပတ်ဝန်းကျင်၌ ပြောင်းလဲမှုများရှိလာခြင်းသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအတွက် အရေးပေါ်ပြဿနာတစ်ရပ်ဖြစ်လာကြောင်း၊ ထိုပြဿနာများအား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ရေးရာကုလသမဂ္ဂညီလာခံတစ်ရပ်ကို ခေါ်ယူကျင်းပသင့်ကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင်ရေးရာ ပြဿနာများအတွက် လေးနက်သော ဆွေးနွေးမှုများကို တကမ္ဘာလုံးအတိုင်းအတာနှင့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းကို အဆိုပြုခဲ့သည် (လူ့ပတ်ဝန်းကျင်ရေးရာ ပြဿနာရပ်များအပေါ် အပြည်ပြည်ဆိုင်ရာညီလာခံတစ်ရပ် ကျင်းပရေးကိစ္စ၊ ၁၉၆၈)။ အကျိုးဆက်အနေဖြင့် စတော့ဟုမ်းညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် လူ့ပတ်ဝန်းကျင်ဆိုင်ရာကုလသမဂ္ဂညီလာခံ၏ ကြေညာစာတမ်းကို ချမှတ်နိုင်ခဲ့သည်။

ကြေညာစာတမ်းတွင် နိဒါန်းပိုင်းနှင့် အခြေခံမူသဘောတရား (၂၆) ချက် ပါရှိပြီးလျှင် လက်ရှိလူဦးရေသာမက အနာဂါတ်မျိုးဆက်များအတွက် အကျိုးခံစားနိုင်ရန်အလို့ငှာ လူ့ပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုးတက်ကောင်းမွန်စေရေး အစီအစဉ်များ လုပ်ဆောင်ကြရန် အစိုးရများနှင့် လူသားများအားလုံးအပေါ် တောင်းဆိုထားသည်။ စတော့ဟုမ်းကြေညာစာတမ်းသည် မျက်မှောက်ခေတ် သဘာဝပတ်ဝန်းကျင်ရေးရာဥပဒေနှင့် (ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် တည်ထောင်ခြင်းကဲ့သို့) နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာ ယန္တရားများဖွံ့ဖြိုးတိုးတက်လာမှုအတွက် အပြောင်းအလဲတစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုကြသော်လည်း ကြေညာစာတမ်း

ပါ အချို့သော အခြေခံယူဆချက်များနှင့် ကြေညာစာတမ်း၌ ချန်လှပ်ထားသော အချို့အချက်များအပေါ် ဝေဖန်မှုများ ရှိခဲ့သည်။

လူ့ပတ်ဝန်းကျင်ဆိုသည့် သဘောတရားအား နိဒါန်း၏ ပထမအပိုဒ်တွင် ဖော်ပြထားသည်မှာ-

> *"လူသားများသည် မိမိပတ်ဝန်းကျင်အား ဖန်တီးပုံဖော်သူများလည်း ဖြစ်ကြပြီး ထိုပတ်ဝန်းကျင်ကပင် ၎င်းတို့အတွက် ရုပ်ပိုင်းဆိုင်ရာ အာဟာရကို ပေးနေသည့်အပြင် အသိဉာဏ်ဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ၊ လူမှုရေးရာ နှင့် စိတ်ဓါတ်ပိုင်းဆိုင်ရာ တိုးတက်နိုင်ရေးအတွက် ပံ့ပိုးပေးနေသည်။ ကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်များတွင် ရှည်လျားလှပြီး တုန်လှုပ်ချောက်ချားဖွယ် ဆင့်ကဲဖြစ်စဉ်များရှိခဲ့ကြပြီး အလျင်အမြန် တိုးတက်လာနေသော သိပ္ပံနှင့် နည်းပညာကြောင့် လူသားများသည် မိမိပတ်ဝန်းကျင်အား မရေမတွက်နိုင်လောက်သော နည်းလမ်းပေါင်းများစွာ နှင့် မကြံစဖူးသောအတိုင်းအတာဖြင့် ပြောင်းလဲပစ်နိုင်သောစွမ်းအားကို ပိုင်ဆိုင်လာသည့် အခြေအနေတစ်ရပ်သို့ ရောက်လာခဲ့သည်။ သဘာဝ ပတ်ဝန်းကျင်နှင့် လူတို့ဖန်တီးပြုလုပ်ထားသော ပတ်ဝန်းကျင်နှစ်ရပ်စလုံးသည် လူသားများ၏ ကောင်းကျိုးချမ်းသာရှိစေရေးအတွက်သာမက အခြေခံလူ့အခွင့်အရေးများ ရရှိခံစားရေးအတွက် မရှိမဖြစ် လိုအပ်လှသည်- ၎င်းကိုယ်တိုင်သည်ပင် အသက်ရှင်သန်ပိုင်ခွင့်ပင်ဖြစ်သည်။"*

ပထမဦးစွာ အထက်တွင်ဖော်ပြထားသည့်အတိုင်း ကြေညာစာတမ်းက "လူသား (man)"ဆိုသည့် စကားရပ်ကို သုံးနှုန်းထားသည်။ ဝေဖန်မှုများကမူ "လူသား(man)" ဆိုသည့် စကားရပ်ကို သုံးနှုန်းထားခြင်းသည် အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားတို့အား ၎င်းတို့၏ဘဝများအပေါ် ထဲထဲဝင်ဝင် သက်ရောက်မှုရှိစေမည့် ကိစ္စရပ်များအကြောင်း ဆွေးနွေးနိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် ၎င်းတို့၏ အသံများနှင့် အတွေ့အကြုံများအား ဖယ်ထုတ်ထားခြင်းမျိုးဖြစ်သည်ဟု စောဒကတက်ခဲ့ကြသည် (Bratspies၊ ၂၀၂၂)။

ဒုတိယအချက်အနေဖြင့် နိဒါန်းပိုင်း၏ အပိုဒ် ၄ တွင် ဖော်ပြထားသည်မှာ-

> *"ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွါးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအများစုမှာ ဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်းကြောင့်ဖြစ်သည်။လူသန်းပေါင်းများစွာသည် သင့်တင့်ကောင်းမွန်သော လူမှုရပ်တည်ချက်ဘဝအတွက် လိုအပ်မည့် အနိမ့်ဆုံးအဆင့်အောက်တွင် ဆက်လက်နေထိုင်နေကြရပြီး လုံလောက်သော အစားအစာ၊ အဝတ်အထည်၊ အမိုးအကာ၊ ပညာရေး၊ ကျန်းမာရေးနှင့် တကိုယ်ရေသန့်ရှင်းမှုများ ချို့တဲ့နေဆဲဖြစ်သည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်၊ သို့သော် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ပြီး တိုးတက်ကောင်းမွန်စေရမည့် လိုအပ်ချက်နှင့် မိမိတို့၏ ဦးစားပေးမှုများအကြား သတိချပ်ထားရမည်ဖြစ်သည်.....။"*

အပိုဒ် ၄ တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကိစ္စတို့နှင့်စပ်လျဉ်းပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြားရှိ တင်းမာမှုများကို သုံးသပ်ဖော်ပြထားသည်။ ညီလာခံ မကျင်းပမီ အကြို ဆောင်ရွက်ခဲ့

ကြသည့် ဆွေးနွေးပွဲများ၌ ဖွံ့ဖြိုးဆဲနိုင်ငံများက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများမှာ ကမ္ဘာ့မြောက်ပိုင်းရှိ စက်မှုထွန်းကားရာ နိုင်ငံများကြောင့် ဖြစ်လာခြင်းဖြစ်ကြောင်း၊ မြောက်ပိုင်းတွင် အသစ်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ဖွယ်ရာများကိုအကြောင်းပြု၍ ကမ္ဘာ့တောင်ပိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးကိုကန့်သတ်ရန် ခြွင်းချက်တစ်ခုအနေဖြင့် အသုံးမပြုသင့်ကြောင်း စောဒကတက်ခဲ့ကြသည် (Chasek, ၂၀၂၀; Ellison, ၂၀၁၄; Garth, ၁၉၇၃)။ ယင်းအစား ဖွံ့ဖြိုးတိုးတက်မှု အားနည်းခြင်း၊ ဆင်းရဲမွဲတေမှုတို့နှင့်စပ်လျဉ်းသည့် ပြဿနာရပ်များကို ဦးစားပေးသင့်ကြောင်း ၎င်းတို့က ဖော်ပြခဲ့သည်။ ညီလာခံတွင် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ Indira Gandhi ပြောကြားသည့် မိန့်ခွန်း၌ အောက်ပါအတိုင်းပါရှိသည်-

> *"ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများက အလွန်အကျွံဖြစ်သော စက်မှုလုပ်ငန်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့်မဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းကြောင့်သာ ဖြစ်ကြောင်း ပေါ်လွင်နေသည်။ ချမ်းသာသော နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအား သဘာဝပတ်ဝန်းကျင် ပျက်ဆီးစေသည့် အကြောင်းရင်း တစ်ခုအဖြစ် ရှုမြင်မည်ဖြစ်သော်လည်း ကျွန်မတို့အတွက်မူ အသက်ရှင်နေထိုင်ရေးအတွက် သို့တည်းမဟုတ် အစားအစာ၊ သောက်သုံးရေ၊ တကိုယ်ရေကျန်းမာရေး၊ အမိုးအကာများ ပံ့ပိုးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းမြှင့်တင်နိုင်ရေး အဓိကနည်းလမ်းတစ်ခုဖြစ်သလို စိမ်းလန်းသော သဲကန္တာရများ၊ သက်ရှိများနေထိုင်နိုင်သော တောတောင်များဖြစ်စေရေးအတွက်လည်း ဖွံ့ဖြိုးတိုးတက်မှုက အဓိကကျပေသည်။"* (DTE ဝန်ထမ်း၊ ၂၀၂၂)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်းပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြားရှိ တင်းမာမှုကို စတော့ဟုမ်းကြေညာချက်တွင် တစ်စိတ်တစ်ပိုင်း ကိုင်တွယ်နိုင်ခဲ့သည်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး အစီအမံများ ထည့်သွင်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ငွေကြေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကူအညီများကို ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ပံ့ပိုးပေးရန် တာဝန်ရှိကြောင်း လက်ခံလိုက်ခြင်းဖြစ်သည် (မူသဘောတရား ၁၂)။ ကမ္ဘာ့တောင်ပိုင်းနိုင်ငံများက ထောက်ပြခဲ့သည့် အခြားအကြောင်းတစ်ခုမှာ လူဦးရေ ဆက်တိုက် တိုးလာမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအပိုင်းတွင် ပြဿနာများ ဖြစ်ပေါ်လာစေသည်ဟု လက်ခံထားသည့် အချက်ဖြစ်သည် (နိဒါန်း၊ အပိုဒ် ၅)။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ် Gandhi က သုံးသပ်ထားသည်မှာ

> *"ကမ္ဘာ့ပြဿနာအားလုံးအား လူဦးရေတိုးတက်လာသည့်ကိစ္စအပေါ် အပြစ်တင်ပုံချခြင်းက အလွန်ရိုးရှင်းလွန်း သည်။ ကမ္ဘာ့လူဦးရေ၏ အနည်းငယ်မျှသာရှိသည့် နိုင်ငံများက တွင်းထွက်သယံဇာတများ၊ ဇီဝလောင်စာများ စသည်ဖြင့် ကမ္ဘာ့မြေမှ ထွက်ရှိသည်များကို အများဆုံး စားသုံးကြသူများဖြစ်သည်။ ထို့ကြောင့် သဘာဝ အရင်းအမြစ်များ နည်းပါးလာမှုနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာသည့် အကြောင်းပြောကြရာတွင် ချမ်းသာကြွယ်ဝသော နိုင်ငံတစ်ခု၌ နေထိုင်သူတစ်ဦးတိုးလာသည့်အခါ ၎င်းအတွက် နေရေးထိုင်ရေး လိုအပ်ချက်က အခြားသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကန်ပေါင်းများစွာ တိုးလာခြင်းနှင့် ညီမျှသည်ကို ကျွန်မတို့ တွေ့နိုင်ပေသည်။"* (DTE ဝန်ထမ်း၊ ၂၀၂၂)

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ရေရှည်ထိန်းညှိမှုမရှိသော စားသုံးမှုပုံစံများအကြောင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ် Gandhi ပြောကြားခဲ့သည့်အချက်အား စတော့ဟုမ်းကြေညာစာတမ်းတွင် အသိအမှတ်ပြုခဲ့ခြင်းမရှိချေ။ ယင်းအစား ထိုအကြောင်းအရာများအား နောင်နှစ်ပေါင်း ၂၀ ကြာပြီးနောက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အယူအဆ ထွက်ပေါ်လာပြီးနောက်မှ ကိုင်တွယ်ဖြေရှင်းခဲ့သည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဂေဟဆိုင်ရာ ကြွေးမြီဟူသောသဘောတရားမှာ ရာသီဥတုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ၌ အတားအဆီးတစ်ခုသဖွယ် ဆက်လက် တည်ရှိနေပေသည်။

ကြေညာချက်ကို လူဗဟိုပြုချဉ်းကပ်မှု (anthropocentric approach) ကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်အား ၎င်း၏ ပင်ကိုယ်တန်ဖိုး (intrinsic value) ကြောင့်မဟုတ်ဘဲ လူသားနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်းက ပံ့ပိုးပေး နိုင်သော တန်ဖိုးအပေါ်တွင်သာ အာရုံစိုက်မှုကြောင့်လည်းကောင်း ဝေဖန်ခံခဲ့ရသည်။ ဥပမာအားဖြင့်၊ ကြေညာချက်ပါ မူသဘောတရား ၃ တွင် “အဓိကအရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတအရင်းအမြစ်များကို ထုတ်လုပ်ပေးနိုင်သည့် ကမ္ဘာမြေ၏စွမ်းဆောင်ရည်အား ထိန်းသိမ်းထားရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက ပြန်လည် ထိန်းသိမ်းခြင်း သို့မဟုတ် ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်” ဟု ဖော်ပြထားသည်။ ကမ္ဘာမြေအား မလွဲဧကန် ထုတ်ယူရမည့် သယံဇာတများဖြင့် ဖွဲ့စည်းထားသည်ဟူသော အယူအဆအပေါ် ကြေညာချက်က ချေပခြင်းမရှိဘဲ ကျန်ရှိနေခဲ့သည်ဟု ဝေဖန်သူများက ဆိုကြသည် (Bratspies၊ ၂၀၂၂)။ ၎င်းနှင့် ကွဲလွဲသော ကမ္ဘာမြေအပေါ် နားလည်မှုတစ်ရပ်ကို ဘိုလီးဗီးယားနိုင်ငံ၏ မိခင်ကမ္ဘာမြေဥပဒေ (Law of Mother Earth) တွင် တင်ပြထားသည်။ ယင်းဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာမြေနတ်ဘုရားမအား သက်ရှိအားလုံး၏ ဗဟိုချက်အဖြစ် ထားရှိသည့် ဒေသခံ အန်ဒီးယန်း (Andean) ရဲ့ ဝိညာဉ်ရေးရာ ကမ္ဘာ့အမြင်အပေါ် အခြေခံထားခြင်းဖြစ်သည် (Law of Mother Earth, n.d.)။

ယင်းဥပဒေတွင် "မိခင်ကမ္ဘာမြေ" ဆိုသည်ကို "အချင်းချင်း အပြန်အလှန်ဆက်စပ်နေသော၊ အမှီသဟဲပြုနေသော၊ ဖြည့်ဆည်းပေးနေသော၊ ကံကြမ္မာတစ်ခုတည်းကို မျှဝေခံစားနေသော၊ သက်ရှိများအားလုံး၏ ခွဲခြားမရနိုင်သော အသိုက်အဝန်းဖြင့် ဖွဲ့စည်းထားသည့် ရှင်သန်လှုပ်ရှားနေသော စနစ်တစ်ရပ်" အဖြစ် သတ်မှတ်ထားသည်။ ထိုသို့ နားလည်ထားကာ မိခင်ကမ္ဘာမြေအတွက် အသက်ရှင်သန်ပိုင်ခွင့်၊ သက်ရှိများ၏ မတူကွဲပြားမှုရှိပိုင်ခွင့်၊ ရေ၊ သန့်ရှင်းသော လေ နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းရှင်းစွာ နေထိုင်ခွင့် အစရှိသည့် သီးခြားအခွင့်အရေး များစွာကို ဥပဒေက သတ်မှတ်ပေးထားသည်။ ထိုဥပဒေသည် (လူသားလှုပ်ဆောင်ချက်များနှင့် သဘာဝ တရားတို့အကြား) သဟဇာတဖြစ်မှု၊ စုပေါင်းကောင်းကျိုး၊ ပြန်လည်ဖြစ်ထွန်းရန် တာဝန်ယူမှု၊ မိခင်ကမ္ဘာမြေ၏ အခွင့်အရေးများကို လေးစားခြင်းနှင့် ကာကွယ်ခြင်း၊ စီးပွားရေးအမြတ်ထုတ်မှုမရှိခြင်း (no commercialism)၊ ဘာသာစကားနှင့် ယဉ်ကျေးမှုမျိုးစုံ ပါဝင်ခြင်း (multiculturalism) တို့နှင့်သက်ဆိုင်သော လမ်းညွှန်မှု မူသဘောတရားများအပေါ် အခြေခံထားသည်။

နောက်ဆုံးအနေဖြင့် ကြေညာစာတမ်း၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရာတွင် နိုင်ငံဖြတ်ကျော် စီးပွါးရေးလုပ်ငန်းများအပါအဝင် စီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို ချန်ထားခဲ့သည့်အပေါ် ဝေဖန်မှုများရှိခဲ့သည်။ ကြေညာစာတမ်း၏ မူသဘောတရား ၆ တွင် ဖော်ပြထားသည်မှာ-

> *"ဂေဟစနစ်များအပေါ် ဆိုးရွားပြင်းထန်သော သို့မဟုတ် ပြန်လည်ပြုပြင်၍မရနိုင်သော ထိခိုက်နစ်နာမှုများ မဖြစ်စေ ရေးအတွက် အဆိပ်အတောက်ဖြစ်စေသော အရာဝတ္ထုများ သို့မဟုတ် အခြားအရာဝတ္ထုများစွန့်ပစ်ခြင်းနှင့် အပူထုတ်လွှတ်ရာတွင် ၎င်းတို့အား ဘေးအန္တရာယ်မဖြစ်နိုင်လောက်သည့်အခြေအနေသို့ ရောက်စေမည့် သဘာဝပတ်ဝန်းကျင်၏ စွမ်းဆောင်နိုင်စွမ်းထက်ကျော်လွန်ပါက ထိုသို့ စွန့်ပစ်ခြင်းများ သို့မဟုတ် ထုတ်လွှတ်ခြင်းများကို ရပ်တန့်ထားရမည်။ ညစ်ညမ်းမှုကိစ္စအပေါ် ဆန့်ကျင်သည့် နိုင်ငံအားလုံးရှိပြည်သူလူထု၏ မှန်ကန်မျှတသော ရုန်းကန်ကြိုးပမ်းမှုများကို ထောက်ခံအားပေးသင့်သည်။"*

မူသဘောတရားတွင် သုံးနှုန်းထားသောစကားလုံး၌ လုပ်ဆောင်ရန် တာဝန်ရှိသူများ ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ကျရောက်မည့် ထိခိုက်မှုများအား "ရပ်တန့်ရန်" အဆင့်များကို မည်သူက တာဝန်ယူလုပ်ဆောင်ရမည်နှင့် ထိုတာဝန်ဝတ္တရားများ၏ သဘောသဘာဝများအား ဖော်ပြထားခြင်းမရှိပေဟု ဝေဖန်မှုများရှိခဲ့သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်း၍ စီးပွါးရေးလုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်ဝတ္တရားများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ ရေးဆွဲချမှတ်နိုင်ရေးမှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီး ယခုထိတိုင် ဆက်လက်လုပ်ဆောင်နေဆဲပင်ဖြစ်သည်။

ဝေဖန်မှုများရှိနေသော်လည်း စတော့ဟုမ်းကြေညာစာတမ်းက အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဥပဒေတိုးတက်ဖွံ့ဖြိုးမှုတွင် သိသိသာသာ ပံ့ပိုးပေးခဲ့သည်။ ကြေညာစာတမ်းသည် (လူသား)မျိုးဆက်များအကြားရှိ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုနိုင်ရေး (မူသဘောတရား ၁ နှင့် ၂)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (မူသဘောတရား ၃၊ ၅ နှင့် ၆)၊ နိုင်ငံများ၏ နယ်နိမိတ်ပြင်ပ တာဝန်ဝတ္တရားများရှိမှု (မူသဘောတရား ၂၁) တို့အတွက် အခြေခံအုတ်မြစ်များ ချမှတ်ပေးခဲ့သည်။

အဓိကစကားရပ်များ

ဂေဟဆိုင်ရာကြွေးမြီ

"Acción Ecológica" က သတ်မှတ်ထားသော ဂေဟဆိုင်ရာကြွေးမြီ (ecological debt) ဆိုသည်မှာ "မြောက်ပိုင်း စက်မှုထွန်းကားရာနိုင်ငံများက သယံဇာတအရင်းအမြစ်များ လုယူခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရန် သဘာဝပတ်ဝန်းကျင်နေရာအား အသုံးပြုခြင်းတို့ကြောင့် တတိယကမ္ဘာ့နိုင်ငံများအပေါ် စုဆောင်းမိသော ကြွေးမြီ" ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတရေး အဖွဲ့အစည်းများ၊ တာဝန်ယူမှုများနှင့် ကုန်သွယ်မှု (EJOLT) က ဂေဟဆိုင်ရာ ကြွေးမြီမှာ (၁) အတော်ပင် ဆင်းရဲသော နိုင်ငံများ သို့မဟုတ် ဒေသများမှ ထွက်ရှိသော ကုန်ကြမ်းများ နှင့် အခြားထုတ်ကုန်များအား ဒေသတွင်းဖြစ်စေ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာဖြစ်စေ သက်ရောက်မှုများအတွက် လျော်ကြေး ထည့်သွင်း မထားသည့် ဈေးနှုန်းများဖြင့် တင်ပို့ခြင်း၊ နှင့် (၂) ချမ်းသာသော နိုင်ငံများ သို့မဟုတ် ဒေသများက သဘာဝပတ်ဝန်းကျင် နေရာများ သို့မဟုတ် ဝန်ဆောင်မှုများအား အချိုးမညီမျှစွာဖြင့် အခမဲ့ အသုံးပြုခြင်း (ဥပမာ- ကာဗွန်ဒိုင်အောက်ဆိုဒ် စွန့်ပစ်ခြင်းကိစ္စ) တို့မှ ဖြစ်ပေါ်လာကြောင်း ရှင်းပြထားသည်။ ဂေဟဆိုင်ရာကြွေးမြီ သဘောတရားကို နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံများအပေါ် ပေးဆပ်ရန်ရှိသော အများဆိုင်ရာ ကြွေးမြီ (နိုင်ငံခြား ကြွေးမြီ) အဖြစ် သတ်မှတ်သည်။ ထို့အပြင် ၎င်းကို ကုမ္ပဏီတစ်ခု၏ ကြွေးမြီ (သို့မဟုတ် တာဝန်ရှိမှု) ကို တွက်ချက်ရန် သို့မဟုတ် နိုင်ငံတစ်နိုင်ငံက အနာဂါတ်မျိုးဆက်များအပေါ် ပေးဆပ်ရန်ရှိသော ကြွေးမြီ (မျိုးဆက်ဆိုင်ရာ ကြွေးမြီ) ကို တွက်ချက်ရန်အတွက်လည်း အသုံးပြုနိုင်သည်။

လူသားဗဟိုပြုဝါဒ (Anthropocentric): စကားလုံးအဓိပ္ပါယ်အတိုင်းပင် လူသားဗဟိုပြုဝါဒ ဆိုသည်မှာ လူသားများ အား ဗဟိုပြုခြင်းကို ဆိုလိုသည်။ သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စ၌ လူသားဗဟိုပြုဝါဒအား ဂေဟဗဟိုပြုဝါဒ (ecocentrism) နှင့် ဆန့်ကျင်ဘက်နားလည်ထားကြသည်။ သဘာဝပတ်ဝန်းကျင်ရေးရာ ဂေဟဗဟိုပြုသောရှုထောင့်များသည် သဘာဝပတ်ဝန်းကျင်၏အကျိုးစီးပွါးအား ကာကွယ်ရေးအပေါ် အလေးပေးထားသည်။

၁.၂ သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး

၁၉၈၇ ခုနှစ်၌ "ကျွန်နုပ်တို့၏ ဘုံအနာဂါတ်- သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မရှင်၏ အစီရင်ခံစာ" ကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာကို ကော်မရှင်၏ ဥက္ကဋ္ဌ ဂရို ဟာလမ် ဘရွန်လန် (Gro Harlem Brundtland) ကို အစွဲပြု၍ ဘရွန်လန် (Brundtland) အစီရင်ခံစာအဖြစ် လူသိများခဲ့သည်။ အဆိုပါ ကော်မရှင်အား ကုလသမဂ္ဂအထွေထွေညီလာခံက အခြားအရာများအနက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရရှိအောင်မြင်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်မဟာဗျူဟာများကို အဆိုပြုပေးရန် ရည်ရွယ်ပြီး တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ကော်မရှင်လုပ်ငန်းဆောင်ရွက်စဉ် (၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ မှ ၁၉၈၇ ခုနှစ်၊ ဧပြီလအထိ) ကာလအတွင်း ကမ္ဘာကြီးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်အဖြစ်အပျက်များစွာ ဖြစ်ပွားခဲ့သည်။ အာဖရိကတွင်ဖြစ်ပွါးသော မိုးခေါင်ရေရှားမှုကြောင့် လူပေါင်း ၃၆ သန်း အန္တရာယ်ရင်ဆိုင်ရခြင်း၊ အိန္ဒိယနိုင်ငံ၊ ဘိုပါလ်မြို့ရှိ ပိုးသတ်ဆေးစက်ရုံမှ ဓါတ်ငွေ့ယိုစိတ်မှုကြောင့် လူပေါင်း ၂,၀၀၀ သေဆုံးခဲ့ပြီး ၂၀၀,၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ခြင်း၊ မက္ကဆီကိုမြို့တွင် ဓါတ်ငွေ့ရည်တိုင်ကီများ ပေါက်ကွဲမှုကြောင့် လူပေါင်း ၁,၀၀၀ သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ခြင်း၊ ချာနိုဘိုင်း နျူကလီးယား ဓာတ်ပေါင်းဖို ပေါက်ကွဲခြင်း၊ ဆွစ်ဇာလန်နိုင်ငံရှိ ဂိုဒေါင်တစ်ခုအား မီးလောင်ရာတွင် ရိုင်းမြစ် (Rhine River) ထဲသို့ ဓာတုဥစ္စည်းပစ္စည်းများ စီးဝင်မှုကြောင့် ငါး သန်းပေါင်းများစွာ သေဆုံးခဲ့ရပြီး ဂျာမနီနှင့် နယ်သာလန်တို့၌ သောက်သုံးရေရရှိရေးကို ခြိမ်းခြောက်ခဲ့ပြီး ဘေးအန္တရာယ်ရှိသော သောက်သုံးရေ သုံးစွဲမိခြင်းကြောင့် လူသန်းပေါင်းများစွာ သေဆုံးခဲ့ရသည့်ဖြစ်ရပ်များ ဖြစ်ပွါးခဲ့သည် (သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မရှင်၏ အစီရင်ခံစာ- ကျွန်နုိ်ပ်တို့၏ ဘုံအနာဂါတ်၊ ၁၉၈၇) ”။ ကမ္ဘာတစ်လွှားဖြစ်ပါးခဲ့သည့် ထိုဖြစ်ရပ်များကြောင့် ကော်မရှင်၏ လုပ်ဆောင်ချက်များမှာလည်း ရုပ်လုံးပေါ်လာခဲ့သည်။

ကော်မရှင်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် “အနာဂါတ်မျိုးဆက်များအတွက် ၎င်းတို့လိုအပ်သည်များကို ဖြည့်တင်းနိုင်မည့် စွမ်းဆောင်ရည်အပေါ် ထိခိုက်ယုတ်လျော့မှုမရှိစေဘဲ လက်ရှိမျိုးဆက်များအတွက် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်သည့်” ဖွံ့ဖြိုးတိုးတက်မှုအဖြစ် ပံ့ပိုးဖွင့်ဆိုထားသည်။ ထို့ပြင် ၎င်းက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့်သဘောတရား၌ လူသားတို့၏ သဘာဝပတ်ဝန်းကျင်အပေါ် ပြောင်းလဲဖန်တီးနိုင်သည့်အစွမ်းတွင် ကန့်သတ်ချက်များရှိနေကြောင်း ညွှန်းဆိုနေသည်ဟု ဖော်ပြခဲ့သည်။ ၎င်းကန့်သတ်ချက်များတွင် လူသားများ၏ နည်းပညာများကြောင့် ဖြစ်လာသော သက်ရောက်မှုများကို ဇီဝအဝန်း (biosphere) က စုပ်ယူပေးနိုင်စွမ်း ပါဝင်သည်။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်သူလူထု၏ မရှိမဖြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်သည်ကိုလည်း ကော်မရှင်က အသိအမှတ်ပြုခဲ့သည်။ ၎င်းက ဖော်ပြထားသည်မှာ-

> "*မရှိမဖြစ်လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆင်းရဲနွမ်းပါးသူများစွာရှိနေသည့် နိုင်ငံများ၌ စီးပွားရေးတိုးတက်မှုရှိသော ခေတ်သစ်တစ်ခုရှိရန် လိုအပ်ရုံသာမက ထိုတိုးတက်မှုကို ရေရှည်တည်တံ့နိုင်စေရန် လိုအပ်သောအရင်းအမြစ်များကို ဆင်းရဲနွမ်းပါးသူများက မျှတစွာ ခွဲဝေရရှိစေရေး အာမခံချက်ကိုလည်း လိုအပ်ပေ သည်။ ထိုသို့သောတရားမျှတမှုရှိရေးဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ၌ ထိရောက်စွာ ပါဝင်မှုရှိရေး ကို သေချာစေသည့် နိုင်ငံရေးစနစ်များ၊ နိုင်ငံတကာဆုံးဖြတ်ချက်ချမှတ်ခြင်းများ၌ ပိုမိုကျယ်ပြန့်သော ဒီမိုကရေစီ စနစ်များထားရှိခြင်းဖြင့် အထောက်အပံ့ဖြစ်စေနိုင်ပေလိမ့်မည်။*" (“သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကော်မရှင်၏ အစီရင်ခံစာ- ကျွန်နုိ်ပ်တို့၏ ဘုံအနာဂါတ်”၊ ၁၉၈၇၊ အပိုဒ် ၂၈)

ထို့ပြင် အစီရင်ခံစာ၌ သုံးသပ်လေ့လာထားသည်မှာ

"ကမ္ဘာလုံးဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို ချမ်းသာကြွယ်ဝသူများအနေဖြင့် ကမ္ဘာမြေ၏ ဂေဟစနစ်အတွင်းရှိ နည်းလမ်းများနှင့် ကိုက်ညီသည့် ဘဝနေထိုင်မှုပုံစံများကို လက်ခံကျင့်သုံးရန် လိုအပ်ပေသည်၊ ဥပမာဆိုရသော် ၎င်းတို့၏ စွမ်းအင်အသုံးပြုမှုတွင် ဖြစ်သည်"။ ("သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကော်မရှင်၏ အစီရင်ခံစာ- ကျွန်နုိပ်တို့၏ ဘုံအနာဂါတ်"၊ ၁၉၈၇၊ အပိုဒ် ၂၉)

ကော်မရှင်ကလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အယူအဆတွင် ပါဝင်နေသော ပြောင်းလဲနေမှု သဘော (dynamism) ကို မှတ်သားခဲ့ပြီး အောက်ပါအတိုင်း ဖော်ပြခဲ့သည်-

".....စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် သဟဇာတဖြစ်နေသာ တည်ငြိမ်သည့်အခြေအနေတစ်ခု မဟုတ်ဘဲ အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ ရင်းနှီးမြှုပ်နှံမှုများ၏ ဦးတည်ချက်လားရာ၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုများအား လက်ရှိလိုအပ်ချက်များအပြင် အနာဂါတ် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး လုပ်ဆောင်ရမည့် ပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်သည်။ ထို လုပ်ငန်းစဉ်အား လွယ်ကူရှင်းလင်း သည်ဟု ကျွန်ုပ်တို့ ဟန်ဆောင်၍ မရပေ။ ထို့ကြောင့် အနှစ်ချုပ်ဆိုရပါမူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးစိတ်စေတနာ (political will) အပေါ်တွင်သာ တည်မှီနေပေသည်။" ("သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မရှင်၏ အစီရင်ခံစာ- ကျွန်နုိပ်တို့၏ ဘုံအနာဂါတ်"၊ ၁၉၈၇၊ အပိုဒ် ၃၀)

သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြားထား၍မရနိုင်အောင် ဆက်နွယ်နေကြောင်း သိထားပြီးလျှင် ကော်မရှင်သည် လူဦးရေနှင့် လူစွမ်းအားအရင်းအမြစ်ကိစ္စ၊ စားနပ်ရိက္ခာ ဖူလုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအရင်းအမြစ်များ၊ စွမ်းအင်၊ စက်မှုလုပ်ငန်း၊ မြို့ပြလူဦးရေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မလုံခြုံမှု စသည့် နယ်ပယ်များရှိ လားရာဦးတည်ချက်ပေါင်းများစွာကို မှတ်ချက်ပြုခဲ့သည်။

Brundtland အစီရင်ခံစာတွင် ဖော်ပြထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အယူအဆသည် ၁၉၉၂ ခုနှစ်၊ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သော **ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံ (ကမ္ဘာမြေထိပ်သီးအစည်းအဝေး)** တွင် ဆွေးနွေးခဲ့သည်များအပေါ် လွှမ်းမိုးမှုရှိခဲ့သည်။ ထိုညီလာခံတွင် ချမှတ်ခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရီယိုကြေညာစာတမ်း (Rio Declaration) သည် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုကြားရှိ ဆက်နွယ်မှုများကို ပိုမိုခိုင်မာစေခဲ့သည်။

ကြေညာစာတမ်း၏ မူသဘောတရား (၁) အရ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုးရိမ်ပူပန်ရမှုများ၏ အဓိကမှာ လူသားများဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပြီး၊ မူသဘောတရား (၃) က ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်အား ဖြည့်ဆည်းရာ၌ လက်ရှိမျိုးဆက်များအပြင် အနာဂါတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုရေးရာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များအပေါ် သာတူညီမျှရှိစွာဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

မူသဘောတရား (၄) တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်၏ အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ထားရှိရမည်ဖြစ်ပြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို သီးခြားစီခွဲကာ စဉ်းစား၍ မရနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ကြေညာစာတမ်း၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုတွင် အရေးကြီးသည့် စံနှုန်းအချို့ကို စာရင်းပြုစုဖော်ပြခဲ့သည်- ၎င်းတို့တွင် သက်ဆိုင်ရာ နိုင်ငံသားများ ပါဝင်မှု၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အမျိုးသမီးများ ပါဝင်မှု၊ ဌာနေတိုင်းရင်းသားများ ပါဝင်မှု၊ ညစ်ညမ်းအောင်လုပ်သူက ပေးဆောင်ရမည်ဟူသော မူသဘောတရား (polluter pays principle)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်တွင်းရေးကိစ္စအဖြစ် ထည့်သွင်း စဉ်းစားခြင်း၊ ကြိုတင်သတိပြုကာကွယ်ရေး မူသဘောတရား (precautionary principle)၊ နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဆန်းစစ်ခြင်းများ (environmental impact assessments) ပါဝင်သည်။ အဆိုပါ မူသဘောတရားအများစုကို နောက်ပိုင်းချုပ်ဆိုလာသည့် နိုင်ငံတကာ စာချုပ်စာတမ်းများ၌ ထပ်လောင်းအတည်ပြုခဲ့ကြပြီး နိုင်ငံများ၏ အမျိုးသားအဆင့် ဥပဒေစာချုပ်စာတမ်းများတွင်လည်း ထည့်သွင်းလာကြသည်။

အလေးထားစရာ- ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရီယို ကြေညာစာတမ်း

ပူးပေါင်းပါဝင်ခြင်း - ရီယိုကြေညာစာတမ်း၏ အခြေခံမူ (၁၀) တွင် သက်ဆိုင်ရာ အဆင့်တိုင်းတွင် သက်ဆိုင်မှု/ပတ်သက်မှုရှိသော နိုင်ငံသားအားလုံး ပါဝင်ခြင်း၏ အရေးပါပုံကို အလေးပေးဖော်ပြထားသည်။ ပါဝင်မှုဆိုရာတွင် ပြည်သူ့အာဏာပိုင်များထံတွင် သိမ်းဆည်းထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သင့်လျော်ရာ အချက်အလက်များကို လက်လှမ်းမီခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် အခွင့်အရေးများ ရရှိခြင်း၊ လူထုအသိပညာ တိုးပွါးလာစေရန်အတွက် သတင်းအချက်အလက်များ ရရှိနိုင်ခြင်း၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များသို့ ထိရောက်မှုရှိစွာ လက်လှမ်းမီနိုင်ခြင်းတို့ အကျုံးဝင်ကြောင်း နားလည်နိုင်သည်။ (Aarhus ကွန်ဗင်းရှင်းဟုလည်း လူသိများသည့်) ၁၉၉၉ ခုနှစ်၊ သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အချက်အလက်ရယူခွင့်၊ ဆုံးဖြတ်ချက်ချမှတ်ရေးတွင် အများ ပြည်သူပါဝင်မှု နှင့် တရားမျှတမှုရရှိပိုင်ခွင့် ဆိုင်ရာ သဘောတူစာချုပ်က ၎င်း စံနှုန်းများကို ထပ်မံရှင်းလင်းအတည်ပြုခဲ့သည်။

ကြိုတင်သတိပြုကာကွယ်ရေး မူသဘောတရား - ရီယိုကြေညာစာတမ်း၏ အခြေခံမူ (၁၅) ၌ ကြိုတင် သတိပြုကာကွယ်ရေးမူသဘောတရားကို ရှင်းလင်းတင်ပြထားသည်။ ဤမူသဘောတရားအရ ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် သဘောဝပတ်ဝန်းကျင် သို့မဟုတ် လူသားများ၏ကျန်းမာရေးကို ကျရောက်နိုင်မည့် အန္တရာယ်နှင့် ပတ်သက်၍ တိကျခိုင်မာသည့် သိပ္ပံနည်းကျ အထောက်အထားများမရှိသော်လည်း အန္တရာယ် ဖြစ်နိုင်ခြေမြင့်မားနေချိန်တွင် ကြိုတင်သတိပြုကာကွယ်မှုရေး အစီအမံများကို ချမှတ်ထားရန် လိုအပ်ပေသည်။ ကြိုတင်သတိပြုကာကွယ်ရေးမူသဘောတရားအကြောင်းကို ၁၉၇၀ ဝန်းကျင် အစောပိုင်းနှစ်များက ပေါ်ပေါက်ခဲ့သည့် "vorsorge" (သို့မဟုတ် ကြိုတင်မြင်ခြင်း) ဟူသော ဂျာမန်မူသဘောတရားတစ်ခုအပေါ် ပြန်လည်ခြေရာ

ကောက်နိုင်ပြီး ထိုမူအရ လူ့အဖွဲ့အစည်းအနေဖြင့် စီမံကိန်းများအား အလေးထားရေးဆွဲခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုကို ရှောင်ရှားနိုင်ရေး ကြိုးပမ်းသင့်သည်ဟူသော ယုံကြည်ချက်အပေါ် အခြေခံထားခြင်း ဖြစ်သည်။

ညစ်ညမ်းအောင်လုပ်သူက ပေးဆောင်ရမည်ဟူသော မူသဘောတရား - ရီယိုကြေညာစာတမ်း၏ အခြေခံမူ (၁၆) တွင် ညစ်ညမ်းအောင်လုပ်သူက ပေးဆောင်ရမည်ဟူသော မူသဘောတရားကို ရှင်းလင်းတင်ပြထားသည်။ ဤ မူသဘောတရားကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) က ၁၉၇၂ ခုနှစ် တွင် ထုတ်ပြန်ခဲ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ၏ နိုင်ငံတကာစီးပွါးရေးရှုထောင့်ဆိုင်ရာ OECD လမ်းညွှန်မှုမူသဘောတရားများ၌ စတင်မိတ်ဆက်ခဲ့သည်။ ၎င်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒတစ်ရပ် ဖြစ်ပြီး (ပတ်ဝန်းကျင်) ညစ်ညမ်းစေသူအနေဖြင့် လက်ခံနိုင်ဖွယ်ရှိသော ပတ်ဝန်းကျင်အခြေအနေ တစ်ခု ရရှိ သေချာစေရေးအတွက် အစိုးရအာဏာပိုင်များမှ ချမှတ်ထားသော ညစ်ညမ်းမှုကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အစီအမံများအတွက် ကုန်ကျစရိတ်များကို ကျခံရမည်ဟု သတ်မှတ်ထားသောမူဖြစ်သည်။ အများအားဖြင့် ၎င်းသည် ပတ်ဝန်းကျင်သို့ ထုတ်လွှတ်လိုက်သော ညစ်ညမ်းမှုပမာဏအလိုက် အစိုးရမှ စည်းကြပ်သည့် အခွန်အခ ပုံစံမျိုးပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်တွင်းရေးကိစ္စအဖြစ်ထားရှိခြင်း - ရီယိုကြေညာစာတမ်း၏ အခြေခံမူ (၁၆) တွင် နိုင်ငံတော် အာဏာပိုင်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်တွင်းရေးကိစ္စအဖြစ် ထားရှိမှုကို မြှင့်တင်နိုင်ရေး ကြိုးပမ်းအားထုတ်သင့်သည်ဟု ဖော်ပြထားသည်။

၁၉၇၂ ခုနှစ်၊ OECD လမ်းညွှန်မှု မူသဘောတရားများတွင် ရှင်းလင်းထားသည့်အတိုင်းပင် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်တွင်းရေးကိစ္စအဖြစ် ထားရှိခြင်းဆိုသည်မှာ ထုတ်ကုန်တစ်ခုအတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များ၊ သဘာဝအရင်းအမြစ်များ အသုံးပြုမှု၊ ညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်မှု၊ စားသုံးမှု၊ စွန့်ပစ်မှု နှင့် အခြားအချက်များကိုကြည့်ပြီးနောက် ထိုထုတ်ကုန်၏ ဈေးကွက်ပေါက်ဈေး ကို ထင်ဟပ်/သတ်မှတ်သင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်တွင်းရေးကိစ္စအဖြစ်ထားရှိခြင်း မူသဘောတရားသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘောဂဗေဒအတွက် အခရာပင် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဆန်းစစ်ခြင်းများ- ရီယိုကြေညာစာတမ်း၏ အခြေခံမူ (၁၇) တွင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆန်းစစ်ခြင်းများ (EIA) လုပ်ဆောင်ရန် ပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်က EIA ဆိုသည်ကို ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အသုံးပြုနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ရေးရာ သတင်းအချက်အလက်များ ကို ကြိုတင် သတ်မှတ် ခြင်းနှင့် အကဲဖြတ်ခြင်းတို့ လုပ်ဆောင်ရန် ဖွဲ့စည်းထားသောစနစ်တစ်ခုအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ သက်ဆိုင်ရာ အချက်အလက်များဆိုသည်မှာ အချို့သော လုပ်ဆောင်ချက်များကို

ဆောင်ရွက်ပါက သဘာဝ ပတ်ဝန်းကျင်အပေါ် မည်သို့ ပြောင်းလဲနိုင်ကြောင်း ကြိုတင်ခန့်မှန်းချက်များပေးခြင်း၊ လုပ်ဆောင်ချက်တစ်ခုခုကို ရွေးချယ်ပြီး အကောင်အထည်ဖော်လိုက်ပါမူ ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်အပေါ် ပြောင်းလဲမှုများအား အကောင်းဆုံး မည်သို့ကိုင်တွယ်စီမံမည်ဆိုသော အကြံဉာဏ်များ ပါဝင်သည်။

မြေကမ္ဘာထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် နောက်ထပ်အရေးကြီးသော စာချုပ်တစ်ရပ်မှာ အစီအစဉ် ၂၁ (Agenda 21) ပင်ဖြစ်သည်။ ၎င်းကို "၂၁" ဟု ခေါ်ဆိုရခြင်းမှာ လက်ရှိကာလ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် ပြီးပြည့်စုံသည့် လုပ်ငန်းစီမံချက်တစ်ခုကို ထည့်သွင်းထားသည့်အပြင် လာမည့် (၂၁) ရာစုတွင် ကမ္ဘာကြီး၌ ရှိလာနိုင်မည့်စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် ဦးတည်ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုအစီအစဉ်တွင် အပိုင်း လေးပိုင်းပါဝင်ပြီး လုပ်ဆောင်ချက်များအတွက် အခန်းပေါင်း (၃၉) ခန်းပါဝင်သည်၊ အခန်းတစ်ခုချင်းစီ၌ ပရိဂရမ်ဧရိယာများ၊ ရည်ရွယ်ချက်များနှင့် အဆိုပြုလုပ်ဆောင်မှုများ ထပ်မံပါရှိသည်။

ဇယား ၁ - မြေကမ္ဘာထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သော Agenda 21 တွင် ပါရှိသည့် အကြောင်းအရာများ

အပိုင်း ၁ - လူမှုရေးနှင့် စီးပွါးရေး ရှုထောင့်များ	**အပိုင်း ၂ - အရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**
အခန်းများ ၂။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ၎င်းနှင့်ဆက်စပ်နေသည့် ပြည်တွင်းပေါ်လစီများ အရှိန်မြှင့်တင်ရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး။ ၃။ ဆင်းရဲနွမ်းပါးမှု လျော့ချရေး။ ၄။ စားသုံးမှုပုံစံများ ပြောင်းလဲရေး။ ၅။ Demographic dynamics နှင့် စဉ်ဆက်မပြတ်ရှိမှု ၆။ လူ့ကျန်းမာရေးအခြေအနေများအား ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်း။ ၇။ စဉ်ဆက်မပြတ် လူသားများအခြေချမှု တိုးတက်ရေး ကို မြှင်တင်ခြင်း။ ၈။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထည့်သွင်းခြင်း။	အခန်းများ ၉။ ကမ္ဘာ့လေထုကို ကာကွယ်ခြင်း။ ၁၀။ မြေယာအရင်းအမြစ်များ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် ဘက်ပေါင်းစုံချဉ်းကပ်မှု။ ၁၁။ သဲကန္တာရဖြစ်မှုကို တိုက်ဖျက်မှု။ ၁၂။ ထိရှလွယ်ဖြစ်နေသည့် ဂေဟစနစ်များအား စီမံခန့်ခွဲခြင်း - သဲကန္တာရဖြစ်မှု နှင့် မိုးခေါင်ရေရှားမှုကို တိုက်ဖျက်ခြင်း။ ၁၃။ ထိရှလွယ်ဖြစ်နေသည့် ဂေဟစနစ်များအား စီမံခန့်ခွဲခြင်း - တောတောင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး။ ၁၄။ ရေရှည်ကောင်းမွန်သော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခြင်း။ ၁၅။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း။ ၁၆။ ဇီဝနည်းပညာကို သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ စီမံခန့်ခွဲခြင်း။

	၁၇။ သမုဒ္ဒရာနှင့် ပင်လယ်အစရှိသည်များကို ကာကွယ်ပေးခြင်း။ ၁၈။ ရေချိုအရင်းအမြစ်များ၏ အရည်အသွေးနှင့် ထောက်ပံ့နိုင်မှုကို ကာကွယ်ပေးခြင်း။ ၁၉။ အန္တရာယ်ရှိသော ဓါတုပစ္စည်းများအား သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ စီမံခန့်ခွဲခြင်း။ ၂၀။ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ စီမံခန့်ခွဲခြင်း။ ၂၁။ စွန့်ပစ်ပစ္စည်းများ၊ မိလ္လာနှင့်ဆက်စပ်သော ပြဿနာများအား သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ စီမံခန့်ခွဲခြင်း။ ၂၂။ ရေဒီယိုသတ္တုကြွစေသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းလုံခြုံပြီး သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ စီမံခန့်ခွဲခြင်း။
အပိုင်း ၃ - အဓိကအုပ်စုများ၏ အခန်းကဏ္ဍကို အားကောင်းစေခြင်း	**အပိုင်း ၄ - အကောင်အထည်ဖော်ရေး နည်းလမ်းများ**
အခန်းများ ၂၃။ နိဒါန်း ၂၄။ စဉ်ဆက်မပြတ်နှင့် သာတူညီမျှရှိသော ဖွံ့ဖြိုးတိုးတက်မှုရှိရေးတွင် အမျိုးသမီးများအတွက် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ချက် ၂၅။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်သော ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ။ ၂၆။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့ ရပ်ရွာ အသိုင်းအဝိုင်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းနှင့် အားကောင်းစေခြင်း။ ၂၇။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အားကောင်းစေခြင်း။ ၂၈။ Agenda 21 ကို ပံ့ပိုးပေးသည့်အနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ ဦးဆောင်လှုပ်ရှားမှုများ။	အခန်းများ ၃၃။ ငွေကြေး အရင်းအမြစ်များ ၃၄။ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီပြီး ဘေးကင်းလုံခြုံသော နည်းပညာများ လွှဲပြောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် အရည်အသွေး တည်ဆောက်ခြင်း။ ၃၅။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ္ပံပညာ။ ၃၆။ ပညာရေး၊ အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းများကို တိုးမြှင့်ခြင်း။ ၃၇။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းဆောင်ရည် တည်ဆောက်ရေးအတွက် အမျိုးသားအဆင့် ယန္တရားများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်း။ ၃၈။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအလိုက် စီစဉ်ဆောင်ရွက်ချက်များ။

၂၉။ အလုပ်သမားများ၊ အလုပ်သမားသမဂ္ဂများ၏ အခန်းကဏ္ဍကို အားကောင်းစေခြင်း။ ၃၀။ စီးပွါးရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၏ အခန်းကဏ္ဍကို အားကောင်းစေခြင်း။ ၃၁။ သိပ္ပံနှင့် နည်းပညာအသိုက်အဝန်း။ ၃၂။ လယ်သမားများ၏ အခန်းကဏ္ဍကို အားကောင်းစေခြင်း။	၃၃။ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ စာချုပ်စာတမ်းများနှင့် ယန္တရားများ။ ၄၀။ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် သတင်းအချက်အလက်ရရှိခြင်း။

၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ စီးပွါးရေးနှင့် လူမှုရေးရာဌာန (UN DESA) သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲအောက်ရှိ ပရောဂျက်အရ Agenda 21 အား အကောင်အထည်ဖော်နေခြင်းအပေါ် ပြန်လည်သုံးသပ်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပြီး ဆောင်ရွက်ရန်လုပ်ငန်းအစီအစဉ်၏ အောင်မြင်မှုတွင် တိုးတက်မှုအမျိုးမျိုး ရှိနေကြောင်း ဖော်ပြခဲ့သည် (Stakeholder Forum for a Sustainable Future, 2012)။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပါဝင်မှု အားကောင်းလာခြင်း (အခန်း ၂၇ နှင့် ၂၈)၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံပညာ (အခန်း ၃၅)၊ နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ (အခန်း ၃၈)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ စာချုပ်စာတမ်းများ (အခန်း ၃၉) စသည့်အပိုင်းများတွင် တိုးတက်မှုများရှိခဲ့သည်၊ သို့သော် အချို့ အပိုင်းများ ဖြစ်ကြသည့် (အခန်း ၄- စားသုံးမှုပုံစံများ ပြောင်းလဲရေး၊ အခန်း ၇ - စဉ်ဆက်မပြတ် လူသား များ အခြေချမှုကို မြှင့်တင်ရေး၊ အခန်း ၉- လေထုကို ကာကွယ်ရေး) တို့တွင် တိုးတက်မှုမရှိဘဲ အချို့တွင်မူ ဆုတ်ယုတ်သွားသည့် အနေအထားများ ရှိခဲ့သည်။ အကဲဖြတ်မှုတွင် Agenda 21 ၏ များစွာသော အောင်မြင်မှုများကို ဖော်ပြထားပြီး ဥပမာအားဖြင့် ၎င်း၏ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအပေါ် လွှမ်းမိုးနိုင်ခြင်းနှင့် နောက်ဆက်တွဲအနေဖြင့် (အပြည်ပြည်ဆိုင်ရာ) စာချုပ်စာတမ်းများ ချမှတ်နိုင်ခြင်း[၁]၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်မှုအခန်းကဏ္ဍကို အားကောင်းစေခြင်းနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများ၏ အရေးပါသောအခန်းကဏ္ဍကို အတည်ပြု ထားခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသဆိုင်ရာအာဏာပိုင်များ၏ ပါဝင်မှုကို အားကောင်းစေခြင်းဖြင့် ကမ္ဘာကြီး နှင့် ပြည်တွင်းအကြား ချိတ်ဆက်ပေးခြင်း၊ နောက်ဆုံးအနေဖြင့် ၁၉၆၀ နှင့် ၁၉၇၀ ဝန်းကျင်နှစ်များက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဖြစ် မြန်ဆန်လျင်မြန်သောစက်မှုထူထောင်ရေးနည်းဗျူဟာများ ရှိစေသည်နှင့် မတူဘဲ လူသားများစဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးသဘောတရားကို ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကဗဟိုချက်အဖြစ် ထားရှိနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ စိန်ခေါ်ချက်များစွာကိုလည်း သုံးသပ်ချက် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ Agenda 21 ၌ ပြဿနာရပ်များကို ကဏ္ဍပိုင်းခြားသတ်မှတ်ထားခြင်းသည် စပ်ဆက်မှုရှိနေသည့် ရည်မှန်းချက်

[၁] အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် စာချုပ်စာတမ်းများအဖြစ် WTO ၏ နိဒါန်း၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိုရိုကြေညာစာတမ်း (၁၉၉၄)၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး၏ ရလာဒ်များ (၁၉၉၅)၊ အမျိုးသမီးရေးရာ ကမ္ဘာလုံးဆိုင်ရာညီလာခံ၏ ဘေဂျင်းကြေညာစာတမ်းနှင့် ဆောင်ရွက်ရန်အစီအစဉ် (၁၉၉၅)၊ Habitat Agenda (၁၉၉၆) နှင့် စားနပ်ရိုက်ခွာလုံခြုံရေးဆိုင်ရာ ရောမကြေညာစာတမ်း (၁၉၉၆) တို့ဖြစ်သည်။

ပန်းတိုင်များအချင်းချင်း ချိတ်ဆက်နိုင်ရေးတွင် အဟန့်အတား ဖြစ်စေပြီး မူဝါဒဆိုင်ရာ မညီညွတ်မှုနှင့် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေခြင်း၊ စဉ့ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မူသဘောတရားထားရှိရေးအပေါ် အလွှာအဆင့် အားလုံးရှိ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ဖွဲ့စည်းပုံများ၌ တုံ့ဆိုင်းမှုနှင့် ဒဏ်ခံမှုများရှိခြင်း၊ စွမ်းအင် နှင့် သတ္တု တူးဖော်ခြင်းကဲ့သို့ အခန်းကဏ္ဍများကို ဖယ်ထုတ်ထားခြင်း၊ လူသားများစွာအတွက် အခြေခံလိုအပ်ချက်များ ပြည့်မီနိုင်ခြင်းမရှိသေးသည့်အခြေအနေတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဘရာဇီး၊ အိန္ဒိယနှင့် တရုတ်ကဲ့သို့သောနိုင်ငံများ တွင် စဉ့ဆက်မပြတ် မဟုတ်သည့် /ရေရှည်တည်တံ့မှု မရှိသည့် စားသုံးမှုပုံစံများ ဆက်လက်ဖြစ်နေခြင်း၊ စဉ့ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို လက်ခံကျင့်သုံးရာတွင် နယ်စပ်ဖြတ်ကျော် (စီးပွါးရေး) ကော်ပိုရေးရှင်းများ နှင့် ကမ္ဘာလုံး ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် သက်ရောက်မှုကို ထုတ်ဖော်ပြောဆိုရန် ပျက်ကွက်ခြင်း တို့သည် Agenda 21 ၏ စိန်ခေါ်ချက်များအဖြစ် ပါဝင်သည်။

၁.၃ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု

ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့သည် မူဝါဒချမှတ်သူများအတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သိပ္ပံနည်းကျ အခြေခံအကြောင်းရင်း၊ သက်ရောက်မှုများနှင့် နောင်တွင် တွေ့ကြုံရမည့်အန္တရာယ်များအပေါ် ပုံမှန်အကဲဖြတ်ဆန်းစစ်ခြင်းများ လုပ်ဆောင်ပေးနိုင်ရန်၊ သဟဇာတဖြစ်စေပြီး သက်ရောက်မှုလျော့ချနိုင်ရန် နည်းလမ်းများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပြီးလျှင် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Intergovernmental Panel on Climate Change - IPCC) ကို ၁၉၈၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ IPCC ၏ အကဲဖြတ်ဆန်းစစ်ချက်များသည် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု ဆိုင်ရာ ကုလသမဂ္ဂ မူဘောင် သဘောတူစာချုပ် (United Nations Framework Convention on Climate Change - UNFCCC) အတွက် အခြေခံအုတ်မြစ် ဖြစ်ခဲ့ပြီး ၎င်းကို မြေကမ္ဘာထိပ်သီးညီလာခံ၌ လက်မှတ် စတင် ရေးထိုးခဲ့ပြီး နောင် ၂ နှစ်အကြာ ၁၉၉၄ ခုနှစ်တွင် အာဏာသက်ဝင်ခဲ့သော စာချုပ်ဖြစ်သည်။ IPCC ၏ အကဲဖြတ် ဖော်ပြချက်များသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံများတွင် အစိုးရများနှင့် မူဝါဒ ချမှတ်သူများအတွက် လမ်းညွှန်မှုများအဖြစ် ဆက်လက် ပံ့ပိုးပေးနေသည်။

UNFCCC က ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ပြောင်းလဲမှုတစ်ခုဖြစ်ကြောင်း၊ “၎င်းသည် နှိုင်းယှဉ်နိုင်သော ကာလများအတွင်း ဖြစ်ပေါ်သည့် သဘာဝအတိုင်း ရာသီဥတုပြောင်းလဲမှုများအပြင် ကမ္ဘာ့လေထု၏ ပါဝင်ဖွဲ့စည်းပုံ ကို ပြောင်းလဲစေသည့် လူသားတို့၏ လုပ်ရပ်ကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်လာ သည့် ပြောင်းလဲမှု” ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသည် (အပိုဒ် ၁)။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုအတွက် လူသားတို့၏ လုပ်ရပ်က အဓိကဖြစ်လာခဲ့ကြောင်း သတ်မှတ်ထားသည်။ ထိုလုပ်ရပ်များအနေဖြင့် ကျောက်မီးသွေး၊ ရေနံ နှင့် သဘာဝ ဓါတ်ငွေ့ကဲ့သို့ ဇီဝရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းပါဝင်ပြီး ၎င်းကြောင့် ကမ္ဘာမြေကို စောင်ကဲ့သို့ ဖုံးအုပ်ကာ နေရောင်ခြည်၏ အပူကို ဆုပ်ယူထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့များ (greenhouse gasses) တွင် အပူချိန်မြင့်တက်လာစေသည်များ ရှိလာရသည်။

UNFCCC သည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအား ပြဿနာတစ်ရပ်အဖြစ် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းက ပထမဦးစွာအသိအမှတ်ပြုခဲ့သည့် အရေးပါသော စာချုပ်စာတမ်းတစ်စောင်ဖြစ်ပြီးလျှင် လူသားများကြောင့် ဖြစ်လာမည့် အန္တရာယ်ပေးနိုင်သောအနှောင့်အယှက်များ ရာသီဥတုစနစ်အတွင်းသို့ ဝင်ရောက်ခြင်းကို ဟန့်တားနိုင်မည့်အတိုင်းအတာအထိ လေထုအတွင်းသို့ ဖန်လုံအိမ်ဓါတ်ငွေ့ (GHG) များ စိမ့်ဝင်ခြင်းအား ထိန်းညှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည် (ပုဒ်မ ၂)။ ရာသီရတုဖောက်ပြန်ပြောင်းလဲမှုအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူများနှင့် ဥပဒေလမ်းညွှန်ချက်မူဘောင်တစ်ရပ်လည်း ချမှတ်ပေးခဲ့သည်။

အလေးထားစရာ- ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူစာချုပ် (၁၉၉၂)

အဓိကမူသဘောတရားများ (အပိုဒ် ၃ မှ အနှစ်ချုပ်ထားသည်)

* စာချုပ်ဝင်နိုင်ငံများအနေဖြင့် မိမိတို့တွင် ဘုံသဘောဖြစ်သော်လည်း သက်ဆိုင်ရာစွမ်းဆောင်နိုင်စွမ်းများအလိုက် မတူကွဲပြားသော တာဝန်ဝတ္တရားများရှိသည်နှင့်အညီ သာတူညီမျှမှုအပေါ်အခြေခံ၍ လက်ရှိနှင့် အနာဂါတ် မျိုးဆက်များ၏အကျိုးအတွက် ရာသီဥတုစနစ်ကို ကာကွယ်စောင့်ရှောက်ရမည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု တိုက်ဖျက်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက ဦးဆောင်ကာ ဆောင်ရွက်ရမည်။

* ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အထူးလိုအပ်ချက်များနှင့် အထူးအခြေအနေများကို အထူးအလေးထား စဉ်းစားရမည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးများကြောင့် ထိခိုက်ခံစားလွယ်သည့် နိုင်ငံများနှင့် သဘောတူစာချုပ်အရ အချိုးမညီမျှသော ဝန်ထုပ်ဝန်ပိုးများထမ်းရမည့် နိုင်ငံများအပေါ် အလေးထား အာရုံစိုက်သင့်သည်။

* ကြိုတင်သတိပြုကာကွယ်ရေးနည်းလမ်းများဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲစေသော အကြောင်းရင်းများနှင့် ပြောင်းလဲမှုကြောင့် ကျရောက်လာမည့်ဆိုးကျိုးများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တားဆီးကာကွယ်ခြင်း သို့မဟုတ် လျော့ချခြင်းများ လုပ်ဆောင်ရမည်။

* စာချုပ်ဝင်နိုင်ငံများ၌ ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်ရှိသည်။

* စာချုပ်ဝင်နိုင်ငံများအနေဖြင့် လူတိုင်းအတွက်၊ အထူးသဖြင့် စာချုပ်ဝင်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စဉ်ဆက်မပြတ် စီးပွါးရေးကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေမည့် အထောက်အကူပြုပြီး ပွင့်လင်းမှုရှိသည့် နိုင်ငံတကာ စီးပွားရေးစနစ်တစ်ရပ်ကို မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

ဘုံဖြစ်သော်လည်း မတူကွဲပြားသော တာဝန်ဝတ္တရားများရှိခြင်း

သဘောတူစာချုပ်က နိုင်ငံများကို အဓိကအုပ်စုကြီး ၂ ခုဖြင့် ခွဲခြားထားသည်။ ၎င်းတို့ကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပြီး 'နောက်ဆက်တွဲ ၁ ပါ စာချုပ်ဝင်နိုင်ငံများ' ဟူ၍ခေါ်ဆိုပြီး ထိုစာရင်းတွင် မပါသောနိုင်ငံများအား 'နောက်ဆက်တွဲ ၁ တွင် မပါရှိသော စာချုပ်ဝင်နိုင်ငံများ' ဟု ခေါ်ဆိုကြသည်။ နောက်ဆက်တွဲ ၁ ပါ အချို့သော စာချုပ်ဝင်နိုင်ငံများကို သဘောတူစာချုပ်၏ နောက်ဆက်တွဲ ၂ တွင်လည်း ဖော်ပြထားပြီး "နောက်ဆက်တွဲ ၂ ပါ စာချုပ်ဝင်နိုင်ငံများ' ဟူ၍ခေါ်ဆိုကြသည်။

နောက်ဆက်တွဲ ၁ ပါ စာချုပ်ဝင်နိုင်ငံများ- သမိုင်းကြောင်းအရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အများဆုံးဖြစ်စေခဲ့သည့် စက်မှုထွန်းကားပြီးသော နိုင်ငံများစာရင်းဖြစ်သည်။ ထိုစာရင်းတွင် ၁၉၉၂ ခုနှစ်၌ OECD (စီးပွါးရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) ၏ အဖွဲ့ဝင်ဖြစ်ခဲ့သော စက်မှုထွန်းကားရာ နိုင်ငံများ၊ နှင့် ရုရှား ဖက်ဒရေးရှင်း၊ ဘောလ်တစ်ပင်လယ်နိုင်ငံများ၊ ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ နိုင်ငံအချို့အပါအဝင် စီးပွါးရေး အသွင်ကူးပြောင်းသော နိုင်ငံများ (EIT) ပါဝင်သည်။ နောက်ဆက်တွဲ ၁ ပါ စာချုပ်ဝင်နိုင်ငံတစ်ခုချင်းစီ၏ ထုတ်လွှတ်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံအများစုထက် မြင့်မားနေပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုများပြားသော ငွေကြေးဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များလည်း ရှိကြသည်။ UNFCCC တွင် ထည့်သွင်းပါရှိသော သာတူညီမျှမှု သဘောတရားနှင့် ဘုံဖြစ်သော်လည်း မတူကွဲပြားသော တာဝန် ဝတ္တရားများရှိသည့်သဘောတရားများအရ ထိုနိုင်ငံများအနေဖြင့် ထုတ်လွှတ်မှုနှင့်ပတ်သက်၍ ရေရှည် လမ်းကြောင်းများ ပြင်ဆင်ပြောင်းလဲရာတွင် ဦးဆောင်လုပ်ကိုင်ရန် လိုအပ်သည်။ EIT နိုင်ငံများအား ၁၉၉၀ ဝန်းကျင်နှစ်များအတွင်း ၎င်းတို့ ကြုံတွေ့ခဲ့ရသော စီးပွါးရေးနှင့် နိုင်ငံရေး မငြိမ်မသက်မှုများကြောင့် ဖြေလျော့မှု အချို့ကို ခွင့်ပြုခဲ့သည်။ နောက်ဆက်တွဲ ၁ ပါ စာချုပ်ဝင် နိုင်ငံများအနေဖြင့် "နိုင်ငံအလိုက် သတင်းပေးပို့ခြင်းများ" ဟု ခေါ်သည့် ပုံမှန်အစီရင်ခံစာများကို တင်သွင်းရန် လိုအပ်ပြီး မိမိတို့ ချမှတ်လုပ်ဆောင်နေသည့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မူဝါဒများနှင့် အစီအစဉ် ဆောင်ရွက်ချက်များကို အသေးစိတ်ဖော်ပြရမည်ဖြစ်ပြီး မိမိတို့၏ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုရေးရာ နှစ်စဉ်စာရင်းစစ်တမ်းကိုလည်း တင်ပြရမည်ဖြစ်သည်။

နောက်ဆက်တွဲ ၁ တွင် မပါရှိသော စာချုပ်ဝင်နိုင်ငံများ - များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး ၎င်းတို့အနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြေရှင်းရန်နှင့် ၎င်း၏ အကျိုးဆက်သက်ရောက်မှုများအပေါ် လိုက်လျောညီထွေဖြစ်စေရေးအတွက် ဆောင်ရွက်နေမှုများကို အစီရင်ခံရန် လိုအပ်သည်။

နောက်ဆက်တွဲ ၂ ပါ စာချုပ်ဝင်နိုင်ငံများ - နောက်ဆက်တွဲ ၂ တွင် ပါဝင်သောနိုင်ငံများသည် နောက်ဆက်တွဲ ၁ တွင် ဖော်ပြခဲ့သည့် OECD အဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး EIT နိုင်ငံများ မပါဝင်ပေ။ နောက်ဆက်တွဲ ၂ ပါ စာချုပ်ဝင် နိုင်ငံများ အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား သဘောတူစာချုပ်အရ ထုတ်လွှတ်မှုလျော့ချရေး လှုပ်ရှားဆောင်ရွက်မှုများ လုပ်ဆောင်ရာတွင် ငွေးကြေးအရင်းအမြစ်များ ပံ့ပိုးပေးရန်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်

ရင်ဆိုင်ရ မည့်သက်ရောက်မှုများနှင့် ထိုနိုင်ငံများက လိုက်လျောညီထွေဖြစ်စေရေးတွင် ကူညီပံ့ပိုးပေးရန် လိုအပ်ပေသည်။

နောက်ဆက်တွဲ ခ ၌ ကျိုတိုနောက်ဆက်တွဲစာချုပ်အရ တန်းညီထားသော နိုင်ငံပေါင်း ၃၉ နိုင်ငံပါဝင်ပြီး ၎င်းတို့၌ တရားဝင်ဖော်ပြထားသည့် ထုတ်လွှတ်မှုများလျော့ချရေးသတ်မှတ်ချက်များ ရှိကြသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံညီလာခံ (COP)

UNFCCC အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်အဖွဲ့ဝင်နိုင်ငံညီလာခံ (COP) တွင် နှစ်စဉ်တွေ့ဆုံကြပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်းကို ဆွေးနွေးမှုများ လုပ်ဆောင်ကြသည်။ COP ၏ နှစ်စဉ်အစည်းအဝေးများက ချမှတ်လိုက်သော ဆုံးဖြတ်ချက်များသည် သဘောတူစာချုပ်အား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အသေးစိတ်စည်းမျဉ်းစာအုပ်သဖွယ် ဖြစ်လာသည်။

၁.၃.၁ ကျိုတိုနောက်ဆက်တွဲစာချုပ်

၁၉၉၇ ခုနှစ်တွင် UNFCCC အား လည်ပတ်နိုင်စေရေးအလို့ငှာ ကျိုတိုသဘောတူစာချုပ်ကို ချမှတ်ခဲ့ပြီး ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသက်ဝင်ခဲ့သည်။ နောက်ဆက်တွဲစာချုပ်အရ စက်မှုဖွံ့ဖြိုးရာနိုင်ငံများနှင့် စီးပွါးရေး အသွင်ကူးပြောင်းသော နိုင်ငံများအနေဖြင့် GHGs အမျိုးအစား (၆) မျိုးအတွက် သတ်မှတ်ထားသော ထုတ်လွှတ်မှု ပမာဏအထိ လျော့ချမှုရှိရေး ကတိကဝတ်ပြုကြရန် လိုအပ်သည်။ ကျိုတိုနောက်ဆက်တွဲစာချုပ်အတိုင်း ကတိကဝတ်ပြုရာကာလ (၂၀၀၈ - ၂၀၁၂) ကုန်ဆုံးပြီးနောက် ဒုတိယ ကတိကဝတ်ပြုရာကာလ (၂၀၁၃-၂၀၂၀) ကို ၂၀၁၂ ခုနှစ်တွင် ချမှတ်ခဲ့သည့် ဒိုဟာပြင်ဆင်ချက်ဖြင့် သဘောတူခဲ့သည်။

ကျိုတိုနောက်ဆက်တွဲစာချုပ်အရ နိုင်ငံများအနေဖြင့် မိမိတို့၏ ထုတ်လွှတ်မှုလျော့ချရေး သတ်မှတ်ချက်အဆင့်များကို ပြည်တွင်းအစီအစဉ်ဆောင်ရွက်မှုများချမှတ်ကာ ပြည့်မီနိုင်ကြသည်။ ထို့ပြင် နောက်ဆက်တွဲစာချုပ်က စျေးကွက်အခြေပြု ယန္တရား (၃) မျိုးကို မိတ်ဆက်ပေးခဲ့ပြီး နိုင်ငံများအတွက် ထုတ်လွှတ်မှုလျော့ချရေး သတ်မှတ်ချက်အဆင့်ပြည့်မီနိုင်စေမည့် ထပ်တိုးနည်းလမ်းများအား ဖော်ပြထားသည်။ အဆိုပါယန္တရားများမှာ သန့်ရှင်းသောဖွံ့ဖြိုးတိုးတက်မှု ယန္တရား၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ခြင်းနှင့် (ခါတ်ငွေ့) ထုတ်လွှတ်မှုကုန်သွယ်ရေး အကြောင်းတို့ ဖြစ်သည်။

သန့်ရှင်းသောဖွံ့ဖြိုးတိုးတက်မှု ယန္တရား (CDM) - နောက်ဆက်တွဲပါ အပိုဒ် ၁၂ အရ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး (ခါတ်ငွေ့) ထုတ်လွှတ်မှု လျော့ချရေး သို့မဟုတ် ကန့်သတ်ရေးအတွက် ကတိကဝတ်ပြုထားသော နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် (ခါတ်ငွေ့) ထုတ်လွှတ်မှုလျော့ချရေးပရောဂျက်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ရောင်းချနိုင်သော (ခါတ်ငွေ့) ထုတ်လွှတ်မှုလျော့ချရေးအသိအမှတ်ပြု (Certified Emission Reduction

(CER)) ခရက်ဒစ်များ ရနိုင်မည်ဖြစ်သည်။ အဆိုပါ ခရက်ဒစ်များအား တိုကျိုသတ်မှတ်ချက်များပြည့်မီရေးအတွက် ထည့်သွင်းရေတွက်နိုင်ပြီး ခရက်ဒစ်တစ်ခုလျှင် (ကာဗွန်ဒိုင်အောက်ဆိုဒ်) CO2 (၁) တန်နှင့် ညီမျှသည် အရှေ့တောင်အာရှတွင် လုပ်ဆောင်နေသော CDM ဥပမာတစ်ခုမှာ ထမင်း/ဟင်းချက်ရန်အတွက် ထင်းကို အဓိကထား အသုံးပြုသည့် မြန်မာနိုင်ငံရှိ ဒေသများတွင် စွမ်းအင်ချွေတာ မီးဖိုများ (improved cooking stoves (ICS))ကို ဖြန့်ဝေပေးသည့် တောင်ကိုရီးယားနိုင်ငံ၏ ပရောဂျက်ဖြစ်သည်။ ထိုပရောဂျက်၏ ရည်ရွယ်ချက်မှာ (ဖန်လုံအိမ်ဓါတ်ငွေ့) GHG ထုတ်လွှတ်မှုနှင့် အိမ်တွင်းညစ်ညမ်းမှုများ ဖြစ်စေသော မိရိုးဖလာမီးဖိုများကို ICS ဖြင့် အစားထိုးလိုက်ခြင်းအားဖြင့် ပိုမိုသန့်ရှင်းသော စွမ်းအင်ကို မိတ်ဆက်ပေးနိုင်ရန် ဖြစ်သည် (Clean Development Mechanism, n.d)။

ပူးပေါင်းအကောင်အထည်ဖော်ဆောင်ခြင်း (JI) - ကျိုတိုနောက်ဆက်တွဲစာချုပ်၏ အပိုဒ် ၆ အရ (နောက်ဆက်တွဲ ခ တွင်ပါရှိသော) နိုင်ငံတစ်ခုအား အလားတူနောက်ဆက်တွဲပါ အခြားနိုင်ငံတစ်ခုရှိ (ဓါတ်ငွေ့) ထုတ်လွှတ်မှုလျော့ချရေး သို့မဟုတ် ဖယ်ရှားရေးပရောဂျက်တစ်ခုထံမှ (ဓါတ်ငွေ့) ထုတ်လွှတ်မှုလျော့ချရေးယူနစ် (emission reduction units (ERUs)) များ ဝယ်ယူခွင့်ပြုထားသည်။ ဥပမာဆိုရသော် ဘယ်ဂျီယန်နိုင်ငံရှိ YARA Tertre Uhde 2 လျော့ချရေးပရောက်ဂျက်ဖြစ်ပြီး ရည်ရွယ်ချက်မှာ YARA စက်ရုံ၏ နိုက်ထရစ်အက်စစ်ထုတ်လုပ်ရေးတွင် နိုက်ထရိုက်အောက်ဆိုဒ် ထုတ်လွှတ်မှုအဆင့်ကို သိသိသာသာ လျော့ချနိုင်စေရေးဖြစ်သည်။ ထိုပရောဂျက်တွင် ပြင်သစ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံသူအဖြစ် ပါဝင်ခဲ့သည် (Joint Implementation, n.d.)။

(ဓါတ်ငွေ့) ထုတ်လွှတ်မှု ကုန်သွယ်ရေး (EI) - ကျိုတိုနောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးသော နိုင်ငံများအနေဖြင့် (ဓါတ်ငွေ့) ထုတ်လွှတ်မှုကို ကန့်သတ်ရေး သို့မဟုတ် လျော့ချရေး သတ်မှတ်ချက်များကို လက်ခံကြသည်။ ထိုသတ်မှတ်ချက်များကို ခွင့်ပြုပေးထားသော (ဓါတ်ငွေ့) ထုတ်လွှတ်မှုအဆင့်များအဖြစ် လူသိများသည်။ ကျိုတိုနောက်ဆက်တွဲစာချုပ်၏ အပိုဒ် ၁၇ အရ နိုင်ငံများသည် မိမိတို့ရှိ ပိုလျံနေသော (ဓါတ်ငွေ့) ထုတ်လွှတ်မှုယူနစ်များ (ဆိုလိုသည်မှာ ထုတ်လွှတ်ခွင့်ပြုပေးထားသော်လည်း မိမိတို့ “အသုံးမပြုလိုက်/ဖြစ်”သော ထုတ်လွှတ်မှုပမာဏ) အား သတ်မှတ်ချက်ထားသောထုတ်လွှတ်မှုထက်ကျော်လွန်နေသည့် အခြားနိုင်ငံများထံသို့ ရောင်းချနိုင်သည်။ ဤနည်းအားဖြင့် (ဓါတ်ငွေ့) ထုတ်လွှတ်မှုလျော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းပုံစံဖြင့် ကူးသန်းရောင်းဝယ်နိုင်သော ကုန်စည်တစ်ခုကို ဖန်တီးခဲ့ကြသည်။ GHG အတွက် ကာဗွန်က အဓိကဖြစ်သည့်အားလျော်စွာ ဤစျေးကွက်ကို ‘ကာဗွန်စျေးကွက်’ ဟုလည်း ခေါ်ဆိုကြသည်။ JI ပရောဂျက်အရ ဆောင်ရွက်သော ERU ဖြစ်စေ၊ CDM ပရောဂျက်အရ လုပ်ကိုင်နေသော CER ဖြစ်စေ၊ ဤစနစ်အရ ကူးသန်းရောင်းဝယ်နိုင်ပေသည်။

၁. ၃. ၂ ပဲရစ်သဘောတူညီချက်

၂၀၁၅ ခုနှစ်၊ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ (COP 21) တွင် ပဲရစ်သဘောတူညီချက်ဟူသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဥပဒေအရ စည်းနှောင်မှုရှိသည့် စာချုပ်တစ်ရပ်ကို ချမှတ်ခဲ့သည်။ ပဲရစ်သဘောတူညီချက်၏ နိဒါန်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည်

လူသားထုအတွက် ဘုံအရေးပြဿနာတစ်ရပ်ဖြစ်သည်ကို အသိအမှတ်ပြုခဲ့ပြီး နိုင်ငံများအနေဖြင့် အောက်ပါတို့ကို လုပ်ဆောင်သင့်ကြောင်း ဦးတည်ခဲ့သည်-

> "....ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် လူ့အခွင့်အရေးများ၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေး၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ထိရှလွယ်သူများ၏ အခွင့်အရေးများအပြင်၊ ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် ၊ ဂျဲန်ဒါ တန်းတူညီမျှမှုရှိရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး နှင့် မျိုးဆက်အချင်းချင်း သာတူညီမျှမှုရှိရေးတို့နှင့် ပတ်သက်၍ မိမိတို့၏ သက်ဆိုင်ရာ တာဝန် ဝတ္တရားများကို လေးစားရန်၊ မြှင့်တင်ရန်နှင့် ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။"

ပဲရစ်သဘောတူညီချက်က ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်ခြင်းများ လျော့ချနိုင်ရေးအတွက် ရေရှည်ပန်းတိုင်များ ချမှတ်ပေးထားပြီး ကမ္ဘာ့အပူချိန်အား စက်မှုမထွန်းကားမီအဆင့်ထက် ၂ ဒီဂရီဆဲလ်စီးယပ်အောက်တွင် ထားရှိရေး နှင့် ၁.၅ ဒီဂရီအထိ ကန့်သတ်ထားနိုင်ရေး အားထုတ်လုပ်ဆောင်ရန်၊ ရေရှည်ပန်းတိုင်များ ပြည့်မီနိုင်ရေးအတွက် စုပေါင်းတိုးတက်မှုများအပေါ် အချိန်မှန်အကဲဖြတ်ဆန်းစစ်ရန်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျော့ချနိုင်ရေး၊ ရာသီဥတု (ဆိုးကျိုး) သက်ရောက်မှုများအပေါ် ဒဏ်ခံနိုင်စွမ်း အားကောင်းစေရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် စွမ်းရည်များ မြင့်မားလာစေရေးအလို့ငှာ ဖွံ့ဖြိုးဆဲနိုင်ငံများထံသို့ ငွေကြေးဆိုင်ရာအကူအညီများ ပံ့ပိုးပေးရန်တို့ ဖြစ်ကြသည်။ ပဲရစ်သဘောတူညီချက်သည် ရာသီဥတုရေးရာ ဆင့်ကဲလုပ်ဆောင်ချက်ကို (၅) နှစ် တစ်ကြိမ် လုပ်ဆောင်ခြင်းဖြစ်သည်။ (၅) နှစ်ပြည့်သည့်အချိန်တိုင်း နိုင်ငံများသည် အမျိုးသားအဆင့် ရာသီဥတုရေးရာ လုပ်ဆောင်ချက်အစီအစဉ်ကို တင်သွင်းရမည်ဖြစ်ပြီး ၎င်းကို နိုင်ငံအလိုက်ချမှတ်ထားသည့် ထည့်ဝင်မှု (Nationally Determined Contribution NDC) ဟု ခေါ်သည်။ ထို NDC တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပဲရစ်သဘောတူညီချက်တွင် ချမှတ်ထားသော သတ်မှတ်ချက်များသို့ ရောက်ရှိပြည့်မီစေရေးအလို့ငှာ ဖန်လုံအိမ် ဓါတ်ငွေ့ထုတ်လွှတ်မှု လျော့ချနိုင်စေမည့် လုပ်ဆောင်ချက်များအကြောင်း ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင် အပူချိန်မြင့်တက်လာခြင်းကြောင့် ဖြစ်လာမည့်သက်ရောက်မှုများအပေါ် လိုက်လျောညီထွေဖြစ်စေရန် ဒဏ်ခံနိုင်စွမ်းတည်ဆောက်နိုင်ရေးအတွက် စီစဉ်ထားသော လုပ်ဆောင်ချက်များကိုလည်း အစီရင်ခံရမည်ဖြစ်သည်။

ပဲရစ်သဘောတူညီချက်၏ အပိုဒ် ၅ တွင် REDD+ လှုပ်ရှားမှုများ အကောင်အထည်ဖော်ရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုထားသည်။ သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏများပြားစွာ စုပ်ယူနိုင်ကြပြီး ၎င်းတို့ ဖျက်ဆီးခံရခြင်းက GHG ထုတ်လွှတ်မှု၏ အရင်းအမြစ်တစ်ခုဖြစ်နိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တော ပြုန်းတီးမှုနှင့် သစ်တောအရည်အသွေးကျဆင်းမှုတို့ကြောင့် (ဓာတ်ငွေ့) ထုတ်လွှတ်မှုလျော့ချရေး (Reducing Emissions from Deforestation and Forest Degradation in Developing Countries) သို့မဟုတ် REDD+ သည် UNFCCC အရ ဖန်တီးဖြစ်ပေါ်လာသော ရာသီဥတုလျော့ပါးသက်သာရေးဆိုင်ရာ ဖြေရှင်းချက်တစ်ခုဖြစ်သည်။ REDD+ အတွက် ဝါဆောမူဘောင် (Warsaw framework) တစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ ဝါဆောမြို့၌ ကျင်းပ

ပြုလုပ်ခဲ့သည့် COP 19 တွင် ဦးဆုံးချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို REDD+ သည် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကိုဖြစ်စေသည့် သစ်တောများအပေါ် လူသားတို့၏ ဖိစီးမှုဒဏ်များ လျော့ချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရများအနေဖြင့် အမျိုးသားအဆင့်ဆောင်ရွက်ရမည့် လှုပ်ရှားလုပ်ဆောင်ချက်များကို ဦးတည်ခဲ့ခြင်းဖြစ်သည်။ REDD+ လှုပ်ရှားမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုချင်းစီ၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများအပေါ် တည်မှီနေပေသည်။ ဝါဆောမူဘောင်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သစ်တောများအား စဉ်ဆက်မပြတ်စီမံခန့်ခွဲနိုင်ရေးပန်းတိုင်သို့ ရရှိအောင်မြင်နိုင်ရေးအတွက် ၎င်းတို့၏ သစ်တောများ စောင့်ကြည့်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်စေမည့် အရင်းအမြစ်များစွာကို ဆြော်ဩစည်းရုံးပေးခဲ့သည်။ REDD+ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဝိုင်း (၃) ဝိုင်းပါဝင်ပြီး ၎င်းတို့မှာ (၁) အမျိုးသား မဟာဗျူဟာများ သို့မဟုတ် စီမံကိန်းများရေးဆွဲခြင်း၊ (၂) အမျိုးသား မဟာဗျူဟာများ သို့မဟုတ် စီမံကိန်းများအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (၃) ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ချခြင်းများအား စိစစ်အတည်ပြုပြီးနောက် ရလာဒ်အခြေပြုသည့် ပေးချေမှုများ ဖြစ်ကြသည်။

ပဲရစ်သဘောတူညီချက်တွင်လည်း နိုင်ငံတကာနှင့် မိမိဆန္ဒအလျောက် ကာဗွန်စျေးကွက်များ လည်ပတ်နိုင်ရေးကို အကောင်အထည်ဖော်သည့် အဝိုဒ် ၆ မူဘောင်ကို မိတ်ဆက်ခဲ့သည်။ အဝိုဒ် ၆ မူဘောင်တွင် စနစ်နှစ်မျိုး ပါဝင်သည်- နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကာဗွန်လျော့ချရေးပန်းတိုင်များကို ပြည့်မီနိုင်စေရန်အတွက် ခရက်ဒစ်များအား ကုန်သွယ်ခွင့်ပြုသည့် နှစ်နိုင်ငံအကြားစနစ်တစ်ရပ် ထားရှိခြင်း (အဝိုဒ် ၆.၂)၊ နှင့် အများပြည်သူနှင့် ပုဂ္ဂလိက အခန်းကဏ္ဍတွင် ပါဝင်သူများအတွက် ထားရှိသည့် ဗဟိုချုပ်ကိုင်မှုစနစ် (အဝိုဒ် ၆.၄) တို့ ဖြစ်ကြသည်။ ကျိုတို နောက်ဆက်တွဲစာချုပ်အရ ထူထောင်ထားသည့်ယန္တရားများအား ၂၀၂၅ ခုနှစ်ရောက်လျှင် အဝိုဒ် ၆ မူဘောင်သို့ ကူးပြောင်းရန် စီစဉ်ထားသည်။

အဓိက စကားရပ်များ

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျော့ချရေး ဆိုသည်မှာ အစိုးရများ၊ စီးပွါးရေးလုပ်ငန်းများ သို့မဟုတ် လူပုဂ္ဂိုလ် များက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျော့ချရန် သို့မဟုတ် ကာကွယ်ရန်၊ သို့မဟုတ် လေထုထဲမှ ထိုဓာတ်ငွေ့များအား ဖယ်ရှားပေးသည့် ကာဗွန်စုပ်ယူနိုင်စွမ်းများကို မြှင့်တင်ရန်အတွက် ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များကို ဆိုလိုသည်။

ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း ဆိုသည်မှာ လက်ရှိ သို့မဟုတ် ကြိုတင် မျှော်မှန်းထားသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ထိခိုက်လွယ်မှုကို လျော့ချနိုင် ရန် အထောက်အကူပြုသော လုပ်ဆောင်ချက်များကို ဆိုလိုသည်။

ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း ဆိုသည်မှာ ရပ်ရွာ သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုအနေဖြင့် ရာသီဥတုကြောင့် သက်ရောက်မှုများကို ကြိုတင်ခန့်မှန်းနိုင်ခြင်းနှင့် စီမံခန့်ခွဲနိုင်ခြင်း၊ ၎င်းတို့၏ ပျက်စီးဆုံးရှုံးမှုကို အနည်းဆုံး

ဖြစ်အောင် လုပ်ဆောင်နိုင်ခြင်း၊ ကနဦး ထိခိုက်မှုပြီးနောက် မိမိတို့ လိုအပ်သလို ပြန်လည်ထူထောင်နိုင်ပြီး ပြောင်းလဲနိုင်ခြင်း စသည့် စွမ်းဆောင်ရည်ကို ဆိုလိုသည်။

ကာဗွန်ခြေရာကောက်ခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ထုတ်ကုန် သို့မဟုတ် လှုပ်ရှားလုပ်ဆောင်မှု တစ်ခုခုက လေထုထဲသို့ ထုတ်လွှတ်လိုက်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏကို တိုင်းတာခြင်းဖြစ်သည်။ ကာဗွန်ခြေရာ ပိုကြီးလေလေ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု ပိုများလေလေဖြစ်ပြီး၊ ရာသီဥတုအကျပ်အတည်းကို ပိုမိုပံ့ပိုးနေသည်ဟု ဆိုလိုရင်းဖြစ်သည်။

ရာသီဥတုဆိုင်ရာ တရားမျှတမှု ဆိုသည်မှာ သာတူညီမျှမှုနှင့် လူ့အခွင့်အရေးတို့ကို ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် လုပ်ဆောင်မှုများ၏အဓိကဗဟိုတွင် ထားရှိခြင်းကို ဆိုလိုသည်။

ရာသီဥတုဆိုင်ရာ ငွေရေးကြေးရေး ဆိုသည်မှာ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်မှုများကို ပံ့ပိုးပေးနိုင်ရေးအတွက် အသုံးပြုသည့် ငွေကြေးအရင်းအမြစ်များနှင့် စာချုပ်စာတမ်းကို ဆိုလိုသည်။

ကာဗွန်သုည (Net zero) ဆိုသည်မှာ လူသားတို့၏ လုပ်ရပ်များကြောင့် ထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်အား လူသားတို့လုပ်ဆောင်နေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုများဖယ်ရှားရေး ကြိုးပမ်းအားထုတ်မှုများ (ဥပမာ- ကာဗွန်စုပ်ယူမှုများ ဖန်တီးခြင်း) ဖြင့် ဟန်ချက်ညီ မျှတအောင် ထိန်းညှိနိုင်ခြင်းကို ဆိုလိုသည်။ သို့မှသာ လေထုထဲရှိ ဖန်လုံအိမ်ဓာတ်ငွေ့များ ထပ်မံစုစည်းလာသည်ကို ရပ်တန့်နိုင်မည် ဖြစ်သည်။

ကာဗွန်စုပ်ယူမှု (Carbon sink) ဆိုသည်မှာ လေထုထဲသို့ ထုတ်လွှတ်လိုက်သည့်ပမာဏထက်ပို၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူနိုင်သည့် လုပ်ငန်းစဉ်များ၊ လှုပ်ရှားမှုများ သို့မဟုတ် နည်းလမ်းများကို ဆိုလိုသည်။ သစ်တောများ၊ သမုဒ္ဒရာများနှင့် မြေဆီလွှာများသည် သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ကာဗွန်စုပ်ယူသည့်အရာများ ဖြစ်ကြသည်။

ကာဗွန်ဈေးကွက်များ ဆိုသည်မှာ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုများ လျှော့ချရေး သို့မဟုတ် ဖယ်ရှားရေး လုပ်ဆောင်မှုများအတွက် မက်လုံးများဖန်တီးပေးသည့် ကုန်သွယ်ရေးအစီအစဉ်များ ဖြစ်သည်။ ထုတ်လွှတ်မှုများကို ဝယ်ယူနိုင်၊ ရောင်းချနိုင်သည့် ကာဗွန်ခရက်ဒစ်ပုံစံဖြင့် အရေအတွက် တိုင်းတာသတ်မှတ်နိုင်ခြင်းဖြစ်သည်။ ကာဗွန်ခရက်ဒစ်တစ်ခုသည် ကာဗွန်ဒိုင်အောက်ဆိုဒ် (၁)တန်နှင့်လည်းကောင်း၊ သို့မဟုတ် လျှော့ချဖယ်ထုတ် ရှောင်ရှားရမည့် အခြားဖန်လုံအိမ်ဓါတ်ငွေ့၏ ပမာဏနှင့်လည်းကောင်း ညီမျှသည်။

၁.၄ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှု

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လူ့အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်ရေးအပေါ် သက်ရောက်မှုများစွာရှိသည်ကို အသိအမှတ်ပြုခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ထံသို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှုအပေါ် အသေးစိတ်ဆန်းစစ်လေ့လာမှုတစ်ခုလုပ်ဆောင်ပေးရန် တောင်းဆိုခဲ့သည် (လူ့အခွင့်အရေး ကောင်စီ၊ ၂၀၀၈)။ တောင်းဆိုခဲ့သည့်အတိုင်းပင် OHCHR သည် နိုင်ငံများ၊ အစိုးရများအကြား အဖွဲ့အစည်းများ၊ အမျိုးသား လူ့အခွင့်အရေးအင်စတီကျူးရှင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ကာ လေ့လာမှုတစ်ခုပြုလုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် အစီရင်ခံစာကို တင်သွင်းခဲ့သည် (ကုလသမဂ္ဂ လူ့အခွင့် အရေးဆိုင်ရာ မဟာမင်းကြီးရုံး OHCHR, ၂၀၀၉)။ အစီရင်ခံစာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှုရှိကြောင်း ဖော်ပြပါရှိသည်။ အစီရင်ခံစာ၏အနှစ်ချုပ်အား ဇယား (၂) တွင် ဖော်ပြထားသည်။ ၂၀၂၁ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုရေးရာ လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်ကို သတ်မှတ်ခဲ့သည် (လူ့အခွင့်အရေး ကောင်စီ၊ ၂၀၂၁)။

ဇယား ၂ - ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှု (၂၀၀၉ ခုနှစ်၊ OHCHR အစီရင်ခံစာမှ အကျဉ်းချုပ်ဖော်ပြထားခြင်းဖြစ်သည်)

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သက်ရောက်မှုရှိခဲ့သည့် လူ့အခွင့်အရေးများ	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်မည့် သက်ရောက်မှုသဘော
အသက်ရှင်သန်ပိုင်ခွင့်	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်လာသည့် အပူလှိုင်းများ၊ ရေကြီးခြင်း၊ မုန်တိုင်းများနှင့် မိုးခေါင်မှုများကြောင့် လူသားများ ထိခိုက်ခံစားရခြင်း၊ သေဆုံးခြင်း၊ ရောဂါဖြစ်ပွါးခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ အာဟာရချို့တဲ့ခြင်း စသည်တို့ကို ခံစားရစေပြီး အသက်ရှင်သန်ပိုင်ခွင့်အပေါ် သက်ရောက်မှုများ ရှိလာသည်၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်သည်။
အစားအစာရပိုင်ခွင့်	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သီးနှံအထွက်တိုးနှုန်းများ လျော့နည်းလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆာလောင်မွတ်သိပ်မှုနှင့် အစားအစာ မလုံခြုံမှုအန္တရာယ်များ မြှင့်တက်လာသည်။ အကြောင်းမှာ ၎င်းတို့သည် အစားအစာနှင့် အသက်မွေးဝမ်းကျောင်းအတွက် ရာသီဥတုအမှီပြု အရင်းအမြစ်များအပေါ် အလွန်အမင်းမှီခိုနေရခြင်းကြောင့် ဖြစ်သည်။

သောက်သုံးရေရပိုင်ခွင့်	ရေခဲမြစ်များ ဆုံးရှုံးခြင်းနှင့် နှင်းဖုံးလွှာ လျော့နည်းလာခြင်းသည် ရေရရှိမှုအပေါ် ထိခိုက်စေနိုင်သည်။ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကဲ့သို့သော ပြင်းထန်သော ရာသီဥတု အခြေအနေများကြောင့်လည်း ရေပေးဝေမှုများကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ရေအရင်းအမြစ်များ၊ အထူးသဖြင့် ဘေးကင်းသော သောက်သုံးရေအပေါ် ဖိအားပိုများလာစေလိမ့်မည်ဖြစ်သည်။
ကျန်းမာရေးရပိုင်ခွင့်	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် အာဟာရချို့တဲ့မှုနှင့် ရောဂါများကို တိုးပွားစေနိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ထိရှလွယ်မှုပိုတိုးလာခြင်းက လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အုပ်စုများ၏ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတိုင်း လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနေထိုင်နိုင်မည့် စွမ်းဆောင်ရည်ကို လျော့ကျစေနိုင်သည်။
လုံလောက်သော အိမ်ယာရပိုင်ခွင့်	ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မုန်တိုင်းများ ပိုများပြားလာပြီး ပိုမိုပြင်းထန်လာခြင်းတို့သည် ကမ်းရိုးတန်းဒေသ အခြေချနေထိုင်မှုများအပေါ် ထိခိုက်စေလိမ့်မည်ဖြစ်ပြီး လူများနှင့် အသိုက်အဝန်းများအား ပြောင်းရွှေ့နေရာချထားရန် လိုအပ်လာမည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် အသက်မွေးဝမ်းကျောင်းများ ပျက်စီးဆုံးရှုံးခြင်းက ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့ရသည့် တွန်းအားတစ်ခု ဖြစ်လာနိုင်ပြီး မြို့ပြများတွင် ပုံမှန်မဟုတ်သော အခြေချနေထိုင်မှုများ ပိုမိုများပြားလာစေသည်။ ထိုသို့သော ပုံမှန်မဟုတ်သော အခြေချနေထိုင်သူများသည် အတင်းအကြပ် ပြောင်းရွှေ့ဖယ်ရှားခံရနိုင်ခြေရှိသည်။
ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်	ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် ပင်လယ်ရေမျက်နှာပြင်ထက် နိမ့်သော နိုင်ငံအများအပြား၏ အခြေချနေထိုင်မှုနှင့် နယ်မြေပိုင်ဆိုင်ခွင့်ကို ခြိမ်းခြောက်နေသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ နယ်မြေများနှင့် အသက်မွေးဝမ်းကျောင်း အရင်းအမြစ်များကို ဆုံးရှုံးစေမည့်အရေးကို ခြိမ်းခြောက်နေသည်။

	ကျွန်းငယ်နိုင်ငံများ ပျောက်ကွယ်သွားခြင်းက ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်အပေါ် ထိခိုက်စေမည်ဖြစ်သည်။
အပြန်အလှန်ချိတ်ဆက်နေသည့် ပြဿနာရေးရာများ	
အမျိုးသမီး	လက်ရှိ ဂျဲန်ဒါခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုများကြောင့် အမျိုးသမီးများအား ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ဆက်စပ်နေသည့်အန္တရာယ်များအတွက် အထူးပင် ထိရှလွယ်စေသည်။ ထိုသို့သော ထိရှလွယ်မှုကို ပိုမိုဆိုးရွားစေသည့် အချက်များမှာ ပိုင်ဆိုင်မှုအပေါ် တန်းတူ အခွင့်အရေးမရရှိခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာမှ ဖယ်ထုတ်ခံ ထားရခြင်း၊ သတင်းအချက်အလက်နှင့် ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီရေးတွင် အခက်အခဲရှိခြင်း စသည်တို့ဖြစ်သည်။
ကလေးသူငယ်	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်လာသည့် ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးသည် အာဟာရချို့တဲ့မှု၊ မွေးကင်းစကလေးနှင့် ကလေးငယ် သေဆုံးမှု၊ ရောဂါစွဲကပ်မှုများ တိုးလာနိုင်သောကြောင့် ကလေးသူငယ်များအတွက် အများဆုံး ခံစားရစေနိုင်သည်။ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဖိစီးမှုရှိလာခြင်းက ကလေးများ၊ အထူးသဖြင့် မိန်းကလေးများ ၏ ကျောင်းတက်နိုင်ခြင်းအပေါ် သက်ရောက်စေနိုင်သည်။
ဌာနေတိုင်းရင်းသားများ	ထိခိုက်လွယ်သော ဂေဟစနစ်များတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမှတ်သရုပ်ဖြစ်တည်မှု (cultural identity) ရှိရာဖြစ်သည့် ရိုးရာနယ်မြေများနှင့် အသက်မွေးဝမ်းကျောင်းများ ဆုံးရှုံးခြင်းကဲ့သို့သော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အန္တရာယ်များကို အထူးအားဖြင့် ခံစားရနိုင်ခြေရှိသည်။
နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကြီးမားဆုံးသော သက်ရောက်မှုမှာ လူများ ရွှေ့ပြောင်းနေထိုင်ခြင်းအပေါ် ဖြစ်နိုင်သည်။ ၂၀၅၀ ပြည့်နှစ်ရောက်ပါက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သက်ဆိုင်သည့် ဖြစ်စဉ်များကြောင့် လူသန်းပေါင်း ၁၅၀ ခန့် နေရပ်စွန့်ခွာ ထွက်ပြေးရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ပဋိပက္ခနှင့် လုံခြုံရေးဆိုင်ရာအန္တရာယ်များ	ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် စီးပွါးရေး၊ လူမှုရေးနှင့် နိုင်ငံရေး ပြဿနာများနှင့် အပြန်အလှန်သက်ရောက်မှု ရှိခြင်းကြောင့် အကြမ်းဖက်ပဋိပက္ခဖြစ်ပွားမှု အန္တရာယ် မြင့်မားလာနိုင်မည်ဟု ခန့်မှန်းထားသည်။ ထိုပဋိပက္ခများသည် အတင်းအကြပ် နေရပ်ရွှေ့ပြောင်းမှုများ ဖြစ်လာစေသော တွန်းအားတစ်ခု ဖြစ်လာနိုင်ပေသည်။
ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု တုန့်ပြန်ရေး နည်းလမ်းအစီအမံများ	UNFCCC နှင့် ကျိုတိုစာချုပ်တို့အရ ချမှတ်ထားသော ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု တုံ့ပြန်ရေးနည်းလမ်း အစီအမံများတွင် လည်း လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ ရှိနိုင်သည်။ ဥပမာအားဖြင့်- (ဓါတ်ငွေ့)လျော့ပါးသက်သာစေရေး အစီအမံ အဖြစ် စိုက်ပျိုးရေးလောင်စာဆီ (agro-fuel) ထုတ်လုပ်ခြင်းကို ချမှတ်ခဲ့သည်။ သို့သော်လည်း စိုက်ပျိုးရေးလောင်စာဆီများ သည် စားသောက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းကို မြင့်မား စေခဲ့သည်၊ အကြောင်းမှာ စိုက်ပျိုးမြေရှားပါးခြင်း၊ ထိုမြေကို အစားအစာ၊ တိရစ္ဆာန်အစာ သို့မဟုတ် လောင်စာဆီအတွက် အသုံးပြုမည်ဆိုသည်ကို ပြိုင်ဆိုင်ရခြင်းများကြောင့် ဖြစ်သည်။ ဇီဝလောင်စာဆီများ လိုအပ်ချက်သည် ဌာနေတိုင်းရင်းသားများ နေထိုင်ရာမြေများသို့ ထိပါးဝင်ရောက်သည့် အဖြစ်များ တိုးလာစေနိုင်သည်။

၁.၅ ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စဉ့်ဆက်မပြတ်သည့် သဘာဝ ပတ်ဝန်းကျင် ရပိုင်ခွင့်

၂၀၂၁ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီသည် ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စဉ့်ဆက် မပြတ်သည့် သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်ကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့သည် (လူ့အခွင့်အရေး ကောင်စီ၊ ၂၀၂၁ ဘီ)။ ထို့ပြင် ကောင်စီသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုရေးရာ လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်ကို သတ်မှတ်ခဲ့သည် (လူ့အခွင့်အရေး ကောင်စီ၊ ၂၀၂၁)။

ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စဉ့်ဆက်မပြတ်သည့် သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်တွင် အခွင့်အရေးအမျိုးအစား (၂) မျိုး ပါဝင်သည် (Knox, ၂၀၁၂)-

က။ ပင်မအရင်းခံအခွင့်အရေးများ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်ဆီးမှုကြောင့် အထူးပင် ထိခိုက်လွယ်သည့် အခွင့်အရေးများ- ထိုအခွင့်အရေးများအဖြစ် သန့်ရှင်းသောလေ၊ ဘေးကင်းပြီး လုံလောက်သော သောက်သုံးရေ၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်သော အစားအစာ၊ ကျန်းမာသော ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ၊ ဘေးကင်းသော ရာသီဥတု၊ အဆိပ်အတောက်ကင်းဝေးသော ပတ်ဝန်းကျင်တို့ ပါဝင်သည်။

ခ။ ကျင့်ထုံးဆိုင်ရာ အခွင့်အရေးများ သို့မဟုတ် ပိုမိုကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ရေးရာ မူဝါဒများဖြင့် ၎င်းတို့ကို ပံ့ပိုးပေးနိုင်သည့် အခွင့်အရေးများ - ထိုအခွင့်အရေးများအဖြစ် သတင်းအချက်အလက် လက်လှမ်းမီခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခွင့်ပေးခြင်း၊ ထိရောက်မှုသော ကုစားမှုများဖြင့် တရားမျှတမှု လက်လှမ်းမီခြင်း တို့ ပါဝင်သည်။

ကျင့်ထုံးဆိုင်ရာအခွင့်အရေးများ၏ ပါဝင်ရာအကြောင်းအရာများသည် အခွင့်အရေးအားလုံးနှင့် သက်ဆိုင်သော်လည်း ပင်မအရင်းခံအခွင့်အရေးများ၏ မတူကွဲပြားသည့် ပါဝင်ရာအကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး အပြန်အလှန် မှီခိုနေပေသည်။

ဇယား ၃ - အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ - ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စဉ်ဆက်မပြတ်သည့် သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်

ပင်မအရင်းခံအခွင့်အရေးများ					
၁. သန့်ရှင်းသော လေ ရပိုင်ခွင့် ညစ်ညမ်းသော လေထုကြောင့် (ကျန်းမာရေး ပိုင်ခွင့်) ကျန်းမာရေး အပေါ် ဆိုးကျိုး များစွာ ဖြစ်စေသည်။	**၂. ဘေးကင်းပြီး လုံလောက်သော သောက်သုံးရေ ရပိုင်ခွင့်** ကောင်းမွန်သော ကျန်းမာရေးနှင့် အစားအစာဘေး ကင်းဖူလုံရေး အတွက် ဘေး ကင်းပြီး လုံ လောက်သော သောက်သုံးရေကို လိုအပ်ပေသည်။	**၃. ကျန်းမာရေးနှင့် ညီညွတ်ပြီး ရေရှည် ထုတ်လုပ်နိုင်သော အစားအစာရပိုင်ခွင့်** အစားအစာစနစ်များက အသက်မွေးဝမ်း ကြောင်းများအပေါ် ထောက်ပံ့ထားသည်။ အလွန်အကျွံပြုပြင် ထားပြီး အာဟာရ ဓါတ်နည်းပါးသော အစားအစာများက ကျန်းမာရေး ရပိုင်ခွင့်ကို သက်ရောက်မှု ရှိသည်။	**၄. ကျန်းမာရေးနှင့် ညီညွတ်သော ဂေဟစနစ်များ နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ရပိုင်ခွင့်** လူ့အခွင့်အရေး သည် ကျန်းမာ သော ဇီဝ နယ်ပယ် အပေါ် တည်မှီနေ သည်။ ကျန်းမာ သော ဇီဝနယ် ပယ်ဖြင့် အစား အစာ၊ ကျန်းမာ ရေးနှင့် သောက် သုံးရေရပိုင်ခွင့်	**၅. ဘေးကင်းသော ရာသီရတု ရပိုင်ခွင့်** ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့် ကျန်းမာရေး (ကျန်းမာရေးရပိုင် ခွင့်) အတွက် ဆိုးကျိုးများဖြစ်စေ ပြီး၊ အစားအစာ ထုတ်လုပ်မှုနှင့် အစားအစာဖူလုံရေး (အစားအစာရပိုင် ခွင့်) ကို ထိခိုက်စေ ကာ တကိုယ်ရေ သန့်ရှင်းရေး (သောက်သုံးရေ ရပိုင်ခွင့်)ကို ခြိမ်းခြောက်နေ သည်။	**၆. အဆိပ်အတောက် ကင်းဝေးသော သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့် - ညစ်ညမ်းစေပြီး အဆိပ်အတောက် ဖြစ်စေမည့် အရာများနှင့် ကင်းလွတ်ခွင့်**

			များအား ကာကွယ် ပေးသည်။		

အပြန်အလှန်ဆက်စပ်မှု - ဆင်းရဲမွဲတေမှု၊ ဂျိန်ဒါ ခွဲခြားမှု၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ ပထဝီဝင်အနေအထား၊ ယဉ်ကျေးမှု သို့မဟုတ် တိုင်းရင်းသားလူမျိုးနောက်ခံများကြောင့် ထိရှလွယ်သူများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်လာခြင်း၏ အကျိုးဆက်များကို မချိုးမညီမျှစွာဖြင့် ပိုမိုခံစားရသည်။

နိုင်ငံများ၏ ယေဘုယျတာဝန်ဝတ္တရားများ

လေးစားရမည့်တာဝန်- နိုင်ငံများအနေဖြင့် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့်ဆက်မပြတ် ပတ်ဝန်းကျင်ရပိုင်ခွင့်ကို ချိုးဖောက်ခြင်း မပြုရပေ။

ကာကွယ်ရမည့်တာဝန် - နိုင်ငံများအနေဖြင့် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့်ဆက်မပြတ် ပတ်ဝန်းကျင်ရပိုင်ခွင့်အား ပြင်ပအဖွဲ့အစည်းများ၊ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများက ချိုးဖောက် ခြင်းကို ကာကွယ်ပေးရမည်။ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်ချက်မူသဘောတရားများတွင် နိုင်ငံတော်များ၏ ကာကွယ်ပေးရမည့် တာဝန်ဝတ္တရားနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် လူ့အခွင့်အရေးကို လေးစားရေးက စီးပွားရေးလုပ်ငန်းများ၏ တာဝန်ဝတ္တရားဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။

ဖြည့်ဆည်းရမည့်တာဝန် - နိုင်ငံများအနေဖြင့် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့်ဆက်မပြတ် ပတ်ဝန်းကျင်ရပိုင်ခွင့်ကို ပြည့်မီခံစားနိုင်စေရေးအတွက် ဥပဒေများ၊ မူဝါဒများ၊ ပရိုဂရမ်များ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်ရမည်။

ကျင့်ထုံးဆိုင်ရာအခွင့်အရေးများနှင့် နိုင်ငံ၏ တာဝန်ဝတ္တရားများ

သတင်းအချက်အလက် ရပိုင်ခွင့် - နိုင်ငံများအနေဖြင့် ပြည်သူလူထုအတွက် လက်လှမ်းမီနိုင်သော၊ အဖိုးအခ တတ်နိုင်သော၊ နားလည်လွယ်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးရမည်။

ပူးပေါင်းပါဝင်ခွင့် - နိုင်ငံများအနေဖြင့် အားလုံးပါဝင်သော၊ သာတူညီမျှရှိသော၊ ဂျိန်ဒါအခြေခံသည့် လူထု၏ ပူးပေါင်းပါဝင်မှုကို အာမခံရမည်။ ပူးပေါင်းပါဝင်မှုကို လွယ်ကူချောမွေ့စေရန်အလို့ငှာ စီမံကိန်းများ၊ မူဝါဒများနှင့် အဆိုပြုချက်များတွင် ဖြစ်ပေါ်လာနိုင်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်နိုင်ရန် အကဲဖြတ်မှုများ ပြုလုပ်ရမည်။ ထိုသို့သော သက်ရောက်မှုအကဲဖြတ်ချက် အစီရင်ခံစာများကို လူသိရှင်ကြား ထုတ်ပြန်ရမည်။

တရားမျှတမှု ရပိုင်ခွင့် - နိုင်ငံများအနေဖြင့် လူတိုင်းအတွက် တတ်နိုင်သော အဖိုးအခဖြင့် တရားမျှတမှုကို အလွယ်တကူရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ နိုင်ငံများနှင့် စီးပွါးရေးလုပ်ငန်းများ၏ အခွင့်အရေးချိုးဖောက်မှုများအတွက် ထိရောက်သော ကုစားမှုများကို နိုင်ငံများက ပေးထားရမည်။ ထို့အပြင် နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအတွက် ခိုင်မာအားကောင်းသော ကာကွယ်မှုများကို ပေးထားရမည်။

ဂျန်ဒါ တန်းတူညီမျှမှု - နိုင်ငံများအနေဖြင့် လုပ်ဆောင်ချက်အားလုံးတွင် ဂျန်ဒါ တန်းတူညီမျှမှုရှိရေး ထည့်သွင်းလုပ်ဆောင်ရမည်။

ဌာနေတိုင်းရင်းသားများ - နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို လေးစားရမည်။

အထက်ပါဇယားတွင် ဖော်ပြထားသော ယေဘုယျတာဝန်ဝတ္တရားများအပြင် လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့ဆက်မပြတ် ပတ်ဝန်းကျင်ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံများ၏ တာဝန်ဝတ္တရားများအကြောင်း ဖော်ပြထားသည့် မူဘောင်သဘောတရားများကို သတ်မှတ်ဖော်ထုတ်ထားသည် (Knox, ၂၀၁၈)။ ထိုမူသဘောတရားများသည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကိစ္စသည် အပြန်အလှန်မှီခိုနေသည်ဟူသော အခြေခံနားလည်မှုအပေါ် အခြေခံထားသည်။ ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့ဆက်မပြတ် ပတ်ဝန်းကျင်သည် လူ့အခွင့်အရေးများ (ဥပမာ- အသက်ရှင်သန်ခွင့်၊ ကျန်းမာရေးရပိုင်ခွင့်၊ လုံလောက်သော လူနေမှု အဆင့်အတန်း ရပိုင်ခွင့်၊ သောက်သုံးရေရပိုင်ခွင့်နှင့် ယဉ်ကျေးမှုအခွင့်အရေးများ ရပိုင်ခွင့်) ကို အပြည့်အဝခံစားနိုင်စေရေးအတွက် လိုအပ်သကဲ့သို့ တစ်ချိန်တည်းမှာပင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများကဲ့သို့သော အခွင့်အရေးများအား ရရှိခံစားနိုင်ရေးတို့သည် ပတ်ဝန်းကျင်အား ကာကွယ်နိုင်ရန်အလို့ငှာ အရေးကြီးပေသည်။

အလေးထားစရာ - ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့ဆက်မပြတ် ပတ်ဝန်းကျင်ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံများ၏ တာဝန်ဝတ္တရားများဆိုင်ရာ မူဘောင် သဘောတရားများ

၁။ နိုင်ငံများသည် လူ့အခွင့်အရေးများ လေးစားကာကွယ်ဖြည့်ဆည်းနိုင်ရေးအလို့ငှာ ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့ဆက်မပြတ် ပတ်ဝန်းကျင်ကို အာမခံရမည်။

၂။ နိုင်ငံများသည် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့ဆက်မပြတ် ပတ်ဝန်းကျင်ရရှိသေချာစေရေးအတွက် လူ့အခွင့်အရေးများ လေးစားကာကွယ်ဖြည့်ဆည်းရမည်။

၃။ နိုင်ငံများသည် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စဉ့ဆက်မပြတ် ပတ်ဝန်းကျင်ရရှိခံစားရေးနှင့်စပ်လျဉ်း၍ ခွဲခြားဆက်ဆံမှုကို တားမြစ်ရမည်ဖြစ်ပြီး ခွဲခြားဆက်ဆံမှုမှ တန်းတူညီမျှစွာနှင့် ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေး အာမခံရမည်။

၄။ နိုင်ငံများသည် လူ့အခွင့်အရေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ လုပ်ဆောင်နေသော လူပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် အဖွဲ့အစည်းများအတွက် ခြိမ်းခြောက်မှုများ၊ စော်ကားနှောင့်ယှက်မှုများ၊ ခြောက်လှန့်

မှုများနှင့် အကြမ်းဖက်မှုများမရှိဘဲ လူပ်ရှားဆောင်ရွက်နိုင်သည့် ဘေးကင်းလုံခြုံပြီး အထောက်အကူပြုသော ပတ်ဝန်းကျင်တစ်ခုကို ပံ့ပိုးပေးရမည်။

၅။ နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို လေးစားကာကွယ်ပေးရမည်။

၆။ နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညွှန်ပြချက်များနှင့် လူထုအသိပညာပေးခြင်းများ လုပ်ဆောင်ရမည်။

၇။ နိုင်ငံများသည် သတင်းအချက်အလက်များကို စုဆောင်းဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ တောင်းဆိုသူများထံသို့ အဖိုးအခ တတ်နိုင်ပြီး ထိရောက်သောသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူသုံးစွဲစေခြင်းဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူများ ရယူနိုင်ရန် ပံ့ပိုးပေးရမည်။

၈။ နိုင်ငံများသည် အဆိုပြုလျာထားသော စီမံကိန်းများနှင့် မူဝါဒများတွင် ဖြစ်ပေါ်လာနိုင်မည့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအား ကြိုတင်အကဲဖြတ်ဆန်းစစ်မှုလုပ်ဆောင်ရန် လိုအပ်ပြီး ၎င်းတွင် လူ့အခွင့်အရေးခံစားခွင့်အပေါ် သက်ရောက်နိုင်သည့် အကျိုးသက်ရောက်မှုများလည်း ပါဝင်သည်။

၉။ နိုင်ငံများသည် ပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် လူထု၏ ပူးပေါင်းပါဝင်မှုကို အားပေးပံ့ပိုးလုပ်ဆောင်ရမည်ဖြစ်ပြီး လူထု၏ အမြင်များကို မိမိတို့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားရမည်။၏

၁၀။ နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်နှင်ဆက်စပ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပြည်တွင်းဥပဒေချိုးဖောက်မှုများအတွက် ထိရောက်သောကုစားမှုများ လက်လှမ်းမီနိုင်ရေး ပံ့ပိုးပေးရမည်။

၁၁။ နိုင်ငံများသည် ခွဲခြားဆက်ဆံမှုမရှိသော၊ နောက်ကြောင်းပြန်ဆုတ်ခြင်း (အဆင့်လျော့ခြင်း) မရှိသော၊ လူ့အခွင့်အရေးများကို လေးစားကာကွယ်ဖြည့်ဆည်းပေးနိုင်သည့် အနှစ်သာရပြည့်ဝသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို ရေးဆွဲချမှတ်ရမည်။

၁၂။ နိုင်ငံများသည် ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများအား အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး အာမခံရမည်။

၁၃။ နိုင်ငံများသည် လူ့အခွင့်အရေးအပြည့်အဝခံစားနိုင်စေရေးကို အနှောင့်အယှက်ဖြစ်စေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်ထိခိုက်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်မှုများအား တားဆီးကာကွယ်

ရေး၊ လျှော့ချရေးနှင့် ကုစားရေးအလို့ငှာ ထိရောက်သော နိုင်ငံတကာဥပဒေမူဘောင်များကို တည်ထောင်ရန်၊ ထိန်းသိမ်းရန်နှင့် အရေးယူဆောင်ရွက်ရန်အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

၁၄။ နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများကြောင့် အလွန်အမင်း ထိခိုက်ရလွယ်နိုင်သူများ သို့မဟုတ် အထူးပင် အန္တရာယ်ရှိသူများအတွက် ၎င်းတို့၏ လိုအပ်ချက်များ၊ ဘေးအန္တရာယ်များနှင့် စွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားပြီးလျှင် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်မည့် ထပ်တိုးနည်းလမ်းအစီအမံများ ပြုလုပ်ရမည်။

၁၅။ နိုင်ငံများသည် ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏ ရိုးရာလူမှုအသိုက်အဝန်းရှိ နေထိုင်သူများအပေါ် ၎င်းတို့၏ မြေယာဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်း၊ ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေး ခြင်းနှင့် လွတ်လပ်ပြီး ကြိုတင်အသိပေးထားသော သဘောတူညီချက်ကို ရယူခြင်း၊ ၎င်းတို့၏ မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စဉ်ဆက်မပြတ်စေဘဲ အသုံးပြုခြင်းများတွင် ရိုးရာအသိပညာနှင့် လုပ်ထုံး လုပ်နည်းများကို လေးစားကာကွယ်ခြင်း၊ ဌာနေတိုင်းရင်းသားများ၏ မြေယာများ၊ နယ်မြေများ သို့မဟုတ် သယံဇာတများနှင့်ပတ်သက်သော လုပ်ဆောင်မှုများမှရရှိလာသည့် အကျိုးခံစားခွင့်များကို မျှတပြီး သာတူညီမျှစွာ ရရှိစေရေးတို့ကို အသိအမှတ်ပြုခြင်းဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများအတိုင်း လိုက်နာရေးကို အာမခံရမည်။

၁၆။ နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရေးအတွက် လုပ်ဆောင်သည့် လုပ်ငန်းများတွင် လူ့အခွင့်အရေးကို လေးစားကာကွယ်ဖြည့်ဆည်းပေး ရမည်။

၁.၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစိုးမိုးရေး

စတော့ဟုမ်း ကြေညာစာတမ်းကို ၁၉၇၂ ခုနှစ်တွင် ရေးဆွဲချမှတ်ပြီးနောက် နိုင်ငံအများအပြားသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေများနှင့် ထိုဥပဒေများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ကြီးကြပ်နိုင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများကို ချမှတ်ခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုအား ကိုင်တွယ်ဖြေရှင်းရာတွင် တိုးတက်မှုများစွာရှိခဲ့သော်လည်း ဥပဒေများအရ လိုအပ်ချက်များနှင့် ဥပဒေအတိုင်း အကောင်အထည်ဖော်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့အကြား ဖြစ်ပေါ်လာသည့် အကောင်အထည်ဖော်မှုကွာဟချက်များကိုလည်း သိသိသာသာ တွေ့ရှိရသည်။ ထိုကဲ့သို့ ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစိုးမိုးရေး သဘောတရားကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

ရိုးရှင်းစွာဆိုရပါမူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစိုးမိုးရေးဆိုသည်မှာ အဓိကကျသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနှင့် ဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းများအား ပေါင်းစပ်ထားခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုအတွက် အခြေခံအုတ်မြစ်ကို ပံ့ပိုးပေးထားခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစိုးမိုးရေးဟူသည်-

> " *အဖွဲ့အစည်းအားလုံးသည် ကမ္ဘာမြေကြီး ရေရှည်တည်တံ့စေရေးအတွက် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီပြီး အများပြည်သူသိရှိနိုင်စေရေးအတွက် ရေးဆွဲပြဋ္ဌာန်းထားသည့် လွတ်လပ်စွာစီရင်ဆုံးဖြတ်နိုင်သော ဥပဒေများကို တန်းတူရည်တူ တာဝန်ခံရမည်။*"
>
> (UNEP, ၂၀၁၉)

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစိုးမိုးရေးသဘောတရားက သဘာဝပတ်ဝန်းကျင်နယ်ပယ်တွင် ဥပဒေစိုးမိုးမှုရှိရေး၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုထားခြင်းပြီး သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ ယန္တရားများခိုင်မာအားကောင်းစေရေးအတွက် အကူအညီဖြစ်စေသည်။

၁.၇ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ (Rio+20) ကို ၂၀၁၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သည်။ ညီလာခံ၏ရလာဒ်အနေဖြင့် "ကျွန်ုပ်တို့လိုချင်သော အနာဂါတ်" ဟူသည့်စာချုပ်စာတမ်းတစ်စောင်ကို ချမှတ်နိုင်ခဲ့ပြီး ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ၏ အောင်မြင်မှုများအပေါ်အခြေခံ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းပန်းတိုင်များ ရေးဆွဲရေး ကတိကဝတ်တစ်ရပ် ပါရှိပေသည်။ နောက်ပိုင်းတွင် ၂၀၁၅ ခုနှစ်၌ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်ကို ချမှတ်ခဲ့ကြသည်။ ၂၀၃၀ အစီအစဉ်ကို လူပုဂ္ဂိုလ်၊ ကမ္ဘာမြေ၊ သာယာဝပြောရေး၊ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဟူသော မဏ္ဍိုင်ကြီး ငါးခုအပေါ်တွင် အခြေပြုတည်ဆောက်ထားသည်။

စီးပွါးရေး တိုးတက်ရေး၊ လူမှုဘဝအားလုံးပါဝင်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားပြီးလျှင် ၂၀၃၀ အစီအစဉ်သည် အစိုးရများအနေဖြင့် အကောင်အထည်ဖော်ရမည့် အပြန်အလှန်ချိတ်ဆက်နေသော ရည်မှန်းချက်ပန်းတိုင် ၁၇ ခု (စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ သို့မဟုတ် SDGs ဟုလည်း လူသိများသည်) ကို ဖော်ပြထားခြင်းဖြစ်သည်။

အလေးထားစရာ - စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်၏ P (၅)လုံး

- လူပုဂ္ဂိုလ် (People) - ပုံသဏ္ဌာန်အမျိုးမျိုး၊ ရှုထောင့်အတိုင်းအတာအမျိုးမျိုးဖြင့်ရှိနေသော ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများ အဆုံးသတ်စေရေး၊ လူသားများအား ဂုဏ်သိက္ခာရှိပြီး တန်းတူညီမျှမှုရှိစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်တွင် ၎င်းတို့၏ စွမ်းဆောင်ရည်များကို အပြည့်အဝ ဆောင်ရွက်နိုင်စေရန် သေချာစေရေး သန္နိဋ္ဌာန်ကို ကြေညာခြင်းဖြစ်သည်။
- ကမ္ဘာမြေ (Planet) - ရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှု၊ ကမ္ဘာမြေ၏ သဘာဝအရင်းအမြစ်များအား ရေရှည်တည်တံ့အောင် စီမံခန့်ခွဲမှုတို့မှတစ်ဆင့် ကမ္ဘာမြေ၏ ယိုယွင်းပျက်စီးမှုကို ကာကွယ်ရေး၊ ကမ္ဘာမြေက လက်ရှိနှင့် အနာဂါတ်မျိုးဆက်များအား ပံ့ပိုးပေးနိုင်ရန်အတွက် ရာသီဥတုပြောင်းလဲမှုအပေါ် အရေးပေါ်ကိစ္စအဖြစ်ထားကာ ဆောင်ရွက်ရေး သန္နိဋ္ဌာန်ကို ကြေညာခြင်းဖြစ်သည်။
- သာယာဝပြောရေး (Prosperity) - လူသားအားလုံးသည် သာယာဝပြောပြီး ပြီးပြည့်စုံသော ဘဝများကို ခံစားနိုင်စေရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် နည်းပညာ တိုးတက်မှုများအကြား သဘာဝကျကျနှင့် သဟဇာတဖြစ်စွာ ဖြစ်ပေါ်လာစေရေး သန္နိဋ္ဌာန်ကို ကြေညာခြင်းဖြစ်သည်။
- ငြိမ်းချမ်းရေး (Peace) - ကြောက်ရွံ့မှုနှင့် အကြမ်းဖက်မှုတို့ ကင်းဝေးသော ငြိမ်းချမ်းပြီး တရားမျှတမှုရှိသည့် အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန် မြှင့်တင်ပေးရေး သန္နိဋ္ဌာန်ကို ကြေညာခြင်းဖြစ်သည်။
- ပူးပေါင်းဆောင်ရွက်မှု (Partnership) - အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော နည်းလမ်းများအားလုံး စုစည်းပြင်ဆင်ရေး သန္နိဋ္ဌာန်ကို ကြေညာခြင်း ဖြစ်သည်။

၂၀၃၀ အစီအစဉ်၌ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုသည် စားနပ်ရိက္ခာနှင့် သောက်သုံးရေလုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် ငြိမ်းချမ်းရေးတို့အပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိနေကြောင်း အသိအမှတ်ပြုထားသည်မှာ ပေါ်လွင်လှပေသည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် လုပ်ဆောင်မှုတစ်စုံတရာမျှ မလုပ်ဆောင်ခဲ့ပါက ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ရရှိခဲ့သည့်အကျိုးကျေးဇူးများက တဖြည်းဖြည်း ပျက်စီးဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်ကိုလည်း အသိအမှတ်ပြုထားသည်။ ထို့ကြောင့်၊ ၂၀၃၀ အစီအစဉ်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အဓိကမောင်းနှင်အားများကို ကိုင်တွယ်ဖြေရှင်းနိုင်ရုံသာမက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြေရှင်းပေးနိုင်ပြီး ၎င်း၏ သက်ရောက်မှုများကို လျှော့ချနိုင်သည့် စွမ်းဆောင်ရည်များကိုလည်း ခိုင်မာစေရေး ရည်မှန်းချက်ပန်းတိုင်များကို ဖော်ထုတ်ခဲ့သည်။ ၂၀၃၀ အစီအစဉ် ဥပဒေအရ စည်းနှောင်မှုမရှိပေ။ သို့သော် နိုင်ငံများသည် SDGs (၁၇) ချက် ရရှိစေရေးအတွက် သက်ဆိုင်ရာ မူဝါဒများ၊ စီမံချက်များ၊ ပရိဂရမ်များကို ရေးဆွဲရန် မျှော်မှန်းခဲ့ကြသည်။ ရည်မှန်းချက်ပန်းတိုင်တစ်ခုချင်းစီအလိုက် ချမှတ်ရေးဆွဲထားသော ဦးတည်ချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ အညွှန်းကိန်းမူဘောင်သည် SDGs အား နိုင်ငံအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအတွက် လမ်းညွှန်ချက်များဖြစ်ကြပေသည်။

ကမ္ဘာလုံးဆိုင်ရာ မူဘောင်အပေါ်အခြေခံ၍ အစိုးရများသည် နိုင်ငံအဆင့်လုပ်ဆောင်ချက်များအတွက် မိမိတို့၏ ကိုယ်ပိုင်အညွှန်းကိန်းများကို ရေးဆွဲနိုင်မည်ဟု မျှော်လင့်ထားသည်။ ကုလသမဂ္ဂအထွေထွေညီလာခံက SDG Summit ဟုခေါ်သည့် အဆင့်မြင့်နိုင်ငံရေးဖိုရမ်တစ်ခုကို လေးနှစ်လျှင် တစ်ကြိမ် ကျင်းပပေးသည်။ ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် SDG Summit ၌ ကမ္ဘာ့ခေါင်းဆောင်ကြီးများက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ကြသည် -

> *"SDGs များ အောင်မြင်ရေးအတွက် အန္တရာယ်များရှိနေသည်။ ၂၀၃၀ အစီအစဉ်၏ အလယ်တစ်ဝက်သို့ ရောက်ရှိ လာချိန်တွင် SDGs အများစု၏ တိုးတက်မှုသည် အလွန်နှေးကွေးနေခြင်း၊ သို့မဟုတ် ၂၀၁၅ ခုနှစ် အခြေခံ သတ်မှတ်ချက်အောက်သို့ ကျဆင်းသွားခြင်းတို့ကြောင့် ကျွန်ုပ်တို့ စိုးရိမ်တုန်လှုပ်မိသည်။ ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် လက်ရှိတွင် အကျပ်အတည်းများစွာနှင့် ရင်ဆိုင်နေရသည်။ စဉ့်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမှ နှစ်ပေါင်းများစွာရရှိခဲ့သည့် အကျိုးကျေးဇူးများ ပြောင်းပြန်လှန်ခံနေရသည်။ လူသန်းပေါင်းများစွာက ဆင်းရဲမွဲတေသည့်အဖြစ်သို့ ရောက်ရှိခဲ့ကြပြီး၊ ဝေါဟာရ ချို့တဲ့မှုများ ပိုမိုအဖြစ်များ လာကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ မြင့်တက် လာသလို ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု၏ သက်ရောက်မှုများကလည်း ပိုမိုထင်ရှားလာသည်။ ဤ အရာများသည် အပြည်ပြည်ဆိုင်ရာ စည်းလုံးညီညွတ်မှု အားနည်းလာခြင်းနှင့် ၎င်းအကျပ်အတည်းများကို လက်တွဲပူးပေါင်းကျော်လွှားရန် ယုံကြည်မှု လျော့နည်းလာခြင်းတို့ကြောင့် ပိုမိုဆိုးရွားလာသည့် မည်မျှမှုများ ဖြစ်စေခဲ့သည်"။*
>
> အထွေထွေညီလာခံ၊ ၂၀၂၃၊ အပိုဒ် ၈)

ထိုစကားများဖြင့် ကမ္ဘာ့ခေါင်းဆောင်များက ၂၀၃၀ အစီအစဉ်ကို အကောင်အထည်ဖော်ရန်နှင့် ၎င်း ရည်ရွယ်ချက်အတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ပြန်လည်အားကောင်းလာစေရန် ၎င်းတို့၏ ကတိကဝတ်များကို အသစ်တစ်ဖန် ပြုလုပ်ခဲ့ကြသည်။

၁.၈ အာဆီယံ ASEAN တွင်ချမှတ်ထားသော စံနှုန်းများနှင့် စာချုပ်စာတမ်းများ

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ပြဿနာကြောင့် အာဆီယံသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၏ဒဏ်ကို အပြင်းအထန် တွေ့ကြုံခံစားခဲ့ရသည်။ ရှည်လျားသော ကမ်းရိုးတန်းများရှိပြီး လူနေထူထပ်သော မြေနိမ့်ဇရိယာများ ရှိရာ ဒေသဖြစ်သဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ကမ္ဘာလုံးဆိုင်ရာ အပူချိန် တိုးမြင့်လာမှုတို့ကြောင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု၏ သက်ရောက်မှုဒဏ် ခံရနိုင်ခြေမှာ အလွန်မြင့်မားလေသည်။ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဆက်စပ်ပြဿနာရပ်များအတွက် အာဆီယံတွင် ချမှတ်ထားသည့် အဓိကစာချုပ်စာတမ်းများ၊ မူဘောင်များနှင့် ယန္တရားများမှာ -

- စဉ့်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၏ အလုံးစုံသော နောက်ခံကြောင်းခြင်းရာများအရ နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မီးခိုးမြူငွေ့ကြောင့် ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်ရေးနှင့် စောင့်ကြည့်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ချမှတ်ခဲ့သည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက် ၂၀၀၂။
- ၂၀၁၂ ခုနှစ်တွင် ချမှတ်ခဲ့သော အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းသည် ဘေးကင်းသန့်ရှင်းပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ရပိုင်ခွင့်အတွက် အသိအမှတ်ပြုထားသည် (အပိုဒ် ၂၈ စ)။ ကြေညာစာတမ်းသည် ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်ကိုလည်း အသိအမှတ်ပြုထားပြီး လက်ရှိနှင့် အနာဂါတ် မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များအား သာတူညီမျှစွာဖြင့် ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်ကို ပြည့်မီစေရမည်ဟု ဖော်ပြထားသည် (အပိုဒ် ၃၅)။
- အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ ကို ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ၂၇ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ စတင်ချမှတ်ခဲ့သည်။ ကုလသမဂ္ဂ၏ စဉ့်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်အား ဖြည့်ဆည်းဆောင်ရွက်သည့် သဘောရိုကြောင်း အလေးပေးဖော်ပြကာ အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက်တွင် အာဆီယံ အသိုက်အဝန်း၏ မဏ္ဍိုင်ကြီး သုံးခုဖြစ်သည့် အာဆီယံ နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ စီးပွါးရေးအသိုက်အဝန်း နှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းတို့အတွက် လမ်းပြမြေပုံများကို အကျဉ်းချုံး ဖော်ပြထားသည်။ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏မျှော်မှန်းချက်သည် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအား ကိုင်တွယ်ဖြေရှင်းနိုင်ရေးများအပေါ် ဦးတည် အလေးပေးထားသည်။

အလေးထားစရာ - အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း - အာဆီယံအသိုင်းအဝန်း၏ မျှော်မှန်းချက် ၂၀၂၅

၁၁။ ၂၀၂၅ ခုနှစ်ရောက်ပါက ကျွန်နုပ်တို့၏ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းသည် ပြည်သူလူထုအတွက် ပူးပေါင်းပါဝင်အကျိုးဖြစ်ထွန်းစေမည့်အပြင် အားလုံးပါဝင်နိုင်ကာ ရေရှည်တည်တံ့မှုရှိပြီး ခံနိုင်ရည်ကောင်းသော တက်ကြွလှုပ်ရှားသည့် အသိုက်အဝန်းတစ်ခု ဖြစ်စေရမည်။

၁၂။ ထို့ကြောင့် ကျွန်နုပ်တို့အနေဖြင့် အကောင်အထည်ဖော်ရန် တာဝန်ယူကြသည်မှာ-

၁၂. ၁ ကျွန်နုပ်တို့ပြည်သူလူထု၏ အကျိုးအလို့ငှာ ကောင်းမွန်သောအုပ်ချုပ်ရေးရာ မူသဘောတရားများအတိုင်း တာဝန်ယူမှုရှိပြီးအားလုံးပါဝင်နိုင်သောယန္တရားမှတဆင့် ခိုင်မာသောသန့်ဌာန်ရှိပြီး ပူးပေါင်းပါဝင်မှုကောင်းသော လူမှုရေးရာ တာဝန်ယူမှုရှိသည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး။

၁၂. ၂ ဘဝ အရည်အသွေးများကို မြှင့်တင်ပေးနိုင်သည့်၊ အားလုံးအတွက် အခွင့်အလမ်းများ တန်းတူညီမျှရယူ နိုင်သည့်၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ထိရှလွယ်သူများနှင့် ဖယ်ကြဉ်ခံအုပ်စုများ၏ လူ့အခွင့်အရေးများကို ကာကွယ် မြှင့်တင်ပေးနိုင်သည့်၊ အားလုံးအကျုံးဝင်သော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး။

၁၂. ၃ ကျွန်နုပ်တို့ပြည်သူလူထု၏ လက်ရှိလိုအပ်ချက်များနှင့် အနာဂါတ်လိုအပ်ချက်များအား ဖြည့်ဆည်းနိုင် ရန် ထိရောက်သော ယန္တရားများမှတစ်ဆင့် လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်မှု တို့ကို မြှင့်တင်ပေးသည့် ရေရှည်တည်တံ့သော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး။

၁၂. ၄ လူမှုရေးရာနှင့် စီးပွားရေးဆိုင်ရာ ထိရှလွယ်မှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများအပြင် ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများအပေါ် လိုက်လျောညီထွေမှုရှိပြီး ဖြေရှင်းနိုင်စွမ်းနှင့် မြင့်မားသောစွမ်းဆောင်ရည်များရှိသည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး။

၁၂. ၅ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အမွေအနှစ်တို့ကို သိရှိနားလည်ကာ ဂုဏ်ယူတတ်သည့်၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိပြီး ကမ္ဘာ့အသိုက်အဝန်းသို့ တက်ကြွစွာ ပါဝင်ကူညီနိုင်စွမ်း မြင့်မားသည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာရေး။

- ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော (၂၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် အာဆီယံ ၂၀၁၅ အလွန် သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ်ရှိရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

ဆိုင်ရာလုပ်ငန်းစဉ်ကြေညာချက်။ ဤကြေညာချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ ရရှိအောင်မြင်စေရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ကိုင်တွယ်ဖြေရှင်းရေးအတွက် ဆောင်ရွက်သော ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား ပံ့ပိုးကူညီနိုင်ရေးဟူသည့် အာဆီယံ၏ ကတိကဝတ်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာဆီယံ အကြီးတန်းအရာရှိများအဖွဲ့ (ASEAN Senior Officials on Environment) က (၃ - ၅ နှစ်) လျှင် တစ်ကြိမ် ထုတ်ဝေသည့် အာဆီယံဒေသတွင်း သဘာဝပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အစီရင်ခံစာ (SOER) ၌ အာဆီယံ၏ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ၎င်းအပေါ် ကျရောက်နေသည့် ဖိအားများ၊ သဘာဝပတ်ဝန်းကျင်အား သက်ရောက်စေသော ဖွဲ့စည်းပုံဆိုင်ရာ အကြောင်းအရာများ၊ ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ဖွယ်ရာများကို ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သော ပြည်တွင်းအဆင့်နှင့် ဒေသအဆင့် ကြိုးပမ်းဆောင်ရွက်မှုများအကြောင်းကို ပြည့်စုံစွာ ပြန်လည်သုံးသပ်တင်ပြထားသည်။ SOER ၏ အဓိက ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ပတ်သက်သည့် အချက်အလက်များအား အများပြည်သူထံနှင့် ဆုံးဖြတ်ချက်ချသူများထံသို့ ပေးပို့နိုင်ရန် ဖြစ်သည်။ ဆဋ္ဌမ အကြိမ်မြောက် SOER ကို ၂၀၂၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၎င်းသည် အာဆီယံ အသိုက်အဝန်း ရည်မှန်းချက် ၂၀၂၅ ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs)၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင်သဘောတူညီချက်၏ ပဲရစ်သဘောတူညီချက် (UNFCCC) နှင့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ တိုးတက်မှုနှင့် အထောက်အကူပြုပံ့ပိုးခဲ့မှုများအပေါ် အကဲဖြတ်ခဲ့ခြင်းဖြစ်သည် (အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ၂၀၂၃)။
- အာဆီယံဒေသတွင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုရေးရာ အစီရင်ခံစာ။ ဘရူနိုင်းနိုင်ငံက ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ခဲ့သော ၂၀၂၁ ခုနှစ်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဒေသတွင်း ဦးစားပေးကိစ္စရပ်တစ်ခုအဖြစ် အာဆီယံက သတ်မှတ်ခဲ့သည်။ ထိုနှစ်မှာပင် အာဆီယံဒေသတွင်း အာဆီယံဒေသတွင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုရေးရာ အစီရင်ခံစာကို စတင်ထုတ်ပြန်ခဲ့သည် (အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ၂၀၂၁)။ အဆိုပါ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်းရှိ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ လက်ရှိအခြေအနေအား ခြုံငုံသုံးသပ်တင်ပြရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ကြီး၏ မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် အထောက်အကူပြုရန်တို့ ဖြစ်သည်။ အချိန်မှန်ထုတ်ဝေသွားမည့် ဤအစီရင်ခံစာသည် ပါရီသဘောတူစာချုပ်အရ ဆောင်ရွက်သည့် အချိန်မှန် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်သုံးသပ် စစ်တမ်းထုတ်ခြင်းများတွင် ပံ့ပိုးကူညီရန်နှင့် သဘောတူညီချက်ပါ ရည်မှန်းချက်ပန်းတိုင်များ ရရှိအောင်မြင်ရေးအတွက် ဆောင်ရွက်သည့် စုပေါင်း တိုးတက်မှုများအပေါ် အကဲဖြတ်နိုင်ရန်လည်း ရည်ရွယ်ထားခြင်းဖြစ်သည်။
- အာဆီယံအစိုးရချင်းပူးပေါင်းဆောင်ရွက်မှု လူ့အခွင့်အရေးကော်မရှင်သည် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးမူဘောင်တစ်ရပ် သို့မဟုတ် အခြားသင့်လျော်မည့် စာချုပ်စာတမ်းတစ်စောင် ရေးဆွဲရန် ရည်ရွယ်ချက်ဖြင့် အာဆီယံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး လုပ်ငန်းအဖွဲ့ကို ၂၀၂၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အာဆီယံခေါင်းဆောင်များက ထိုမူဘောင် သို့မဟုတ် စာချုပ်စာတမ်းကို အတည်မပြုမီ အာဆီယံကဏ္ဍအလိုက်အဖွဲ့များမှ ထပ်မံသုံးသပ်မှုလုပ်ဆောင်နိုင်ရန်ဖြစ်သည်။

၁.၉ နိဂုံး

ဤအခန်းတွင် တွေ့မြင်ခဲ့သည့်အတိုင်းပင် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ လူ့အခွင့်အရေး တို့နှင့်ဆိုင်သော စံနှုန်းများနှင့် စံသတ်မှတ်ချက်များသည် သမိုင်းတလျှောက် တဖြည်းဖြည်းနှင့်ပင် ဖြစ်ပေါ်တိုးတက်လာခဲ့သည်။ ၁၉၇၀ ဝန်းကျင်နှစ်များတွင် လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်ရေးအပေါ် အဓိကထား အာရုံစိုက်ခဲ့သည်။ ၁၉၈၀ ခုနှစ်များနှောင်းပိုင်းတွင် ကမ္ဘာမြေနှင့် ၎င်း၏အရင်းအမြစ်များကို စည်းမဲ့ကမ်းမဲ့ "အလွန်အကျွံထုတ်ယူ" ၍မရနိုင်တော့ပေဟူသော အသိအမြင်တစ်ခု ပေါ်ပေါက်လာခဲ့ပြီး လူသားများအနေဖြင့် ကမ္ဘာ့ဂြိုဟ်ပေါ်ရှိ သက်ရှိများအား နောင်လာမည့်မျိုးဆက်များအတွက်ပါ (ရည်ရွယ်)ထိန်းသိမ်းရန် တာဝန်ရှိသည်ဟူသော အသိအမြင် ဖြစ်ပေါ်လာသည်။ ဤသို့ဖြင့် “စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး” ဟူသည့် သဘောတရား ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ၂၁ ရာစု အစောပိုင်းကာလတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသိအမြင်များ တိုးတက်လာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများအကြားလုပ်ဆောင်သည့် ဆွေးနွေးပွဲများ၊ အပြန်အလှန်ဆွေးနွေးမှုများမှတစ်ဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေး ယန္တရားများ စတင်ပေါ်ပေါက်လာခဲ့သည်။ အာဆီယံကဲ့သို့သော ဒေသဆိုင်ရာ အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများကလည်း ထိုဆွေးနွေးပွဲများကို အကောင်အထည်ဖော်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ်သို့ ရောက်လာသောအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ပြည်သူလူထုများ၏အခွင့်အရေးများခံစားခွင့်အပေါ် သက်ရောက်မှုရှိလာခြင်းကို ဆက်လက်လျစ်လျူရှုထား၍ မရတော့ပေ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် အခွင့်အရေးများအကြားဆက်စပ်မှုများအပေါ် အာရုံစိုက်ကာ အလေးပေး စတင်လုပ်ဆောင်လာခဲ့သည်။ ဘေးအန္တရာယ်ကင်းပြီး သန့်ရှင်းကျန်းမာသော၊ ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်ရပိုင်ခွင့်ကို လူ့အခွင့်အရေးတစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ရန်အလို့ငှာ လူ့အခွင့်အရေးကောင်စီအတွက် ဆယ်စုနှစ်ကျော် အချိန်ယူခဲ့ရသည်။ ဤအခန်းတွင် နိုင်ငံဖြတ်ကျော်စီးပွားရေးအဖွဲ့အစည်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများကဲ့သို့သော အချို့တင်းမာမှုများအကြောင်းကိုလည်း မီးမောင်းထိုးပြထားသည်။ လေထုထဲသို့ ညစ်ညမ်းစေသည့်အရာများ ထုတ်လွှတ်ခြင်းအပေါ် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း စတော့ဟုမ်း ကြေညာစာတမ်းတွင် ဖော်ပြခဲ့သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများကို သတ်မှတ် ဖော်ပြခဲ့ခြင်းမရှိပေ။ ရီယို ကြေညာချက်နှင့်တွဲလျက်ထွက်ပေါ်လာသော ဆောင်ရွက်ရန်အစီအစဉ် ၂၁ သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ပံပိုးထောက်ကူပေးရေးတွင် နိုင်ငံဖြတ်ကျော်ကော်ပိုရေးရှင်းများ၏ အခန်းကဏ္ဍနှင့် (ဆိုးကျိုး)သက်ရောက်မှုအပေါ် ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့ခြင်းကြောင့် မှန်းဆထား/အဆိုပြုထားသော ရည်မှန်းချက်ပန်းတိုင်များ မအောင်မြင်ရခဲ့ခြင်း ဖြစ်သည်ဟု ဝေဖန်ခြင်းများရှိခဲ့သည်။ ၂၁ ရာစုရောက်သည့်အခါ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများ သို့မဟုတ် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆိုင်ရာစံနှုန်းများကို ရေးဆွဲချမှတ်ခြင်းဖြင့် အဆိုပါစိန်ခေါ်မှုအား ဖြေရှင်းခဲ့သည်။ နောက်ဆုံးတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ သည် (လူမှုရေးရာပါဝင်နိုင်ခြင်း၊ တရားမျှတမှု လက်လှမ်းမီခြင်း စသည်ဖြင့်) လူ့အခွင့်အရေး၊ စီးပွါးရေးတိုးတက်မှုနှင့်

သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးတို့ကို ၎င်း၏ ရည်မှန်းချက်ပန်းတိုင် ၁၇ ခုမှတစ်ဆင့် အပြန်အလှန် ချိတ်ဆက်မှုရှိစေပြီး စုပေါင်းလုပ်ဆောင်ရေးလမ်းကြောင်းကို ချမှတ်ပေးထားပေသည်။

က။ မေးခွန်းများ

စတော့ဟုမ်းကြေညာစာတမ်းတွင်ပါရှိသော အဓိကအရေးကြီးသည့်အချက်များမှာ အဘယ်နည်း? ၎င်းနှင့် ပတ်သက်၍ ဖွံ့ဖြိုးပြီးနိုင်ငံများ နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား မည်သည့်ကိစ္စရပ်များအပေါ် တင်းမာမှုရှိခဲ့သနည်း?

ကြိုတင်သတိပြုကာကွယ်ရေးမူသဘောတရားနှင့် ညစ်ညမ်းအောင်လုပ်သူက ပေးဆောင်ရမည်ဟူသော မူသဘောတရားများ အကြောင်း ရှင်းပြပါ။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင် သဘောတူစာချုပ်တွင် ပါရှိသည့် အဓိက မူသဘောတရားများက အဘယ်နည်း?

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် မည်သည့်နည်းလမ်းများဖြင့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုရှိသနည်း?

ဘေးအန္တရာယ်ကင်းပြီး သန့်ရှင်းကျန်းမာသော ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်ရပိုင်ခွင့်သည် ပင်မအရင်းခံအခွင့်အရေးဖြစ်သည့်အပြင် ကျင့်ထုံးဆိုင်ရာအခွင့်အရေးလည်းဖြစ်သည်။ ၎င်းအခွင့်အရေးများကို ဥပမာများနှင့် ရှင်းပြပါ။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသဘောတရားကို ရှင်းပြပါ။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အစီအစဉ်နှင့် လူ့အခွင့်အရေးနှင့် ရာသီဥတုဖောက်ပြန်မှုတို့နှင့် ဆက်စပ်နေပုံများအကြောင်း အကျဉ်းချုပ်ရှင်းပြပါ။

အာဆီယံအနေဖြင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့ကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ချမှတ်လုပ်ဆောင်နေသည့် စာချုပ်များနှင့် ယန္တရားများအကြောင်း ဖော်ပြပါ။

ခ။ ကျမ်းကိုးအထောက်အထားများ

Abaza, H., Bisset, R., & Sadler, B. (2004). *Environmental Impact Assessment and Strategic Environmental Assessments: Towards and Integrated Approach*. United Nations Environment Program. https://wedocs.unep.org/bitstream/handle/20.500.11822/8753/Environmental_impact_assessment.pdf?sequence=3&isAllowed=

ASEAN Secretariat. (2021). *ASEAN State of Climate Change Report: Current status and outlook of the ASEAN region Toward the ASEAN climate vision 2050*. https://asean.org/wp-content/uploads/2021/10/ASCCR-e-publication-Correction_8-June.pdf

ASEAN Secretariat. (2023). Sixth ASEAN State of the Environment Report. In *ASEAN*. https://asean.org/wp-content/uploads/2023/09/SOER6_Layout_0920_ISSN_sent.pdf

Bratspies, R. (2022). "In countless ways and on an unprecedented scale": Reflections on the Stockholm Declaration at 50. *Georgia Journal of International and Comparative Law*, *50*(754). https://digitalcommons.law.uga.edu/gjicl/vol50/iss3/8

Chasek, P. (2020). Stockholm and the birth of environmental diplomacy. In *International Institute for Sustainable Development*. https://www.iisd.org/system/files/2020-09/still-one-earthstockholm-diplomacy_0.pdf

Clean Development Mechanism. (n.d.). *10415: Clean Energy Program Supported by Republic of Korea*. United Nations Climate Change. https://cdm.unfccc.int/ProgrammeOfActivities/cpa_db/IN0DC3W914KRS6A5FEHJQGBV2MPYL7/view

DTE Staff. (2022, May 31). *Looking back at Stockholm 1972: What Indira Gandhi said half a century ago on Man & Environment*. DownToEarth. https://www.downtoearth.org.in/news/environment/looking-back-at-stockholm-1972-what-indira-gandhi-said-half-a-century-ago-on-manenvironment-83060

Ellison, K. (2014). RiO+20: How the tension between developing and developed countries influenced sustainable development efforts. *Pacific McGeorge Global Business & Development Law Journal*, *27*(1). https://scholarlycommons.pacific.edu/globe/vol27/iss1/5/

Garth, B. G. (1973). Declaration on the Human Environment. *Stanford Journal of International Studies*, *8*(37). https://www.repository.law.indiana.edu/facpub/1141

General Assembly. (2023). Political declaration of the High-level Political Forum on Sustainable Development convened under the auspices of the General Assembly. In *United Nations* (A/RES/78/1). United Nations. Retrieved February 9, 2024, from https://documents.un.org/doc/undoc/gen/n23/306/65/pdf/n2330665.pdf?token=nC8LXs2Sd0Kuq7OUdq&fe=true

Human Rights Council. (2008). Human rights and climate change. In *OHCHR* (Resolution 7/23). OHCHR. https://ap.ohchr.org/documents/e/hrc/resolutions/a_hrc_res_7_23.pdf

Human Rights Council. (2021a). Mandate of the Special Rapporteur on the Promotion and Protection of Human Rights in the context of Climate change. In *United Nations* (A/HRC/ RES/48/14). United Nations.

Human Rights Council. (2021b). The human right to a clean, healthy and sustainable environment. In *United Nations*(A/HRC/RES/48/13). United Nations.

https://documents.un.org/doc/undoc/gen/g21/289/50/pdf/g2128950.pdf?token=AfJ4tKeQxcwgKy1jlg&fe=trueJointImplementation. (n.d.). *BE1000314: YARA Terte UHDE 2 Abatement Project in Belgium*. UNFCC.

https://ji.unfccc.int/JIITLProject/DB/FUHG5Y7S0GU17KRRUK0FU5DBHPLAL7/details

အခန်း ၂

ဂျန်ဒါ၊ ဂေဟ အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှု

Melizel Asuncion နှင့် Tesa Casal de Vela

စာဖတ်သူလမ်းညွှန်

ပတ်ဝန်းကျင် ပျက်စီးယိုးယွင်းလာမှု၊ ဆင်းရဲမွဲတေမှု၏ လူဂုဏ်သိက္ခာကင်းမဲ့လာသော အခြေအနေများနှင့် အသားကျလာသော အကြမ်းဖက်တတ်သည့်အလေ့တို့က အပြောင်းအလဲကို အရေးတကြီးနှင့် ပြင်းပြင်းပြပြ တောင်းဆိုမှုများ ဖြစ်လာကြသည်။ ဤအခြေအနေနှင့် စစ်မှန်သော လူမှု အသွင်ကူးပြောင်းရေးအတွက် တောင်းဆိုမှုတွင် ဂျန်ဒါ၊ အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာ အုပ်ချုပ်မှုတို့ကို စိစစ်လေ့လာလျက် အလေးပေး ဝေဖန်ဆန်းစစ် တင်ပြထားသည်။ ဤအခန်းတွင် ဂျန်ဒါ/အမျိုးသမီးဝါဒ နှင့် ရာသီဥတုဆိုင်ရာ အုပ်ချုပ်မှုတို့ကို ယေဘုယျ ချဉ်းကပ်ပုံ နှစ်မျိုးဖြင့် တင်ပြထားသည်။

ပထမဦးဆုံးမှာ ဂျန်ဒါ ကွဲပြားခြားနားမှုဖြင့် ချဉ်းကပ်ပုံဖြစ်ပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏ အမျိုးသမီးနှင့် အမျိုးသားများအပေါ် သက်ရောက်ပုံ ကွဲပြားခြားနားမှုများကို ဖော်ထုတ်ရန်၊ လေ့လာရန်နှင့် တုံ့ပြန်ရန် ကြိုးပမ်းအားထုတ်မှုများကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ဤချဉ်းကပ်ပုံဖြင့် လူမှုအသိုင်းအဝိုင်း၏ ဖယ်ကြဉ်ခံ အုပ်စုများအနက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် အမျိုးသမီးများ တွေ့ကြုံခံစားရသော အန္တရာယ်များနှင့် ထိရှလွယ်မှုများကို မကြာခဏဆိုသလို မီးမောင်းထိုးပြနေသည်။ ရပ်ရွာအဆင့်၌ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ပိုမိုဆိုးရွားလာသည့် လုပ်ငန်းခွဲဝေမှုကို ပုံဖော်သော ဂျန်ဒါမညီမျှမှုများကို လေ့လာ၊ ဖြေရှင်းရန်လည်း ကြိုးပမ်းထားသည်။ နောက်ဆုံးအနေဖြင့် ဤချဉ်းကပ်ပုံက ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို တုံ့ပြန်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ဂျန်ဒါ မညီမျှမှုများကို စိန်ခေါ်ထားပြီး ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဒဏ်ခံနိုင်ရည်တည်ဆောက်ရာတွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်မှုများအတွက် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု၊ ဦးဆောင်နိုင်မှုတို့၏ အရေးပါပုံကို အလေးပေး ဖော်ပြထားသည်။

ဒုတိယချဉ်းကပ်ပုံမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာများတွင် လွှမ်းမိုးနိုင်စွမ်းရှိသည့် လုပ်ဆောင်ချက်များနှင့် ဆွေးနွေးပြောဆိုမှုများ၌ ကိုလိုနီခေတ်လွန် ဂေဟဗေဒဆိုင်ရာ အမျိုးသမီးဝါဒကို စိစစ်လေ့လာထားခြင်းဖြစ်သည်။ ဤချဉ်းကပ်ပုံသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ လူထုဆွေးနွေးမှုကို နိုင်ငံရေးအရ အရေးမပါအောင် ပြုလုပ်ထားခဲ့သည့် နီယိုလစ်ဘရယ် စံနှုန်း မူဘောင်များအား ဆန့်ကျင်ထားသည်။ ယင်းအစား ကမ္ဘာ့တောင်ပိုင်း/အများစုသော ကမ္ဘာ့အစိတ်အပိုင်းများတွင် ကြုံတွေ့ခဲ့ရသည့် ဂေဟဗေဒ အမျိုးသမီးဝါဒ၏ အခြေခံမူများနှင့် လက်တွေ့ကျင့်သုံးပုံများဖြင့် များစွာ ပုံဖော်ထားသော ဂေဟဗေဒဆိုင်ရာ နိုင်ငံရေးအရ တန်ပြန်ဆွေးနွေးမှုကို အလေးထား ရှေးရှုဖော်ပြထားသည်။

ဤယေဘုယျ ချဉ်းကပ်ပုံနှစ်မျိုးကိုလေ့လာရာတွင် ဂျန်ဒါ ကွဲပြားခြားနားမှု၊ ကိုလိုနီခေတ်လွန်ဝါဒ နှင့် ဂေဟဗေဒဆိုင်ရာ အမျိုးသမီးဝါဒ ဟူသည့် အဓိက သဘောတရား သုံးခု၏ အကျဉ်းချုပ်ခြုံငုံဖော်ပြမှုဖြင့် ဤအခန်းကို စတင်ထားသည်။

၂.၁ အဓိက သဘောတရားများနှင့် သီအိုရီများ

ဂျန်ဒါကွဲပြားခြားနားမှု ဆိုသည်မှာ အမျိုးသမီးများနှင့် အမျိုးသားများ၏ အခြေအနေနှင့် လက်တွေ့ဘဝ ကွာခြားချက်များကို ယေဘုယျ ရည်ညွှန်းသော်လည်း ဤအခန်းတွင် ထိုကွဲပြားမှုများ အကြားရှိ ဂျန်ဒါမညီမျှမှု ရှုထောင့်ကို အဓိကထား၍ ဖော်ပြထားသည်။ နပ်စ်ဘမ်း (Nussbaum) ၏ လူသားဖွံ့ဖြိုးမှုဆိုင်ရာ ဟောပြောဆွေးနွေးချက်ရှိ စွမ်းဆောင်ရည်ဆိုင်ရာ ချဉ်းကပ်မှုတွင် ဂျန်ဒါကွဲပြားခြားနားမှုအား အသုံးပြုလျက် ချဉ်းကပ်ထားပုံကို ရယူထားသည်။ "မညီမျှသော လူမှုရေးနှင့် နိုင်ငံရေး အခြေအနေများသည် အမျိုးသမီးများအား မညီမျှသော လူသားစွမ်းဆောင်ရည်များ ဖြစ်ပေါ်စေသည်"ဟု နပ်စ်ဘမ်းက အခိုင်အမာဆိုထားသည် (Nussbaum, 2000)။ ဒေသတွင်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို နားလည်ပြီး ဖြေရှင်းကိုင်တွယ်ရာတွင် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ဆက်နွယ်နေသည့် ဂျန်ဒါကွဲပြားခြားနားမှု အခြေအနေများ အောက်ရှိ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွါးရေး မညီမျှမှုများက အလွန်ပင်အရေးပါသည်။

ကိုလိုနီခေတ်လွန်ဟူသော ဝေါဟာရသည် ဤအခန်းတွင် အသုံးပြုထားသော အခြား အဓိကစကားလုံးတစ်ခု ဖြစ်သည်။ ၎င်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရင်ဆိုင်နေရသော မျက်မှောက်ခေတ် ကိစ္စရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ထိုနိုင်ငံ၏ ကိုလိုနီသမိုင်းကြောင်းသည် ဗဟိုချက်မသဖွယ် အရေးပါနေပုံကို ယေဘုယျ ရည်ညွှန်းခြင်းဖြစ်သည်။ ဘုံအသုံးအနှုန်းဖြစ်သည့် "Post-" (လွန်) ဟူသော ရှေ့ဆက်ပုဒ် (prefix) ကို အသုံးပြုထားခြင်းနှင့် ဆန့်ကျင်စွာပင် ကိုလိုနီခေတ်လွန် အတွေးအခေါ်ဆိုသည်မှာ ကိုလိုနီ ခေတ်ကုန်ဆုံးပြီးကာလကို ရည်ညွှန်းလိုခြင်း မဟုတ်ပေ။ ၎င်းသည် ဒေသတွင်း နိုင်ငံများ၌ ကိုလိုနီစနစ် တရားဝင် ဖျက်သိမ်းပြီးဖြစ်သော်လည်း ကိုလိုနီစိတ်ဓာတ်၊ တည်ဆောက်ပုံများနှင့် အလေ့အထများ ဆက်လက်အမြစ်တွယ် ကျန်ရှိနေခြင်းကို ရည်ညွှန်းလိုခြင်း ဖြစ်သည်။ ကိုလိုနီခေတ်လွန်၏ ကျန်နေရစ်သော အမွေဆိုးများတွင် "အနောက်တိုင်းသာ အကောင်းဆုံး" ဟု သတ်မှတ်ထားသည့် အစွန်းနှစ်ဖက် ခွဲခြားထားသည့် လူမှုရေးဆိုင်ရာ တည်ဆောက်ပုံများလည်း ပါဝင်သည်။ ထိုသို့သော ကိုလိုနီခေတ်လွန် အတွေးအခေါ်နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းချက်ကို ချန်ဒြာ မိုဟန်တီ (Chandra Mohanty) ၏ "အနောက်တိုင်းသားများ၏ အမြင်များအောက်ရှိ အမျိုးသမီးဝါဒီ ပညာရှင်နှင့် ကိုလိုနီခေတ်ဆိုင်ရာ ဟောပြောဆွေးနွေးချက်များ" (၁၉၈၈) စာတမ်းတွင် တွေ့ရှိနိုင်သည်။

တတိယမြောက် အဓိက သဘောတရားမှာ **ဂေဟစနစ်ဆိုင်ရာ အမျိုးသမီးဝါဒ** (ecological feminism) သို့မဟုတ် **ဂေဟအမျိုးသမီးဝါဒ** (ecofeminism) ဖြစ်သည်။ ဂေဟအမျိုးသမီးဝါဒကို ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် မာရီယာမိစ် (Maria Mies) နှင့် ဗန်ဒါနာ ရှီဗာ (Vandana Shiva) (၁၉၉၃) တို့က မိတ်ဆက်ခဲ့ကြပြီး ယင်းအချိန်သည် ရီယိုဒီဂျနေးရိုးမြို့ (Rio de Janeiro) တွင်ပြုလုပ်ခဲ့သော ကုလသမဂ္ဂ၏ မြေကမ္ဘာထိပ်သီးညီလာခံ ကျင်းပသည့်

ကာလဝန်းကျင် ဖြစ်သည်။ ၎င်းသည် လွှမ်းမိုးကြီးစိုးထားသော ကမ္ဘာ့အစီအစဉ်ကို ဆန့်ကျင်ဝေဖန်သည့် တက်ကြွ လှုပ်ရှားမှုပုံစံတစ်ရပ်အနေဖြင့်သာမက သီအိုရီပိုင်းဆိုင်ရာ ဟောပြောဆွေးနွေးချက်တစ်ရပ်အနေဖြင့်ပါ ပေါ်ထွန်း လာခဲ့သည်။ မူဘောင်တစ်ခုအနေဖြင့် ဂေဟအမျိုးသမီးဝါဒသည် စွေးကွက်စီးပွါးရေး စနစ်၊ ဖိုဝါဒကြီးစိုးသည့် တန်ဖိုးများနှင့် ယုံကြည်မှုများ၊ အနောက်တိုင်း နယ်ချဲ့ အယူဝါဒများအားအခြေခံလျက် ပြန်လည် သက်ဝင်လာသော ခေါင်းပုံဖြတ်အာဏာဆက်ဆံရေးများ၏ ချိတ်ဆက်မှုကို မီးမောင်းထိုးပြထားသည်။ နှစ်ပေါင်းများစွာ ကြာလာ သည်နှင့်အမျှ ဤအရင်းရှင်၊ ဖိုဝါဒနှင့် နယ်ချဲ့စနစ်ဆိုင်ရာ မဟာအဆောက်အအုံကြီးသည် နီယိုလစ်ဘရယ်ဝါဒ ဟု ကျွန်ုပ်တို့ခေါ်ဆိုသည့်အရာအဖြစ် ရွေ့လျားပြောင်းလဲလာခဲ့သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဂေဟ အမျိုးသမီးဝါဒီ ကျင့်သုံးသူများ၏ ဆွေးနွေးဟောပြောချက်များနှင့် ဆောင်ရွက်မှုများသည် လက်ရှိလွှမ်းမိုးထားသည့် ရာသီဥတု စီမံအုပ်ချုပ်မှုပုံစံ ဆွေးနွေးချက်များအား ပုံဖော်လျက်ရှိသည့် နီယိုလစ်ဘရယ် ဖွဲ့ဖြိုးမှု မဟာဗျူဟာများ နှင့် မလွဲမသွေဆန့်ကျင်နေသည့် တန်ပြန်ဆွေးနွေးချက်များ ဖြစ်လာကြပေသည်။

၂.၂ ဆန္ဒပြုသော မျှော်မှန်းရလာဒ်များ

ဤအခန်းကဏ္ဍသည် ဂျဲန်ဒါ ကွဲပြားခြားနားခြင်းနှင့် ကိုလိုနီခေတ်လွန် ဂေဟစနစ်ဆိုင်ရာ အမျိုးသမီးဝါဒ ဟူသော ချဉ်းကပ်ပုံ နည်းလမ်းနှစ်ခု၏ သဘောသဘာဝအပေါ် အချေအတင် ဆွေးနွေးငြင်းခုံမှုများနှင့် ဝေဖန်ပိုင်းခြား သုံးသပ်မှုများကို ဖြစ်ပေါ်လာစေရန် ရည်ရွယ်ထားသည်။ ထို့ပြင် ဒေသတွင်း ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပုံဖော်ခြင်း၊ လူ့အခွင့်အရေးနှင့် အနှစ်သာရ ပြည့်ဝသော ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းတို့အပေါ် အဆိုပါ ချဉ်းကပ်ပုံများ၏ သက်ရောက်မှုများကိုလည်း မီးမောင်းထိုးပြနိုင်ရန် မျှော်မှန်းထားသည်။

၂.၃ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအပေါ် ဂျဲန်ဒါရေးရာ မတူကွဲပြားသော ချဉ်းကပ်ပုံ

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်များကို လျော့ပါးသက်သာအောင် ဆောင်ရွက်ရာတွင် တန်းတူ ညီမျှမှု မရှိခြင်းများ၊ သာတူညီမျှမှု မရှိခြင်းများကို ပုံဖော်ရှင်းပြမှသာ ဂျဲန်ဒါရေးရာမတူကွဲပြားသော ချဉ်းကပ်ပုံ အကြောင်းကို အကောင်းဆုံး နားလည်နိုင်မည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက လူတိုင်းကို ထိခိုက် စေပြီး ဆက်လက်ထိခိုက်စေလိမ့်မည်ဖြစ်သည်၊ သို့သော် ထိခိုက်ခံစားရမှု ပမာဏနှင့် ပြင်းထန်မှုမှာ တစ်ဦးနှင့် တစ်ဦး မတူညီနိုင်ကြပေ။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း လေ့လာခဲ့သည့် သုတေသနများမှ ကျား/မ ခွဲခြား ကောက်ယူထားသော အချက်အလက်များအရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ဖယ်ကြဉ်ခံထားရသူများနှင့် ထိရှလွယ်အုပ်စုများ၊ အထူးသဖြင့် စီးပွါးရေး နိမ့်ပါးသော အမျိုးသမီးများအတွက် အချိုးအစားမညီမျှစွာ ပိုမို ဆိုးကျိုးသက်ရောက်စေကြောင်း တွေ့ရှိရပေသည်။ ၎င်းသည် ဂျဲန်ဒါပေါ် အခြေခံသည့် မညီမျှမှုများ၊ ခွဲခြား ဆက်ဆံမှုများ၊ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများကို ပိုမိုပြင်းထန်လာစေပြီး စနစ်တကျ အမြစ်တွယ်နေသည့် ဂျဲန်ဒါ ကွာဟချက်များအား ထပ်လောင်းအားဖြည့်လျက် ပိုမိုကျယ်ပြန့်လာစေသည်။

UNDP ၏ ၂၀၀၇ ခုနှစ်အစီရင်ခံစာတွင် အမျိုးသမီးများသည် အရင်းအမြစ်များအား လက်လှမ်းမီနိုင်မှုတွင် အကန့်အသတ်ရှိခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့် မရရှိခြင်း စသည့် အားနည်းချက်များကြောင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်များကို ခံစားရနိုင်သည့် အလွန်ထိခိုက်လွယ်သော အခြေအနေတွင် ရှိနေကြောင်း၊ ၎င်းအချက်က ရှိရင်းစွဲ မညီမျှမှုများကို ပိုမို ကြီးထွားလာစေနိုင်ကြောင်း ဖော်ပြထားသည်။

ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းစီမံချက်တွင် ဂျန်ဒါအရေးကို ဦးစားပေးထည့်သွင်းထားပြီး ရာသီဥတုနှင့်ဆက်စပ်သော ဖြစ်ရပ်အမျိုးမျိုးတွင် အမျိုးသမီးများ၏ ထိခိုက်လွယ်မှုသည် ၎င်းတို့၏ အခန်းကဏ္ဍများ၊ ၎င်းတို့ နေထိုင်ရာ ဒေသများ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အရင်းအမြစ်ခွဲဝေခြင်းတို့အပေါ် ၎င်းတို့၏ လွှမ်းမိုးနိုင်စွမ်းရှိခြင်းတို့မှ မြစ်ဖျားခံလာကြောင်း အသိအမှတ်ပြု ဖော်ပြထားသည် (ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကော်မရှင်၊ ၂၀၁၀)။ ၎င်းတွင် အောက်ပါ အခြေအနေများကို ကိုးကားဖော်ပြထားသည် -

- အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက မြေယာပိုင်ဆိုင်မှုကဲ့သို့ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့ နည်းပါးကြသည်။ ထို့ကြောင့် ရေကြီးခြင်း၊ သို့မဟုတ် မိုးခေါင်းခြင်းတို့ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးသောအခါ အခြေအနေကို ဖြေရှင်းရန်အတွက် အမျိုးသမီးများတွင် ရောင်းချစရာ ပိုင်ဆိုင်မှုများ နည်းပါးနေတတ်သည်။
- စိုက်ပျိုးရေး လုပ်ကိုင်သော အိမ်ထောင်စုများတွင် အမျိုးသမီးများသည် အသေးစားချေးငွေများကို ပိုမို လက်လှမ်းမီကြပြီး ရင်းမြစ်ကွာဟမှုများကို ဖြည့်ဆည်းရန် ဖိအားများ ရှိနေသဖြင့် အမျိုးသမီးများသည် အဓိက ငွေချေးသူများ ဖြစ်လာကြသည်။ ထို့ကြောင့် ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံများ ပျက်စီးသည့်အခါ အမျိုးသမီးများသည် အမျိုးသားများထက် နာတာရှည်ကြွေးမြီသံသရာထဲသို့ ကျရောက်သွားလေ့ရှိသည်။
- ရာသီဥတု ပြဿနာများကြောင့် သီးနှံအထွက်နှုန်းကျဆင်းပြီး အစားအစာ ပြတ်လပ်မှုများ ဖြစ်ပေါ်လာသောအခါ အမျိုးသမီးများသည် မိမိတို့ကိုယ်တိုင်ထက် အိမ်ထောင်စုရှိ အမျိုးသမီးများနှင့် ကလေးများ၏ စားဝတ်နေရေးကို ဦးစားပေးလေ့ရှိသဖြင့် အိမ်ထောင်စုတွင် နောက်ဆုံးမှ စားသောက်ရသူများ ဖြစ်လာကြသည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP) ကို ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၁၉၇၉ ခုနှစ်၌ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ နိုင်ငံရေး ကိုယ်စားပြုမှုနှင့် မူဝါဒ ရေးဆွဲခြင်းများ၌ အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှမှုကို ရည်ညွှန်းခဲ့သည်၊ သို့သော်လည်း ၁၉၉၂ ခုနှစ် ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ၏ အစီအစဉ် ၂၁ ရောက်မှသာ ရေရှည်တည်တံ့ပြီး တန်းတူညီမျှသော ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး

ကတိကဝတ်အဖြစ် အတိအလင်း အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ၁၉၉၅ ခုနှစ်၊ ပေကျင်း ဆောင်ရွက်ရန် လုပ်ငန်းစီမံချက် (Beijing Platform for Action) တွင် ဂျဲန်ဒါ တန်းတူညီမျှမှုကို မြှင့်တင်ရန် မဟာဗျူဟာတစ်ရပ်အဖြစ် ဂျဲန်ဒါအရေးကို ပင်မရေစီးကြောင်းတွင် ထည့်သွင်းအတည်ပြုခဲ့သည်။

ဤဖြစ်စဉ်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ချမှတ်ခြင်းနှင့် နောက်ဆက်တွဲ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများတွင် ဂျဲန်ဒါကို မည်သို့ ရှုမြင်ရမည်ဆိုသည့် မူဘောင်ကို ချမှတ်ပေးခဲ့သည်။ ယင်းတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတို့က အမျိုးသမီးများအပေါ် အချိုးအစားမညီမျှစွာ သက်ရောက်မှုရှိနေခြင်း၊ ၎င်းတို့က ဂျဲန်ဒါမညီမျှမှုများကို မည်သို့ ပိုမိုဆိုးရွားစေခြင်း နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို အလေးပေး ဖော်ပြလာကြသည်။ ဤဆယ်စုနှစ်အတွင်း ပိုမိုကောင်းမွန်သော ဂျဲန်ဒါ တန်းတူညီမျှမှု ရည်မှန်းချက်ကို ပံ့ပိုးနိုင်ရန် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီအသီးသီးမှ ဂျဲန်ဒါ လုပ်ငန်းစီမံချက်များကို ရေးဆွဲခဲ့ကြသည်။ အောက်ပါကဏ္ဍတွင် ကုလသမဂ္ဂ ဖွဲ့စည်းပုံအောက်မှ ပုံဖော်ခဲ့သော အဓိကကျသည့် ဂျဲန်ဒါကွဲပြားခြားနားမှု ချဉ်းကပ်နည်း ၅ ခုကို မီးမောင်း ထိုးပြထားသည် - (၁) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၅ - ၂၀၂၀)၊ (၂) ၂၀၂၀ ကာလလွန် မူဘောင် - ဂျဲန်ဒါ တုန့်ပြန်မှုရှိသော ချဉ်းကပ်ပုံကို ချမှတ်ခြင်း၊ (၃) သဲကန္တာရ ဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UNCCD) ၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၇)၊ (၄) ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူစာချုပ် (UNFCCC) ၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၇)၊ နှင့် (၅) တိုးမြှင့်ပြင်ဆင်ထားသော ငါးနှစ်တာ ဂျဲန်ဒါရေးရာ လီမာ (Lima) လုပ်ငန်းအစီအစဉ် (၂၀၁၉) တို့ဖြစ်ကြသည်။

၂.၃.၁ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၅ - ၂၀၂၀)

လက်ရှိ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၅ - ၂၀၂၀) သည် ၂၀၀၈ ခုနှစ် စီမံချက်ကို မွမ်းမံပြင်ဆင်ထားခြင်းဖြစ်ပြီး မဟာဗျူဟာစီမံချက် (၂၀၁၁ - ၂၀၂၀) နှင့် ၎င်း၏ အိုင်ချီ (Aichi) ဇီဝမျိုးစုံမျိုးကွဲသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် (CBD) ကို အကောင်အထည်ဖော်သည့်အခါ ဂျဲန်ဒါကိစ္စရပ်များ ပေါင်းစပ်ထည့်သွင်းရေးတွင် အောက်ပါ မဟာဗျူဟာ ရည်မှန်းချက် (၄) ရပ် ပါဝင်ပြီး သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ (၄) ရပ်အပေါ် အစီရင်ခံ တင်ပြရန် လိုအပ်သည် -

၁။ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးရုံးတို့၏ ဆက်စပ်လုပ်ငန်းများတွင်လည်းကောင်း၊ ပင်မလုပ်ငန်းစဉ်တွင် ဂျဲန်ဒါရှုထောင့်အား ထည့်သွင်းပေါင်းစပ်ရန်၊

၂။ သဘောတူစာချုပ်၏ ရည်မှန်းချက်များ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာ စီမံချက် ၂၀၁၁ - ၂၀၂၀ နှင့် အိုင်ချီ ဇီဝမျိုးစုံမျိုးကွဲသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂျဲန်ဒါ တန်းတူညီမျှမှုကို မြှင့်တင်ရန်၊

၃။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲအစိတ်အပိုင်းများအား ရေရှည်တည်တံ့စွာ သုံးစွဲခြင်း နှင့် မျိုးရိုးဗီဇဆိုင်ရာ အရင်းအမြစ်များကို အသုံးပြုခြင်းမှ ရရှိလာသည့်အကျိုးကျေးဇူးများကို မျှတညီညွတ်စွာခွဲဝေခြင်းနည်းလမ်းများတွင် ဂျုန်ဒါရေးရာများ ပေါင်းစပ်ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ပြသရန်၊ နှင့်

၄။ သဘောတူစာချုပ်ပါ လုပ်ငန်းဆောင်ရွက်မှုများ၏ ထိရောက်မှုကို တိုးမြှင့်ရန်။

၂၀၂၀ ခုနှစ် ဧပြီလတွင် CBD ၏ ဂျုန်ဒါလုပ်ငန်းစီမံချက် (၂၀၁၅ - ၂၀၂၀) အား သုံးသပ်မှုတစ်ရပ် ပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း ကောက်ချက်ချခဲ့သည် -

“ဆဋ္ဌမအကြိမ်မြောက် နိုင်ငံအဆင့် အစီရင်ခံစာများနှင့် စစ်တမ်းအချက်အလက်များအပေါ် လေ့လာဆန်းစစ်ချက်များအရ အဖွဲ့ဝင်နိုင်ငံများအကြားတွင် ဂျုန်ဒါရေးရာနှင့် ဇီဝမျိုးစုံမျိုးကွဲတို့အကြား ချိတ်ဆက်မှုအပေါ် အသိပညာနှင့် နားလည်သဘောပေါက်မှု တိုးပွားလာကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုကို တားဆီးနိုင်မည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရာတွင် ဂျုန်ဒါကိစ္စရပ်များကို ပိုမို တုံ့ပြန်မှုရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သော ခြေလှမ်းအဆင့်များကိုလည်း နားလည်လာကြသည်။ သို့သော် ရှေ့ဆက်မည့် ဂျုန်ဒါ ရေးရာနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပိုမိုခိုင်မာပြီး ရေရှည်တည်တံ့သော ရလာဒ်များ ရရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများကို ထိန်းသိမ်းထားရန်နှင့် ပိုမိုအားကောင်းလာစေရန် လိုအပ်ပေသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မူဝါဒချမှတ်သူများနှင့် လက်တွေ့ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အချက်အလက်များကို ကောက်ယူကာ အသုံးချခြင်း၊ နှင့် လုံလောက်သော ဘဏ္ဍာငွေ ခွဲဝေချထားခြင်းတို့ ပါဝင်သည်။ ... ဆက်လက်ကြုံတွေ့နေရသော စိန်ခေါ်ချက်များတွင် ဂျုန်ဒါ ခွဲခြားပြထားသော အချက်အလက်များ မရှိခြင်း၊ ဘဏ္ဍာငွေ ရရှိနိုင်မှုတွင် စိန်ခေါ်ချက်ရှိခြင်း၊ နှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုကို တားဆီးရန် ဂျုန်ဒါ တုံ့ပြန်မှုရှိသော နည်းလမ်းများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံ တင်ပြခြင်းတို့အတွက် စွမ်းဆောင်ရည် မလုံလောက်ခြင်းတို့ ပါဝင်သည်။”

၂.၃.၂ ၂၀၂၀ အလွန် မူဘောင် - ဂျုန်ဒါ တုန့်ပြန်မှုရှိသော ချဉ်းကပ်ပုံတစ်ရပ်ကို ချမှတ်ခြင်း

CBD ၏ ၂၀၂၀ အလွန် မူဘောင်ကို ပုံဖော်ရေးဆွဲရာတွင် ဂျုန်ဒါတုန့်ပြန်မှုရှိသော နည်းလမ်းတစ်ရပ်ကို ကျင့်သုံးရန် ညွှန်ပြထားသည်။ ယင်းနည်းလမ်းကို “ဂျုန်ဒါရေးရာ ကိစ္စရပ်များ ဖော်ထုတ်ခြင်း သို့မဟုတ် အသိပညာပေးခြင်း (ထိခိုက်မှု မရှိစေရ/ do no harm) အဆင့်မှ ကျော်လွန်၍ ဂျုန်ဒါမညီမျှမှုများကို တက်ကြွစွာ ကိုင်တွယ်ဖြေရှင်းမည့် အစီအမံများ လုပ်ဆောင်ခြင်း (ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း/ do better) ဆီသို့ ဦးတည်သောနည်းလမ်း” ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထို့ပြင် အောက်ပါအတိုင်း ထပ်မံရှင်းလင်းဖော်ပြထားသည် -

“ဤနည်းလမ်းအားဖြင့် အမျိုးသမီးများကို ထိခိုက်လွယ်သူများအဖြစ်သာ သတ်မှတ်ထားသည်မှ ဇီဝမျိုးစုံမျိုးကွဲများအား တက်ကြွစွာ စောင့်ရှောက်သူများ၊ စီမံခန့်ခွဲသူများနှင့် အပြောင်းအလဲကို ဖော်ဆောင်သူများအဖြစ် တန်ဖိုးထားလာစေမည် ဖြစ်သည်။ ... ဇီဝမျိုးကွဲဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ဂျဲန်ဒါကို ထည့်သွင်းစဉ်းစားလာသည့် ကြိုးပမ်းအားထုတ်မှုများသည် ဇီဝမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အပြောင်းအလဲဖော်ဆောင်သူများအဖြစ် အမျိုးသမီးများ၏ အခန်းကဏ္ဍများနှင့် ပံ့ပိုးမှုများကို ပိုမို အလေးထားလာခြင်းဖြစ်သည်။ ၎င်းသည် ထိခိုက်လွယ်သူများအဖြစ် အမျိုးသမီးများအား သတ်မှတ်ခြင်းထက် ကျော်လွန်ပြီးလျှင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့သော အသုံးပြုမှုကို ပံ့ပိုးကူညီရန်အတွက် အမျိုးသမီးများ၌ စွမ်းဆောင်ရည်၊ ရင်းမြစ်များနှင့် အခွင့်အလမ်းများ ရှိနေရန် သေချာစေမည့် ချဉ်းကပ်နည်းလမ်းများ လိုအပ်နေကြောင်းကို အလေးထား ဖော်ပြနေခြင်းဖြစ်သည်၊ ထို့ပြင် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဇီဝဗေဒဆိုင်ရာ ရင်းမြစ်များကို လက်လှမ်းမီစေရေးအတွက် ဆောင်ရွက်ပေးသည့် အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းကို သေချာစေခြင်းလည်း ဖြစ်သည်။ ... အဆိုပါ လုပ်ဆောင်မှုများတွင် အပြည့်အဝ တန်းတူညီမျှသည့် အခန်းကဏ္ဍမှ အမျိုးသမီးများ ပါဝင်နိုင်ရန်မှာ ၎င်းတို့အနေဖြင့် ဇီဝ ရင်းမြစ်များနှင့် ဆက်စပ်အကျိုးကျေးဇူးများအပေါ် တန်းတူညီမျှ လက်လှမ်းမီနိုင်မှု၊ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်စီမံခန့်ခွဲနိုင်မှုတို့ ရရှိရန်မှာ လိုအပ်သည်။ ထို့ကြောင့် မြေယာ၊ ရေနှင့် အရင်းအမြစ်များကို မျှတညီညွတ်စွာ လက်လှမ်းမီခွင့်၊ သဘာဝတရားမှ ရရှိသော အကျိုးကျေးဇူးများကို မျှတစွာ ခွဲဝေခြင်းတို့သည် လူသားအားလုံးအတွက် မရှိမဖြစ် လိုအပ်သော အကျိုးကျေးဇူးများကို ဖြန့်ဝေခြင်းဟူသော မျှော်မှန်းချက်ကို ဖြည့်ဆည်းရာတွင် အရေးကြီးသော ထည့်သွင်းစဉ်းစားသည့်အချက်များ ဖြစ်ကြသည်” (CBD/WG2020/1/INF/1 ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)။

အလေးထားစရာ - ဂျဲန်ဒါရေးရာတုံ့ပြန်ဆောင်ရွက်သည့် ချဉ်းကပ်မှု

ဂျဲန်ဒါရေးရာတုံ့ပြန်ဆောင်ရွက်မှု (Gender Responsive) - ဤဝေါဟာရသည် ဥပဒေများ၊ မူဝါဒများ၊ အစီအစဉ်များနှင့် ပြည်သူ့ဝန်ဆောင်မှုများ ရေးဆွဲခြင်း နှင့်/သို့မဟုတ် ဆောင်ရွက်ခြင်းတို့တွင် ဖော်ပြရန်အတွက် အသုံးပြုသည် - (က) တည်ရှိနေဆဲဖြစ်သော ဂျဲန်ဒါ မညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ဆက်နွယ်ချက်များကို ထည့်သွင်းစဉ်းစားပြီး ယင်းတို့ကို ကျော်လွှားဖယ်ရှားနိုင်ရန် ဦးဆောင်ကြိုးပမ်းရွက်ဖွေခြင်း၊ (ခ) ဂျဲန်ဒါ တန်းတူညီမျှမှု၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေး ရရှိနိုင်စေရေးတို့ကို အထောက်အကူပြုစေရန်အတွက် ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအဖြစ် အမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍများနှင့် ပံ့ပိုးနိုင်မှုများကို ဖော်ထုတ်ပြီး အလေးထားလုပ်ဆောင်ခြင်း။

ဂျဲန်ဒါ တုံ့ပြန်ဆောင်ရွက်သည့် ချဉ်းကပ်မှုတွင် ပါဝင်သော အချက်များ

ပါဝင်သက်ဆိုင်သူများ(stakeholder) နှင့် တိုင်ပင်ဆွေးနွေးခြင်း - စီမံချက်လုပ်ငန်းများကြောင့် သက်ရောက်မှု ရှိနိုင်မည့် အမျိုးသမီးများနှင့် အမျိုးသားများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ စီမံကိန်း စက်ဝန်းတလျှောက်လုံးတွင် အားလုံးပါဝင်နိုင်မှု၊ တန်းတူညီမျှမှုနှင့် ထိရောက်သော ပူးပေါင်း ဆောင်ရွက်မှု၊ ဆုံးဖြတ်ချက် ချမှတ်နိုင်မည့် အခွင့်အလမ်းများ သေချာစေမှုတို့ ပါဝင်သည်။ တန်းတူညီမျှစွာနှင့် ထိရောက်စွာ ပါဝင်နိုင်စေရန် သက်ဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များတွင် အမျိုးသမီး တက်ရောက်သူများ/ပါဝင်သူများ၏ အသိပညာနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ အစည်းအဝေးကျင်းပရာ နေရာများသို့ ကိုယ်တိုင်လာရောက်နိုင်ရန် ခရီးစရိတ်များ စီစဉ်ပေးခြင်းတို့ လိုအပ်နိုင်ပေသည်။

ဂျဲန်ဒါ ခွဲခြမ်းလေ့လာခြင်း - စီမံချက် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့် လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန် ဂျဲန်ဒါဆိုင်ရာ နှင့် ကျား၊ မ ခွဲခြားထားသော အချက်အလက်များ ကောက်ယူခြင်းနှင့် ခွဲခြမ်းလေ့လာခြင်း။

ဂျဲန်ဒါ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ လုပ်ဆောင်ချက် - စီမံချက်လုပ်ငန်းများသည် ဂျဲန်ဒါ ကွာဟချက်များကို တက်ကြွစွာ ဖြေရှင်းပေးနိုင်ရန်နှင့် ဂျဲန်ဒါ တန်းတူညီမျှမှု၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်မှုတို့ကို အလေးပေး သေချာစေခြင်း။

ဂျဲန်ဒါ တုံ့ပြန်မှုကို စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း - စီမံချက် ရလာဒ်များကို တိုင်းတာရန် အတွက် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် သင်ယူလေ့လာခြင်းတို့တွင် ဂျဲန်ဒါ အကဲဆတ်သော အညွှန်းကိန်းများနှင့် လျာထားချက်များကို ဖော်ထုတ်၍ ထည့်သွင်းအသုံးပြုခြင်း။

၂.၃.၃ သဲကန္တာရဖြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UNCCD) ၏ ဂျဲန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၇)

UNCCD ၏ လုပ်ငန်းစဉ်တွင် အတည်ပြုထားသော ဂျဲန်ဒါရေးရာ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်မှုကို ပံ့ပိုးရန်နှင့် မြှင့်တင်ရန်အတွက် ဆုံးဖြတ်ချက်အမှတ် ၃၀/COP.13 ၏ ရလာဒ်အဖြစ် UNCCD ၏ ဂျဲန်ဒါလုပ်ငန်းစီမံချက်ကို ဖွဲ့စည်းရေးဆွဲခဲ့သည်။ မြေယာ ပျက်စီး ပြုန်းတီးမှုကို ဖြေရှင်းရာတွင် ဂျဲန်ဒါရှုထောင့်အား ထည့်သွင်းစဉ်းစားခြင်း၏ အရေးပါပုံကို အောက်ပါအတိုင်း ဖော်ပြထားသည် -

> *မြေယာများ ပျက်စီးယိုယွင်းလာပြီး အသုံးပြုနိုင်သောမြေများရှားပါးလာသည့်အခါ အမျိုးသမီးများသည် စိုက်ပျိုးရေးနှင့် စားနပ် ရိက္ခာထုတ်လုပ်မှုတွင် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်နေခြင်း၊ သစ်တောများ အပေါ် မှီခိုနေရခြင်း၊ ဆင်းရဲနွမ်းပါးမှုဒဏ်ကို ပိုမိုခံစားရနိုင်ခြင်း၊ ဥပဒေပိုင်းဆိုင်ရာ အကာအကွယ်နှင့်*

လူမှုရေးအဆင့်အတန်း နိမ့်ပါးမှုတို့ကြောင့် အခြားသူများနှင့်မတူဘဲ ထူးခြားပြီး ကွဲပြားသော သက်ရောက်မှုများကို ခံစားကြရသည်။

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ၏ အလုပ်အကိုင် သုံးပုံတစ်ပုံနီးပါးသည် စိုက်ပျိုးရေးကဏ္ဍတွင် ရှိနေခြင်းနှင့် ပျက်စီးယိုယွင်းနေပြီဖြစ်သော စိုက်ပျိုးမြေ ဧရိယာအများအပြားကို ပြန်လည်ကောင်းမွန်လာအောင် ရှေ့တန်းမှ ရုန်းကန်ကြိုးပမ်းနေရခြင်းတို့ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် UNCCD ကို အကောင်အထည်ဖော်ရာတွင် အသင့်တော်ဆုံး သဘာဝ မိတ်ဖက်များ ဖြစ်လာစေသည်။

သဲကန္တာရဖြစ်ထွန်းမှု၊ မြေယာများ ပျက်စီးယိုယွင်းလာမှုနှင့် မိုးခေါင်ရေရှားမှု (DLDD) တို့ကို တိုက်ဖျက်ရန် ထိရောက်သော တုံ့ပြန်မှုများ တည်ဆောက်ရာတွင် ဂျဲန်ဒါ မညီမျှမှုသည် အောက်ပါကိစ္စရပ်များအပေါ် မည်သို့သက်ရောက်မှုရှိကြောင်းကို နားလည်သဘောပေါက်ရန် လိုအပ်သည် -

- *အရင်းအမြစ်များနှင့် ဗဟုသုတများကို လက်လှမ်းမီရယူနိုင်မှုနှင့် စီမံခန့်ခွဲထိန်းချုပ်နိုင်မှု၊*
- *အင်စတီကျူးရှင်းဆိုင်ရာ ဖွဲ့စည်းပုံများ*
- *လူမှုရေး၊ ယဉ်ကျေးမှုနှင့် တရားဝင် ကွန်ရက်များ*
- *ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များ*

ထို့ကြောင့် UNCCD ၏ လုပ်ပိုင်ခွင့်အရ မြေယာပျက်စီးယိုယွင်းမှုကို ရှောင်ရှားရန်၊ လျော့ချရန်နှင့် ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်သည့် အကျိုးရှိပြီးထိရောက်ပြီး ရေရှည်တည်တံ့နိုင်မည့် မည်သည့် ကြိုးပမ်းအားထုတ်မှုမျိုးတွင်မဆို အမျိုးသမီးများ၏ ပါဝင်အကြံပြုမှု၊ အသိပညာနှင့် လမ်းညွှန်မှုတို့အား မရှိမဖြစ် လိုအပ်သည်။ အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သောအခါ မိသားစုတစ်ခုလုံး အကျိုးခံစားရရှိနိုင်ပြီး၊ ဤအကျိုးကျေးဇူးများသည် နောင်လာမည့် မျိုးဆက်များအပေါ်တွင်လည်း သက်ရောက်မှု ရှိတတ်ပေသည်။ (https://www2.unccd.int/actions/gender-action-plan)

CBD (ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်) ၏ ချဉ်းကပ်မှုနှင့် နှိုင်းယှဉ်ပါက UNCCD သည် သဲကန္တာရဖြစ်ထွန်းမှု တိုးပွားလာခြင်းကြောင့် အမျိုးသမီးများ ရင်ဆိုင်နေရသည့် စနစ်ယန္တရားဆိုင်ရာ ပြဿနာများကို နားလည်သဘောပေါက်ရာတွင် ပိုမိုနက်ရှိုင်းမှုရှိလေသည် - (က) အမျိုးသမီးများသည် မြေယာပိုင်ဆိုင်ခွင့် ရရှိမှု နည်းပါးသဖြင့် အရေးပါသော အရင်းအမြစ်များကို လက်လှမ်းမီသုံးစွဲနိုင်ရေးအတွက် အမျိုးသားများနှင့် ဆက်နွယ်ပတ်သက်မှုအပေါ် မူတည်နေရသည်။ ဥပမာအားဖြင့် ခင်ပွန်း သို့မဟုတ် ဖခင်ဖြစ်သူ၏ ပူးပေါင်းပါဝင်မှုမရှိဘဲ ချေးငွေရယူရန် ခက်ခဲခြင်းမျိုးဖြစ်သည်။ (ခ) အမျိုးသမီးများသည် ယေဘုယျအားဖြင့် မိသားစု စားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင်နှင့် အသေးစားစီးပွားရေးများတွင်သာ ပါဝင်လုပ်ကိုင်နေကြသဖြင့် မိုးခေါင်ရေရှားမှုနှင့် သဲကန္တာရဖြစ်ထွန်းမှုဒဏ် ခံရသော ဒေသများမှ အလွယ်တကူ ပြောင်းရွှေ့နိုင်စွမ်း နည်းပါးသည်။ (ဂ) မိသားစုဝင်ငွေအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးရန် မျှော်လင့်ခံရသော်လည်း အိမ်မှုကိစ္စနှင့် ပြုစုစောင့်ရှောက်ရေး တာဝန်အများစုကို အမျိုးသမီးများကသာ ဆက်လက်ထမ်းဆောင်နေရသည်။

၂.၃.၄ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူစာချုပ် (UNFCCC) ၏ ဂျိန်ဒါ လုပ်ငန်းစီမံချက် (၂၀၁၇)

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူစာချုပ် သို့မဟုတ် ကျိုတို နောက်ဆက်တွဲ သဘောတူစာချုပ်၌ ဂျိန်ဒါ တန်းတူညီမျှမှုဆိုင်ရာ ပြဋ္ဌာန်းချက်များဟူ၍ သီးခြား မပါရှိပေ။ ထို့ကြောင့် UNFCCC အတွင်း ဂျိန်ဒါရှုထောင့်များကို ထည့်သွင်းပေါင်းစပ်မှု သေချာစေရန် UNFCCC ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများက ၂၀၁၇ ခုနှစ်တွင် ဘွန်းမြို့၌ ဂျိန်ဒါလုပ်ငန်းစီမံချက်တစ်ရပ်ကို အတည်ပြုခဲ့ကြပြီး အောက်ဖော်ပြပါ နယ်ပယ်ကဏ္ဍများ ပါဝင်ခဲ့သည် (Baćanović and Murić, 2018) -

၁။ **စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ အသိပညာ မျှဝေခြင်းနှင့် ဆက်သွယ်ပြန်ကြားခြင်း** - ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွင် ဂျိန်ဒါ ရေးရာ ရှုထောင့်များနှင့် ပတ်သက်၍ နားလည်မှုနှင့် အသိပညာ ဖြန့်ဝေမှုကို မြှင့်တင်ရန်၊ နိုင်ငံတကာ သဘောတူစာချုပ်များနှင့် အမျိုးသားအဆင့် စီမံဆောင်ရွက်မှုများကို လက်တွေ့အသုံးချရာတွင် ဂျိန်ဒါ ရေးရာ ရှုထောင့် ပါဝင်လာစေရန်။

၂။ **ဂျိန်ဒါ မျှတမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် အမျိုးသမီးများ၏ ဦးဆောင်မှု** - ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များ၊ မူဝါဒများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များသာမက UNFCCC ကို အကောင်အထည်ဖော်ရာတွင် ပါဝင်သည့် အခြားသော လုပ်ဆောင်မှုများအားလုံး၌ ပါဝင်ဆောင်ရွက်စေရန်။

၃။ **ကိုက်ညီပေါင်းစပ်မှုရှိခြင်း (Coherence)** - ဆိုလိုသည်မှာ အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံး (Stakeholders) ၏ လှုပ်ရှားဆောင်ရွက်မှုများအကြား ကိုက်ညီမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုရှိစေခြင်း။

၄။ **ဂျိန်ဒါ တုံ့ပြန်ဆောင်ရွက်မှုရှိသော အကောင်အထည်ဖော်မှုနှင့် သက်ဆိုင်ရာ နည်းလမ်းများ** - စီမံဆောင်ရွက်မှု အားလုံးနှင့် အကောင်အထည်ဖော်မှု နည်းလမ်းများကို ဂျိန်ဒါ တုံ့ပြန်ဆောင်ရွက်မှုရှိသော ပုံစံဖြင့် စီစဉ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၅။ **စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်း** - သဘောတူစာချုပ်နှင့် သက်ဆိုင်သော လှုပ်ရှားမှု အားလုံးကို စောင့်ကြည့်လေ့လာရာတွင် ဂျိန်ဒါ ရှုထောင့်များကို ထည့်သွင်းဆောင်ရွက်ခြင်း။



၂.၃.၅ တိုးမြှင့် ပြင်ဆင်ထားသော ငါးနှစ်တာ ဂျန်ဒါရေးရာ လီမာ လုပ်ငန်းအစီအစဉ် (၂၀၁၉)

စာချုပ်အဖွဲ့ဝင်နိုင်ငံများက ငါးနှစ်သက်တမ်းတိုးထားသော လီမာ ဂျန်ဒါလုပ်ငန်းအစီအစဉ်နှင့် ၎င်း၏ ဂျန်ဒါလုပ်ငန်းစီမံချက် (FCCC/CP/2019/13/Add.1) ကို COP 25 တွင် သဘောတူညီခဲ့ကြသည်။ ၎င်းသည် မူရင်း လီမာလုပ်ငန်းအစီအစဉ်အတိုင်းပင် တူညီသော ရည်ရွယ်ချက်များနှင့် ဦးစားပေးနယ်ပယ်ကဏ္ဍများ ချမှတ်ထားပြီး ဂျန်ဒါလုပ်ငန်းစီမံချက်ဆိုင်ရာ သီးခြား ဆောင်ရွက်မှုများကို ကတိပြုထားခဲ့သည်။

ဂျန်ဒါလုပ်ငန်းစီမံချက်အပါအဝင် UNFCCC ၏ လုပ်ပိုင်ခွင့်များနှင့်အညီ စာချုပ်အဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိစေလိုခြင်းဖြစ်သည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို အခံရဆုံးနိုင်ငံများအဖြစ်သတ်မှတ်ခံထားရသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့တွင် ချမှတ်ထားသော အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များအကြောင်းကို အောက်တွင် အကျဉ်းချုပ် ဆွေးနွေးထားသည်။ အောက်ဖော်ပြပါ စူးစမ်းလေ့လာထားသည့် နယ်ပယ်များအနေဖြင့် အမျိုးသားအဆင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာမူဝါဒများတွင် ဂျန်ဒါအရေးအား ပင်မရေစီးကြောင်းအဖြစ် မည်မျှအတိုင်းအတာအထိ ပေါင်းစပ်ထည့်သွင်းထားသည်ဟူသော အချက်ဖြစ်သည်။

၂.၃.၆ အာဆီယံဒေသရှိ ဂျန်ဒါနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများသည် ဂျန်ဒါနှင့် ဆက်နွယ်မှုရှိပြီး ရာသီဥတုဆိုင်ရာ လုပ်ဆောင်မှုများ ရေရှည်တည်တံ့စေရန်အလို့ငှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသိပညာဗဟုသုတနှင့် လက်တွေ့ဘဝအတွေ့အကြုံများကို လိုအပ်ကြောင်း နိုင်ငံတကာ အသိုက်အဝန်းက နားလည်လက်ခံထားသည်၊

အာဆီယံကလည်း ထိုသို့လက်ခံသည့်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် အလွန်ပင် ကိုက်ညီမှုရှိသည်။ ၎င်း၏ အဓိကဗျူဟာမှာ ဂျဲန်ဒါရေးရာ တို့ပြန်မှုရှိသော အစီအမံများမှသည် ဂျဲန်ဒါရေးရာ ပြောင်းလဲဖန်တီးနိုင်သော အစီအမံများအဖြစ်သို့ မြှင့်တင်ရေးဖြစ်ပြီး အထူးအားဖြင့် ဂျဲန်ဒါ တန်းတူညီမျှမှုနှင့် လူမှုပေါင်းစည်းမှုများကို အဟန့်အတားဖြစ်စေသည့် ဖွဲ့စည်းပုံစနစ်ဆိုင်ရာ မညီမျှမှုကို ပြောင်းလဲနိုင်ရေး ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ မကြာသေးမီက ထုတ်ပြန်ထားသော အစီရင်ခံစာများအနေဖြင့် အာဆီယံ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအခြေအနေဆိုင်ရာ အစီရင်ခံစာ (၂၀၂၁ ခုနှစ် အောက်တိုဘာလ) နှင့် အာဆီယံရှိ ဂျဲန်ဒါ တန်းတူညီမျှမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အခြေအနေ (၂၀၂၂) တို့ ဖြစ်ကြသည်။ အာဆီယံရှိ ဂျဲန်ဒါ တန်းတူညီမျှမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအခြေအနေဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲ (၁) သည် အာဆီယံ၏ ဒေသတွင်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် ဂျဲန်ဒါဆိုင်ရာ မူဝါဒစာရွက်စာတမ်းများ (စာမျက်နှာ ၁၁၄-၁၂၃) ကို ဂျဲန်ဒါရှုထောင့်မှ သုံးသပ်ထားခြင်းဖြစ်ပြီး အဓိကကျသည့် အာဆီယံ မူဝါဒများနှင့် မူဘောင်စာရွက်စာတမ်းများတွင် ဂျဲန်ဒါရေးရာအား မည်မျှအတိုင်းအတာအထိ ပေါင်းစပ်ထည့်သွင်းထားသည်ကို အကဲဖြတ်ထားသည်။

ဖြစ်ရပ်လေ့လာခြင်း - ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မူဝါဒများတွင်ပါရှိသည့် ဂျဲန်ဒါကဏ္ဍ

၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ဥပဒေ (သမ္မတနိုင်ငံ ဥပဒေ ၉၇၂၉) ကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေအရ အစိုးရမူဝါဒများ ချမှတ်ရာတွင် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကို အဓိက ထည့်သွင်းဆောင်ရွက်စေပြီး၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် အစီအစဉ်အတွက် မူဘောင်ချမှတ်ကာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုရေးရာကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ၎င်းနှင့်အညီ အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းစီမံချက် (၂၀၁၁-၂၀၂၈) ကို ရေးဆွဲခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အလွန်အမင်း ထိခိုက်ခံစားရနိုင်သည့် နိုင်ငံဖြစ်သောကြောင့် လိုက်လျောညီထွေစေရေး ဆောင်ရွက်ခြင်းနှင့် လျော့ပါးသက်သာစေရေး ဆောင်ရွက်ခြင်းတို့အတွက် မဟာဗျူဟာ မူဘောင်များနှင့် လုပ်ငန်းများကို ဖော်ဆောင်ခဲ့သည်။

အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဆိုင်ရာ မူဘောင်မဟာဗျူဟာနှင့် ကိုက်ညီစွာပင် ဖော်ပြပါ လုပ်ငန်းစီမံချက်၏ အဓိကပန်းတိုင်မှာ လူမှုအသိုက်အဝန်းအတွင်း အမျိုးသား၊ အမျိုးသမီးများ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ရန်၊ ထိခိုက်လွယ်သော ကဏ္ဍများနှင့် သဘာဝဂေဟစနစ်များတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိမှု တိုးမြှင့်ရန် နှင့် ဂျဲန်ဒါတုံ့ပြန်မှုရှိပြီး အခွင့်အရေး အခြေပြုထားသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျော့ပါးစေသည့် အခွင့်အလမ်းများ ကို အကောင်းဆုံး အသုံးချရန်တို့ ဖြစ်သည်။ ဤလုပ်ငန်းစီမံချက်တွင် ဦးစားပေး (၇) ရပ် ပါဝင်ပြီး ၎င်းတို့မှာ- စားနပ်ရိက္ခာဖူလုံရေး၊ ရေ လုံလုံလောက်လောက်ရှိရေး၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်

တည်ငြိမ်ရေး၊ လူသားလုံခြုံရေး၊ ရာသီဥတုနှင့် သင့်လျော်သော စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုများ၊ ရေရှည်တည်တံ့သော စွမ်းအင်၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးတို့ ဖြစ်သည်။ လူသားလုံခြုံရေး၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးတို့အောက်တွင် ဂျန်ဒါကဏ္ဍကို အတိအလင်း ထည့်သွင်းစဉ်းစားရန် ဖော်ပြ ထားသည့်အပြင်၊ ဤလုပ်ငန်းစီမံချက်သည် ဂျန်ဒါ နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍစုံ ချိတ်ဆက်လုပ်ဆောင်သည့် (cross-cutting) အရေးကိစ္စတစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။

ခြုံငုံသုံးသပ်ရသော် ဂျန်ဒါ အရေးကို အဓိကထားသည့် နည်းစနစ်များကို အမျိုးအစား သုံးမျိုး ခွဲခြားနိုင်သည်။

၁။ ဂျန်ဒါ ကဏ္ဍ ပါဝင်သည့် ထိခိုက်လွယ်မှုနှင့် ဘေးအန္တရာယ်အကဲဖြတ်ခြင်းများ၊

၂။ ဂျန်ဒါ အခြေခံ ဗဟုသုတ အကျိုးရလာဒ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဥပမာ- ဂျန်ဒါ မျှတသော ဆန်းသစ်တီထွင်ထားသည့် ငွေကြေးထောက်ပံ့မှု ယန္တရားများ)၊

၃။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း၊ လျော့ပါးသက်သာစေခြင်းနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ဂျန်ဒါ ကဏ္ဍ အချက်အလက်များ၊ ပညာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အကြောင်းအရာများ ဖြန့်ဝေခြင်း။

သမိုင်းကြောင်းတလျောက် ပစ်ပယ်ခံရခြင်းနှင့် ပုံစံကျနစွာရှိနေပြီးဖြစ်သည့် ဆင်းရဲမွဲတေမှုတို့ကြောင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းတွင် ဖိလစ်ပိုင် အမျိုးသမီးများ၏ ခံစားထိရှလွယ်နိုင်ချေရှိမှုအား အသိအမှတ်ပြုသည့် အနေဖြင့်၊ အောက်ပါနယ်ပယ်များတွင် ဂျန်ဒါ ကဏ္ဍကို မီးမောင်းထိုးပြထားမည်ဖြစ်သည်။

၁။ *သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး* - ဂျန်ဒါ ကဏ္ဍနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို နားလည်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် စီမံချက်တွင် အောက်ပါတို့ကို ဆောင်ရွက်မည်-

က။ ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် အခြားရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဘေးအန္တရာယ်များနှင့်ဆက်နွယ်သည့် ဂျန်ဒါ သီးသန့်လိုအပ်ချက်များနှင့် အကာအကွယ်ပေးမှု အစီအမံများ၊ အထူးသဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် သဘာဝမြေဩဇာသုံး စိုက်ပျိုးရေး မူဘောင်နှင့်အညီ စားနပ်ရိက္ခာဖူလုံမှုကို အထူးမြှင့်တင်ပေးနိုင်သည့် အစီအမံများကို ခွဲခြားသတ်မှတ်နိုင်ရန်အလို့ငှာ ဂျန်ဒါ သက်ရောက်မှု ခွဲခြမ်းစိတ်ဖြာခြင်းများ ပြုလုပ်ခြင်း၊ နှင့်

ခ။ ဂျန်ဒါအရ သီးခြား ထိခိုက်လွယ်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းဆိုင်ရာ အကဲဖြတ်ခြင်းများကို ပြုလုပ်ခြင်းနှင့် ၎င်းအကဲဖြတ်ခြင်းများတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ သီးခြား ထိခိုက်လွယ်မှုများအား ခွဲခြားသတ်မှတ်ရန်အတွက် ကျား/မ ခွဲခြမ်းစိတ်ဖြာမှုများကို ပေါင်းစပ်ထည့်သွင်းရန် လိုအပ်သည်။

၂။ *စီမံကိန်းရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်း-* ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် လျော့ပါးသက်သာစေခြင်းတို့အတွက် ဂျပန်ဒါ ကဏ္ဍကို စီမံကိန်းရေးဆွဲခြင်းနှင့် အစီအစဉ်ချမှတ်ခြင်းအဆင့်အားလုံးတွင်သာမက ဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ အစီအမံများနှင့် ယန္တရားများတွင်လည်း အဓိကထည့်သွင်းဆောင်ရွက်မည်။

၃။ *ဗဟုသုတနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး-* အမျိုးသားအဆင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစီမံချက် (NCCAP) သည် စွမ်းဆောင်ရည်နှင့် ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ဆောင်မှု များကို အသိအမှတ်ပြုထားပြီး ၎င်းနည်းလမ်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အဆင့်အတန်းကို ပါဝင်သူများအနေဖြင့်လည်းကောင်း၊ အပြောင်းအလဲ ဖော်ဆောင်သူများ အနေဖြင့်လည်းကောင်း မြှင့်တင် ပေးရမည်၊ အမျိုးသမီးများ၏ အားသာချက်များနှင့် အတွေ့အကြုံများ၊ ဗဟုသုတနှင့် ပြဿနာဖြေရှင်းနိုင်စွမ်း ကို အခြေခံရမည်ဖြစ်ပြီး ၎င်းတို့၏ သတင်းအချက်အလက် ရရှိနိုင်ရေးကို အာမခံရမည်။

၄။ *ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းတွင် အမျိုးသမီးများ၏ ပါဝင်မှုကို မြှင့်တင်ခြင်း* - စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သင့်လျော်သော အလုပ်အကိုင်များ (green jobs) နှင့် ပေါင်းစည်းထားသော ဂေဟစနစ်အခြေခံ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများတွင် အမျိုးသမီးများ၏ ပါဝင်မှုကို ခိုင်မာအားကောင်းစေရမည်၊ ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိစေရေးကို အာမခံရမည်ဖြစ်ပြီး အမျိုးသမီးများ ပိုင်ဆိုင်မှုများ လက်လှမ်းမီ ရရှိစေရေးကို အာမခံရမည်။

အမျိုးသမီးများ၏စွမ်းရည်မြှင့်တင်ရေးနှင့် ဂျပန်ဒါတန်းတူညီမျှရေး နိုင်ငံအဆင့်မဟာဗျူဟာအဖြစ် ဂျပန်ဒါကဏ္ဍကို ပင်မထည့်သွင်းထားသော အမျိုးသမီးများဆိုင်ရာ ဥပဒေဖြစ်သည့် Magna Carta (သမ္မတနိုင်ငံ အက်ဥပဒေ ၉၁၇၀) နှင့်အညီ ကော်မရှင်သည် လုပ်ငန်းစီမံချက်၌ ဂျပန်ဒါကဏ္ဍ အဓိကထည့်သွင်းဆောင်ရွက်မှုကို အားဖြည့်ပေးရန်နှင့် အစီအစဉ်အကောင်အထည်ဖော်သူများ၏ ရာသီဥတုဆိုင်ရာလုပ်ငန်းများတွင် ဂျပန်ဒါအမြင် ထည့်သွင်းမှုဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်အတွက် ဖိလစ်ပိုင်အမျိုးသမီးများကော်မရှင် (PCW) နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် ကော်မရှင်သည် ဂျပန်ဒါကဏ္ဍအား အဓိကထည့်သွင်းဆောင်ရွက်မှု အကဲဖြတ်မူဘောင် (GMEF) ကို ထုတ်ပြန်ခဲ့သည်။ ယင်းမူဘောင်က ရာသီဥတုဆိုင်ရာလုပ်ငန်းများအား ဂျပန်ဒါ တုံ့ပြန်မှု အလေးထားသည့် လုပ်ငန်းများဖြစ်စေရေး ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှုများကို မီးမောင်းထိုးပြသော်လည်း၊ လုပ်ငန်းစီမံချက် ချမှတ်ပြီးသည့်နောက် (၈) နှစ်ကြာသည်အထိ ဂျပန်ဒါကဏ္ဍကို အပြည့်အဝ အဓိကထည့်သွင်း

ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း နောက်ဆုံးတွင် ကောက်ချက်ချခဲ့သည်။ တိုးတက်ရန် လိုအပ်သည့် အဓိက နယ်ပယ်များကို အောက်ပါအတိုင်း ဖော်ထုတ်ခဲ့သည်-

- ဂျုံနဒါ နှင့် ဖွံ့ဖြိုးတိုးတက်ရေး (GAD) အစီအစဉ်/ မဟာဗျူဟာမူဘောင်ကို ဖော်ဆောင်ပြီး အတည်ပြုကျင့်သုံးခြင်း၊
- GAD အခြေခံသင်တန်းများတွင် ထိပ်တန်းစီမံခန့်ခွဲမှု၏ ပါဝင်မှုကို တိုးမြှင့်ခြင်း၊
- အစီအစဉ် ဦးဆောင်ညှိနှိုင်းသူ အားလုံးကို ဂျုံနဒါ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် တိုင်းတာမှု နည်းစနစ်များတွင် လေ့ကျင့်ပေးထားကြောင်း အာမခံခြင်း၊
- ဂျုံနဒါ ခွဲခြမ်းစိတ်ဖြာမှုတွင် အသုံးပြုနိုင်ရန် ကျား/မ အလိုက် ခွဲခြားထားသော အချက်အလက်များနှင့် ဂျုံနဒါ စာရင်းဇယားများကို စုဆောင်းခြင်း၊
- GAD ဒေတာဘေ့စ်ကို သက်ဆိုင်သူအားလုံး လွယ်ကူစွာ အသုံးပြုနိုင်စေရန် ဆောင်ရွက်ခြင်း၊
- ဝန်ထမ်းများအတွက် GAD ဆိုင်ရာ အဆင့်မြင့်သင်တန်းများ ဆောင်ရွက်ပေးခြင်း၊
- ကော်မရှင်၏ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မိတ်ဆက်သင်တန်းတွင် ဂျုံနဒါ အမြင်ကို ထည့်သွင်းခြင်း။

ဘဏ္ဍာရေးအရင်းအမြစ်များအရ ရာသီဥတုပြောင်းလဲမှုကော်မရှင်၏ ဘတ်ဂျက် ၁၀ ရာခိုင်နှုန်း ကို ဂျုံနဒါ နှင့် ဖွံ့ဖြိုးတိုးတက်ရေး (GAD) အတွက် ခွဲဝေချထားသည်။ ၂၀၂၁ ခုနှစ်တွင် ခွဲဝေချထားခဲ့သည့် ဘတ်ဂျက်၏ ၃၁.၇% (ကော်မရှင်၏ စုစုပေါင်းဘတ်ဂျက်၏ ၃.၂၀% သာ) ကိုသာ အသုံးပြုနိုင်ခဲ့ပြီး၊ ရလဒ်အနေဖြင့် အောက်ပါများ ရရှိခဲ့သည်- ကျား/မ ခွဲခြားထားသော အချက်အလက်များ စုဆောင်းသည့် လုပ်ငန်း (၁) ခုသာ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ သတင်းအချက်အလက်ဆိုင်ရာ စာတမ်း အနည်းငယ်သာ ထုတ်ဝေနိုင်ခဲ့ခြင်း၊ ဂျုံနဒါ အကဲဆတ် သင်တန်း (၁) ခုကို တစ်စိတ်တစ်ပိုင်းသာ ဆောင်ရွက်နိုင်ခဲ့ပြီး GAD အစီအစဉ်ကိုမူ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။

ဖိလစ်ပိုင်သည် ရာသီဥတုဆိုင်ရာလုပ်ငန်းများ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ ဂျုံနဒါကဏ္ဍကို ပေါင်းစည်းထည့်သွင်းရာတွင် အခြားအရှေ့တောင်အာရှနိုင်ငံများထက် ရှေ့ပြေးဦးဆောင်နေသော်လည်း၊ ပြဿနာများစွာ ကျန်ရှိနေဆဲဖြစ်သည်။

မူဝါဒ ရည်မှန်းချက်များနှင့် အဓိပ္ပာယ်ပြည့်ဝစွာအကောင်အထည်ဖော်မှုကြား ကွာဟချက်တစ်ခု ရှိသည် - ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းရာတွင် ပါဝင်ခဲ့သူများက ရာသီဥတုလုပ်ငန်းများ၌ ဂျုံနဒါကဏ္ဍကို အဓိက ထည့်သွင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစည်းခြင်းတို့တွင် စိန်ခေါ်မှုများ ရှိနေကြောင်း ပြောကြားခဲ့သည်။ အထူးသဖြင့် ဆုံးဖြတ်ချက်ချသည့် အဖွဲ့အစည်းများ၌ ပါဝင်နိုင်သော တရားဝင်ရပိုင်ခွင့်များအပါအဝင် အမျိုးသမီးများ၏ ဥပဒေရေးရာအခွင့်အရေးများအကြောင်း သိရှိမှုနည်းပါးခြင်းကြောင့် မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်များတွင် ဂျုံနဒါ အရေးကိစ္စများမှာ အကန့်အသတ်ဖြင့်သာ ထည့်သွင်းစဉ်းစားခြင်း ခံခဲ့ရသည်။ ဤသည်မှာ ပိုမို

ကျယ်ပြန့်နက်နဲလှသည့် ပြဿနာဖြစ်သော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် အလွန်ပင် ပေါ်လွင်ထင်ရှားနေသည် (Ani and Casasola 2020)။ ကျေးလက်ဒေသများတွင် ဂျန်ဒါ ပေါင်းစည်းမှု လုပ်ငန်းစဉ် ပိုမိုနှေးကွေးသည့်အတွက် ယင်းစိန်ခေါ်မှုများသည် မြို့ပြများထက် ပိုမိုကြီးမားသည်။

ခိုင်မာအမြစ်တွယ်နေပြီဖြစ်သော ဂျန်ဒါ စံနှုန်းများသည် ထိရောက်သော ဂျန်ဒါ ပေါင်းစည်းမှုကို အဟန့်အတားဖြစ်စေသည် - တွေ့ဆုံမေးမြန်းခဲ့သူများက ဆန်စပါးစိုက်ပျိုးရေး သို့မဟုတ် ငါးဖမ်းလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အိမ်မှုကိစ္စအလုပ်များမှ ဆက်စပ်ဖြစ်လာသည့်လုပ်ဆောင်မှုအဖြစ်သာ မကြာခဏ မှတ်ယူကြသည့်အတွက် (အလုပ်လုပ်သည်ဟု) မမြင်နိုင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထို့အပြင်၊ အကြို သတ်မှတ်ထားသော ဂျန်ဒါအခန်းကဏ္ဍများကြောင့် အမျိုးသမီးများအား ၎င်းတို့၏ ရပ်ရွာများရှိ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်နိုင်မည့်အခွင့်အလမ်းတွင် အကန့်အသတ်ရှိလာစေသည်။ အမျိုးသမီးများကို “အားနည်းသူများ” ဟု မှတ်ယူထားသောကြောင့် ဆည်မြောင်းစနစ်များ ဖော်ဆောင်ခြင်းကဲ့သို့သော နည်းပညာပိုင်းပိုဆန်သည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမျိုးကို ပိတ်ပင်တားမြစ်ခံရကြောင်းလည်း ၎င်းတို့က ဖော်ပြခဲ့သည်။ လူအများစုက အမျိုးသမီးများကို လယ်သမားများနှင့် ငါးဖမ်းသမားများအဖြစ်ထက် စောင့်ရှောက်ပေးသူများနှင့် အိမ်ရှင်မများအဖြစ်သာ ပိုမိုမြင်ကြသည်။

ဂျန်ဒါ အရေးကိစ္စများတွင် ပေါင်းစည်းခြင်းဆိုင်ရာ အသိပညာနှင့် စွမ်းဆောင်ရည် ချို့တဲ့နေသည် - ထိုစံနှုန်းများကြောင့် အကောင်အထည်ဖော်သည့် အေဂျင်စီများအတွင်းသာမက ရပ်ရွာအဆင့်၌တွင်ပင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၌ ဂျန်ဒါကဏ္ဍ ပေါင်းစည်းထည့်သွင်းခြင်းနှင့် ပတ်သက်၍ ယေဘုယျအားဖြင့် အသိပညာနည်းပါးစေနိုင်သည်။ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် ပတ်သက်၍ မှတ်ချက်ပြုခဲ့ရာတွင် ရပ်ရွာလူထုအတွင်း ရာစုနှစ်ပေါင်းများစွာရှိနေခဲ့သည့် ဂျန်ဒါအပေါ် ပုံသေကားကျသတ်မှတ်ခြင်းမှဖြစ်ပေါ်လာနိုင်သော ထိခိုက်မှုများအကြောင်း အသိပညာ နည်းပါးသည်ဟု ဖော်ပြခဲ့သည်။ မူဝါဒရူထောင့်မှကြည့်လျှင် စီမံကိန်းများ အကောင်အထည်ဖော်ရန် တာဝန်ရှိသူများသည် စီမံကိန်းတိုင်းနှင့် အစီအစဉ်တိုင်းတွင် ဂျန်ဒါကဏ္ဍပေါင်းစည်းရန်လိုအပ်မှုကို အမြဲတမ်း အသိအမှတ်ပြုလေ့မရှိဟု တွေ့ဆုံမေးမြန်းသူတစ်ဦးက ပြောကြားခဲ့သည်။

ဖြစ်ရပ်လေ့လာခြင်း - အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ မူဝါဒများ တွင်ပါရှိသည့် ဂျဲန်ဒါကဏ္ဍ

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုသည် အင်ဒိုနီးရှားနိုင်ငံအပေါ် ပြင်းထန်သော ရာသီဥတု ဖြစ်စဉ်များ၊ အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှု နှင့် သစ်တောမီးလောင်မှု၊ ကောက်ပဲသီးနှံများပျက်စီးမှုနှင့် သန့်ရှင်းသောရေ ပြတ်လပ်မှုများကြောင့် အသက်မွေးဝမ်းကျောင်းမှုဆုံးရှုံးမှု တို့ဖြင့် သိသာထင်ရှားသော သက်ရောက်မှုရှိမည်ဟု ခန့်မှန်းရသည်။ တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံသည် ဖန်လုံအိမ်ဓါတ်ငွေ့ (GHG) ထုတ်လွှတ်မှုများကို ဆက်လက်ထုတ်လွှတ်နေဆဲဖြစ်ပြီး အမျိုးသားအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုတွင် စွမ်းအင်ကဏ္ဍသည် ၄၈% ဖြင့် အမြင့်ဆုံး ထုတ်လွှတ်နေပြီး သစ်တောနှင့် သစ်ဆွေးမြေ မီးလောင်မှုမှ ၂၆%၊ စိုက်ပျိုးရေး မှ ၁၁% တို့ဖြင့် ရှိနေပေသည်။ COP 21 ပဲရစ်ညီလာခံတွင် အင်ဒိုနီးရှားသည် ဆန္ဒအလျောက်ဖြင့် ၂၉% ၊ နိုင်ငံတကာ အထောက်အပံ့ဖြင့် ၄၁% လျှော့ချရန် ကတိပြုခဲ့သည်။

အမျိုးသားအဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လိုက်လျောညီထွေဖြစ်စေရန်ဆောင်ရွက်ရေး နောက်ဆုံး စီမံချက် (Rencana Aksi Nasional Adaptasi Perubahan Iklim/ RAN API) အရ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် (၁) ပင်လယ်နှင့် ကမ်းရိုးတန်း၊ (၂) ရေ၊ (၃) စိုက်ပျိုးရေးနှင့် (၄) ကျန်းမာရေး ဟူသော ဦးစားပေးကဏ္ဍ (၄) ခုပါရှိပြီး၊ ယင်းတို့ကို အခြေခံအဆောက်အအုံ၊ နည်းပညာ၊ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်မည့် နည်းဗျူဟာများ အသုံးပြု၍ အကောင်အထည်ဖော်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံကဲ့သို့ပင် ဂျဲန်ဒါကဏ္ဍကို ကဏ္ဍစုံ ချိတ်ဆက် လုပ်ဆောင်သည့် အရေးကိစ္စအဖြစ် အသိအမှတ်ပြုထားသည်။

ဂျဲန်ဒါ၊ လူမှုရေးနှင့် ဂေဟစနစ်ဆိုင်ရာ တရားမျှတမှုရေးရာ လှုပ်ရှားမှု (Aksi for gender, social and ecological justice) မှ အင်ဒိုနီးရှား၏ရာသီဥတုမူဝါဒများအပေါ် ဂျဲန်ဒါ ရှုထောင့်မှ အကဲဖြတ်ခဲ့ရာတွင် "ဂျဲန်ဒါ ရှုထောင့်က ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဂျဲန်ဒါမညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်သော်လည်း၊ အမျိုးသားအဆင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု မူဝါဒများသည် အင်ဒိုနီးရှားရှိ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒများနှင့် လုပ်ဆောင်ချက်များအားလုံးတွင် ဂျဲန်ဒါကဏ္ဍကို ပေါင်းစည်းနိုင်ခြင်း မရှိသေးပေ" ဟု ကောက်ချက်ချခဲ့သည်။ ၎င်းက ထပ်မံရှင်းပြသည်မှာ -

> *"အမျိုးသမီးများနှင့် အခြား ထိခိုက်လွယ်သောအုပ်စုများအပေါ် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များ နည်းပါးနေခြင်း၊ ရာသီဥတုမူဝါဒများနှင့် လုပ်ဆောင်ချက်များ၊ အထူးသဖြင့် လျော့ပါးသက်သာရေးဖော်ဆောင်ရာတွင် ဂျဲန်ဒါ ကျွမ်းကျင်သူများ ပါဝင်မှုအားနည်းခြင်းတို့က ထိုဂျဲန်ဒါ မူဝါဒများနှင့် မကိုက်ညီကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်။ ဘေးအန္တရာယ်ဆိုင်ရာ အစီအစဉ်များ၊ အမှိုက်သရိုက် ဘဏ်များ၊ ရာသီဥတုရွာအစီအစဉ်များ၊ [နှင့်] သစ်ပင်စိုက်ပျိုးခြင်း စသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေး လုပ်ငန်းများကို အမျိုးသမီးများက*

ဆောင်ရွက်ခဲ့ကြသည်။ သို့သော် ထိုလုပ်ငန်းများသည် ၎င်းတို့အတွက် အိမ်ထောင်စု အလုပ်ဝန်ပိမှုနှင့် အလုပ်ချိန်ကို တိုးမြှင့်စေခဲ့သည်။ ထို့အပြင် အမျိုးသမီးများသည် ဖန်လုံအိမ်ခေါင်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် ဆောင်ရွက်သော ရာသီဥတု လုပ်ဆောင်ချက်များ၊ အမျိုးသမီးများ ပါဝင် ပတ်သက်မှု၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများအကြား ဆက်စပ်မှုရှိကြောင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြည့်စုံသော အချက်အလက်များ မရရှိခဲ့ကြပေ။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အမျိုးသမီးများသည် ၎င်းတို့၏ဘဝ၊ မိသားစု၊ ရပ်ရွာများနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်ချမှတ်ရန် အခွင့်အရေး၊ အတွေ့အကြုံနှင့် အသိပညာရှိသည့်အပေါ်တွင်လည်း လေးစားခြင်း မခံခဲ့ရပေ။ အစီအစဉ်ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းမှသည် အကဲဖြတ်ခြင်း အဆင့်များအထိ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ၎င်းတို့ကို ပါဝင်စေခြင်း မရှိခဲ့ပေ။"

စာရေးသူများက အင်ဒိုနီးရှား၏ ရာသီဥတု မူဝါဒများနှင့် လုပ်ဆောင်ချက်များတွင် ဂျဲန်ဒါ စံနှုန်း ထည့်သွင်းမှုကို မြှင့်တင်ရန်အတွက် အောက်ပါ လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် အကြံပြုခဲ့သည်-

- ဂျဲန်ဒါ အကဲဖြတ်မှုများ၊ ခွဲခြားထားသော အချက်အလက် လမ်းညွှန်ချက်များကို ဖော်ဆောင်ပြီး နိုင်ငံအဆင့်၊ မြို့နယ်အဆင့်နှင့် မြို့အဆင့်များအလိုက် အစီအစဉ်များ/လုပ်ငန်းဆောင်ရွက်မှုများ၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအား လိုက်လျောညီထွေလျော့ချနိုင်သည့် မူဝါဒများ၏ ကုန်ကျစရိတ်များ၊ လူမှုမျှဝေအကျိုးကျေးဇူးများတွင် ဂျဲန်ဒါထည့်သွင်းစဉ်းစားမှုများ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန် ပုံမှန် စစ်ဆေးမှုများပြုလုပ်သင့်သည်။
- နိုင်ငံအဆင့်၊ ပြည်နယ်နှင့် မြူနီစပယ်/မြို့နယ်အဆင့်များတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် ဂျဲန်ဒါစံနှုန်း ထည့်သွင်းခြင်း၊ ဂျဲန်ဒါ ခွဲခြမ်းစိတ်ဖြာခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဂျဲန်ဒါ ကျွမ်းကျင်သူများနှင့် ဂျဲန်ဒါ လုပ်ငန်းအစီအစဉ်များအတွက် ခွဲဝေချထားမှုများနှင့်အတူ ဂျဲန်ဒါ တုံ့ပြန်သည့် ဘတ်ဂျက်ရေးဆွဲခြင်းများကို သေချာစေသင့်သည်။
- ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွင် ဂျဲန်ဒါအသိပညာနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပြီး ဂျဲန်ဒါ ကွာဟမှုများကို ဖြေရှင်းရာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရေး မဟာဗျူဟာများ၏ ပံ့ပိုးကူညီမှုကို သေချာစေရန် ဂျဲန်ဒါ ညွှန်းကိန်းများ ဖော်ဆောင်သင့်သည်။
- NDC များ ဆွေးနွေးခြင်း၊ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရေးနှင့် လျှော့ပါးရေးဆိုင်ရာ မူဝါဒများ နှင့် မဟာဗျူဟာမြောက်အဆင့်များကို စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများ ပြုလုပ်သည့်အဆင့်များတစ်လျှောက်လုံးတွင် အမျိုးသမီးများနှင့် အခြား ထိရှလွယ်အုပ်စုများအပြင် ဂျဲန်ဒါကျွမ်းကျင်သူများ ကို ကဏ္ဍအသီးသီး (စိုက်ပျိုးရေး၊ ကမ်းရိုးတန်းနှင့် မြို့ပြ) တို့တွင် အဓိပ္ပာယ်ပြည့်ဝစွာ ကိုယ်စားပြုပါဝင်ခြင်းကို သေချာစေသင့်သည်။

- ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများအပေါ် အမျိုးသမီးများနှင့် အခြား ဖယ်ကြဉ်ခံ အုပ်စုများ၏ အန္တရာယ်များနှင့် ထိခိုက်လွယ်မှုများဆိုင်ရာ ဂျဲန်ဒါ လေ့လာဆန်းစစ်မှုများ ကို ပြုလုပ်သင့်သည်။ ထိုအခါ ဦးစားပေးသတ်မှတ်ထားသည့် မဟာဗျူဟာများနှင့် ရာသီဥတု ပြောင်းလဲမှု လျှော့ပါးရေး လုပ်ဆောင်ချက်များ၌ ဂျဲန်ဒါတုံ့ပြန်မှု ပိုမိုအားကောင်းလာပြီး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ဂျဲန်ဒါကွာဟချက်များကို ပိုမိုအလေးပေးလာနိုင်လိမ့်မည် ဖြစ်သည်။
- လျှော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရေး မူဝါဒများနှင့် လုပ်ဆောင်ချက်များ အားလုံးတွင် ဂျဲန်ဒါစံနှုန်းထည့်သွင်းခြင်းဆိုင်ရာ သမ္မတညွှန်ကြားချက် အမှတ် ၉/၂၀၁၀ ကို ပေါင်းစည်းထည့်သွင်းခြင်းကို သေချာစေသင့်သည်။
- ဂျဲန်ဒါနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအပေါ် အစိုးရ၏ ဗဟုသုတနှင့် အသိပညာများ တိုးမြှင့်နိုင်ရန် မဟာဗျူဟာများချမှတ်လုပ်ဆောင်သင့်သည်။ သို့မှသာ NDC များ၊ ရာသီဥတု မူဝါဒများ၊ လျှော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရေးလုပ်ဆောင်ချက်များသည် ဂျဲန်ဒါရေးရာအပေါ် ပိုမို တုံ့ပြန်မှုရှိလာမည်ဖြစ်သည်။
- နိုင်ငံအဆင့်၊ ပြည်နယ်နှင့် မြူနီစပယ်/မြို့နယ်အဆင့် ရာသီဥတု မူဝါဒများနှင့် လုပ်ဆောင်ချက်များကို ဖော်ဆောင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် အမျိုးသမီးများ၊ အခြားထိရှလွယ်သောအုပ်စုများနှင့် ဂျဲန်ဒါ ကျွမ်းကျင်သူများ ၏ ကိုယ်စားပြုပါဝင်မှုကို သေချာစေသင့်သည်။

စိုက်ပျိုးရေးကဏ္ဍ၌ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများကို ကိုင်တွယ်ရာတွင် ဖြေရှင်းရန် လိုအပ်သည့် စိန်ခေါ်မှုများစွာ ရှိသည်-

- *ရှိရင်းစွဲ ယဉ်ကျေးမှုနှင့် ဂျဲန်ဒါစံနှုန်းများက အမျိုးသမီးများ၏ အသိပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်မှု လက်လှမ်းမီနိုင်ခွင့်ကို ကန့်သတ်ထားသည်*- အချို့ဒေသများတွင် အမျိုးသမီးများသည် ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း စသည့် နေ့စဉ်အိမ်မှုကိစ္စများ ကို လုပ်ဆောင်နေရသောကြောင့် လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ရေးနှင့်သက်ဆိုင်သည့် သင်တန်းအစီအစဉ်များတွင် ပါဝင်နိုင်ခြင်း မရှိကြောင်း သက်ဆိုင်သူများက ပြောသည်။ အလားတူပင် အမျိုးသားကြီးစိုးမှုသဘောရှိသည့် ကန့်သတ်ချက်များက သက်ဆိုင်ရာ အစည်းအဝေးများနှင့် သင်တန်းများသို့ အမျိုးသမီးများ၏ တက်ရောက်နိုင်စွမ်းကို အကန့်အသတ်ဖြစ်စေသည်။
- *မြေယာ လက်လှမ်းမီနိုင်ခွင့်ကန့်သတ်ချက်များက အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းကို ကန့်သတ်ထားသည်*- အင်ဒိုနီးရှား အမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်သော် တစ်ဝက်ခန့်သာ မြေပိုင်ဆိုင်ခွင့် ရှိပြီး ၎င်းသည် စိုက်ပျိုးမြေနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ၎င်းတို့ ပါဝင်ပတ်သက်ရန် သို့မဟုတ် ဦးဆောင်ရန် အခက်အခဲရှိစေသည် (Kieran et al. 2015)။ ဥပမာအားဖြင့် မြေကို ဆီအုန်းစိုက်ခင်းများအဖြစ် ပြောင်းလဲရန် ရောင်းချခြင်း ရှိ၊ မရှိ ဆွေးနွေးမှုများတွင် အမျိုးသမီးများကို အများအားဖြင့် ဖယ်ထုတ်ထားကြောင်း သက်ဆိုင်သူများက ပြောသည်။

- *နည်းပညာ အသုံးပြုခြင်းဆိုင်ရာ အစိုးရ၏ ပံ့ပိုးပေးသော သင်တန်းများသည် အမျိုးသမီးများအတွက် လက်လှမ်းမမီနိုင်လေ့မရှိပေ* - နည်းပညာသုံး စက်ပစ္စည်းများအသုံးပြုခြင်းအပါအဝင် ရာသီဥတု အကြောင်းသိရှိနားလည်စေမည့် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများသည် များသောအားဖြင့် အမျိုးသားများကိုသာ ဦးတည်ထားကြောင်း အင်တာဗျူးဖြေဆိုသူများက ပြောသည်။ ၎င်းသည် အမျိုးသမီးများအတွက် စွမ်းဆောင်ရည် မြှင့်တင်မှုအခွင့်အလမ်း နည်းပါးစေပြီးလျှင် နည်းပညာဆိုင်ရာသင်တန်းများတွင် အမျိုးသမီးများကိုထည့်သွင်းရန် ရည်ရွယ်ချက် အထင်အရှားမရှိကြောင်းကို ဖော်ပြနေပေသည်။ ပရောဂျက် စီမံခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ပါဝင်သော မိတ်ဖက်များက ဂျန်ဒါ ပေါင်းစည်းမှုကို စည်းမျဉ်းစည်းကမ်းလိုအပ်ချက်အရ လုပ်ဆောင်ရုံမျှသာ သဘောထားလေ့ရှိကြောင်းကိုလည်း သက်ဆိုင်သူများက ပြောသည်။

၂.၃.၇ ဆွေးနွေးခြင်း

ဤအပိုင်းတွင် ရာသီဥတုအကျပ်အတည်းသည် ဂျန်ဒါမျှခြေမဟုတ်ကြောင်း ကျွန်ုပ်တို့ လေ့လာခဲ့ကြသည်။ ကိုးကားထားသော လေ့လာမှုများစွာတွင် သမိုင်းကြောင်းနောက်ခံများနှင့် စနစ်တကျ ဖယ်ကြဉ်ခြင်းခံရမှုများကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏အန္တရာယ်ကို ပိုမိုခံစားရသည်ကို တွေ့ခဲ့ရပြီး ဖြစ်သည်။ ဆင်းရဲနွမ်းပါးပြီး ဖယ်ကြဉ်ခံရသော အမျိုးသား၊ အမျိုးသမီးများသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်းများ၏ဆိုးကျိုးကို အခွင့်ထူးခံ အခြားအမျိုးသား၊ အမျိုးသမီးများထက် ပိုမိုခံစားရသော်လည်း ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် ၎င်းတို့ကဲ့သို့ ဆင်းရဲနွမ်းပါးသော အမျိုးသား များထက် မမျှမတစွာဖြင့် ပိုမိုထိခိုက်ခံရသည်ဟူသောအချက်ကို ယခုအခါ အသိအမှတ်ပြုလာကြသည်။ အမျိုးသမီးများ၏ ထိခိုက်လွယ်မှုသည် ရင်းမြစ်များလက်လှမ်းမီနိုင်မှု မရှိခြင်းနှင့် ပတ်သက်နေသည့် ဆင်းရဲနွမ်းမှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ ယင်းမှာ ရှေးရိုးစဉ်လာ ဂျန်ဒါကဏ္ဍ ခွဲခြားမှုများအပြင် အမျိုးသမီးအများစုကို ဆင်းရဲနွမ်းပါးစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သော နိုင်ငံရေးနှင့် စီးပွါးရေးဆိုင်ရာ ဆုံးဖြတ်ချက်များမှတဆင့် စနစ်တကျဆင်းရဲနွမ်းပါးမှု ဖြစ်စေခဲ့သည့်ရလဒ်များဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်ပေသည်။ ထို့အပြင် ရာသီဥတုကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၏ အဆိုးဆုံးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ဆောင်ရွက်ပေးနိုင်သည့် သတင်းအချက်အလက်များ၊ သွားလာလှုပ်ရှားနိုင်မှုနှင့် သင်တန်းများကို လက်လှမ်းမီနိုင်မှု မရှိခြင်းကြောင့်လည်း ပါဝင်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် အမျိုးသမီးများ စနစ်တကျ ပိုမိုထိခိုက်လွယ်စေသည့် အခြားအကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှုပုံစံများ၏ အန္တရာယ်ကို အဆများစွာတိုးကာ ခြိမ်းခြောက်စေသည်။

အမျိုးသမီးအခွင့်အရေးဆိုင်ရာ ထောက်ခံသူများက ကုလသမဂ္ဂအဆင့်တွင် ဂျန်ဒါ တန်းတူညီမျှမှုကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတွင်သာမက ရာသီဥတုရေးရာလုပ်ဆောင်ချက်တွင်ပါ မဟာဗျူဟာမြောက်

အစီအစဉ် တစ်ခုဖြစ်လာစေရန် အသုံးပြုခဲ့သော ကနဦးအစီအမံ နှစ်ခုကိုလည်း ကျွန်ုပ်တို့ သိရှိခဲ့ရသည်။ Deborah Stienstra က ၎င်းကို "Dancing Resistance (ဖယ်ကျဉ်ခံအုပ်စုများက နိုင်ငံရေး/လူမှုရေးပြောင်းလဲမှုအတွက် ကခုံခြင်းကို ခုခံမှုသဖွယ် အသုံးပြုခြင်း “ခုခံတွန်းလှန်ရင်း ကခုန်ခြင်း”) ဟု ဖော်ပြခဲ့ပြီး၊ ကုလသမဂ္ဂတွင် ပါဝင်လှုပ်ရှားခြင်းဟူသည် နိုင်ငံများ၊ နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ နိုင်ငံစုံ ကော်ပိုရေးရှင်းများနှင့် အခြေအနေအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊ မိတ်ဖက်သဖွယ် ပူးတွဲ လုပ်ဆောင်ခြင်း၊ ဘေးသို့တွန်းထုတ်ခြင်းနှင့် ရှောင်ဖယ်ခြင်းတို့ကို ဆိုလိုကြောင်း ရှင်းပြခဲ့သည် (Stienstra, ၂၀၀၀)။ ၎င်းသည် သဘောတူညီချက်များတွင် အသုံးပြုသည့် စကားရပ်ကို တိုက်ရိုက်လွှမ်းမိုးနိုင်စေရန် အမျိုးသမီးများ အစုအဖွဲ့ (women's caucuses) အဖြစ် စုစည်းလှုပ်ရှားခြင်း၊ အစိုးရများမှ ၎င်းတို့၏ မူဝါဒများကို အကောင် အထည်ဖော်သည့်အခါ ဂျန်ဒါ ခွဲခြားစိတ်ဖြာခြင်းနှင့် အကဲဖြတ်ခြင်းများ ပြုလုပ်ရန် သေချာစေခြင်း၊ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်သမား အခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို အထူးဂရုပြုဖြေရှင်းရန်၊ နှင့် နိုင်ငံတကာ အသိုက်အဝန်းမှ အရပ်ဘက်လူ့အဖွဲ့အစည်း လုပ်ငန်းများ၊ အထူးသဖြင့် အောက်ခြေအဖွဲ့အစည်းများနှင့် ဆက်လက် ပါဝင်လုပ်ဆောင်ရန် ကတိကဝတ်ပြုခြင်းတို့ကို ဆိုလိုသည်။

ပထမဆုံးအစီအမံမှာ ဂျန်ဒါ ဟန်ချက်ညီမျှရေး (Gender Balance) ဖြစ်ပြီး၊ နိုင်ငံတကာအဆင့်မှ ဒေသဆိုင်ရာ အဆင့်အထိ ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်ပြီး ၎င်းတို့၏ အသံများကို ကြားနိုင်စေရေးဖြစ်သည်။ ဤနေရာတွင် အဓိကမေးခွန်းမှာ – အမျိုးသမီးများ ဘယ်မှာလဲ? ဖြစ်သည်။ UNFCCC မှ ဂျန်ဒါ တန်းတူညီမျှရေးကို ရည်မှန်းချက်တစ်ခုအဖြစ် အတိအလင်း ထည့်သွင်းပြီးနောက် ပထမဆယ်နှစ်တာ ကာလအတွက် အဓိကထားသည်မှာ ဒေသန္တရအဆင့်တွင် စွမ်းဆောင်ရည်မြှင့်တင်မှုများမှတစ်ဆင့် အမျိုးသမီးများအား အရေးကြီးသော ဆွေးနွေးပွဲများတွင် (လူကိုယ်တိုင် တက်ရောက်နိုင်သူ သို့မဟုတ် ဟောပြော ဆွေးနွေး ပြောဆိုသူအဖြစ်) တက်ရောက်နိုင်စေရန် ပြင်ဆင်ပေးခြင်း၊ ၎င်းတို့အား စာချုပ်အဖွဲ့ဝင်နိုင်ငံများကိုသာမက မြောက်ကမ္ဘာခြမ်းရှိ အခြားအမျိုးသမီးထောက်ခံသူများကိုပါ စည်းရုံးလှုံ့ဆော်နိုင်စေရန်အတွက် အထူးသဖြင့် တောင်ကမ္ဘာခြမ်းမှ အမျိုးသမီးထောက်ခံသူများအား ခရီးစရိတ်ထောက်ပံ့မှုများ ပေးအပ်ခြင်းတို့ဖြစ်သည်။

ဒုတိယအစီအမံမှာ (ဂျန်ဒါရေးရာတရားမျှတမှုရှိစေရေးအတွက်) ဂျန်ဒါ ကိစ္စများကို လုပ်ငန်းစဉ်အားလုံး၏ ပင်မရေစီးကြောင်းထဲ ထည့်သွင်းစဉ်းစားခြင်း (Gender Mainstreaming) ဖြစ်ပြီး၊ အမျိုးသမီးများ ကိုယ်စားပြု ပါဝင်ပြီး ၎င်းတို့၏ အသံများကိုကြားရသောအခါ ၎င်းတို့၏ပြဿနာများကို နိုင်ငံတကာ ကတိကဝတ်များနှင့် လက်တွေ့ လုပ်ဆောင်နိုင်သော မူဝါဒများအဖြစ် ဖော်ဆောင်ရာဝယ် အမျိုးသမီးတို့၏အသံများ နောက်ပိုင်းတွင် ပျောက်ကွယ်မသွားစေရန် သေချာစေခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ပျက်စီးမှုကို ပြန်လည်ပြင်ဆင်ရန်ကြိုးပမ်းသည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကသဘောတူညီစာချုပ်များတွင် ဤမဟာဗျူဟာကို ထည့်သွင်း အောင်မြင်ခဲ့သည်မှာ ပေါ်လွင်ခဲ့ပေသည်။ သို့သော် ဤအပိုင်းတွင် ကျွန်ုပ်တို့ သိရှိခဲ့ရသည့်အတိုင်း ဂျန်ဒါကိစ္စများကို ပင်မရေစီးကြောင်းထဲ ထည့်သွင်းခြင်းသည် အလိုအလျောက် အကောင်အထည်ပေါ်လာသည်မျိုးမဟုတ်ဘဲ ထိုသို့ ထည့်သွင်းနိုင်ရေးအလို့ငှာ အတိအကျ လုပ်ဆောင်ရမည့် အဆင့်များရှိနေပေသည်။ အမျိုးသားအဆင့် ရာသီဥတု လုပ်ဆောင်မှုအစီအစဉ် နှစ်ခုကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် ဂျန်ဒါကိစ္စကို ဘက်ပေါင်းစုံနှင့် သက်ဆိုင်သော ပြဿနာအဖြစ် အသိအမှတ်

ပြဂုံမှုဖြင့် မလုံလောက်ကြောင်းကို တွေ့ရသည်။ ဂျဲန်ဒါကိစ္စများကို ပင်မရေစီးကြောင်း ထဲသို့ထည့်သွင်းခြင်းသည် ပထမဦးစွာ ဂျဲန်ဒါ ကွာဟချက်များကို နားလည်ခြင်း၊ ထို့နောက် စိတ်ဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် ဂျဲန်ဒါ တန်းတူညီမျှရေးအတွက် တိုးတက်မှုကို အကဲဖြတ်ခြင်း တို့တွင် ဂျဲန်ဒါအရေးကို တုံ့ပြန်ဆောင်ရွက်သည့် အစီအမံများနှင့် ချဉ်းကပ်မှုများကို အသုံးပြုခြင်း တို့ဖြင့်သာ ဖြစ်ပေါ်လာနိုင်ပေသည်။

ကျိုတို ညှိနှိုင်းချက်အရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်ရန် ပထမဆုံး တောင်းဆိုခဲ့သည့် UNFCCC COP 7 အပြီး နှစ်ပေါင်းနှစ်ဆယ်ကာလအတွင်း အမျိုးသမီးများသည် ကာကွယ်ရန် လိုအပ်သည့် အုပ်စုတစ်စုမျှသာ မဟုတ်ဘဲ၊ ၎င်းတို့ကိုယ်တိုင်ပင် ပြောင်းလဲမှု၏ အေးဂျင့်များ ဖြစ်နိုင်ကြောင်း၊ အမျိုးသမီးများသည် ထိန်းသိမ်းစောင့်ရှောက်မှု၊ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုနှင့် လျှော့ချမှုတို့တွင် အရေးပါသော အသိပညာများရှိကြပြီး အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ဖြည်းဖြည်းချင်း အသိအမှတ်ပြုလာကြသည်။ ဤအချက်သည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် တုံ့ပြန်မှုများကို ပိုမိုပြောင်းလဲစေမည့် ချဉ်းကပ်မှုအတွက် အခွင့်အလမ်းကို ဖွင့်ပေးခဲ့သည်။ နောက်ထပ် အဓိကမေးခွန်းမှာ မည်သည့် အမျိုးသမီးများလဲ? ဖြစ်သည်။ Marchand နှင့် Runyan တို့က "၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများ၊ နားလည်မှုများနှင့် လုပ်ဆောင်ချက်များကို ပြောဆိုသည့် မတူညီသော လူမှုရေးနေရာများမှ အမျိုးသမီးများကို မီးမောင်းထိုးပြခြင်း အားဖြင့် ဤပုံပိုးမှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်ကို အထူးအလေးပေးထားခဲ့သည်၊ သို့မှသာ အမျိုးသမီးများကို “ဘေးဒုက္ခသည်များ” အဖြစ် ဖော်ပြခြင်းမှ ရှောင်ရှားနိုင်မည်” ဟု ပုံဖော်ခဲ့သည် (Runyan and Marchand, ၂၀၁၀)။

ကိစ္စအများစုကဲ့သို့ပင် "ဂျဲန်ဒါ" ဟူသော စကားလုံးကို ရိုးရိုးလေး ထည့်သွင်းရုံဖြင့် ဂျဲန်ဒါ တန်းတူညီမျှမှု ဖြစ်ပေါ်လာမည်မဟုတ်ဘဲ လူမှုရေးတရားမျှတမှုသည် ပို၍ပင် ဝေးကွာနေမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် ဆင်းရဲမြဲပင်ဖြစ်နေပြီး (ပြင်းထန်နေပြီဖြစ်သော) ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ ကနဦး လက္ခဏာများနှင့် သက်ရောက်မှုများအကြား ရှင်သန်နိုင်ရန်အတွက် အများအားဖြင့် ၎င်းတို့ကိုယ်တိုင် ရုန်းကန်နေ ကြရသည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ ဂျဲန်ဒါ ကွဲပြားသော သက်ရောက်မှုများကို ဖြေရှင်းရန် နိုင်ငံများမှ စီစဉ်ဆောင်ရွက်ရာတွင် အရေးတကြီးကိစ္စတစ်ခုအနေဖြင့် ဖော်ပြခြင်းမှာ သိသိသာသာ မရှိနေခဲ့ပေ။ အထက်တွင် ဆွေးနွေးခဲ့သော အမျိုးသားအဆင့် ရာသီဥတုလုပ်ဆောင်မှု အစီအစဉ်နှစ်ခုတွင် တွေ့မြင်ခဲ့ရသည့်အတိုင်း ရာသီဥတုကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကြောင့် အမျိုးသမီးများ အသက်ဆုံးရှုံးမှု ပိုများနေသော်လည်း နိုင်ငံများအနေဖြင့် အမျိုးသမီးများကိုရှာဖွေသည့်အဆင့်ထက် ကျော်လွန်ကာ တိုးတက်သည်မျိုး မရှိသေးချေ။ ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ဖွန်း ဟိုင်ယန် ဖြစ်ပွားပြီးနောက် သေဆုံးသူများ၏ ခန့်မှန်းခြေ ၆၄% မှာ အမျိုးသမီးများ ဖြစ်သည် (APWLD, ရက်စွဲမပါရှိပါ)။

နောက်ဆုံးအချက်အနေဖြင့် ဤနေရာအထိ "ဂျဲန်ဒါ" ဟူသော ဝေါဟာရသည် လိင်ကွဲပြားသူ အမျိုးသားနှင့် အမျိုးသမီးများကိုသာ သီးသန့်ရည်ညွှန်းခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်အတွင်း LGBTQI+ အသိုက်အဝန်း

အပါအဝင် လိင်စိတ်နှင့် ဂျဲန်ဒါ ဝိသေသလက္ခဏာ မတူညီသော တစ်ဦးချင်းကို အသိအမှတ်ပြုခြင်းဖြင့် ဂျဲန်ဒါ သဘောတရားသည် ပြောင်းလဲတိုးတက်လာခဲ့သည်။ လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် လိင်ကွဲပြားမှု ကျား-မ အားဖြင့် ဖော်ပြသည့်အတိုင်းပင် ပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဂျဲန်ဒါဆွေးနွေးမှုများတွင် ဤ LGBTQI+ အသိုက်အဝန်းသည် သိသိသာသာ ပျောက်ကွယ်နေဆဲဖြစ်သည် (Thuringer, ၂၀၁၆)။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွင် သီးသန့်အနေဖြင့် ဖယ်ကြဉ်ခံရသော LGBTQI+ အသိုက်အဝန်း၏ ထိခိုက်ခံစားရလွယ်မှုကို နားလည်စေရန်နှင့် ၎င်းကို လျော့ပါးသက်သာစေရန်၊ လိုက်လျောညီထွေဖြစ်စေရန် ဂျဲန်ဒါ ပိုမိုပါဝင်သော ချဉ်းကပ်နည်းကို မည်သို့လုပ်ဆောင်နိုင်သည်ကို နားလည်ရန်အတွက် သုတေသနပြုမှုများနှင့် စေ့စပ်သော နားထောင်မှုများ ပိုမိုလိုအပ်နေပေသည်။

၂.၄ ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှုအပေါ် ကိုလိုနီခေတ်လွန် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ ချဉ်းကပ်မှု

ဤအခန်းကဏ္ဍတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဟောပြောဆွေးနွေးမှုများအပေါ် ကိုလိုနီခေတ်လွန် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒရှုထောင့်မှ ဆန်းစစ်ခြင်းဆိုသည်မှာ မည်သို့ဖြစ်သည်ကို ရှင်းလင်းတင်ပြထားသည်။ ရှေးဦးစွာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ အဓိကဆွေးနွေးချက်များတွင် မေးခွန်းထုတ်စရာ မလိုသည့် ကမ္ဘာလုံးဆိုင်ရာ လူမှုစနစ်တစ်ခုအဖြစ် တည်ရှိနေသော နီယိုလစ်ဘရယ်ဝါဒ (Neoliberalism) ဖြင့် စိစစ်ထားသည်။ ၎င်းသည် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှုကို နီယိုလစ်ဘရယ် စံနှုန်းဘောင်များအတွင်း သွတ်သွင်းခြင်းဖြင့် ရာသီဥတုဆိုင်ရာလူထုဆွေးနွေးမှုများကို နိုင်ငံရေးအနှစ်သာရ ကင်းမဲ့သွားအောင် မည်သို့ပြုလုပ်ခဲ့သည်ကို ဖော်ပြထားသည်။ ဤအခြေအနေကို တန်ပြန်သည့်အနေဖြင့် ကိုလိုနီခေတ်လွန် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ ဆန်းစစ်ချက်ကို အစားထိုးဆွေးနွေးချက်အဖြစ် တင်ပြထားသည်။ ဤတန်ပြန်ဆွေးနွေးမှုသည် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ၏ မူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုများပေါ်တွင် အခြေခံထားပြီး၊ ကမ္ဘာ့တောင်ခြမ်း သို့မဟုတ် လူဦးရေအများစုဖြစ်ရာ ကမ္ဘာပေါ်ရှိအခြေခံလူတန်းစားများ နေ့စဉ်ရင်ဆိုင်နေရသည့် များပြားလှသော လက်တွေ့ဘဝအခြေအနေများကို ရှေ့တန်းတင်ခြင်းဖြင့် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှု ဆွေးနွေးပွဲများကို နိုင်ငံရေးအမြင်သစ်ဖြင့် ပြန်လည်အသက်သွင်းရန် ရည်ရွယ်သည်။

၂.၄.၁ နီယိုလစ်ဘရယ် ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှု

မကြာသေးမီက ပြီးဆုံးသွားခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (COP27) ကို အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရနိုင်ခြေရှိသည့် နိုင်ငံများအတွက် "ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုရန်ပုံငွေ" (Loss and Damage Fund) တစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြသောကြောင့် ဖြစ်သည်။ ဤအောင်မြင်မှုတွင် ထိခိုက်လွယ်သော နိုင်ငံများအဖွဲ့ (V20) နှင့် စက်မှုထိပ်သီး (G7) နိုင်ငံများအကြား ပူးပေါင်းတည်ထောင်သည့် **"Global Shield" (ကမ္ဘာလုံးအတိုင်းအတာအရ ကာကွယ်မှုစနစ်)** လည်း ပါဝင်ပြီး၊ ၎င်းသည်

ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှုများကို ငွေကြေးအရ ကာကွယ်ပေးရန် ရည်ရွယ်ခြင်း ဖြစ်သည်။ "Global Shield" သည် V20 နိုင်ငံများအတွင်း ဖြစ်နိုင်ချေရှိသော ရာသီဥတုဆိုင်ရာအန္တရာယ်များအတွက် ရန်ပုံငွေကို စနစ်တကျ ချဲ့ထွင်ရန်နှင့် ရာသီဥတုဒဏ်ကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်သည့် ဘဏ္ဍာရေးယန္တရားတစ်ခု ဖြစ်သည်။ ၎င်းတွင် V20 အစိုးရများက လူမှုအလွှာအသီးသီးနှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ငွေကြေးထောက်ပံ့ခြင်းနှင့် နိုင်ငံအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် "ထိရောက်သော ကာကွယ်ရေး အစီအစဉ်များ" ရေးဆွဲရန် ကူညီခြင်းတို့ ပါဝင်သည်။ ဤကာကွယ်ရေး အစီအစဉ်များသည် ရာသီဥတုဆိုင်ရာ အချက်အလက်များကိုအခြေခံ၍ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရမည့် ဘေးကင်းလုံခြုံရေး ကွန်ရက်များကို အားကောင်းစေရန်လည်း ရည်ရွယ်သည်။ "Global Shield" သည် သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုအတွက် ရန်ပုံငွေပေးခြင်း၊ တောင်သူလယ်သမားများ မိုးခေါင်မှုဒဏ်အတွက် အာမခံထားရှိပေးခြင်းနှင့် ပရီမီယံကြေးများ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ၎င်းကို ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးရွားသော ရိုက်ခတ်မှုများမှ ကာကွယ်ပေးသည့် လူမှုဖူလုံရေးအာမခံစနစ်တစ်မျိုးအဖြစ် ဖော်ပြကြသည်။ ဤစနစ်မှတစ်ဆင့် V20 နိုင်ငံများသည် ကြုံတွေ့လာရမည့် ထိခိုက်ပျက်စီးမှုများအတွက် ပိုမိုပြင်ဆင်နိုင်ပြီး၊ ရာသီဥတုဒဏ်ခံနိုင်ရည် (Resilience) ပိုမို မြင့်မားလာစေရန် ပံ့ပိုးပေးထားခြင်းဖြစ်သည်။

"Global Shield" ကို ဘဏ္ဍာရေးယန္တရားတစ်ခုအဖြစ် ဖော်ဆောင်ခြင်းနှင့် "ကာကွယ်ရေး အစီအစဉ်များ"၊ "အာမခံမူဝါဒများ"၊ "ပရီမီယံကြေးများ" စသည့် ဘောဂဗေဒဆိုင်ရာ အသုံးအနှုန်းများကို အသုံးပြုခြင်းက ရာသီဥတု စီမံအုပ်ချုပ်မှုကို စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုပုံစံဖြင့် ချဉ်းကပ်နေသည်ကို ပြသနေပေသည်။ V20 နိုင်ငံများအတွက် နစ်နာကြေးတစ်ရပ်ဖြစ်သော "ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှု ရန်ပုံငွေ" သည် ရာသီဥတုဒဏ်ကို တုံ့ပြန်သည့် ကာကွယ်ရေး အစီအစဉ်များအဖြစ် ပြောင်းလဲသွားသော လျော့ပါးသက်သာစေရေး ဗျူဟာတစ်ခုသာ ဖြစ်သည်။

ဤအောင်မြင်မှုဟု ခေါ်ကြသော သဘောတူညီချက်သည် "ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အခြေခံကျကျ မည်သို့အဆုံးသတ်မည်နည်း သို့မဟုတ် နောက်ပြန်လှည့်မည်နည်း" ဟူသော မေးခွန်းကို လျစ်လျူရှုထားသည်ဟု ဆိုနိုင်သည်။ COP27 သည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို အကောင်းဆုံးနည်းလမ်းဖြင့် လျော့ပါးသက်သာအောင် ပြုလုပ်ရေးဟူသောအချက်ပေါ်ကိုသာ အခြေခံခဲ့သည်။ ဤဗျူဟာကို COP28 တွင်လည်း ထပ်မံအတည်ပြုခဲ့ပြီး၊ ကမ္ဘာ့ရာသီဥတု လျော့ပါးသက်သာစေရေးအတွက် တိုးတက်မှုများကို ဆန်းစစ်ရန်သာ ကတိပြုခဲ့ကြသည်။ ၎င်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကျွန်ုပ်တို့ ကာကွယ်ရမည့် "တရားခံ" တစ်ဦးအဖြစ် ပုံဖော်ထားသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အဓိကဖြစ်စေသည့် စက်မှုထွန်းကားသော နိုင်ငံများကိုမူ ကာဗွန်အလွန်အကျွံ ထုတ်လွှတ်မှုအတွက် ငွေပေးရမည့်သူများ သို့မဟုတ် V20 နိုင်ငံများကို ငွေကြေးကူညီပေးမည့် ကယ်တင်ရှင်များအဖြစ် ရံဖန်ရံခါ ဖော်ပြတတ်ကြသည်။ စက်မှုထွန်းကားသော နိုင်ငံများ၏ နေထိုင်မှုဘဝကို လှုံ့ဆော်ပေးနေပြီး ကမ္ဘာ့နိုင်ငံအများစု/ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ စီးပွါးရေး၊ နိုင်ငံရေးနှင့် လူမှုရေး အရင်းအနှီးများကို ဝါးမြိုနေသည့် နီယိုလစ်ဘရယ် နိုင်ငံရေးနှင့် စီးပွားရေးစနစ်ကိုမူ သတိမမူမိအောင် သို့မဟုတ် မဖြစ်မနေ လက်ခံရမည့် အရာတစ်ခုအဖြစ် ဖုံးကွယ်ထားကြသည် (Mies and Shiva, ၁၉၉၃)။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးချက်များကို နိုင်ငံရေးအနှစ်သာရ ပြန်လည်သွတ်သွင်းခြင်း ဆိုသည်မှာ ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် "စျေးကွက်စီးပွားရေး လုပ်ဆောင်ချက်များ" ကို ညှိနှိုင်း၍မရသော အရာအဖြစ် သတ်မှတ်ထားသည့်အပေါ် မေးခွန်းထုတ်ခြင်း ဖြစ်သည်။ ရာသီဥတု ခြိမ်းခြောက်မှုများမှ ကာကွယ်ရန် ထက် ကျော်လွန်၍ ကမ္ဘာ့နိုင်ငံရေး စီးပွားရေးစနစ်၏ အပြုအမူများသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်စေသည့် စနစ်တကျ အကြောင်းရင်းများ ဟုတ်/မဟုတ်ကို မေးခွန်းထုတ်ရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ နိုင်ငံရေးအနှစ်သာရပါရှိသော ရာသီဥတုစီမံအုပ်ချုပ်မှု ချဉ်းကပ်ပုံသည် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု စနစ်အတွင်း နက်ရှိုင်းစွာ အမြစ်တွယ်နေသော အာဏာ၊ မှီခိုမှုနှင့် ခေါင်းပုံဖြတ်မှုဆိုင်ရာ စနစ်တကျ ဆက်နွယ်မှု များအကြောင်း မီးမောင်းထိုးပြထားသည်။ ဤရပ်တည်ချက်မှနေ၍ ကိုလိုနီခေတ်လွန် ဂေဟစနစ် အခြေပြု အမျိုးသမီးဝါဒဆိုင်ရာဆန်းစစ်မှုဖြင့် လက်ရှိရာသီဥတုဆိုင်ရာစီမံအုပ်ချုပ်မှုစံနှုန်းများကို မေးခွန်းထုတ်ရေး၊ ပြန်လည် ညှိနှိုင်းရေးနှင့် အသွင်ကူးပြောင်းရေးအလို့ငှာ သန္နိဋ္ဌာန်ချထားခြင်း ဖြစ်သည်။

၂.၄.၂ ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒနှင့် ရာသီဥတုဆိုင်ရာစီမံအုပ်ချုပ်မှုကို ပြန်လည်သုံးသပ်ခြင်း

၁၉၉၂ ခုနှစ်တွင်ပြုလုပ်သည့် ပထမအကြိမ် မြေကမ္ဘာထိပ်သီးညီလာခံအပြီး တစ်နှစ် အကြာတွင်ပင် အမျိုးသမီးဝါဒီ ပညာရှင်များဖြစ်ကြသော ဗန်ဒါနာ ရှီဗာ (Vandana Shiva) နှင့် မာရီယာ မိစ် (Maria Mies) တို့သည် ဂေဟစနစ် အခြေပြု အမျိုးသမီးဝါဒဆိုင်ရာ ဆန်းစစ်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။ ၎င်းတို့သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်ကို ပုံဖော်မောင်းနှင်နေသည့် ဖိုဝါဒီဆန်သော၊ ကိုလိုနီပြုလိုသော နှင့် စျေးကွက်ကိုသာဗဟိုပြုသော ကျင့်စဉ်များအား ပြတ်ပြတ်သားသား ထောက်ပြခဲ့ကြပြီး ဤစနစ်သည်သာ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု အတွက် တာဝန်ရှိသည်ဟု စွပ်စွဲခဲ့ကြသည် (Mies and Shiva, ၁၉၉၃)။ ၎င်းတို့က ဤဆန်းစစ်ချက်ကို ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ ချဉ်းကပ်မှုဟု ခေါ်ဆိုခဲ့သည်။ နောက်ပိုင်းပညာရှင်များနှင့် လူမှုလှုပ်ရှားမှုများ ကလည်း ဤအယူအဆကို အခြေခံ၍ နီယိုလစ်ဘရယ် ရာသီဥတုအုပ်ချုပ်မှုသည် အရင်းရှင်စနစ်နှင့် ဖိုဝါဒီယုတ္တိဗေဒ ပေါ်တွင်သာ အခြေခံထားကြောင်း ရှေ့တန်းတင် ဖော်ထုတ်လာခဲ့ကြသည်။ ဤသို့သော အုပ်ချုပ်မှုပုံစံဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို စီမံခန့်ခွဲရုံမျှ၊ လျော့ပါးသက်သာအောင်လုပ်ရုံမျှဖြင့် လုံလောက်မှုမရှိကြောင်း၊ ၎င်းကိုယ်တိုင်ကပင် ရာသီဥတု ပြောင်းလဲမှုကို ဖြစ်စေသော စနစ်တကျကျူးလွန်သည့် တရားခံ ဖြစ်နေကြောင်း ထောက်ပြခဲ့ ကြသည်။

လွှမ်းမိုးထားသော နီယိုလစ်ဘရယ် ရာသီဥတုအုပ်ချုပ်မှုအပေါ် ဝေဖန်ဆန်းစစ်ရာတွင် မက်ဂရီဂေါ် (MacGregor, ၂၀၁၄) ၏ "တွန်းလှန်မှုပုံစံတစ်ရပ်အဖြစ် အမျိုးသမီးဝါဒဆိုင်ရာ ဂေဟစနစ်နိုင်ငံသားဖြစ်မှု" တည်ဆောက်ရေး လုပ်ငန်းသည် အဓိကကျပြန်သည်။ မက်ဂရီဂေါ်၏ ဆန်းစစ်ချက်သည် အသိပညာဆိုင်ရာ အခိုင်အမာဆိုချက်များကို လွှမ်းမိုးချုပ်ကိုင်ထားမှု အပါအဝင် အာဏာစိုးမိုးသည့်ဆက်ဆံရေးမှန်သမျှကို တွန်းလှန်ခြင်းအပေါ်တွင် အခြေခံသည်။ သူမသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးချက်များတွင် ဖိုဝါဒီ ဆန်သော၊ နယ်ချဲ့လိုသော၊ နီယိုလစ်ဘရယ် အသိပညာဗေဒများ (Epistemologies) က လွှမ်းမိုးထားပုံကို ဖော်ထုတ် ပြသ ခဲ့သည်။ ၎င်းတို့သည် သဘာဝတရားကို ထိန်းချုပ်ရန်၊ အမှန်တရားကို ကမ္ဘာလုံးဆိုင်ရာ စံနှုန်းအဖြစ် သတ်မှတ်ရန် နှင့် ထိုသို့သော

နည်းပညာရပ်ဆိုင်ရာ ဆန်းစစ်ချက်များမှတစ်ဆင့် ကြီးကျယ်သော ဇာတ်ကြောင်းများကို တည်ဆောက်ရန် ရည်ရွယ်သည့် "နည်းပညာဗဟိုပြု သိပ္ပံနည်းကျ ရှင်းလင်းချက်များ" ကို အသုံးပြုထားကြသည်။ ဤအရာ အားလုံးသည် ရာသီဥတု လျော့ပါးသက်သာစေရေး ဆောင်ရွက်နေသည့် ဗျူဟာများက စွေးကွက်ရှေးရှုသော အကျိုးစီးပွါးများကိုသာ ပံ့ပိုး ကူညီရန်နှင့် ကာကွယ်ပေးရန် ဦးတည် နေခြင်းဖြစ်သည် (MacGregor, ၂၀၁၄)။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် နည်းပညာ-သိပ္ပံနည်းကျ ဖြေရှင်းချက်များကိုသာ အသားပေးနေသည့် လက်ရှိ ဆွေးနွေးမှုများသည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အဖွဲ့အစည်းများ၏ ကွဲပြားခြားနားသော ဖွဲ့စည်းပုံများနှင့် လက်တွေ့ခံစားချက်များအား လျစ်လျူရှုထားကြောင်း အမျိုးသမီးဝါဒီ ပညာရှင်များက ဝေဖန်ခဲ့ကြသည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို သိပ္ပံနည်းကျ ပြဿနာတစ်ခုအဖြစ်သာ ပုံဖော်ခြင်းသည် အရင်းရှင်များက အတိုင်းအဆ မရှိ ဓနဥစ္စာ စုဆောင်းခြင်း၊ ထိုဓနဥစ္စာများ တည်ဆောက်ရန် သဘာဝသယံဇာတများကို ရယူခြင်းနှင့် ထိုသယံဇာတနှင့် ဓနဥစ္စာများကို စီမံခန့်ခွဲမှုအပေါ် ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေရန် လမ်းဖွင့်ပေးနေသည်ဟု ၎င်းတို့က အလေးပေး ပြောကြားခဲ့သည် (Bee, Rice, and Trauger, ၂၀၁၅)။ "ပုံမှန်အတိုင်း စီးပွါးရေးလုပ်ကိုင်ခြင်း" ဟု ခေါ်ဆိုနိုင်သော ရာသီဥတုစီမံအုပ်ချုပ်မှုပုံစံတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို နည်းပညာ-သိပ္ပံနည်းကျ နားလည်သဘောပေါက်လိုက်ခြင်းက ဤမျှကြီးမားလွန်းလှသော ပြဿနာအတွက် ဖြေရှင်းချက်မှာ "တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း၏ အပြုအမူပြောင်းလဲခြင်း" သာဖြစ်သည်ဟု ပုံဖော်လာစေသည် (Rice ၂၀၁၄)။ ထိုအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ရိုက်ခတ်မှုကို ကျော်လွှားရန်အတွက် တစ်ဦးချင်းစီ၏ ရွေးချယ်မှုများဖြစ်သော—ပြန်လည်အသုံးချခြင်း (Recycle)၊ ပြန်လည်သုံးစွဲခြင်း (Reuse)၊ လျှော့ချခြင်း (Reduce)၊ အခွင့်သင့်သည့်အခါတိုင်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း (Go green) နှင့် အပြုအမူ၊ ABC ဟူသည့် ချဉ်းကပ်နည်း (Attitudes- ခံယူချက်၊ Behaviour- အပြုအမူများ၊ Choice ရွေးချယ်မှုများကို ပြောင်းလဲခြင်း) စသည့်အချက်များ အပေါ်၌သာ အာရုံစိုက်လာကြသည် (Shove, ၂၀၁၀)။

ဤသို့သော ချဉ်းကပ်မှုများသည် နိုင်ငံသားတစ်ဦးချင်းစီ၏ နေထိုင်မှုပုံစံ ပြောင်းလဲခြင်းကသာ ရာသီဥတု ပြောင်းလဲမှုကို တုံ့ပြန်ရန်၊ နောက်ပြန်လှည့်ရန်နှင့် ကျော်လွှားရန် စွမ်းအားရှိသည်ဟု လူထုကို ယုံကြည်လာစေသည်။ ထိုအခါ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရမည့်တာဝန်အား လူတစ်ဦးချင်းစီထံသို့ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပြီး၊ ရေရှည် မတည်တံ့နိုင်သော စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကို အရေးယူကိုင်တွယ်ရမည့် အစိုးရ၏ တာဝန်ကို လျှော့ချပစ်ခြင်း (သို့မဟုတ်) ကင်းလွတ်ခွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ Shove (၂၀၁၀) ပြောသကဲ့သို့ "အစိုးရများသည် ရေရှည်မတည်တံ့နိုင်သော စီးပွားရေးအဖွဲ့အစည်းများနှင့် နေထိုင်မှုပုံစံများကို မည်မျှအထိ ထောက်ပံ့ပေးထားသည်ကို ဤချဉ်းကပ်မှုက ဖုံးကွယ်ထားသည်" (၂၀၁၀၊ စာမျက်နှာ ၁၂၇)။

စွေးကွက်ရှေးရှုသော အစိုးရများကို ဆန့်ကျင်ရပ်တည်ရန် ပိုမိုအားကောင်းသည့် နိုင်ငံတော်ယန္တရား ရှိလာစေရေးအတွက် အမျိုးသမီးဝါဒီများ၏ ဝေဖန်ထောက်ပြမှုနှင့် တိုက်တွန်းလှုံ့ဆော်မှုများသည် ကာလရှည်ကြာစွာ ရှိခဲ့ကြပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "စွေးကွက်ဗဟိုပြု အုပ်ချုပ်မှု" သည် ကမ္ဘာ့စနစ်သစ်တစ်ခုအဖြစ် တဖြည်းဖြည်း ချဉ်းကပ်လာနေသောကြောင့် ဖြစ်သည်။ တက်ကြွ လှုပ်ရှားသူ-ပညာရှင် ဗီဗီယန် တေလာ (Vivienne

Taylor) နှင့် ခေတ်သစ်အမျိုးသမီးများအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အစားထိုးရွေးချယ်မှုများ (DAWN) အဖွဲ့၏ “အုပ်ချုပ်မှုစနစ်ကို ဈေးကွက်သို့ လွှဲပြောင်းခြင်း” (Marketization of Governance) ဟူသော ထင်ရှားသည့် စာတမ်းသည် ဤအချက်ကို သက်သေပြနေသည်။ လူမှုလှုပ်ရှားမှု နိုင်ငံရေး တွင် အခြေခံ၍ တေလာနှင့် DAWN (၂၀၀၀) တို့က အမျိုးသမီးဝါဒီ ရှုထောင့်မှ အောက်ပါအတိုင်း အခိုင်အမာ ဆိုခဲ့ကြသည် -

> "နိုင်ငံတော် အချုပ်အခြာအာဏာ၊ နိုင်ငံရေးအရ ကိုယ်ပိုင်လက္ခဏာနှင့် လုံခြုံရေး စသည့် အယူအဆများကို အမျိုးသမီးဝါဒီရှုထောင့်မှကြည့်လျှင် ၎င်းတို့သည် အမျိုးသမီးများနှင့် ဆင်းရဲသားများအပေါ် အာဏာသုံးခြင်း၊ ထိန်းချုပ်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းပုံစံများကို ရောင်ပြန်ဟပ်နေသည်။ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ စီးပွါးရေးနှင့် နိုင်ငံရေးဖိအားများကြားမှပင် ကမ္ဘာ့တောင်ခြမ်းရှိ အမျိုးသမီးများသည် ပြောင်းလဲနေသော နိုင်ငံရေးနှင့် အုပ်ချုပ်မှုနယ်ပယ်များတွင် ၎င်းတို့၏ အခွင့်အရေးများကို စတင် တောင်းဆိုလာကြပြီဖြစ်သည်။ လစ်ဘရယ်ဝါဒီများနှင့် စီးပွါးရေး အခြေခံဝါဒီများ က တွန်းအားပေး နေသော အယူအဆများကို စိန်ခေါ်ရန် စစ်မှန်သော နိုင်ငံရေး အစားထိုးရွေးချယ်မှုများကို ရှာဖွေခြင်းသည် အရှိန်အဟုန် ရရှိလာနေပြီဖြစ်သည်။ တောင်ခြမ်းဒေသ အသီးသီးရှိ အမျိုးသမီးများသည် နိုင်ငံတော်ကို ‘မပြောင်းလဲနိုင်သော အရာ’ အဖြစ် သတ်မှတ်ထားခြင်းအပေါ် စိန်ခေါ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သတ်မှတ်ခြင်းသည် နိုင်ငံတော်က ဦးဆောင်သော လုပ်ငန်းစဉ်များကို မည်သူမျှ မထိပါးနိုင်ဟု ယူဆထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတော်ကို အတွင်းပိုင်းမှ ပြောင်းလဲအောင် ဖိအားပေး၍မရသော ‘တစ်သားတည်းကျသော အဖွဲ့အစည်း’ (Monolithic organization) အဖြစ် ရှုမြင်ခြင်းက ကျွန်ုပ်တို့၏ ပါဝင်ပတ်သက်မှုကို ကန့်သတ်ထားသည်။ ဤအယူအဆက အမျိုးသမီးများကို နိုင်ငံတော်နှင့် ၎င်း၏ အာဏာမှ ဖယ်ကြဉ်ထားပြီး အင်အားမဲ့စေခဲ့သည်။ ထူးခြားသည်မှာ တောင်ခြမ်းရှိ အမျိုးသမီးဝါဒီများသည် ယခုအခါ နိုင်ငံတော်ကို ‘အငြင်းပွားစရာ နယ်မြေ’ (Contested terrain) တစ်ခုအဖြစ် စတင် မြင်လာကြပြီး၊ နိုင်ငံနှင့် ၎င်း၏ ယန္တရားများကို စစ်ဆေးမှုမရှိဘဲ လွှတ်ထားရမည်ကို ငြင်းဆန်လာကြခြင်း ဖြစ်သည်။ (Taylor, ၂၀၀၀)

အစိုးရများသည် အများပြည်သူအကျိုးထက် နယ်စပ်ဖြတ်ကျော် ပုဂ္ဂလိက ကော်ပိုရေးရှင်းကြီးများ၏ အကျိုးစီးပွားအတွက်သာ လုပ်ဆောင်နေကြသည်ဟူသော လက်တွေ့အဖြစ်နှင့် ရင်ဆိုင်ရသောအခါ ကမ္ဘာ့တောင်ခြမ်း (Global South) မှ ဤအမျိုးသမီးဝါဒီပညာရှင်များသည် အချုပ်အခြာအာဏာနှင့် လုံခြုံရေးကဲ့သို့သော အစဉ်အလာနိုင်ငံရေး အယူအဆများကို အမျိုးသမီးဝါဒီရှုထောင့်မှနေ၍ ပြန်လည်ပုံဖော်ရန် ကြိုးပမ်းခဲ့ကြသည် (Taylor, ၂၀၀၀)။ အနောက်တိုင်းဆန်သော၊ ဖိုဝါဒီဆန်သော နှင့် အရင်းရှင်ယုတ္တိဗေဒများမှ ဆင်းသက်လာပြီး မဖြစ်မနေ လက်ခံရမည့် အရာအဖြစ် သတ်မှတ်ထားသော အယူအဆများအား ပြန်လည်ပုံဖော်ခြင်း၊ ပြန်လည်စဉ်းစားခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်းတို့သည် ကိုလိုနီခေတ်လွန် အမျိုးသမီးဝါဒီ အတွေးအခေါ်၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။

မက်ဂရီဂေါ်၏ အမျိုးသမီးဝါဒဆိုင်ရာ ဂေဟစနစ်နိုင်ငံသားဖြစ်မှု (၂၀၁၄) ဆိုင်ရာ အခိုင်အမာပြောဆိုချက်နှင့် ဆက်စပ်ကြည့်ပါက ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ဒေသတွင်း ရုန်းကန်

လူပ်ရှားမှုများ၏ မတူကွဲပြားမှုအစုံကို ထည့်သွင်းစဉ်းစားပေးရေး တောင်းဆိုချက်သည် ပိုမို ရှင်းလင်း လာသည်။ ရာသီဥတု အုပ်ချုပ်မှုဆွေးနွေးချက်များတွင် ဖယ်ကြဉ်ခံထားရသော လူမှုအလွှာများ၏ ကွဲပြားသော အသံများကို သယ်ဆောင်လာမည့် လူမှုလှုပ်ရှားမှုများ ပါဝင်လာစေရန်၊ နည်းပညာ-သိပ္ပံနည်းကျ ရှင်းလင်းချက်များဖြင့် အထောက်အထားပြထားသည့် နီယိုလစ်ဘရယ် ရာသီဥတုစီမံအုပ်ချုပ်မှုကို စိန်ခေါ်ရန်နှင့် လူ့အဖွဲ့အစည်း၏ အစွန်အဖျား/ပြင်ပတွင် နေထိုင်သူများ၏ လက်တွေ့ဘဝနှင့် အကျိုးစီးပွားများကို အခြေခံ၍ တန်ပြန် ရာသီဥတု စီမံအုပ်ချုပ်မှု ဆွေးနွေးချက်တစ်ရပ်ပေါ် ပေါက်လာစေရန် ဤအယူအဆက တိုက်တွန်းနေခြင်း ဖြစ်သည်။

အောက်ပါအခန်းတွင် ကိုလိုနီခေတ်လွန် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒဆိုင်ရာ ဆန်းစစ်ချက်ကို တန်ပြန် ဆွေးနွေးမှုတစ်ရပ်အဖြစ် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ ဤတန်ပြန်ဆွေးနွေးမှုသည် ရာသီဥတုစီမံအုပ်ချုပ်မှုဆွေးနွေးပွဲများကို နိုင်ငံရေးအနှစ်သာရ ပြန်လည်သွင်းပေးရန်အတွက် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ၏ မူဝါဒများနှင့် ကျင့်စဉ်များပေါ်တွင် အခြေခံထားသည်။ ၎င်းသည် ကမ္ဘာ့တောင်ခြမ်းရှိ အဆိုးရွားဆုံး ဖယ်ကြဉ်ခံထားရသော အလွှာများ၏ နေ့စဉ်လက်တွေ့ဘဝစုံလင်မှုများကို ရှေ့တန်းတင်ကာ တင်ပြထားခြင်း ဖြစ်သည်။

၂.၄.၃ ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ၊ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေခြင်းများ (Intersectionality) နှင့် သာမန်ဘဝ - နီယိုလစ်ဘရယ် ရာသီဥတုစီမံအုပ်ချုပ်မှုအပေါ် တန်ပြန်ဆွေးနွေးမှု တစ်ရပ် ပေါ်ထွက်လာခြင်း

စံနှုန်းတစ်ရပ်ဖြစ်နေသော နီယိုလစ်ဘရယ် ရာသီဥတုစီမံအုပ်ချုပ်မှုကို တန်ပြန်မည့် ကိုလိုနီခေတ်လွန် ဂေဟစနစ် အခြေပြု အမျိုးသမီးဝါဒဆိုင်ရာ ဆွေးနွေးချက်ကို ပိုမိုနားလည်လွယ်သော အစိတ်အပိုင်းများအဖြစ် ခွဲခြားရန် လိုအပ်သည်။ အမျိုးသမီးဝါဒီများ၏ လက်တွေ့ကျင့်စဉ်များ လည်ပတ်ရာ နယ်ပယ်သုံးခုကို သတ်မှတ်လိုက်ခြင်းက အထောက်အကူဖြစ်စေလိမ့်မည်။ မိုဟန်တီ (Mohanty, ၂၀၁၃) ၏ အဆိုအရ ၎င်းနယ်ပယ်များမှာ - ကျွန်ုပ်တို့၏ ကိုယ်ပိုင်လက္ခဏာနှင့် လူမှုအသိုက်အဝန်းများကို တည်ဆောက်ပေးသည့် “နေ့စဉ်ဘဝ အဆင့်”၊ လူမှုအသွင်ကူးပြောင်းရေးဆိုင်ရာ အမျိုးသမီးဝါဒီ မျှော်မှန်းချက်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် လှုပ်ရှားမှုများမှတစ်ဆင့် ဆောင်ရွက်သည့် “စုပေါင်းလှုပ်ရှားမှု အဆင့်”၊ အသိပညာဗဟုသုတ ဖော်ထုတ်ရာတွင် အမျိုးသမီးဝါဒီများ၏ ပါဝင်ပတ်သက်မှုဖြစ်သော ပညာရပ်ဆိုင်ရာ နှင့် စာပေဖန်တီးမှုဆိုင်ရာ “သီအိုရီ၊ သင်ကြားမှုနှင့် ကျမ်းပြုစုရေးသားမှု အဆင့်” တို့ ဖြစ်ကြသည်။ (p. 5, Mohanty, ၂၀၁၃).

နေ့စဉ်ဘဝ၊ စုပေါင်းလှုပ်ရှားမှုနှင့် အသိပညာဗဟုသုတဖော်ထုတ်မှု အဆင့်တို့သည် ကိုလိုနီခေတ်လွန် ဂေဟစနစ် အခြေပြု အမျိုးသမီးဝါဒဆိုင်ရာ တန်ပြန်ဆွေးနွေးမှုတစ်ရပ် ပေါ်ထွက်လာစေရန် နားလည်ထားရမည့် သော့ချက်များ ဖြစ်သည်။ ဤရှုထောင့်အရ အဆိုပါ အဆင့်သုံးဆင့်စလုံးသည် တစ်ခုနှင့်တစ်ခု ထပ်တူကျခြင်း၊ အပြန်အလှန် သက်ရောက်ခြင်းနှင့် ချိတ်ဆက်နေခြင်းတို့ရှိကြောင်း နားလည်ရန်လည်း လိုအပ်သည်။ ဤအခန်းပါ ဆွေးနွေးချက်များသည် အသိပညာဗဟုသုတဖော်ထုတ်မှုအပေါ် အဓိကထားသော်လည်း ထိုအဆင့်တစ်ခုတည်းတွင် ကန့်သတ်

မထားဘဲ အခြားသော အမျိုးသမီးဝါဒီ ကျင့်သုံးပုံ အဆင့်ဆင့်မှ အချက်အလက်များကိုလည်း ရယူကာ အခြေခံထားသည်။

၂.၄.၄ နေ့စဉ်ဘဝဆိုင်ရာ အမျိုးသမီးဝါဒီ နိုင်ငံရေးနှင့် စုပေါင်းလှုပ်ရှားမှု

ဘီး (Bee) နှင့် လုပ်ဖော်ကိုင်ဖက်များ (၂၀၁၅) ၏ လက်ရာများတွင် ဖော်ပြထားသည့်အတိုင်း "နေ့စဉ်ဘဝ" ကို အမျိုးသမီးဝါဒီ ရှုထောင့်မှရှုမြင်ခြင်းသည် ဂေဟစနစ်အခြေပြုအမျိုးသမီးဝါဒဆိုင်ရာတန်ပြန်ဆွေးနွေးမှုကို ပုံဖော်ရာတွင် အလွန်အရေးကြီးပေသည်။ နေ့စဉ်ဘဝကို အသုံးချခြင်းသည် ရာသီဥတုစီမံအုပ်ချုပ်မှု၏ "ကမ္ဘာလုံးဆိုင်ရာကြီးကျယ်သောဇာတ်ကြောင်းများ" ကို ဝေဖန်ဆန်းစစ်ပြီး မတူကွဲပြားခြားနားမှုများနှင့် ကွဲပြားသော လူမှုလက်တွေ့ဘဝများ၏ အရေးပါပုံကို အာရုံစိုက်လာစေနိုင်သည်။ ဤချဉ်းကပ်ပုံကို ယခုအခန်း၏ ပထမပိုင်းတွင် "ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် ဂျဲန်ဒါကွဲပြားမှုအလိုက် ချဉ်းကပ်မှု" ဆိုင်ရာ ဥပမာများစွာဖြင့် ရှင်းလင်းဖော်ပြထားပြီးဖြစ်သည်။ နီယိုလစ်ဘရယ် ရာသီဥတုစီမံအုပ်ချုပ်မှု၏ ခွဲခြားမှုမရှိသော ချဉ်းကပ်ပုံကို ဝေဖန်ရာ တွင် ၎င်း၏ အခြေခံဖြစ်သော "အဆက်အစပ်ကင်းပြီး လက်တွေ့ဘဝနှင့် ကင်းကွာနေသော လူမှုဆက်ဆံရေးများ" ကိုလည်း ထောက်ပြထားသည်။ နီယိုလစ်ဘရယ် ဆွေးနွေးမှုများ၌ အရင်းရှင် လုပ်ငန်းစဉ်များ၏ ခေါင်းပုံဖြတ်မှုကို တွေ့ကြုံနေရသူများနှင့် ထိရှလွယ်သူများ၏ လက်တွေ့ဘဝအကြောင်းများကို ဖယ်ထုတ်ထားသည်။ ထို့ကြောင့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရသူများ၏ နေ့စဉ်လက်တွေ့ဘဝများကို ထင်ဟပ်စေမည့် အုပ်ချုပ်မှုပုံစံတစ်ခု ဖြစ်လာစေရန် ဇာတ်ကြောင်းကို ပြောင်းပြန်လှန်ပစ်ခြင်းနည်းက ဂေဟစနစ် အခြေပြု အမျိုးသမီးဝါဒ၏ သဘောတရားနှင့် ကိုက်ညီသည်။ ဤဇာတ်ကြောင်းအသစ်တွင် နိုင်ငံသည် ထိခိုက်လွယ်သော လူမှု အသိုက်အဝန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ-ပညာရှင်များနှင့် နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်ရမည်ဖြစ်ပြီး၊ ၎င်းတို့ကပင်လျှင် မြေပြင်မှ လက်တွေ့ဗဟုသုတများကို စနစ်တကျ တင်ပြပေးနိုင်သူများ ဖြစ်ကြသည်။ နေ့စဉ်ဘဝဆိုင်ရာ အမျိုးသမီးဝါဒီနိုင်ငံရေးကိုကျင့်သုံးခြင်းဖြင့် ထိရှလွယ်သော လူမှု အသိုက်အဝန်းများကို ဘေးဖယ်ထားပြီး လက်တွေ့နှင့် ကင်းကွာသော နည်းပညာ-သိပ္ပံနည်းကျ ဆန်းစစ်ချက်များကိုသာ ဗဟိုပြုနေသည့် ရာသီဥတုစီမံအုပ်ချုပ်မှု ဆက်ဆံရေးများအား တစ်ဖန်ပြန်၍ အသွင်ကူးပြောင်းပေးနိုင်သည်။

၂.၄.၅ အမျိုးသမီးဝါဒီများ၏ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသော ခွဲခြားမှုဆိုင်ရာ ဆန်းစစ်ချက် (Intersectionality) နှင့် ရာသီဥတုပြောင်းလဲမှုအကျပ်အတည်းအပေါ် အုပ်ချုပ်မှု

ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ၏ ဗဟိုချက်မှာ အာဏာအဆောက်အအုံကို တစ်ခုနှင့်တစ်ခု ဆက်နွယ်ချိတ်ဆက်နေသည့်ရှုထောင့်မှ ဆန်းစစ်ခြင်းဖြစ်သည်။ "ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒနှင့် ရာသီဥတုစီမံအုပ်ချုပ်မှုကို ပြန်လည်သုံးသပ်ခြင်း" အပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်းပင် အခွင့်ထူးခံမှုများစွာသည် တစ်ခုနှင့်တစ်ခု မည်သို့ချိတ်ဆက်နေပြီး "စိုးမိုးရေး မဟာအဆောက်အအုံ"တစ်ခု တည်ဆောက်ထားပုံကို ဆန်းစစ်ခြင်းသည် အဓိကကျပေသည်။ ဖိုဝါဒီ၊ ကိုလိုနီနယ်ချဲ့ဝါဒီနှင့် စျေးကွက်ဗဟိုပြုယုတ္တိဗေဒများအပေါ် အခြေခံထားသော အာဏာ၊ အခွင့်ထူးနှင့် ဘက်လိုက်မှုများသည် ကိုလိုနီသမိုင်းများတွင် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိနေပြီး

ခေတ်မီဖြစ်ထွန်းခြင်း၊ ကမ္ဘာလုံးဆိုင်ရာစနစ်နှင့် လွတ်လပ်သောကုန်သွယ်မှု စသည်တို့မှတစ်ဆင့် နေ့စဉ်ဘဝတွင် ပိုမိုခိုင်မာလာစေသည်။ လူမည်းအမျိုးသမီးဝါဒီများသည် အာဏာဆိုင်ရာ ဆက်နွယ်ချိတ်ဆက်ခွဲခြားမှု ဆန်းစစ်ချက်များတွင် ပထမဆုံးဖော်ထုတ်ခဲ့ကြသည်၊ လူမျိုးရေး၊ လူမှုအတန်းအစား၊ ဂျဲန်ဒါ နှင့် လိင်စိတ်တိမ်းညွတ်မှုတို့သည် စီးပွားရေးနိမ့်ကျသော လူမည်းအမျိုးသမီးများအပေါ် မည်သို့အပြန်အလှန် ဆက်နွယ်နေပြီး ဖိနှိပ်မှုများ စုပြုံ၍ ဖြစ်စေသည်ကို ပြသခဲ့ကြသည်။ လူမည်း လိင်တူချစ်သူ အမျိုးသမီးဝါဒီ အော်ဒရေ လော့ဒ် (Audre Lorde) က “ကျွန်ုပ်တို့သည် ပြဿနာ တစ်ခုတည်းရှိသော ဘဝများတွင် နေထိုင်နေကြသည် မဟုတ်သောကြောင့် ပြဿနာတစ်ခုတည်းအတွက် တိုက်ပွဲ ဝင်ခြင်းဆိုသည်မှာ မရှိနိုင်ပေ” ဟု အကောင်းဆုံး ပြောကြားခဲ့သည် (Lorde, ၂၀၀၇)။ ထို့ကြောင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုအပေါ် ဂေဟစနစ်အခြေပြုအမျိုးသမီးဝါဒီဆန်းစစ်ချက်သည် အခွင့်ထူးခံ လူနည်းစု၏ ရာသီဥတုစီမံအုပ်ချုပ်မှုဆိုင်ရာ အယူအဆများအပေါ် မေးခွန်းထုတ်ရန် လိုအပ်လာသည်။ ဤဆန်းစစ်ချက်သည် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသော လူမှုရေးအကြောင်းတရားများသည် လက်ရှိ ရာသီဥတုအုပ်ချုပ်မှု ဆွေးနွေးချက်များအကြား ပြောင်းလဲခြင်းမရှိဘဲ ကျန်ရစ်နေသည်ဟူသောအချက်ကို လျစ်လျူရှု မထားသင့်ပေ။ ရာသီဥတု အုပ်ချုပ်မှုဆိုင်ရာ တန်ပြန်ဆွေးနွေးမှုတစ်ရပ်သည် စိုးမိုးရေးယုတ္တိဗေဒကို ပုံဖော်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည့် တစ်ခုနှင့်တစ်ခု ဆက်နွယ်ချိတ်ဆက်နေသော အာဏာဆိုင်ရာ ရှုပ်ထွေးမှုများကို ဖော်ထုတ်ရန်နှင့် ပြဿနာအဖြစ် တင်ပြရန် တာဝန်ရှိလာပေသည်။

၂.၄.၆ ဂရုဏာအခြေပြု ကျင့်ဝတ် (Care Ethics) ကို အမျိုးသမီးဝါဒီများ၏ အသွင်ကူးပြောင်းရေး သီအိုရီ အဖြစ်တည်ဆောက်ခြင်း

အမျိုးသမီးဝါဒီများ၏ “ဂရုဏာ” (Care) ဆိုင်ရာ သီအိုရီထုတ်ဖော်မှုတွင် ချဉ်းကပ်ပုံနှစ်မျိုးကို ပိုင်းခြားခွဲထုတ်ရန် အရေးကြီးသည်။ ပထမတစ်ခုမှာ ဂရုဏာကို အမျိုးသမီးများ၏ ပင်ကိုယ်တန်ဖိုးနှင့် ကျင့်စဉ်အဖြစ်လည်းကောင်း၊ အမျိုးသမီးများ၏ ကိုယ်ကျင့်တရားဆိုင်ရာ ဆင်ခြင်တုံတရား ပုံစံတစ်ခုအဖြစ်လည်းကောင်း သတ်မှတ်သည့် “ဂရုဏာကျင့်ဝတ်” (Ethics of care) ဖြစ်သည် (Gilligan, ၁၉၉၃)။ ဤချဉ်းကပ်မှုသည် နိုင်ငံရေးဘဝနှင့် ခေါင်းဆောင်မှုကဏ္ဍတွင် အဓိကအားဖြင့် ဂရုဏာလုပ်ငန်း ကျွမ်းကျင်သူများဖြစ်သည့် “အမျိုးသမီးများ” က ဂရုဏာတရားကို ကျင့်သုံးရန် တိုက်တွန်းသည်။ ဤချဉ်းကပ်မှုသည် လူ့အဖွဲ့အစည်း၏ ဂရုဏာအပေါ် နားလည်မှုနှင့် တန်ဖိုးထားမှုအတွက် အကျိုးရှိသော်လည်း ဂရုဏာကို အမျိုးသမီးများ၏ ကိုယ်ရေးကိုယ်တာနှင့် လူမှုဘဝကျင့်စဉ်တစ်ခုအဖြစ်သာ ဆက်စပ်တွေးတောလေ့ရှိသည်ဖြစ်ရာ ကန့်သတ်ချက်များရှိနေပြီး ဝေဖန်မှုများလည်း ရှိသည်။

ဒုတိယတစ်ခုမှာ အသိပညာဆိုင်ရာ သီအိုရီတစ်ခု သို့မဟုတ် “အမျိုးသမီးဝါဒီ သီလဆိုင်ရာ အသိပညာဗေဒ” (Feminist virtue epistemology) ကို တည်ဆောက်ရန် ရည်ရွယ်သည့် ဂရုဏာအခြေပြု ကျင့်ဝတ် (Care-based ethics) ဖြစ်သည် (Dalmiya, ၂၀၁၆)။ ဤချဉ်းကပ်မှုသည် အမျိုးသမီးများသာမက လူ့အသိုက်အဝန်း၏ ကျင့်စဉ်အမျိုးမျိုးမှ ဆင်းသက်လာသော “အပြုသဘောဆောင်သည့် ဂရုစိုက်မှု” နှင့် “နှိမ့်ချသော လူမှုဆက်ဆံရေး” တို့ကို အသိပညာ၏ အရင်းအမြစ်နှင့် သီအိုရီတစ်ခုအဖြစ် ဖော်ဆောင်ရန် အာရုံစိုက်ထားခြင်းဖြစ်သည်။ ဤအခန်းသည်

နိုင်ငံရေးဘဝ၏ ဂေဟစနစ်အသီးသီးကို ပြန်လည်ပုံဖော်ရန်အတွက် နောက်ဆုံးဖော်ပြခဲ့သော ဒုတိယမြောက် ချဉ်းကပ်ပုံကိုသာ အလေးပေးဖော်ပြလိုခြင်း ဖြစ်သည်။ ဤကဲ့သို့ ဂရုဏာအခြေပြုကျင့်ဝတ်ကို "ပြောင်းလဲရေး သီအိုရီ" (Theory of change) အဖြစ် တည်ဆောက်ခြင်းသည် ရာသီဥတုစီမံအုပ်ချုပ်မှုအပေါ် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒီ ချဉ်းကပ်မှုအတွက် လမ်းညွှန်ပေးနိုင်မည် ဖြစ်သည်။

၂.၅ နိဂုံး

ဤအခန်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ဂျဲန်ဒါအခြေပြု ချဉ်းကပ်မှု (Gender approach) နှင့် ရာသီဥတု စီမံအုပ်ချုပ်မှုအပေါ် အမျိုးသမီးဝါဒီ (ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒီ) ချဉ်းကပ်မှုတို့၏ ကွဲပြားချက်ကို ဖော်ပြခဲ့သည်။ ပထမချဉ်းကပ်မှုဖြစ်သော ဂျဲန်ဒါကွဲပြားမှုအလိုက် ချဉ်းကပ်ပုံသည် လက်ရှိ ရာသီဥတု စီမံအုပ်ချုပ်မှုဆွေးနွေးချက်များတွင် ပင်မရေစီးကြောင်းအဖြစ် အောင်မြင်စွာ ပါဝင်နေပြီဖြစ်သည်။ ၎င်းသည် ဖယ်ကြဉ်ခံ လူမှုအသိုက်အဝန်းရှိ အမျိုးသမီးများ၏ အများနှင့်မတူသော လိုအပ်ချက်နှင့် အခြေအနေများကို အသိအမှတ်ပြုရန်၊ ရာသီဥတုအကျပ်အတည်းတွင် ထိုအမျိုးသမီးများသည် အဆိုးရွားဆုံး ထိခိုက်လွယ်သူများဖြစ်ကြောင်း အသိအမှတ်ပြုရန်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဂျဲန်ဒါကွဲပြားမှုအလိုက် ချဉ်းကပ်ပုံသည် အမျိုးသမီးများနှင့် ထိရှလွယ်သော လူ့အဖွဲ့အစည်းများအား ရာသီဥတု အကျပ်အတည်းကြားတွင် စီမံခန့်ခွဲခြင်း၊ လျော့ပါးသက်သာစေခြင်းနှင့် ကြံ့ကြံ့ခံနိုင်ရည် တည်ဆောက် ခြင်းတို့မှ တစ်ဆင့် အသက်ဆက်နိုင်ရန် အမှန်တကယ် ကူညီပေးနိုင်ခဲ့သည်။

အခြားတစ်ဖက်တွင်မူ ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒ သို့မဟုတ် ကိုလိုနီခေတ်လွန် အမျိုးသမီးဝါဒီ ဂေဟစနစ်အခြေပြုချဉ်းကပ်မှုသည် ရာသီဥတုစီမံအုပ်ချုပ်မှုအတွက် လက်တွေ့ကျသော တန်ပြန်ဆွေးနွေးမှုတစ်ရပ်အဖြစ် အခြေခိုင်လာစေရန် ကြိုးပမ်းလျက်ရှိသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ဂေဟစနစ်အခြေပြု အမျိုးသမီးဝါဒီ ဆန်းစစ်ချက်၏ အနှစ်သာရမှာ နီယိုလစ်ဘရယ် အုပ်ချုပ်မှုစနစ်ကို တွန်းလှန်ခြင်းနှင့် ငြင်းပယ်ခြင်း ဖြစ်သည်။ ဤချဉ်းကပ်မှုသည် နီယိုလစ်ဘရယ် ရာသီဥတုစီမံအုပ်ချုပ်မှုကို "စိုးမိုးရေးယုတ္တိဗေဒ" အဖြစ် ဖော်ထုတ်ပြသပြီး၊ အာဏာနှင့် ထိန်းချုပ်မှုယူထားသူများက အာဏာမဲ့သူများအား စနစ်တကျဖြင့် လက်အောက်ခံဖြစ်အောင် ပြုလုပ်ခြင်းဖြစ်ကြောင်းကို ထုတ်ဖော်ထားသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တိုက်ဖျက်ရန်ဟူသော အကြောင်းပြချက်ဖြင့် ဤစိုးမိုးရေးယုတ္တိဗေဒသည် လူသားများနှင့် ပတ်ဝန်းကျင်အပေါ် စနစ်တကျ ခေါင်းပုံဖြတ်မှုကို မည်သို့ဆက်လက် လုပ်ဆောင်နေကြောင်း ဤချဉ်းကပ်မှုက ဖော်ထုတ်ပြသနေခြင်း ဖြစ်သည်။

က။ အဓိကမေးခွန်းများ

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ဂျဲန်ဒါကွဲပြားမှုအခြေခံ ချဉ်းကပ်မှု နှင့် အမျိုးသမီးဝါဒီ ဂေဟစနစ် အခြေပြု ချဉ်းကပ်မှု တို့အကြား တူညီသော အချက်များမှာ အဘယ်နည်း?

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အကြပ်အတည်းကိုရင်ဆိုင်ဖြေရှင်းရာတွင် အဆိုပါ ချဉ်းကပ်မှုနှစ်ရပ်အကြား အခြေခံကျ သော ကွဲပြားခြားနားချက်များမှာ အဘယ်နည်း?

ရာသီဥတုစီမံအုပ်ချုပ်မှုအပေါ် သင်၏ ရပ်တည်ချက် သို့မဟုတ် အမြင်များအပေါ် အမျိုးသမီးဝါဒီ ချဉ်းကပ်မှုများက မည်သို့ လွှမ်းမိုးမှုရှိခဲ့သနည်း?

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့်ပတ်သက်သည့် အမျိုးသမီးဝါဒီ ဆွေးနွေးတင်ပြချက်များသည် ဒေသတွင်းရှိ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များအပေါ် မည်သို့သော သက်ရောက်မှုများ ရှိနိုင် သနည်း?

ရာသီဥတုစီမံအုပ်ချုပ်မှုအပေါ် သင်၏ (အမျိုးသမီးဝါဒီ) ရပ်တည်ချက်ကို ထင်ဟပ်စေမည့် ကမ္ဘာ့ခေါင်းဆောင်များ ထံသို့ လိပ်မူသော လှုပ်ရှားမှုဆိုင်ရာတောင်းဆိုချက်တစ်ခုကို သင် မည်သို့ ပုံဖော်ရေးသား မည်နည်း?

ခ။ ကျမ်းကိုးအထောက်အထားများ

APWLD (no date) *Typhoon Haiyan claims lifetime loss and damages for women in the Philippines*. https://apwld.org/wp-content/uploads/2014/12/flyer-amihan.pdf (Accessed: February 24, 2024).

Baćanović, V. and Murić, J. (2018) *Gender and Climate Change - Training Handbook*. UN Women.

Bee, B.A., Rice, J.L. and Trauger, A. (2015) 'A Feminist Approach to Climate Change Governance: Everyday and Intimate Politics: A Feminist Approach to Climate Change Governance,' *Geography Compass*, 9(6), pp. 339–350.

Dalmiya, V. (2016) *Comparative Care Ethics, Feminist Epistemology, and the Mahābhārata*. Oxford University Press.

Gilligan, C. (1993) *In a Different Voice: Psychological Theory and Women's Development*. reprint, revised. Harvard University Press.

Lorde, A. (2007) *Sister outsider : essays and speeches*. Reprint, revised. Crossing Press.

MacGregor, S. (2014) 'Only resist: feminist ecological citizenship and the post-politics of climate change,' *Hypatia*, 29(3), pp. 617–633. https://doi.org/10.1111/hypa.12065.

Mies, M. and Shiva, V. (1993) *Ecofeminism*. Zed Books.

Mohanty, C. (1988) 'Under Western Eyes: feminist scholarship and colonial discourses,' *Feminist Review*, 30(1), pp. 61–88.

Mohanty, C. (2003) *Feminism Without Borders: Decolonizing Theory, Practicing Solidarity*. Duke University Press.

Nussbaum, M.C. (2000) *Women and Human Development: the Capabilities Approach*. Cambridge University Press.

Republic of the Philippines, Climate Change Commission (2010) *National Climate Change Action Plan (2011 - 2028)*. https://faolex.fao.org/docs/pdf/phi152934.pdf (Accessed: February 24, 2024).

Runyan, A.S. and Marchand, M.H. (2000) 'Conclusion: Feminist Approaches to Global Restructuring,' in M.H. Marchand and Anne Sisson Runyan (eds) *Gender and Global restructuring : Sightings, sites and resistances*. Routledge, pp. 226–227.

Shove, E. (2010) 'Beyond the ABC: Climate change policy and theories of social change,' *Environment and Planning A: Economy and Space*, 42(6), pp. 1273–1285.

Stienstra, D. (2000) 'Dancing resistance from Rio to Beijing,' in M.H. Marchand and A.S. Runyan (eds) *Gender and global restructuring : sightings, sites and resistances*. Routledge, pp. 209– 224. https://searchworks.stanford.edu/view/4342616.

Taylor, V. (2000) *Marketisation of Governance: Critical feminist perspectives from the South*. DAWN (Development Alternatives with Women for a New Era). https://dawnnet.org/sites/default/files/articles/marketisation-of-governance-allpages.pdf.

Thuringer, C. (2016) 'Left Out and Behind: Fully Incorporating Gender Into the Climate Discourse,' *New Security Beat*, 22 August. https://www.newsecuritybeat.org/2016/08/left-behind-fullyincorporating-gender-climate-discourse/ (Accessed: February 24, 2024).

အခန်း (၃)

ရာသီဥတုကြောင့် နေရပ်စွန့်ခွာရမှု - အရှေ့တောင်အာရှတွင် ပတ်ဝန်းကျင်၊ ရာသီဥတု ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်းတို့၏ ဆက်စပ်မှု

Sriprapha Petcharamesree နှင့် Chunya Primrose Boonyawan

၃.၁ နိဒါန်း

> “ကျွန်ုပ်တို့သည် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှု အကျိုးဆက်များကို ရင်ဆိုင်ကြရာတွင် သန်းပေါင်း များစွာသော နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများနှင့် ၎င်းကိုလက်ခံထားသည့် ဒေသခံများကိုပါ ချန်လှပ်ထား၍ မရပေ။”
>
> (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Filippo Grandi)

UNHCR ကထုတ်ပြန်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် Filippo Grandi က ကမ္ဘာ့ခေါင်းဆောင်များ အား ကုလသမဂ္ဂ၏ (၂၇) ကြိမ်မြောက်ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာညီလာခံ (COP 27) မတိုင်မီ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများအရေးကို မေ့လျော့မထားသင့်ကြောင်း သတိပေး ပြောကြား ခဲ့သည်။ “ကမ္ဘာ့ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် အာဖဂန်နစ္စတန်နိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဆီးရီးယားနိုင်ငံနှင့် ယီမင်နိုင်ငံတို့ အပါအဝင် ရာသီဥတုဒဏ်ကို အများဆုံး ခံစားရသည့်နိုင်ငံများမှ ဖြစ်သည်။ ၎င်းတို့သည် ရာသီဥတု အကျပ်အတည်းနှင့်ပတ်သက်သည့် ဆွေးနွေးမှု အများ အပြားတွင် ပါဝင်ခဲ့သော်လည်း မကြာခဏ ဖယ်ချန်ထားခြင်းခံရလေ့ရှိသည်” (UNHCR၊ ၂၀၂၂)။ ရာသီဥတု အကျပ်အတည်းများသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု “အဓိကဖြစ်ပွားရာနေရာ” များတွင် နေထိုင်ကြသူများ အပေါ် အလွန်အမင်း သက်ရောက်မှုရှိပြီး ၎င်းတို့မှာ ပိုမိုပျက်စီးယိုယွင်းလာသည့် ပတ်ဝန်းကျင်အရေးကို ကိုင်တွယ် ဖြေရှင်း နိုင်မည့် နည်းလမ်းများမရှိသည့် လူမှုအသိုင်းအဝိုင်းများဖြစ်နေပြန်သည်။ ရှင်သန်ရပ်တည်ရေး သို့မဟုတ် ဝင်ငွေရှာဖွေရေးအတွက် အသုံးပြုသည့် သဘာဝအရင်းအမြစ်များ ကုန်ခမ်းသွားခြင်းကြောင့် မတူညီသော လူမှု အသိုင်းအဝိုင်းများအကြား မုန်းတီးမှုများကို ဖြစ်ပေါ်စေပြီး လူမှုအသိုင်းအဝိုင်းများအကြား ရှိရင်းစွဲ တင်းမာမှုများကို ဆိုးရွားလာစေကာ အကြမ်းဖက်ပဋိပက္ခများကို ဖြစ်ပေါ်စေသည်။ ၎င်းသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရခြင်း၏ အခြားအရင်းခံအကြောင်းရင်းများ အကြားရှုပ်ထွေးပြီး အတည်တကျ မဟုတ်သည့် အပြန်အလှန် ဆက်စပ်မှုကို ဖြစ်လာစေသည် (European Union Agency for Asylum၊ ၂၀၂၃)။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်ရမှုသည် နိုင်ငံများအတွင်း မကြာခဏ

ဖြစ်ပွားလေ့ရှိပြီး နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ သည် နေထိုင်နိုင်သော ပတ်ဝန်းကျင်ကို ရှာဖွေရန်အတွက် နယ်စပ်များကို ဖြတ်ကျော်လာရသည်။ ထိုကဲ့သို့သော နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းမှုအရေးမှာ ကာကွယ်ပေးရမည့် နိုင်ငံတကာဆိုင်ရာ အခြေအနေအဖြစ်သို့ ရောက်လာပေသည်(European Union Agency for Asylum၊ ၂၀၂၃)။

ဆယ်စုနှစ် ၃ ခုကျော်ကြာမြင့်ခဲ့သည့် သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်လာသော ရွှေ့ပြောင်းခြင်း ဆိုင်ရာ ဆွေးနွေးမှုများသည် အထူးသဖြင့် ၎င်းတို့၏ တည်ရှိမှုနှင့် လူဦးရေအရေအတွက်များအပေါ် လက်တွေ့ဆန်သော သို့မဟုတ် ယုတ္တိတန်သော ရှင်းလင်းမှုများမရနိုင်ဘဲ ရှိခဲ့သည်။ နိုင်ငံတကာနှင့် ပြည်တွင်းအဆင့်တွင် "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်များ" ဟူသော မကြာခဏ သုံးနှုန်းလေ့ရှိကြသော်လည်း ဝေါဟာရများနှင့် ပတ်သက်၍ အငြင်းပွားနေဆဲပင်ဖြစ်သည် (McAdam (ed)၊ ၂၀၁၀)။ သို့သော် လွန်ခဲ့သော အနှစ် ၂၀ အတွင်း အာရုံစိုက်မှုသည် သဘာဝပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်လာသော ရွှေ့ပြောင်းမှုမှ ရာသီဥတုဖောက်ပြန်ပြောင်းလဲ လာမှုကြောင့် ဖြစ်ပေါ်လာသော ရွှေ့ပြောင်းမှုသို့ ပြောင်းလဲ သွားခဲ့သည်။ ဤဆွေးနွေးချက်နှင့် အယူအဆနှစ်ခုအား လူများ ရွှေ့ပြောင်းရန် တွန်းအားပေးသည့် လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးရာအချက်များနှင့် ခွဲခြားနားလည်ရန် လိုအပ်သည် (McAdam (ed)၊ ၂၀၁၀)။ မည်သို့ပင်ဆိုစေကာမူ သဘာဝပတ်ဝန်းကျင်ဖြစ်သောရွှေ့ပြောင်းမှု နှင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော ရွှေ့ပြောင်းမှုအပါအဝင် အဆိုပါအကြောင်းအချက်များ အကြား ရှင်းလင်းပြတ်သားလှသည့် သတ်မှတ်ချက်ကား မရှိပေ။

ဤအခန်းသည် ရာသီဥတုကြောင့်ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှုကို အဓိကဖော်ပြထားသည်။ ကမ္ဘာကြီးပူနွေးလာမှုအတိုင်းအတာ၊ နေရပ်စွန့်ခွာမှုကို ဖြစ်စေသော ဘေးအန္တရာယ်များနှင့် ၎င်းတို့ကြောင့် ထိခိုက်ခံရသူများအကြားဆက်နွယ်မှုကို မည်သူမျှမငြင်းဆိုနိုင်သည်ဖြစ်ရာ အဆိုပါ အခြေအနေကို ခွဲခြမ်း စိတ်ဖြာရန်အတွက် မတူညီသော ချဉ်းကပ်မှုနှစ်ခုကို အသုံးပြုခဲ့သည် (Kalin၊ ၂၀၁၀)။ အမြင့်ဆုံးချဉ်းကပ်နည်းအရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လူဦးရေသန်းပေါင်းများစွာ (တစ်ဘီလီယံ) အထိပင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများ ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားသည် (Myers၊ Kalin မှ ကိုးကားသည်၊ ၂၀၁၀)။ ဆန့်ကျင်ဘက်အားဖြင့် အနိမ့်ဆုံးချဉ်းကပ်နည်းအရ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ခြင်းသည် ရှုပ်ထွေးလှသည့် နောက်ခံအကြောင်းရင်းများစွာကြောင့် ဖြစ်ပေါ်လာပြီး ၎င်းတို့အနက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် အကြောင်းရင်းတစ်ခုသာဖြစ်၍ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများနှင့်သာ တိုက်ရိုက်ဆက်စပ်နေမည့် ဖြစ်ရပ်အရေအတွက်မှာ နည်းပါးနိုင်လိမ့်မည်ဟု ခန့်မှန်းထားပြန်သည် (Kalin၊ ၂၀၁၀)။ မည်သည့်ချဉ်းကပ်နည်းများကို ကိုးကားညွှန်းဆိုသည်ဖြစ်စေ ကျွန်ုပ်တို့အနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝှမ်းရှိ လူများစွာသည် ပိုမို၍ နေရပ်စွန့်ခွာလာရသည့် အဖြစ်များ ရှိလာခြင်းကိစ္စမှာ ငြင်းဆို၍မရနိုင်ပေ။

ဤအခန်း၌ လူများကိုရွှေ့ပြောင်းနေထိုင်ရန်လှုံ့ဆော်ပေးသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အခြေအနေအမျိုးမျိုးကိုလေ့လာခြင်းဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာမှုအကြား ဆက်စပ်မှု ကို ဖော်ထုတ်နိုင်ရန်ရည်ရွယ်ထားသည်။ ရွှေ့ပြောင်းမှုများ၏ သဘောသဘာဝနှင့် ထိခိုက်ခံရသူများကို လည်း လေ့လာထားသည်။ ဤအခန်းတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများကို ကာကွယ်ပေးသည့် တည်ဆဲစံနှုန်းမူဘောင် နှင့် ဗျူဟာများကိုလည်း ထပ်မံလေ့လာထားသည်။ ၎င်းသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှုအန္တရာယ်များနှင့် အရှေ့တောင် အာရှဒေသ (SEA) တွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှုများကို ပိုမိုဆိုးရွားစေသည့် အချက်များအပေါ် အလေးပေးဖော်ပြထားသည်။ အရှေ့တောင်အာရှမှ ဖြစ်ရပ်အနည်းငယ်ကို ဤအခန်းတွင် ထည့်သွင်းဖော်ပြထားသည်။ ပြည်တွင်း နှင့် နိုင်ငံတကာ နယ်နိမိတ်များကို ဖြတ်ကျော်၍ အတင်းအကြပ် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများအတွက် မည်သို့ကာကွယ်ပေးနိုင်သည်ဆိုသော လေ့လာတွေ့ရှိချက်အချို့ဖြင့် ဤအခန်းကို အဆုံးသတ်ထားသည်။

၃.၂ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အခြေအနေများနှင့် ရွှေ့ပြောင်းမှုများ၏ သဘောသဘာဝ

Kalin (၂၀၁၀) က ၎င်း၏လေ့လာမှုတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာမှုအခြေအနေ တို့အား ခွဲခြားသိမြင်နိုင်မည့် အမျိုးမျိုးသော အခြေအနေအမျိုးအစားများကို အဆိုပြုခဲ့သည်။

၁။ ရေကြီးရေလျှံမှု၊ လေမုန်တိုင်းများ (အာရှ-ပစိဖိတ်ဒေသတွင် တိုင်ဖွန်းမုန်တိုင်းနှင့် ဆိုင်ကလုန်း မုန်တိုင်း များ) နှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော မြေပြိုမှုများ အပါအဝင် *ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်များ* သည် လူအများအပြား နေရပ်စွန့်ခွာမှုကို ဖြစ်ပေါ်စေပြီး ကြီးမားသော စီးပွါးရေးကုန်ကျစရိတ်များကို ဖြစ်စေနိုင်သည်။ ဤအခြေအနေတွင် နေရပ်စွန့်ခွာမှုသည် ရေရှည်ဖြစ်ရန် မလိုအပ်ဘဲ အများစုသည် (နေရပ်)ပြန်လာနေထိုင်ကြမည့် ဖြစ်နိုင်ခြေလည်း ရှိနေဆဲဖြစ်သည် (Kalin၊ ၂၀၁၀)။ ဤဘေးအန္တရာယ်များသည် ရာသီဥတုနှင့် ဆက်စပ်နေသော်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့် နောက်ဆက်တွဲ ရာသီဥတုပုံစံများ ပြောင်းလဲ လာမှုတို့၏ အကျိုးသက် ရောက်မှုကြောင့်ချည်း မဟုတ်ပေ (Kalin၊ ၂၀၁၀)။ အမှန်အားဖြင့် ရေနှင့်မိုးလေဝသဆိုင်ရာ ဘေးအန္တရာယ်များကြောင့် နေရပ်စွန့်ခွာမှုသည် ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်နေသည့်တိုင် ထိုကဲ့သို့သော အကြောင်းရင်းကို တိကျသောဖြစ်ရပ်တစ်ခုဖြင့် သက်သေပြရန် ခက်ခဲသည် (Kalin၊ ၂၀၁၀)။ ထို့ပြင် လူများ၏ ရွှေ့ပြောင်းမှုအပေါ် အလားတူ သက်ရောက်မှုရှိသည့် မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် မြေငလျင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များသည် ရာသီဥတုနှင့် သို့မဟုတ် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်မှုမရှိပေ (Kalin၊ ၂၀၁၀)။

အဆိုပါ ရုတ်တရက်ဖြစ်ပွါးသော ဘေးအန္တရာယ်များသည် နိုင်ငံအတွင်း သို့မဟုတ်/ နှင့် နယ်စပ် ဖြတ်ကျော်၍ အတင်းအကြပ် နေရပ်စွန့်ခွာရမှုများကို ဖြစ်ပေါ်စေနိုင်သည်။ Kalin (၂၀၁၀) ၏ အဆို အရ ရုတ်တရက်

ဖြစ်ပွါးသော ဘေးအန္တရာယ်များတွင် နေရပ်စွန့်ခွာရသူအများစုမှာ ပြည်တွင်း နေရပ် စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများ (IDPs) အဖြစ်ဖြင့် ၎င်းတို့၏ နိုင်ငံအတွင်း၌ပင် ရှိနေကြသည်။ သို့သော် အချို့လူများသည် ၎င်းတို့နိုင်ငံ၏ ကာကွယ်ပေးမှုနှင့် အထောက်အပံ့ပေးနိုင်မှု နည်းပါးလာသည့်အခါ သို့မဟုတ် ပိုမို ကောင်းမွန်သောဘဝကို ရှာဖွေလိုသည့်အခါတွင် အခြားနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန် ဆုံးဖြတ်ကြပေလိမ့်သည်။

အဓိကအသုံးအနှုန်းများ- ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ (IDPs) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ ဆိုသည်မှာ “သဘာဝဘေးအန္တရာယ် (သို့မဟုတ်) လူသား တို့၏ ပြုလုပ်မှုကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၏ အကျိုးဆက်များကို ရှောင်ရှားရန် အတွက် မိမိတို့၏ နေအိမ်များ (သို့မဟုတ်) နေမြဲအရပ်များကို စွန့်ခွာခဲ့ရသည့် (သို့မဟုတ်) မဖြစ်မနေ ထွက်ပြေးခဲ့ရသည့် လူများ (သို့မဟုတ်) လူအုပ်စုများဖြစ်ပြီး နိုင်ငံတကာ မှ အသိအမှတ်ပြု သတ်မှတ်ထားသည့် နိုင်ငံနယ်နိမိတ် တစ်ခုခုအား မဖြတ်ကျော်ခဲ့သူများကို ရည်ညွှန်းသည်။” (ကုလသမဂ္ဂ၏ နေရပ်စွန့်ခွာမှုဆိုင်ရာ လမ်းညွှန် ချက်များ၊ ၁၉၉၈)။

၂။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မြေအောက်ရေနှင့် မြေဆီလွှာတွင် ဆားငန်ဓါတ် မြင့်တက်လာခြင်း၊ ရေကြီးရေလျှံမှု၊ အေးခဲနေသောရေခဲပြင်၏ နက်ရှိုင်းမြေလွှာများ အရည်ပျော်ခြင်း တို့၏ ရေရှည်အကျိုး သက်ရောက်မှုများအပြင် မိုးခေါင်ခြင်းနှင့် သဲကန္တာရဖြစ်လာခြင်း သို့မဟုတ် အခြားပုံစံများဖြင့် ရေရရှိနိုင်မှု လျော့နည်းလာခြင်းတို့ကြောင့် *သဘာဝပတ်ဝန်းကျင် တဖြည်းဖြည်း ယိုယွင်းပျက်စီးမှု* ဖြစ်ပေါ်လာပြီး အချို့သောဒေသများတွင် ရေရရှိနိုင်ခြင်းက သိသိသာသာ လျော့နည်းသွားကာ အချို့ဒေသများတွင်မူ ရေလွှမ်းမိုးမှုများ ဖြစ်ပွားလာမည်ဖြစ်သည် (Kalin၊ ၂၀၁၀)။ အဆိုပါအခြေအနေသည် စီးပွါးရေး အခွင့်အလမ်းများအပေါ် သက်ရောက်မှုရှိစေပြီး ဘေးသင့်ရာဒေသများရှိ လူတို့၏ဘဝအခြေအနေများ ယိုယွင်း ပျက်စီးလာမည်ဖြစ်သည်။ ထိုကဲ့သို့သော ယိုယွင်းပျက်စီးမှုသက်သက်ကြောင့် နေရပ်စွန့်ခွာမှုကို မဖြစ်စေနိုင်သော်လည်း ပြောင်းလဲနေသောပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန် “ဆန္ဒအလျောက်” ရွှေ့ပြောင်းခြင်းကို နည်းလမ်းတစ်ခုအဖြစ် စဉ်းစားကာ လူများသည် ပိုမိုကောင်းမွန်သော နေထိုင်မှုအခြေအနေနှင့် ဝင်ငွေအခွင့်အလမ်းများရှိသော ဒေသများသို့ ရွှေ့ပြောင်းရခြင်းများ ဖြစ်လာနိုင်ပေသည် (Kalin၊ ၂၀၁၀)။

ယေဘုယျအားဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်အနေဖြင့် ဘဝအခြေအနေနှင့် စီးပွါးရေး အခွင့်အလမ်းများ ယိုယွင်းပျက်စီးလာခြင်းသည် လူများအား ၎င်းတို့နေထိုင်သောဒေသများတွင် ပြန်လည်

နေထိုင်၍မရသေးသည့်အခိုက် နိုင်ငံတွင်းရှိ အခြားဒေသများ သို့မဟုတ် ပြည်ပ၌ ပိုမိုကောင်းမွန်သော အခွင့်အလမ်းများနှင့် ဘဝအခြေအနေများကို ရှာဖွေရန် တွန်းအားသဖွယ် ဖြစ်လာနိုင်ပေသည်။ အချို့သော နေရာများတွင် သဲကန္တာရ ဖြစ်လာခြင်း၊ မြေဆီလွှာနှင့် မြေအောက် ရေထဲသို့ ဆားငန်ရေဝင်ရောက်ခြင်း သို့မဟုတ် ကမ်းရိုးတန်းဒေသများ “နစ်မြုပ်ခြင်း” တို့ကြောင့် ဒေသများအတွက် နေထိုင်ရန်မဖြစ်နိုင်သည့်အခါ ရွှေ့ပြောင်းမှုသည် အတင်းအကြပ် နေရပ်စွန့်ခွာရသည့်အဖြစ်သို့ ရောက်သွားပြီးလျှင် အပြီးအပိုင် ရွှေ့ပြောင်းရသည့်အဖြစ်မျိုးလည်း ဖြစ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သောဒေသများရှိ လူများသည် နေရပ်စွန့်ခွာရန်မှအပ အခြား ရွေးချယ်စရာ နည်းလမ်းမရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့၏ ရွှေ့ပြောင်းမှုသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကြောင့်ဖြစ်လာသည့် ပတ်ဝန်းကျင်နှင့် စီးပွါးရေးဆိုင်ရာအပြောင်းအလဲများကို ရင်ဆိုင်ကျော်လွှားရန်၊ ထိုအပြောင်းအလဲများအတိုင်း လိုက်လျော ညီထွေဖြစ်စေရန် ဆောင်ရွက်သည့် သီးခြားဗျူဟာတစ်ခုအဖြစ် မြင်နိုင်ပေသည်(Kalin၊ ၂၀၁၀)။

၃။ *“နစ်မြုပ်နေသော” ကျွန်းနိုင်ငံငယ်များ* ဆိုသည်မှာ တဖြည်းဖြည်းဖြစ်ပေါ်သော ဘေးအန္တရာယ် များ၏ အထူးဖြစ်ရပ်တစ်ခုဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး မြေနိမ့်ပိုင်းဒေသများ ဖြစ်ပေါ်လာခြင်း၏အကျိုးဆက်အနေဖြင့် အဆိုပါဒေသများသည် လူနေထိုင်၍မရနိုင်သည့်ဒေသများ ဖြစ်လာသည်။ အဆိုးဆုံး ဖြစ်ရပ်များအနဖြင့် ဘေးသင့်နိုင်ငံများတွင် ဘေးသင့်ပြီးနောက် ကျန်ရစ်ခဲ့ သောနယ်မြေများသည် ပြည်သူများ နေထိုင်ရန် နေရာမလုံလောက်နိုင်ခြင်းမရှိသည့်အတွက် အဆိုပါ နိုင်ငံများသည် ကမ္ဘာမြေပေါ်မှ လုံးဝ ပျောက်ကွယ်သွားနိုင်ပေသည်။ ထိုဖြစ်ရပ်နှင့် ကြုံတွေ့ရလျှင် ပြည်သူများသည် အခြားနိုင်ငံများသို့ အပြီးအပိုင် ရွှေ့ပြောင်းရပေလိမ့်မည်ဖြစ်သည် (Kalin၊ ၂၀၁၀)။ ထင်ရှားသော ဥပမာများအနေဖြင့် ပါပူအာ နယူးဂီနီ နိုင်ငံတွင် နိုင်ငံအတွင်း ရွှေ့ပြောင်း နေထိုင်မှု၊ ကီရီဘာတီကျွန်းနိုင်ငံမှ ဖီဂျီနိုင်ငံသို့ နိုင်ငံဖြတ်ကျော်ရွှေ့ပြောင်း နေထိုင်မှုများတို့ဖြစ်ကြသည် (McAdam၊ ၂၀၁၀)။ ဤကဲ့သို့အခြေအနေသည် အချို့ကိစ္စများတွင် (မူလ နေရပ်သို့) ပြန်လာရန် မဖြစ်နိုင်တော့ဘဲ ပြည်သူများအနေဖြင့် အခြားနိုင်ငံများသို့ အပြီးအပိုင် ရွှေ့ပြောင်း ရသည်မျိုး ဖြစ်သွားနိုင်ပေသည်။ ထိုအခါ မူရင်းနေထိုင်ရာနိုင်ငံပျောက်ကွယ်သွားသည့်အတွက် နိုင်ငံမဲ့သူများ ဖြစ်လာ တော့ပေမည်။

၄။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များကြောင့် အစိုးရက အချို့နေရာများကို *အန္တရာယ်များ သော ဒေသများ* အဖြစ်သတ်မှတ်ထားပြီး ထိုဒေသများတွင် လူများနေထိုင်ခြင်းက အလွန်ပင် အန္တရာယ်ရှိသည်။ ထို့ကြောင့် အစိုးရသည် လူများအား (၎င်းတို့၏ သဘောတူညီချက်ဖြင့်ဖြစ်စေ/ သဘောဆန္ဒမပါဘဲနှင့်ဖြစ်စေ) နေရပ်စွန့်ခွာပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းလိုက်ခြင်း၊ သို့မဟုတ် နေရပ်စွန့်ခွာပြီးသည့် အခြေအနေဖြစ်ပါက ပြန်လည်နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ သို့မဟုတ် ဘေးကင်းသောနေရာများတွင် နေရာချထားပေးခြင်း များ ပြုလုပ်နိုင်ပေသည်။ ထိုသို့သောအခြေအနေ သည် ဥပမာအားဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသော မြစ်များနှင့် ကမ်းရိုးတန်းလွင်ပြင်ဒေသများ တစ်လျှောက် ဖြစ်ပေါ်နိုင်သည်သာမက အေးခဲနေသော ရေခဲပြင်၏

နက်ရှိုင်းမြေလွှာများအရည်ပျော်မှု ကြောင့် ဖြစ်လာသည့် ရေကြီးရေလျှံမှု သို့မဟုတ် မြေပြိုမှုအန္တရာယ် မြင့်မားသော တောင်တန်း ဒေသများတွင်လည်း ဖြစ်နိုင်သည်။ ထိုအခြေအနေနှင့် ရုတ်တရက်ဖြစ်ပွါးသော ဘေးအန္တရာယ် များအကြား ကွာသည့်အချက်မှာ အစိုးရ၏လုပ်ရပ်/ကြေညာချက်ရှိခြင်းကြောင့် မူလနေရပ်သို့ ပြန်လာရန် မည်သို့မျှ မဖြစ်နိုင်ခြင်းပင်ဖြစ်သည် (Kalin၊ ၂၀၁၀)။ လေ့လာမှုတစ်ခုအရ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ ပြန်လည်နေရာချထားမှုပေါင်း (၃၀၈) ခု ရှိခဲ့ပြီး ၎င်းတို့အနက် ထက်ဝက်ကျော် (၁၆၀ ခု) မှာ အာရှတိုက်တွင် ဖြစ်ခဲ့သည်။ ထိုဖြစ်ရပ်များတွင် ဖိလစ်ပိုင်နိုင်ငံ၌ (၂၉) ခု၊ ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့တွင် (၁၇) ခုစီ ပါဝင်သည် (Soo-Chen နှင့် McCoy၊ ၂၀၂၃)။

ရေရှည်အတွက် ဖြေရှင်းချက်များမရှိပါမူ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများသည် အချိန်ဆွဲ ကြန့်ကြာနေသည့်အနေအထားဖြင့် ဆက်လက်ရှိနေသည်၊ သို့တည်းမဟုတ် အခြားရွေးချယ်စရာ တစ်စုံတစ်ရာ မရှိခြင်းကြောင့် ကျန်းမာရေးအန္တရာယ်၊ ထိခိုက်ဒဏ်ရာရမှုများအပြင် အသက်အန္တရာယ် အထိ ကြုံတွေ့ရနိုင်ပြီး မိမိတို့၏ (မူလ) အန္တရာယ်များသောဒေသများသို့ပင် ပြန်လည်နေထိုင်ရန် ဆုံးဖြတ်ကြပေလိမ့်မည်။ အချို့လူများသည် ၎င်းတို့အတွက် နေထိုင်ရန် သတ်မှတ်/ပြင်ဆင်ထားသော နေရာချထားမှုများကို ငြင်းပယ်ခြင်း၊ သို့မဟုတ် ၎င်းတို့အတွက် ရေရှည်တည်တံ့သော ဖြေရှင်းချက် များကို အစိုးရက မပေးနိုင်ခြင်းများကြောင့် နိုင်ငံ မှ ထွက်ခွာရန် ဆုံးဖြတ်နိုင်ပေသည် (Kalin၊ ၂၀၁၀)။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များ (ရေ၊ စိုက်ပျိုးမြေ သို့မဟုတ် မွေးမြူရေးခြံများကဲ့သို့) လျော့နည်းလာခြင်းသည် *ပြည်သူတို့၏ တည်ငြိမ်မှုကို ပြင်းထန်စွာ နှောင့်ယှက်သော မငြိမ်သက်မှုများ၊ အကြမ်းဖက်မှုများ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခများ*ကို ဖြစ်လာစေနိုင်သည်။ ၎င်းသည် ရေရရှိနိုင်မှု ကျဆင်းလာသောဒေသများ၊ ဆင်းရဲနွမ်းပါးမှုကြောင့် လိုက်လျောညီထွေမှုရှိအောင် အလွယ်တကူ မလုပ်နိုင်သည့်ဒေသများတွင် ပိုမိုသက်ရောက်နိုင်ဖွယ် ရှိသည် (Kalin၊ ၂၀၁၀)။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် ဘေးကင်းလုံခြုံရေးနှင့် ပိုမိုကောင်းမွန် သောဘဝများ ရရှိရေးအတွက် လူများသည် နိုင်ငံနယ်နိမိတ်အတွင်း သို့မဟုတ် နယ်စပ်ဖြတ်ကျော်၍ ထွက်ခွာရန်မှအပ အခြားရွေးချယ်စရာ နည်းလမ်းမရှိတော့ချေ။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ အထူးသဖြင့် အရင်းအမြစ်များ တဖြည်းဖြည်း လျော့နည်းလာခြင်းသည် လူမှုရေးတင်းမာမှုများကို ဖြစ်ပေါ်စေနိုင်ပြီး ထိုမှတဆင့် အကြမ်းဖက်ပဋိပက္ခများ ဖြစ်လာစေကာ အတင်းအကြပ်နေရပ်စွန့်ခွာရွှေ့ပြောင်းမှုများ ဖြစ်လာနိုင် သည်။ နိုင်ငံအတွင်း ရွှေ့ပြောင်းကြသူများမှာ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ (IDPs) ဖြစ်သည်။ ပြည်ပသို့ ရွှေ့ပြောင်းသွားကြသူများကိုမူ ဒုက္ခသည်ဆိုင်ရာ သဘောတူညီချက် (Refugee Convention) အရ သို့မဟုတ် ဒေသတွင်း ဒုက္ခသည်ဆိုင်ရာစာချုပ်စာတမ်းများအရ ဒုက္ခသည်များ အဖြစ် အကာအကွယ်ပေးထားသည်၊ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခမှ ထွက်ပြေးလာသူများ အတွက် ပေးထားသည့် ဖြည့်စွက်ကာကွယ်ပေးမှုများ သို့မဟုတ် ယာယီကာကွယ်မှုများအတိုင်း ကာကွယ်မှုလိုအပ်နေသူများအဖြစ် သတ်မှတ်နိုင်ပေသည် (Kalin၊ ၂၀၁၀)။

အထက်ပါ အခြေအနေ (၅) ရပ်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်း များ၏ သဘောသဘာဝကိုကြည့်ခြင်းအားဖြင့် လူများသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်စေ၊ ရာသီဥတုနှင့် ဆက်စပ်သော ဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ နေရပ် ရွှေ့ပြောင်းခြင်း ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာမှုများသည် နိုင်ငံ နယ်နိမိတ်အတွင်းလည်း ဖြစ်နိုင်သကဲ့သို့ နိုင်ငံတကာ နယ်နိမိတ်များဖြတ်ကျော်၍လည်း ဖြစ်နိုင်ကြောင်း အတိအလင်း ဖော်ပြနေသည်။ ရာသီဖောက်ပြန် ပြောင်းလဲခြင်းကြောင့် ရွှေ့ပြောင်းနေရသည့် ပုံစံ (၃) မျိုးကို ဖော်ပြရာတွင် "ရာသီဥတုကြောင့် ရွှေ့ပြောင်း မှု" ဟူသော အောက်ပါအသုံးအနှုန်း (၃) မျိုး ရှိသည်-

- လူများအား ၎င်းတို့၏နေအိမ်များကို အတင်းအကြပ် စွန့်ခွာစေသည့် နေရပ်စွန့်ခွာမှု၊
- အတိုင်းအတာတစ်ခုအထိ ဆန္ဒအလျောက်လုပ်ဆောင်သည့် ရွှေ့ပြောင်းမှု၊ နှင့်
- နိုင်ငံ၏ စီမံလမ်းညွှန်ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် စီစဉ်ပြန်လည်နေရာချထားမှု။ (Soo-Chen နှင့် McCoy၊ ၂၀၂၃)။

ရွှေ့ပြောင်းမှုများ၏ မတူကွဲပြားသော သဘောသဘာဝအရ ရွှေ့ပြောင်းသူများ၏ အခွင့်အရေးများ အား ကာကွယ်ရန်အတွက် မည်သည့်ကာကွယ်မှုမူဘောင် ရရှိနိုင်သည်ကို နည်းလမ်းများစွာဖြင့် သတ်မှတ် ပေးထားသည်။

၃.၃ ရာသီဥတုကြောင့် ရွှေ့ပြောင်းခံရသူများအား ကာကွယ်သည့် လက်ရှိစံသတ်မှတ်ချက် မူဘောင်နှင့် ဗျူဟာများ

ရာသီဥတုကြောင့် နေရပ်စွန့်ခွာရသူများကို ကာကွယ်ရန် ကာကွယ်ရေးဆိုင်ရာမူဘောင်နှင့် ဗျူဟာများ အကြောင်းလေ့လာရာတွင် စတင်လုပ်ဆောင်ရမည့်အချက်မှာ နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များ အပါအဝင် နိုင်ငံတကာဥပဒေအရ သတ်မှတ်ထားသော အမျိုးမျိုးသော ရွှေ့ပြောင်းနေထိုင်သူ အမျိုးအစား များ အထူးသဖြင့် အတင်းအကြပ် ရွှေ့ပြောင်းရန် ခိုင်းစေခံရသူများအား ကာကွယ်ရန်မှာ နိုင်ငံများတွင် တာဝန်များစွာရှိပြီး အပြုသဘောဆောင်သော ဝတ္တရားများရှိသည်ဟူသော ယူဆချက်ဖြစ်သည် (Zetter၊ ၂၀၁၁)။ သို့သော် သဘာဝပတ်ဝန်းကျင် သို့မဟုတ် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် အတင်းအကြပ်ရွှေ့ပြောင်းခံရသူများ အတွက် ရေးဆွဲထားသည့် စာချုပ် စာတမ်းအပိုင်းတွင် "မရေရာမှု" များလည်း ရှိနေသည်။ လူအများစုသည် မိမိတို့၏နိုင်ငံအတွင်းတွင် ရွှေ့ပြောင်း နေထိုင်ကြပြီး အပြီးအပိုင် ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ပါက ၎င်းတို့ကို ပြည်တွင်းဥပဒေဖြင့် ကာကွယ်ပေး ရမည်ဖြစ်သည်။ မည်သူမည်ဝါဖြစ်စေကာမူ "လူတိုင်း"နှင့်အကျုံးဝင်သက်ဆိုင် သည့် နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များအပြင် နိုင်ငံမဲ့သူများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများကဲ့သို့သော အမျိုးမျိုးသော လူအမျိုးအစားတိုင်းအတွက် ချမှတ်ထားရှိသည့် အခြားနိုင်ငံတကာကာကွယ်ရေးမူဘောင်များကိုလည်း ကျင့်သုံး နိုင်သည်။ ဤနေရာတွင် စိန်ခေါ်မှုများမှာ "ဘုံကာကွယ်မှုစံနှုန်း" မရှိဘဲ ၎င်းတို့အား မည်သို့ခွဲခြားထားသည် သို့မဟုတ် မည်သို့ အဓိပ္ပါယ် ဖွင့်ဆိုထားသည်အပေါ် အခြေခံ၍ မတူကွဲပြားသော ကာကွယ်မှုဆိုင်ရာ တာဝန်ယူမှုများ

ရှိနေခြင်းဖြစ်သည်။ နယူးဇီလန်နိုင်ငံသည် နစ်မြုပ်နေသော ၎င်းပိုင် ကျွန်းငယ်များမှ ထွက်ခွာရမည်ဟု အတင်းအကြပ်ခိုင်းစေခံရသူများအား "ဒုက္ခသည်အဆင့်အတန်း" ပေးအပ်သည့်လုပ်ရပ် ကဲ့သို့သော ခြွင်းချက်အနည်းငယ်မှအပ နိုင်ငံတကာနယ်စပ်များကို ဖြတ်ကျော်လာသော "ရာသီဥတုကြောင့် ရွှေ့ပြောင်းသူများ" အနေဖြင့် "ဒုက္ခသည်များ" အဖြစ် တရားဝင်သတ်မှတ်နိုင်သောအချက်များနှင့် မကိုက်ညီသည်ဖြစ်ရာ လက်ရှိ နိုင်ငံတကာဥပဒေအရ ရနိုင်မည့် သင့်လျော်သော မည်သည့်ကာကွယ်မှု ကိုမျှ အကျိုးခံစားခွင့် မရရှိနိုင်ပေ (Mayer၊ ၂၀၁၁)။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ရွှေ့ပြောင်းရန် အတင်းအကြပ်ခိုင်းစေခံရသူများကို သတ်မှတ်ဖော်ပြနိုင်မည့် အုပ်စုအမျိုးအစား သို့မဟုတ် အသုံးအနှုန်း ဟူ၍ မရှိသေးပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါရွှေ့ပြောင်းမှုများသည် ထိုအခြေအနေများကြောင့်သာ ဖြစ်သည်ဟု တထစ်ချသတ်မှတ်ရန် ခဲယဉ်းသောကြောင့် ဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်ဆိုင်ရာ မောင်းနှင်အားများနှင့် ဆက်စပ်၍ မိမိဆန္ဒအလျောက် ရွှေ့ပြောင်းသည့်အဖြစ်မှ အတင်းအကြပ် ရွှေ့ပြောင်းမှုအထိအထိ ရွှေ့ပြောင်းမှုဖြစ်စဉ်များ စဉ်ဆက်မပြတ်ရှိနေခြင်းတို့ကြောင့် ထိုကဲ့သို့သော အဓိပ္ပာယ်ဖွင့်ဆိုသက်မှတ်ရန်ခက်ခဲစေခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း (ILO)က ရာသီဥတု/ သဘာဝပတ်ဝန်းကျင်ကြောင့် နေရပ်စွန့်ခွာသူများကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည်-

> "သဘာဝပတ်ဝန်းကျင်၌ ရုတ်တရက်ဖြစ်စေ (သို့မဟုတ်) ဖြည်းဖြည်းချင်းဖြစ်စေ ဖြစ်ပေါ်လာသော ပြောင်းလဲမှုကြောင့် ၎င်းတို့၏ဘဝ (သို့မဟုတ်) နေထိုင်မှုအခြေအနေများ အပေါ် ဆိုးကျိုးသက်ရောက်စေကာ မိမိတို့၏နေအိမ်များကို ယာယီဖြစ်စေ၊ အပြီးအပိုင် ဖြစ်စေ စွန့်ခွာထွက်သွားရန် ရွေးချယ်လိုက်ရသော နိုင်ငံအတွင်း (သို့မဟုတ်) ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်သော လူပုဂ္ဂိုလ်များ (သို့မဟုတ်) အုပ်စုများ"
>
> (ILO၊ Zetter မှ ကိုးကားသည်၊ ၂၀၁၁၊ စာ-၁၁)။

ရာသီဥတု သို့မဟုတ် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် နေရပ်စွန့်ခွာရသူများကို သတ်မှတ် ဖော်ပြရန် သဘောတူလက်ခံထားသော ဝေါဟာရ/အခေါ်အဝေါ်မရှိမှုကြောင့် စံနှုန်းများနှင့် ဥပဒေများ၏ ကာကွယ်မှု ကင်းမဲ့သည့်အဖြစ်ဆီသို့ ဦးတည်စေပြီး ၎င်းတို့အများစုအတွက် အန္တရာယ်ကြုံတွေ့ရမှု မြင့်မားစေသည်။ သို့သော် လိုက်လျောညီထွေမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိနိုင်ရန် နိုင်ငံတကာတွင် ဆောင်ရွက်နေသူများက မူဝါဒများကတစ်ဆင့် အချို့သောအစီအမံများကို ချမှတ်ထားကြသည် (Zetter၊ ၂၀၁၁)။ အဆိုပါအစီအမံများတွင် အစိုးရများအနေဖြင့် ဘေးအန္တရာယ်နှင့် ထိခိုက်လွယ်မှုလျော့ချရေး မဟာဗျူဟာများ ရေးဆွဲရန်နှင့် ဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်ရာတွင် ထိခိုက်လွယ်မှု အန္တရာယ်များ မတိုးပွါးစေရန် လိုအပ်သည်များကို ကိုင်တွယ်ဖြေရှင်းခဲ့သည့် ၂၀၁၅ ခုနှစ် ဟိုင်ဂို လုပ်ဆောင်ချက်မူဘောင်၊ ၂၀၁၉ ခုနှစ် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ ကုလသမဂ္ဂရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာမူဘောင် (UNFCCC) တို့တွင် အဓိက

ကွာဟချက် ဖြစ်သည့် လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်နိုင်ရေးအတွက် ရန်ပုံငွေကိုသိသိသာသာ မြှင့်တင်ရန် ရည်ရွယ်သည့် အဆိုပြုချက်များ ပါဝင်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရာသီဥတုကြောင့် နေရပ်စွန့်ခွာရသူများအား ကာကွယ်ပေးနိုင်မည့် တိကျသော နိုင်ငံတကာဥပဒေမူဘောင် မရှိသေးသော်လည်း နိုင်ငံတကာနှင့် ဒေသတွင်းလူ့အခွင့်အရေးစာချုပ်များ၊ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများတွင် ဖော်ပြထားသော ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို ၎င်းတို့သည် အပြည့်အဝ ခံစားခွင့်ရှိကြသည် (Naser၊ ၂၀၁၃)။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် နေရပ်စွန့်ခွာရသူအများစုသည် ၎င်းတို့၏ နိုင်ငံနယ်နိမိတ်အတွင်းတွင်သာ ဆက်လက်နေထိုင်ကြလိမ့်မည်ဟု အစီရင်ခံစာများနှင့် လေ့လာမှု အမျိုးမျိုးတွင် ဖော်ပြထားသည်။ ၎င်းတို့သည် ကုလသမဂ္ဂ၏ နေရပ်စွန့်ခွာမှုဆိုင်ရာ လမ်းညွှန်ချက်များ (GPs) တွင် သတ်မှတ်ထားသည့်အတိုင်း နေရပ်စွန့်ခွာ လာကြရသူများဖြစ်ပြီး လမ်းညွှန်ချက်များတွင် ပါဝင်သော အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအား အပြည့်အဝ ရရှိခံစားခွင့်ရှိသည် (Naser၊ ၂၀၁၃)။ နယ်စပ်ဖြတ်ကျော်၍ နေရပ်စွန့်ခွာသူများအနေဖြင့် တရားဝင်စည်းနှောင်မှုအားပျော့သော အောက်ဖော်ပြ ပါဥပဒေများမှ အကျိုးခံစားခွင့်များကို ရရှိနိုင်သည်။

ကုလသမဂ္ဂ၏ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများဆိုင်ရာအခြေခံမူသဘောတရားများ ကို ၁၉၉၈ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ထိပ်သီးအစည်းအဝေး၌ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသိအမှတ်ပြုခဲ့ကြသည်။ ဖော်ပြခဲ့သည့်အတိုင်း ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် (က) လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်များ၊ (ခ) ခွဲခြားမှုမရှိသော အကြမ်းဖက်မှုအခြေအနေများ၊ (ဂ) လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ သို့မဟုတ် (ဃ) သဘာဝဘေးအန္တရာယ် သို့မဟုတ် လူလုပ်ဘေးအန္တရာယ်များကို ရှောင်ရှားရန်အတွက် မိမိတို့၏ နေအိမ်များ မှ အတင်းအကြပ် စွန့်ခွာရသူများဖြစ်ပြီး နိုင်ငံ၏နယ်နိမိတ်ကို မဖြတ်ကျော်ရသေးသူများ ပါဝင်သည်” (Naser၊ ၂၀၁၃)။ အမှန်အားဖြင့် “သဘာဝ သို့မဟုတ် လူလုပ်ဘေး အန္တရာယ်များ” ဟူသော အသုံးအနှုန်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်သင့်သူများအနေဖြင့် ၎င်းတို့၏ မူလနိုင်ငံတွင် ရှိနေပါက ထိုကဲ့သို့သော ကာကွယ်မှုတွင် အကျုံးဝင်မည်ဟု ထင်မြင်ရပေသည် (Naser၊ ၂၀၁၃)။ ကုလသမဂ္ဂ၏ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှုဆိုင်ရာ လမ်းညွှန်ချက်များသည် နေရပ်စွန့်ခွာသူများအား ကာကွယ်ပေးရေးနှင့်သက်ဆိုင်သည့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့် အာမခံချက်များကို ပြန်လည်ဖော်ပြခြင်းနှင့် ချိန်ညှိခြင်းဆိုင်ရာအထူးချဉ်းကပ်ပုံကို ကျင့်သုံးထားခြင်း ဖြစ်သည်။ Naser (၂၀၁၃) ၏ အဆိုအရ အာဖရိကသမဂ္ဂ (AU)၊ အမေရိကန်နိုင်ငံ ပြည်နယ်များအဖွဲ့ (OAS) နှင့် ဥရောပကောင်စီအပါအဝင် ဒေသဆိုင်ရာ အဖွဲ့ အစည်းများသည် ၎င်းတို့၏အဖွဲ့ဝင်နိုင်ငံများအား လမ်းညွှန်ချက် (GP) များကို အသုံးပြုရေးနှင့် ၎င်းတို့၏ ပြည်တွင်းဥပဒေများနှင့် မူဝါဒများ၌ ထည့်သွင်းရေးတို့ကို ဆောင်ရွက်ရန်တောင်းဆိုထားသည်။ ထိုအချက်သည် အရှေ့တောင်အာရှ (SEA) တွင် ကွာဟချက်တစ်ခု ဖြစ်နေဆဲပင်ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုများအတွက် *လူ့အခွင့်အရေးနှင့် သဘာဝ ဘေးအန္တရာယ်များ ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များ (OGs)* ကို အေဂျင်စီများ၏ အမြဲတမ်းကော်မတီ (IASC) မှ စတင် ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းလမ်းညွှန်ချက်များအပေါ် အခြေခံထားသည့် ကာကွယ် စောင့်ရှောက်ခြင်းသည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံရသူများ၏ ရှင်သန်ရပ်တည်ရေးနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးကို လုံခြုံစေရုံသာမက နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာ ထောက်ထားမှုဥပဒေအရ ထိခိုက်ခဲ့သူ များအပေါ် ပေးအပ်ထားသည့် ပြည်သူ့ရေးရာနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအပြင် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအားလုံးကိုလည်း အကျုံးဝင်စေသည်။ သဘာဝဘေးအန္တရာယ်များနှင့် ဆက်စပ် ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအား နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသော လူ့အခွင့်အရေးများနှင့်အညီ လူ့အခွင့်အရေးကိုအခြေခံသည့်ချဉ်းကပ်မှုဖြင့် အကောင်အထည်ဖော်ရန် လမ်းညွှန်ချက်တစ်ခုကို ဤ လုပ်ငန်းလမ်းညွှန်ချက်များက ချမှတ်ပေးထားသည် (Naser၊ ၂၀၁၃)။

ဟိုင်ဂို လုပ်ဆောင်ချက်မူဘောင်- HFA (၂၀၀၅-၂၀၁၅)။ ရာသီဥတုဒဏ်ကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင် ရသူများ၏အခွင့်အရေးများအားကာကွယ်ရန် ထပ်မံအသုံးပြုနိုင်သည့် တရားဝင် စည်းနှောင်မှုမရှိသော စာချုပ် စာတမ်းတစ်စောင် ဖြစ်သည်။ အဆိုပါမူဘောင်သည် ဘေးအန္တရာယ်များ လျှော့ချရန် နိုင်ငံများ၏တာဝန်ရှိမှုကို သေချာစေပြီးလျှင် သဘာဝဘေးနှင့် လူသားတို့ပြုလုပ်သောဘေး အန္တရာယ်နှစ်မျိုးလုံးတွင် အန္တရာယ်လျှော့ချရေး အတွက် ဦးစားပေးရမည့်အရာများကို သတ်မှတ်ထား သည်။ ဤမူဘောင်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သဘာဝ ဘေးအန္တရာယ်များကြောင့် ပိုမိုထိခိုက်လွယ်မှု ရှိတတ်ကြောင်းသိရှိထားပြီးလျှင် ထိခိုက်လွယ်မှုကို လျှော့ချရာတွင် ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ၊ ကြိုတင်သတိပေးစနစ်များနှင့် အများပြည်သူဘေးကင်းရေး အသိပညာ ပေးခြင်းနှင့် ကြိုတင်ပြင်ဆင်မှုကဲ့သို့သော ကြိုတင်ကာကွယ်ရေးအစီအမံများဖြင့် အသုံးပြုရန် အကြံပြုထားသည် (Naser၊ ၂၀၁၃)။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်သဘောတူညီချက် (UNFCCC) ကို ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပသော ကမ္ဘာမြေထိပ်သီးညီလာခံတွင် အတည်ပြုခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မူဘောင်သဘောတူညီချက်၏ အဓိကရည်ရွယ်ချက်မှာ “ရာသီဥတုစနစ်အပေါ် လူသား တို့၏ အန္တရာယ်ရှိသော ဝင်ရောက်စွက်ဖက်မှုကို ကာကွယ်ရန်အတွက် လေထုအတွင်းရှိ ဖန်လုံအိမ် ဓါတ်တ်ငွေ့ပါဝင်မှုကို တည်ငြိမ်စေရန် ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် သဘာဝ အတိုင်း လိုက်လျောညီထွေမည့် ဂေဟစနစ် ဖြစ်စေ ရန်၊ အစားအစာ ထုတ်လုပ်မှုကို ထိခိုက်မှုမရှိစေရန်နှင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ဆက်လက်လုပ်ဆောင်စေရန် လုံလောက်သော အချိန်ကာလအတွင်း ရရှိသင့်သည်” (Gao, Gao နှင့် Zhang၊ ၂၀၁၇)။ မူဘောင်သဘောတူညီချက်သည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် နည်းပညာနှင့် သိပ္ပံ နည်းကျ ရှုထောင့်များဖြင့် လေ့လာရန် ဦးတည်ထားသော်လည်း ရာသီဥတုကြောင့် နေရပ်စွန့်ခွာရသူများအား ဤမူဘောင်အောက်တွင် တရားဝင်အသိအမှတ်ပြုပြီး ကာကွယ်သင့်သည်ဟု အချို့က အဆိုပြုထားကြသည်။

UNFCCC ၏ လက်ရှိအဖွဲ့အစည်းများကိုလည်း ထောက်ပြထားသော စိုးရိမ်မှု အများစုကို ကျေနပ်မှုရှိစေရေး ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် ယနေ့အထိ ရှိနေပြီးဖြစ်သော “လမ်းကြောင်းမှီခိုမှု” သို့မဟုတ် “လမ်းကြောင်း သီးသန့်ဖြစ်တည်မှု” ထက်ကျော်လွန်ရန်အလို့ငှာ အမျိုးမျိုးသော နိုင်ငံတကာဥပဒေ အထောက်အထားများနှင့် အဖွဲ့အစည်းများအကြား ပေါင်းစည်းမှု ရှိရန်မှာ ဆက်လက်လိုအပ်နေဆဲပင်ဖြစ်သည် (Lyster၊ ၂၀၁၅)။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အမှန်တကယ်လက်ရှိဖြစ်နေသည့်စိန်ခေါ်မှုအဖြစ် အသိအမှတ်ပြု ခြင်းအပြင် ကမ္ဘာတစ်ဝှမ်း ကာကွယ်စောင့်ရှောက်ရေးလိုအပ်ချက်များ၏အခန်းကဏ္ဍကို ဖြည့်ဆည်းရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ထိရောက်သောတုံ့ပြန်မှုများဖော်ဆောင်ရန်အတွက် ကြိုးပမ်း အားထုတ်မှုများကို လွန်ခဲ့သော နှစ်များအတွင်း အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်အတွက် မဟာဗျူဟာမြောက်မူဘောင်မှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရ သည့် နေရပ်စွန့်ခွာသူ ရွှေ့ပြောင်းနေထိုင်သူများအကြား ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်အတွက် UNHCR သည် ဘေးဒဏ်သင့်အသိုက်အဝန်းများ၊ အိမ်ရှင်အစိုးရများ၊ ကုလသမဂ္ဂဌာနေအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည် (UNHCR၊ ၂၀၂၀)။ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိကို ပထမဆုံးအနေဖြင့် ခန့်အပ်ခဲ့သည်။ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ အလုံးစုံတာဝန်မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်မည့် လူ့အခွင့်အရေးအပေါ် ဆိုးကျိုး သက်ရောက်မှုများကို ဖြေရှင်းရန်နှင့် လက်ရှိကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ကူညီရန် တို့ဖြစ်ပြီး ၎င်းတွင် ရာသီဥတုနှင့်ဆက်စပ်သော အကြောင်းရင်းများကြောင့် နေရပ်စွန့်ခွာရသူများအရေး လည်းပါဝင်သည် (OHCHR၊ ၂၀၂၂)။ အဆိုပါလူများကို အကာအကွယ်ပေးရေးဆိုင်ရာ ဖြေရှင်းချက်များ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုတစ်ခုမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းရင်းများကြောင့် နေရပ်စွန့်ခွာရသူများအတွက် တရားဝင်အဓိပ္ပာယ် ဖွင့်ဆိုချက်မရှိခြင်းနှင့် ၎င်းတို့အား မည်သို့သော အရည်အချင်း သတ်မှတ်ချက်များထားရှိမည် ဆိုသည့် အချက်ပင် ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော (၂၇) ကြိမ်မြောက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂစာချုပ်ဝင်နိုင်ငံများညီလာခံ (COP27) တွင် ရာသီဥတုဒဏ်အခံရဆုံးနိုင်ငံများမှ ဒုက္ခသည် များနှင့် နေရပ်စွန့်ခွာသူများအား ဆွေးနွေးပွဲတွင် ထည့်သွင်းရန် လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ရာသီဥတုကြောင့် နိုင်ငံများမှ နေရပ်စွန့်ခွာရသည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးသည် ညီလာခံကျင်းပရာ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် တက်ရောက်လာသူများအတွက် အလေးအနက်ဖြစ်စေခဲ့ပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏မြန်နှုန်းကြောင့် လက်ရှိ ဆောင်ရွက်နေ သည့် ပြောင်းလဲနေသော ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစေရေး ကြိုးပမ်းအားထုတ်မှုများသည် ပို၍ မြန်မြန်ဆန်ဆန်ဖြစ်နေသည်ကိုလည်း သတိပေး

ပြောကြားခဲ့ခြင်းဖြစ်သည် (UNHCR၊ ၂၀၂၂)။ UNHCR ၏ မီးမောင်းထိုးပြထားသည့်အတိုင်းပင် အရေးပေါ် ရာသီဥတုအခြေအနေနှင့် အများဆုံး ကြုံတွေ့ရသည့် နိုင်ငံများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုကို တိုးမြှင့်ရန်အပြင် ရာသီဥတုဒဏ်ကို အလွယ်တကူခံရသော နိုင်ငံများအတွက်သာမက နေရပ်စွန့်ခွာသူများနှင့် (လက်ခံမည့်) အိမ်ရှင်လူမှုအသိုက်အဝန်းများထံသို့ပါ အရင်းအမြစ်များ ရောက်ရှိမှုသေချာစေရန်လည်း လိုအပ်သည် (European Union Agency for Asylum၊ ၂၀၂၃)။

ဤအပိုင်းတွင် နိုင်ငံများသည် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များအရ နိုင်ငံတကာ နယ်နိမိတ်အတွင်း သို့မဟုတ် နယ်နိမိတ်ဖြတ်ကျော်၍ နေရပ်စွန့်ခွာရန် အတင်းအကြပ် ခိုင်းစေခံရသူများ အားလုံး၏ အခွင့်အရေးများ ကို ကာကွယ်ရန်တာဝန်ရှိသော်လည်း ဒုက္ခသည်များ၏ အခြေအနေနှင့်ပတ်သက်သည့် ၁၉၅၁ ခုနှစ် သဘောတူ ညီချက်ကဲ့သို့သော တရားဝင်စည်းနှောင်မှုရှိသည့်ဥပဒေ၏ ဘောင်ကျဉ်းသော အနက်အဓိပ္ပာယ်ဖွင့်ဆိုထားမှုကြောင့် နိုင်ငံများအနေဖြင့် ဥပဒေအား ၎င်းတို့နှင့်ကိုက်ညီအပ်စပ်မည့် အနေအထားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသည်များ ဖြစ်လာစေသည်။ ထို့ပြင် ရွှေ့ပြောင်းခြင်းနှင့် နေရာစွန့်ခွာခြင်း တို့သည် လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးဆိုင်ရာ အချက်များကြောင့် ဖြစ်ပေါ်လာသော ရှုပ်ထွေးသည့် လုပ်ငန်းစဉ်များဖြစ်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ရွှေ့ပြောင်းမှုအကြား တိုက်ရိုက် အကြောင်းရင်းတစ်ခုတည်းဖြင့် ဆက်စပ်မှုရှိနေကြောင်းကို ဖယ်ထုတ်ထားနိုင်သည် (Zetter၊ ၂၀၁၁)။ ထို့ကြောင့် တိကျသော နိုင်ငံတကာမူဘောင်တစ်ခုအနေဖြင့် အကောင်အထည် မဖော်နိုင်သေးသည့် အကြောင်းရင်းတစ်ခုဖြစ်နိုင်ပေသည်။ ထို့ပြင် နေရပ်စွန့်ခွာ ရမှုသည် မိမိဆန္ဒအလျောက် ဖြစ်စေ သို့မဟုတ် အတင်းအကြပ် လုပ်ဆောင်ခြင်း၊ ယာယီသဘော သို့မဟုတ် အမြဲတမ်းသဘော၊ ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်နေရပ်စွန့်ခွာရမှု စသည့်အခြေအနေများအကြား ကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များ မည်သို့ကွာခြားသည်ကို သတ်မှတ်ရန် ခက်ခဲလှပေသည်။ အဆိုပါစိန်ခေါ်မှုများအနက်မှ ရာသီဥတုနှင့် သဘာဝ ပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာအခြေအနေတွင် မိမိဆန္ဒအလျောက်နေရပ် စွန့်ခွာခြင်းနှင့် အတင်းအကြပ်နေရပ် စွန့်ခွာရခြင်းအကြားကွာခြားချက်သည် အထူးသဖြင့် ဖြည်းဖြည်းချင်း ဖြစ်နေသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခြေအနေမျိုး၌ ဖော်ထုတ်ရန်မှာ အရှုပ်ထွေးဆုံးနှင့် အထိခိုက်လွယ်ဆုံးအချက်ဖြစ်သည် (Zetter၊ ၂၀၁၁)။ ထို့ကြောင့် နေရပ်စွန့်ခွာသူများအတွက် အသင့်တော်ဆုံးကာကွယ်မှုကိုပေးစွမ်းနိုင်ရန် မည်သည့်စံသတ်မှတ်ချက် မူဘောင်များကို အသုံးချနိုင်သည်၊ ထိုမူဘောင်အတိုင်း မည်သည့်အေဂျင်စီများက ကာကွယ်မှုကို ပေးအပ်ရန် တာဝန်ရှိသည်တို့ကို ဆုံးဖြတ်ခြင်းသည် အရှေ့တောင်အာရှဒေသအတွက် ပို၍ နက်နဲသော စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

၃.၄ အရှေ့တောင်အာရှ၏ နောက်ခံအခြေအနေနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

အရှေ့တောင်အာရှဒေသကို ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စတေ နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။ ထိုဒေသသည် အပူပိုင်း/သမပိုင်းတွင် တည်ရှိပြီး ကျောက်ပြားချပ်များစွာရှိသည့် ငလျင် လှုပ်ခတ်မှု

များရာ ဒေသတစ်ခုလည်းဖြစ်သည် (ESCAP၊ ၂၀၁၅)။ ထိုဒေသအား ရှည်လျားသော ကမ်းရိုးတန်းရှိသည့် ကုန်းမြေပိုင်းနှင့် ကျွန်းနိုင်ငံများဟူ၍ ပိုင်းခြားထားသည် (ESCAP၊ ၂၀၁၅)။

၎င်း၏ ပထဝီဝင်အနေအထားကြောင့် အရှေ့တောင်အာရှဒေသသည် မုန်တိုင်းများ၊ ရေကြီးမှုများ၊ မြေငလျင်များ၊ မီးတောင်ပေါက်ကွဲမှုများနှင့် ဆူနာမီများကဲ့သို့သော သဘာဝဘေး အန္တရာယ်အမျိုးမျိုးကို သဘာဝအတိုင်း ကြုံတွေ့ရလေ့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံတို့သည် ငလျင်လှုပ်ရှားမှု များနှင့် မီးတောင်လှုပ်ရှားမှု များသော Ring of Fire ၏ အစိတ်အပိုင်းများဖြစ်သည် (Overland၊ ၂၀၁၇)။ ထိုဒေသသည် ပူနွေးသောသမုဒ္ဒရာ ရေများ (ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ) နှင့် နီးကပ်သောကြောင့် တိုင်ဖွန်းမုန်တိုင်းနှင့် ဆိုင်ကလုန်း မုန်တိုင်းများ၏ သက်ရောက်မှုကိုလည်း ခံစားရသည်။ ထို့ကြောင့် ဒေသတွင်းနိုင်ငံများသည် မိုးသည်းထန်စွာ ရွာသွန်းမှုကို မကြာခဏကြုံတွေ့ရပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်စေသည် (Overland၊ ၂၀၁၇)။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၌ မိုးရာသီတွင် ရေကြီးရေလျှံမှုများကိုခံစားနေရ၍ ရာသီဥတုဖောက်ပြန်ပြောင်းလဲ မှုကြောင့် အပူချိန်မြင့်တက်လာပြီး နိုင်ငံအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့် အကြိမ်ရေနှင့် ပြင်းထန်မှုကို သိသိသာသာ မြင့်တက်လာခဲ့သည် (Asian Development Bank၊ ၂၀၂၁)။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအန္တရာယ် ညွှန်ကိန်း (CRI) အရ ၁၉၉၉ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွင်း အစွန်းရောက်ရာသီဥတုဖြစ်ရပ်များကြောင့် အထိခိုက်ခံရဆုံး (၁၀) နိုင်ငံ စာရင်း တွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်နေပေသည်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးအပြင် အရှေ့တောင်အာရှဒေသသည် ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ အပူချိန်မြင့်တက်လာခြင်းနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ဆုံးရှုံးခြင်းကဲ့သို့သော သဘာဝ ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှု၏ တဖြည်းဖြည်း သက်ရောက်မှု တို့ကြောင့်လည်း ထိခိုက်လွယ်ဒေသ တစ်ခုဖြစ်သည် (Prakash၊ ၂၀၁၈)။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ကမ်းရိုးတန်း တိုက်စားခြင်းတို့ သည် ဒေသတွင်းရှိ အဓိကခြိမ်းခြောက်မှုများ ဖြစ်ကြသည် (Prakash၊ ၂၀၁၈)။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု ဆိုင်ရာ ဆွေးနွေးပွဲ (IPCC) ၏ အစီရင်ခံစာအရ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲတောင်များ အရည်ပျော်လာသည့် အတွက် အရှေ့တောင်အာရှရှိ ပင်လယ်ရေမျက်နှာပြင်သည် အခြားဒေသများထက် ပိုမိုမြန်ဆန်စွာ မြင့်တက်လာ ကြောင်း ပြသနေသည်။ ဖိလစ်ပိုင်နိုင်ငံသည် တစ်နှစ်လျှင် ပင်လယ်ရေမျက်နှာပြင် ၁၄.၄ မီလီမီတာ မြင့်တက်လာ မှုကို ကြုံတွေ့နေရပြီး ၎င်းသည် ကမ္ဘာ့ပျမ်းမျှအဆင့်ထက် သုံးဆ ပိုမိုမြန်ဆန်နေပေသည် (CNN Philippines၊ ၂၀၂၃)။ အင်ဒိုနီးရှားနိုင်ငံ၊ ဗျကာတာမြို့သည်လည်း ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး နစ်မြုပ်လာနေသော မြို့အဖြစ် အဆင့်သတ်မှတ်ခံထားရပြီးလျှင် ၂၀၅၀ အကုန်တွင် ရေအောက်သို့ လုံးဝနစ်မြုပ် သွားမည်ဟု ခန့်မှန်းထားသည် (Renaldi၊ ၂၀၂၂)။

အရှေ့တောင်အာရှတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးကျိုးသက်ရောက်မှုရှိသူအရေအတွက်အပေါ် နောက်ဆုံး တွက်ချက်မှုမရှိသေးသော်လည်း UC-Louvain ဘေးအန္တရာယ်ဆိုင်ရာ ကပ်ရောဂါဗေဒ သုတေသနဌာန၏

အစီရင်ခံစာအရ ၁၉၀၂ ခုနှစ် မှ ၂၀၂၁ ခုနှစ်အတွင်း မုန်တိုင်းများ၊ ရေကြီးမှုများ၊ မိုးခေါင်မှုများ၊ မြေပြိုမှုများနှင့် တောမီးများအပါအဝင် သဘာဝဘေးအန္တရာယ်ပေါင်း ၁,၅၄၄ ခုကြောင့် စုစုပေါင်းလူဦးရေ ၂၅၉,၃၆၂ ဦး သေဆုံး ခဲ့ပြီး လူဦးရေ ၁၃.၈၃ သန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း ဖော်ပြထားသည်။ ၂၀၂၁ ခုနှစ်တစ်ခုတည်း၌တွင်ပင် သဘာဝဘေးအန္တရာယ်များကြောင့် ဖိလစ်ပိုင်နိုင်ငံ (၅,၆၈၁,၁၀၀၀)၊ အင်ဒိုနီးရှားနိုင်ငံ (၇၄၉,၀၀၀)၊ ဗီယက်နမ် နိုင်ငံ (၇၈၀,၀၀၀) နှင့် မြန်မာနိုင်ငံ (၁၅၈,၀၀၀) တို့တွင် ကြီးမားသောနေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်စေခဲ့သည် (Internal Displacement Monitoring Center-IDMC၊ ၂၀၂၁)။

၃.၅ အရှေ့တောင်အာရှတွင် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေသော အချက်များ

၎င်း၏ ပထဝီဝင်တည်နေရာအပြင် အရှေ့တောင်အာရှဒေသတွင် ရာသီဥတုပြောင်းလဲ သက်ရောက်မှုကို ပိုမို ဆိုးရွားစေသည့် အခြားအချက်များလည်း ရှိနေပေသည်။ မြို့ပြအသွင် ကူးပြောင်းမှု မြန်ဆန်ခြင်း (Renaldi၊ ၂၀၁၆) နှင့် လျင်မြန်သော စီးပွါးရေးတိုးတက်မှုရှိခြင်းသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ဒေသတွင်း နိုင်ငံ ၁၁ နိုင်ငံအနက် ၁၀ နိုင်ငံသည် နိုင်ငံရေးနှင့် စီးပွါးရေး သမဂ္ဂတစ်ခုဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည် (Council of Foreign Relations၊ ၂၀၂၂)။ ၎င်းသည် ဒေသတွင်း GDP အလျင်အမြန် တိုးတက်လာခြင်းတွင် သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နေသော်လည်း သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်မှု အချို့လည်းရှိနေသည် (ASEAN Taxonomy Board၊ ၂၀၂၁)။

ဆဋ္ဌမအကြိမ်မြောက် အာဆီယံ သဘာဝပတ်ဝန်းကျင်အစီရင်ခံစာအရ စီးပွါးရေးအလျင်အမြန်တိုးတက်မှု သည် သစ်တောပြုန်းတီးမှုအများအပြားနှင့် မြေအသုံးပြုမှုဆိုင်ရာ ပြောင်းလဲခြင်းများကို ဖြစ်ပေါ်စေသည် (အာဆီယံ၊ ၂၀၂၃)။ စွမ်းအင်လိုအပ်ချက်မြင့်မားလာခြင်းကြောင့် အာဆီယံရှိ စုစုပေါင်း သစ်တောဖုံးလွှမ်းမှု သည် ဟက်တာ သန်း ၂၀၀ ခန့်မှ ဟက်တာ သန်း ၁၅၀ အထိ လျော့ကျခဲ့သည် (Overland et. al (၂၀၂၁)။ ထိုကဲ့သို့ သစ်တောပြုန်းတီးမှုသည် မုတ်သုံရာသီအတွင်း မြေပြိုခြင်းနှင့် ရေကြီးခြင်းဖြစ်နိုင်ခြေကို တိုးမြင့်စေခဲ့သည် (Taylor၊ ၂၀၂၂)။ ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေတောများကိုလည်း ငါးကန်များ တည်ဆောက်ရန်အတွက် ရှင်းလင်းခဲ့ကြသည် (FEBIS၊ ၂၀၂၃)။ ဒီရေတောများကို ကာကွယ်ခြင်းမရှိပါက ကမ်းရိုးတန်းကို ပုံမှန်ထက် ပိုမိုမြန်ဆန်စွာ တိုက်စားသွားစေမည်ဖြစ်သည်။

အာဆီယံတွင် GDP လျင်မြန်စွာတိုးတက်လာခြင်းနှင့် မြို့ပြအသွင်ကူးပြောင်းခြင်းနှင့်အတူ စားသုံးမှု ပုံစံများ၌လည်း ပြောင်းလဲမှုရှိခဲ့သည်။ မြို့ပြထွန်းကားလာခြင်းသည် မြေယာ၊ လောင်စာ နှင့် သဘာဝ အရင်းအမြစ်များအတွက် လိုအပ်ချက်ကို တိုးလာစေသည်။ အချက်အလက်များအရ အာဆီယံသည် ဖန်လုံအိမ်ဓါတ်ငွေ့ (GHG) ထုတ်လွှတ်မှု သိသာစွာ မြင့်တက်လာသည်ကို တွေ့ရှိရသည် (United Nations၊ n.d.)။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း အာဆီယံတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုသည် ကမ္ဘာပေါ်ရှိ အခြားနေရာများထက် ပိုမိုမြန်ဆန်စွာ မြင့်တက်လာခဲ့ပြီး (Prakash၊ ၂၀၁၈) စွမ်းအင်လိုအပ်ချက်သည် ၂၀၄၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်း အထိ ဆက်လက်

မြင့်တက်နေမည်ဖြစ်သည် (International Energy Agency၊ ၂၀၁၉)။ အာဆီယံရှိ ဖန်လုံအိမ်ခါတ်ငွေ့ ထုတ်လွှတ်မှုဖြစ်စေသည့် အဓိကရင်းမြစ်များသည် လောင်စာလောင်ကျွမ်းမှု၊ စိုက်ပျိုးရေးလုပ်ငန်းစဉ်များနှင့် စားအုန်းဆီအတွက် သစ်တောပြုန်းတီးမှုများမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သစ်တောပြုန်းတီးမှုနှင့်အတူ မြေဆီလွှာမှ ကာဗွန်ဒိုင်အောက်ဆိုဒ် အမြောက်အများ ထုတ်လွှတ်ခြင်း၊ မြေဆီလွှာပျက်စီးမှုနှင့်လောင်ကျွမ်းမှု ကြောင့် မီးခိုးမြူငွေ့များဖြစ်ပေါ်စေပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို မလေးရှားနိုင်ငံနှင့် စင်ကာပူ နိုင်ငံတို့သည် ကြုံတွေ့ခံစားနေကြရသည် (The Straits Times၊ ၂၀၁၆)။ အာဆီယံရှိ ကာဗွန်ထုတ်လွှတ်မှု၏ ၂၄ ရာခိုင်နှုန်းသည် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေး တို့မှ ဖြစ်သည်ဟု အချက်အလက်များ ကညွှန်ပြနေသောကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အာဆီယံရှိ ဖန်လုံအိမ်ခါတ်ငွေ့ ထုတ်လွှတ်မှုအတွက် လည်း တာဝန်ရှိလေသည် (Lau၊ ၂၀၂၂)။

ထို့ပြင် လူဦးရေထူထပ်သောဒေသများနှင့် မြေအောက်ရေထုတ်ယူသုံးစွဲမှုသည် ဘန်ကောက်မြို့၊ မနီလာမြို့ နှင့် ဂျာကာတာမြို့ကဲ့သို့သော အာဆီယံမြို့ကြီးများ ရေအောက်နစ်မြုပ်ရခြင်း၏ အကြောင်းရင်းအချို့ ဖြစ်သည်။ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုသည် ရေလွှာများပြိုကျကာ မြေကျွံမှုကို ဖြစ်စေပြီး ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရေခဲတောင်များအရည်ပျော်ကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကို ဖြစ်စေ သည် (Tsui၊ ၂၀၂၂)။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတုပြောင်းလဲသက်ရောက်မှုကို တုံ့ပြန်ရန်အတွက် ကြိုးပမ်း အားထုတ်မှုများစွာကို ပြုလုပ်နေကြသည်။ မကြာသေးမီက ကျင်းပခဲ့သော UNFCCC COP 28 တွင် ထုတ်ပြန်ခဲ့သည့် အာဆီယံ၏ ပူးတွဲကြေညာချက်အရ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို အသိအမှတ်ပြုပြီး အလေးထား လုပ်ဆောင် လျက်ရှိသည်။ ဒေသတွင်း ရာသီဥတု ပြောင်းလဲသက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လျှော့ချရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်း၍ အစီအစဉ် များစွာကိုစတင်လုပ်ဆောင်ခဲ့ပြီး ၎င်းတို့တွင် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်း နိုင်စွမ်းမြှင့်တင်ရန်၊ ကာဗွန်ထုတ်လွှတ်မှုကို ပါရီသဘောတူညီချက်တွင် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များအထိ လျှော့ချရန်၊ သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မြှင့်တင်ရန်၊ ရန်ပုံငွေ ထောက်ပံ့ရန်၊ စွမ်းဆောင်ရည်တည်ဆောက်ရန်နှင့် ကမ်းရိုးတန်းတိုက်စားမှု၊ သစ်တောပြုန်းတီးမှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု အပါအဝင် ပြဿနာများကို ဖြေရှင်းရန် နည်းပညာလွှဲပြောင်းမှု အစီအစဉ်များ ပါဝင်သည် (အာဆီယံ ၂၀၂၃)။

အထက်တွင်ဖော်ပြခဲ့သည့်အခြေအနေအရ သဘာဝအရင်းအမြစ်များအားအသုံးပြု၍ စီးပွါးရေး တိုးတက်လာမှုကို တွန်းအားပေးခြင်းသည် ပိုမိုဖြစ်ပွါးလာနေသော သဘာဝဘေးအန္တရာယ်များ၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုလျင်မြန်စွာပြောင်းလဲမှုတို့၏ အဓိကအကြောင်းရင်းများ ဖြစ်ကြောင်းပြသနေသည်။ အစိုးရများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲ ခြင်း၏ သက်ရောက်မှုကိုလျှော့ချရန် အားတက် သရော လုပ်ဆောင်နေချိန်တွင် လူတို့၏ ဘဝနှင့် ကောင်းကျိုးချမ်းသာမှုရှိရေးအပိုင်းတွင်လည်း အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ ရှင်သန်ရပ်တည်ရေးအတွက် လူများသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှု

များအပေါ် အလျင်စလို ဖြေရှင်းနည်းများကို ရှာဖွေကြပေလိမ့်မည်။ ရွှေ့ပြောင်းမှုသည် ၎င်းတို့ထဲမှ ဖြေရှင်းနည်း တစ်ခုပင် ဖြစ်သည်။

၃.၆ အရှေ့တောင်အာရှတွင် ရာသီဥတုပြောင်းလဲမှု/ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် နေရပ် စွန့်ခွာရွှေ့ပြောင်းနေထိုင်မှု

ဒုတိယပိုင်းတွင်ဆွေးနွေးခဲ့သည့်အတိုင်းပင် လူတို့သည် ရွှေ့ပြောင်းမှုကို အသက်အန္တရာယ်ခြိမ်းခြောက်မှု များမှ လွတ်မြောက်ရန်၊ သက်တောင့်သက်သာ မဖြစ်မှုများကို ရှောင်ရှားရန်၊ သို့မဟုတ် ပိုမိုကောင်းမွန်သော ဘဝ အခြေအနေများကိုရှာဖွေရန် နည်းလမ်းတစ်ခုအဖြစ် အမြဲတမ်း အသုံးပြုနေကြသည်။ ထို့ကြောင့် သဘာဝ ဘေးအန္တရာယ်များနှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများသည် လူများ၏ ရွှေ့ပြောင်းမှုအတွက် မောင်းနှင်အား အသစ်များ မဟုတ်တော့ပေ (Brown၊ ၂၀၀၈)။ အတိတ်ကာလတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် လူများရွှေ့ပြောင်းသည့် ဖြစ်ရပ်များ ရှိခဲ့သည်။ UNHCR ၏ အချက်အလက်များအရ မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ၊ အစွန်းရောက်ရာသီဥတုနှင့် မိုးခေါင်ရေရှားမှု ကဲ့သို့သော ရာသီ ဥတုဆိုင်ရာ ဖြစ်ရပ်များကြောင့် နှစ်စဉ် လူပေါင်း ၂၁.၅ သန်းခန့်သည် အတင်းအကြပ် နေရပ်စွန့်ခွာ ခဲ့ကြရသည် (UNHCR-UK၊ ၂၀၂၃)။

သို့သော် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် အခြားနေရပ်စွန့်ခွာရမှုအချက်များနှင့် အပြန်အလှန် စပ်ဆက်မှု ရှိပြီး တစ်ခါတစ်ရံတွင် ပို၍ အားသာနေခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် လူများ ရွှေ့ပြောင်းမှုအကြား ဆက်နွယ်မှုသည် ပိုမိုရှုပ်ထွေးပြီး ရှုထောင့်များစွာရှိနေကြောင်း ထပ်လောင်းပြောကြားရန် အရေးကြီးသည် (Foresight၊ ၂၀၁၁)။ ဆင်းရဲနွမ်းပါးမှု၊ မညီမျှမှု သို့မဟုတ် ဖယ်ကြဉ်ခံထား ရမှုကဲ့သို့သော လူမှုရေးဆိုင်ရာ အခြေအနေများက လူတို့၏ ရာသီဥတုပြောင်းလဲသက်ရောက်မှုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို လျော့ကျစေပြီး ရွှေ့ပြောင်းမှုကိုသာ တစ်ခုတည်းသော အလေးပေး ရွေးချယ်စရာအဖြစ်ထားနိုင်ကြောင်း တသမတ်တည်း ပြော၍ မရနိုင်ပေ။ အချို့သောအခြေအနေများတွင် ရာသီဥတုပြောင်းလဲမှုသည် ရှိပြီးသားပြဿနာနှင့် လူများ၏ ရွှေ့ပြောင်းလိုသောဆန္ဒကို ပိုမို ဖြစ်ပေါ်စေနိုင်သည် (Intergovernmental Panel on Climate Change IPCC၊ ၂၀၁၄)။ ဥပမာအားဖြင့် အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရေ အရင်းအမြစ်ညစ်ညမ်းခြင်း ကဲ့သို့သော ရာသီဥတု ပြောင်းလဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာခြင်းသည် အလုပ်အကိုင်များ ကို ထိခိုက်စေပြီး စီးပွါးရေးအရ ရွှေ့ပြောင်းနေထိုင်လိုသူများအနေဖြင့် ပိုမိုကောင်းမွန်သောဘဝများနှင့် ဝင်ငွေ ပိုမိုရရှိရန် အခြားဒေသသို့ ပြောင်းရွှေ့ကြသည်။

ထို့ပြင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အတင်းအကြပ်ရွှေ့ပြောင်းမှုနှင့် ဆန္ဒအလျောက်ရွှေ့ပြောင်းမှု အကြား ပိုင်းခြားကန့်သတ်ရန်မှာ ခက်ခဲလှပေသည်။ လူများရွှေ့ပြောင်းမှုကို ဖြစ်ပေါ်စေသည့် အချက်များစွာရှိနေပြီးလျှင် မကြာခဏဆိုသလို ကိုယ်တိုင်ရွေးချယ်မှုနှင့် အတင်းအကြပ်ခိုင်းစေမှုများသည် အတူယှဉ်တွဲတည်ရှိနေတတ်

ပြန်သည် (Bakewell၊ ၂၀၂၁)။ ရာသီဥတုပြောင်းလဲသက်ရောက်မှု ပိုမိုတည်ငြိမ်သောအခြေအနေများတွင် သဘာဝ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် မူလနေထိုင်ရာနေရာ၌ အရည်အသွေးကောင်းမွန်သော အသက်မွေး ဝမ်းကျောင်းမှုကို ဆက်လက်မထိန်းသိမ်းနိုင်တော့ သည့်အတွက် အဖြစ်သင့်ဆုံးသောရွေးချယ်မှုမှာ ထွက်ခွာခြင်း ဖြစ်သည်ဟူသောအချက်ထက် စီးပွါးရေး မက်လုံးရှိမှုက ပိုအလေးသာသွားနိုင်ပေသည်။ အရှေ့တောင်အာရှတွင် ရာသီဥတုကြောင့် နေရပ်စွန့်ခွာရမှု ၏ အခြေအနေကို နားလည်နိုင်ရန်အတွက် ဤအခန်းတွင် ရာသီဥတုဖောက်ပြန် ပြောင်းလဲသက်ရောက်မှု အမျိုးအစား (၂) မျိုးဖြစ်သည့် ရုတ်တရက်ဖြစ်ပွါးသော သဘာဝဘေးအန္တရာယ်များနှင့် ဖြည်းဖြည်းချင်း ဖြစ်ပွားသောရာသီဥတုပြောင်းလဲမှုတို့ကို အဓိကထားဖော်ပြထားသည်။ ဖြစ်ရပ်အလိုက် လေ့လာမှုများကိုလည်း ဖော်ပြထားသည်။

၃.၆.၁ ရုတ်တရက်ဖြစ်ပွားသော ရာသီဥတုပြောင်းလဲမှုနှင့် ၎င်း၏သက်ရောက်မှုများ

ဒုတိယအပိုင်း၌ ရှင်းလင်းဖော်ပြခဲ့သည့် Kalin (၂၀၁၀) ၏ လေ့လာမှုတွင် မီးမောင်းထိုးပြခဲ့သည့်အတိုင်း ရုတ်တရက်ဖြစ်ပွါးသော ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ မုန်တိုင်းများ၊ ဆူနာမီများ၊ ရေကြီးရေလျှံမှု များနှင့် မြေပြိုမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်ကို ဆိုလိုသည်။ သဘာဝဘေးအန္တရာယ် အားလုံးသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ရလဒ်များချည်းသာ မဟုတ်ကြောင်းသတိပြုရပါမည်။ သို့သော် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွါးပုံအပေါ် သက်ရောက် နိုင်သည် သို့မဟုတ် ၎င်းတို့၏ ပြင်းထန်မှုကို ပိုမိုဆိုးရွားစေနိုင်သည် (IPCC၊ ၂၀၁၂)။ ဥပမာအားဖြင့် ကမ္ဘာကြီးပူနွေးလာမှုက နှစ်စဉ်မိုးရေချိန် ပမာဏကို တိုးမြင့်စေပြီး တောင်ပြိုခြင်း သို့မဟုတ် မြေပြိုခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါ ရုတ်တရက် ဖြစ်ပွါးသော ဘေးအန္တရာယ်သည် လူများအား ၎င်းတို့၏လုံခြုံမှုအတွက် ချက်ချင်းပြောင်းရွှေ့ရန် ဖိအားပေးနိုင် သည်။ အချက်အလက်များအရ သဘာဝဘေးအန္တရာယ်များကြောင့် တစ်နှစ်လျှင် ပျမ်းမျှ လူဦးရေ ၂၆.၄ သန်းသည် နေရပ်စွန့်ခွာရကြောင်း ဖော်ပြနေသည် (IPCC၊ ၂၀၁၅)။

ရုတ်တရက်ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာမှုအများစုသည် ယာယီသဘောမျိုးသာဖြစ်လေ့ရှိပြီး လူများသည် ဖြစ်ရပ်အပြီးတွင် မိမိတို့နေရပ်/အိမ်ပြန်ရန် ဆန္ဒရှိကြကြောင်း တွေ့ရှိရသည်။ ထင်ရှားသော ဥပမာတစ်ခုမှာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော ဟိုင်ယန် တိုင်ဖွန်းမုန်တိုင်းဖြစ်သည်။ နေရပ်စွန့်ခွာရသူအများစုသည် မုန်တိုင်းတိုက်ခတ်ပြီး မကြာမီတွင် အိမ်ပြန် သွားကြကြောင်း အချက်အလက်များက ညွှန်ပြနေသည် (Gemenne et al၊ ၂၀၂၁)။ သို့သော် ရာသီဥတုကြောင့်ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာရမှုတွင်မူ သက်ရောက်မှု၏ ပြင်းထန်မှုအတိုင်းအတာ အပေါ်တွင်သာမက လူများ၏ ခံနိုင်ရည်ရှိမှုအပေါ်တွင်လည်း မူတည် သောကြောင့် အခြား လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးဆိုင်ရာအချက်များသည် ယာယီနေရပ်စွန့်ခွာရမှုကို အမြဲတမ်း သဘောဖြစ်စေနိုင် သည်။ ဆင်းရဲနွမ်းပါးပြီး ဖယ်ကြဉ်ခံအုပ်စုများသည် “အသင့်အတင့် ရာသီဥတု ဘေးအန္တရာယ် များကိုပင် ရင်ဆိုင်ရန် အင်အားနည်းပါးလေ့ရှိသည်” (IPCC၊ ၂၀၁၄)။ အချို့သော အခြေအနေများတွင် နိုင်ငံရေး မငြိမ်သက်မှုများက နေရပ်စွန့်ခွာရမှုအပေါ် သက်ရောက်မှုရှိနိုင်သည်ဆိုသည့်အချက်ကို လျစ်လျူရှုထား၍

မရနိုင်ပေ။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုတွင် လက်နက်ကိုင်ပဋိပက္ခကြောင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီနှင့် ပြန်လည် ထူထောင်ရေးကို အဟန့်အတားဖြစ်စေပြီး အပြီးအပိုင် နေရပ်စွန့်ခွာရမှုကို ဦးတည်စေကြောင်း ပြသခဲ့သည် (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂)။

ဖြစ်ရပ်လေ့လာမှု။ မြန်မာနိုင်ငံ - ပဋိပက္ခကာလအတွင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုသည် နိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် မည်သို့ဖြင့် ဆက်စပ်မှု ရှိနေပြီး နေရပ်စွန့်ခွာမှုကိုဖြစ်စေကြောင်း ပြသနေသည့် ထင်ရှားသော ဥပမာတစ်ခုမှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌ စစ်တပ်အာဏာသိမ်းမှုအပြီးနောက် ဖြစ်ပွါးခဲ့သည့် နေရပ်စွန့်ခွာမှုများပင် ဖြစ်သည်။ မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွါးသည့် တိုက်ပွဲကြောင့် ထိခိုက်ခံရသူများသည် ဘေးကင်းရာနေရာရှာဖွေရန် နိုင်ငံတစ်ဝှမ်းတွင် ပျံ့နှံ့ရောက်ရှိခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လနှင့် စက်တင်ဘာလတို့တွင် ပဋိပက္ခကြောင့် ထိခိုက် ခံစားခဲ့ရပြီးဖြစ်သော နိုင်ငံ၏ အရှေ့တောင်ပိုင်း နှင့် အနောက်မြောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြန်သည် (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂)။ ရေကြီးမှုကြောင့် နေရပ်စွန့်ခွာခဲ့ရသူများသည် ထပ်မံ ထွက်ပြေးခဲ့ကြရသည်။ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် အခြားဒေသများရှိ လူထောင်ပေါင်းများစွာသည် ၎င်းတို့၏ ယာယီနေထိုင်ရာနေရာ များကို စွန့်ခွာခဲ့ရသည် (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂)။ လက်နက်ကိုင် ပဋိပက္ခအတွင်း လူများ၏ ခံနိုင်ရည်ကျဆင်းလာပြီး ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာမှုအများစုသည် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ နောက်ထပ် ဥပမာတစ်ခုအနေဖြင့် ရခိုင်ပြည်နယ်တွင် ရေရှည် နေရပ်စွန့်ခွာရသူဦးရေ ၂၁၅,၀၀၀ ဦးရှိပြီး လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိုဒေသရှိ ရေဆိုးနုတ်စနစ်အခြေခံ အဆောက်အအုံများ၏ အရည်အသွေးမှာ ကျဆင်းလာခဲ့သည်။ အခြေခံလူသုံးကုန်ပစ္စည်းများကို အကန့်အသတ်ဖြင့်သာ ရရှိနိုင်ပြီး ယာယီနေထိုင်ရာနေရာများတွင်လည်း ရေကြီးရေလျှံမှုဒဏ်ကို ခံရလေ့ရှိသည် (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂)။ ထို့ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားသောအခါ ခံစားရသည့် သက်ရောက်မှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။

ဖြစ်ရပ်လေ့လာမှု။ ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်း – ဖိလစ်ပိုင်နိုင်ငံ

၂၀၁၃ ခုနှစ်တွင် ဟိုင်ယန် စူပါတိုင်ဖွန်းမုန်တိုင်း (ဒေသအခေါ် Yolanda) ကြောင့် လူဦးရေ ၄ သန်း ကျော် နေရပ်စွန့်ခွာခဲ့ရပြီး မုန်တိုင်းဒဏ်သင့်ဒေသရှိ အိမ်ရာနှင့် အခြေခံအဆောက်အအုံများအား ပြင်းထန်စွာ ပျက်စီးစေခဲ့သည် (IOM၊ ၂၀၁၅)။ ၎င်းသည် သမိုင်းတလျှောက် အပြင်းထန်ဆုံး ဆိုင်ကလုန်း မုန်တိုင်းများအနက် တစ်ခုဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သမျှမုန်တိုင်းများတွင် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ မုန်တိုင်း၏ ပြင်းထန်မှုက နေရပ်စွန့်ခွာသူများပြားရခြင်း၏ အဓိက အကြောင်းရင်းတစ်ခုတည်းသာ မဟုတ်ကြောင်း၊ အခြေအနေအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်သည့် နိုင်ငံ၏ စွမ်းဆောင်ရည်သည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း မီးမောင်းထိုးပြရန် အရေးကြီးပေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မုန်တိုင်းပြီးဆုံးပြီး မကြာမီတွင် လူများသည် ၎င်းတို့၏ နေအိမ်များသို့ပြန်သွားကြသော်လည်း အချို့သည် နိုင်ငံ၏ လက်ရှိ အခြေအနေနှင့် လွှမ်းခြုံမှုမရှိသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကြောင့် အပြီးအပိုင် နေရပ်စွန့်ခွာခဲ့ရသည် (Tuhkanen၊ ၂၀၂၃)။ အစိုးရအနေဖြင့် ထိုဒေသရှိ အခြေခံအဆောက်အအုံများကို ပြန်လည် တည်ဆောက်နေစဉ်တွင် မုန်တိုင်းဒဏ်သင့်ပြည်သူများကို ယာယီခိုလှုံရာ နေရာများသို့ ရွှေ့ပြောင်းပေး ခဲ့သည်။ သို့သော် ယာယီခိုလှုံရာနေရာများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းပြုရာ ကမ်းရိုးတန်း ဒေသနှင့် ဝေးကွာနေပြီး အခြေခံအဆောက်အအုံများလည်း လုံလောက်မှုမရှိပေ။ စီးပွါးရေး အကျပ်အတည်းကြောင့် ထိုဒေသရှိ အခြေခံကုန် ပစ္စည်းများ၏ ဈေးနှုန်းများ (Yolanda ဈေးနှုန်းများဟု လူသိများသည်) သိသိသာသာ မြင့်တက်လာခဲ့သည်။ အခြေခံအဆောက်အအုံ မလုံလောက်ခြင်းနှင့် အတူ စီးပွါးရေးအကျပ်အတည်းဖြစ်ခြင်း၊ ဝင်ငွေကျဆင်းမှုတို့သည် လူများအား ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းမှုကို ရှာဖွေရန်အတွက် ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်စေခဲ့ခြင်း ဖြစ်သည် (Tuhkanen၊ ၂၀၂၃)။

၃.၆.၂ ဖြည်းဖြည်းချင်းဖြစ်ပွားသော ရာသီဥတုပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်မှု

ဒုတိယပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဒုတိယအမျိုးအစားမှာ ဖြည်းဖြည်းချင်းပြောင်းလဲလာမှု ဖြစ်သည်။ ဖြည်းဖြည်းချင်းပြောင်းလဲမှုတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်လာခြင်း၊ ရေအရင်းအမြစ်များ ညစ်ညမ်းလာခြင်း၊ ငါးရှားပါးလာခြင်း၊ ပင်လယ်ကမ်းရိုးတန်း တိုက်စားခြင်း၊ သဲကန္တာရဖြစ်လာခြင်းနှင့် မီးခိုးမြှုပ်ငွေ့ညစ်ညမ်းခြင်းတို့ ပါဝင်သည် (UNFCCC၊ ၂၀၁၁)။ ထိုကဲ့သို့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု သည် ဘဝအရည်အသွေးများကို တဖြည်းဖြည်း ကျဆင်းစေကာ လူများအား ၎င်းတို့ နေမြဲအရပ်တွင် ဆက်လက်နေထိုင်နိုင်စွမ်းအပေါ် ထိခိုက်စေပြီး နောက်ဆုံးတွင် ရွှေ့ပြောင်းရေးကို ဦးတည်သွားစေသည်။ လယ်သမားများ၊ တံငါသည်များနှင့် ဌာနေတိုင်းရင်းသား ကဲ့သို့သော သဘာဝ

အရင်းအမြစ်များအပေါ် မှီခိုနေထိုင်ကာ အသက်မွေးဝမ်းကျောင်းပြုသူများသည် ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်း၏ သက်ရောက်မှုကို အထူးခံစားရပေလိမ့်မည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၏ ရလဒ်အနေဖြင့် ၎င်းတို့သည် ဘဝရပ်တည်မှုအတွက် ၎င်းတို့၏အလုပ်အကိုင်ကို ဆက်လက်လုပ်ကိုင်နိုင်တော့မည် မဟုတ်ပေ။ ထိုအခါ ပိုမိုကောင်းမွန်သောဘဝအခြေအနေများအတွက် အခြားအလုပ်အကိုင်များရရှိရန် အခြားဒေသသို့ ရွှေ့ပြောင်းရမည်ဖြစ်သည်။ ရုတ်တရက်ကြည့်ပါက ဖြည်းဖြည်းချင်း ဖြစ်ပေါ်လာသော ရွှေ့ပြောင်းမှုသည် စီးပွါးရေးအရ “ဆန္ဒအလျောက်” ရွှေ့ပြောင်းမှုဟုထင်ရဖွယ်ရှိသော်လည်း ၎င်းသည် လက်ရှိ လူမှုစီးပွါးရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ လူမှုရေးပြဿနာများ ပိုမိုဆိုးရွားလာခြင်းကြောင့်သာ ရွှေ့ပြောင်းရသည့် အဖြစ်မျိုးပင် ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏သက်ရောက်မှုသည် ပိုမိုပြင်းထန်လာသည်နှင့်အမျှ ဖြည်းဖြည်းချင်း ပြောင်းလဲ မှုသည် ဘဝအရည်အသွေးများကို လျော့ကျစေရုံသာမက ဒေသတစ်ခုလုံး၏အခြေအနေကိုပါ ယုတ်လျော့လာစေပြီး ဒေသခံများကို အိုးမဲ့အိမ်မဲ့ဖြစ်စေနိုင်သည်ကိုလည်း အထူးအလေးထား သတိပြုရန် အရေးကြီးသည်။ ထင်ရှားသောဥပမာများမှာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် ပင်လယ်ကမ်းရိုးတန်း တိုက်စားခြင်းများဖြစ်ပြီး ရာစုနှစ်အကုန်တွင် ပစိဖိတ်သမုဒ္ဒရာရှိ ကျွန်းငယ်များမှာ လုံးဝနစ်မြုပ်သွားလိမ့်မည်ဖြစ်သည် (Gallagher၊ ၂၀၁၉)။ အရှေ့တောင်အာရှဒေသတွင် လူဦးရေ ၂၀ သန်းကျော်နေထိုင်သော ဘင်္ကောက်မြို့နှင့် ဂျကာတာမြို့များသည် နစ်မြုပ်လျက်ရှိနေပြီဖြစ်သည်။ ဂျကာတာမြို့သည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး နစ်မြုပ်နေသော မြို့များအနက် တစ်မြို့ဖြစ်ပြီး ၂၀၅၀ အကုန်တွင် လုံးဝပျောက်ကွယ်သွားနိုင်ပေသည် (Al Jazeera၊ ၂၀၂၂)။ ပြောင်းလဲမှုသည် ဖြည်းဖြည်းချင်း ဖြစ်ပွားသည့် သဘောသဘာဝရှိသော်လည်း ရာသီဥတု ဖြစ်စဉ်၏ သက်ရောက်မှုကား ပြန်လည်ပြုပြင်၍ မရနိုင်ပေ။

ဖြစ်ရပ်လေ့လာမှု။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ - နစ်မြုပ်နေသောမြို့

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သည် လူဦးရေ ၁၁ သန်းခန့် နေထိုင်ပြီး ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး နစ်မြုပ်နေသော မြို့တစ်မြို့ဖြစ်သည်။ အခြားအရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် အင်ဒိုနီးရှားနိုင်ငံသည် ကမ်းရိုးတန်းနိုင်ငံတစ်ခုဖြစ်ပြီး အချို့နေရာများသည် မိုးရာသီရောက်သည့်အခါ ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသောကြောင့် ပင်လယ်ရေမျက်နှာပြင်အောက်သို့ ရောက်ရှိနေခြင်းဖြစ် သည်။ မြို့၏ သန့်ရှင်းသော ရေအရင်းအမြစ်အတွက် အဓိကဖြစ်သည့် မြေအောက်ရေ ထုတ်ယူ သုံးစွဲမှုကြောင့် မြေမျက်နှာပြင်နိမ့်ကျလာပြီး ရာသီဥတုပြောင်းလဲမှုကြောင့် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာနေသည်။ ဂျကာတာမြို့သည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် နစ်မြုပ်လျက် ရှိနေသည်။ အချက်အလက်များအရ မြို့တော်သည် ၂ လက်မခန့် နှစ်စဉ် နိမ့်ကျနေပြီး လွန်ခဲ့သော ဆယ်စု နှစ်အတွင်း ၂.၅ မီတာ နိမ့်ကျ ခဲ့သည်။ ၂၀၅၀ ပြည့်နှစ်တွင် ဂျကာတာမြို့သည် ရေအောက်သို့ နစ်မြုပ်သွား မည်ဟု ခန့်မှန်းထားသည် (Al Jazeera၊ ၂၀၂၂)။ ရာသီဥတုကြောင့် သန်းပေါင်းများစွာ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ် လာပေလိမ့်မည်။ အစိုးရသည် မြေအောက်ရေထုတ်ယူ သုံးစွဲမှုကိုကြပ်မတ်ခြင်း၊ ပင်လယ်ရေကာတာ များ တည်ဆောက်ခြင်းနှင့် ထိရှလွယ်လူမှုအသိုက်အဝန်းအတွက် ပြန်လည်နေရာချထားရေး အစီအစဉ်များ ကဲ့သို့သော ရာသီဥတု ပြောင်းလဲသက်ရောက်မှုများအား လျှော့ချနိုင်မည့်အစီအမံများစွာကို အကောင်အထည် ဖော်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတသည် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ကို ဂျကာတာမြို့မှ နူဆန်တြာမြို့သို့ ရွှေ့ပြောင်းမည်ဟု ကြေညာခဲ့သည် (Al Jazeera၊ ၂၀၂၂)။

ဖြစ်ရပ်လေ့လာမှု။ ပျောက်ကွယ်သွားနိုင်သည့် မဲခေါင်မြစ်

မဲခေါင်မြစ်သည် ရေ၊ ရွှံနွံများ၊ သဘာဝဂေဟစနစ် စီးဆင်းမှုနှင့် သဘာဝငါးဖမ်းလုပ်ငန်းများ ကဲ့သို့သော အဓိကအရင်းအမြစ်များကို ပံ့ပိုးပေးသောကြောင့် အရှေ့တောင်အာရှဒေသရှိ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အတွက် အရေးကြီးသော မြစ်တစ်ခု ဖြစ်သည်။ ၎င်းအား ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းအတွက် အသုံးပြုသောကြောင့် ဒေသ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာစွာ အထောက်အကူပြုနေသည် (Al Jazeera၊ ၂၀၂၂)။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ဆည်တည်ဆောက်မှု၏ အကျိုးဆက်အနေဖြင့် ကြိုတင် ခန့်မှန်း၍မရသော မုတ်သုံမိုးရွာသွန်းမှု ကြောင့် ဒေသအတွင်း ရေခမ်းခြောက်ခြင်းနှင့် အခါအားလျော်စွာ ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်နိုင်သည့် ခြိမ်းခြောက်အခြေအနေတွင် မဲခေါင်မြစ်သည် ရှိနေသည်။

မဲခေါင်မြစ်၏ မိုးခေါင်ရေရှားမှုသည် ၂၀၂၂ ခုနှစ်တွင် စတုတ္ထအကြိမ်မြောက်ဖြစ်ပေါ်ခဲ့ပြီး အချက်အလက်များအရ ၎င်းသည် နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး အခြေအနေ ဖြစ်ခဲ့ကြောင်း ပြသနေသည် (Hunt၊ ၂၀၂၂)။ ဒေသတွင်းရှိ လူများ၏ ဝင်ငွေသည် ငါးဖမ်းခြင်းနှင့် လယ်ယာ စိုက်ပျိုးခြင်း အပေါ် မူတည်သောကြောင့် ဆိုးရွားသောမိုးခေါင်ရေရှားမှုဖြစ်သည့်အခါ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုကို ထိခိုက်လာစေသည်။ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် ကမ္ဘောဒီးယား နိုင်ငံတို့တွင် ငါးဖမ်းဆီးရရှိမှုမှာ သိသိသာသာ ကျဆင်းသွားကြောင်း တွေ့ရှိရပြီး ထိုဒေသရှိ ငါးဖမ်းလုပ်သားများအတွက် စီးပွါးရေး အကျပ်အတည်း တစ်ရပ်ဖြစ်လာစေခဲ့သည် (Renaldi၊ ၂၀၂၁)။ ရာသီအလိုက် ရေကြီးရေလျှံမှုများနှင့် မြစ်ရေခမ်းခြောက်လာမှုတို့ကြောင့် မဲခေါင်မြစ်၏ ဇီဝမျိုးစုံမျိုးကွဲတွင် ပါဝင်သော သဘာဝအရင်းအမြစ်များနှင့် ငါးလုပ်ငန်းများအပေါ် သက်ရောက်မှု ရှိလာသည် (Mekong River Commission၊ ၂၀၁၀)။ မြစ်ကမ်းပါးများသည် မိုးခေါင်ရေရှားချိန်တွင် စိုက်ပျိုးမြေများအဖြစ်သို့ ပြောင်းလဲသွားပြီး ရေကြီးရေလျှံချိန်တွင် ငါးဖမ်းသည့် နေရာအဖြစ်သို့ ပြန်လည်ရောက်ရှိလာသည် (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂၊ စာ-၄၈)။ သို့သော် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ယခင်ခန့်မှန်းထားသော မြစ်ရေစီးကြောင်းသည် ပျက်ယွင်းသွားသည်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ကြုံတင်ခန့်မှန်း၍မရသော မုတ်သုံရာသီများသည် လည်း ရေကြီးရေလျှံမှုကို ပိုမိုဆိုးရွားပြင်းထန်စေသည်။ မဲခေါင်မြစ်ကော်မရှင်၏အဆိုအရ ရေကြီးရေလျှံမှုကြောင့် ခံစားခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများသည် လွန်ခဲ့သော သုံးနှစ်အတွင်း မြင့်မားလာခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ များစွာသော လယ်သမားများသည် မြို့ပြဒေသများတွင် အလုပ်အကိုင်ရှာဖွေရန် ၎င်းတို့၏ လယ်ယာများကို စွန့်ခွာခဲ့ကြသည် (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂)။ စီးပွါးရေး သက်ရောက်မှုအပြင် ရေကြီးရေလျှံမှုသည် ကူးစက်ရောဂါနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်ကိုလည်း မြင့်တက်စေကာ ထိုဒေသရှိလူများ အတွက် လူမှုဖူလုံရေးရရှိမှုတွင် အဟန့်အတားဖြစ်စေနိုင်သည်၊ (IDMC နှင့် Norwegian Refugee Council၊ ၂၀၂၂) ဤသို့ဖြင့် ပိုမိုကောင်းမွန်သော ဘဝအခြေအနေများကို ရှာဖွေရန် လူများ၏ ရွှေ့ပြောင်းလိုသောဆန္ဒကို တွန်းပို့ပေးခြင်းဖြစ်သည်။

၃.၇ နိဂုံး

ဤအခန်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် နေရပ်စွန့်ခွာမှုအကြား ဆက်စပ်မှုသည် ရှုပ်ထွေး သောကြောင့် မည်သည့်နေရပ်စွန့်ခွာမှု သို့မဟုတ် အတင်းအကြပ် ရွှေ့ပြောင်းခံရမှုကိုမဆို နောက်ခံအချက် တစ်ခုတည်း ကြောင့်သာဖြစ်သည်ဟု အတိအကျသတ်မှတ်ရန်ခက်ခဲကြောင်း ဖော်ပြထားသည်။ ဖြည်းဖြည်းချင်းဖြစ်ပွါးသော ရာသီဥတုပြောင်းလဲမှု၌ ထိုသို့တွေ့မြင်နိုင်သည်။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်းကြောင့်သက်ရောက်မှု၏ နောက်ကွယ်တွင် စီးပွါးရေးဆွဲဆောင်မှုမက်လုံးများ၊ နိုင်ငံရေး မတည်ငြိမ်မှုနှင့် ဘဝအရည်အသွေးကဲ့သို့သော အခြားအချက်များစွာ ရှိနေပေသည်။ ထို့အတူ စီးပွါးရေး သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ရွှေ့ပြောင်းမှုသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ဆက်စပ်မှုရှိနိုင်သည် (Soo-Chen နှင့် McCoy၊ ၂၀၂၃)။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုနှင့် ရွှေ့ပြောင်းခံရမှုအကြား ဆက်စပ်မှုများကို ရှင်းပြရန်နှင့် ခွဲခြမ်း စိတ်ဖြာရန်အတွက် “အနိမ့်ဆုံး” ချဉ်းကပ်ခြင်းနည်းသည် ပိုမိုခိုင်မာသော အခြေခံနည်းဖြစ်သည်ဟု ယူဆနိုင်ပေသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ခဲ့ရသူများ၏ အခွင့်အရေးများကို ကာကွယ် ရာတွင် အသုံးပြုနိုင်မည့် စံသတ်မှတ်ချက်မူဘောင်မရှိခြင်းနှင့်အတူ ရှုပ်ထွေးမှုများရှိခြင်းကြောင့် ၎င်းတို့၏ အခွင့်အရေးများမှာ လျစ်လျူရှုခံရလေ့ရှိသည်။

အရှေ့တောင်အာရှသည် ပြင်းထန်သောရာသီဥတုဖြစ်ရပ်များအတွက် “အဓိကနေရာ” အဖြစ် လူသိများပြီး ရေရှည်ပတ်ဝန်းကျင်ယိုယွင်းမှု၏ အကျိုးသက်ရောက်မှုများကြောင့်လည်း ထိခိုက်လွယ်သည့်ဒေသ ဖြစ်သည်။ အနာဂါတ် ရာသီဥတုပြောင်းလဲမှုအတိုင်းအတာ ခန့်မှန်းချက်များသည် မသေချာသော်လည်း သိသာထင်ရှားသော မြင့်တက်မှုများ ရှိနေကြောင်းကို ညွှန်ပြနေသည်။ ၂၀၀၈-၂၀၁၀ ခုနှစ်တွင် တစ်နှစ် လျှင် ၃.၉ သန်းမှ ၂၀၁၉-၂၀၂၁ ခုနှစ်တွင် ၆.၄ သန်းအထိ ပြည်တွင်း နေရပ်စွန့်ခွာမှုများ တိုးလာသည်ကို တွေ့မြင်ခဲ့ရပြီးဖြစ်သည် (Soo-Chen နှင့် McCoy၊ ၂၀၂၃)။ အရှေ့တောင်အာရှရှိ မဲခေါင်ဒေသခွဲတွင် ယခုမှ ၂၀၅၀ ပြည့်နှစ်အတွင်း အခြေအနေအရပ်ရပ်ပေါ်

မူတည်၍ ရာသီဥတုကြောင့် ရွှေ့ပြောင်းသူအသစ် ၃.၃ သန်းမှ ၆.၃ သန်းအထိ (ဒေသလူဦးရေ၏ ၁.၄% မှ ၂.၇%) ရှိလာမည်ဟု ခန့်မှန်းထားသည် (Soo-Chen နှင့် McCoy၊ ၂၀၂၃)။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအများစုသည် နိုင်ငံတစ်နိုင်ငံအတွင်း ဖြစ်ပေါ်လေ့ ရှိသော်လည်း ထိုသို့ပြောင်းလဲမှုများ ပိုမိုဆိုးရွားလာသည်နှင့်အမျှ နယ်နိမိတ် ထိစပ်နေသည့်နိုင်ငံများ အပေါ် ဖိအားများတိုးလာမည်ဖြစ်ပေသည်။ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံ ကဲ့သို့သော မဟာမဲခေါင်ဒေသခွဲအတွင်းရှိ ကုန်းမြေနယ်နိမိတ် နိုင်ငံများအပေါ် ထိုကဲ့သို့သော ဖိအားများရှိလာနိုင်သည် (Soo-Chen နှင့် McCoy၊ ၂၀၂၃)။ သို့သော် ဒေသတွင်း၌ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းမှုတို့အပေါ် အာရုံစိုက်မှုမှာ အနည်းငယ်ပင် ရှိနေပေသည်။

နိုင်ငံတကာကာကွယ်မှုအပိုင်းတွင် ဆန်းစစ်လေ့လာခဲ့သည့်အတိုင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှုသည် နိုင်ငံတကာလုံခြုံရေးအပြင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများကိုပါ ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။ UNHCR ၏ ကြိုးပမ်းအားထုတ်မှု များနှင့်အတူ “ရာသီဥတု ဒုက္ခသည်များ” ဆိုသည့် အသုံးအနှုန်းသည် လူသုံးများပြီး ပညာရပ်ဆိုင်ရာဆွေးနွေးမှုများတွင် ပိုမို အသုံးပြုလာကြသော်လည်း ၁၉၅၁ ခုနှစ် ဒုက္ခသည်ဆိုင်ရာသဘောတူစာချုပ်အရမူ သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်များကြောင့် သို့မဟုတ် ရာသီဥတုဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ထွက်ပြေးလာသူများသည် ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုခံပိုင်ခွင့် မရရှိကြပေ။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ရွှေ့ပြောင်း သူများအတွက် စိန်ခေါ်မှုများနှင့် လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းမှုသဘောတူညီချက် နှင့် ကမ္ဘာလုံးဆိုင်ရာ ဒုက္ခသည်များ သဘောတူညီချက်တို့သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်အတွက် ကောင်းမွန်သော အစပြုမှုတစ်ခု ဖြစ်လာ နိုင်ပေသည်။ ၎င်းတွင် ရာသီဥတုကြောင့်ရွှေ့ပြောင်းခြင်းသည် အရေးကြီးပြဿနာ တစ်ခု ဖြစ်နေသည့် အရှေ့တောင်အာရှဒေသအတွက်လည်း အပါအဝင်ဖြစ်သည်။ “ကမ္ဘာကြီး ပိုမိုပူနွေး လာမှုကို လျှော့ချ နိုင်စေမည့်အရာအားလုံးကို လုပ်ဆောင်ပြီးသည့်တိုင် ဒေသတွင်းရှိ လူသန်းပေါင်းများစွာသည် လာမည့် ဆယ်စုနှစ်အတွင်း ၎င်းတို့၏ လက်ရှိအခြေချနေထိုင်ရာနေရာများမှ အတင်းအကြပ် ရွှေ့ပြောင်းခံရဖွယ် ရှိနေသည်” (Soo-Chen နှင့် McCoy၊ ၂၀၂၃)။

ထို့ကြောင့် ရာသီဥတုကြောင့် နေရပ်စွန့်ခွာမှုအရေအတွက်သည် ရာသီဥတုဘေးအန္တရာယ်များကြောင့် ထွက်ပြေးလာသူများ၏ တကယ့်လက်တွေ့အခြေအနေကို အမှန်တကယ် ထင်ဟပ်ခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်ရန်နှင့် ရာသီဥတုပြောင်းလဲမှုအတွက် ရေရှည်ဖြေရှင်းနည်းများ ရှာဖွေရမည့် အချိန်ပင်ဖြစ်သည် (Saha၊ ၂၀၂၃)။ ထည့်သွင်းစဉ်းစားသင့်သော အခြားရှုထောင့်တစ်ခုမှာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း၏သက်ရောက်မှုကြောင့် ရွှေ့ပြောင်းရန် အရင်းအမြစ်လုံလောက်မှု မရှိသူများ သို့မဟုတ် ပိတ်မိနေသူများ အရေးကိစ္စပင်ဖြစ်သည်။ အဆိုပါ လူများသည် ခံနိုင်ရည်နည်းပါး၍ အလွန်အကန့်အသတ်နှင့်သာရှိနေသည့် အရင်းအမြစ်များနှင့်

ကာကွယ်ရေးမူဘောင်တို့ကြောင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း၏သက်ရောက်မှုကို ခံနိုင်ရည်ရှိရန် အတင်းအကြပ်စေခိုင်းခံရပြီး ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးများအပေါ် ထိပါးခံရနိုင်ပေသည်။

က။ မေးခွန်းများ

ပတ်ဝန်းကျင်ဆိုင်ရာ ရွှေ့ပြောင်းမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ရာသီဥတုကြောင့် နေရပ်စွန့်ခွာရမှု တို့အပေါ် သင်မည်သို့ နားလည်သနည်း?

မိမိနိုင်ငံတွင် နေရပ်စွန့်ခွာမှုနှင့် ရာသီဥတုပြောင်းလဲမှုအကြား ဆက်စပ်မှုကို မည်သို့အကဲဖြတ်မည်နည်း?

ရာသီဥတုကြောင့် နေရပ်စွန့်ခွာမှုဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ရန် အသုံးပြုနိုင်သော ပြည်တွင်း မူဘောင် တစ်ခုခု ရှိပါသလား?

အာဆီယံအနေဖြင့် တစ်ခုခုလုပ်ဆောင်သင့်သည်ဟု သင် ထင်ပါသလား? မည်သို့ လုပ်သင့်ပါသနည်း?

ခ။ ကိုးကားချက်များ

Al Jazeera (2022, November 9). Why Indonesia is abandoning its capital city to save it, Available at: https://www.aljazeera.com/news/2022/11/9/hldwhyindonesia-is-abandoning-its-capitaljakarta-to-save-ithld

ASEAN (2021). State of Climate Change Report: Current status and outlook of the ASEAN region Toward the ASEAN climate Vision 2050.

ASEAN (2022). The ASEAN Climate Change Strategic Action Plan (ACCPSAP) 2023-2030.

ASEAN (2022). ASEAN Sustainable Urbanization Report 2022 Sustainable cities toward 2025 and Beyond.

ASEAN (2023). Sixth ASEAN State of the Environment Report (SOER 6).

ASEAN (2023). Joint statement on climate change to the 28th session of the Conference of parties to the United Nations Framework Convention on Climate Change (UNFCCC-COP28).

ASEAN Taxonomy Board (2021). ASEAN Taxonomy for Sustainable Finance.

Asian Development Bank (2021), Climate Risk Country Profile: Thailand.

Asian Development Bank (2022, 19 September). 225 Million Displacements in Asia and Pacific Due to Disasters, As Impact of Climate Change Deepens, Says New ADB Report. Asian Development Bank. https://www.adb.org/news/225-million-displacements-asia-and-pacific-duedisasters- impact-climate-change-deepens.

Bakewell, O. (2021). Unsettling the boundaries between forced and voluntary migration. In E.Carmel, K. Lenner, & R. Paul (Eds.), Handbook on the Politics and Governance of Migration(pp. 124-136). Edward Elgar.

Balais-Serrano, E. (2000). Internal Displacement in Southeast Asia, Refugee Survey Quarterly, 19(2), 58–63.

Brown, Oli, (2008). Migration and Climate Changes. IOM report.

CNN Philippines (2023, August 20). “Metro Manila’s sea level rise nearly 3 times higher than global average – NAMRIA.” https://www.cnnphilippines.com/news/2023/8/20/metro-manila-sealevel-rise-high.html. Accessed December 25, 2023

အခန်း (၄)
သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိသော စီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍ

Patricia Rinwigati Waagstein

စာဖတ်သူ လမ်းညွှန်

ဤအခန်း၌ စီးပွါးရေးလုပ်ရပ်များနှင့်စပ်လျဉ်း၍ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးနှင့်ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့တွင် လူ့အခွင့်အရေးကျင့်သုံးပုံများအကြောင်းကို အကျဉ်းချုပ် ရှင်းလင်းတင်ပြရန် ရည်ရွယ်ထားသည်။ နိဒါန်း၊ သီအိုရီဆိုင်ရာ/ ဥပဒေ ရေးရာ အခြေခံအချက်များ၊ နောက်ခံကြောင်းခြင်းရာ၊ အဓိကပြဿနာရပ်များဟူ၍ အပိုင်းကဏ္ဍများစွာထည့်သွင်းဆွေးနွေးထားပြီး အရှေ့တောင်အာရှဒေသရှိ ဖြစ်ရပ်လေ့လာမှုများလည်း ပါရှိသည်။ ထို့ပြင် ပိုမိုလေ့လာလိုသူများအတွက် ထပ်တိုးဖတ်ရှုဖွယ်ရာများကိုလည်း ဖော်ပြထားသည်။

၄.၁ အဖွင့်မိတ်ဆက်

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးတို့သည် အလွန်နီးကပ်စွာ အပြန်အလှန်ချိတ်ဆက်နေကြသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ဇီဝရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း၊ သစ်တောများ ပြုန်းတီးခြင်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းစဉ်များကဲ့သို့သော လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရေးရာပြဿနာတစ်ရပ် ဖြစ်လာခဲ့ပြီး ၎င်းကြောင့်ပင် သဘာဝပတ်ဝန်းကျင် နှင့် လူ့အခွင့်အရေးများအပေါ် သိသာထင်ရှားသောသက်ရောက်မှုများ ရှိလာသည်။ ဥပမာ - ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းသည် ကမ်းရိုးတန်းအနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသည့် လူမှုအသိုင်းအဝိုင်းများအတွက် နေရပ်စွန့်ခွာရခြင်းများရှိလာနိုင်ပြီး၊ ရာသီဥတုပုံစံများ ပြောင်းလဲလာခြင်းက စိုက်ပျိုးရေးနှင့် စားနပ် ရိက္ခာဖူလုံမှုတို့အပေါ် ဆိုးကျိုးများ သက်ရောက်နိုင်ပေသည်။

စီးပွါးရေးလုပ်ငန်းများသည် လူ့အခွင့်အရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့တွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ စီးပွါးရေးလုပ်ငန်းများက သဘာဝပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသောသက်ရောက်မှုများ ရှိနေသည်မှာ အမှန်ပင်ဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ပိုမိုဆိုးရွားစေနိုင်ကာ လူ့အခွင့်အရေးများအပေါ်တွင်လည်း ထိခိုက်စေနိုင်သည်၊ အထူးသဖြင့် သန့်ရှင်းသော လေနှင့်ရေ ရရှိပိုင်ခွင့်၊ မြေယာပိုင်ဆိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအခွင့်အရေးများအပေါ်တွင် သက်ရောက်မှုများ ဖြစ်စေသည်။ အမှန်စင်စစ်အား

ဖြင့် စီးပွါးရေးလုပ်ငန်းများသည် ၎င်းတို့လုပ်ငန်း၏ တိုက်ရိုက်လုပ်ရပ်များကြောင့်ဖြစ်စေ၊ ဇီဝရုပ်ကြွင်း လောင်စာများ လောင်ကျွမ်းခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းစဉ်များကဲ့သို့ လုပ်ငန်းများအတွက် ကုန်ကြမ်းပံ့ပိုးသူများမှတဆင့်ဖြစ်စေ ဖန်လုံအိမ်ခါတ်ငွေ့ အများဆုံး ထုတ်လွှတ်နေသူများ ဖြစ်ကြသည်။

တစ်ချိန်တည်းမှာပင် စီးပွါးရေးလုပ်ငန်းများသည် ရေရှည်တည်တံ့နိုင်မည့် လုပ်ထုံးလုပ်နည်းများ ကျင့်သုံးခြင်း၊ ထိရှလွယ်သော လူမှုအသိုင်းအဝိုင်းများအား ကူညီပံ့ပိုးခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ၎င်းကြောင့် ကမ္ဘာမြေနှင့်လူသားများအပေါ် ကျရောက်လာမည့် ဆိုးကျိုးများအား ကာကွယ်ရေး၊ လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေနိုင်ရေးအလို့ငှာ တီထွင်ဆန်းသစ်မှုနှင့် ဖြေရှင်းနည်းများ ထွက်ပေါ်နိုင်ရန် ပံ့ပိုးပေးနိုင်သည်။ ၎င်းတို့တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအပေါ် လေးစားခြင်း၊ မိမိတို့စီးပွါးရေးလုပ်ငန်း၏ ထောက်ပံ့ရေးကွင်းဆက်များတစ်လျှောက်ရှိ အလုပ်သမားများအပေါ် မျှတစွာဆက်ဆံပြီး ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အခြေအနေများ ရရှိစေရန် ဆောင်ရွက်ခြင်းတို့ ပါဝင်ပေသည်။ တစ်နည်းအားဖြင့် နောင်အချိန်တွင် ဖြစ်လာနိုင်မည့် ရာသီဥတုဆိုင်ရာ ထိခိုက်နစ်နာမှုများကို ရှောင်လွှဲနိုင်ရန်နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုရှိစေရေး အာမခံနိုင်ရန်အတွက် အဖြေရှာကြရာ၌ စီးပွါးရေးလုပ်ငန်းများသည် တစ်စိတ်တစ်ပိုင်း ဖြစ်လာရသည်။ ထို့ကြောင့် အဆိုပါ ပြဿနာရပ်များအား ဘက်စုံလွှမ်းခြုံမှုရှိပြီး အခွင့်အရေးအခြေပြုချဉ်းကပ်နည်းဖြင့် ရှုမြင်ရန် အရေးကြီးလှပြီး နိုင်ငံများက လူ့အခွင့်အရေးကိုကာကွယ်ရန် အဓိကတာဝန်ရှိသူအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကာ စီးပွါးရေးလုပ်ငန်းများကမူ အသက်ရှင်သန်ပိုင်ခွင့်၊ ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်ရပိုင်ခွင့်အပါအဝင် လူ့အခွင့်အရေးများအား လေးစားလိုက်နာကြရန် လိုအပ်ပေသည်၊ ထို့ပြင် ထိခိုက်ခံစားခဲ့ရသည့် လူမှုအသိုင်းအဝိုင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် ပါဝင်သက်ဆိုင်သူအားလုံး၏ အဓိပ္ပါယ်ရှိရှိ ပူးပေါင်းပါဝင်ခြင်းများလည်း ပါဝင်ရမည်ဖြစ်သည်။

ဤအခန်းသည် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများ အထူးသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် စီးပွါးရေးလုပ်ငန်းများ၏တာဝန်ယူမှုတို့ အကြားရှိ ရှုပ်ထွေးနက်နဲသောဆက်နွယ်မှုများအကြောင်း အခြေခံနားလည်သဘောပေါက်စေရန် ရည်ရွယ်ထားသည်။ ရှေးဦးစွာ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ ပေါ်ပေါက်လာစေရန် အဆင့်ဆင့် ပြောင်းလဲလာပုံများအကြောင်းကို ရှင်းလင်းတင်ပြသွားမည် ဖြစ်သည်။ ဤအခြေခံမူများသည် စီးပွါးရေးလုပ်ငန်းများအား လူ့အခွင့်အရေးကို လေးစားလိုက်နာရမည့် 'တာဝန်ခံမှုရှိသော အဖွဲ့အစည်းများ' အဖြစ် သတ်မှတ်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့မှုများ၏ အရေးပါပုံကို အလေးပေးဖော်ပြထားသည်။ ထို့နောက် ဤအခန်း တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် အဓိကကျသည့် လက္ခဏာသွင်ပြင်ရှုထောင့်များအကြောင်း အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်သည်၊ ထိုမှတစ်ဆင့် စီးပွါးရေးလုပ်ငန်းများအား ထိန်းကျောင်းကြပ်မတ်ရန် နိုင်ငံတွင်ရှိသည့် နိုင်ငံ့နယ်နိမိတ်အလွန်တာဝန်ဝတ္တရားများအကြောင်းဆွေးနွေးပြီးလျှင် စီးပွါးရေးလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့အကြား ဆက်စပ်မှုများကို ဆွေးနွေးတင်ပြသွားမည် ဖြစ်သည်။ နောက်ဆုံးတွင် အရှေ့တောင်အာရှဒေသတွင်းရှိ ထင်ရှား သောအမှုများ

အကြောင်း ဖော်ပြသွားမည်ဖြစ်ပြီး နက်နက်နဲနဲစဉ်းစားတွေးခေါ်ခြင်းနှင့် ဆွေးနွေးငြင်းခုံမှုများ လုပ်ဆောင်နိုင်မည့် မေးခွန်းများကိုလည်း ထည့်သွင်းပေးထားသည်။

၄.၂ ဥပဒေရေးရာ သီအိုရီများနှင့် နောက်ခံကြောင်းခြင်းရာ

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ (စီးပွါးရေး) ကော်ပိုရေးရှင်းများ၏တာဝန်ဝတ္တရားများအကြောင်းဆွေးနွေးရာတွင် ထည့်သွင်းစဉ်းစားရမည့် အဓိကပြဿနာရပ်များစွာ ရှိနေသည်။

၄.၂.၁ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ : ကာကွယ်ရန်၊ လေးစားရန်နှင့် ကုစားမှုပေးရန် မူဘောင်

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် လူ့အခွင့်အရေးကောင်စီက တညီတညွတ်တည်းချမှတ်ခဲ့သည့် စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ (UNGPs) သည် စီးပွါးရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာကို ပထမဦးဆုံးဖြေရှင်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းတစ်စောင်ဖြစ်ပြီးလျှင် ကမ္ဘာတစ်လွှား ရှိ အစိုးရများ၊ စီးပွါးရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် လက်ခံခဲ့ကြသည်။ လမ်းညွှန်ချက်ကို လူ့အခွင့်အရေးနှင့် နိုင်ငံဖြတ်ကျော် (စီးပွါးရေး)ကော်ပိုရေးရှင်းများအပြင် အခြားသော စီးပွါးရေး လုပ်ငန်းများရေးရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ပရော်ဖက်ဆာ ဂျွန်ရပ်ဂီး (Professor John Ruggie) က ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာတိုက်ကြီးငါးတိုက်ရှိ ပါဝင် သက်ဆိုင်သူများနှင့် ခြောက်နှစ်ကြာ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုကာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီး နောက် ပေါ်ပေါက်လာသည့် ဤလမ်းညွှန်ချက်သည် အခြေအနေရပ်များစွာတွင် အရေးပါသော အပြောင်းအလဲ တစ်ခု ဖြစ်လာခဲ့သည်။

ပထမအချက်အနေဖြင့် UNGPs သည် (စီးပွါးရေး) ကော်ပိုရေးရှင်းများ၌ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများ ရှိ/ မရှိ ဆိုသည့် ကာလရှည်စွာအငြင်းပွားခဲ့ကြသောမေးခွန်းအပေါ် အဖြေထုတ်ပေးခဲ့သည်။ စုစုပေါင်း အခြေခံမူ (၃၁) ချက်နှင့်အတူ ပြည့်စုံသောရှင်းလင်းချက်များ ပါဝင်သည့် ၎င်း UNGP ကို အဓိကမဏ္ဍိုင်ကြီး သုံးရပ်အပေါ် အခြေခံ၍ ရေးဆွဲချမှတ်ထားသည် - ၎င်းတို့မှာ (၁) တတိယ ပုဂ္ဂိုလ်/အဖွဲ့အစည်းများ (third parties) ၏ လူ့အခွင့် အရေးချိုးဖောက်ခြင်းများမှ ကာကွယ်ရန် နိုင်ငံများတွင် တာဝန်ရှိခြင်း၊ (၂) လူ့အခွင့်အရေးကို လေးစား လိုက်နာရန် စီးပွါးရေးလုပ်ငန်းများတွင် တာဝန်ရှိခြင်းနှင့် (၃) လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် ထိရောက်သော ကုစားမှုများ ရရှိနိုင်ရန် အာမခံချက်ပေးခြင်း တို့ဖြစ်ကြသည်။

ဒုတိယအချက်အနေဖြင့် UNGPs သည် နိုင်ငံတော်၌ရှိသော လူ့အခွင့်အရေးဆိုင်ရာဝတ္တရားများအား စီးပွါးရေး လုပ်ငန်းများ၏ လူ့အခွင့်အရေးလေးစားရန်တာဝန်ရှိမှုဖြင့် လမ်းကြောင်းပြောင်းလိုက်ခြင်း မဟုတ်ကြောင်း အတည်ပြု ဖော်ပြထားသည်၊ ထို့နည်းတူပင် လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ရန်နှင့် ဖြည့်ဆည်း ပေးရန်အတွက် နိုင်ငံတော်များတွင်တာဝန်ရှိသကဲ့သို့ စီးပွါးရေးလုပ်ငန်းများ၌လည်း အစိုးရနှင့်တန်းတူ တာဝန်

များရှိနေသည်ဟု ဆိုလိုခြင်းမျိုး မဟုတ်ပေ။ နိုင်ငံတွင်ရှိသော တာဝန်များ (Duties) နှင့် စီးပွါးရေး လုပ်ငန်းများတွင် ရှိသော ဝတ္တရားများ (Responsibilities) သည် မတူညီဘဲ ကွဲပြားခြားနားကြောင်း UNGPs က ရှင်းလင်းစွာ ဖော်ပြထားသည်။

တတိယအချက်အနေဖြင့် အကြောင်းအရာနှင့်စပ်လျဉ်း၍ UNGPs သည် လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ကုမ္ပဏီများအနေဖြင့် မည်သို့ဆောင်ရွက်သင့်သည်ဆိုသည့်အချက်အပေါ် တစ်ကမ္ဘာလုံးက သဘောတူလက်ခံ ထားသော မျှော်မှန်းချက်များကို ဖော်ပြပေးထားသည်။ စီးပွါးရေးလုပ်ငန်းများသည် လူ့အခွင့်အရေးကို လေးစားရန် (ထိခိုက်နစ်နာမှုမရှိစေရေး - Do no harm) နှင့် လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို စီမံခန့်ခွဲနိုင်ရန် အတွက် သင့်လျော်သော မူဝါဒများ၊ ကြိုတင်စိစစ်အကဲဖြတ်မှု အစီအမံများနှင့် ကုစားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း များ ရှိထားရမည်ဟူသော မျှော်မှန်းချက်ကို ဖော်ပြထားသည်။ ဤမျှော်မှန်းချက်သည် လုပ်ငန်းအရွယ်အစား၊ လုပ်ကိုင်သည့် ကဏ္ဍ သို့မဟုတ် လုပ်ငန်းလည်ပတ်သည့် အခြေအနေတို့နှင့်မသက်ဆိုင်ဘဲ စီးပွားရေးလုပ်ငန်း အမျိုးအစား အားလုံး နှင့် သက်ဆိုင်ပေသည်။

စတုတ္ထအချက်အနေဖြင့် UNGP သည် နိုင်ငံတကာသဘောတူစာချုပ် သို့မဟုတ် စည်းနှောင်မှုရှိသော စာချုပ် စာတမ်းတစ်စောင်မဟုတ်ပေ၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက မဲခွဲဆုံးဖြတ်မှုမရှိဘဲ ချမှတ်လက်ခံခဲ့သည်ဖြစ်ရာ အကြံပြုချက်များပါဝင်သည့် အင်အားပျော့သော ဥပဒေသဖွယ် လမ်းညွှန်ချက်တစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် (စာချုပ်) အတည်ပြုလက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ရန် မလိုအပ်ပေ။ မည်သို့ပင်ဆိုစေကာမူ ဤလမ်းညွှန်ချက်သည် ကမ္ဘာတစ်လွှားရှိ ကဏ္ဍအသီးသီး၏ လက်ခံမှုကို ရရှိထားလေသည်။ လက်ရှိတွင် UNGPs ကို အကောင်အထည်ဖော်ရန်အလို့ငှာ အနည်းဆုံး နိုင်ငံပေါင်း ၃၄ နိုင်ငံတွင် စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို ရေးဆွဲချမှတ် ထုတ်ပြန်ခဲ့ပြီး အခြားနိုင်ငံပေါင်း ၁၈ နိုင်ငံ၌လည်း ရေးဆွဲနေကြဆဲဖြစ်သည်။ ဥရောပသမဂ္ဂ နှင့် OECD အဖွဲ့ဝင် နိုင်ငံများ ကဲ့သို့သော နိုင်ငံအများအပြားတွင်လည်း UNGPs မူဘောင်ကို အမျိုးသားအဆင့်/ဒေသဆိုင်ရာ စည်းမျဉ်း ဥပဒေများ ၌ ထည့်သွင်းပြဋ္ဌာန်းထားပြီးလျှင် ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ စီးပွါးရေးလုပ်ငန်းများအဆင့်တွင်လည်း (စီးပွါးရေး) ကော်ပိုရေးရှင်းများနှင့် စီးပွားရေး အသင်းအဖွဲ့များသည် UNGP မူဘောင်ကို ၎င်းတို့၏ ကိုယ်ပိုင်စည်းမျဉ်းဥပဒေများတွင် ထည့်သွင်းကျင့်သုံးလာကြ သဖြင့် စီးပွါးရေး လုပ်ငန်းများအကြား စည်းကမ်းချမှတ်ထားရှိသည့် မူဘောင်တစ်ခု ဖြစ်လာသည်။

ပဉ္စမအချက်အနေဖြင့် UNGPs သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ရာသီဥတုပြောင်းလဲမှု ပြဿနာ များအပေါ် တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းခြင်း မရှိပေ။ သို့သော်လည်း စီးပွါးရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက် ကြောင့်ထိခိုက်နစ်နာရသူများအပေါ် အဓိကအလေးထားသည့် မူဘောင်တစ်ခုဖြစ်သည့်အားလျော်စွာ ၎င်းသည် နိုင်ငံများ၊ စီးပွါးရေးလုပ်ငန်းများနှင့် အခြားပါဝင်သက်ဆိုင်သူများ၏ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချရေး ကြိုးပမ်းအားထုတ်မှုများနှင့် စပ်ဆိုင်နေသည်၊ ထိုကြိုးပမ်းမှုများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာရသူများအတွက် ကုစားမှုများ ရရှိနိုင်ရေးလည်း ပါဝင်သည်။ UNGPs

နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့အကြား ဆက်စပ်မှုရှိပုံကို နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။

၄. ၂. ၂ ပထမမဏ္ဍိုင် : နိုင်ငံ၏ ကာကွယ်ပေးရမည့် ဝတ္တရား

နိုင်ငံ၏ ကာကွယ်ပေးရမည့် ဝတ္တရားသည် UNGPs ၏ ပထမ မဏ္ဍိုင်တစ်ခုဖြစ်သည်။ ထိုဝတ္တရားသည် လူ့အခွင့်အရေးဆိုင်ရာ အဓိကကျသည့် နိုင်ငံတကာသဘောတူစာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေတို့တွင် ပါရှိပြီးဖြစ်သည့် နိုင်ငံ၏တာဝန်ဝတ္တရာများဖြစ်ကြသော လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းရမည့် အမျိုးအစားများမှ သက်ဆင်းပေါ်ပေါက်လာခြင်း ဖြစ်သည် (Eide, 1987; Shue, 1980)။ ဤနေရာတွင် ကာကွယ်ပေးရမည့်ဝတ္တရားဆိုသည်ကို စီးပွါးရေးလုပ်ငန်းများအပါအဝင် တတိယပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများထံမှ ကာကွယ်ပေးရမည့် နိုင်ငံ၏ တာဝန်ရှိမှုဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည် (စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ- ကုလသမဂ္ဂ၏ “ကာကွယ်၊ လေးစား၊ ကုစားခြင်း” မူဘောင်ကို အကောင်အထည်ဖော်ခြင်း၊ ၂၀၁၁)။ အဆိုပါတာဝန်ဝတ္တရားအား ပြည်တွင်းအဆင့်နှင့် ဒေသအဆင့်/နိုင်ငံတကာအဆင့်ဟူ၍ အဆင့်အသီးသီးတွင် ချမှတ်ကျင့်သုံးနိုင်သည်။ ပြည်တွင်းအဆင့်အနေဖြင့် UNGPs က နိုင်ငံများအား လူ့အခွင့်အရေးချိုးဖောက်ခြင်းများ မရှိစေရေး သေချာစေမည့် လိုအပ်သလို သင့်လျော်သော ကြိုတင်ကာကွယ်မှုနှင့် အရေးယူအပြစ်ပေးမှု အစီအမံများ လုပ်ဆောင်ရမည်ဟု သတ်မှတ်ထားသည်။ ထိုသို့ဆိုရာတွင် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းချမှတ်ရမည့်တာဝန်ဝတ္တရားများလည်း ပါဝင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းရန်တာဝန်ဝတ္တရားသာမက လူ့အခွင့်အရေးများ တဖြည်းဖြည်းချင်း မြင့်တက်ရရှိခံစားနိုင်ရေးအပေါ် လုံးလုံးလျားလျား ဆန့်ကျင်ကွဲလွဲနေသည့် ဥပဒေများကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ ဆောင်ရွက်ရန် တာဝန်ဝတ္တရားများလည်း ပါဝင်သည် (စီးပွါးရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီ၊ ၂၀၀၆)။ ၎င်းတွင် (စီးပွါးရေး) ကော်ပိုရေးရှင်းများနှင့် အခြားသော အဖွဲ့အစည်းများ လိုက်နာ လုပ်ဆောင်ရမည့် နယ်ပယ်များ သတ်မှတ်ပေးခြင်း၊ အခြားအဖွဲ့အစည်းများ၏ ခွင့်ပြုနိုင်မည့် ပြုမူဆောင်ရွက်ချက်များကို ကန့်သတ်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သော စည်းကမ်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ချမှတ်ခြင်း၊ ပုဂ္ဂလိကကဏ္ဍရှိ (လူ/အဖွဲ့အစည်း) လုပ်ဆောင်သူများက ချိုးဖောက်မှုများ ပြုလုပ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်းများပါဝင်သည်။ ကာကွယ်ရန်တာဝန်ရှိမှု၏ ဒုတိယ အဆင့်မှာ နိုင်ငံတကာအသိုက်အဝန်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် နိုင်ငံတော်တွင်ရှိသော တာဝန်ဝတ္တရားကို ဆိုလိုခြင်း ဖြစ်သည်။ ဤအခြေအနေတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ သို့မဟုတ် နိုင်ငံအချင်းချင်း ချုပ်ဆိုထားသည့် နှစ်နိုင်ငံကြားရင်းနှီးမြှုပ်နှံမှုစာချုပ်များ၌ ရင်းနှီးမြှုပ်နှံသူများကဲ့သို့သော တတိယပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးကျူးလွန်မှုများမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးဆိုင်ရာ အချက်များကို တိတိကျကျ ထည့်သွင်းဖော်ပြချုပ်ဆိုကြရန် နိုင်ငံများတွင် တာဝန်ရှိပေသည်။

၄. ၂. ၃ ဒုတိယမဏ္ဍိုင် : စီးပွါးရေးလုပ်ငန်းများ၏ လေးစားလိုက်နာရမည့် တာဝန်

လေးစားလိုက်နာရန် တာဝန်ယူမှုရှိခြင်း

ဒုတိယမဏ္ဍိုင်က ကော်ပိုရေးရှင်းများ၏ တာဝန်ရှိမှုအစား စီးပွါးရေးလုပ်ငန်းများ၏ တာဝန်ယူမှုရှိခြင်းအကြောင်းကို အလေးထားဖော်ပြထားသည်၊ ဤနေရာတွင် စီးပွားရေးလုပ်ငန်းများ၏ 'တာဝန်ယူမှု' ဆိုသည်ကို ဥပဒေကြောင်းအရ တာဝန်ရှိခြင်းဆိုသည်ထက် လူမှုရေးဆိုင်ရာစံနှုန်းများအား ရည်ညွှန်းလိုခြင်းဖြစ်သည်။ စီးပွါးရေး လုပ်ငန်းများအနေဖြင့် လုပ်ငန်းလည်ပတ်ခွင့်လိုင်စင်ရရှိရေး နှင့် လိုင်စင်ဆက်လက်ရရှိရေးတို့အတွက် မိမိတို့ မိခင်နိုင်ငံနှင့် လုပ်ငန်းသွားရောက်လုပ်ကိုင်မည့်နိုင်ငံနှစ်ခုလုံးတွင် ချမှတ်ထားသည့် သက်ဆိုင်ရာဥပဒေအားလုံးကို လိုက်နာရမည့် ဥပဒေရေးရာတာဝန်ရှိသည်မှာ ရှင်းလင်းပေသည်။ သို့သော်လည်း လူမှုရေးဆိုင်ရာစံနှုန်းများမှ ဆင်းသက်လာသည့် လူ့အခွင့်အရေးကို လေးစားရန် တာဝန်ယူမှုရှိခြင်းသည် တည်ဆဲဥပဒေနှင့် စည်းမျဉ်းများအတိုင်း လိုက်နာသည်ထက်ပို၍ အဆင့်မြင့်သည်။ လူမှုရေးဆိုင်ရာစံနှုန်းများနှင့် မျှော်မှန်းချက်များက အချိန်ကာလ ကြာမြင့်လာသောအခါ ဥပဒေများ ဖြစ်လာနိုင်သော်လည်း လက်ရှိတွင် ကုမ္ပဏီများအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သည်ဟူသော မျှော်မှန်းချက်များပင်ဖြစ်သည်။

ဤကဲ့သို့သော တာဝန်ယူမှုရှိခြင်းမျိုးသည် နိုင်ငံတစ်နိုင်ငံရှိ ၎င်း၏တာဝန်များကို ဖြည့်ဆည်းပေးနိုင်စွမ်း သို့မဟုတ် ဖြည့်ဆည်းပေးလိုမှုနှင့်မသက်ဆိုင်ဘဲ သီးခြားရှိနေပေသည်။ သို့သော် ထိုတာဝန်ယူမှုသည် နိုင်ငံတော်၏ ကာကွယ်ပေးရမည့်တာဝန်ဝတ္တရားအပေါ် ဖြည့်စွက်ပံ့ပိုးပေးလေသည်။ တစ်နည်းဆိုရသော် နိုင်ငံအနေဖြင့် လူ့အခွင့်အရေးအားကာကွယ်ပေးရမည့်တာဝန်ကို မထမ်းဆောင်နိုင်ခြင်း သို့မဟုတ် ထမ်းဆောင်လိုခြင်းမရှိခဲ့သည့်တိုင် စီးပွါးရေးလုပ်ငန်းများက ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်ပြီး လူ့အခွင့်အရေးကို လေးစားကြရမည်ဖြစ်သည်။ စီးပွါးရေးလုပ်ငန်းများအား မိမိတို့၏ တိုက်ရိုက်လုပ်ဆောင်ချက်များ သို့မဟုတ် (ကုန်ကြမ်း) ထောက်ပံ့ရေးကွင်းဆက်များမှတစ်ဆင့် အခြားသူများ၏ လူ့အခွင့်အရေးကို မထိပါးရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် အားပေးအားမြှောက်ပြုခြင်းများ မရှိစေလိုခြင်း ဖြစ်သည်၊ ရိုးရှင်းစွာဆိုရပါက “ထိခိုက်နစ်နာမှုမရှိစေရေး” ပင် ဖြစ်သည်။ ဤနေရာတွင် UNGPs သည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးမှုများ (Due diligence)၊ ဩဇာလွှမ်းမိုးသက်ဆိုင်သောနယ်ပယ် (Sphere of influence) စသည့် သဘောတရားများ၊ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ကြံရာပါအဖြစ်ပါဝင်ခြင်းကဲ့သို့ (စီးပွါးရေး) ကော်ပိုရေးရှင်းများ၏ အခန်း ကဏ္ဍများကိုပါ အကျုံးဝင်လာစေရေးအတွက် အဆိုပါ တာဝန်ယူမှုသဘော၏ အတိုင်းအတာ/ အဝန်းအဝိုင်းကို တိုးချဲ့ထားလေသည် (Ruggie, ၂၀၁၈ အေ)။

လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးမှုများ

လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးမှုများဟူသည့် သဘောတရားတွင် စီးပွါးရေးလုပ်ငန်းလည်ပတ်မှုများကြောင့် လူ့အခွင့်အရေးအပေါ်ကျရောက်လာနိုင်မည့် ဆိုးကျိုးများအား အစဉ်တစိုက် ဖော်ထုတ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ လျှော့ချခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ၎င်းသည်

ကုမ္ပဏီများအနေဖြင့် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆိုလိုပေသည်၊ ကုမ္ပဏီများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများနှင့် အမျိုးမျိုးသော လူ့အခွင့်အရေး ဆိုင်ရာသဘောတူစာချုပ်များ၌ ဖော်ပြပါရှိသည့် အခြေခံမူများကိုအသုံးပြုလျက် လူ့အခွင့်အရေးအပေါ် ဖြစ်လာနိုင်ခြေရှိသည့် သက်ရောက်မှုအားလုံးကို စနစ်တကျကြည့်ရှုပြီးလျှင် ရှင်းလင်းသော မူဝါဒတစ်ခု ထားရှိရေးပင် ဖြစ်သည်။ ထို့ပြင် စီးပွါးရေးလုပ်ငန်းများသည် လက်တွေ့ဖြစ်ပွားနေသော (သို့မဟုတ်) ဖြစ်လာနိုင်ခြေရှိသော လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို ဖော်ထုတ်ဆန်းစစ်ရမည်ဖြစ်သည်၊ ထိုသက်ရောက်မှုများမှာ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များကြောင့် ဖြစ်စေ (သို့မဟုတ်) ၎င်းတို့၏ စီးပွါးရေးဆိုင်ရာ ဆက်နွယ်မှုများကြောင့် ဖြစ်စေ ပေါ်ပေါက်လာနိုင်ပြီး အဓိက ထိခိုက်ခံရနိုင်ချေရှိသည့် အုပ်စုများ၊ ပါဝင်သက်ဆိုင်သူများနှင့် ထိရောက်မှုရှိသော တိုင်ပင် ဆွေးနွေးမှုများပြုလုပ်ခြင်းတို့ကို လုပ်ဆောင်သင့်သည်။ နောက်ဆုံး အနေဖြင့် ထိုကဲ့သို့သော ဆန်းစစ်ခြင်းများကို ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများနှင့် လုပ်ငန်းခွင်အစဉ်အလာအဖြစ် ထည့်သွင်းပေါင်းစပ်ထားရမည်ဖြစ်ပြီး ဆောင်ရွက်ချက်များအပေါ်တွင်လည်း အစဉ်တစိုက် ခြေရာခံစောင့်ကြည့် နေရမည် ဖြစ်သည် (Sherman and Lehr, ၂၀၁၀)။

တိုက်ရိုက်ဖြစ်စေခြင်း၊ အားပေးကူညီခြင်းနှင့် ဆက်နွယ်နေခြင်း

လက်တွေ့၌ စီးပွါးရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ဖြစ်နိုင်ချေရှိသည့် ပါဝင်ပတ်သက် နေခြင်းများကို ပုံစံ (၃) မျိုးဖြင့် အမျိုးအစားခွဲခြားနိုင်သည် -

၁။ တိုက်ရိုက်ဖြစ်စေခြင်း : စီးပွါးရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ တိုက်ရိုက်ဖြစ်စေနိုင်သည်။ ဥပမာအနေဖြင့် လုပ်ငန်းတစ်ခုက အလုပ်သမားများအား အဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့် အလုပ်သမားသမဂ္ဂများတွင် ပါဝင်ခွင့်ကို ပိတ်ပင်တားဆီးသည်မျိုး ဖြစ်သည်။

၂။ ဆိုးကျိုးသက်ရောက်မှုများတွင် အားပေးကူညီခြင်း : စီးပွါးရေးလုပ်ငန်းများသည် လူ့အခွင့်အရေးအပေါ် ကျရောက်သော ဆိုးကျိုးများတွင် (တိုက်ရိုက်မဟုတ်သော်လည်း) အားပေးကူညီခြင်း သို့မဟုတ် ပါဝင်ပတ်သက် နေခြင်းမျိုး ရှိနိုင်ပေသည်။ ဥပမာအနေဖြင့် အတင်းအကြပ်ရွှေ့ပြောင်းမှုများဖြစ်စေခဲ့သည့် ဆောက်လုပ်ရေး စီမံကိန်းတစ်ခုကို ငွေကြေးထောက်ပံ့ပေးခြင်းမျိုး၊ သို့မဟုတ် နိုင်ငံတကာအလုပ်သမားစံနှုန်းများအတိုင်း လိုက်နာရန် ဖြစ်နိုင်ခြင်းမရှိသည့် အချိန်ကန့်သတ်ချက်များဖြင့် (ပစ္စည်းကုန်ကြမ်း)ပံ့ပိုးသူများထံမှ ပစ္စည်းများ မှာယူခြင်းမျိုး ဖြစ်သည်။

၃။ လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် ဝန်ဆောင်မှုများမှတစ်ဆင့် ဆက်နွယ်နေခြင်း : စီးပွါးရေးလုပ်ငန်းများသည် အခြားအဖွဲ့အစည်းများနှင့် ကူးလူးဆက်ဆံကာ လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် ဝန်ဆောင်မှုများဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများနှင့် ဆက်နွယ်သွားနိုင်ပေသည်။ ဤအခြေအနေတွင် ကုမ္ပဏီအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုကို တိုက်ရိုက်ဖြစ်စေခြင်း (သို့မဟုတ်) အားပေးကူညီခြင်းမျိုး မရှိသော်လည်း ၎င်း၏ ထောက်ပံ့ရေးကွင်းဆက် သို့မဟုတ် စီးပွါးရေးမိတ်ဖက်က ချိုးဖောက်မှုများကို ပြုလုပ်ခြင်းဖြစ်သည်။ ထိုကဲ့သို့

ဆက်နွယ်မှုရှိနေခြင်းကြောင့် (စီးပွါးရေး) ကော်ပိုရေးရှင်းတစ်ခုအနေဖြင့် ယင်းဆိုးကျိုးများအား ကာကွယ် ရေးနှင့် လျော့ချနိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့်တာဝန်ဝတ္တရား ရှိနေဆဲပင်ဖြစ်သည်။

လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများတွင် ပါဝင်ပတ်သက်နေသည့် ပုံစံအမျိုးမျိုးအပေါ်မူတည်၍ မတူ ကွဲပြားသည့် တုံ့ပြန်ဆောင်ရွက်ပုံများကိုလည်း လိုအပ်ပေသည်။ ကုမ္ပဏီတစ်ခုသည် လူ့အခွင့်အရေး ချိုးဖောက်မှု များကို တိုက်ရိုက်ဖြစ်စေခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပတ်သက်ဆက်နွယ်နေခြင်းတို့ ရှိလာပါက ထို သက် ရောက်မှုများကို တားဆီးကာကွယ်ရန်၊ ရပ်တန့်ရန် သို့မဟုတ် လျော့ချရန် လိုအပ်သည်။ ကုမ္ပဏီ၏ ပါဝင် ပတ်သက် ပုံကို နားလည်သဘောပေါက်ရန်နှင့် တုံ့ပြန်ဆောင်ရွက်မှုများ ချမှတ်နိုင်ရန်အတွက် (စီးပွါးရေး) ကော်ပိုရေးရှင်း တစ်ခုအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် အရေးကြီးပေသည်၊ သို့မှသာ မိမိတို့၏ ပါဝင်ပတ်သက်မှု၊ ဆုံးရှုံးနိုင်ခြေများနှင့် အဓိကကျသော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ချက်များကို ဖော်ထုတ်နိုင်မည် ဖြစ်သည် (Ruggie, ၂၀၁၈ ဘီ)။ ဤ လုပ်ငန်းစဉ်သည် ရိုးရှင်း လွယ်ကူသောအလုပ်တစ်ခု မဟုတ်ပေ၊ အကြောင်းမှာ ကုမ္ပဏီများအနေဖြင့် ရှုပ်ထွေးသော အခြေ အနေများနှင့် မကြာခဏ ရင်ဆိုင်ရလေ့ရှိပြီး သင့်လျော်မည့်လုပ်ဆောင်ချက်ကို (ချက်ချင်း) သိနိုင်ရန် ခဲယဉ်းသောကြောင့် ဖြစ်သည်။ ဥပမာအနေဖြင့် အဂတိလိုက်စားမှုများပြားသော နိုင်ငံတစ်ခုတွင် လုပ်ငန်းလည်ပတ် နေသည့် (စီးပွါးရေး) ကော်ပိုရေးရှင်းတစ်ခုသည် အမြတ်အစွန်းဆုံးရှုံးနိုင်ခြေရှိသော်လည်း ထိုနိုင်ငံတွင် ဆက်လက် လုပ်ကိုင် မည်လား သို့တည်းမဟုတ် အခြားနိုင်ငံသို့ ပြောင်းရွှေ့မည်လားဆိုသည့် ဝေခွဲရခက်သည့် အကျပ်အတည်း နှင့် ရင်ဆိုင်ရနိုင်ပေသည်။ ကံမကောင်းသည်မှာ ထိုကဲ့သို့သော အခြေအနေများအတွက် အသုံးချကျင့်သုံးနိုင်သည့် ပုံသေဖြေရှင်းနည်း ဟူ၍ မရှိနေပေ။ မည်သို့ပင်ဆိုစေကာမူ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ (UNGPs) ၌ စီးပွါးရေးလုပ်ငန်းများအနေဖြင့် အခြားသူများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် အားပေး ကူညီခြင်း၊ လက်တွေ့ကျကျ ပံ့ပိုးပေးခြင်း သို့မဟုတ် ထောက်ခံအားပေးခြင်းတို့မှ ရှောင်ကြဉ်ရမည် ဟု အတိအလင်း ဖော်ပြထားသည်။ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးတွင် ပါဝင်နေနိုင်သည့် မိမိတို့ကုမ္ပဏီ၏ အခန်းကဏ္ဍကို ဘက်စုံနားလည်သဘောပေါက်ထားခြင်းက စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ တာဝန်ဝတ္တရားများ သတ်မှတ်နိုင်ရေးနှင့် သင့်လျော်သော အစီအမံများ ချမှတ်နိုင်ရေးအတွက် စွမ်းဆောင်ရည်များ တိုးတက်စေလိမ့်မည် ဖြစ်သည်။

မိမိ၏ ကြေလွှမ်းမိုးသက်ဆိုင်သောနယ်ပယ်

"ကြေလွှမ်းမိုးသက်ဆိုင်သောနယ်ပယ်" ဟူသည့် အယူအဆကို Global Compact က စတင်အသုံးပြုခဲ့ပြီး မူကြမ်း စံနှုန်းများ (Draft Norms) တွင် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု နယ်ပယ်အတိုင်းအတာကို ရည်ညွှန်းထားခြင်း ဖြစ်သည်။ ဤသဘောတရားအရ စီးပွါးရေးလုပ်ငန်းများသည် ၎င်းတို့၏ ကြေလွှမ်းမိုး သက်ဆိုင်သော နယ်ပယ်အတိုင်းအတာအတွင်း၌ တာဝန်ယူမှုရှိကြကြောင်း အလေးပေးဖော်ပြထားခြင်းဖြစ်သည်။ သို့သော်လည်း UNGPs အရမူ "ကြေလွှမ်းမိုးသက်ဆိုင်သောနယ်ပယ်" ဆိုသည့် ဝေါဟာရ၌ သီးခြားကွဲပြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည် - ပထမတစ်ခုမှာ ကုမ္ပဏီ၏ လုပ်ဆောင်ချက်များ

ကြောင့်ဖြစ်စေ၊ တွဲဖက်များကြောင့်ဖြစ်စေ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်လာသောအခါ ဖြစ်လာသည့် သက်ရောက်မှုနှင့်သက်ဆိုင်ပြီး ဒုတိယတစ်ခုမှာ ထိုသို့သော ချိုးဖောက်မှုများအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများအပေါ် ကျင့်သုံးနိုင်သည့် ကုမ္ပဏီ၏ဩဇာအရှိန်အဝါနှင့် သက်ဆိုင်ပေသည်။ ထို့ကြောင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရမည်ဟူသော စီးပွါးရေးလုပ်ငန်းများ၏ တာဝန်ယူမှုကို လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရန် နယ်ပယ်အတိုင်းအတာသည် ပုံသေသတ်မှတ်ထားနိုင်သည့် နယ်ပယ်တစ်ခု မဟုတ်ချေ။ ထိုအစား ၎င်းသည် ကုမ္ပဏီ၏ စီးပွါးရေးလုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်နေသော ပတ်သက်မှုများ မှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် (သို့မဟုတ်) အမှန်တကယ်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး သက်ရောက်မှုများ အပေါ်တွင်သာ မူတည်နေပေသည်။

၄. ၂. ၄ တတိယမဏ္ဍိုင် : ကုစားမှုရပိုင်ခွင့်

ထိရောက်သော တိုင်ကြားမှုဖြေရှင်းရေး ယန္တရားများသည် နိုင်ငံတော်၏ ကာကွယ်ပေးရမည့် တာဝန်နှင့် စီးပွါးရေးလုပ်ငန်းများ၏ လေးစားရန်တာဝန်ယူမှုတို့ကို ဖြည့်ဆည်းပေးရာတွင် ဥပဒေရေးရာနှင့် မူဝါဒဆိုင်ရာ ရှုထောင့် နှစ်ခုလုံးအရ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ (စီးပွါးရေး) ကော်ပိုရေးရှင်းများ၏ အပြုအမူနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းတို့နှင့်သက်ဆိုင်သည့် နိုင်ငံတော်၏ စည်းမျဉ်းဥပဒေများတွင် စုံစမ်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ပေးခြင်းနှင့် ကုစားမှုပေးခြင်းများဆိုင်ရာ ယန္တရားများ ပါဝင်ရမည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးကို လေးစားရမည့် စီးပွါးရေးလုပ်ငန်းများ၏ တာဝန်ယူမှု ရှိခြင်းသဘောအရ ကော်ပိုရေးရှင်းများ၏ ချိုးဖောက်မှုဒဏ်ကို ခံစားရသူများအနေဖြင့် ၎င်းတို့၏ နစ်နာမှုများကို ကုမ္ပဏီထံ အကြောင်းကြားနိုင်ရန်နှင့် ကုစားမှုများ တောင်းခံနိုင်ရန်အတွက် လမ်းကြောင်းများ ချမှတ်ဖော်ဆောင်ပေးရန် လိုအပ်သည်။ အနှစ်ချုပ်ဆိုရပါမူ စီးပွါးရေးလုပ်ငန်းများ၏ လွဲမှားသော အပြုအမူများကြောင့် ထိခိုက်နစ်နာရသူများအတွက် ကုစားမှုရရှိနိုင်စေရေး အာမခံခြင်းက "ကာကွယ်ရမည့် တာဝန်" နှင့် "လေးစားရန် တာဝန်ယူမှု" နှစ်ရပ်လုံးအတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။

ကုစားမှုရပိုင်ခွင့်ဆိုသည့် သဘောတရားသည် အဓိကအားဖြင့် စီးပွါးရေးလုပ်ငန်းများ၏ လုပ်ရပ်များကြောင့် ထိခိုက်နစ်နာရသော လူပုဂ္ဂိုလ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နိုင်ငံများနှင့် စီးပွါးရေးလုပ်ငန်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို အကောင်းဆုံး ပြည့်မီစေရေး မည်သို့ပင် ကြိုးပမ်းဆောင်ရွက်စေကာမူ မမျှော်လင့်ထားသော စိန်ခေါ်မှုများကြောင့် စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်သည်မျိုး ရှိနိုင်ပေသည်။ ထို့ကြောင့် ထိုကဲ့သို့သော ထိခိုက်နစ်နာမှုများကို လျှော့ချရန် သို့မဟုတ် ပြန်လည်ကုစားပေးနိုင်ရန်အတွက် ယန္တရားများ တည်ထောင်ထားရှိရန်မှာ အလွန် အရေးကြီးလှသည်၊ ထိခိုက်နစ်နာရသူများအနေဖြင့် ထိုယန္တရားများမှတစ်ဆင့် တရားစီရင်ရေး နည်းလမ်းဖြင့်ဖြစ်စေ၊ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်ဖြစ်စေ၊ ဥပဒေပြုရေးနည်းလမ်းဖြင့်ဖြစ်စေ (သို့မဟုတ်) အခြားသင့်လျော်ရာ နည်းလမ်းများဖြင့်ဖြစ်စေ ထိရောက်သော ကုစားမှုများကို ရရှိနိုင်ရမည် ဖြစ်သည်။

UNGPs သည် ကုစားမှုရပိုင်ခွင့်အပေါ် အကျယ်တဝင့် အဓိပ္ပါယ်ဖွင့်ဆိုထားချက်ကို အသုံးပြုထားသည်၊ ထို ဖွင့်ဆိုချက်အရ ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး တစ်စုံတစ်ရာထိခိုက်နစ်နာမှုများအား တုံ့ပြန်ရန် သို့မဟုတ် ပြုပြင်တည့်မတ်ပေးရန် ရည်ရွယ်သည့် ပုံစံအမျိုးမျိုး အကျုံးဝင်ပေသည်။ ၎င်းတွင် နိုင်ငံအခြေပြု တရားစီရင်ရေး ယန္တရားများနှင့် တရားစီရင်ရေးမဟုတ်သော ယန္တရားများပါဝင်သည့်အပြင် နိုင်ငံအခြေပြုမဟုတ်သော ယန္တရားများ လည်း ပါဝင်သည်။ တရားရုံးလုပ်ငန်းစဉ်များနှင့်အပြိုင် တရားစီရင်ရေးမဟုတ်သောယန္တရားများသည် အရေးပါ သော အခန်းကဏ္ဍမှ ပါဝင်သည်။ အထူးသဖြင့် တရားရုံးများက အကြောင်းအမျိုးမျိုးကြောင့် လုံလောက်မှုရှိပြီး ထိရောက်သော ကုစားမှုများမဆောင်ကြဉ်းပေးနိုင်သည့် နိုင်ငံမျိုးတွင် ထိုယန္တရားများသည် ပိုမိုအရေးကြီးနိုင်သည်။ ထို့အပြင် ကုမ္ပဏီကိုယ်တိုင်က ၎င်း၏လုပ်ဆောင်ချက်များအတွက် ဆုံးဖြတ်ချက်ချမှတ်သူအဖြစ် ဆောင်ရွက်ခြင်း မျိုးမဟုတ်ဘဲ တွေ့ဆုံဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အပေါ် အခြေပြုသည့် ကုမ္ပဏီအဆင့် တိုင်ကြား မှု ဖြေရှင်းရေးယန္တရားများကိုလည်း အားပေးသင့်ပေသည်၊ အကြောင်းမှာ ထိုယန္တရားများဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် တရားမျှတမှုရရှိနိုင်မည့် အခြားလမ်းကြောင်းများကို ပံ့ပိုးပေးနိုင်သောကြောင့် ဖြစ်သည်။

အတိုချုပ်အားဖြင့်ဆိုရပါက ကုစားမှုရရှိနိုင်စေမည့် မည်သည့်ယန္တရားမျိုးကိုမဆို ဖော်ဆောင်ရမည်ဖြစ်ပြီး ၎င်းတို့ သည် လျင်မြန်ခြင်း၊ လွယ်ကူစွာ လက်လှမ်းမီနိုင်ခြင်း၊ ထိရောက်မှုရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ဘက်လိုက်မှု ကင်းခြင်း၊ အဂတိလိုက်စားမှုမှ ကင်းဝေးခြင်း၊ နိုင်ငံရေးအရ သို့မဟုတ် အခြားသော ကြိုးပမ်းမှုများမှ ရလဒ်အပေါ် လွှမ်းမိုးမှု ကင်းလွတ်ခြင်း စသည့်အချက်များနှင့်ပြည့်မီစေရေး အားပေးသင့်ပေသည်။ တစ်နည်းအား ဖြင့်ဆိုသော် တရားဝင်မှု၊ လက်လှမ်းမီနိုင်မှု၊ ကြိုတင်ခန့်မှန်းနိုင်မှု၊ လူ့အခွင့်အရေးနှင့် ကိုက်ညီမှု၊ မျှတမှု နှင့် ပွင့်လင်းမြင်သာမှု စသည့် အခြေခံမူများကို လိုက်နာရမည်ဖြစ်သည် (Ruggie, ၂၀၁၈ အေ)။ ထို့ပြင် ကုစားမှုဟူသော သဘောတရားကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုသင့်ပြီး ၎င်းတွင် နစ်နာကြေး တောင်းခံနိုင်ခြင်း၊ မူလအတိုင်း ဖြစ်အောင် ပြန်လည်ဆောင်ရွက်ပေးခြင်း၊ ထပ်မံမဖြစ်ပွားစေရန် အာမခံခြင်း၊ သက်ဆိုင်ရာဥပဒေများအား ပြောင်းလဲခြင်းနှင့် လူသိရှင်ကြား တောင်းပန်ခြင်းစသည့် နည်းလမ်းများလည်း ပါဝင်ရမည်သည်။

၄.၂.၅ (နိုင်ငံ)နယ်နိမိတ်ကျော်လွန်သည့် တာဝန်ဝတ္တရားများ

နယ်နိမိတ်ကျော်လွန်၍ သက်ရောက်မှုရှိခြင်းဆိုသည့် သဘောတရားကို နိုင်ငံတကာဥပဒေ၏ ကဏ္ဍအသီးသီးက အသိအမှတ်ပြုလာခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင်မူ ဤသဘောတရားကို နယ်စပ် ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အသီးသီးတွင် ထည့်သွင်းဖော်ပြခဲ့ကြသည်။ လူ့အခွင့်အရေးရှုထောင့်တွင်လည်း စီးပွါးရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများ၊ စီးပွါးရေးနှင့် လူ့အခွင့်အရေး ကဏ္ဍများအပြင် လူ့အခွင့်အရေးကောင်စီ၏ အချို့ သော အထူးလုပ်ထုံးလုပ်နည်းများတွင် (နိုင်ငံ) နယ်နိမိတ်ကျော်လွန်သည့် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရား များအကြောင်းကို ပိုမိုအလေးထားဖော်ပြလာကြသည်။ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ နှင့်စပ်လျဉ်း၍ နိုင်ငံများ၏ နယ်နိမိတ်ကျော်လွန်သော တာဝန်ဝတ္တရားများဆိုင်ရာ မားစထရစ်ချ် အခြေခံမူများက

ဥပမာပင် ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများက စတင်အဆိုပြုခဲ့သည့် ဤအခြေခံမူများတွင် အရေးကြီးသော အချက်အချို့ကို ထပ်လောင်းအတည်ပြုပေးခဲ့သည် -

ပထမအချက်အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စုများနှင့် အများပြည်သူများအပေါ် ကျရောက်သော လူ့အခွင့်အရေးသက်ရောက်မှုများသည် နိုင်ငံ၏ နယ်နိမိတ်များကို ကျော်လွန်ကာ သက်ရောက်နိုင်သည်။ ၎င်းသည် အထူးသဖြင့် စီးပွါးရေးအရ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်ထွန်းလာခြင်းကြောင့်ဖြစ်ပြီး ဆိုလိုသည်မှာ နိုင်ငံများနှင့် အခြားသော ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်သူ/အဖွဲ့အစည်းများက ကမ္ဘာတစ်ဝှမ်းရှိ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ရရှိခံစားနိုင်မှုအပေါ် သိသိသာသာ လွှမ်းမိုးမှုရှိလာခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် နိုင်ငံတစ်ခုကဖြစ်စေ သို့မဟုတ် နိုင်ငံတစ်ခု၏ စီရင်ပိုင်ခွင့်အတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုကဖြစ်စေ ဆောင်ရွက်ချမှတ်သည့် လုပ်ဆောင်ချက် သို့မဟုတ် မူဝါဒသည် အခြားနိုင်ငံတစ်ခုရှိ လူ့အခွင့်အရေးများ ခံစားရရှိနိုင်ရေးအပေါ် သက်ရောက်မှု ရှိနိုင်ပေသည်။ ကမ္ဘာတစ်လွှား ဆင်းရဲမွဲတေမှုများ ပြန့်နှံ့နေဆဲဖြစ်ပြီး လူမှုစီးပွါးရေးဆိုင်ရာ မညီမျှမှုများ ဆက်လက်တည်ရှိနေခြင်းက ထိုအခြေအနေကို ပိုမိုရှုပ်ထွေးစေသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများသည် နိုင်ငံအတွင်း၌ဖြစ်စေ သို့မဟုတ် နိုင်ငံပြင်ပ၌ဖြစ်စေ မိမိတို့၏ အဖိုးတန်မြေယာ ရပိုင်ခွင့်၊ အရင်းအမြစ်များ ရပိုင်ခွင့်၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများရပိုင်ခွင့်တို့အတွက် အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများ/အဖွဲ့အစည်းများက ငြင်းပယ်ထားသော သို့မဟုတ် ပိတ်ပင်ထားသော အခြေအနေများနှင့် ဆက်တိုက် ရင်ဆိုင်နေကြရသည်။ ဤအခြေအနေမျိုးတွင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပူးပေါင်းအဖြေထုတ်မှုများကိုလိုအပ်ပြီး နိုင်ငံများအနေဖြင့် မိမိတို့၏ စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း၌ဖြစ်စေ (သို့မဟုတ်) နယ်နိမိတ်ပြင်ပ၌ဖြစ်စေ ဆောင်ရွက်သောလုပ်ရပ်များသည် မိမိနိုင်ငံ ပြင်ပရှိ လူ့အခွင့်အရေးများ ရရှိခံစားနိုင်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း နားလည်ကာ အရေးယူဆောင်ရွက်ရန် လိုအပ်ပေသည်။ ထိုသို့သော တာဝန်ဝတ္တရားများတွင် လူ့အခွင့်အရေးကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရရှိခံစားနိုင်ရေးအတွက် သီးခြားဖြစ်စေ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပူးပေါင်း၍ ဖြစ်စေ၊ နည်းလမ်းအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းလည်း ပါဝင်ပေသည်။ ထို့ပြင် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသော စီးပွါးရေးလုပ်ငန်းများ သို့မဟုတ် ပြည်ပ၌ သက်ရောက်မှုရှိနိုင်သော မိမိတို့နိုင်ငံရှိ စီးပွါးရေးလုပ်ငန်းများအား ထိန်းကျောင်းကြပ်မတ်ရန် နိုင်ငံတော်၏ လုပ်ဆောင်ချက်များလည်း ပါဝင်သည်။ ထို့ကြောင့် မားစထရစ်ချ် အခြေခံမူများသည် နိုင်ငံနယ်နိမိတ်ကျော်လွန်၍တည်ရှိသော နိုင်ငံများ၏ လူ့အခွင့်အရေး တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းဖော်ပြထားပြီး အထူးသဖြင့် ထိခိုက်နစ်နာမှုမဖြစ်စေရေး ရှောင်ကြဉ်နိုင်ရန်နှင့် လူ့အခွင့်အရေးအား နိုင်ငံနယ်နိမိတ်ကျော်လွန်၍ ကာကွယ်ရန် နိုင်ငံများ၌ တာဝန်ရှိကြောင်းကို ရှင်းလင်းထားသည်။

ဒုတိယအချက်အနေဖြင့် မားစထရစ်ချ် အခြေခံမူများသည် နယ်နိမိတ်ပိုင်နက်ဖြစ်မှုသဘောတရားကို ချဲ့ထွင်ပြီး စီရင်ပိုင်ခွင့်အာဏာရှိခြင်း၏ နယ်ပယ်အတိုင်းအတာဆိုင်ရာလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ မူသဘောတရားအနေဖြင့် ဤစာချုပ်စာတမ်းသည် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသော မိမိတို့၏ စီးပွါးရေးလုပ်ငန်းများအပေါ် နိုင်ငံက ထိန်းကျောင်းကြပ်မတ်ရန်အတွက် ခိုင်လုံသောအကြောင်းပြချက်ကို ရရှိစေနိုင်သည်၊ ဆိုလိုသည်မှာ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါနိုင်ငံသည် စီးပွါးရေးလုပ်ငန်းအပါအဝင် အဖွဲ့အစည်းတစ်ခု အပေါ်

ထိရောက်စွာ ထိန်းချုပ်နိုင်စွမ်းရှိခြင်း (သို့မဟုတ်) အဖွဲ့တစ်ခုခု (စီးပွါးရေးလုပ်ငန်း) သို့မဟုတ် နယ်မြေတစ်ခု အပေါ် ထိရောက်စွာ ဩဇာလွှမ်းမိုးနိုင်စွမ်းရှိခြင်း သို့မဟုတ် အဆုံးအဖြတ်ပေးနိုင်သည့် ဩဇာသက်ရောက်နိုင်စွမ်း ရှိခြင်းပင် ဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့် နယ်နိမိတ်ကျော်လွန်၍ သက်ရောက်မှုရှိခြင်းဆိုင်ရာမူသဘောတရား၏ ကန့်သတ်ချက်ကို ရည်ညွှန်းထားသည်။ အမျိုးမျိုးသောဥပဒေရေးရာသိပ္ပံများတွင် အတည်ပြုထားသည့်အတိုင်းပင် နယ်နိမိတ်ကျော်လွန်သော တာဝန်ဝတ္တရားဟူသည် နိုင်ငံတကာဥပဒေ၏ ယေဘုယျခြွင်းချက်တစ်ခုအဖြစ် တည်ရှိ နေလေသည်။ နယ်နိမိတ်ကျော်လွန်ကာ ကျရောက်သည့် လူ့အခွင့်အရေးသက်ရောက်မှုများ ရှိနေသော်ငြားလည်း စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို နယ်နိမိတ်ကျော်လွန်၍ လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်ဟူသော နိုင်ငံ၏ တာဝန်ဝတ္တရားအရ နိုင်ငံတစ်နိုင်ငံအား ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အရပ်ရပ်နိုင်ငံတကာဥပဒေများအား ချိုးဖောက်သည့်အဖြစ်ကို လုပ်ခွင့်ပေးထားခြင်းမဟုတ်ကြောင်း ဆိုလိုပေသည်။

၄.၃ စီးပွါးရေးလုပ်ငန်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ရပိုင်ခွင့်များနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု

အစောပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း စီးပွါးရေးလုပ်ငန်းများသည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေကြသည်။ စီးပွါးရေးလုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်း၊ တီထွင်ဆန်းသစ်မှုများကို အားပေးခြင်းတို့ကြောင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရာတွင် အပြုသဘောဆောင်သည့် ပံ့ပိုးမှုများကို လုပ်ဆောင်ပေးနိုင်စွမ်းများ ရှိကြသည်။ အသိတရားရှိပြီး ကျင့်ဝတ်နှင့်ညီသော စီးပွါးရေးလုပ်ငန်းစဉ်များကို ချမှတ်ထားခြင်းဖြင့် တရားမျှတသော အလုပ်အကိုင်ဆိုင်ရာအခြေအနေများ၊ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များနှင့် အလုပ်သမား အခွင့်အရေးများအပေါ် လေးစားလိုက်နာမှုများ ဖြစ်ထွန်းလာစေနိုင်သည်။ သို့သော်လည်း စီးပွါးရေးလုပ်ငန်းများသည် အမျိုးမျိုးသော လူ့အခွင့်အရေးဖောက်ဖျက်ခြင်းများတွင် နှီးနွယ်ပတ်သက်နေခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် တိုက်ရိုက်ကျူးလွန်ခြင်းများကိုလည်း လုပ်ဆောင်မိတတ်ကြသည်၊ ၎င်းတို့အနက် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးစေခြင်းနှင့် ဒေသခံလူထုအပေါ် အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် သက်ရောက်မှု ရှိစေနိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုးတို့ပါဝင်သည် (Letnar, ၂၀၁၈)။

UNGPs ၌ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သို့မဟုတ် ယင်းအကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် နိုင်ငံတကာဥပဒေမူဘောင်များအား အတိအလင်း ဖော်ပြထားခြင်းမရှိသော်လည်း ယင်းအခြေခံမူများ၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပါအဝင် (စီးပွါးရေး) ကော်ပိုရေးရှင်းများအနေဖြင့် တာဝန်ယူသင့်သည့် လူ့အခွင့်အရေးဆိုင်ရာစိုးရိမ်ပူပန်မှုများအားလုံးကို လွှမ်းခြုံနိုင်သည့် ပြီးပြည့်စုံသောရှုထောင့်တစ်ရပ် ပါဝင်နိုင်ပေသည်။ လူ့အခွင့်အရေးပြဿနာနှင့် နိုင်ငံဖြတ်ကျော်ကော်ပိုရေးရှင်းများအပြင် အခြား သော စီးပွါးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ (the Working Group) ကမူ UNGPs များသည် ရာသီဥတု

ဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံများသာမက စီးပွါးရေးလုပ်ငန်းများအတွက် အသုံးဝင်ပြီး လက်တွေ့ကျသော လမ်းညွှန်ချက်များကို ပေးဆောင်နိုင်သည်ဟု ယုံကြည်ထားသည်။ ထို့ပြင် UNGPs များတွင် စီးပွါးရေးလုပ်ငန်းများ၏ တာဝန်ယူမှုအဖြစ် အလေးပေးဖော်ပြထားသည်များဖြစ်သည့် လူ့အခွင့်အရေးကို လေးစားရန်၊ မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကြောင့် လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများကို ဖြစ်စေခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် တိုက်ရိုက်ပတ်သက်ခြင်းတို့မှ ရှောင်ကြဉ်ရန်ဟူသော အချက်များ၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့်ဆက်စပ်နေသည့် လက်တွေ့ဖြစ်ပေါ်နေသော သက်ရောက်မှုများ၊ နောင်ဖြစ်လာနိုင်ခြေရှိသော သက်ရောက်မှုများကိုပါ ကိုင်တွယ်ဖြေရှင်းရမည့် တာဝန်ဝတ္တရားများ ပါဝင်ပြီးဖြစ်ကြောင်း အလေးထားဖော်ပြထားသည်။ ဤကဲ့သို့ တာဝန်ယူမှုများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် စီးပွါးရေးလုပ်ငန်းများအနေဖြင့် အောက်ပါ နည်းလမ်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်သင့်သည် -

က။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအား ဖော်ထုတ်ရန်၊ တားဆီးရန်၊ လျှော့ချရန်နှင့် တာဝန်ခံမှုရှိစေရန်အတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ထည့်သွင်းစဉ်းစားချက်များကို ၎င်းတို့၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံအုပ်ချုပ်မှုပုံစံများနှင့် ဆုံးဖြတ်ချက်များတွင် ထည့်သွင်းပေါင်းစပ်ရန်နှင့် လုပ်ငန်းလည်ပတ်မှုကဏ္ဍအားလုံးတွင် ထိုသို့ဆောင်ရွက်ရန်။

ခ။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့်ဆက်စပ်ပြီး လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် လက်တွေ့ဖြစ်နိုင်သော သက်ရောက်မှုများနှင့် နောင်ဖြစ်လာနိုင်ခြေရှိသော သက်ရောက်မှုအားလုံးနှင့် ပတ်သက်၍ မူဝါဒများနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲထုတ်ပြန်ရန်။

ဂ။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို လုပ်ငန်းလည်ပတ်စဉ်တစ်လျှောက်လုံးကျင့်သုံးဆောင်ရွက်မည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးခြင်းများအားကဏ္ဍတိုင်းတွင် ပေါင်းစပ်ထည့်သွင်းရန်။

ဃ။ လုပ်ငန်းလည်ပတ်မှု တစ်လျှောက်လုံးရှိ ဖန်လုံအိမ်ခေါတ်ငွေ့ ထုတ်လွှတ်မှုနယ်ပယ် ၁၊ ၂ နှင့် ၃ အားလုံးကို ဖော်ထုတ်ရန်၊ ထိုသို့ဖော်ထုတ်ရာတွင် သိပ္ပံနည်းကျပြီး စစ်ဆေးအတည်ပြုနိုင်သော နည်းလမ်းဖြစ်ရမည့်အပြင် ကျွမ်းကျင်သူများ၏ အကြံပြုချက်များအပေါ် အခြေခံလုပ်ဆောင်ရန်။

င။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် လက်တွေ့ဖြစ်နိုင်သော သက်ရောက်မှုများနှင့် နောင်ဖြစ်လာနိုင်ခြေရှိသော သက်ရောက်မှုများအပေါ် ပါဝင်သက်ဆိုင်သူအားလုံးနှင့် ထိရောက်မှုရှိပြီး အဓိပ္ပာယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်။ ၎င်းတွင် ဌာနေတိုင်းရင်းသားလူမျိုးများထံမှ "လွတ်လပ်သောဆန္ဒဖြစ်ပြီး ကြိုတင်အသိပေးထားသော သဘောတူညီချက်" ရရှိစေရန် သေချာစေခြင်း။

စ။ မိမိတို့ကြောင့်ဖြစ်ပေါ်လာသော သို့မဟုတ် မိမိတို့၏ဆက်နွယ်ပတ်သက်မှုကြောင့်ဖြစ်လာသော ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့်ဆက်စပ်သည့် လူ့အခွင့်အရေးထိခိုက်မှုများကို ရပ်တန့်နိုင်ရေးအပါအဝင် အရေးပေါ်ကုစားမှုပေးနိုင်မည့် အရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်ရန်။

ဆ။ မိမိတို့၏ လုပ်ငန်းလည်ပတ်မှု၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများမှတစ်ဆင့် တိုက်ရိုက် ဆက်နွယ်နေသော သို့မဟုတ် ပံ့ပိုးသည့်သဘောဖြစ်စေခဲ့သော ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့်ဆက်စပ်သည့် လူ့အခွင့်အရေးထိခိုက်မှုများအား တားဆီးရန်၊ လျော့ချရန် သို့မဟုတ် သက်သာစေရန်အလို့ငှာ မိမိတို့၏ စီးပွါးရေးဆိုင်ရာ ဆက်နွယ်မှုများအပေါ် ဩဇာအရှိန်အဝါကို ကျင့်သုံးရန် (လူ့အခွင့်အရေးပြဿနာနှင့် နိုင်ငံဖြတ်ကျော်ကော်ပိုရေး ရှင်းများအပြင် အခြားသော စီးပွါးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ၂၀၂၃)။

အထူးသဖြင့် အဆိုပါလုပ်ငန်းအဖွဲ့သည် တာဝန်ယူမှုရှိသောဘဏ္ဍာရေးထောက်ပံ့မှုအပေါ် အထူးအလေးထားပြီး လျှင် နိုင်ငံတကာအဆင့်၊ ပြည်တွင်းအဆင့်နှင့် ဒေသတွင်းအဆင့် ဘဏ္ဍာရေးအဖွဲ့အစည်းများအပြင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဇီဝရုပ်ကြွင်းလောင်စာနှင့်ဆက်စပ်သော ပရောဂျက်များအား ငွေကြေးထောက်ပံ့နေခြင်းများမှ ရှောင်ဖယ်၍ အခြားသောကဏ္ဍများသို့ ပြောင်းလဲပံ့ပိုးကူညီရန် တာဝန်ရှိကြောင်းကို အလေးပေးဖော်ပြထားသည်။ တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများနှင့် အဖွဲ့အစည်းလိုက်ရင်းနှီးမြှုပ်နှံသူများအားလုံးသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည့်အကျိုးဆက်များအပေါ် အကဲဖြတ်သုံးသပ်ထားသည်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည် (Macchi, ၂၀၂၀)။ ဤအခြေအနေ၌ ရာသီဥတုနှင့်ဆက်နွယ်နေသော အချက်အလက်များအား စိစစ်ခြင်းသည် လူ့အခွင့်အရေးဆိုင်ရာဆန်းစစ်အကဲဖြတ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော ရှုထောင့်တစ်ရပ် ဖြစ်သင့်ပြီး၊ သီးခြားခွဲထုတ် မထားသင့်ကြောင်း အလေးပေးဖော်ပြထားသည်။ အကြောင်းမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုလျှော့ချရန် ရည်ရွယ်လုပ်ဆောင်သည့် နည်းလမ်းအစီအမံများသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအပေါ် ထိခိုက်စေနိုင်သကဲ့သို့ အလားတူပင် လူ့အခွင့်အရေးဆိုင်ရာနည်းလမ်း အစီအမံများကလည်း ရာသီဥတုအပေါ် သက်ရောက်မှုရှိနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုဆိုင်ရာ လုံလုံစိုက်ထုတ်မှုရှိခြင်းသည် မဏ္ဍိုင် (၂) ဖြစ်သည့် စီးပွါးရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် တာဝန်ယူမှုရှိခြင်းအပိုင်းတွင်ဖော်ပြထားသော လူ့အခွင့်အရေးဆိုင်ရာ လုံလုံစိုက်ထုတ်မှုရှိခြင်းလုပ်ငန်းစဉ်နှင့် စင်ပြိုင် ပုံစံတူဖြစ်လာပေသည် (လူ့အခွင့်အရေးပြဿနာနှင့် နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းများအပြင် အခြားသော စီးပွါးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ၂၀၂၃)။

အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းတွင် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ရေရှည်တည်တံ့သော သဘာဝ ပတ်ဝန်းကျင်ရပိုင်ခွင့်ကို အသိအမှတ်ပြုထားပြီးဖြစ်သည်။ အဆိုပါကြေညာစာတမ်းသည် တရားဝင် စည်းနှောင်မှုအားကောင်းသည့် စာချုပ်စာတမ်းသဘောမျိုးမဟုတ်သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMS) အား စာတမ်းပါလူ့အခွင့်အရေးများကို ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် မူဝါဒများတွင် ထည့်သွင်းထားကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် စသည့် အာဆီယံ အဖွဲ့ဝင်

လေးနိုင်ငံသည် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ရပိုင်ခွင့်ကို ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အတိအလင်းထည့်သွင်းဖော်ပြထားကြသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၌ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများအား ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံတော် နှင့်/သို့မဟုတ် နိုင်ငံသားများ၏ တာဝန်ပင်ဖြစ်ကြောင်း အတိအလင်း ရည်ညွှန်းဖော်ပြထားသည်။ ဘရူနိုင်း၊ မလေးရှားနှင့် စင်ကာပူ နိုင်ငံတို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ် စောင့်ရှောက်ရေး၊ ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းများထိန်းချုပ်ရေးတို့အတွက် ဥပဒေများစွာ ရေးဆွဲပြဋ္ဌာန်းထားကြသည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင် နိုင်ငံအများအပြား၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အထူးတရားရုံး များသို့မဟုတ် ခုံရုံးများကို တည်ထောင်ထားကြသည်။ အောက်တွင် ဖော်ပြထားသော အမှုအမျိုးမျိုးသည် သဘာဝ ပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ အခြေအနေများတွင် စီးပွါးရေးလုပ်ငန်းစုကြီးများ ဆက်နွယ်နေသည့် အမှုများ ဖြစ်ကြသည်။

ထို့ပြင် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများအကြား ကော်မရှင် (AICHR) က အာဆီယံ၌ သဘာဝ ပတ်ဝန်းကျင်အခွင့်အရေးများဆိုင်ရာ ဒေသတွင်းကြေညာချက်တစ်ရပ်ကို ရေးဆွဲရန် ဦးဆောင်ဦးရွက်ပြုခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် AICHR သည် ဘေးကင်းလုံခြုံသန့်ရှင်းပြီး ရေရှည်တည်တံ့သော သဘာဝ ပတ်ဝန်းကျင် ရပိုင်ခွင့်နှင့်စပ်လျဉ်းပြီး စီးပွါးရေးလုပ်ငန်းများ၏ တာဝန်ယူမှုရှိခြင်းကိုမြှင့်တင်ရန်အလို့ငှာ စီးပွါးရေးလုပ်ငန်းများ အပါ အဝင် အစိုးရ မဟုတ်သော ဆောင်ရွက်လုပ်ကိုင်သူများနှင့် စေ့စပ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများ ဆောင်ရွက်ခဲ့သည်။

ဖြစ်ရပ်လေ့လာခြင်း - ထိုင်းနိုင်ငံ၊ အွမ်ကွိုင်ခရိုင်အတွင်းရှိ ကျောက်မီးသွေးတူးဖော်ခြင်း စီမံကိန်းအပေါ် ဆန့်ကျင်ခဲ့သည့် ဌာနေကရင်တိုင်းရင်းသားများ၏ ကြိုးပမ်းမှု

၂၀၂၀ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် တရားလိုများသည် ထိုင်းနိုင်ငံ၊ ချင်းမိုင်နယ်၊ အွမ်ကွိုင်ခရိုင်အတွင်း ဌာနေကရင်တိုင်းရင်းသားများအဖြစ်နေထိုင်ကြသည့် ခါဗူးဒင်ရွာရှိ ရွာသား ၆၀၀ ကို ကိုယ်စားပြု၍ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်း (EIA) စိစစ်ရေး ကျွမ်းကျင်သူများကော်မတီ နှင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးရာနှင့် စီမံကိန်းရုံး (ONEP) တို့အား ချင်းမိုင် စီမံအုပ်ချုပ်ရေးရာတရားရုံး၌ တရားစွဲဆိုခဲ့သည်။ 99 Thuwanon အမည်ရှိ ထိုင်းကုမ္ပဏီလီမိတက်၏ လုပ်ကိုင်လိုကြောင်း အဆိုပြုခဲ့သည့် အလစ်ဂနိုက်ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းအတွက် တင်သွင်းခဲ့သည့် ၂၀၁၁ ခုနှစ် EIA အစီရင်ခံစာအား အတည်ပြုပေးလိုက်ခြင်းအပေါ် ပယ်ဖျက်ပေးရန် တရားလိုများက တောင်းခံခဲ့ခြင်း ဖြစ်သည် (Gefeke *et al.*, ၂၀၂၂)။ တူးဖော်ရေးဆောင်ရွက်ရန် လျာထားသော မြေဧရိယာသည် ၄၅.၃ ဟက်တာခန့်ကျယ်ဝန်းပြီး ခါဗူးဒင်ရွာ၏ လယ်ယာမြေအများအပြားနှင့် ဧရိယာထပ်နေသည် (Mamo၊ ၂၀၂၀)။ တူးဖော်ရေးစီမံကိန်းလုပ်ငန်း လည်ပတ်နိုင်ရေးအတွက်လည်း အနည်းဆုံး ရပ်ရွာလူထု/ကျေးရွာ (၆) ခုကို ဖြတ်သွားရမည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခုလည်း လိုအပ်ပေလိမ့်သည် (Gefeke et al., ၂၀၂၀)။ တရားစွဲဆိုရခြင်းမှာ ပြည်သူများ၏ ကျန်းမာရေးအတွက် ကောင်းမွန်ပြီးဘေးကင်းလုံခြုံသည့် သဘာဝပတ်ဝန်းကျင် ရပိုင်

ခွင့်ကို ကာကွယ်ပေးနိုင်ရေးနှင့်၊ အွမ်ကွိုင်ခရိုင်အတွင်း နေထိုင်သူပြည်သူများ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအား ကာကွယ်ပေးနိုင်ရေးပင် ဖြစ်သည် (Gefeke et al., ၂၀၂၀)။ အဆိုပါကုမ္ပဏီသည် ၂၀၀၀ ပြည့်နှစ်ကတည်းကပင် စက်မှုဝန်ကြီးဌာနရှိ အခြေခံစက်မှုလုပ်ငန်းနှင့် မိုင်းတွင်းဦးစီးဌာန (DPIM) ထံသို့ ကျောက်မီးသွေးတူးဖော်ရေး လုပ်ပိုင်ခွင့်ကို လျှောက်ထားခဲ့ပြီးဖြစ်သော်လည်း ရွာသားများဘက်မှ သတိပြုမိခြင်း မရှိခဲ့ကြပေ (“အွမ်ကွိုင် ဒေသခံများနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်း (EIA) စိစစ်ရေး ကျွမ်းကျင်သူများကော်မတီ၊ နှင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးရာနှင့် စီမံကိန်းရုံး”အမှု)။ ကုမ္ပဏီသည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အကြားတွင် အဆိုပြုထားသော မြေနေရာကို ကွင်းဆင်းတိုင်းတာခဲ့ပြီး EIA အစီရင်ခံစာ ထုတ်ပြန်ရန်အတွက် ပြင်ပအတိုင်ပင်ခံအဖွဲ့တစ်ခုကို ၂၀၁၀ ပြည့်နှစ်တွင် ငှားရမ်းခဲ့သည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်း (EIA) စိစစ်ရေး ကျွမ်းကျင်သူများကော်မတီသည် အဆိုပါအစီရင်ခံစာကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ထိုင်းနိုင်ငံ၏ ဥပဒေ၌ ကုမ္ပဏီများအနေဖြင့် EIA နှင့် ပတ်သက်၍ ထိခိုက်နစ်နာနိုင်ခြေရှိသော လူထုကို အကြောင်းကြားအသိပေးရန်နှင့် ဒေသခံများနှင့် အနည်းဆုံး နှစ်ကြိမ် လူထုတွေ့ဆုံပွဲ ပြုလုပ်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသော်လည်း ခါဗူးဒင်ရွာသားများသည် မိုင်းတွင်းဆိုင်ရာ EIA လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်မရခဲ့သည့်အပြင် အသိပေးခြင်းကိုလည်း မခံခဲ့ကြရပေ (“အွမ်ကွိုင် ဒေသခံများနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်း (EIA) စိစစ်ရေး ကျွမ်းကျင်သူများကော်မတီ၊ နှင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးရာနှင့် စီမံကိန်းရုံး”အမှု)။ ထို့ပြင် အစီရင်ခံစာ၌ ရွာသားများ၏ ဘေးကင်းသန့်ရှင်းသည့် လေထုနှင့် ရေ ရရှိပိုင်ခွင့်အပါအဝင် ၎င်းတို့၏ လူမှုအသိုက်အဝန်းနှင့် မှီခိုရပ်တည်နေထိုင်ရာ သဘာဝအရင်းအမြစ်များနှင့်စပ်လျဉ်းသည့် အရေးကြီးသော သတင်းအချက် အလက်အချို့ ပါဝင်ခဲ့ခြင်းမရှိကြောင်း ရွာသားများက စွပ်စွဲခဲ့ကြသည် (Cowan, ၂၀၂၂)။ ယင်းအစား အစီရင်ခံစာ၌ အများပြည်သူပါဝင်မှုရှိကြောင်း ထင်ယောင်ထင်မှားဖြစ်စေနိုင်မည့် ရွာသားများ၏ လက်မှတ်အတုများကဲ့သို့ လွဲမှားသော သို့မဟုတ် မမှန်ကန်သော သတင်းအချက်အလက်များ ပါဝင်နေခဲ့သည် (“အွမ်ကွိုင် ဒေသခံများနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်အကဲဖြတ် ခြင်း (EIA) စိစစ်ရေး ကျွမ်းကျင်သူများကော်မတီ၊ နှင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးရာနှင့် စီမံကိန်းရုံး”အမှု)။ EIA အစီရင်ခံစာကို အတည်ပြုပြီးနောက် (၈)နှစ်အကြာ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် DPIM မှ ထုတ်ပြန်သော ကြေညာချက်ထွက်ပေါ်လာပြီးနောက်မှသာ ရွာသားတို့သည် ဤစီမံကိန်းအကြောင်းကို စတင်သိရှိခဲ့ကြရသည်။

လျာထားသောထိုစီမံကိန်းကို တုံ့ပြန်သည့်အနေဖြင့် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းနှင့် သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးသည် အွမ်ကွိုင် ကျောက်မီးသွေးတွင်း ဆန့်ကျင်ရေး ကွန်ရက် ဟူသော အမည်ဖြင့် စုပေါင်းကာ EIA အစီရင်ခံစာအပေါ် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်(Mamo၊ ၂၀၂၀)။ EIA အစီရင်ခံစာ၏ အားနည်းချက်များကို ထောက်ရှု၍ ၎င်းတို့သည် ဒေသတွင်းကျန်းမာရေးသက်ရောက်နိုင်မှုအပေါ် အကဲဖြတ်ဆန်းစစ်ခြင်း (CHIA) အစီရင်ခံစာတစ်စောင်ကို ပြင်ဆင်ခဲ့ကြသည်။ ထိုအစီရင်ခံစာက အဆိုပါလျာထားသည့်

သတ္တုတူးဖော်ရေးစီမံကိန်းကြောင့် သက်ရောက်နိုင်မည့် ဆိုးကျိုးများကို မီးမောင်းထိုးပြထားကာ ယင်းတို့တွင် ပြန်လည်ကုစား၍မရနိုင်သော သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ လူမှုအသိုက်အဝန်း၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်လာစေမည့် စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း၊ ရေအရင်းအမြစ်များ အသုံးပြုခွင့် ဆုံးရှုံးခြင်း၊ လေထုနှင့်ရေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးပြဿနာများဖြစ်စေခြင်း၊ ဌာနေ ကရင်တိုင်းရင်းသား တို့၏ လူမှုဘဝနေထိုင်မှုဓလေ့ထုံးတမ်းများ ပျက်စီးဆုံးရှုံးခြင်းတို့ ပါဝင်ကြလေသည် (Atpradit, ၂၀၂၀)။ ထို့ပြင် ကျောက်မီးသွေးက ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုတွင် အဓိကကျသော အရင်းအမြစ်ဖြစ်နေသည်ကိုလည်း မှတ်ချက်ပြုခဲ့ကြသည်။ ကုမ္ပဏီဘက်ကမူ အများပြည်သူ ပါဝင်ဆောင်ရွက်မှုကို ဟန့်တားရန် မဟာဗျူဟာကျကျ တရားစွဲဆိုခြင်း (SLAPP) နည်းလမ်းဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။ ကျေးရွာခေါင်းဆောင်များ နှင့် တက္ကသိုလ်ကျောင်းသားများ အပါအဝင် ဆန္ဒပြသူ (၇) ဦးအပေါ် အသရေဖျက်မှုဖြင့် ကုမ္ပဏီက အမှုပြန်ဖွင့်ခဲ့သည် (Gefeke *et al.*, ၂၀၂၂)။

၂၀၂၀ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (NHRC) က EIA လုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေကြောင်း တွေ့ရှိခဲ့သည်။ ကော်မရှင်က EIA လုပ်ငန်းစဉ်တွင် အများပြည်သူပါဝင်မှု မရှိခဲ့သည့်အပေါ် မီးမောင်းထိုးပြခဲ့ပြီး EIA အစီရင်ခံစာကို သင့်လျော်သော အများပြည်သူ ပါဝင်ဆောင်ရွက်မှုဖြင့် ပြန်လည်ပြင်ဆင်ရန်၊ ထိခိုက်နစ်နာခဲ့ရသော ရွာသားများအတွက် လုံလောက်သော နစ်နာကြေးများ ပေးဆောင်ရန် အကြံပြုတိုက်တွန်းခဲ့သည် (“အွမ်ကွိုင် ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်း (EIA) စိစစ်ရေး ကျွမ်းကျင်သူများ ကော်မတီ၊ နှင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးရာနှင့် စီမံကိန်းရုံး”အမှု၊ ၂၀၂၂)။ ထိုအချက်က အဓိပ္ပါယ်ပြည့်ဝသော အများပြည်သူပါဝင်ဆောင်ရွက်မှုဖြင့် EIA အစီရင်ခံစာအသစ်တစ်စောင်ကို EIA စိစစ်ရေး ကျွမ်းကျင်သူများ ကော်မတီ နှင့် ONEP တို့မှ ပြန်လည်ထုတ်ပြန်ပေးရေးအတွက် တရားရုံးအမိန့်ချမှတ်ပေးရန် တရားလိုဘက်မှ တောင်းဆိုချက်နှင့်လည်း ထပ်တူကျနေသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် တရားရုံးက သတ္တုမိုင်းတွင်းစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ချက်များအား နောက်ဆုံးအပြီးသတ်အမိန့် ချမှတ်ခြင်းမပြုမီအထိ ရပ်ဆိုင်းထားရန် ယာယီရပ်တားဝရမ်းကို ထုတ်ပြန်ခဲ့သည်။ ဤအမိန့်တွင် “ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်ကို ထပ်လောင်း အတည်ပြုပေးခဲ့ပြီး လူမှုအသိုက်အဝန်း၏ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်ပိုင်ခွင့်ကိုလည်း အသိအမှတ် ပြုပေးခဲ့သည်”။ ထို့ပြင် ၎င်းသည် သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်ရှိရေးကို အသိအမှတ်ပြုထားသည့် ကုလသမဂ္ဂကောင်စီ၏ ဆုံးဖြတ်ချက် နှင့် ကုလသမဂ္ဂ အထွေထွေညီလာခံတို့၏ ဆုံးဖြတ်ချက် တို့နှင့်လည်း ကိုက်ညီမှုရှိပေသည် (Gefeke *et al.*, ၂၀၂၂)။

ဖြစ်ရပ်လေ့လာခြင်း - မြေယာသိမ်းဆည်းသည့် လုပ်ရပ်များနှင့်ပတ်သက်၍ ထိုင်းသကြားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုအား ကမ္ဘောဒီးယားနိုင်ငံသားများက စွဲဆိုသည့် နယ်စပ်ဖြတ်ကျော် အစုအဖွဲ့လိုက် တရားစွဲဆိုမှု

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ဘန်ကောက်မြို့ တောင်ပိုင်း တရားမ တရားရုံးက အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့ပြီး၊ ၎င်းအရ ကမ္ဘောဒီးယားနိုင်ငံ၊ အော့ဒါမင်ချေပြည်နယ်၊ စမ်ရုမ်ခရိုင်အတွင်းရှိ မိသားစုပေါင်း ၇၁၁ ခုကို ကိုယ်စားပြုပြီး ကမ္ဘောဒီးယားနိုင်ငံသားများဖြစ်ကြသည့် Hoy Mai နှင့် Smin Tet တို့က Mitr Phol Sugar ကုမ္ပဏီလီမိတက်အပေါ် စွဲဆိုထားသည့်အမှုကို စွဲဆိုခွင့်ပေးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ထိုင်းကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး သကြားထုတ်လုပ်သူများအနက် တစ်ခုအပါအဝင်ဖြစ်ကာ Coca Cola ကဲ့သို့ ကမ္ဘာကျော်အမှတ်တံဆိပ်များထံသို့ သကြားတင်ပို့ရောင်းချသည့် ကုမ္ပဏီဖြစ်သည် (Chaumeau, ၂၀၂၂)။ ယင်းကုမ္ပဏီအား ၎င်း၏လက်အောက်ခံကုမ္ပဏီဖြစ်သော Angkor Sugar ကုမ္ပဏီလီမိတက်မှတစ်ဆင့် စမ်ရုမ်ခရိုင်တွင် သကြားစိုက်ပျိုးရန် စီစဉ်ရာ၌ မြေယာသိမ်းဆည်းမှုများ ပြုလုပ်ခြင်း၊ ဒေသခံပြည်သူများကို အတင်းအဓမ္မ နေရာရွှေ့ပြောင်းခိုင်းခြင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။ တရားလိုများ၏အဆိုအရ ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထိုကုမ္ပဏီသည် ကမ္ဘောဒီးယားမိသားစုများအပေါ် “နေအိမ်များ ဆုံးရှုံးခြင်း၊ လယ်ယာမြေများ ဆုံးရှုံးခြင်း၊ ပိုင်ဆိုင်မှုများ ပျက်စီးစေခြင်း၊ လူထုအခြေပြုသစ်တောများ အသုံးပြုနိုင်ခွင့် ဆုံးရှုံးခြင်းနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရခြင်း” စသည့် ကြီးမားသောထိခိုက်နစ်နာမှုများ ဖြစ်စေခဲ့ပြီး ၎င်းတို့၏ လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအား ချိုးဖောက်ခြင်းဖြစ်စေခဲ့သည်ဟု စွပ်စွဲခဲ့သည် (Mitr Phol ကုမ္ပဏီအပေါ် ချမှတ်ခဲ့သည့် ထိုင်းအယူခံတရားရုံး၏ဆုံးဖြတ်ချက်သည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ အာရှတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံဖြတ်ကျော်အစုအဖွဲ့လိုက် တရားစွဲဆိုမှုကို လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်)။ မိသားစုပေါင်း ၂၀၀၀ အထက်သည် အတင်းအကြပ်ရွှေ့ပြောင်းခြင်းကို ခံခဲ့ရသည် (ကမ္ဘောဒီယား - Mitr Phol ကုမ္ပဏီ၏ မြေသိမ်းမှုအပေါ် မေးခွန်းထုတ်ခြင်း)။

ထိုကဲ့သို့ အလားတူနယ်စပ်ဖြတ်ကျော်ဖြစ်ပွါးသောအမှုများအား ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင် (Koh Kong သကြားစိုက်ခင်းအမှု) နှင့် မလေးရှား အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Don Sahong ဆည်ဆောက်လုပ်ရေး အမှု) ထံသို့ ယခင်က တင်သွင်းခဲ့ကြသော်လည်း ယခုအမှုသည် အာရှတွင် ပထမဆုံးအကြိမ်အဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် နိုင်ငံဖြတ်ကျော်အစုအဖွဲ့လိုက် တရားစွဲဆိုသည့်အမှုဖြစ်လာသည်။ တရားလိုများသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဝေးလံခေါင်ဖျားသော ဒေသများတွင် နေထိုင်ကြပြီး ထိုင်းစကား မပြောတတ်ကြသဖြင့် ဆက်သွယ်ပြောဆိုရာတွင် အခက်အခဲရှိသောကြောင့် အောက်တရားရုံးက ဤတရားစွဲဆိုမှုကို ကနဦးတွင် ပယ်ချခဲ့သည် (Sivasomboon, ၂၀၂၀)။ ထိုဆုံးဖြတ်ချက်ကို အယူခံတရားရုံးက နောက်ပိုင်းတွင် ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

Amnesty International က အယူခံတရားရုံး၏ဆုံးဖြတ်ချက်သည် အရှေ့တောင်အာရှဒေသရှိ လူ့အခွင့်အရေးနှင့် စီးပွါးရေးလုပ်ငန်းများ၏ တာဝန်ယူမှုရှိခြင်းတို့အတွက် သမိုင်းဝင်လုပ်ရပ်တစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ၏ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) အပေါ်ထားရှိသည့် ကတိကဝတ်ကိုလည်း စမ်းသပ်ရာရောက်စေမည်ဖြစ်သည်။ အဆိုပါ NAP သည် အာဆီယံနိုင်ငံများအနက် ပထမဆုံးအကြိမ် ရေးဆွဲချမှတ်ခဲ့သော လုပ်ငန်းစီမံချက်ဖြစ်ပြီး အထူးသဖြင့် နိုင်ငံနယ်နိမိတ်ပြင်ပ (စီရင်ပိုင်ခွင့်) ကျင့်သုံးနိုင်ခြင်းကို စမ်းသပ်ခြင်းလည်း ဖြစ်သည် (Debevoise & Plimpton LLP, ၂၀၂၁)။ ကုစားမှုပေးသည့် နည်းလမ်းအနေဖြင့် တရားလိုများက ဆေးကုသစရိတ်နှင့် ဆက်စပ်ကုန်ကျ စရိတ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားရမှုများကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေး ပြဿနာများ၊ ပိုင်ဆိုင်မှုပျက်စီးဆုံးရှုံးမှုများအပြင် ကောင်းမွန်သော ပတ်ဝန်းကျင်ရပိုင်ခွင့်၊ သဘာဝသယံဇာတများကို အသုံးပြုပိုင်ခွင့်၊ ကလေးများ၏ ပညာသင်ကြားပိုင်ခွင့် စသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် စုစုပေါင်းလျော်ကြေးငွေ ဘတ် ၅,၈၄၅,၂၀၄ ပေးလျော်ရန် ကုမ္ပဏီထံသို့ တောင်းဆိုခဲ့ကြသည် (အစုအဖွဲ့လိုက် တရားစွဲဆိုခွင့်ပြုခြင်းနှင့်စပ်လျဉ်းပြီး တောင်ပိုင်းတရားမ တရားရုံး၏ ထုတ်ပြန်ကြေညာချက်၊ ၂၀၁၈)။

ဖြစ်ရပ်လေ့လာခြင်း - ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ကာဗွန်အဓိကထုတ်လွှတ်သည့်ကုမ္ပဏီကြီးများ၏ တာဝန်ယူမှုရှိခြင်းအပေါ် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားအဆင့် စုံစမ်းစစ်ဆေးမှု

သဘာဝပတ်ဝန်းကျင်၊ အလုပ်သမားရေးရာ၊ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ လူငယ်ရေးရာ စသည့် နယ်ပယ်အသီးသီးတွင် လုပ်ကိုင်နေကြသည့်အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၄ ခုက စုပေါင်းပြီးလျှင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ချိုးဖောက်ခံရနိုင်သည့် ခြိမ်းခြောက်မှုများအတွက် ကာဗွန်အဓိကထုတ်လွှတ်သည့် ကုမ္ပဏီကြီးများ၏ တာဝန်ယူမှုရှိသည့်အပေါ် စုံစမ်းစစ်ဆေးပေးရန် ဖိလစ်ပိုင် လူ့အခွင့်အရေးကော်မရှင်ထံသို့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် အသနားခံစာ တင်သွင်းခဲ့ခြင်းဖြစ်သည် (Soriano & Mayo-Anda, ၂၀၁၆)။ ကာဗွန်အဓိကထုတ်လွှတ်သည့် ကုမ္ပဏီကြီးများဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူ (၅၁) ဦးတို့ စုပေါင်းတည်ထောင်ထားသော ကုမ္ပဏီများအုပ်စုဖြစ်ပြီး ၁၇၅၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့စုစုပေါင်း ကာဗွန်နှင့် မီသိန်းဓါတ်ငွေ့ ထုတ်လွှတ်မှု၏ ၂၁.၅၇ ရာခိုင်နှုန်းအထိ စုပေါင်းထုတ်လွှတ်ခဲ့ကြသည့် ကမ္ဘာ့အကြီးဆုံး ရေနံစိမ်း၊ သဘာဝဓါတ်ငွေ့၊ ကျောက်မီးသွေးနှင့် ဘိလပ်မြေ ထုတ်လုပ်သည့် ကုမ္ပဏီကြီးများဖြစ်သည် (Soriano & Mayo-Anda, ၂၀၁၆)။ ထိုကုမ္ပဏီများတွင် Chevron၊ Royal Dutch Shell ၊ Exxon Mobil နှင့် BP တို့ ပါဝင်သည်။ အသနားခံစာတင်သွင်းရသည့်အဓိကအချက်မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သမုဒ္ဒရာများတွင် အက်စစ်ဓါတ်လွန်ကဲလာမှုတို့ကြောင့်ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ

အတွက် ကာဗွန်ထုတ်လွှတ်မှု အများဆုံးကုမ္ပဏီကြီးများတွင် တာဝန်ရှိ/မရှိ ဆိုသည့် ပြဿနာရပ်ပင် ဖြစ်သည် (Soriano & Mayo-Anda, ၂၀၁၆)။

လျှောက်ထားသူများက ကာဗွန်အဓိကထုတ်လွှတ်သည့်ကုမ္ပဏီကြီးများ၏ လုပ်ဆောင်ချက်များက ဖိလစ်ပိုင်နိုင်ငံသားတို့၏ အသက်ရှင်သန်ပိုင်ခွင့်၊ ရရှိနိုင်သမျှ အမြင့်ဆုံး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးရပိုင်ခွင့်၊ အစားအစာ၊ သောက်သုံးရေ၊ တကိုယ်ရေသန့်ရှင်းမှု၊ လုံလောက်သော အိမ်ယာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်စသည့် အခွင့်အရေးများအပေါ် ချိုးဖောက်ခြင်းဖြစ်သည် သို့မဟုတ် ခြိမ်းခြောက်ခြင်း ဖြစ်သည်ဟု စွပ်စွဲခဲ့သည် (Soriano & Mayo-Anda, ၂၀၁၆)။ လျှောက်ထားသူများက ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း၏ သက်ရောက်မှုဒဏ်ကို မည်မျှအထိ ပြင်းထန်စွာ ခံစားရနိုင်ခြေရှိကြောင်း ဖော်ပြ ခဲ့ကြသည်။ ၎င်းတို့သည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါး စွာဖြင့် နေထိုင်ရသူများ၊ ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းများ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများ နှင့် အလုပ်သမားများအပါအဝင် ထိရှလွယ်သောအုပ်စုများ၏ သီးခြားရပိုင်ခွင့်များကိုလည်း အလေးပေးဖော်ပြခဲ့ကြသည်။ လျှောက်လွှာတင်သွင်းချိန်တွင် ဖိလစ်ပိုင်နိုင်ငံသား ၃၁,၈၄၁ ဦး၏ ထောက်ခံမှုကို ရရှိခဲ့သည် (Boom, Prihandono နှင့် Hosen, ၂၀၂၂)။

လေးနှစ်ကြာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ကော်မရှင်သည် ပဏာမအစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တင်သွင်းခဲ့သည်။ ရာသီဥတုဆိုင်ရာအရေးပေါ်အခြေအနေကြုံသည့်အခါ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် (စီးပွါးရေး) ကော်ပိုရေးရှင်းကြီးများတွင် တာဝန်ရှိကြောင်း ကော်မရှင်က ကောက်ချက်ချခဲ့သည်။ ထို့ပြင် စီးပွါးရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများ (UNGPs) က တရားဝင်စည်းနှောင်မှုမရှိသော်လည်း ကော်မရှင်အနေဖြင့် ၎င်းကို အဓိကအထောက်ထားအဖြစ် ကိုးကားခဲ့သည် (Kerschner et al., ၂၀၂၃)။ ထို့ပြင် စုံစမ်းစစ်ဆေးမှုအပေါ် ကော်မရှင်၏ စီရင်ပိုင်ခွင့်အာဏာ ရှိကြောင်းကိုလည်း ဖော်ထုတ်ပြသခဲ့သည်။ ဤအမှုသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် ဇီဝရုပ်ကြွင်းလောင်စာထုတ်လုပ်သူများ၏ လူ့အခွင့်အရေးဆိုင်ရာတာဝန်ရှိမှုအဖြစ် အစိုးရအဖွဲ့အစည်းတစ်ခုက လက်ခံ စစ်ဆေးခဲ့သည့် ကမ္ဘာ့ပထမဦးဆုံးအမှုဖြစ်ခြင်းကြောင့် အလွန်ထူးခြားသောဖြစ်ရပ်တစ်ခုဖြစ်သည် (Boom, Prihandono နှင့် Hosen, ၂၀၂၂)။

ကော်မရှင်သည် ၎င်း၏ အပြီးသတ်အစီရင်ခံစာကို ၂၀၂၂ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ လျှောက်ထားသူများတင်ပြခဲ့သည့် ပြဿနာနှင့်ပတ်သက်၍ ကော်မရှင်က ဆုံးဖြတ်ချက်ချရာတွင် - ကာဗွန်အဓိကထုတ်လွှတ်သည့်ကုမ္ပဏီကြီးများက တစ်ဦးချင်း ဖြစ်စေ သို့မဟုတ် စုပေါင်း၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရာသီဥတုဆိုင်ရာ သိပ္ပံနည်းကျအချက်အလက်များကို တမင်တကာ လိမ်လည်လှည့်ဖြားမှုများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ ထိုသို့ပြုလုပ်ခြင်းက ၎င်းတို့၏ထုတ်ကုန်များနှင့်ပတ်သက်၍ အများပြည်သူအနေဖြင့် မှန်ကန်သော သတင်းအချက်အလက်များအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်ချနိုင်ခွင့်ကို အဟန့်အတားဖြစ်စေခဲ့သည်။ ထို့အပြင် ၎င်းတို့၏ ထုတ်ကုန်များကြောင့် ဖြစ်ပေါ်လာ

နိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုဆိုင်ရာ ဆိုးရွား/ကြီးမားသောထိခိုက်နစ်နာမှုများကိုလည်း ဖုံးကွယ်ထားခဲ့ကြသည် (Kerschner *et al.* ၂၀၂၃)။ ၁၉၆၅ ခုနှစ်အစောပိုင်းကတည်းကပင် ဇီဝရုပ်ကြွင်းလောင်စာများသည် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုရှိနေကြောင်း သိပ္ပံပညာရှင်များက သတိပြုမိခဲ့ကြသော်လည်း ကာဗွန်အဓိကထုတ်လွှတ်သည့်ကုမ္ပဏီကြီးများက ၎င်းတို့၏ ထုတ်ကုန်များမှာ ကြီးမားသော ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေနိုင်ကြောင်း အများပြည်သူအား သိမ်းသွင်းစည်းရုံးရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်ဟု ကော်မရှင်က လေ့လာတွေ့ရှိခဲ့ပြီး ယင်းလုပ်ဆောင်ချက်များတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို ငြင်းဆိုသည့် ကမ်ပိန်းများလည်း ပါဝင်ခဲ့သည် (Muffett, ၂၀၂၂)။ ဤလုပ်ရပ်များသည် ဥပဒေကြောင်းအရ တာဝန်ရှိမှုကို ခိုင်မာစေခြင်းများဖြစ်သည်။ ထို့ပြင် ကော်မရှင်သည် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် တာဝန်ရှိသည့်အပိုင်းအား ကာဗွန်အဓိကထုတ်လွှတ်သည့် ကုမ္ပဏီကြီးများအတွက် သာမက ၎င်းတို့နှင့်ဆက်စပ်နေသော (လုပ်ငန်း) ကွင်းဆက်တစ်ခုလုံးအထိပါ တိုးချဲ့သတ်မှတ်ခဲ့သည်။ ကော်မရှင်က ကာဗွန်အဓိကထုတ်လွှတ်သည့်ကုမ္ပဏီကြီးများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံ့လပြုစုံစမ်းစစ်ဆေးမှုများထားရှိရန်၊ ၎င်းတို့၏ စီးပွါးရေးလုပ်ငန်းများကြောင့် ထိခိုက်နစ်နာခဲ့သူများအတွက် သင့်လျော်သော ကုစားမှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သတ်မှတ်ခဲ့သည် (Muffett, ၂၀၂၂)။

ပညာရှင်အများအပြား၏အဆိုအရမူ ဤစုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်သည် ကမ္ဘာ့မြောက်ဘက်အခြမ်းရှိ လောင်စာအလွန်အကျွံသုံးစွဲသည့် (စီးပွါးရေး) ကော်ပိုရေးရှင်းကြီးများအား ရာသီဥတုဖောက်ပြန်ပြောင်းလဲလာသည့်အပေါ် ၎င်းတို့၏ ပါဝင်ပတ်သက်မှုများအတွက် တာဝန်ခံမှုရှိစေရန် ရည်ရွယ်ပြီးလျှင် ကမ္ဘာ့တောင်ခြမ်းဘက်က ထွင်လိုက်သည့် ဥပဒေရေးရာမဟာဗျူဟာတစ်ရပ်အဖြစ် ဖော်ညွှန်းနေသည် (Setzer and Benjamin, ၂၀၁၉)။ ဤစုံစမ်းစစ်ဆေးမှုသည် လက်ရှိပေါ်ပေါက်နေသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တရားစွဲဆိုမှုများအကြားတွင် ထူးခြားထင်ရှားနေသည်၊ အကြောင်းမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော်သက်ရောက်မှုများအပေါ် အဓိကထားခြင်း၊ ဖိလစ်ပိုင်နိုင်ငံထက် ပြည်ပတွင် အခြေစိုက်သော နိုင်ငံခြားကုမ္ပဏီများကိုသာ ပစ်မှတ်ထားခဲ့ခြင်းတို့ကြောင့် ဖြစ်သည် (Savaresi and Auz, ၂၀၁၉)။

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ပင်မအရင်းခံ အခွင့်အရေးများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများ

က။ ပင်မအရင်းခံအခွင့်အရေးများ - ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင် ရရှိခွင့် နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း

၁။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ကာ ချမှတ်ထားသည့် စည်းမျဉ်းဥပဒေများနှင့် စီးပွါးရေးလုပ်ဆောင်သူများ၏ လက်တွေ့လုပ်ဆောင်မှုများအကြား ဖြစ်ပေါ်နေသည့် အကောင်အထည်ဖော်မှုကွာဟချက်ကို မည်သို့ ဖြေရှင်းသင့်သနည်း?

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုရှိရေးတွင် လူ့အခွင့်အရေးက မည်သည့်ကဏ္ဍမှ ပါဝင်နိုင်သနည်း?
၃။ အန္တရာယ်များသော စီးပွါးရေးလုပ်ငန်း/လုပ်ရပ်များထံမှ ဒေသခံလူထုအသိုင်းအဝိုင်းများ အထူးသဖြင့် ဌာနေတိုင်းရင်းသားများ၏ နေထိုင်မှုဘဝပုံစံနှင့် သဘာဝသယံဇာတ ရယူသုံးစွဲခွင့်များ ထိခိုက်နစ်နာရခြင်းမှ ကာကွယ်ပေးနိုင်ရေးအတွက် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်းက မည်သို့အကျိုးဖြစ်စေနိုင်သနည်း?
၄။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို စီးပွါးရေးဆိုင်ရာလုပ်ရပ်များထံမှ ကာကွယ်ပေးရာတွင် အမျိုးသား လူ့အခွင့်အရေးအင်စတီကျူးရှင်းများက အခြားသော မည်သည့်ကဏ္ဍများ၌ ပါဝင်နိုင်သနည်း?

ခ။ **လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများ - တရားစွဲဆိုခြင်း**
၁။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရေးအတွက် ရုံးချုပ်ကုမ္ပဏီအား အခြေစိုက်ရာနိုင်ငံတွင် မည်သည့် တရားစွဲဆိုခြင်း၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ရှိသနည်း?
၂။ အခြားသော အရှေ့တောင်အာရှနိုင်ငံများတွင်ဖြစ်ပွါးနေသော အလားအတူအမှုများအတွက် နယ်နိမိတ်ကျော်လွန်၍ သက်ရောက်မှုရှိခြင်းသဘောကို မည်သို့ ကျင့်သုံးနိုင်သနည်း?
၃။ (စီးပွါးရေး) ကော်ပိုရေးရှင်းများသို့ ဦးတည်စွဲဆိုထားသော ရာသီရတုဖောက်ပြန် ပြောင်းလဲခြင်းဆိုင်ရာ နယ်နိမိတ်ကျော်လွန်သည့်တရားစွဲဆိုမှုတွင် လူ့အခွင့်အရေးဆိုင်ရာ အဆိုအချေများက မည်သည့်နည်းလမ်းများဖြင့် အသုံးဝင်နိုင်သနည်း?
၄။ သဘာဝပတ်ဝန်းကျင်ရေးရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအား ကာကွယ်ရန်အလို့ငှာ အများပြည်သူပါဝင်ဆောင်ရွက်မှုကိုဟန့်တားရန် မဟာဗျူဟာကျကျ တရားစွဲဆိုခြင်း (SLAPP) ကို မည်သို့ ထိရောက်စွာ တားဆီးနိုင်သနည်း?

၄.၄ နိဂုံး

(အောက်ပါ) အဓိကအချက်အချို့ကို မီးမောင်းထိုးဖော်ပြနိုင်ပေသည်-

- စီးပွါးရေးလုပ်ငန်းများသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများရှိပြီး အထူးသဖြင့် ကျန်းမာ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို ထဲထဲဝင်ဝင် သိရှိထားကြသည်။ စီးပွါးရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ကျန်းမာသန့်ရှင်းသော သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်ကို ထိပါးစေကာ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သို့မဟုတ် ဆက်စပ်၍ဖြစ်စေ သက်ရောက်မှုရှိစေနိုင်သည်။ တစ်ချိန်တည်းမှာပင် စီးပွါးရေးလုပ်ငန်းများ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုများကို တားဆီးကာကွယ်ရန်၊ လျှော့ချရန်နှင့် ဖြေရှင်းရန် စွမ်းဆောင်ရည်များလည်း ရှိကြသည်။ ထို့ကြောင့် စီးပွါးရေးလုပ်ငန်းများအား လူ့အခွင့်အရေးဆိုင်ရာမူဝါဒများကို ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ပေါင်းစပ်ထည့်သွင်း စေလိုပြီးလျှင် မိမိတို့၏ စီးပွါးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော

အမှန်တကယ်လက်တွေ့ ဖြစ်ပေါ်လာသော (သို့တည်းမဟုတ်) ဖြစ်လာနိုင်ခြေရှိသည့် ဘေးထွက်ဆိုးကျိုးများအား အကဲဖြတ် ဆန်းစစ်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လုံလုပြုစုံစမ်းစစ်ဆေးမှုများကို အခါ မလပ် အမြဲလုပ်ဆောင်သွားရမည် ဖြစ်သည်။

- စီးပွါးရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ (UNGPs) သည် မဏ္ဍိုင်သုံးရပ်ဖြစ်သော နိုင်ငံ၏ လူ့အခွင့်အရေးကို ကာကွယ်ရန် တာဝန်ဝတ္တရားရှိခြင်း၊ စီးပွါးရေးလုပ်ငန်းများ၏ လေးစားလိုက်နာရန် တာဝန်ရှိမှု၊ နှင့် ထိခိုက်နစ်နာသူများအတွက် ကုစားခွင့် ရရှိရေးတို့ကို အလေးပေးထားပြီးလျှင် နိုင်ငံများ၊ (စီးပွါးရေး) ကော်ပိုရေးရှင်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးထားသည်။ UNGPs သည် တရားဝင်စည်းနှောင်မှုရှိသည်မဟုတ်သော်လည်း နိုင်ငံများအနေဖြင့် (စီးပွါးရေး) ကော်ပိုရေးရှင်းများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တားဆီးရန် စည်းမျဉ်းများချမှတ်ခြင်းနှင့် လိုအပ်သော ကြိုးပမ်းမှုများ ပြုလုပ်ရာတွင် ကိုးကားချက်တစ်ခုသဖွယ် အသုံးပြုခဲ့ကြသည်။ ထို့အပြင် UNGPs သည် ကျန်းမာသန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့နှင့် ဆက်စပ်နေသည့် အခွင့်အရေးများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကော်ပိုရေးရှင်းများအနေဖြင့် မည်သို့ ကာကွယ်ရန်၊ လျော့ချရန်နှင့် ဖြေရှင်းရန် မျှော်လင့်ထားသည့်အပေါ် လမ်းညွှန်ချက်များလည်း ဖော်ပြထားသည်။ နောက်ဆုံးအနေဖြင့် ဤစာချုပ်စာတမ်းသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် ထိရောက်သော ကုစားခွင့်ရရှိစေရေးကိုလည်း အလေးပေးဖော်ပြထားသည်။
- အာဆီယံဒေသကိုကြည့်ပါက အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသည့် ဘေးကင်းသန့်ရှင်းပြီး ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်က အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMS) အတွက် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် မူဝါဒများတွင် ထည့်သွင်းပြဋ္ဌာန်းရမည့် အခွင့်အရေးတစ်ရပ်အဖြစ် လှုံ့ဆော်ပေးခဲ့သည်။ ထို့ပြင် ပတ်ဝန်းကျင်ဆိုင်ရာ ရေးရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သီးသန့်တရားရုံးများ သို့မဟုတ် ခုံရုံးများကိုလည်း တည်ထောင်ခဲ့ကြသည်။
- လက်တွေ့တွင်ဖြစ်ပွါးနေသောဖြစ်ရပ်ပေါင်းများစွာ ရှိနေသော်လည်း ဖြစ်ရပ်အချို့ကိုသာ ရွေးချယ်တင်ပြထားပြီး ဒေသတွင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြေရှင်းရာ၌ စီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် ပတ်သက်နေသည့် ရှုပ်ထွေးသော ကိစ္စရပ်များနှင့် ပြဿနာများကို ဘက်စုံရှုထောင့်မှ မြင်တွေ့နိုင်စေရန်ဖြစ်သည်။ ဤဖြစ်ရပ်များက အဆိုပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံ/အစိုးရများ၏ တုံ့ပြန်ဆောင်ရွက်ပုံများအကြောင်း ဖော်ညွှန်းပြသနေပေသည်။ ထို့အပြင် ထပ်တိုးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြန်လည်သုံးသပ်စဉ်းစားနိုင်မည့် မေးခွန်းများကိုလည်း ထည့်သွင်းပေးထားသည်။
- ဤအပိုင်းသည် ကျန်းမာသန့်ရှင်းသော သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ တာဝန်ယူမှုရှိသောစီးပွါးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို အကျဉ်းချုပ်ရှင်းလင်းတင်ပြရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဖြေရှင်းရန် ကျန်ရှိနေသေးသော ကိစ္စရပ်များစွာ ရှိနေပြီး ပိုမိုလေ့လာလိုသူများအတွက် ထပ်မံဖတ်ရှုသင့်သည့်များကိုလည်း ဖော်ပြပေးထားသည်။

က။ ထပ်မံ ဖတ်ရှုဖွယ်ရာများ

၁။ Lewis, Bridget *Environmental Human Rights and Climate Change: Current Status and Future Prospects*. Brisbane: Springer, 2018.

၂။ Savaresi, Annalisa and Jacques Hartmann. “Using Human Rights Law to Address the Impacts of Climate Change: Early Reflections on the Carbon Majors Inquiry.” In *Climate Change Litigation in the Asia Pacific,* edited by Jolene Lin dan Douglas A. Kysar, 73-93. Cambridge: Cambridge University Press, 2020.

၃။ Setzer, Joana and Catherine Higham. *Global Trends in Climate Change Litigation: 2023 Snapshot*. London: Grantham Research Institute on Climate Change and the Environment and Centre for Climate Change Economics and Policy, 2023.

၄။ United Nations Environment Programme. *Global Climate Litigation Report: 2023 Status Review*. Nairobi: United Nations Environment Programme, 2023.

၅။ United Nations General Assembly. *Report of the Independent Expert on the issue of human rights obligations relating to the enjoyment of a safe, clean, healthy and sustainable environment, John H. Knox*. UN Doc. A/HRC/25/53 (2013).

၆။ United Nations Guiding Principles on Business and Human Rigths: Implementing the United Nations “Protect, Respect, and Remedy” Framework

ခ။ ကျမ်းကိုးအထောက်အထားများ

Announcement of the Bangkok South Civil Court Regarding Permission for Class Action Lawsuit (2018). https://www.inclusivedevelopment.net/wp-content/uploads/2021/04/20210209_Final_Announcement-court-order_English_Update-with-highlight.pdf.

Atpradit, T. (ed.) (2022) *The light in the middle of the valley: Kaboedin, the land of Wonder*.

Boom, K., Prihandono, I. and Hosen, N. (2022) ‘A mandate to investigate the carbon majors and the climate crisis: the Philippines Commission on Human Rights Investigation,’ *Australian Journal of Asian Law*, 23(1), pp. 57–76.

Cambodia: Challenging Mitr Phol land grab (no date). https://www.inclusivedevelopment.net/cases/mitr-phol/.

Chaumeau, C. (2022) 'Cambodian Villagers Challenge Sugar Giant in Thai Court,' *Justiceinfo.net*, 25 October. https://www.justiceinfo.net/en/108138-cambodian-villagers-challenge-sugargiant-in-thai-court.html.

Committee on Economic, Social and Cultural Rights (2006) *Concluding observations of the Committee on Economic, Social and Cultural Rights: Morocco*. U.N. Doc. E/C.12/MAR/CO/3.

Cowan, C. (2022) 'Indigenous community mounts legal challenge to Thai coal mine development,' *Mongabay*, 27 May.

Debevoise & Plimpton LLP (2021) *UN Guiding Principles on Business and Human Rights at 10: The Impact of the UNGPs on Courts and Judicial Mechanisms*. https://www.ohchr.org/sites/default/files/Documents/Issues/Business/UNGPsBHRnext10/debevoise.pdf.

Eide, A. (1987) *Right to adequate food as a human right: Report of United Nations Special Rapporteur*, *OHCHR*. E/CN.4/Sub.2/1987/23.

Gefeke, K. *et al.* (2022) *Silencing Indigenous Communities: The Case of a Lignite Coal Mine in Omkoi District, Thailand*, *EarthRights International*. https://earthrights.org/publication/silencingindigenous-voices-the-case-of-a-lignite-coal-mine-in-omkoi-district-thailand/.

Guiding Principles on Business and Human Rights: Implementing the United Nations "Protect, Respect, and Remedy" Framework. (2011).

Kerschner, S. *et al.* (2023) 'Philippines Climate Change Report: Implications for Carbon Majors,' in *Environmental, Social & Governance Law 2023*, pp. 50–54.

Letnar, J. (2008) 'Corporate Responsibility for Human Rights: A Critical Analysis of the OECD Guidelines for Multinational Enterprises,' *Hanse Law Review*, 3(1).

Macchi, C. (2020) 'The climate change dimension of business and human rights: the gradual consolidation of a concept of 'Climate due diligence,' *Business and Human Rights Journal*, 6(1), pp. 93–119.

Mamo, D. (ed.) (2020) *The Indigenous World 2020*.

Muffett, C. (2022) *Roadmap and Initial Reflections on CHR's Final Report in the Philippines National Inquiry on Climate Change*. Center for International Environmental Law.

Residents of Omkoi v. Expert Committee on EIA Consideration and the Office of Natural Resources and Environmental Policy and Planning (2022).

Ruggie, J. (2008a) *Protect, Respect and Remedy: A Framework for Business and Human Rights - Report of the Special Representative of the Secretary-General on the issue of Human Rights and Transnational Corporations and other business enterprises*. A/HRC/8/5.

Ruggie, J. (2008b) *Clarifying the concepts of "Sphere of Influence" and "Complicity": Report of the Special Representative of the Secretary-General on the issue of human rights and transnational corporations and other business enterprises*. A/HRC/8/16.

Savaresi, A. and Auz, J. (2019) 'Climate Change Litigation and Human Rights: Pushing the Boundaries,' *Climate Law*, 9(3), pp. 244–262.

Setzer, J. and Benjamin, L. (2019) 'Climate Litigation in the Global South: Constraints and Innovations,' *Transnational Environmental Law*, 9(1).

Sherman, J. and Lehr, A. (2010) *Human rights due diligence: Is it too risky?* John F. Kennedy School of Government, Harvard University.

Shue, H. (1980) *Basic Rights Subsistence, Affluence and US Foreign Policy*. 40th Anniversary Edition. Princeton University Press.

Sivasomboon, B. (2020) 'Thai court allows Cambodian class action against Thai firm,' *The Washington Post*, 31 July. https://www.washingtonpost.com/business/thai-court-allows-cambodianclass-action-against-thai-firm/2020/07/31/93693ff2-d32f-11ea-826b-cc394d824e35_story. html.

Soriano, Z. D., & Mayo-Anda, G. (2016). Petition: Requesting for Investigation of the Responsibility of the Carbon Majors for Human Rights Violations or Threats of Violations Resulting from the Impacts of Climate Change

Thai Appeal Court decision on Mitr PhOl paves the way for Asia's first transboundary class action on human rights abuses(2020). https://www.inclusivedevelopment.net/cambodia/thai-appealcourt-decision-on-mitr-pohl-paves-the-way-for-asias-first-transboundary-class-action-onhuman-rights-abuses/.

Working Group on the issue of human rights and transnational corporations and other business enterprises (2023) *Information Note on Climate Change and the Guiding Principles on Business and Human Rights*, *United Nations Human Rights Special Procedures*.

အခန်း (၅)

ဌာနေတိုင်းရင်းသားလူမျိုးများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု

Jerald Joseph နှင့် Kamal Solhaimi Bin Fadzil

စာဖတ်သူလမ်းညွှန်

ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား ဥပဒေအရ စည်းနှောင်မှုရှိသော အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များ၌ သီးသန့်အသိအမှတ်ပြုဖော်ပြထားခြင်း မရှိသေးပေ။ သို့သော်လည်း လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသော “လူတိုင်း” ဆိုသည့် ရည်ညွှန်းချက်များတွင် ဌာနေတိုင်းရင်းသားလူမျိုးများလည်း အကျုံးဝင်ပေသည်။ တစ်ချိန်တည်းမှာပင် ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ မွေးရာပါအဖြစ် ရရှိနိုင်သည့် “သီးခြားအခွင့်အရေးများ” ကိုလည်း ခံစားပိုင်ခွင့်ရှိသင့်သည်။ ဤသင်ခန်းစာတွင် ဦးစွာပထမ ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNDRIP) ၌ ပါရှိသည့် အခွင့်အရေးများနှင့် အခြေခံမူများ ကိုလည်းကောင်း၊ အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့ရင်ဆိုင်နေရလေ့ရှိသော ပြဿနာများအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအနက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများအကြောင်း အလေးပေး ဖော်ပြထားသည်။ ထို့ပြင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများနှင့် နေထိုင်မှုဘဝများသည် သဘာဝတရားနှင့် ဆက်နွယ်နေသည့်အတွက် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် သစ်တောများ၊ ပင်လယ်ပြင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့အကြား ဆက်စပ်နေပုံကိုလည်း လေ့လာထားသည်။ ဤသင်ခန်းစာ၏ နောက်ဆုံးအပိုင်းတွင် နိဂုံးအများအပြားကို လေ့လာထားကာ လူမှုအသိုက်အဝန်းအတွင်း ပါဝင်ခွင့်ရှိမှု နှင့် တရားမျှတမှုဆိုင်ရာမေးခွန်းများကို ဖော်ပြထားသည်။ အပိုင်းတစ်ခုစီတွင် ဖြစ်ရပ်လေ့လာမှုများနှင့် ဆွေးနွေးမှု ဧယားများ ပါဝင်သည်။

၅.၁ ဌာနေတိုင်းရင်းသားလူမျိုးများ - UNDRIP အတွင်းရှိ စံနှုန်းများ

ဤအပိုင်း၏ အခြေခံရည်ရွယ်ချက်များမှာ ဌာနေတိုင်းရင်းသားလူမျိုးများ (Indigenous Peoples) ဆိုသည်မှာ မည်သူများဖြစ်ကြောင်း၊ ၎င်းတို့သည် လူနည်းစုများ (Minorities)ဆိုသည်နှင့် မည်သို့ကွာခြားကြောင်းကို နားလည်သဘောပေါက်စေရန် ဖြစ်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNDRIP) တွင် ပါရှိသော အခွင့်အရေးများနှင့် အခြေခံမူများ၊ ထို့ပြင် ၎င်းကို အတည်ပြု ပြဋ္ဌာန်းခဲ့ပုံများအကြောင်း ရှင်းလင်းပြီး ဆန်းစစ်ဖော်ပြထားသည်။ ဤအပိုင်းတွင် အရှေ့တောင်အာရှရှိ ဌာနေ

တိုင်းရင်းသား လူမျိုးများအကြောင်းနှင့် ၎င်းတို့ရင်ဆိုင်နေရသော အခွင့်အရေးဆိုင်ရာ ပြဿနာများကို ဆက်လက် မိတ်ဆက်ပေးထားပြီး ဆန်းစစ်လေ့လာရန်နှင့် ပြန်လည်သုံးသပ်ရန်အတွက် ဖြစ်ရပ်လေ့လာမှုများကိုလည်း တင်ပြထားသည်။

၅.၁.၁ ဌာနေတိုင်းရင်းသားလူမျိုးများဆိုသည်မှာ မည်သူများနည်း။

ဌာနေတိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးက အများသဘောတူလက်ခံထားသည့် အဓိပ္ပါယ် ဖွင့်ဆိုချက်ဟူ၍ မရှိသေးပေ။ သို့သော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ သဘောတူစာချုပ် အမှတ် (၁၆၉) ဖြစ်သော "ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများဆိုင်ရာ သဘောတူစာချုပ်" တွင် ဌာနေ တိုင်းရင်းသားလူမျိုးများအား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ၎င်းတို့သည် နယ်ချဲ့ သိမ်းပိုက်ခံရစဉ် သို့မဟုတ် ကိုလိုနီပြုခံရစဉ် သို့မဟုတ် လက်ရှိနိုင်ငံ၏ နယ်နိမိတ်များသတ်မှတ်စဉ်အခါက ထိုနိုင်ငံ သို့မဟုတ် ထိုနိုင်ငံပိုင်ဆိုင်သော ပထဝီဝင်ဒေသတွင် နေထိုင်ခဲ့ကြသည့်လူများမှ ဆင်းသက်လာသူများဖြစ်ပြီး၊ ၎င်းတို့သည် ဥပဒေသတ်မှတ်ချက်အရ မည်သို့ပင်ရှိစေကာမူ ၎င်းတို့ကိုယ်ပိုင် လူမှုရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး ဆိုင်ရာ ထုံးတမ်းဓလေ့အားလုံးကိုဖြစ်စေ (သို့မဟုတ်) အချို့ကိုဖြစ်စေ ဆက်လက်ထိန်းသိမ်းထားသူများ ဖြစ်ကြ သည်။

လူနည်းစုများအား ခွဲခြားဆက်ဆံမှုများမှ တားဆီးကာကွယ်ရေးနှင့် အကာအကွယ်ပေးရေး ကော်မရှင်ခွဲ ၏ အထူးအစီရင်ခံစာ တင်ပြသူ Jose R. Martinez Cobo က ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု ဆိုင်ရာ ပြဿနာများအား လေ့လာရာတွင် ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများ၊ လူမျိုးစုများနှင့် နိုင်ငံများကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည် -

“၎င်းတို့သည် နယ်ချဲ့ကျူးကျော်မှုနှင့် ကိုလိုနီခေတ်မတိုင်မီ မိမိတို့နယ်မြေများတွင် ဖြစ်ထွန်းခဲ့သော လူ့အဖွဲ့ အစည်းများနှင့် သမိုင်းကြောင်းအရ အဆက်အစပ်ရှိနေပြီး၊ လက်ရှိ၌ ထိုနယ်မြေများတွင် လွှမ်းမိုးနေသော အခြားလူ့အဖွဲ့အစည်းကဏ္ဍများနှင့် မိမိတို့ကိုယ်ကို ကွဲပြားသည်ဟု ယူဆထားသူများဖြစ်သည်။ ၎င်းတို့သည် လက်ရှိတွင် လူ့အဖွဲ့အစည်းအတွင်း လွှမ်းမိုးနိုင်စွမ်းမရှိသော အစုအဖွဲ့များဖြစ်ပြီး မိမိတို့၏ ဘိုးဘွားပိုင် နယ်မြေများနှင့် မိမိတို့၏ လူမျိုးစုလက္ခဏာ (ethnic identity) တို့ကို နောင်မျိုးဆက်များထံ ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းနိုင်ရေး သန္နိဋ္ဌာန်ချထားသူများလည်း ဖြစ်သည်။ ယင်းသည် ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ပုံစံများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဥပဒေစနစ်များဖြင့် လူမျိုးတစ်မျိုးအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အခြေခံပင် ဖြစ်သည်” (Cobo, ၁၉၈၁)။

၅.၁.၂ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လူနည်းစု တိုင်းရင်းသားများအကြား ကွာခြားချက်မှာ အဘယ်နည်း?

လူနည်းစု တိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ မည်သို့ကွာခြားသည်ကို ကျွန်ုပ်တို့ မကြာခဏ ဝေခွဲမရဖြစ်တတ်ကြသည်။ လူနည်းစု တိုင်းရင်းသားများသည်လည်း ၎င်းတို့နေထိုင်သည့် နိုင်ငံအတွင်း ခွဲခြား ဆက်ဆံမှုများကို မကြာခဏ ရင်ဆိုင်ရလေ့ရှိသည်။ သို့သော်လည်း ၎င်းတို့အကြား ကွဲပြားချက်တစ်ခုရှိသည်။

ဌာနေတိုင်းရင်းသားလူမျိုးများကို UNDRIP (၂၀၀၇ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အတည်ပြုခဲ့သည်) က အသိအမှတ်ပြုထားသည်။ ယင်းကြေညာစာတမ်းတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ စုပေါင်းအခွင့်အရေး (Collective Rights) များအား အကာအကွယ်ပေးရန်အတွက် အခြေခံမူများစွာကို ဖော်ပြထားပြီး၊ ၎င်းတို့အပေါ် သမိုင်းတစ်လျှောက် ကျူးလွန်ခဲ့သော မတရားမှုများနှင့် ခွဲခြားဆက်ဆံမှုများအား ကုစားရန် လိုအပ်သည့် အစီအမံများကိုလည်း ဖော်ပြပေးထားသည် (AIPP, IWGIA, FORUM-ASIA, ၂၀၁၀)။

ယင်းနှင့်ဆန့်ကျင်ဘက်အနေဖြင့် လူနည်းစု တိုင်းရင်းသားများဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လွှမ်းမိုးထားသော အစုအဖွဲ့များ သို့မဟုတ် လူများစုနှင့်ကွဲပြားနေစေနိုင်သော တူညီသောလက္ခဏာရပ်များ ရှိသူများ ဖြစ်ကြသည် (AIPP, IWGIA, FORUM-ASIA, ၂၀၁၀)။ ယင်းတူညီသော လက္ခဏာရပ်များတွင် ဘာသာစကား၊ လူမျိုး သို့မဟုတ် ကိုးကွယ်သည့် ဘာသာတို့ ပါဝင်နိုင်သည်။ လူနည်းစုများသည်လည်း ဌာနေတိုင်းရင်းသားလူမျိုးများကဲ့သို့ပင် ခွဲခြားဆက်ဆံခြင်းကို မကြာခဏ ခံစားရလေ့ရှိပြီး ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ ရရှိရန်အတွက် ကြိုးပမ်းရုန်းကန်နေကြရသည်။

နိုင်ငံတကာ မူဘောင်များအနေဖြင့်မူ ဥပမာအားဖြင့် နိုင်ငံ သို့မဟုတ် လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကား ဆိုင်ရာ လူနည်းစုများတွင် ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်းတွင် ၎င်းတို့ကို အသိအမှတ်ပြုထားသည်။ IWGIA ကလည်း ယင်းကြေညာစာတမ်းအရ လူနည်းစုတိုင်းရင်းသားတစ်ဦးကို စုပေါင်းအစုအဖွဲ့ (Collectives) သို့မဟုတ် လူမျိုးစုများ (Peoples) အဖြစ်ရှုမြင်သည်ထက် ပုဂ္ဂိုလ်တစ်ဦးချင်းစီ (Persons) အဖြစ်သာ ရည်ညွှန်းထားခြင်းဖြစ်ကြောင်း အရေးကြီးသော လေ့လာတွေ့ရှိချက်တစ်ခုကို ထောက်ပြထားသည် (AIPP, IWGIA, FORUM-ASIA, ၂၀၁၀)။

၅.၁.၃ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းကို ရေးဆွဲချမှတ်ခြင်း

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက UNDRIP ကို အတည်ပြုခဲ့သည်။ ထိုစဉ်က နိုင်ငံပေါင်း ၁၄၄ နိုင်ငံက ထောက်ခံမဲ ပေးခဲ့ပြီး၊ (၄) နိုင်ငံ (ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စု) မှ ကန့်ကွက်မဲပေးခဲ့ကာ (၁၁) နိုင်ငံ (အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဘူရွန်ဒီ၊ ကိုလံ ဘီယာ၊ ဂျော်ဂျီယာ၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ ရုရှားဖက်ဒရေးရှင်း၊ ဆမိုးအာနှင့် ယူကရိန်း) သည်

ကြားနေမဲ့ ပေးခဲ့ကြသည်။ ကန့်ကွက်မဲပေးခဲ့သည့် နိုင်ငံကြီးလေးနိုင်ငံသည် ယခုအခါ ၎င်းတို့၏ သဘောထားကို ပြောင်းလဲခဲ့ပြီး ဤကြေညာစာတမ်းကို ထောက်ခံလာပြီဖြစ်သည်။

ဤကြေညာစာတမ်းသည် လက်ရှိတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ပတ်သက်၍ လွှမ်းခြုံနိုင်မှု အရှိဆုံးသော နိုင်ငံတကာစာချုပ်စာတမ်းတစ်ခုဖြစ်သည်။ ၎င်းတွင် တစ်ဦးချင်းအခွင့်အရေးနှင့် စုပေါင်းအခွင့်အရေးများ၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းပိုင်ခွင့်များသာမက ဘာသာစကားနှင့် အလုပ်အကိုင် အခွင့်အရေးများလည်း ပါဝင်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့်ဆုံးဖြတ်ချက်များတွင် အပြည့်အဝနှင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်ခွင့်ရစေရန် တိုက်တွန်းထားပြီး ၎င်းတို့အပေါ် ခွဲခြားဆက်ဆံခြင်းကိုလည်း တရားမဝင်ကြောင်း သတ်မှတ်ထားသည်။ ထို့ပြင် ၎င်းတို့၏ တစ်ဦးချင်းထူးခြားချက်များကို ထိန်းသိမ်းရန်နှင့် မိမိတို့၏ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်မှုများကို ဦးစားပေးလုပ်ဆောင်ရန် လွတ်လပ်ခွင့်ကိုလည်း အကာအကွယ်ပေးထားသည်။ ထူးခြားချက်အနေဖြင့် UNDRIP ၏ အပိုဒ် (၃) တွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို အသိအမှတ်ပြုထားပြီး၊ ယင်းတွင် "၎င်းတို့၏ နိုင်ငံရေးအခြေအနေကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်နှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို လွတ်လပ်စွာ လုပ်ဆောင်ပိုင်ခွင့်" တို့ ပါဝင်သည်။ အပိုဒ် (၄) နှင့် (၅) အရ ဌာနေတိုင်းရင်းသားလူမျိုးများသည် "၎င်းတို့၏ လူမျိုးတွင်းနှင့် ဒေသန္တရရေးရာကိစ္စရပ်များတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် (သို့မဟုတ်) ကိုယ်ပိုင်အစိုးရဖွဲ့စည်းခွင့်" နှင့် "၎င်းတို့၏ သီးခြားကွဲပြားသော နိုင်ငံရေး၊ ဥပဒေရေးရာ၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ထုံးတမ်းဓလေ့များကို ထိန်းသိမ်းခိုင်မာစေခွင့်" တို့ကို အာမခံချက်ပေးထားသည်။ အပိုဒ် (၂၆) အရ "ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့ ရှေးအစဉ်အဆက်ကတည်းက ပိုင်ဆိုင်ခဲ့သော၊ အခြေချနေထိုင်ခဲ့သော (သို့မဟုတ်) အသုံးပြုခဲ့သော မြေယာများ၊ နယ်မြေများနှင့် သယံဇာတများကို ပိုင်ဆိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားပြီး နိုင်ငံတော်အစိုးရများအနေဖြင့် ထိုနယ်မြေများကို ဥပဒေကြောင်းအရ အသိအမှတ်ပြုရန် ညွှန်ကြားထားသည်။ ဤကြေညာစာတမ်းသည် နိုင်ငံတော်အစိုးရများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို အခိုင်အမာ တိုက်တွန်းထားသည်။

ဤကြေညာစာတမ်း (ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း) ကို အောက်ပါ ကဏ္ဍ (၉) ခု အပေါ် အခြေခံ၍ ရေးဆွဲထားသည် - အခြေခံအခွင့်အရေးများ (အပိုဒ် ၁ မှ ၆)၊ ဘဝရပ်တည်မှုနှင့် လုံခြုံရေး (အပိုဒ် ၇ မှ ၁၀)၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် စိတ်ဓါတ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ (အပိုဒ် ၁၁ မှ ၁၃)၊ ပညာရေး၊ သတင်းအချက်အလက်နှင့် အလုပ်အကိုင် (အပိုဒ် ၁၄ မှ ၁၇)၊ ပါဝင်ဆောင်ရွက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်နှင့် စီးပွါးရေး၊ လူမှုရေးအခွင့်အရေးများ (အပိုဒ် ၁၈ မှ ၂၄)၊ နယ်မြေ၊ သယံဇာတနှင့် အသိပညာဆိုင်ရာ အခွင့်အရေးများ (အပိုဒ် ၂၅ မှ ၃၂)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (အပိုဒ် ၃၃ မှ ၃၇)၊ ကြေညာစာတမ်းအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (အပိုဒ် ၃၈ မှ ၄၂)၊ကြေညာစာတမ်းအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း (အပိုဒ် ၄၃ မှ ၄၆) တို့ ပါဝင်သည်။

၅.၁.၄ အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများအကြောင်း အကျဉ်းချုပ် မိတ်ဆက်

အောက်ပါတို့သည် အရှေ့တောင်အာရှရှိ နိုင်ငံအသီးသီးတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသားလူမျိုးများ စာရင်းဖြစ်သည် (AIPP, IWGIA, FORUM-ASIA, ၂၀၁၀)။

အဆိုပါနိုင်ငံများတွင် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် စင်ကာပူ နိုင်ငံတို့ ပါဝင်သည်။ အောက်ပါစာရင်းသည် အလုံးစုံပြည့်စုံခြင်း မရှိသေးသော်လည်း အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကြွယ်ဝလှသော မျိုးကွဲစုံလင်မှုကို အနည်းငယ် သိမြင်နိုင်စေမည် ဖြစ်သည်။

နိုင်ငံများ	**ဌာနေတိုင်းရင်းသားလူမျိုးများ**		
မလေးရှား	**ပန်နစူးလားကျွန်းဆွယ်**	**ပရိုတို-မလေး**	**ဂျာကွန်း၊ တီမူအန်၊ စမယ်လိုင်း၊ တမော့ခ်၊ အိုးရန်းကွာလာ၊ အိုရန်းကာနတ်ခ်၊ အိုရန်းစလက်တာ၊**
		နီဂရီတို	**ကန်စီယူး၊ ကင်တပ်ခ၊ လာနိုး၊ ဂျာဟိုင်း၊ မန်ဒရစ်ခ်၊ ဘာတက်ခ်၊ မင်နန်တီလ်**
		ဆီန္ဒိုင်း	**ချက်ဝေါင်း၊ တမီယာ၊ စမိုင်း၊ ဂျာဟတ်၊ စမတ်ခ် ဘရီ၊ မာမရီ၊**
	ဆာရာဝက်	**ဒါယက်ခ် (အီဘန်၊ ဘီဒါယူ၊ ကင်ညာ၊ ကာယန်၊ ကဒါယန်၊ မူရွတ်၊ ပူနန်၊ ဘီဆာရာ၊ ကလာဘစ်၊ ဘရာဝန်၊ ပီနန်)**	
	ဆာဘား	**ကာဒါဇန် - ဒူဆွန်၊ ဘာဂျောင်း၊ မူရွတ်**	
အင်ဒိုနီးရှား	ဂျာဗား	ဂျာဗားလူမျိုး၊ ဆူဒန်လူမျိုး၊ ဘီတာဝီ၊ ဘန်တန်လူမျိုး၊ တန်ဂါ၊ အိုဆင်း၊ ဘာဒူ၊ ချစ်တာဂီလာ၊ ချီရီဘွန်လူမျိုး	
	မာဒူရာ	မာဒူရာလူမျိုး	
	ဆူမာတြား	ဘာတပ်၊ မီနန်ကာဘောင်၊ မလေး၊ အာချေးလူမျိုး၊ လန်ပန်း၊ ကူဘူး	
	ကာလီမန်တန်	ဒိုင်းယပ်၊ ဘန်ဂျာ၊ ကူတိုင်း	
	ဆူလာဝေစီ	မာကတ်ဆာလူမျိုး၊ ဘူဂီးလူမျိုး၊ မန်ဒါ၊ မိနာဟာဆာ၊ ဘူတွန်၊ ဂိုရွန်တာလို၊ တိုရာဂျာ၊ ဘာဂျောင်၊ မွန်ဂိုဒိုး၊ ဘူရိကို၊ ဘိုလိုဂန်	
	လက်ဆာဆူဒါကျွန်းစု	ဘာလီလူမျိုး၊ ဆာဆက်၊ ရိုတေးလူမျိုး၊ အတိုနီ	

	မလူကူ	နူအူလူ၊ မာနူဆီလာ၊ ဝီမာလီ
	ပါပူအာ	ဒါနီ၊ ဘောင်ဇီ၊ အာ့စ်မတ်
ထိုင်း	ချောင်လေး၊ မာနီ၊ မုံ၊ ကရင်၊ လီဆူး၊ မြန်၊ အခါ၊ လားဟူ၊ လူဝ၊ သင်း၊ ခမူ	
ဖိလစ်ပိုင်	အီကေါ့ရော့ (လူဇွန်ကျွန်းမြောက်ပိုင်း)	အီဖူဂါအို၊ ဘွန်တော့၊ ကန်ကာနေး၊ အီဘာလွိုင်း၊ ကာလင်ဂါ၊ တင်ဂီယန်၊ အစ်နက်၊ ဂတ်ဒန်း၊ အီလွန်ကေါ့၊ နီဂရီတို (အေတာ၊ အာတီ)
	လူမတ် (ဗီဆာယာ တောင်ပိုင်း)	အာတာ၊ ဘာဂိုဘို၊ ဂီယန်ဂါ၊ မာမန်ဝါ၊ မာဂွမ်းဂန်၊ မန်ဒါယာ၊ ဘန်ဝါအွန်၊ ဘူကစ်နွန်၊ ဒူလန်ဂန်၊ ကာလာဂန်၊ ကူလာမန်၊ မာနိုဘို၊ ဆူဘာနွန်၊ တာဂါဘီလီ၊ တာကာကာအိုလို၊ တာလန်ဒစ်၊ တီရူရေး/တီဒူရေး
မြန်မာ	ဗမာ၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂ၊ ပအို့၊ ဝ၊ ကိုးကန့်၊ ပလောင်၊ အခါ၊ လားဟူ။	
ဗီယက်နမ်	ဗီယက်နမ်မြောက်ပိုင်း	တော၊ ထိုင်း၊ မွမ်၊ ဇာအို၊ နွန်
	မွန်တဂ်နဒ်	ဩစထရိုနီးရှန်းဘာသာစကားမိသားစုဝင်များ (ဂျာရိုင်း၊ အီဒီ၊ ရက်ဂလိုင်း၊ ချန်)၊ မွန်-ခမာ ဘာသာစကား (ဘန်နာ၊ ဘရူးဗန်ကီယူး၊ ဂီထရိယန်း၊ မနောင်၊ ဆီဒန်း၊ စတီးယန်း)၊ အီဒီ၊ ဘရာနာ၊ ဂျာရိုင်း၊ ရာဒေး၊ ကိုဟို
ကမ္ဘောဒီးယား	ကွေး၊ မနောင်၊ စတီးယန်း၊ ဘရော၊ တမ်ပူအန်၊ ပီယာ၊ ဂျာရိုင်း၊ ရာဒေး	

အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများ နေထိုင်ရာနေရာများပြ မြေပုံ (Ismail, ၂၀၁၈)

၅.၁.၅ ဌာနေတိုင်းရင်းသားလူမျိုးများ တွေ့ကြုံရင်ဆိုင်နေလေ့ရှိသည့် ပြဿနာများ

"ဌာနေတိုင်းရင်းသားလူမျိုးများ" (Indigenous Peoples) ဆိုသည့် အသုံးအနှုန်းသည် ၎င်းတို့ လက်ရှိ နေထိုင်လျက်ရှိသော သို့မဟုတ် ဖယ်ရှားခံခဲ့ရသည့်မြေယာ၊ သဘာဝသယံဇာတတို့နှင့်ချိတ်ဆက်နေသော ဘိုးစဉ်ဘောင်ဆက် ဆက်နွယ်မှုရှိသည့် လူမှုစီးပွါးနှင့် ယဉ်ကျေးမှု အစုအဖွဲ့များကို ရည်ညွှန်းသည်။ ၎င်းတို့ မှီခိုအားထားနေရသော မြေယာနှင့် သဘာဝသယံဇာတများသည် ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာ၊ ယဉ်ကျေးမှု၊ လူနေမှုဘဝပုံစံ၊ ရုပ်ပိုင်း ဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အတွက် မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းများ ဖြစ်ကြသည်။ ၎င်းတို့သည် ကိုယ်စားပြုမှုအတွက် ရိုးရာခေါင်းဆောင်များနှင့် အစုအဖွဲ့များအတိုင်းသာ အလေးထား လိုက်နာ လေ့ရှိပြီး ယင်းတို့သည် လူအများစု၏ အသိုက်အဝန်း သို့မဟုတ် ယဉ်ကျေးမှုများနှင့် ကွဲပြားခြားနားသည်။ သို့သော်လည်း တိုင်းရင်းသားလူမျိုးစု အများအပြားသည် ၎င်းတို့၏ မြေယာများမှ ဖယ်ရှားခံရခြင်း သို့မဟုတ် အခြားနယ်မြေများသို့ ပြောင်းရွှေ့ခံရခြင်းတို့ကြောင့် ၎င်းတို့၏ ဘာသာစကားများ ဆုံးရှုံးခဲ့ရခြင်း သို့မဟုတ် မျိုးတုံးပျောက်ကွယ်လုနီးပါး အခြေအနေတို့နှင့် ရင်ဆိုင်နေရသည်။

ဌာနေတိုင်းရင်းသားလူမျိုး အများအပြားသည် ၎င်းတို့နေထိုင်ရာ နိုင်ငံ သို့မဟုတ် ဒေသ၏ ရုံးသုံး (တရားဝင်) ဘာသာစကား သို့မဟုတ် ဘာသာစကားများနှင့်မတူညီသော သီးခြားဘာသာစကားကို ပြောဆိုနေဆဲပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဌာနေတိုင်းရင်းသားလူမျိုးပေါင်း ၄၇၆ သန်းခန့် ရှိသည်ဟု ခန့်မှန်းရသည်။

၎င်းတို့သည် ကမ္ဘာ့လူဦးရေ၏ ၆ ရာခိုင်နှုန်းသာ ရှိသော်လည်း အလွန်အမင်းဆင်းရဲနွမ်းပါးသူများ၏ ၁၉ ရာခိုင်နှုန်း ခန့်ကို ကိုယ်စားပြုနေသည်။ တစ်ကမ္ဘာလုံးရှိ ဌာနေတိုင်းရင်းသားမဟုတ်သူများနှင့်နှိုင်းယှဉ်ပါက ဌာနေတိုင်းရင်းသားလူမျိုးများ၏ ပျမ်းမျှသက်တမ်းသည် အနှစ် ၂၀ ခန့်မျှ ပိုမိုတိုတောင်းနေသည်။

ဌာနေတိုင်းရင်းသားလူမျိုးများသည် တရားဝင်စီးပွားရေးကဏ္ဍတွင် အပြည့်အဝပါဝင်ခွင့်၊ တရားမျှတမှုရရှိရေး လက်လှမ်းမီခွင့်၊ နိုင်ငံရေးဖြစ်စဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ခွင့်တို့၌ အခက်အခဲများစွာကို မကြာခဏ ရင်ဆိုင်ကြရသည်။ ၎င်းတို့သည် မိမိတို့၏ မြေယာ၊ နယ်မြေနှင့် သဘာဝသယံဇာတများအပေါ် တရားဝင် အသိအမှတ်ပြုမှု ကင်းမဲ့နေတတ်ပြီး အခြေခံဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံများနှင့် စပ်လျဉ်းသည့် အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို အခြားအုပ်စုများထက် နောက်ကျမှသာ သို့မဟုတ် နောက်ဆုံးမှသာ ရရှိလေ့ရှိကြသည်။ မတရားမှုများနှင့် ဖယ်ကြဉ်ခံရခြင်းများ၏ အကျိုးဆက်ကြောင့် ဌာနေတိုင်းရင်းသားလူမျိုးများသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များနှင့် COVID-19 ကဲ့သို့သော ကူးစက်ရောဂါများ၏ သက်ရောက်မှုကို ပိုမိုခံစားရလွယ်စေသည်။ အမျိုးသားအဆင့် ကျန်းမာရေး စောင့်ရှောက်မှု၊ ရေနှင့် ရေဆိုးထုတ်စနစ်ဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမမီခြင်း၊ ရောင်းဝယ်ဖောက်ကားရာ ဈေးများ အပိတ်ခံရခြင်းနှင့် သွားလာမှုကန့်သတ်ထားခြင်းများက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် လူမှုစီးပွါးဘဝတို့အပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိပြီး ထို့ကြောင့်ပင်လျှင် ကပ်ရောဂါဘေးကို ပိုမိုခံစားရလွယ်စေခြင်းဖြစ်သည် (Hanson, ရက်စွဲမရှိ)။

အစိုးရအများအပြားသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာများအား တရားဝင် သို့မဟုတ် ဥပဒေအရ ပိုင်ဆိုင်မှုသဖွယ် အနည်းငယ်မျှသာ အသိအမှတ်ပြုထားသော်လည်း၊ ဌာနေတိုင်းရင်းသားလူမျိုးများ နေထိုင်အသုံးပြုနေသည့် မြေယာအများစုမှာ မိရိုးဖလာ/ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်မှုအောက်တွင် ရှိနေသည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ နယ်မြေနှင့် မြေယာများကို အသိအမှတ်ပြုထားသည့်တိုင် သယံဇာတ ထုတ်ယူသုံးစွဲမှု၊ နယ်နိမိတ်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ ပြဿနာများ မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။ မြေယာပိုင်ဆိုင်ခွင့် အာမခံချက်မရှိခြင်းကြောင့် ပဋိပက္ခများ၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် စီးပွါးရေး၊ လူမှုရေး တိုးတက်မှု နှေးကွေးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ဤမြေယာများကို ဆုံးရှုံးရခြင်းသည် ဂေဟစနစ် ပျက်စီးလွယ်ခြင်းနှင့် ဇီဝမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်ကာ ကျန်းမာရေးစနစ်များ (သို့မဟုတ် ဂေဟစနစ်နှင့် တိရိစ္ဆာန်ကျန်းမာရေး) ကို ထိခိုက်စေပြီး ၎င်းတို့ မှီခိုနေရသည့် ဂေဟစနစ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများကိုပါ ဘေးအန္တရာယ်ဖြစ်စေသည်။ ယင်းသည် ယဉ်ကျေးမှုရေးရာ ဆက်လက်ရှင်သန်ရေးနှင့် အရေးပါသော (ရိုးရာ)အသိပညာများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်း ခြိမ်းခြောက်မှုတစ်ခု ဖြစ်စေသည်။

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခြေအနေကို နားလည်သဘောပေါက်ခြင်း

ဖြစ်ရပ်လေ့လာမှုအဖြစ် နိုင်ငံတစ်ခုကို ရွေးချယ်ပြီး အောက်ပါမေးခွန်းများအား ပြန်လည်သုံးသပ်ကြည့်ပါ။

- သင်လေ့လာနေသော နိုင်ငံရှိ ဌာနေတိုင်းရင်းသားလူမျိုးများမှာ မည်သူများနည်း။
- ထိုနိုင်ငံတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးများကို အသိအမှတ်ပြုသည့် အမျိုးသားအဆင့် ဥပဒေမူဘောင်များ ရှိပါသလား။
- ၎င်းတို့ရင်ဆိုင်နေရသော အဓိက လူ့အခွင့်အရေးဆိုင်ရာပြဿနာများအကြောင်း ဆွေးနွေးပါ။
- ဌာနေတိုင်းရင်းသားလူမျိုးများသည် လူနည်းစု တိုင်းရင်းသားများနှင့် မည်သို့ကွာခြားသနည်း။
- UNDRIP တွင် ပါရှိသော အဓိက အခြေခံမူများမှာ အဘယ်နည်း။
- သင့်နိုင်ငံရှိ သက်ဆိုင်မည့် ဥပဒေရေးရာကိစ္စတစ်ရပ်ကို သတ်မှတ်ဖော်ထုတ်ပါ၊ ထို့နောက် နိုင်ငံတော် (Nation-state) တစ်ခုအဖြစ် ဖွဲ့စည်းတည်ဆောက်လိုက်ခြင်းသည် ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာ မြေယာတောင်းဆိုခွင့်များကို ပျက်ပြယ်သွားစေနိုင်ခြင်း ရှိ/မရှိအပေါ် ဆွေးနွေးပါ။

သင်ယူမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု (၁)

ဌာနေတိုင်းရင်းသားအုပ်စုများသည် ၎င်းတို့၏ ရုန်းကန်လှုပ်ရှားမှုများအကြောင်း တရားရုံးသို့ ရောက်ရှိစေရန် တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့သည် မိရိုးဖလာပိုင်ဆိုင်ထားသော မြေယာမြေပုံများ ထုတ်လုပ်ပုံ၊ ဓာတ်ကြောင်းပြန် အစီရင်ခံစာများကို စာဖြင့် ရေးသားတင်ပြပုံနှင့် လူထုအတွင်း အသိပညာမြှင့်တင်နိုင်ရန် မီဒီယာကဏ္ဍတွင် အကြောင်းအရာများ ဖန်တီးပုံတို့အကြောင်းကို သင်ယူခဲ့ကြရသည်။ သင့်နိုင်ငံမှ ဥပမာများကို အခြေခံ၍ အောက်ပါ အွန်လိုင်းအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ပါ -

- ဌာနေတိုင်းရင်းသားများ ၎င်းတို့၏ မိရိုးဖလာပိုင်ဆိုင်လာသော နယ်မြေများသို့ ပြန်လည်အခြေချခြင်းအကြောင်း သို့မဟုတ် ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်ခြင်းများအကြောင်း ပြောပြထားသည့် ဗီဒီယိုများ။
- မိရိုးဖလာပိုင်ဆိုင်လာသောမြေယာများနှင့် ပတ်သက်၍ ဌာနေတိုင်းရင်းသားတို့၏ ဥပဒေကြောင်းအရ ရုန်းကန်လှုပ်ရှားမှုများကို လူထုသတိပြုမိစေရန် Google Maps, Twitter, Facebook စသည့် လူမှုကွန်ရက်များကို အသုံးပြုထားမှုများ။
- ၎င်းတို့၏ အနုပညာ သို့မဟုတ် လူမှုပလက်ဖောင်းများမှတစ်ဆင့် မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်အတွက် တိုင်းရင်းသားတို့၏ ရုန်းကန်ရမှုကို ဂုဏ်ပြုဖော်ပြနေသည့် ဌာနေတိုင်းရင်းသား ထင်ရှားကျော်ကြားသူ (Icon) တစ်ဦးကို ဖော်ထုတ်ခြင်း။

အထက်ပါ အချက်အလက်များကို အသုံးပြု၍ သင့်နိုင်ငံရှိ ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့် အသိအမှတ်ပြုခံရရန် မည်သို့သော နည်းလမ်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြသည်ကို ဆွေးနွေးပါ။ ၎င်းတို့သည် လူထုစိတ်ဝင်စားမှု ရရှိအောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ၎င်းတို့၏ ရုန်းကန်မှုကို တရားရုံးသို့ တင်ပြရာတွင်လည်းကောင်း အောင်မြင်မှုရရှိခဲ့သည်ဟု သင်ထင်ပါသလား။

၅.၂ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် မြေယာအခွင့်အရေး

ဤအပိုင်းတွင် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် မိရိုးဖလာ မြေယာများ၏ အရေးပါပုံ၊ ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်များနှင့် မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ စုပေါင်းအခွင့်အရေး အယူအဆတို့အကြောင်း ဆွေးနွေးထားသည်။ အထူးသဖြင့် မြေယာအသုံးချမှုနှင့် ပိုင်ဆိုင်မှုတို့နှင့်စပ်လျဉ်းပြီး နိုင်ငံတော်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားလေ့ရှိသော ပဋိပက္ခများကို ဖော်ပြထားသည်။ ထို့ပြင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန်အတွက် ဥပဒေကြောင်းဆိုင်ရာ စာချုပ်စာတမ်းများကို အသုံးချပုံ၊ အရှေ့တောင်အာရှရှိ မိရိုးဖလာပိုင်ဆိုင်မှုရေးရာ မြေယာကိစ္စရပ်များ၌ ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် အဆိုပါ ကိစ္စရပ်များကို ဖြေရှင်းရာတွင် ဥပဒေရေးရာ ချဉ်းကပ်မှုများအား မည်သို့လက်တွေ့ကျင့်သုံးနိုင်သည်ကို ပြသထား သည်။

၅.၂.၁ ခြုံငုံသုံးသပ်ချက်

ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ မြေယာ၊ နယ်မြေနှင့် သယံဇာတများအပေါ် စိတ်ခံစားမှု၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွါးရေးတို့အရ အခြေခံဆက်နွယ်မှုများ ရှိကြပြီး ၎င်းသည် ၎င်းတို့၏ ရပ်တည်ရှင်သန်ရေးအတွက် အလွန်အရေးကြီးသည်။ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာနှင့် သယံဇာတများသည် ၎င်းတို့၏ လူမှုအသိုက်အဝန်း၊ ဒေသ သို့မဟုတ် ပြည်နယ်မှတစ်ဆင့် ဖြစ်တည်ပေါ်ပေါ်လာသော စုပေါင်းအခွင့်အရေး အမွေအနှစ်အဖြစ် ရပ်တည်နေသည့်အတွက် လူတစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှုသဘော၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှုသဘောနှင့် ဖွံ့ဖြိုးတိုးတက်မှုရေးရာ သာမန် အယူအဆများနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ နယ်မြေနှင့် သယံဇာတများအပေါ်တွင် စုပေါင်းအခွင့်အရေးများကို မြှင့်တင်ပေးခြင်းသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် ဇီဝမျိုးကွဲများ ဆုံးရှုံးခြင်းကဲ့သို့သော ပြဿနာများကို ဖြေရှင်းရာတွင် လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေကြောင်း ပိုမိုနားလည်လာကြသည်။ ဤနေရာတွင် စုပေါင်းအခွင့်အရေး ဆိုသည်မှာ စုပေါင်းလက္ခဏာ တစ်ခုကို မျှဝေခံစားခြင်းအားဖြင့် ရရှိလာသော အခွင့်အရေးများကို ဆိုလိုခြင်းဖြစ်သည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၂၀ ရာခိုင်နှုန်းခန့်မှာ ဌာနေတိုင်းရင်းသားနယ်မြေများဖြစ်ပြီး ယင်းနယ်မြေများတွင် ကမ္ဘာ့လက်ကျန်ဇီဝမျိုးကွဲများ၏ ၈၀ ရာခိုင်နှုန်းခန့် တည်ရှိနေသည်။ ဤစာရင်းဇယားအရ ဌာနေတိုင်းရင်းသား လူမျိုးများသည် အကောင်းဆုံးသော ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြောင်း သိသာစေလေသည် (Gilbert, ၂၀၁၆)။

ရလာဒ်အားဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများက ၎င်းတို့၏ မြေယာနှင့် နယ်မြေများကို အသိအမှတ်ပြုပေးရေး တောင်းဆိုမှုသည် ဥပဒေကြောင်းဆိုင်ရာ အခွင့်အရေးများတွင် သိသာထင်ရှားသော တူညီချက်တစ်ခု ဖြစ်လာသည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည် ဝေးလံခေါင်ဖျားဆုံးဖြစ်သောဒေသများတွင် နေထိုင်ကြပြီး အမျိုးမျိုးကွဲပြားခြားနားကြသော်လည်း ၎င်းတို့အားလုံးသည် မိမိတို့၏ မြေယာများအပေါ် တွယ်တာမှု တူညီစွာ ရှိကြသည့် အချက်မှာ မှတ်သားဖွယ်ကောင်းသည်။ ယင်းတွယ်တာမှုသည် ကမ္ဘာတစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှု၊ လူမှုဖွဲ့စည်းပုံနှင့် စီးပွါးရေးတို့အတွက် အခြေခံအကျဆုံးပင် ဖြစ်သည်။ ကမ္ဘာအဝှမ်းမှ ဌာနေတိုင်းရင်းသား လူမျိုးများ၏ ကိုယ်စားလှယ်များသည် ကုလသမဂ္ဂ ရုံးချုပ်များ တည်ရှိသည့် ဂျနီဗာ သို့မဟုတ် နယူးယောက်မြို့များတွင် တွေ့ဆုံလျက် ဤအရေးကြီးသည့်အချက်ကို အလေးပေး ပြောဆိုခဲ့သည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်ပြသူဟောင်းတစ်ဦးဖြစ်သူ Rodolfo Stavenhagen က "*ဤအချက်အလက်အားလုံးကို ချည်နှောင်ထားသည့် အရာမှာ ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာနှင့် နယ်မြေအပေါ် ထားရှိသော တွယ်တာမှုပင်ဖြစ်သည်*" ဟု ဆိုခဲ့သည်။ ၎င်းတို့၏ ဇာတိမြေအပေါ်တွယ်တာမှုသည် အခြေခံ စားဝတ်နေရေးအတွက် သယံဇာတများကို ရှာဖွေခြင်းထက် ပိုမိုနက်ရှိုင်းသော ရုပ်ပိုင်းဆိုင်ရာမဟုတ်သည့် ဝိသေသလက္ခဏာများ ရှိနေကြခြင်းဖြစ်သည်။ ဌာနေတိုင်းရင်းသားလူမျိုး အများစုက မြေယာနှင့် နယ်မြေဒေသများသည် အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အပံ့ ဖြစ်စေရုံသာမက ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကိုယ်ပိုင်လက္ခဏာများအတွက် အခြေခံအုတ်မြစ်အဖြစ် တည်ရှိကြောင်း အလေးပေး ဖော်ပြခဲ့ကြသည်။ ဌာနေတိုင်းရင်းသားရေးရာဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းဖိုရမ်က မှတ်ချက်ပြုထားသကဲ့သို့ပင်- *"မြေယာသည် ကမ္ဘာတစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘဝနှင့် ယဉ်ကျေးမှုများအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ... ၎င်းတို့၏ မြေယာ၊ နယ်မြေနှင့် သဘာဝသယံဇာတများအပေါ် အခွင့်အရေးများကို လက်လှမ်းမမီခြင်းနှင့် လေးစားမှုမရှိခြင်းတို့က ဌာနေတိုင်းရင်းသားလူမျိုးများ၏ သီးခြားကွဲပြားသော ယဉ်ကျေးမှု ရှင်သန်ရပ်တည်ရေးကို ခြိမ်းခြောက်နေသည်။"* ထို့ကြောင့် နိုင်ငံတကာဥပဒေအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ ဇာတိမြေများအကြား ရှိထူးခြားသော ဆက်နွယ်မှုကို အသိအမှတ်ပြုရေးမှာ ၎င်းတို့၏ ရှင်သန်ရပ်တည်ရေးအတွက်လည်းကောင်း၊ ၎င်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုးကွယ် ယုံကြည်မှုများနှင့် ရိုးရာဓလေ့များအတွက်လည်းကောင်း အလွန်အရေးကြီးပေသည် (Gilbert, ၂၀၁၆)။

၅.၂.၂ ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာ မြေယာပြဿနာကို ဖြေရှင်းရာတွင် ဥပဒေကြောင်းဆိုင်ရာ ချဉ်းကပ်မှုများမှာ အဘယ်နည်း။

ဤစာတမ်းတွင် တင်ပြထားသော အချက်တစ်ခုမှာ မြေယာပိုင်ဆိုင်ခွင့်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ ကိစ္စရပ်တွင် အဓိကအားဖြင့် ဥပဒေရေးရာ ချဉ်းကပ်မှု နှစ်ခုရှိကြောင်း ဖြစ်သည်။ တစ်ခုသည် မြေယာပိုင်ဆိုင်ခွင့်အပေါ် အခြေခံထားပြီး အခြားတစ်ခုမှာ မြေယာအသုံးပြုပိုင်ခွင့်အပေါ် အခြေခံသည်။ ပထမဗျူဟာသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခြင်းဖြစ်ပြီး ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်အပေါ် အခြေခံသည်။ ဒုတိယဗျူဟာမှာမူ ဌာနေတိုင်းရင်းသားလူမျိုးများသည် သီးခြားယဉ်ကျေးမှု အစုအဖွဲ့များအဖြစ်

ဆက်လက်ရှင်သန်နိုင်ရန်အတွက် ရှေးအစဉ်အဆက်ကတည်းက နေထိုင်ခဲ့သော မြေယာများကို ဆက်လက် အသုံးပြုနိုင်ခွင့်ရှိရမည်ဟူသော အယူအဆအပေါ် အခြေခံသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်သည် လူ့အခွင့်အရေး ဥပဒေများတွင် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးအဖြစ် သာမက စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးအဖြစ်ပါ အမျိုးအစားခွဲခြားနိုင်သည့် အနည်းငယ်သော အခွင့်အရေးများအနက် တစ်ခုဖြစ်သည်။ ပစ္စည်းဥစ္စာဆိုသည့် အယူအဆတွင် ဒဿနဆိုင်ရာနှင့် လူမှု-ယဉ်ကျေးမှု ဆိုင်ရာ အတွေးအခေါ်များ စိမ့်ဝင်နေသောကြောင့် ၎င်းနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင်ရာ (တူညီသော) ဥပဒေရေးရာနားလည်ထားမှုကို ဖော်ပြရန်မှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပေသည်။ Tsosie က ဖော်ပြခဲ့သကဲ့သို့ - *"ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များသည် သဘာဝအားဖြင့် လူမှုရေးအခွင့်အရေးများ ဖြစ်ကြသည်။ ၎င်းတို့သည် အကန့်အသတ်ရှိပြီး အရေးကြီးသော ကုန်စည်များအပေါ် လူအချို့၏ တောင်းဆိုပိုင်ခွင့်ကို အသိအမှတ်ပြုရန်နှင့် အခြားသူများကိုမူ ထိုကုန်စည်များအပေါ် တောင်းဆိုခွင့် ငြင်းပယ်ရန်အတွက် လူ့အဖွဲ့အစည်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့ မည်သို့ ရွေးချယ်ခဲ့ကြသည်ကို ပုံဖော်နေသည်"* (Tsosie, ၂၀၀၁)။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်အပေါ် ထားရှိသည့် ဤကဲ့သို့ လူမှုရေးအခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုကြောင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ တောင်းဆိုမှုများ သည် ပိုင်ဆိုင်ခွင့်ဆိုင်ရာ ဆွေးနွေးမှုများတွင် ရှေ့တန်းသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည် (Gilbert, ၂၀၁၆)။

UNDRIP ၏ အပိုဒ် ၂၆ သည် ပိုင်ဆိုင်ခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် အသုံးပြုခွင့် ဆိုသည့် အယူအဆများကို ပေါင်းစပ်ပြီး အလွန်ကျယ်ပြန့်သော ချဉ်းကပ်မှုကို ကျင့်သုံးထားသည်။ အပိုဒ် ၂၆.၂ တွင် ဖော်ပြထားသည်မှာ -

> *"ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ ရိုးရာပိုင်ဆိုင်မှု သို့မဟုတ် အခြားသော ရိုးရာ နည်းလမ်းအရ လုပ်ကိုင်မှု၊ သို့မဟုတ် အသုံးပြုမှုတို့ကြောင့် ပိုင်ဆိုင်ထားသော၊ ထို့ပြင် အခြား နည်းလမ်းဖြင့် ရရှိထားသော မြေယာများ၊ နယ်မြေများနှင့် သယံဇာတများကို ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပိုင်ခွင့်နှင့် ထိန်းချုပ်ပိုင်ခွင့်များရှိသည်။"*

ထို့ကြောင့် ကုလသမဂ္ဂ ကြေညာစာတမ်း၌ စုပေါင်းပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုသည့် စကားလုံးကို သီးသန့် ထည့်သွင်း ပြောဆိုထားခြင်းမရှိသော်လည်း ဌာနေတိုင်းရင်းသားလူမျိုးများ အသုံးပြုသည့် ရိုးရာမြေယာပိုင်ဆိုင်မှုပုံစံများကို အသိအမှတ်ပြုထားသည်။ ထို့ပြင် ကြေညာစာတမ်းပါ အပိုဒ်အားလုံးသည် "ဌာနေတိုင်းရင်းသားလူမျိုးများတွင် ..... အခွင့်အရေး ရှိသည်" ဟု စတင်ထားသောကြောင့် မြေယာအခွင့်အရေးဆိုင်ရာ ကဏ္ဍာတွင် ဌာနေတိုင်းရင်းသား လူမျိုးများကို ထိုအခွင့်အရေးများ၏ ပိုင်ရှင်များအဖြစ် အသိအမှတ်ပြုထားခြင်း ဖြစ်သည်။ သို့သော်လည်း စုပေါင်း အခွင့်အရေးအယူအဆကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်ခံထားသည်မျိုး မရှိပေ။ ဥပမာအားဖြင့် ယူနိုက်တက်ကင်းဒမ်းအစိုးရက ၎င်းတို့အနေဖြင့် ယင်းကို လက်မခံကြောင်း ရှင်းလင်းစွာ ပြောကြားထားသည်။ အမေရိကန်၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ကလည်း စုပေါင်းအခွင့်အရေးကို အသိအမှတ်ပြုခြင်းအပေါ် အလားတူ ကန့်ကွက်ခဲ့ကြသည်။ ဌာနေတိုင်းရင်းသားတို့၏ စုပေါင်းပိုင်ဆိုင်ခွင့်ကို ကန့်ကွက်သော နိုင်ငံများသည် လူနည်းစု အခွင့်အရေးမူဘောင်အပေါ် အခြေခံ၍ ဌာနေတိုင်းရင်းသားအသိုက်အဝန်းဝင် တစ်ဦးချင်းစီ၏ အခွင့်အရေးများကို

အသိအမှတ်ပြုရန်သာ မကြာခဏ တိုက်တွန်းလေ့ရှိကြသည်။ သို့သော်လည်း တစ်ဦးချင်းအခွင့်အရေး သို့မဟုတ် စုပေါင်းအခွင့်အရေးဟူ၍ မည်သည့်အပေါ်တွင် အခြေခံသည်ဖြစ်စေ နိုင်ငံတော်အစိုးရများအနေဖြင့် ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာများ၊ ရိုးရာများနှင့် မြေယာပိုင်ဆိုင်မှုစနစ်များကို အသိအမှတ်ပြုရမည်ဟု ကြေညာစာတမ်း၏ စာသားတွင် ရှင်းလင်းစွာ ဖော်ပြထားပေသည်။

အချို့နိုင်ငံများတွင် ဌာနေတိုင်းရင်းသားတို့၏ မြေယာ၊ နယ်မြေနှင့် သယံဇာတဆိုင်ရာ အခွင့်အရေးများကို ဖော်ဆောင်ရာတွင် တိုးတက်မှုများ ရှိခဲ့သည်။ ဥပမာအားဖြင့် ဩစတြေးလျနိုင်ငံတွင် မိရိုးဖလာ မြေပိုင်ဆိုင်ခွင့်နှင့် ဥပဒေရေးရာ မြေယာအခွင့်အရေး စီမံချက်များကြောင့် ဌာနေတိုင်းရင်းသားလူမျိုးများသည် နိုင်ငံမြေပြင်၏ ၂၀ ရာခိုင်နှုန်းကျော်ကို ဥပဒေအရ ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီး ယင်းတို့အနက် အများစုမှာ အဝေးလံခေါင်ဖျားသော အရပ် ဒေသများတွင် ရှိကြသည်။ ၂၀၁၃ ခုနှစ်တွင်လည်း အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ယခင်က "နိုင်ငံတော်ပိုင် သစ်တောများ" ဟု ခေါ်ဆိုခဲ့သော မြေယာများအပေါ် ဌာနေတိုင်းရင်းသားအုပ်စုများ၏ ပိုင်ဆိုင်ခွင့်ကို ပြန်လည်အတည်ပြုပေးခဲ့သည် (Gilbert, ၂၀၁၆)။

၅.၂.၃ အရှေ့တောင်အာရှရှိ မိရိုးဖလာ မြေယာကိစ္စရပ်များ - ပြဿနာရပ်များနှင့် စိန်ခေါ်မှုများ

အာရှရှိ ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများသည် အစိုးရများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကြီးမားလှသော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သယံဇာတ ထုတ်ယူသုံးစွဲမှုများကြောင့် ၎င်းတို့၏ ဘိုးဘွားပိုင်မြေယာများ ဆုံးရှုံးခြင်း၊ မိရိုးဖလာနယ်မြေများ ပျက်စီးခြင်းတို့ကို ဆက်တိုက်ရင်ဆိုင်နေရသည်။ သယံဇာတ ထုတ်ယူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးချဲ့လာခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ အမျိုးသားဥယျာဉ်များ သတ်မှတ်ခြင်းနှင့် အခြားစီမံကိန်းများက ဌာနေတိုင်းရင်းသားနယ်မြေများအတွင်း ကျူးကျော်ဝင်ရောက်လာခြင်းတို့မှာ ထင်ရှားသော သာဓကများဖြစ်သည်။ ဤဖြစ်စဉ်ကို ဌာနေတိုင်းရင်းသားလူမျိုးများက "ဖွံ့ဖြိုးရေးအမည်ခံ ကျူးကျော်စော်ကားမှု" ဟု ခေါ်ဆိုကြသည် (AIPP, 2015)။

ဖွံ့ဖြိုးရေးအမည်ခံ ကျူးကျော်စော်ကားမှု

ကမ္ဘောဒီးယားနိုင်ငံ၊ Prey Lang သစ်တောဒေသတွင် နေထိုင်သော Kui ဌာနေတိုင်းရင်းသားများ နေထိုင်ရာနယ်မြေအတွင်း သတ္တုတူးဖော်ရေး၊ သစ်ထုတ်လုပ်ရေးနှင့် ရော်ဘာစိုက်ခင်းများအတွက် သစ်တောဟက်တာပေါင်းသောင်းနှင့်ချီ၍ အစိုးရက တရားဝင် မြေယာခွင့်ပြုမိန့်များ ချပေးခဲ့သည်။ ယင်းကြောင့် Kui လူမျိုးအများအပြားမှာ ၎င်းတို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား စွန့်လွှတ်ခဲ့ကြရသည်။ ထို့အတူ မလေးရှားနိုင်ငံ (Mickute, ၂၀၁၈) နှင့် အင်ဒိုနီးရှားနိုင်ငံ (Human Rights Watch, ၂၀၁၉) တို့တွင် ဆီအုန်းစိုက်ခင်းများ တိုးချဲ့လာခြင်းကြောင့်လည်း ဌာနေတိုင်းရင်းသားလူမျိုးများ၏ သစ်တောမြေများ ဆုံးရှုံးလျက်ရှိသည်။

ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် အရင်းအမြစ်များ ပျက်စီးဆုံးရှုံးရသည့် အခြားအဓိကအကြောင်းအရင်းတစ်ခုမှာ အကြီးစားသတ္တုတူးဖော်ရေးလုပ်ငန်းများ ဖြစ်သည်။ လက်ရှိအချိန်၌မူ အာရှတစ်လွှားရှိ ဌာနေတိုင်းရင်းသား နယ်မြေများတွင် ကော်ပိုရေးရှင်းလုပ်ငန်းများလုပ်ကိုင်နေသည့် သတ္တုတွင်းပေါင်း တစ်ရာကျော် လည်ပတ်လျက်

ရှိသည်။ သို့သော်ငြားလည်း ထိခိုက်နစ်နာမှုခံစားရသည့် လူ့အဖွဲ့အစည်းများထံမှ လွတ်လပ်၍ ကြိုတင်အသိပေး အကြောင်းကြားထားသော သဘောတူညီချက်ရယူကာ ခိုင်လုံသော လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ဆောင်ခဲ့သည့် ကုမ္ပဏီတစ်ခုမျှ မရှိသေးပေ။

အင်ဒိုနီးရှားနိုင်ငံ၊ မာလူကူမြောက်ပိုင်းရှိ ဌာနေတိုင်းရင်းသား ပါဂူ (Pagu) နယ်မြေများတွင် PT Nusa Halmahera Minerals (PT NHM) ဟုခေါ်သော ဩစတြေးလျ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုသည် ၁၉၉၇ ခုနှစ် ကတည်းကပင် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ အဆိုပါကုမ္ပဏီသည် ဌာနေပါဂူလူမျိုးများနှင့် မည်သည့် တိုင်ပင်ဆွေးနွေးမှုမျိုးမျှမပြုလုပ်ဘဲ ၎င်း၏လုပ်ငန်းများကို စတင်ခဲ့သည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် သစ်တောများပျက်စီးခဲ့ရပြီး ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ဆုံးရှုံးခဲ့ရသည်။ ပါဂူနယ်မြေများရှိ မြစ်ချောင်းများနှင့် ပင်လယ်ပြင်များက ဆိုင်ယာနိုက်နှင့် ပြဒါးဓါတ်များကြောင့် အဆိပ်သင့်နေပြီး အဆိုပါ မြစ်များမှ ရေနှင့် ငါးများကို စားသုံးနေရသည့် ဒေသခံများက ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့နေရသည် (AMAN နှင့် AIPP၊ ၂၀၁၇)။

အမျိုးသားဥယျာဉ်များနှင့် ထိန်းသိမ်းရေးနယ်မြေများကို အတင်းအဓမ္မ သတ်မှတ်ခြင်း

အာရှနိုင်ငံအများအပြားသည် ၎င်းတို့ ကုန်းမြေဧရိယာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိကို ကုန်းမြေအခြေပြု အကာအကွယ်ပေးထားသော နယ်မြေများ (ဥယျာဉ်များနှင့် ထိန်းသိမ်းရေးနယ်မြေများ) အဖြစ် တိုးချဲ့သတ်မှတ်ရန် ကြိုးပမ်းနေကြသည်။ အဆိုပါ အကာအကွယ်ပေးထားသော နယ်မြေများသည် ဌာနေတိုင်းရင်းသားအသိုက်အဝန်းများက မျိုးဆက်နှင့်ချီ၍ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော သစ်တောနယ်မြေများနှင့် မကြာခဏ ထပ်တူဖြစ်နေတတ်သည်။ သို့သော်လည်း ဖိရိုးဖလာမြေပိုင်ဆိုင်မှုစနစ်များကို အသိအမှတ်မပြုခြင်းကြောင့် နေထိုင်သည့်ဌာနေလူ့အဖွဲ့အစည်းများ၏ လွတ်လပ်၍ ကြိုတင်အသိပေးထားသော သဘောတူညီချက် မပါဘဲ အဆိုပါနယ်မြေများကို အကာအကွယ်ပေးထားသော နယ်မြေများအဖြစ် အစိုးရပြန်တမ်းများ၌ မကြာခဏ ထည့်သွင်းကြေညာလေ့ရှိသည် (Prachatai English၊ ၂၀၁၄)။ ထိုသို့ အတင်းအဓမ္မ သတ်မှတ်လိုက်ခြင်းက ဌာနေတိုင်းရင်းသား အသိုက်အဝန်းများ၏ မြေယာလက်လှမ်းမီခွင့်ကို ကန့်သတ်ခြင်း သို့မဟုတ် ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်များကို ငြင်းပယ်သည်များဖြစ်လာစေပြီးလျှင် ဌာနေတိုင်းရင်းသားတို့၏ စားနပ်ရိက္ခာဖူလုံမှုအပေါ် ဆိုးရွားသော သက်ရောက်မှုများ ရှိလာစေမည်ဖြစ်သည်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့ရှိ အမျိုးသားဥယျာဉ်များမှ ဌာနေတိုင်းရင်းသားများကို နှင်ထုတ်သည့် ဖြစ်စဉ်များစွာ ရှိခဲ့သည်။ ထို့အတူ နီပေါနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကဲ့သို့ပင် ဌာနေတိုင်းရင်းသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သစ် မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ရှာဖွေရန် သွားရောက်ချိန်တွင် အမျိုးသားဥယျာဉ်ဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို ခံနေကြရသည်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရိုးရာမြေအသုံးချမှုနှင့် အသက်မွေးဝမ်းကျောင်းမှုအပေါ် နားလည်မှုလွဲမှားခြင်း

အာရှနိုင်ငံအများစုတွင် ကျင့်သုံးနေသည့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း အပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရိုးရာမြေအသုံးချမှုစနစ်များသည် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာဖူလုံမှု၊

သဘာဝသယံဇာတ စီမံခန့်ခွဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးပွါးလာစေခြင်းတို့ကို ကာလရှည်ကြာ ပံ့ပိုးပေးလာခဲ့ကြသည်။ ဤအသက်မွေးဝမ်းကျောင်းစနစ်များနှင့် ဆက်နွယ်နေသော မိရိုးဖလာ အသိပညာများ၊ ယဉ်ကျေးမှု၊ စိတ်ဓာတ် နှင့် အာဟာရတန်ဖိုးများသည် မြေအသုံးချသည့် နည်းစနစ်တစ်ခုမျှ သာမဟုတ်ဘဲ ဌာနေတိုင်းရင်းသားလူမျိုးများအတွက် ဘဝနေထိုင်မှုပုံစံတစ်ခုဖြစ်ကြောင်း သက်သေပြနေသည်။ သို့သော်လည်း အစိုးရ၏မူဝါဒများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟူသော ခေါင်းစဉ်အောက်တွင် ရွှေ့ပြောင်းတောင်ယာ သို့မဟုတ် အလှည့်ကျ စိုက်ပျိုးရေးစနစ်များကို အမြစ်ပြတ်ဖယ်ရှားရန်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းကို ပိတ်ပင်ရန် တိုက်ရိုက်ဦးတည်လျက်ရှိသည်။ ၎င်းသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အသက်မွေးဝမ်းကျောင်းပြုမှုကို ပြစ်မှုကျူးလွန်မှုသဖွယ် သတ်မှတ်ရာရောက်စေပြီး၊ ဥပမာအားဖြင့် အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ဌာနေတိုင်းရင်းသား အများအပြားသည် ထောင်သွင်းအကျဉ်းချခံရခြင်းနှင့် ဒဏ်ရိုက်ခြင်းများ ခံခဲ့ရသည်။ ထို့အပြင် ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများသည် မကြာခဏဆိုသလို နေရာရွှေ့ပြောင်းခံရသဖြင့် မြေယာများ ဆုံးရှုံးရုံသာမက မြေအသုံးချမှုနှင့် ဆက်နွယ်နေသော ရိုးရာအသိပညာများပါ ဆုံးရှုံးခဲ့ရသည် (Erni, ၂၀၁၉)။

စွမ်းအင်စီမံကိန်းများကြောင့် ဌာနေတိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏မြေယာများမှ ဖယ်ရှားခံရခြင်း

ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာများနှင့် သစ်တောများသည် ၎င်းတို့၏ ကြုံတင်အသိပေးပြီး လွတ်လပ်စွာ ဆုံးဖြတ်နိုင်သော သဘောတူညီချက်မပါရှိဘဲ အကြီးစား ရေအားလျှပ်စစ်ထုတ်သည့် ဆည်ကြီးများကဲ့သို့သော အကြီးစားစွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိမ်းယူခြင်း ခံနေရသည်။ တစ်ဖက်တွင်လည်း ထုတ်လုပ်မည့် စွမ်းအင်များကို မြို့ပြနှင့် စက်မှုဇုန်များသို့ ပို့လွှတ်ခြင်း သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်းများ ပြုလုပ်မည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချရေးအောက်တွင် ဆည်ကြီးများကို အစိမ်းရောင်စွမ်းအင် (Clean Energy) အဖြစ် သတ်မှတ်လိုက်ခြင်းက အာရှတစ်လွှားတွင် ဆည်ကြီးပေါင်း ၂၀၀ ကျော် တည်ဆောက်ရန် ခွင့်ပြုမိန့် ရလိုက်သကဲ့သို့ ဖြစ်နေသည်။ အကြီးစားဆည်များ တည်ဆောက်ခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းတွင် အနည်းဆုံး လူပေါင်း သန်း ၄၀ ခန့် နေရပ်စွန့်ခွာခဲ့ရပြီး အများစုမှာ ဌာနေတိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်။ ဤလုပ်ဆောင်ချက်များသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ရိုးရာအလုပ်အကိုင်များအပေါ် ပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ဗီယက်နမ်နိုင်ငံတွင် Son La ရေအားလျှပ်စစ်စက်ရုံအတွက် လူပေါင်း ၉၀,၀၀၀ ကျော်ကို နေရာရွှေ့ပြောင်းခဲ့ရပြီး၊ အများစုမှာ ထိုင်းလူမျိုးစုများဖြစ်ကြသည်။ ၎င်းတို့အနက် အများအပြားမှာ ၂၀၁၀ ခုနှစ်တွင် စိုက်ပျိုးရေးလုပ်ကိုင်ရန် မြေယာမဲ့ဖြစ်ခဲ့ရကြောင်း ဗီယက်နမ် သိပ္ပံပညာရှင် တစ်ဦးက ဆိုသည် (AIPP, ၂၀၁၄)။

မလေးရှားနိုင်ငံ၊ ဆာရာဝတ်ခ် (Sarawak) ပြည်နယ်တွင် ဆာရာဝတ်ခ်အစိုးရနှင့် အစိုးရပိုင် Sarawak Energy Berhad တို့သည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ဆာရာဝတ်ခ် စကြံန် (Sarawak Corridor of Renewable Energy) ဟုခေါ်သော စက်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် အကြီးစား ရေအားလျှပ်စစ်ဆည် ၁၂ ခုအထိ တည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်ကြသည်။ ဧရိယာ စတုရန်းကီလိုမီတာ ၂,၁၀၀ ကျော်ကို ရေလွှမ်းမိုးစေနိုင်လောက်သည့် ဤဆည်များသည် သစ်တောများ၊ စိုက်ပျိုးမြေများနှင့် ကျေးရွာများကို ရေအောက်

သို့ ရောက်စေပြီး ဌာနေတိုင်းရင်းသားလူမျိုးစု သောင်းနှင့်ချီ၍ ၎င်းတို့၏ မိရိုးဖလာ မြေယာများမှ အတင်းအကြပ် ဖယ်ရှားခြင်း ခံရမည်ဖြစ်သည်။ ဤရေအားလျှပ်စစ် စီမံကိန်းများမှတဆင့် အိမ်နီးချင်း ဘရူနိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံ များသို့ လျှပ်စစ်ဓာတ်အား တင်ပို့ရန်နှင့် သံမဏိ၊ အလူမီနီယံ၊ ဆီလီကွန်နှင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းများကဲ့သို့ သော သယံဇာတ အလွန်အကျွံသုံးစွဲသည့် စက်မှုလုပ်ငန်းများအတွက် စွမ်းအင်ထုတ်ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ ယနေ့အထိ ဆာရာဝတ်ခ်တွင် Batang Ai၊ Bakun နှင့် Murum အမည်ရှိ အကြီးစားဆည် ၃ ခုကို တည်ဆောက်ပြီးဖြစ်သည်။ သို့သော်လည်း မကြာသေးမီက ပြီးစီးခဲ့သော Murum ဆည်သည် နည်းပညာပိုင်းဆိုင်ရာ ဒီဇိုင်းချို့ယွင်းချက်များကြောင့် မလည်ပတ်နိုင်သေးသလို Bakun ဆည်သည်လည်း လျှပ်စစ်ဓာတ်အား လိုအပ်ချက် မလုံလောက်မှုကြောင့် အပြည့်အဝ လည်ပတ်နိုင်ခြင်း မရှိသေးချေ။ အသုံးမပြုရသေးသည့် ပိုလျှံနေသော စွမ်းအင် များရှိနေခြင်းနှင့် နောက်ထပ်စွမ်းအင် လိုအပ်ချက်ရှိနေသည်ဆိုသည့် ခိုင်လုံသော သက်သေအထောက်အထားများ မရှိခြင်းတို့က ဆည်များ ထပ်မံတည်ဆောက်ရန်အတွက် ခိုင်လုံသော အကြောင်းပြချက် မရှိကြောင်း ပြသနေပေ သည် (Lee, Jalong and Meng-Chuo, ၂၀၁၄)။

အလားတူပင် ဖိလစ်ပိုင်နိုင်ငံ၊ Cordillera ဒေသရှိ Sagada နှင့် Besao တောင်တန်းများတွင် PhilCarbon ကုမ္ပဏီက တည်ဆောက်ရန် ရည်ရွယ်ထားသော စီးပွါးဖြစ် လေအားလျှပ်စစ် တာဝါတိုင်များသည်လည်း ဌာနေတိုင်းရင်းသား လူမျိုးများ၏ ပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုအပေါ် ပြင်းထန်သော ဆိုးကျိုးများ ဖြစ်ပေါ်စေမည်ဖြစ်သည်။ လေစွမ်းအင်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တစ်မျိုးဖြစ်သော်လည်း အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများကို ခြိမ်းခြောက်နေသည့်အခါ၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့်အခါ သို့မဟုတ် ဌာနေတိုင်းရင်းသားလူ့အဖွဲ့အစည်းများ၏ အကျိုးစီးပွါး၊ လိုအပ်ချက်နှင့် ၎င်းတို့၏ ရင်းမြစ် စီမံခန့်ခွဲမှုတို့ ထက် စီးပွါးရေးအမြတ်အစွန်းကိုသာ ဦးစားပေး လုပ်ဆောင်နေသည့်အခါ၊ ၎င်းတို့သည် အဆင်ပြေချောမွေ့သော သို့မဟုတ် လူမှုရေးအရ လက်ခံနိုင်ဖွယ်ရှိသော စီမံကိန်းတစ်ခု မဖြစ်လာနိုင်တော့ပေ။

ဌာနေတိုင်းရင်းသား ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများအတွက် မြင့်တက်လာသော မလုံခြုံမှုများ

ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ မြေယာများနှင့် သစ်တောများကို ဒေသတွင်းရှိ သတ္တုတူးဖော်ရေး၊ သစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးခင်းများနှင့် အခြားသော သယံဇာတ ထုတ်ယူသည့် လုပ်ငန်းများ၏ အန္တရာယ်မှ ကာကွယ်ရေးအတွက် ကာလရှည်ကြာစွာ တိုက်ပွဲဝင်လာခဲ့ကြသည်။ သို့သော်လည်း မိမိတို့၏ နယ်မြေနှင့် သစ်တောများကို ကာကွယ်စောင့်ရှောက်နေသည့် ဌာနေတိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု များက ပိုမိုတိုးပွားလာနေသည်။ Global Witness ၏ “Deadly Environment” (သေမင်းတမျှ အန္တရာယ်ရှိသော ပတ်ဝန်းကျင်) အစီရင်ခံစာအရ ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အာဆီယံဒေသ၌ ဌာနေတိုင်းရင်းသားများ အပါအဝင် ပတ်ဝန်းကျင်နှင့် မြေယာကာကွယ်သူ (၁၀၂) ဦး အသတ်ခံခဲ့ရကြောင်း သိရသည်။ ကျူးလွန်သူများအား ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်နေတတ်သည့် ဓလေ့၊ ပဋိပက္ခများအတွင်း အသတ်ခံရသူများအတွက် တရားမျှတမှု ဖော်ဆောင်ပေးလိုသည့် နိုင်ငံရေးအရ ဆန္ဒရှိမှု အားနည်းခြင်းတို့သည် အမြစ်တွယ်နေပြီးလျှင် ထိုအချက်ကြောင့်ပင်

အခြားသူများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်နှင့် မြေယာဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ရန် တွန့်ဆုတ်သွားစေသည်။ တောင်အာရှဒေသတွင်လည်း လူသတ်မှု၊ မြေသိမ်းမှု၊ စစ်အင်အား တိုးချဲ့အသုံးပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းကျင့်မှုနှင့် ဌာနေတိုင်းရင်းသား အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှု အပါအဝင် ဌာနေတိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ အလွန်အမင်း ဖြစ်ပွားလျက်ရှိသည်။

ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ စိုးရိမ်ပူပန်မှုများ

ဌာနေတိုင်းရင်းသား အမျိုးသမီးများသည် သစ်တောသယံဇာတများကို ကာကွယ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခြင်းနှင့် အသုံးချခြင်းတို့နှင့်စပ်လျဉ်း၍ ကြွယ်ဝသော ဌာနေတိုင်းရင်းသားရိုးရာ အသိပညာ ဗဟုသုတများကို ပိုင်ဆိုင်ထားကြသည်။ ဤအသိပညာများသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့် ရေရှည်တည်တံ့သော သစ်တောဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုစေသည်။ ဌာနေ တိုင်းရင်းသား အမျိုးသမီးများ၏ ရိုးရာအသိပညာနှင့် လက်တွေ့လုပ်ဆောင်ချက်များသည် စားနပ်ရိက္ခာ ဖူလုံစေရန်၊ ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ရေရှည်တည်တံ့သော သဘာဝ သယံဇာတ စီမံခန့်ခွဲမှုကို အားပေးရန်အတွက် သင့်လျော်သော နည်းလမ်းများဖြစ်ကြောင်း တွေ့ရှိရသည်။ သစ်တော စီမံခန့်ခွဲမှုဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏အသိပညာများသည် ဒေသန္တရ အခြေအနေများနှင့် ကိုက်ညီပြီး အသုံးတည့်ကြောင်း သက်သေပြပြီးဖြစ်သည်။ ထိုအသိပညာများသည် ကာလရှည်ကြာစွာ တည်ဆောက်လာခဲ့ခြင်း ဖြစ်သောကြောင့် ဘက်စုံလွှမ်းခြုံမှုရှိပြီး ဒေသတွင်း ပြဿနာများအတွက် ဖြေရှင်းချက်များ ရှာဖွေရာတွင် အခြေခံအဖြစ် အလွယ်တကူ အသုံးချနိုင်သည်။

ယေဘုယျအားဖြင့် ဌာနေတိုင်းရင်းသား အမျိုးသမီးများသည် မြေယာကို အမှန်တကယ် စီမံခန့်ခွဲပြီး လုပ်ကိုင်နေသူများဖြစ်သော်လည်း ဖြစ်ရပ်အနည်းငယ်မှအပ မြေယာပိုင်ဆိုင်ခွင့် မရှိကြပေ။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများအရပင်လျှင် အမျိုးသားများသည်သာ လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချသည့် နေရာများကို အများဆုံး ရယူထားကြသည်။ ဌာနေတိုင်းရင်းသား အမျိုးသမီးများသည် မြေယာပိုင်ဆိုင်ခွင့် အပါအဝင် လူ့အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချရာ၌ အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေး ရလေ့မရှိပေ။

ဌာနေတိုင်းရင်းသားနယ်မြေများတွင် မြေယာဆုံးရှုံးခြင်းနှင့် သယံဇာတ ထုတ်ယူရန် ပုဂ္ဂလိက ကုမ္ပဏီများ ရောက်ရှိလာခြင်းတို့ကြောင့် ဌာနေတိုင်းရင်းသား အမျိုးသမီးများသည် အခြားသူများထက် ပိုမိုဆိုးရွားစွာ ထိခိုက်ခံစားရသည်။ ၎င်းတို့သည် မိသားစုအတွက် သစ်တောထွက်ပစ္စည်းများ ရှာဖွေသူနှင့် ရေခပ်သူများ ဖြစ်သောကြောင့် သစ်တောများ ယိုယွင်းပျက်စီးခြင်းနှင့် သဘာဝသစ်တော သယံဇာတများ ရယူနိုင်မှု ကန့်သတ်ခံရသည့်အခါ ပထမဆုံး ထိခိုက်ရသူနှင့် ဆုံးရှုံးမှုအများဆုံးသူများ ဖြစ်လာကြသည်။ ၎င်းတို့၏ မြေယာများတွင် သစ်ထုတ်လုပ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများ အကြီးအကျယ် ဆောင်ရွက်လာသောအခါ သစ်တောပြုန်းတီးမှုအပေါ် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ တိုးလာခြင်းမှာ နားလည်ဖွယ်ရာဖြစ်သည်။ အမျိုးသမီးများသည် သစ်တောနှင့် ၎င်းတို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းမှုများမှ ဖယ်ရှားခံရပါက အခြား အလုပ်များ လုပ်ကိုင်ရန် ကျွမ်းကျင်မှု မရှိကြသဖြင့်

ခေါင်းပုံဖြတ်ခံရနိုင်ခြေ ပိုများလာသည်။ ဌာနေတိုင်းရင်းသား အမျိုးသမီးများသည် အစားအစာ ထုတ်လုပ်မှုနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုတို့တွင် ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍနှင့် ရိုးရာအသိပညာများကို ဆုံးရှုံးနေကြရသည်။ အထူးသဖြင့် ၎င်းတို့၏ အသိပညာများကို လက်တွေ့ကျင့်သုံးရန်နှင့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန် အခွင့်အလမ်းများ မရှိတော့ပေ။ ၎င်းတို့သည် နေရပ်နှင့် နယ်မြေများမှ ဖယ်ရှားခံရပြီး စီးပွါးရေးအရ အင်အားချည့်နဲ့သွားသည့်အခါ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု၊ နှောင့်ယှက်စော်ကားမှုနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ ပိုမိုတိုးပွားလာသည့် ပြဿနာများကို ရင်ဆိုင်ရနိုင်ခြေ ရှိလာသည်။

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ဌာနေတိုင်းရင်းသားလူမျိုးများနှင့် မိရိုးဖလာ မြေယာအခွင့်အရေးများ

- ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ မိရိုးဖလာ မြေယာအခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ပတ်သက်၍ မည်သည့်ပြဿနာရပ်များ ရှိနေသနည်း?
- အရှေ့တောင်အာရှရှိ နိုင်ငံနှစ်ခုကို ရွေးချယ်ပြီး ထိုနိုင်ငံများရှိ မိရိုးဖလာ (မြေယာ) အခွင့်အရေးများနှင့် ပတ်သက်သော ဥပဒေရေးရာ မူဘောင်များအား လေ့လာရှာဖွေပါ။ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ၎င်းတို့၏ မိရိုးဖလာမြေယာများကို ပိုမိုရယူအသုံးပြုနိုင်ခွင့်ရရှိစေရန်အတွက် မည်သည့် တည်ဆောက်ပုံဆိုင်ရာ ပြောင်းလဲမှုများ လိုအပ်သည်ဟု သင်ယူဆသနည်း?

၅.၃ ဌာနေတိုင်းရင်းသားလူမျိုးများ၊ သစ်တောများ၊ ပင်လယ်နှင့် ရာသီဥတုပြောင်းလဲမှု

ဤကဏ္ဍသည် လူ့အသိုက်အဝန်းနှင့် ကမ္ဘာမြေရှင်သန်မှုအတွက် အလွန်အရေးကြီးသော ဂေဟစနစ်များအဖြစ် သဘာဝပတ်ဝန်းကျင်၏ အရေးပါမှုကို ပြန်လည်အတည်ပြုရန်နှင့် ဌာနေတိုင်းရင်းသားများနှင့် သဘာဝ ပတ်ဝန်းကျင်အကြား ဆက်နွယ်မှု၊ အထူးသဖြင့် ၎င်းတို့၏ ဝိသေသ လက္ခဏာနှင့် ရှင်သန်မှုအတွက် အရေးပါသော အချက်များကို နားလည်သဘောပေါက်စေရန် ရည်ရွယ်သည်။ ဤကဏ္ဍတွင် အောက်ပါတို့ ပါဝင်သည် -

က။ အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားများ ရင်ဆိုင်နေရသော ပြဿနာများနှင့် စိန်ခေါ်မှုများ၊
ခ။ ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်မှ ဌာနေတိုင်းရင်းသားများနှင့် စဉ်ဆက်မပြတ် သစ်တောအသုံးချမှု၊
ဂ။ ဌာနေတိုင်းရင်းသားများက ၎င်းတို့၏ ဒေသများတွင် ရင်ဆိုင်နေရသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဆိုင်ရာ ပြဿနာများနှင့် စိန်ခေါ်မှုများကို လျှော့ချဆောင်ရွက်ပုံများ။

၅.၃.၁ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် စဉ်ဆက်မပြတ် သစ်တောအသုံးချမှု

အများပိုင်သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍတွင် ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုများ ပါဝင်ဆောင်ရွက်နေသည့် နယ်မြေများသည် အလွန်အရေးကြီးသည်။ အကြောင်းမှာ ၎င်းတို့၏ ကြီးမားသော အကျယ်အဝန်း၊ ကာဗွန် အမြောက်အမြားကို ဖမ်းယူသိုလှောင်နိုင်မှု၊ ကြွယ်ဝသော ဇီဝမျိုးစုံမျိုးကွဲများ၊ များပြားလှသော အရင်းအမြစ်များနှင့် ယဉ်ကျေးမှု မျိုးစုံကွဲပြားမှုများကြောင့်သာမက ယဉ်ကျေးမှုနှင့် ကိုက်ညီသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး

နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) ကို ပြည့်မီစေရန်အတွက် အလားအလာကောင်းများရှိခြင်းတို့ကြောင့် ဖြစ်သည်။ ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုပိုင် မြေများတွင် သစ်တောပြုန်းတီးမှုနှင့် သစ်တောအရည်အသွေး လျော့ပါးလာမှုကို လျှော့ချရေးအတွက် ဘက်စုံချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်ခြင်းအားဖြင့် အလွန်အမင်း ဆင်းရဲမွဲတေမှုကို များစွာ လျှော့ချနိုင်မည်ဖြစ်ပြီး၊ စားနပ်ရိက္ခာဖူလုံမှုကို တိုးမြှင့်နိုင်ကာ လူသားတို့၏ ကျန်းမာရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပဋိပက္ခဖြေရှင်းရေးတို့ကို အားပေးကူညီရာရောက်မည်ဖြစ်သည် (FAO နှင့် FILAC, ၂၀၂၁)။

ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုများ၏ နယ်မြေအတွင်းရှိ သစ်တောများသည် ၎င်းတို့ သိုလှောင်ထားရှိသော များပြားလှသည့် ကာဗွန်ပမာဏ၊ အမြစ်များမှတစ်ဆင့် လေထုထဲသို့ စုပ်ထုတ်ပေးသော ရေငွေ့များနှင့် ၎င်းတို့၏ တုံ့ပြန်မှုလွယ်ကူခြင်းတို့ကြောင့် ရပ်ရွာတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကို တည်ငြိမ်စေရန်အလို့ငှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ဤသစ်တောများရှိ သစ်ပင်များသည် ကာဗွန်ကို သိုလှောင်ထားရုံသာမက လေထုထဲမှ ကာဗွန်များကိုလည်း အင်တိုက်အားတိုက် စုပ်ယူပေးကြသည်။ Walker နှင့်အဖွဲ့ (၂၀၂၀) အရ၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အမေဇုန်မြစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားနယ်မြေများမှ ဖမ်းယူထိန်းသိမ်းထားသော ကာဗွန်ပမာဏသည် သစ်တောပြုန်းတီးမှု သို့မဟုတ် အရည်အသွေးကျဆင်းမှုကြောင့် ထိုနယ်မြေများမှ ထွက်ရှိလာသော ကာဗွန်ပမာဏ၏ ၉၀ ရာခိုင်နှုန်းနှင့် ညီမျှသည်။ တစ်နည်းအားဖြင့်ဆိုသော် ဤဌာနေတိုင်းရင်းသားနယ်မြေများတွင် အသားတင် ကာဗွန်ထုတ်လွှတ်မှု မရှိသလောက်ပင် ဖြစ်သည်။

အမေဇုန်မြစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုပိုင်မြေများရှိ သစ်တောအများအပြား ဆုံးရှုံးသွားခြင်းသည် အလှည့်အပြောင်းတစ်ခုကို ဖြစ်ပေါ်စေနိုင်သည်။ သစ်ပင်များ ဖယ်ရှားလိုက်ခြင်းကြောင့် ဒေသတွင်း မိုးရွာသွန်းမှု လျော့နည်းလာပြီး အပူချိန် မြင့်တက်လာသည်။ ရလာဒ်အနေဖြင့် မိုးခေါင်ခြင်းနှင့် တောမီးလောင်ခြင်းတို့ ဖြစ်ပေါ်လာကာ သစ်တောဖုံးလွှမ်းမှုကို ပိုမိုပျက်စီးစေမည့် ဆိုးကျိုးဖြစ်စေသော သံသရာ တစ်ခုကို ဖန်တီးပေးလိမ့်မည်။ ထို့ပြင် မကြာသေးမီ ဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝှမ်း ဖြစ်ပွါးခဲ့သော ကူးစက်ရောဂါများအနက် တိရစ္ဆာန်မှ တစ်ဆင့် ကူးစက်သည့်ရောဂါ အများစုသည် သစ်တောပြုန်းတီးမှုနှင့် သစ်တော အရည်အသွေးကျဆင်းမှုတို့နှင့် ဆက်နွယ်နေသည် (Guégan နှင့်အဖွဲ့၊ ၂၀၂၀)။

ဌာနေတိုင်းရင်းသား နယ်မြေအများအပြားသည် သစ်တောပြုန်းတီးမှုကို ရပ်တန့်ရာတွင် ထိရောက်မှုရှိပြီး အချို့မှာ ဌာနေတိုင်းရင်းသားမဟုတ်သူများ ကာကွယ်ထားသည့် ဘေးမဲ့နယ်မြေများထက်ပင် ပိုမိုထိရောက်ကြသည် (Porter-Bolland နှင့်အဖွဲ့၊ ၂၀၁၂)။ သစ်တောများရှိ ကာဗွန်ကို ထိခိုက်စေသော ဖြစ်စဉ်အားလုံး၏ ပေါင်းစပ်အကျိုးသက်ရောက်မှုများကို စစ်ဆေးခြင်းဖြင့် အခြေအနေအရပ်ရပ်ကို ပိုမိုရှင်းလင်းစွာ နားလည်နိုင်သည်။ ၎င်းတွင် ရှိရင်းစွဲသစ်တောများအတွင်း သစ်ပင်ကြီးထွားမှုအပြင် သစ်တောပြုန်းတီးမှု၊ အရည်အသွေးကျဆင်းမှု၊ ပြန်လည်စိုက်ပျိုးခြင်းနှင့် သစ်တောပြန်လည်ရှင်သန်ခြင်းတို့ ပါဝင်သည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် ၂၀၀၃ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း ဌာနေတိုင်းရင်းသားနယ်မြေများစွာတည်ရှိရာ အမေဇုန်မြစ်ဝှမ်းတစ်ခုလုံး၌ ဌာနေတိုင်းရင်းသားနယ်မြေများအတွင်း သစ်တောပျက်စီးမှုသည် ဌာနေတိုင်းရင်းသားမဟုတ်သူများ၏ ဘေးမဲ့နယ်မြေများအပါအဝင်

အခြားသော နယ်မြေများထက် သိသိသာသာ လျော့နည်းကြောင်း တွေ့ရှိရသည်။ ဌာနေတိုင်းရင်းသားနယ်မြေများသည် အမေဇုန်မြစ်ဝှမ်း၏ ၂၈ ရာခိုင်နှုန်းရှိသော်လည်း ထိုဒေသ၏ ကာဗွန်ထုတ်လွှတ်မှုတွင် ၂.၆ ရာခိုင်နှုန်းသာ ပါဝင်ခဲ့သည် (Walker နှင့်အဖွဲ့၊ ၂၀၂၀)။ ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အမေဇုန်မြစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားနယ်မြေများသည် ၎င်းတို့၏ သစ်တောများတွင် သိုလှောင်ထားသော ကာဗွန်ပမာဏ၏ ၀.၃ ရာခိုင်နှုန်းအောက်သာ ဆုံးရှုံးခဲ့ပြီး၊ တိုင်းရင်းသားမဟုတ်သူများ၏ ဘေးမဲ့နယ်မြေများတွင် ၀.၆ ရာခိုင်နှုန်းနှင့် တိုင်းရင်းသားနယ်မြေလည်းမဟုတ်၊ ဘေးမဲ့နယ်မြေလည်းမဟုတ်သော နေရာများတွင် ၃.၆ ရာခိုင်နှုန်း ဆုံးရှုံးခဲ့သည်။

အလေးထားစရာ - ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများ၏ ရိုးရာအသိပညာနှင့် သစ်တောစီမံခန့်ခွဲမှု

လက်တင်အမေရိကနှင့် ကာရေဘီယံဒေသရှိ ရာသီဥတုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ပတ်သက်၍ အထက်တွင် ဖော်ပြခဲ့သော FAO နှင့် FILAC (၂၀၂၁) တို့၏ လေ့လာမှုအရ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများ၏ ရိုးရာအသိပညာများသည် သစ်တောစီမံခန့်ခွဲမှုအတွက် အဖြေရှာပေးနိုင်ကြောင်း ဖော်ပြထားသည်။ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများ၏ ဘုံစနစ်ဖြင့် စီမံခန့်ခွဲသော နယ်မြေများရှိ သစ်တောများသည် အခြားသော သစ်တောများထက် အဘယ်ကြောင့် ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်သနည်းဟူသော အချက်ကို ရှင်းပြနိုင်သည့် အချက် (၆) ချက်ကို ၎င်းလေ့လာမှုက ဖော်ပြထားသည်။ ၎င်းအချက်များမှာ-

ယဉ်ကျေးမှုဆိုင်ရာ အချက်များနှင့် ရိုးရာအသိပညာများ - ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများတွင် ရှိနေသော အပင်နှင့် သတ္တဝါများ၊ ၎င်းတို့၏ အသုံးဝင်ပုံများ၊ ပိုးမွှားနှင့် ရောဂါများ၊ မီး၊ ရာသီဥတုနှင့် မြေဆီလွှာများဆိုင်ရာ ရိုးရာအသိပညာများသည် သစ်တောစီမံခန့်ခွဲမှုတွင်သာမက အခြေအနေသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုသည်။

စုပေါင်းပိုင်ဆိုင်သော နယ်မြေအခွင့်အရေးများကို အသိအမှတ်ပြုခြင်း - ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများ၏ စုပေါင်းပိုင်ဆိုင်သော နယ်မြေအခွင့်အရေးများကို နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုခြင်းသည် ပြင်ပလူများက သစ်တောများအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခြင်းကို တားဆီးပေးရာရောက်သည်။ ထိုသို့ အသိအမှတ်ပြုခြင်းသည် ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများကို လုပ်ပိုင်ခွင့် ပေးအပ်ခြင်းမျိုးဖြစ်စေပြီး ၎င်းတို့၏ နယ်မြေများကို နယ်နိမိတ်သတ်မှတ်ရန် ကြိုးပမ်းမှုများနှင့် သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ သို့မဟုတ် သစ်ထုတ်လုပ်ရေးကုမ္ပဏီများအား အစိုးရက ထုတ်ပေးထားသော လုပ်ပိုင်ခွင့်များအပေါ် မေးခွန်းထုတ်နိုင်ရန်အတွက်ပါ တရားဝင်ဖြစ်စေသည်။

သစ်တောထိန်းသိမ်းမှုဆိုင်ရာ မက်လုံးပေးမူဝါဒများ - သစ်တောများကို စောင့်ရှောက်သော လူ့အသိုက်အဝန်းများသို့ အစိုးရက ပေးအပ်သော စီးပွါးရေးဆိုင်ရာ အကျိုးကျေးဇူးများသည် သစ်တောများကို မဖျက်ဆီးစေရန် အပိုဆောင်းတွန်းအားတစ်ခု ဖြစ်စေသည်။ ဥပမာအားဖြင့်- မက္ကဆီကိုနိုင်ငံတွင် စဉ်ဆက်မပြတ် သစ်ထုတ်လုပ်မှု

ဆိုင်ရာ ဒေသန္တရသစ်တောမူဝါဒများသည် ဌာနေတိုင်းရင်းသားလူ့အသိုက်အဝန်းများအတွက် များပြားသော ဝင်ငွေများကို ရရှိစေပြီး သစ်တောဖုံးလွှမ်းမှုကို ထိန်းသိမ်းရန်အတွက် တွန်းအားတစ်ရပ် ဖြစ်စေသည်။

မြေအသုံးချမှု ကန့်သတ်ချက်များ - မြေအသုံးချမှု ပြောင်းလဲခြင်းကို ကန့်သတ်ထားသော ဥပဒေများသည် သစ်တောပြုန်းတီးမှု အန္တရာယ်ကို လျော့နည်းစေသည်။

လက်လှမ်းမီရန် ခက်ခဲခြင်းနှင့် စိုက်ပျိုးရေးမှ အကျိုးအမြတ်ရရှိမှု နည်းပါးခြင်း - ယေဘုယျအားဖြင့် စျေးကွက်နှင့် ဝန်ဆောင်မှုများရောက်ရှိရေးအတွက် သွားလာရန် ခက်ခဲသောနေရာများ၊ မြေဆီလွှာ ညံ့ဖျင်းသော နေရာများ၊ မတ်စောက်သော တောင်စောင်းများနှင့် မိုးရေချိန် အလွန်များသော နေရာဒေသများတွင် သစ်တော ပြုန်းတီးမှုနှုန်းမှာ ပုံမှန်အားဖြင့် လျော့နည်းလေ့ရှိသည်။ လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတွင် ထိုကဲ့သို့သော သစ်တောဇီဝဗေဒအများစုမှာ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများ နေထိုင်ရာနေရာများ ဖြစ်သည်။

အရင်းအနှီးနှင့် လုပ်သားရရှိမှု ကန့်သတ်ချက် - ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများတွင် ကြီးမားသော သစ်တောဇီဝဗေဒများကို ရှင်းလင်းရန်၊ ကောက်ပဲသီးနှံစိုက်ပျိုးရန်နှင့် စားကျက်မြေများ ပြုလုပ်ရန် လိုအပ်သော နည်းလမ်းများ မရှိခြင်းသည်လည်း အဆိုပါဒေသများတွင် သစ်တောပြုန်းတီးမှုနှုန်း နည်းပါးရခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးများအတွက် အကြီးစား သစ်တောပြုန်းတီးမှုများ လိုအပ်ပြီး ၎င်းသည် ငွေကြေး သို့မဟုတ် လုပ်သားအင်အား များစွာ ကုန်ကျစေသည်။ ဌာနေတိုင်းရင်းသား လူ့အသိုက်အဝန်းများတွင် ပုံမှန်အားဖြင့် ငွေကြေး သို့မဟုတ် လုပ်သားအင်အား များစွာ မရှိကြပေ။

အာဆီယံ (ASEAN) ဒေသတွင်လည်း အလားတူ ကြိုးပမ်းမှုအချို့ ရှိခဲ့သည်။ ဥပမာအားဖြင့်- မလေးရှားနိုင်ငံတွင် Adam Farhan နှင့် RimbaWatch တို့သည် သစ်တောပြုန်းတီးမှုကို ခွဲခြမ်းစိတ်ဖြာရန် Google Maps နှင့် အခြားသော အများပြည်သူကြည့်ရှုနိုင်သည့် ရင်းမြစ်များကို အသုံးပြု၍ ကြိုးပမ်းခဲ့ကြသည်။ (BFM, ၁၀ မေ၊ ၂၀၂၃, RimbaWatch- ပြည်သူ့သိပ္ပံနှင့် သစ်တောပြုန်းတီးမှုဆိုင်ရာ အချက်အလက်များ)။ Kamal Sf နှင့် Lim VC (၂၀၁၉) တို့က ဘေးမဲ့နယ်မြေများကို ပူးတွဲစီမံခန့်ခွဲရာတွင် ဌာနေတိုင်းရင်းသားများ ထိရောက်စွာ ပါဝင်နိုင်စေရန်အတွက် ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း ဌာနေတိုင်းရင်းသားတို့၏ မြေယာစီမံခန့်ခွဲမှုဖြင့် သစ်တောစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်သော ကာကွယ်မှုပေးနိုင်ကြောင်း သက်သေပြရန်အတွက်မှာမူ အာဆီယံဒေသအတွင်း လုပ်ဆောင်ရန်များစွာ ကျန်ရှိနေပေသေးသည်။ ဤဒေသ၏ အနာဂတ် သစ်တောစီမံခန့်ခွဲမှုကို ပုံဖော်ရာတွင် ထိုကဲ့သို့ မှတ်တမ်းတင်ထားသော/အထောက်အထားပြုထားသော အသိပညာများ အသုံးပြုရန်မှာလည်း အရေးကြီးသည်။ လက်ရှိ အနောက်တိုင်း သိပ္ပံပညာအပေါ် မှီခိုနေမှုတွင် ကန့်သတ်ချက်အချို့ရှိနေပေသည်။ သို့သော်လည်း အာဆီယံဒေသရှိ နိုင်ငံအများအပြားတွင် ထိုကဲ့သို့သော မူဘောင်သည်သာ သစ်တောစီမံခန့်ခွဲမှုဌ် အသုံးပြုနေသည့် သမားရိုးကျ ပုံစံအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။

လေ့လာမှုလုပ်ဆောင်ချက် (၂)

တိုင်းရင်းသားတို့၏ မိရိုးဖလာ မြေယာခင်းများအတွင်းသို့ ကျူးကျော်ဝင်ရောက်ရခြင်း၏ အဖြစ်များသော အကြောင်းရင်းတစ်ခုမှာ အပူပိုင်းမိုးသစ်တောများကို ကုန်ထုတ်လုပ်ငန်းသုံး မြေယာများအဖြစ် ပြောင်းလဲခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့မှာ သစ်ထုတ်လုပ်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ မြေယာဖော်ထုတ်ခြင်း အစရှိသည့် ပုံစံများဖြင့် ရှိနေနိုင်သည်။

ဆက်စပ်ရာ အွန်လိုင်းအရင်းအမြစ်မှ မိမိတို့နိုင်ငံ၏ ဖြစ်ရပ်တစ်ခုကို လေ့လာမှုပြု၍ သစ်တောထိန်းသိမ်းရေး လှုံ့ဆော်စည်းရုံးမှုတွင် ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင်လည်းကောင်း၊ တိုင်းရင်းသားတို့၏ မိရိုးဖလာမြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုလာစေရန် အထောက်အထားအခြေပြုချဉ်းကပ်မှုကို အသုံးပြုခြင်းတွင်လည်းကောင်း၊ နိုင်ငံသားများ၏ ပါဝင်လှုပ်ရှားသည့် အခန်းကဏ္ဍကို ဖော်ထုတ်လေ့လာပါ။

၅.၃.၂ ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို လျော့ချခြင်း

သစ်တောများ

အာရှရှိ ဌာနေတိုင်းရင်းသားများသည် လူမှုအသိုက်အဝန်း၏ ဘေးဖယ်ထားခြင်းခံရသော အခြေအနေ၊ အခွင့်အရေးများကို ငြင်းပယ်ခံရခြင်းနှင့် ၎င်းတို့၏ ရိုးရာဓလေ့များအပေါ် လေးစားမှုမရှိခြင်းတို့ကြောင့် အရင်းအမြစ်များ အလွယ်တကူ ဆုံးရှုံးနေကြပြီး သြဇာအာဏာကြီးမားသူများ၏ အမြတ်ထုတ်ခြင်းကို ခံနေကြရသည်။ သို့သော် ၎င်းတို့သည် အခက်အခဲများရှေ့တွင် ခေါင်းငုံကာ ငြိမ်ခံနေကြသူများ မဟုတ်ကြပေ။

ပါကစ္စတန်မှသည် ပစိဖိတ်ကျွန်းစုများအထိ အာရှ-ပစိဖိတ်ဒေသရှိ သစ်တောများတွင် နေထိုင်ကြသော ကွဲပြားသည့် မျိုးနွယ်စုများသည် ဒေသတွင်း ကမ္ဘာ့စျေးကွက် ကျူးကျော်လာမှု၊ မြေယာဆုံးရှုံးမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့် စီးပွါးရေးနှင့် ယဉ်ကျေးမှုအရ ဆင်းရဲနွမ်းပါးလာမှုတို့အပေါ် တုံ့ပြန်မှုအသစ်များကို ဖော်ဆောင်နေကြသည်။ ဤဒေသ၌ ၎င်း၏ သစ်တောဖုံးလွှမ်းမှု ထက်ဝက်ကျော် ဆုံးရှုံးခဲ့ရပြီး၊ ရလဒ်အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ သိသိသာသာ လျော့နည်းလာခြင်း၊ ခန့်မှန်းရခက်ပြီး ပိုမိုဆိုးရွားပြင်းထန်သော ရေကြီးမှုနှင့် မိုးခေါင်မှုများ ဖြစ်ပေါ်ခြင်း၊ မြေဆီလွှာနှင့် စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း၊ တောမီးလောင်နိုင်ခြေများ ပိုမိုမြင့်မားလာခြင်းတို့ ဖြစ်ပေါ်နေသည်။

၁၉၉၇ ခုနှစ် နှင့် ၁၉၉၈ ခုနှစ်များတွင် ဖြစ်ပွါးခဲ့သော တောမီးများသည် အဓိကအားဖြင့် အင်ဒိုနီးရှားနိုင်ငံရှိ သစ်တောဇရိယာ ဟက်တာသန်းပေါင်းများစွာကို ပျက်စီးစေခဲ့ပြီး၊ ၎င်းမှာ ယခင်က ဖြစ်ပွားခဲ့ဖူးသော မီးလောင်မှုများအတိုင်း ထပ်မံဖြစ်ပွားခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်များတွင် အာရှအစိုးရများသည် ထိုမီးလောင်မှုများအတွက် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများကို အပြစ်တင်ခဲ့ကြသော်လည်း၊ ယခုတစ်ကြိမ်တွင် ဂြိုဟ်တုဓာတ်ပုံများအရ အင်ဒိုနီးရှားရှိ တောမီးအများစုမှာ အစိုးရ၏ လူဦးရေရွှေ့ပြောင်းနေရာချထားရေး အစီအစဉ်နှင့်

အကြီးစားစိုက်ခင်းများ တည်ထောင်ရန်အတွက် မြေယာရှင်းလင်းခြင်း လုပ်ငန်းများမှ စတင်ခဲ့ကြောင်း သက်သေပြနိုင်ခဲ့သည်။ အစိုးရဝန်ကြီးများက သစ်တောနေလူထုသည် ယခင်က ထိုကဲ့သို့သော မီးလောင်မှုများအတွက် မတရားအပြစ်တင်ခံခဲ့ရသည်ကို အသိအမှတ်ပြုခဲ့ကြပြီး၊ မီးလောင်မှုတွင် ပါဝင်ပတ်သက်နေသော ကုမ္ပဏီ (၁၇၆) ခု ၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။ မလေးရှားဝန်ကြီးချုပ် မဟာသီယာကလည်း ပါဝင်ပတ်သက်သည့် မလေးရှားစိုက်ခင်းကုမ္ပဏီများ၏ အမည်ကို လူသိရှင်ကြား ထုတ်ဖော်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော်လည်း တောမီးလောင်မှုကြောင့် ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်သည့် ရေရှည်ဆိုးကျိုးများအရေး ဆွေးနွေးမှုများမှာမူ အလွန်နည်းပါးခဲ့သည်။

ဖြတိသျှနှင့် ဒတ်ချ်ကိုလိုနီနယ်ချဲ့သမားများ လက်ထက်တွင် ဖော်ဆောင်ခဲ့သော "သိပ္ပံနည်းကျ သစ်တော လုပ်ငန်း" သည် သစ်တောဌာနများက စီမံခန့်ခွဲသည့် သစ်တောကြိုးဝိုင်းများ ဖြစ်ပေါ်လာစေပြီး မျိုးနွယ်စုများ၏ အခွင့်အရေးများကို ကန့်သတ်ပိတ်ပင်ခဲ့သည်။ ယနေ့အချိန်တွင် သစ်တောဌာနများသည် အိန္ဒိယနိုင်ငံ၏ နယ်မြေ ၂၂ ရာခိုင်နှုန်း (ဌာနေတိုင်းရင်းသားများ အသိပ်သည်းဆုံး နေထိုင်သည့်နေရာများ)၊ အင်ဒိုနီးရှားနိုင်ငံ မြေယာ၏ ၇၄ ရာခိုင်နှုန်း ကို ထိန်းချုပ်ထားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သစ်တောကြိုးဝိုင်းများသည် နိုင်ငံ၏ ၅၅ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး ဌာနေတိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်နယ်မြေအားလုံးနီးပါး ပါဝင်နေသည်။ ထိုင်းနိုင်ငံတွင် သစ်တောဌာနမှ စီမံခန့်ခွဲသော နိုင်ငံ၏ ၄၀ ရာခိုင်နှုန်း၌ “တောင်ပေါ်သား လူမျိုးစု" များ၏ နေရပ်ဒေသ အားလုံးနီးပါး ပါဝင်နေသည်။

"သိပ္ပံနည်းကျ သစ်တောလုပ်ငန်း" သည် သစ်တောများကို ဆိုးရွားစွာ ပျက်စီးပြုန်းတီးစေခဲ့သည်။ အကြီးစား သစ်ထုတ်လုပ်ရေး ကုမ္ပဏီများသည် ခေါင်းပုံဖြတ်မှုကို ထိန်းချုပ်နိုင်သော အစိုးရများ၏ လုပ်ကိုင်နိုင်စွမ်း သို့မဟုတ် ဟန့်တားလိုစိတ်ထက် ကျော်လွန်အားကောင်းနေခဲ့သည်။ သတ္တုတူးဖော်ရေး၊ ရေအားလျှပ်စစ်နှင့် အခြားသော ဖွံ့ဖြိုးရေးစီမံကိန်းများသည်လည်း သစ်တောနေလူထုကို နေရပ်စွန့်ခွာစေခဲ့ပြီး ဇရိယာအကျယ်အဝန်း အတော်များများကို ရေလွှမ်းမိုးခြင်းနှင့် ပျက်စီးစေခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ခြင်းကြောင့် နယ်မြေသစ်တွင် လာရောက်အခြေချနေထိုင်သူများရှိလာပြီး ဌာနေတိုင်းရင်းသားနယ်မြေများအတွင်းသို့ ဝင်ရောက်နေထိုင်စေရန် အားပေးသကဲ့သို့ ဖြစ်စေခဲ့ပြီး၊ စိုက်ခင်းများ တိုးချဲ့ခြင်းကြောင့်လည်း ဌာနေတိုင်းရင်းသားမြေယာများကို ကျယ်ကျယ် ပြန့်ပြန့် သိမ်းပိုက်ခြင်းမျိုးဖြစ်စေသည်။ သစ်တောများကို ကာကွယ်ရန် တည်ထောင်ထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဇုန်များသည်လည်း ဌာနေတိုင်းရင်းသားတို့၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများကို ပိုမိုဖွဲ့ထုတ်ပစ်သကဲ့သို့ ဖြစ်ခဲ့ရသည်။

စက်မှုလုပ်ငန်းသုံး အကြီးစားစီမံကိန်းများကြောင့် ပြန်လည် နေရာချထားရေး အစီအစဉ်များနှင့်အတူ ပြန့်ကျဲနေထိုင်လေ့ရှိတတ်သော ဌာနေတိုင်းရင်းသား အသိုက်အဝန်းများကို အစိုးရ၏ ကြီးကြပ်မှု အောက်တွင် စုစည်းထိန်းချုပ်ရန် ကြိုးပမ်းလာခဲ့သည်၊ ထို့အတူ အခြားနေရာများမှ လူများ ပြောင်းရွှေ့ဝင်ရောက်လာခြင်းများလည်း အလားတူ ပေါ်ပေါက်လာလေ့ရှိသည်။ ထိုကဲ့သို့သော အစီအစဉ်များသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ဌာနေတိုင်းရင်းသားမြေယာများအပေါ် ပစ်မှတ်ထားခဲ့သည်။ ဌာနေတိုင်းရင်းသားများသည် ဈေးကွက်စီးပွါးရေးစနစ်၏ လျင်မြန်စွာ ထိုးဖောက်ဝင်ရောက်လာမှုကိုလည်း ကြုံတွေ့ခဲ့

ရပြီး၊ ငွေကြေးတန်ဖိုးအပေါ် အလေးထားလာမှုကြောင့် မျှဝေခြင်း၊ ဖလှယ်ခြင်းနှင့် အပြန်အလှန် ကူညီရိုင်းပင်းခြင်း ဆိုင်ရာ ရိုးရာဓလေ့များ ပျက်စီးခဲ့ရသည်။ မြေယာစျေးကွက်များ ပေါ်ပေါက်လာခြင်းသည် နိုင်ငံရေးအရ အဆက်အသွယ်မရှိသူများနှင့် ငွေကြေးကိုင်တွယ်မှု အတွေ့အကြုံမရှိသူများအတွက် ပြင်းထန်သော ပြဿနာများကို တွေ့ကြုံစေခဲ့သည်။ ၎င်းတို့၏ လူ့အသိုက်အဝန်းများသည် ပိုမိုအကြပ်အတည်းဖြစ်လာပြီး ပြင်ပလူများ၏ ဥပဒေရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖိအားပေးမှုများကို တွေ့ကြုံခံစားရခြင်းကြောင့် အမျိုးသမီးများအတွက် ပိုမိုခက်ခဲသောပင်ပန်းမှုများနှင့် တွေ့ကြုံခံစားခဲ့ကြရသည် (Minority Rights Group International, ၁၉၉၉)။

ပင်လယ်

ဝေးလံခေါင်ဖျားသော နေရာများတွင် နေထိုင်ကြခြင်းနှင့် အသိပညာဗဟုသုတ နည်းပါးခြင်းတို့ကြောင့် ကလေးငယ်များ၏ မွေးဖွားမှုကို မှတ်ပုံတင်ထားလေ့ မရှိကြပေ။ ရလဒ်အနေဖြင့် ၎င်းတို့တွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ အထောက်အထားများ မရှိကြဘဲ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင် အခြေခံ အခွင့်အရေးများ ဆုံးရှုံးနေကြရသည်။ ဌာနေတိုင်းရင်းသားများအတွက် လွတ်လပ်စွာ သွားလာခွင့်၌လည်း ကန့်သတ်ချက်များ ရှိနေသည်။ ဒေသန္တရအာဏာပိုင်များကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသူများပင် မရောက်ရှိနိုင်သည့် အဆိုပါ ထိခိုက်လွယ်သော လူ့အသိုက်အဝန်းများသို့ မည်သည့် အကူအညီမျိုးကိုမျှ ပေးအပ်ခြင်း မရှိကြပေ။ ထို့အပြင် ၎င်းတို့သည် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ခွဲခြားဆက်ဆံအခံရဆုံးသော အုပ်စုများထဲတွင် ပါဝင်နေသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် အဆိုပါအုပ်စုများသည် ၎င်းတို့၏ မူရင်းနိုင်ငံဟု ယူဆရသော ဖိလစ်ပိုင်နိုင်ငံသို့ အဓမ္မပြန်လည်နှင်ထုတ်ခံရမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။

ဘာဂျောင်လောက် (Bajau Laut) လူမျိုးများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်းအတွက် အလွန်တန်ဖိုးရှိသော နယ်မြေများအတွင်း နေထိုင်ကြသည်။ ရလဒ်အနေဖြင့် ၎င်းတို့အပေါ် ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အာဏာပိုင်များက အမျိုးမျိုးသော ကန့်သတ်ချက်များ ချမှတ်ထားသည်။ ဤအချက်သည် နိုင်ငံမဲ့ကလေးငယ်များ၏ ပညာသင်ကြားခွင့်ကို ပိုမိုထိခိုက်စေသည်။ ၂၀၁၅ ခုနှစ်တွင် **Iskul Sama DiLaut Omadal** အမည်ရှိ လူထုအခြေပြု အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့ပြီး ကလေးငယ်များအား အဓိကအားဖြင့် စာရေးစာဖတ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အလေ့အကျင့်များနှင့် မလေးရှား ဘဟာစာ ဘာသာစကား သင်ကြားပေးခြင်းတို့ကို လုပ်ဆောင်ပေးသည်။ ထိုကျောင်းသည် အတန်းတစ်တန်းလျှင် ဘာဂျောင်လောက် ကလေးငယ် ၃၀ ဦးအထိ အခမဲ့ ကျွေးမွေးပံ့ပိုးပေးထားသည်။ ကျွန်းပေါ်ရှိ အမျိုးသမီးများသည်လည်း ကလေးများ၏အစားအစာများကို ပြင်ဆင်ချက်ပြုတ်ပေးခြင်းဖြင့် ဝင်ငွေရရှိကြသည် (Spearman, ၂၀၂၃)။

ရာသီဥတု အကျပ်အတည်း

အရှေ့တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကမ္ဘာပေါ်တွင် အခံရဆုံးသော ဒေသများထဲတွင် ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းရှိ လူဦးရေအများစုနှင့် စီးပွါးရေးလုပ်ငန်းများသည် ရှည်လျားသော

ကမ်းရိုးတန်းများတွင် စုပြုံနေကြပြီး၊ စီးပွါးရေးမှာလည်း စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတများအပေါ်တွင်သာ အဓိက မှီခိုနေရသောကြောင့် ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှု တစ်ခုက "အရေးယူဆောင်ရွက်မှုများ မပြုလုပ်ပါက ဤဒေသသည် ကမ္ဘာ့အခြားနေရာများထက် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားရဖွယ်ရှိသည်" ဟု ကောက်ချက်ချခဲ့သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမည့် ခန့်မှန်းချက်များသည် ကမ်းရိုးတန်းမြို့ကြီးများနှင့် မြစ်ဝကျွန်းပေါ် စိုက်ပျိုးရေးမြေများတွင် နေထိုင်ကြသော သန်းပေါင်းများစွာသော ပြည်သူများအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေသည်။ ၂၀၁၇ ခုနှစ် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ အစိုးရချင်း ချိတ်ဆက်ထားသော အဖွဲ့ (IPCC) ၏ စတုတ္ထအကြိမ်မြောက် အကဲဖြတ်အစီရင်ခံစာအရ အရှေ့တောင်အာရှဒေသ အများစုတွင် မိုးရေချိန် ပိုမိုများပြားလာပြီး အကြီးအကျယ် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးမှုများ ပိုမိုဖြစ်ပွားနိုင်ကာ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ပြင်းထန်သော လေပြင်းများ တိုက်ခတ်ခြင်းကိုလည်း ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

အရှေ့တောင်အာရှသည် အယ်လ်နီညို-တောင်ပိုင်းလှိုင်း (El Niño-Southern Oscillation - ENSO) ဖြစ်စဉ်ကြောင့် လက်ရှိ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားလာခဲ့ရပြီဖြစ်သည်။ အနာဂတ်တွင် ENSO ဖြစ်စဉ်သည် ပိုမိုအကြိမ်ရေများလာပြီး ပိုမိုပြင်းထန်လာမည်ဟု ခန့်မှန်းထားကာ၊ ၎င်း၏ ရလဒ်အနေဖြင့် ကာလရှည် မိုးခေါင်ခြင်း၊ သီးနှံများ ပျက်စီးခြင်းနှင့် ယခင်ကထက် ပိုမိုကြီးမားသော တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာနိုင်သည်။

ဤဒေသရှိ ဌာနေတိုင်းရင်းသား အများအပြားအတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် လက်တွေ့ကြုံတွေ့နေရသော အရှိတရား ဖြစ်သည်။ မမျှတသော မိုးရေချိန်နှင့် ပိုမိုကြာရှည်သော မိုးခေါင်မှုများက စိုက်ပျိုးမြေနှင့် စားကျက်မြေများ၏ အထွက်နှုန်းကို လျော့ကျစေပြီး၊ မုန်တိုင်းနှင့် ရေကြီးမှုများက သီးနှံနှင့် အိမ်ခြေများကို ဖျက်ဆီးကာ၊ ပင်လယ်ရေအပူချိန် မြင့်တက်လာခြင်းက သန္တာကျောက်တန်းများကို ပျက်စီးစေသောကြောင့် ငါးများဖမ်းဆီးကာ ရောင်းဝယ်ဖောက်ကားနိုင်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့အပြင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမည့် ခန့်မှန်းချက်များသည် ကမ်းရိုးတန်းနှင့် ကျွန်းငယ်လေးများပေါ်တွင် နေထိုင်သော လူ့အသိုက်အဝန်းများအတွက် ကြီးမားသော ခြိမ်းခြောက်မှု ဖြစ်စေသည်။ ဌာနေတိုင်းရင်းသားများ၏ မတူကွဲပြားပြီး ကြုံကြံခံနိုင်မှုရှိသော အသက်မွေးဝမ်းကျောင်းမှုစနစ်များက ၎င်းတို့အား ခက်ခဲသော ပတ်ဝန်းကျင်များတွင် ရှင်သန်စေနိုင်ခဲ့သော်လည်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ အရှိန်အဟုန်မှာမူ ဌာနေတိုင်းရင်းသားတို့၏ လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်စွမ်းကို စမ်းသပ်လျက်ရှိသည်။ ထို့အပြင် ဒေသတွင်းရှိ ဌာနေတိုင်းရင်းသား လူ့အသိုက်အဝန်းများ၌ စားနပ်ရိက္ခာနှင့် သောက်သုံးရေ ဖူလုံမှုမရှိခြင်းများက ပိုမိုဆိုးရွားလာခြင်း၊ ရေနှင့် ပိုးမွှားများမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ တိုးပွားလာခြင်း၊ ဖျက်ဆီးတတ်သော ပိုးမွှားပြဿနာများ ပိုမိုကြုံတွေ့နေရကြောင်း အစီရင်ခံထားကြသည်။

ဌာနေတိုင်းရင်းသားများသည် ကမ္ဘာပေါ်တွင် ဘေးဖယ်ထားခြင်းခံရဆုံး၊ အဆင်းရဲဆုံးနှင့် ထိခိုက်လွယ်မှုအများဆုံး သူများ ဖြစ်ကြသည့်အတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တုံ့ပြန်နိုင်မည့်အရင်းအမြစ်များ ရရှိနိုင်မှုမှာ အလွန် နည်းပါးသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများအတွက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် စီးပွါးရေး

အကြပ်အတည်းချည်းသက်သက်သာမက သဘာဝတရား၊ စိုက်ပျိုးရေးစက်ဝန်းတို့နှင့် အစဉ်အဆက် ဆက်နွယ်နေသော ရိုးရာအသက်မွေးဝမ်းကျောင်းမှုများနှင့် ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုများအပေါ် ပျက်စီးစေနိုင်သည့် ခြိမ်းခြောက်မှုလည်း ဖြစ်နေပြန်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ဌာနေတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်း စနစ်များကို ထိခိုက်စေရုံသာမက အခြားသော ပြဿနာများစွာကိုလည်း ဖြစ်စေသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တုံ့ပြန်ရန် အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရေးဆွဲထားသော လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အစီအစဉ်အများအပြား _ ဥပမာ- ဇီဝလောင်စာစိုက်ခင်းများ တိုးချဲ့ခြင်း၊ သန့်ရှင်းသော ဖွံ့ဖြိုးတိုးတက်ရေး ယန္တရားအောက်တွင် ဆည်များ တည်ဆောက်ခြင်း၊ နျူကလီးယားစွမ်းအင်အတွက် ယူရေနီယံ ထုတ်ယူခြင်းနှင့် ဌာနေတိုင်းရင်းသားတို့၏ သဘောတူညီချက်မပါဘဲ ၎င်းတို့၏ သစ်တောများကို REDD အစီအစဉ်တွင် ထည့်သွင်းခြင်းသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို တိုက်ရိုက်ချိုးဖောက်နေလေ့ရှိသည် (IWGIA နှင့် AIPP, ၂၀၁၁)။

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - ဘေးမဲ့နယ်မြေများအား ပူးတွဲစီမံခန့်ခွဲရာ၌ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခန်းကဏ္ဍ

- ဘေးမဲ့နယ်မြေများအား ပူးတွဲ စီမံခန့်ခွဲရာ၌ ဌာနေတိုင်းရင်းသားလူမျိုးများသည် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်ပါသလား?
- ဌာနေတိုင်းရင်းသားလူမျိုးတို့၏အခွင့်အရေးကို အသိအမှတ်ပြုခြင်းက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းနိုင်သော အဖြေများ ပံ့ပိုးပေးနိုင်ခြင်း ရှိ/မရှိကို ဖြစ်ရပ်တစ်ခုအား ကောက်နုတ်ဖော်ပြပြီး ဆွေးနွေးပါ။
- ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို ရင်ဆိုင်ရန် နည်းပညာများကို မည်သို့ အသုံးပြုနိုင်ပါသနည်း?

၅.၄ တရားမျှတမှုနှင့် အားလုံးပါဝင်နိုင်မှု

ဤကဏ္ဍတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ယန္တရားများနှင့် ၎င်းတို့အတွက် တရားမျှတမှု လက်လှမ်းမီ ရရှိနိုင်မည့် အခြေအနေများကို နားလည်သဘောပေါက်စေရန် ဖော်ပြထားသည်။ ယင်းတွင် နိုင်ငံတော်တရားရုံးများနှင့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များ၏ အခန်းကဏ္ဍ၊ ဌာနေတိုင်းရင်းသားများ၏ (ကိုယ်ပိုင်) တရားစီရင်ရေးစနစ်များကို အသိအမှတ်ပြုခြင်းတို့အကြောင်း ထည့်သွင်းစဉ်းစားထားသည်။ ထို့ပြင် အရှေ့တောင်အာရှဒေသတွင်းရှိ ဌာနေတိုင်းရင်းသားများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ မေးခွန်းများကိုလည်း နားလည်နိုင်ရန် ကြိုးပမ်းထားသည်။

ဌာနေတိုင်းရင်းသားအနွယ်ဝင် လူမျိုးစုများနှင့် အစိုးရ၏ အစီအစဉ်များက နစ်နာမှုများကို ဖြေရှင်းရန်အတွက် ဘက်လိုက်မှုမရှိသော လုပ်ထုံးလုပ်နည်းတစ်ခု ဖော်ဆောင်ရေးအလို့ငှာ နှစ်ပေါင်း ၇၀ နီးပါး တောင်းဆိုခဲ့ကြသည်။ အဖွဲ့အစည်းဆိုင်ရာ နှီးနွယ်အကျိုးစီးပွား ပွတ်တိုက်မှုများကို ဖယ်ရှားရန်၊ နစ်နာမှုများအတွက် တရားမျှတမှုရှိပြီး ဘက်လိုက်မှုကင်းစွာ ဖြေရှင်းပေးနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ လွတ်လပ်သော/အမှီအခိုကင်းသော ယန္တရားတစ်ခုတည်ထောင်ခြင်းပင် ဖြစ်သည်။

ထိုကဲ့သို့ လွတ်လပ်သော/အမှီအခိုကင်းသော လုပ်ထုံးလုပ်နည်းတစ်ခု ဖော်ဆောင်ရန်မှာ အချိန်ယူရမည်ဖြစ်ပြီး ဌာနေတိုင်းရင်းသားအနွယ်ဝင် လူမျိုးစုများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ထိုအတော အတွင်း နိုင်ငံတိုင်းသည် လွတ်လပ်မှုနှင့် စစ်မှန်သော နိုင်ငံအချင်းချင်း မဟာမိတ်ပြုမူဆီသို့ ဦးတည်သော အသွင်ကူးပြောင်းရေးကို အထောက်အကူပြုသည့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းများဖြင့် ကူညီဆောင်ရွက်ပေး နိုင်သည်။ လုပ်ဆောင်နိုင်သည့် အဓိကအရေးပါအချက်များအနေဖြင့် ဌာနေတိုင်းရင်းသားရေးရာ ဥပဒေများနှင့် ဥပဒေရေးရာ လုပ်ထုံးလုပ်စဉ်များကို ပေါင်းစပ်နိုင်ရန် သုတေသနပြုလုပ်ခြင်း၊ ခုံရုံး၏ လုပ်ထုံးလုပ်နည်းများနှင့် အာဏာကို ပံ့ပိုးပေးခြင်း၊ နှင့် သတင်းအချက်အလက်များကို တရားမျှတစွာ လက်လှမ်းမီရယူနိုင်ခွင့်ရှိစေခြင်းတို့ ပါဝင်သည်။ ဤသို့ စီစဉ်ဆောင်ရွက်သည့်အခါ ဌာနေတိုင်းရင်းသားများ၏ ကိစ္စရပ်များကို အထူးတလည် ကိုင်တွယ် ဆောင်ရွက်ရန်အလို့ငှာ ကုလသမဂ္ဂက အဖွဲ့အစည်း သုံးခုကို ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ အမြဲတမ်းဖိုရမ်၊ ဌာနေတိုင်းရင်းသား များ၏ အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများပါရှိသည့် ယန္တရား၊ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တို့ ဖြစ်ကြသည်။

ဌာနေတိုင်းရင်းသား လူမျိုးစုများသည် အခွင့်အရေးများ၏ တရားဝင် ရပိုင်ခွင့်ရှိသူများဖြစ်သည့်အတွက် မည်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင်မဆို ကဏ္ဍစုံမှ အပြည့်အဝနှင့်တန်းတူညီမျှ ပါဝင်ရမည်ဖြစ်သည်။ **UNDRIP** (ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း) က ဤကဲ့သို့သော တန်းတူညီမျှမှုအပေါ်တွင် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ယင်းမှာ စစ်မှန်သော နိုင်ငံအချင်းချင်း ဆက်ဆံရေး၏ အခြေခံအုတ်မြစ်လည်း ဖြစ်သည်။ လွတ်လပ်သော/အမှီအခိုကင်းသော လုပ်ငန်းစဉ်တစ်ခုကို တည်ထောင်နိုင်ခြင်း မရှိပါဘဲ၊ နိုင်ငံများအကြား တန်းတူညီမျှသော မဟာမိတ်ပြုမူကို မဖော်ဆောင်နိုင်ပါက၊ သမိုင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့်မတရားမှုများကို ပြုပြင်နိုင်မည် မဟုတ်ချေ (OHCHR, ၂၀၁၃)။

၅.၄.၁ အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း

မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံသည် မလေး ပန်နီဆူလားကျွန်းဆွယ်ပေါ်ရှိ ပြည်နယ်များစွာဖြင့် ဖွဲ့စည်းထားပြီး ဘော်နီယိုကျွန်း ပေါ်ရှိ အရှေ့မလေးရှား ပြည်နယ်နှစ်ခုဖြစ်သော ဆာရာဝတ်ခ် နှင့် ဆာဘားတို့လည်း ပါဝင်ပြီး ပန်နီဆူလား ကျွန်းဆွယ် နှင့် ဘော်နီယိုကျွန်း နှစ်ခုစလုံး၌ ဌာနေတိုင်းရင်းသားများစွာ နေထိုင်ကြသည်။ ၎င်းတို့သည် ပြည်နယ် တစ်ခုစီ၏ မတူညီသော ဥပဒေများအောက်တွင် ရှိနေကြပြီး မတူညီသော လူနေမှုဘဝ အခြေအနေများလည်း ရှိနေကြသည်။ မလေးပန်နီဆူလားကျွန်းဆွယ်တွင် ၁၉၅၄ ခုနှစ် တိုင်းရင်းသားလူမျိုးများဆိုင်ရာ အက်ဥပဒေ

(အမှတ် ၁၃၄) အရ အိုရန်းအက်စလီ (Orang Asli) လူမျိုးများ အစဉ်အလာအရ နေထိုင်လာခဲ့သည့် မြေယာနှင့် နယ်မြေများအပေါ် ပိုင်ဆိုင်ခွင့်အား အတည်ပြုပေးထားခြင်း မရှိပေ။ သို့သော်လည်း အိုရန်းအက်စလီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ၎င်းတို့၏ မိရိုးဖလာ မြေယာများအပေါ် ပိုင်ဆိုင်ခွင့်ရှိသည်ဟု တရားရုံးများက ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဥပဒေ အရ အကာအကွယ်ပေးမှုအပိုင်းတွင် တိုးတက်မှုအချို့ ရှိလာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဖက်ဒရယ်တရားရုံး တရားသူကြီးတစ်ဦးက အိုရန်းအက်စလီတို့၏ ဓလေ့ထုံးတမ်း အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များသည် ကျမ်းကျိန်လွှာ များဖြင့်သာ ဆုံးဖြတ်၍မရဘဲ တရားရုံးတွင် စစ်ဆေးစီရင်ရမည့်ကိစ္စဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည် (Nambiar, ၂၀၂၂)။ ဤဆုံးဖြတ်ချက်သည် အိုရန်းအက်စလီတို့၏ ခုခံနိုင်စွမ်းနည်းပါးမှုကို လျော့ချပေးပြီး ၎င်းတို့၏ မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်ကို ဥပဒေအကာအကွယ်အချို့ ပံ့ပိုးပေးနိုင်ခဲ့သည်။ မြေယာအရေးသည် ပဋိပက္ခဖြစ်ပွါးလေ့ရှိသည့် အကြောင်းအရာဖြစ်ပြီး ထိုပဋိပက္ခသည် ဖက်ဒရယ်နှင့် ပြည်မ ခွဲခြားမှုများအကြား ပိုမိုရှုပ်ထွေးခဲ့သည်။ အိုရန်းအက်စ်လီ တို့၏ နယ်မြေများသည် သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း သို့မဟုတ် စိုက်ပျိုးရေးခြံကြီးများ အဖြစ် မြေပြောင်းလဲအသုံးပြုရေးတို့အတွက် သဘာဝသယံဇာတ ကြွယ်ဝသည့်နေရာများ ဖြစ်ကြသည်။ မြေယာကို ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝင်ငွေရရှိနိုင်မည့် အရင်းအမြစ်တစ်ခုအဖြစ်လည်း ရှုမြင်လေ့ရှိကြသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာမြေယာများကို အသိအမှတ်ပြုရေးကိစ္စရပ်သည် ပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များအပေါ် အစိုးရနှင့် အားပြိုင်နေရသော ကိစ္စရပ်တစ်ခုလည်း ဖြစ်သည်။ Nicholas (၂၀၀၀) နှင့် Y. Subramaniam (၂၀၁၃) တို့သည် မိရိုးဖလာ မြေယာများအပေါ် အားပြိုင်မှု၊ သဘာဝသယံဇာတ ရယူသုံးစွဲနိုင်မှု၊ ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ဥပဒေရေးရာ ကိစ္စရပ်များနှင့် မိရိုးဖလာမြေယာကို ဥပဒေဘောင်အတွင်း သတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ အသီးသီး အကျယ်တဝင့် ရေးသားခဲ့ကြသည်။

ဆာဘားနှင့် ဆာရာဝတ်ခ် ပြည်နယ်များတွင် ဌာနေတိုင်းရင်းသားများ အခြေချနေထိုင်ပြီး စိုက်ပျိုးလုပ်ကိုင်နေသည့် မြေယာများနှင့်ပတ်သက်၍ ၎င်းတို့တွင် ဌာနေရင်း ဓလေ့ထုံးတမ်း အခွင့်အရေးများရှိကြောင်း ဥပဒေက အသိအမှတ်ပြုထားသည်။[၂] ထိုအခွင့်အရေးများသည် ပိုင်ဆိုင်ခွင့် အဆင့်အထိ မရောက်ရှိသော်လည်း ဌာနေတိုင်းရင်းသားများအနေဖြင့် မိမိတို့၏ မြေယာများအပေါ် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ခွင့်ရရှိစေရန် လိုက်လျောညီထွေရှိသော စီစဉ်ဆောင်ရွက်မှုတစ်ခုအတွက် အခြေခံဖြစ်စေသည်။ ဆာဘားနှင့် ဆာရာဝတ်ခ်တို့တွင် ဤအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ် ဖြစ်သော်လည်း ဌာနေတိုင်းရင်းသားများအပေါ် သမိုင်းတစ်လျှောက် ခွဲခြားဆက်ဆံမှုပုံစံများမှာ ဆက်လက်ဖြစ်ပေါ်လျက်ပင် ရှိနေသေးပေသည်။ မြေယာအခွင့်အရေးဆိုင်ရာ အထက်အောက် အဆင့်သတ်မှတ်ရာတွင် ဌာနေရင်း ဓလေ့ထုံးတမ်း အခွင့်အရေးများသည် နိုင်ငံတော်၏ အခွင့်အရေးများထက် နိမ့်ကျသည်ဟု ယူဆထားဆဲဖြစ်ရာ အစိုးရအနေဖြင့် ထိုအခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။ ဌာနေတိုင်းရင်းသားနှင့် ဌာနေမဟုတ်သူများအကြား

[၂] Land Ordinance ၁၉၃၀ (Sabah, Malaysia) ပုဒ်မ-၁၅; Land Code ၁၉၅၈ (Sarawak, Malaysia) ပုဒ်မ - ၅.

မြေယာအခွင့်အရေးအပေါ် ဤသို့မညီမျှစွာ ဆက်ဆံခြင်းသည် လူမျိုးရေးခွဲခြားမှုပုံစံများ အလုံးစုံ ပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICERD) နှင့် ဆန့်ကျင်ကွဲလွဲနေလေသည်။

မလေးရှား ပန်နီဆူလားကျွန်းဆွယ်တွင် ဌာနေလူမျိုးများဆိုင်ရာ အက်ဥပဒေ (Aboriginal Peoples Act – APA) သည် မလေးရှားကျွန်းဆွယ်ရှိ ဌာနေလူနည်းစုအုပ်စုများ (အိုရန်းအက်စ်လီဟု ခေါ်ဆိုသူများ) နှင့် ပတ်သက်သည့် ဥပဒေဘောင်အဖြစ် ပံ့ပိုးပေးထားသည်။ Y. Subramamiam (၂၀၁၃) က APA အား ၎င်းတို့၏ ကာကွယ် စောင့်ရှောက်ရေးနှင့် တိုးတက်ရေးတို့အတွက် ပြဋ္ဌာန်းချက်များပါရှိသည့် အထူးအခွင့်အရေးပေး ဆောင်ရွက်မှု (Affirmative action) တစ်ခုအဖြစ် ဖော်ပြခဲ့သည်။ သို့သော်လည်း လက်တွေ့တွင်မူ APA သည် အစိုးရအနေဖြင့် မည်သည့်လူ့အဖွဲ့အစည်းကိုမဆို လျော်ကြေးပေးရန်မလိုဘဲ ၎င်းတို့နေထိုင်ရာမြေယာများမှ ထွက်ခွာသွားရန် အမိန့်ပေးပိုင်ခွင့် အာဏာကိုသာ အပ်နှင်းထားသည့်သဘောရှိသည်။[၃] ဌာနေတိုင်းရင်းသားနှင့် ဌာနေမဟုတ်သူများ ၏ မြေယာအခွင့်အရေးအတွက် စနစ်နှစ်မျိုးဖြစ်နေခြင်းက ရှုပ်ထွေးမှုများကိုဖြစ်ပေါ်စေပြီး ဌာနေတိုင်းရင်းသားများ ၏ အခွင့်အရေးများအပေါ် ထပ်မံချိုးဖောက်ရန် လမ်းစဖြစ်စေသည်။ ဥပမာအားဖြင့် ၁၉၃၀ ခုနှစ် ဆာဘားမြေယာ အက်ဥပဒေ သည် ဓလေ့ထုံးတမ်းဆိုင်ရာအခွင့်အရေးသဘောအရ လျှောက်ထားသူများကို ဦးစားပေးရန် သတ်မှတ် ထားသော်လည်း[၄] လက်တွေ့တွင်မူ ၎င်းတို့၏ လျှောက်ထားချက်များသည် အစိုးရအာဏာပိုင်များ၊ သမဝါယမ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များမှ ထိုမြေနေရာအတွက် လျှောက်ထားခြင်းများ အောက်တွင် လျစ်လျူရှုခံရလေ့ရှိသည်။

ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံတွင် တစ်ဦးချင်းပိုင်ဆိုင်မှုကို ဥပဒေအရ ကာကွယ်ပေးထားသော်လည်း ဌာနေတိုင်းရင်းသားများသည် နိုင်ငံသားဖြစ်ခွင့် မရရှိခြင်းနှင့် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များရှိခြင်းကြောင့် လက်တွေ့၌ အကာအကွယ် အမြဲတမ်း မရရှိကြပေ။ စုပေါင်းပိုင်ဆိုင်ခွင့်အပေါ် ခွင့်ပြုထားသည့် ဥပဒေမရှိခြင်းကြောင့် ဌာနေအသိုက်အဝန်း၏ မြေယာထိန်းချုပ်နိုင်စွမ်းကို လျော့နည်းစေသည်။ လူဦးရေတိုးပွါးလာမှု၊ စီးပွါးဖြစ် စိုက်ပျိုးသော လယ်ယာနှင့် စိုက်ခင်းများ ချဲ့ထွင်လာမှု၊ မြေပြန့်နေ ထိုင်းလူမျိုးများ၏ မြောက်ပိုင်းပြည်နယ်များသို့ ပြောင်းရွှေ့လာမှုတို့ကြောင့် မြေယာပြဿနာများ ပိုမိုပြင်းထန်လာသည် (Colchester et al., ၂၀၀၁)။

ဌာနေတိုင်းရင်းသားများက စိုက်ပျိုးလုပ်ကိုင်နေထိုင်နေကြသော်လည်း ထိုင်းနိုင်ငံ အထက်ပိုင်းတောင်ပေါ်ဒေသရှိ ၎င်းတို့ နေထိုင်ရာမြေများကို “ဘေးမဲ့နယ်မြေ” များအဖြစ် သတ်မှတ်လိုက်သောကြောင့် ယင်းမြေယာများသည်

---

[၃] ဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ ဌာနေတိုင်းရင်းသားနယ်မြေ (သို့မဟုတ်) သီးသန့်နယ်မြေအတွင်းရှိ မြေယာများကို အခြား တစ်နည်းနည်း ဖြင့် စီမံခန့်ခွဲခြင်း သော်လည်းကောင်း၊ ထိုမြေယာများနှင့် ပတ်သက်၍ ပေးအပ်ထားသော အခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းခြင်းသော် လည်းကောင်း ပြုလုပ်ပါက၊ သက်ဆိုင်ရာ အာဏာပိုင်အနေဖြင့် ၎င်းတို့၏ အမြင်အရ သင့်လျော်သည်ဟု ယူဆသော လျော်ကြေးကို ပေးအပ်နိုင်သည်ဟု ဖော်ပြထားသည်။

[၄] ပုဒ်မ ၁၃ တွင်ဖော်ပြထားသည်မှာ အကောက်တော်အရာရှိသည် မြေယာလျှောက်ထားမှုတစ်စုံတစ်ရာကို လက်ခံရရှိသည့်အခါ ထိုမြေ အပေါ် မျိုးရိုးစဉ်ဆက် ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ခွင့်ရှိကြောင်း တောင်းဆိုမည့်သူများရှိပါက လာရောက် လျှောက်ထားနိုင်ပါကြောင်း အများ သိရှိနိုင်စေရန် အကြောင်းကြားစာတစ်စောင်ကို ထုတ်ပြန်ကြေညာပေးရမည်ဖြစ်သည်။

တော်ဝင်သစ်တောဌာန၏ စီရင်ပိုင်ခွင့်အောက်သို့ ရောက်ရှိသွားသည်။ ယင်းကြောင့် အဆိုပါဒေသနှင့်သက်ဆိုင်မည့် တရားဝင် တာဝန်ဝတ္တရားရေးရာအဝဝကို ဒေသခံ ဌာနေတိုင်းရင်းသားများထက် အဆိုပါသစ်တောဌာနတွင်သာ အပ်နှံထားလေသည် (Laungaramsri, ၂၀၀၀)။

ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေ (Indigenous Peoples' Rights Act) သည် တိုင်းရင်းသားတို့၏ မြေယာများကို ဘက်စုံလွှမ်းခြုံ၍ ကာကွယ်ပေးထားနိုင်ခြင်း မရှိပေ။ အသိအမှတ်ပြုထားသော တိုင်းရင်းသားမြေယာများကို ၁၉၉၂ ခုနှစ် အမျိုးသားအဆင့် စုပေါင်းဘေးမဲ့နယ်မြေများ စနစ်ဆိုင်ရာ ဥပဒေ (သမ္မတနိုင်ငံ အက်ဥပဒေ အမှတ် ၇၆၈၆) သို့မဟုတ် လက်ရှိတည်ဆဲ ပိုင်ဆိုင်ခွင့်အခွင့်အရေးများကဲ့သို့သော အခြားသော စင်ပြိုင် ဥပဒေမူဘောင်များအောက်တွင် သွတ်သွင်းခံရနိုင်ချေ ရှိသည်။ အဆိုပါ ဥပဒေနှစ်ရပ်လုံးက တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သော မြေယာများအား သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငှားရမ်းခြင်းများ ပြုလုပ်ရန် နိုင်ငံတော်ကို ခွင့်ပြုထားသည့်အပြင် အမျိုးသားဥယျာဉ်များနှင့် ဂေဟစနစ် ခရီးသွားလာရေးဆိုင်ရာ ဘေးမဲ့တောများ တည်ထောင်ရန်အတွက်လည်း တိုင်းရင်းသားမြေယာများကို လွှဲပြောင်းဖယ်ထုတ်ပိုင်ခွင့် ပေးထားပြန်သည် (Xanthaki, ၂၀၀၃)။

တိုင်းရင်းသားလူမျိုးများ လုပ်ကိုင်ဆောင်ရွက်နေသော ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ယခုအခါ တရားမဝင်လုပ်ငန်းအဖြစ် သတ်မှတ်ထားသည်ဟု Xanthaki (၂၀၀၃) က ဆက်လက်ဖော်ပြထားသည်။ ယင်းတို့တွင် စီးပွါးဖြစ် အကျိုးအမြတ်အတွက် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းလည်း ပါဝင်သည်။

ထို့အပြင် ၁၉၉၅ ခုနှစ် သတ္တုတွင်းဥပဒေ (သမ္မတနိုင်ငံ အက်ဥပဒေ အမှတ် ၇၉၄၂) ကိုလည်း ဌာနေတိုင်းရင်းသားတက်ကြွလှုပ်ရှားသူများ၊ ဒေသခံလူထုများနှင့် ခရစ်ယာန်အသင်းတော်များက ကန့်ကွက်ထားကြသည်။ အဆိုပါ ဥပဒေသည် ယခင်က သတ္တုတူးဖော်ခြင်းကို တားမြစ်ထားခဲ့သောနယ်မြေများတွင် တွင်းထွက်ပစ္စည်း ထုတ်ယူသုံးစွဲမှုကို လွတ်လပ်ခွင့်ပေးခဲ့ပြီး နိုင်ငံတကာလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုရှိသော မက်လုံးများကို ပေးထားခြင်းဖြစ်သည်။ သတ္တုတွင်းဥပဒေ အတည်ပြုပြီးစဉ်ကတည်းကပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် သတ္တုတူးဖော်ရေးစီမံကိန်းများအပေါ် အထူးပင် စိတ်ဝင်စားမှုများရှိကြောင်း ပြသခဲ့ကြသည်။ ဤဥပဒေကို ကမ္ဘာ့ဘဏ် (World Bank) ၏ ဖိအားပေးမှုကြောင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ

Xanthaki (၂၀၀၃) ၏ ရေးသားချက်အရ အင်ဒိုနီးရှားနိုင်ငံတွင်လည်း ဖိလစ်ပိုင်နိုင်ငံကဲ့သို့ပင် အဆိုပါ သတ္တုတူး ဖော်ခြင်း သို့မဟုတ် သစ်ထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများက ဌာနေတိုင်းရင်းသားလူမျိုးများ၏ နေ့စဉ်ဘဝရပ်တည်မှုအပေါ် ဆိုးရွားပြင်းထန်သော နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်ပေါ်စေခဲ့သော်လည်း ဌာနေတိုင်းရင်းသားမျိုးနွယ်များ၏ မိရိုးဖလာထုံးတမ်းစဉ်လာ ပိုင်ဆိုင်ထားသော နယ်မြေများအတွင်း နိုင်ငံတော်မှ

ခွင့်ပြုထားသည့် မြေအသုံးချမှုများရှိခြင်းအပေါ်ကို ကန့်ကွက်၍မရနိုင်ကြောင်း သိရှိရပြန်သည်။ ဥပမာအားဖြင့် ဘော်နီယိုကျွန်း၏ အင်ဒိုနီးရှားပိုင်နက်ဖြစ်သည့် ကာလီမန်တန်ဒေသသည် ကမ္ဘာပေါ်တွင် အပူပိုင်းသစ်မာများ အထွက်များဆုံးသော နေရာတစ်ခုဖြစ်ပြီး ယင်းဒေသ၏ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို စီးပွါးရေးလုပ်ငန်းရှင်ကြီးများနှင့် အခြားဒေသမှ ပြောင်းရွှေ့ကာ လာရောက်အခြေချနေထိုင်သူများက ကြီးစိုးထား ကြသည်။ ထိုအခြေအနေများကြောင့် ဒေသခံတိုင်းရင်းသား လူမျိုးစုများသည် တောင်ပေါ်ဒေသများသို့ ရွှေ့ပြောင်း အခြေချနေထိုင်ကြရသည့် အကျိုးဆက်ကို ဖြစ်ပေါ်စေခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် သစ်လုံးအကြမ်းထည်များကို ပြည်ပသို့တင်ပို့ခြင်းအား တားမြစ်ထားပြီး အမျိုးသားသစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းစီမံချက်ကို ချမှတ်ခဲ့ သော်လည်း ကာလီမန်တန်ဒေသအပါအဝင် တစ်နိုင်ငံလုံး၌ သစ်ထုတ်လုပ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် မျိုးနွယ်စုဝင် ဒေသခံများနှင့် နိုင်ငံတော် သို့မဟုတ် ပုဂ္ဂလိက သစ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များအကြား မြေယာအငြင်းပွားမှုများသည် မကြာခဏဖြစ်ပွါးလာပြီး ပိုမိုပြင်းထန်လာခဲ့သည် (Clarke, ၂၀၀၁)။ အင်ဒိုနီးရှားနိုင်ငံ၊ ပါပူဝါဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ ထုံးတမ်းစဉ်လာအရ ပိုင်ဆိုင်ထားသော မြေယာရှုခင်းများအပေါ် သတ္တုတူးဖော်ရေးလုပ်ငန်းများက သက်ရောက်မှုရှိနေခြင်းနှင့်ပတ်သက်၍လည်း အလားတူ အစီရင်ခံစာများကို တွေ့ရှိနိုင်သည် (Lembaga Pedulikan Masyarakat Wilayah Mimika Timur Jauh - မီမီကာ အရှေ့ဖျားဒေသ လူမှုအဖွဲ့အစည်း စောင့်ရှောက်ရေးအသင်း) (LEPEMAWIL-MIMTIM)-KAB.MIMIKA-PAPUA ရက်စွဲမပါရှိ။)။

ကမ္ဘောဒီးယားနိုင်ငံ

ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာအရပိုင်ဆိုင်ထားသော မြေယာနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အရေးများအား အစိုးရက ဦးဆောင်၍ အကာအကွယ်ပေးသည့် အပြုသဘောဆောင်သော ဖြစ်ရပ်တစ်ခုကို ကမ္ဘောဒီးယားနိုင်ငံတွင် တွေ့ရှိနိုင်သည်။ Xanthaki (၂၀၀၃) ၏ ရေးသားချက်အရ ၁၉၉၈ ခုနှစ်၌ ကမ္ဘောဒီးယား အစိုးရသည် သစ်ထုတ်လုပ်ခြင်းနှင့် စက်မှုလုပ်ငန်းများကြောင့် တောင်ပေါ်နေလူမျိုးစုများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ "လူမျိုးရေးခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကော်မတီ" ၏ စိုးရိမ်ပူပန်မှုများကို တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားအစိုးရသည် တရားမဝင် သစ်ထုတ်လုပ်မှုကို ထိန်းချုပ်ရန် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် အဆိုပါ သဘာဝပတ်ဝန်းကျင်နယ်မြေများနှင့် နှီးနွယ်ဆက်စပ်နေသူများ၏ အသက်မွေးဝမ်းကျောင်းများ နှင့် လူနေမှုဘဝပုံစံများအတွက် အကာအကွယ်ပေး နိုင်ခဲ့သည်။၂၀၀၁ ခုနှစ်တွင် အစိုးရသည် အစေးထုတ်ယူသူများ၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးပါသော သစ်ပင်အမျိုးအစားအချို့အား သစ်ထုတ် လုပ်ခြင်းမှ ယာယီဆိုင်းငံ့ကာ အကာအကွယ်ပေးခဲ့သည်။

၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့သည့် တိုင်းရင်းသားလူနည်းစု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစီးဌာနသည် ဌာနေ တိုင်းရင်းသားများရေးရာမူဝါဒ မူကြမ်းကို ပြန်လည်အသက်သွင်းခဲ့သည်။ ထိုဌာနသည် ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာအရပိုင်ဆိုင်သော မြေယာနှင့် သစ်တောဆိုင်ရာ အခွင့်အရေးများကို စီးပွါးဖြစ်စိုက်ခင်းများ၊ သစ်ထုတ်လုပ်ခြင်းနှင့် ရွှေ့ပြောင်းအခြေချမှုများပြုလုပ်ခြင်းမှကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအခွင့်အရေးများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရေးအတွက်မှာမူ စိန်ခေါ်ချက်များစွာ ရှိနေဆဲဖြစ်ပြီး အိမ်နီးချင်းဖြစ်သော ဗီယက်နမ်နိုင်ငံကြောင့် စိုးရိမ်ပူပန်မှုအသစ်များ ထွက်ပေါ်နေသည်။ ဗီယက်နမ်ရှိ Tali Falls ဆည် တည်ဆောက်မှုသည် ကမ္ဘောဒီးယားရှိ ဌာနေတိုင်းရင်းသားများ၏ သယံဇာတများနှင့် ရိုးရာအသက်မွေးဝမ်းကျောင်းမှုများကို ခြိမ်းခြောက်လျက်ရှိနေလေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဌာနေထုံးတမ်းဖိရိုးဖလာ မြေယာများနှင့် ၎င်းတို့၏ လူနေမှုဘဝ အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရေးအတွက် ဆောင်ရွက်သည့်ကိစ္စမှာ နိုင်ငံတွင်း ပြဿနာသာမက နယ်စပ်ဖြတ်ကျော် အကျိုးစီးပွားများနှင့်ပါ ဆက်စပ်နေသော စိန်ခေါ်မှုတစ်ခု ဖြစ်နေပေသည်။ အာဆီယံ (ASEAN) သည် ဒေသတွင်း အဖွဲ့အစည်းတစ်ခုအနေဖြင့် အဖွဲ့ဝင် (၁၀) နိုင်ငံကို ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ အထူးသဖြင့် မိရိုးဖလာမြေယာနှင့် အသက်မွေးဝမ်းကျောင်းပြမှုဆိုင်ရာ အခွင့်အရေးများကို လေးစားလိုက်နာလာစေရန် လမ်းညွှန်ပေးနိုင်သည့် ထူးခြားသော အနေအထားတွင် ရှိနေပေသည်။

ဤဆွေးနွေးချက်များအရ အဖွဲ့အစည်းဆိုင်ရာ အကျိုးစီးပွါးပဋိပက္ခဖြစ်ခြင်းများကို ဖြေရှင်းရန်အတွက် လွတ်လပ်သောယန္တရားတစ်ခုရှိခြင်းသည်သာ တရားမျှတပြီး ဘက်လိုက်မှုကင်းမည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း တွေ့ရှိရသည်။ လက်ရှိတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား ကာကွယ်ရန် အမြဲတမ်းဖိုရမ်၊ ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများ ယန္တရားနှင့် အထူးကိုယ်စားလှယ်ထားရှိခြင်း စသည့် ယန္တရားအချို့ ပေါ်ပေါက်နေပြီဖြစ်သည်။ ရှေ့ဆက်ရမည့် မေးခွန်းမှာ "ဤဒေသတွင်းရှိ ဌာနေတိုင်းရင်းသား အခွင့်အရေးများကို ပိုမိုအသိအမှတ်ပြု လေးစားလာစေရန် ဦးတည်ဆောင်ရွက်ရာတွင် ဒေသတွင်းအဖွဲ့အစည်းတစ်ခုအဖြစ် အာဆီယံအနေဖြင့် အထူးအခန်းကဏ္ဍမှ ပါဝင်နိုင်ပါသလား" ဟူသော မေးခွန်းပင်ဖြစ်သည်။ (Xanthaki, ၂၀၁၃ မှ ဆီလျော်အောင် ပြုပြင်ထားသည်။)

အလေးထားစရာ - တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအပေါ် အသိအမှတ်ပြုမှု ပိုမိုခိုင်မာလာစေရန် မြှင့်တင်ပေးသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍ

၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့သော မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် (SUHAKAM) ကို ၁၉၉၉ ခုနှစ် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် အက်ဥပဒေ (အက်ဥပဒေ ၅၉၇) အရ လွတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ SUHAKAM သည် အဓိကအားဖြင့် မလေးရှားနိုင်ငံအတွင်း လူ့အခွင့်အရေးများ လိုက်နာဆောင်ရွက်မှု ရှိ/ မရှိဆိုသည်ကို စောင့်ကြည့်စစ်ဆေးသည့် အဖွဲ့အစည်းအဖြစ် တာဝန်ယူဆောင်ရွက်သည်။ ၂၀၁၀ ပြည့်နှစ်တွင် SUHAKAM သည် ဒေါက်တာ ကောလင်း နစ်ကိုးလပ်စ် (Dr Colin Nicholas) ပြုစုထားသော အိုရန်အက်စလီမျိုးနွယ်စုများ၏ အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အကြံပြုချက်များ ပါဝင်သည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာ၏ ခေါင်းစဉ်မှာ “အိုရန်အက်စလီ- အခွင့်အရေးများ၊ ပြဿနာများနှင့် ဖြေရှင်းနည်းများ” ဟူ၍ဖြစ်သည်။ ဤစာတမ်းသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုရေးနှင့် လက်တွေ့ကျင့်သုံးရေးတို့အတွက် ဖွဲ့စည်းပုံဆိုင်ရာ ဖြေရှင်းချက်

တစ်ရပ်ကိုရှာဖွေရာတွင် အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုရှိခြင်းအတွက် စံနမူနာပြ အစီရင်ခံစာတစ်ခု ဖြစ်သည်။ အစီရင်ခံစာပါ အကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ဟာကွက်များနှင့် စိန်ခေါ်မှုများ ရှိနေသေးသော်လည်း ယင်းကဲ့သို့သော အဖွဲ့အစည်းတစ်ခု ရှိနေခြင်းကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံ အထူးသဖြင့် တာဝန်ရှိသည့် အကောင်အထည်ဖော်ရေး အေဂျင်စီများတို့ အကြား တရားဝင်ဆွေးနွေးမှုများကို ရှိလာစေနိုင်သည်။ တရားဝင်ဖိုရမ်များနှင့် လူထုတွေ့ဆုံပွဲယန္တရားများ မရှိသည့်အခြေအနေတွင် ယင်းကဲ့သို့သော အစီရင်ခံစာများသည် 'ဒေသခံလူထုထံမှ အသံများ' ကို အများက ကြားသိနိုင်စေရန်အတွက် လမ်းစတစ်ရပ်ကိုလည်း ဖော်ဆောင်ပေးလိုက်ခြင်းဖြစ်သည်။

ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း - အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ယန္တရားများ

- အရှေ့တောင်အာရှဒေသ၌ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ လုံလောက်သော ဖွဲ့စည်းပုံဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများ ရှိနေပါသလား?
- ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် ယင်းကဲ့သို့သော အဖွဲ့အစည်းများ သို့မဟုတ် ယန္တရားများ၏ စွမ်းဆောင်ရည်တို့အပေါ် အမြန်သုံးသပ်ချက်တစ်ရပ် ပြုလုပ်ပါ။ အခွင့်အလမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အားသာချက်များအပြင် အတားအဆီးများ၊ ကန့်သတ်ချက်များနှင့် ဟာကွက်များကိုလည်း ဖော်ထုတ်တင်ပြပါ။

က။ ကျမ်းကိုးအထောက်အထားများ

Aliansi Masyarakat Adat Nusantara [AMAN] and Asia Indigenous Peoples Pact [AIPP] (2017). *The situation of human rights of Indigenous Peoples in Indonesia: Joint stakeholders' submission for 3rd cycle of Universal Periodic Review of Indonesia*. https://www.aman.or.id/wp-content/uploads/2016/09/INDONESIA_AMAN_AIPP_UPR_3rdCycle.pdf (Accessed: February 20, 2024).

Asia Indigenous Peoples Pact [AIPP] (2014). *Overview of the State of Indigenous Peoples in Asia*. http://www.gapeinternational.org/wp-content/uploads/2011/08/asia-ip-overview-final.pdf (Accessed: February 20, 2024).

Asia Indigenous Peoples Pact (AIPP) (2015). *Recognition of Indigenous Peoples' Customary Land Rights in Asia*. https://aippnet.org/wp-content/uploads/2020/02/2.-CLR-AIPP-Corrected-2.pdf (Accessed: February 20, 2024).

Asia Indigenous Peoples' Pact [AIPP], International Work Group for Indigenous Affairs [IWGIA], and Asian Forum for Human Rights and Development [FORUM-ASIA] (2010). *ASEAN'S Indigenous Peoples*. https://www.iwgia.org/images/publications/0511_ASEAN_BRIEFING_PAPER_eb.pdf (Accessed: February 19, 2024).

BFM (2023). RimbaWatch-citizen science and data on deforestation. https://www.bfm.my/podcast/bigger-picture/earth-matters/rimbawatch-citizen-science-and-data-on-deforestation

Clarke, G. (2001). 'From Ethnocide to Ethnodevelopment? Ethnic Minorities and IndigenousPeoples in Southeast Asia,' *Third World Quarterly*, 22(3), pp. 413–436.

Cobo, J.R.M. (1981). *Study of the problem of discrimination against Indigenous populations*. E/CN.4/Sub.2/476. United Nations Economic and Social Council. https://www.un.org/development/desa/indigenouspeoples/publications/2014/09/martinez-cobo-study/ (Accessed: February 19, 2024).

Colchester, M. *et al.* (2001). *A survey of Indigenous land tenure: A report for the Land Tenure Service of the FAO*. Forest Peoples Programme.

Erni, C. (2009). *Shifting Cultivation and Climate Change*. IWGIA, AIPP, IKAP. https://www.iwgia.org/en/resources/publications/306-briefings/2986-shifting-cultivation-and-climate-change.html (Accessed: February 20, 2024).

FAO and FILAC (2021). *Forest governance by indigenous and tribal peoples. An opportunity for climate action in Latin America and the Caribbean*. FAO. https://www.fao.org/documents/card/en/c/cb2953en/ (Accessed: February 20, 2024).

Gilbert, J. (2016). 'Introduction - Territoriality: The Thread of Indigenous Cultures,' in *Indigenous Peoples' Land Rights under International Law: From Victims to Actors*. Second Revised Edition. Leiden, The Netherlands: Brill/ Nijhoff.

Guegan, J.-F. *et al.* (2020). 'Forests and emerging infectious diseases: unleashing the beast within,' *Environmental Research Letters*, 15(8). https://iopscience.iop.org/article/10.1088/1748-9326/ab8dd7.

Hanson, E. (no date). *UN Declaration on rights of Indigenous Peoples*. https://indigenousfoundations.arts.ubc.ca/un_declaration_on_the_rights_of_indigenous_peoples/ (Accessed: February 20, 2024).

Human Rights Watch (2019). *'When we lost the forests, we lost everything': Oil palm plantations and rights violations in Indonesia*. https://www.hrw.org/report/2019/09/23/when-we-lostforest-we-lost-everything/oil-palm-plantations-and-rightsviolations#:~:text=The%20oil%20palm%20plantations%20not,with%20the%20Indigenous%20people%20impacted. (Accessed: March 7, 2024).

Indigenous and Tribal Peoples Convention, (No. 169) (1989). https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:C169 (Accessed: February 19, 2024).

International Work Group for Indigenous Affairs [IWGIA] and Asia Indigenous Peoples' Pact [AIPP] (2011). *ASEAN, climate change, REDD+ and Indigenous peoples*.

Ismail, M. (2018). 'Indigenous people: the struggle for home,' *The ASEAN Post*, 14 August. https://theaseanpost.com/article/indigenous-people-struggle-home (Accessed: February 19, 2024).

Kamal SF and Lim VC. (2019). 'Forest reserve as an inclusive or exclusive space? Engaging Orang Asli as stakeholder in protected area management'. *Journal of Tropical Forest Science 31 (3), 278-285, 2019.*

Laungaramsri, P. (2000). 'The Ambiguity of 'Watershed': The politics of people and conservation in Northern Thailand,' *Journal of Social Issues in Southeast Asia*, 15(1), pp. 52–75.

Lee, T., Jalong, T. and Meng-Chuo, W. (2014). *No Consent to Proceed: Indigenous Peoples' Rights Violations at the proposed Baram Dam in Sarawak: A Fact-Finding Mission Report*. Save

Sarawak Rivers Network (SAVE Rivers). https://www.forestpeoples.org/sites/default/files/publication/2014/08/noconsenttoproceedbaramreport2014-1.pdf (Accessed: February 20,2024).

Minority Rights Group International (ed.) (1999). *Forests and Indigenous Peoples of Asia*.

Mickute, V. (2018). 'Palm oil threatens indigenous life in Malaysia,' *Aljazeera*, 17 August. https://www.aljazeera.com/news/2018/8/17/palm-oil-threatens-indigenous-life-in-malaysia (Accessed: March 7, 2024).

Minority Schools in Albania: PCIJ Series A/B. No 64 (1935). https://jusmundi.com/en/document/decision/en-minority-schools-in-albania-advisory-opinion-saturday-6th-april-1935 (Accessed: March 1, 2024).

Nambiar, P. (2022). 'Big win for Bera's Orang Asli tribe in landmark ruling by court,' *Free Malaysia Today (FMT)*, 22 September. https://www.freemalaysiatoday.com/category/nation/2022/09/22/bigwin-for-beras-orang-asli-tribe-in-landmark-ruling-by-court/ (Accessed: February 20, 2024).

Nicholas, C. (2000). *The Orang Asli and the contest for resource: Indigenous politics, development and identity in Peninsular Malaysia.* IWGIA document.

OHCHR (2013). *Indigenous Peoples and the United Nations Human Rights System*. Fact Sheet No.9, Rev. 2. https://www.ohchr.org/sites/default/files/Documents/Publications/fs9Rev.2.pdf (Accessed: February 20, 2024).

Porter-Bolland, L. *et al.* (2012). 'Community managed forests and forest protected areas: An assessment of their conservation effectiveness across the tropics,' *Forest Ecology and Management*, 268, pp. 6–17. https://www.sciencedirect.com/science/article/abs/pii/S0378112711003215.

Prachatai English (2014). 'Land rights activists condemn junta's return forest policy after nearly 1,800 families affected,' 18 December. https://prachataienglish.com/node/4618 (Accessed: February 20, 2024).

Spearman, O. (2023). 'Community Organisation Helps Stateless Children in Malaysia,' *The Borgen Project*, 24 May. https://borgenproject.org/tag/stateless-children-in-malaysia/ (Accessed: February 20, 2024).

Subramania. Y. (2013). 'Affirmative action and the legal recognition of customary land rights in Peninsular Malaysia: The Orang Asli experience'. *AILR* Vol. 17 No. 1, 2013.

Tsosie, R. (2001). 'Land, Culture, and Community: Reflections on native sovereignty and property in America,' *Indiana Law Review*, 34(1291). *United Nations Declaration on the Rights of Indigenous Peoples* (no date). https://humanrights.gov.au/sites/default/files/declaration_poster.pdf (Accessed: March 1, 2024).

Walker, W.S. *et al.* (2020). 'The role of forest conversion, degradation, and disturbance in the carbon dynamics of Amazon indigenous territories and protected areas,' *Proceedings of the National Academy of Sciences (PNAS)* [Preprint]. https://www.pnas.org/doi/pdf/10.1073/pnas.1913321117.

Xanthaki, A. (2003). 'Land Rights of Indigenous Peoples in South-East Asia,' *Melbourne Journal of International Law*, 4.

အခန်း (၆)
အရှေ့တောင်အာရှဒေသရှိ လူ့အခွင့်အရေးနှင့် မြေယာအကြောင်း

Philip Hirsch

စာဖတ်သူလမ်းညွှန်

ဤအခန်းသည် မြေယာနှင့်ဆက်နွယ်နေသော အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များအကြောင်း လေ့လာတင်ပြထားခြင်းဖြစ်ပြီး ယင်းပြဿနာအများစုမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမေးခွန်းများနှင့် ခွဲခြားဝေမရအောင် ဆက်နွယ်နေပေသည်။ ဤအခန်းတွင် မြေယာအား ပစ္စည်းဆိုင်ရာအခွင့်အရေးအပေါ် ကျင့်သုံးသော နီယိုလစ်ဘရယ် ချဉ်းကပ်နည်းများနှင့် မကြာခဏချိုးဖောက်ခံနေရသည့် အခွင့်အရေးတစ်ရပ်သဖွယ် မြေယာအပေါ် တောင်းဆိုလာကြသည့် လူမှုလှုပ်ရှားမှုများအကြား အခြေခံကျသော ကွဲပြားခြားနားချက်ကို ဖော်ထုတ်ထားသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းပြုရာ အရင်းအမြစ်အဖြစ် မြေယာပိုင်ဆိုင်ခွင့်နှင့် ပွင့်လင်းမြင်သာမှု၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ဥပဒေရေးရာ အကာအကွယ်ရယူခွင့် စသည့် လုပ်ငန်းစဉ်ပိုင်းဆိုင်ရာ အခွင့်အရေးများ အကြားခွဲခြားဖော်ပြထားသည်။ ယဉ်ကျေးမှုရှုထောင့်၊ အသက်မွေးဝမ်းကျောင်းရှုထောင့်နှင့် ဈေးကွက်ရှုထောင့်တို့အရ မြေယာအပေါ်ထားရှိသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးနှင့် အခွင့်အရေးအပေါ်ထားရှိသော ဘက်ပေါင်းစုံရှုထောင့်များက ပဋိပက္ခများ၏ နောက်ခံအကြောင်းရင်းများ ဖြစ်ကြလေသည်။ လျင်မြန်သော လူမှုရေး၊ စီးပွါးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံရေးအပြောင်းအလဲများအကြားတွင် မြေယာ၏ အရေးပါပုံမှာလည်း ပြောင်းလဲနေသဖြင့် အခွင့်အရေးများကို နားလည်နိုင်ရန်အလို့ငှာ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုများနှင့် မူသဘောတရားများအပြင် နောက်ခံကြောင်းခြင်းရာများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။

၆.၁ အဖွင့်မိတ်ဆက်

ကျွန်ုပ်တို့သည် စဉ်းစားဖွယ်ကောင်းသော မေးခွန်းအချို့နှင့် ဤအခန်းကို စတင်ထားသည် - မြေယာရရှိ ပိုင်ဆိုင်ခွင့်သည် ၎င်းကိုယ်တိုင်ကပင် သီးခြားလူ့အခွင့်အရေးတစ်ခု ဖြစ်နေသလား? တစ်နည်းအားဖြင့်ဆိုရသော် လူတိုင်းသည် မြေကွက်တစ်ကွက်ကို ပိုင်ဆိုင်ရန် သို့မဟုတ် ထိုမြေကို အသုံးပြုနိုင်မည့် အခိုင်အမာ အခွင့်အရေးတစ်ရပ်ကို တစ်နည်းနည်းဖြင့် ရထိုက်ခွင့် ရှိသလား? သို့မဟုတ် လက်ရှိပိုင်ဆိုင်အသုံးပြုနေသည်ကို ငြင်းပယ်ခံရချိန် သို့မဟုတ် ချိုးဖောက်ခံရသည့်အချိန်မှသာလျှင် မြေယာကိစ္စသည် လူ့အခွင့်အရေးတစ်ရပ် ဖြစ်လာသလား? မြေယာပိုင်ဆိုင်ခွင့်ဆိုသည်မှာ ယခင်ကတည်းက အခြေချနေထိုင်ကာ အသုံးပြုခြင်းအပေါ်တွင်သာ မဖြစ်မနေ အခြေခံရမည်လား၊ သို့မဟုတ် မြို့ပြဒေသများနှင့် စက်မှုထွန်းကားရာ လူ့အဖွဲ့အစည်းများတွင်ပါ ကျင့်သုံးနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးတစ်ခု ဖြစ်သလား? အကယ်၍ အခွင့်အရေးများသည် ကမ္ဘာလုံးဆိုင်ရာ တန်းတူသဘောမရှိဘဲ ပတ်ဝန်းကျင်နောက်ခံကြောင်းခြင်းရာအပေါ်၌သာ မူတည်နေမည်ဆိုပါက ထိုအခွင့်အရေးများ၏ ကန့်သတ်ချက်များကို

မည်သို့ သတ်မှတ်မည်နည်း၊ မည်သူက သတ်မှတ်နိုင်မည်နည်း? ၎င်းတို့ကို ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများနှင့် မည်သို့ ခွဲခြားနိုင်မည်နည်း? ၎င်းအပြင် ထိုကဲ့သို့မတူကွဲပြားကြသော နောက်ခံကြောင်းခြင်းရာများ၌ "မြေယာ" ဟူသည်မှာ မည်သည်ကို ဆိုလိုမည်နည်း? သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် မြေယာဆိုင်ရာ လူ့အခွင့်အရေးများနှင့် အမြဲတမ်း ဒွန်တွဲရှိနေသလား၊ သို့မဟုတ် ၎င်းတို့အကြား ပဋိပက္ခ/ ပွတ်တိုက်မှု ဖြစ်ရသည့် အခြေအနေများ ရှိနေသလား?

မြေယာနှင့်ပတ်သက်သော အခွင့်အရေးဆိုင်ရာကိစ္စရပ်များသည် ရှုပ်ထွေးလှပြီး ရှေ့နောက်မညီညွတ်မှုများနှင့် မလူးမလွန့်သာ အကျပ်အတည်းများစွာဖြင့် ပြည့်နှက်နေသည်မှာ ထင်ရှားပေသည်။ မြေယာနှင့်ပတ်သက်သော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအပေါ် အခြေခံအားဖြင့်ကြည့်လျှင် မြေသိမ်းခြင်းဆိုင်ရာ ဆွေးနွေးချက်များနှင့် အလွန်ပင်ဆက်စပ်နေပြီး ၎င်းသည် အရှေ့တောင်အာရှနှင့် အခြားနေရာများရှိ ဖယ်ကြဉ်ခံ လူပေါင်းများစွာ၏ လက်တွေ့ဘဝတွင် ရင်ဆိုင်နေရသော ဖြစ်ရပ်မှန်ဖြစ်လေသည်။ သို့သော် လျင်မြန်စွာ ကြီးထွားလာနေသော အရင်းရှင်လူ့အဖွဲ့အစည်းများ၌ မြေယာအား လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော ကုန်စည်တစ်ခုအဖြစ် ပြောင်းလဲရန်ကြိုးပမ်းသည့် နီယိုလစ်ဘရယ်သဘောရှိ မြေယာပိုင်ဆိုင်မှု အခွင့်အရေးများမှတစ်ဆင့် ရရှိလာသည့် မြေယာပိုင်ဆိုင်မှု ခိုင်မာမှုသဘောတွင်မူ အခွင့်အရေးဆိုင်ရာမေးခွန်းများအပေါ် မတူညီသောရှုထောင့်တစ်ခု ရှိနေပေသည်။ မျက်မှောက်ခေတ် မြေယာဆိုင်ရာ လူ့အခွင့်အရေးပြဿနာများကို နားလည်နိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် သမိုင်းကြောင်းနှင့်အတူ မြေယာပြုပြင်ပြောင်းလဲရေး အစီအစဉ်များ၊ မြေယာကို အရင်းအနှီးအဖြစ် ပြောင်းလဲခြင်း၊ စိုက်ပျိုးရေးကဏ္ဍ အပြောင်းအလဲများ၊ မြို့ပြဖြစ်ထွန်းလာမှုနှင့် မြို့ပြဆင်ခြေဖုံး တိုးချဲ့မှုများ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေများ ချဲ့ထွင်ခြင်းနှင့် အခြားသော စိုက်ပျိုးရေးမဟုတ်သည့် မြေယာလိုအပ်ချက်များအပြင် စျေးကွက်စီးပွါးရေးစနစ်အတွင်း မြေယာကို ကုန်စည်အဖြစ် ပြောင်းလဲခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်သဖွယ်အသုံးပြုခြင်း စသည့် ဖြစ်စဉ်များ၏ ဆင့်ကဲပြောင်းလဲလာပုံများကိုလည်း ဂရုပြုလေ့လာရန် လိုအပ်သည်။

အရှေ့တောင်အာရှ အခြေအနေတွင် မြေယာနှင့်ပတ်သက်သော အခွင့်အရေးဆိုင်ရာ မေးခွန်းများကို ဖြေရှင်းခြင်း မပြုမီ ကျွန်ုပ်တို့သည် ရှေးဦးစွာ သီအိုရီဆိုင်ရာနှင့် ဥပဒေရေးရာ ကိစ္စရပ်အချို့ကို ဖော်ထုတ်လေ့လာထားသည်။ ထို့နောက် မြေယာနှင့်ပတ်သက်ပြီး သမိုင်းတစ်လျှောက် ဖြစ်ပေါ်ခဲ့သည့်မတရားမှုများအကြောင်း၊ ၎င်းတို့ကို ဖြေရှင်းရန် အစိုးရများနှင့် လူမှုလှုပ်ရှားမှုများက ဆောင်ရွက်ခဲ့ကြသည့် အမျိုးမျိုးသော နည်းလမ်းအစီအမံများကို လေ့လာကာ နောက်ခံဆက်စပ်အခြေအနေများအကြောင်း တင်ပြထားသည်။ ဆက်လက်၍ မြေယာဆိုင်ရာ မတရားမှုနှင့် ပဋိပက္ခဆိုင်ရာ အချို့သောဖြစ်ရပ်များကို လေ့လာရာတွင် အခွင့်အရေး ချိုးဖောက်မှုများစွာကို ရင်ဆိုင်နေရပြီး လူမှုအသိုင်းအဝိုင်း၏ ဘေးဖယ်ထားခြင်းကို ခံနေရလေ့ရှိသည့် တိုင်းရင်းသားလူနည်းစုများနှင့် ဆက်စပ်နေသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းပြဿနာဖြင့် အစပြုထားသည်။ ၎င်းနောက် အရှေ့တောင်အာရှတွင် ဖြစ်ပေါ်နေသော မြေသိမ်းမှုပုံသဏ္ဌာန်များအကြောင်း ဆွေးနွေးထားသည်။ ယင်းတို့တွင် စီးပွါးဖြစ် မြေငှားရမ်းခွင့်များသာမက တစ်ခါတစ်ရံ အစိမ်းရောင်လုယက်မှု (green grabbing) ဟု ခေါ်ဆိုသည့် သဘာဝပတ်ဝန်းကျင်ရေးရာ အစီအစဉ်များနှင့် နှီးနွယ်နေသော မြေယာပဋိပက္ခများလည်း ပါဝင်သည်။ ထို့ပြင် အခြေခံအဆောက်အအုံများ၊ အထူးသဖြင့်

ဆည်မြောင်းများ၊ သတ္တုတွင်းများနှင့် လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော အကြီးစား သယံဇာတစီမံကိန်းများကြောင့် အတင်းအဓမ္မ နေရပ်စွန့်ခွာရမှုများကိုလည်း ထည့်သွင်းဆွေးနွေးထားသည်။ ထို့ကြောင့် မြေသိမ်းမှုဆိုသည်မှာ စိုက်ပျိုးမြေများကို အသေးစားပိုင်ဆိုင်သူ (တောင်သူများ)ထံမှ အကြီးစားစိုက်ကွင်းကြီးများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များထံသို့ လွှဲပြောင်းပေးခြင်းသာမက မြေယာကို အခြားရည်ရွယ်ချက်များအတွက် ပြောင်းလဲ အသုံးပြုခြင်းလည်း ပါဝင်ပေသည်။

ကျွန်ုပ်တို့သည် မြေပိုင်ဆိုင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အလွန်ရှုပ်ထွေးသော ပြဿနာရပ်ကို ဆက်လက်လေ့လာထားသည်။ ထိုကိစ္စ၌ တစ်ဖက်တွင် ဥပဒေနှင့် နိုင်ငံတော်အဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် ခိုင်မာသောပိုင်ဆိုင်ခွင့်ကို ပေးအပ်ခြင်းဖြစ်သော်လည်း အခြားတစ်ဖက်တွင်မူ မြေယာကို စုဆောင်းမှုများရှိလာပြီး ကုန်စည်သဖွယ် ရောင်းချခြင်းမျိုး ဖြစ်လာသည်။ မြေယာအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြောင်းလဲလာပုံများကိုလည်း ကျွန်ုပ်တို့ တင်ပြထားသည်၊ ၎င်းတွင် မြေယာကို စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းပြုရာ အရင်းအမြစ် (သို့မဟုတ်) ရောင်းတန်းဝင်သီးနှံများထွက်ရှိရာ ဝင်ငွေလမ်းစအဖြစ် ရှုမြင်သည့်မှစကာ မြေယာအခွင့်အရေးကိုယ်တိုင်က ကုန်စည်တစ်ခု ဖြစ်လာခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော မြေဈေးကစားမှုတန်ဖိုးများအထိ ပါဝင်သည်။ မြေယာအခွင့်အရေးများသည် ဂျဲန်ဒါရေးရာမေးခွန်းများ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများတို့နှင့် အလွန်ဆက်စပ်လျက်ရှိပြီး ထိုအချက်များအပေါ် စိုးရိမ်ပူပန်မှုများက မြေယာအခွင့်အရေး ချိုးဖောက်မှုများအပေါ်တုံ့ပြန်သည့် လူမှုလှုပ်ရှားမှုများ၏ အခြေခံအကြောင်းရင်းများ ဖြစ်လာကြသည်။ အခွင့်အရေးချိုးဖောက်ခြင်းများက ကာလရှည်ကြာစွာ ရှိနေခဲ့သော်လည်း ချိုးဖောက်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ ဖြေရှင်းရမည့်ပြဿနာအသစ်များ ပေါ်ပေါက်လာခဲ့သည်။ ထို့အတူ မြေယာစီမံအုပ်ချုပ်မှု အခင်းအကျင်းသည်လည်း မြေယာနှင့်ပတ်သက်သည့် စျေးကွက်ဆက်နွယ်မှုကို ပိုမိုနက်ရှိုင်းစေမည့် နီယို လစ်ဘရယ်လမ်းကြောင်းများနှင့် နိုင်ငံတော်အာဏာကို အာဏာရှင်ဆန်သော နည်းလမ်းများဖြင့် ပိုမိုကျင့်သုံးလာမှုတို့အပေါ် ကိုင်တွယ်နိုင်ရေးတို့ကိုမူတည်၍ ပြောင်းလဲလာခဲ့သည်။ ဤမေးခွန်းများအားလုံးကို အဓိကအားဖြင့် အရှေ့တောင်အာရှဒေသမှ ထုတ်နုတ်ထားသော ဥပမာများအား ကိုးကားပြု၍ ကျွန်ုပ်တို့က အဖြေထုတ်လေ့လာသွားမည် ဖြစ်သည်။

ဤအခန်းကို မြန်ဆန်လှသည့် လူမှုရေးအပြောင်းအလဲများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်နေသည့် ခေတ်ကာလတွင် မြေယာအား လူ့အခွင့်အရေးတစ်ခုအဖြစ်ရှုမြင်ရာ၌ ကြုံတွေ့ရသည့် အဓိက အကျပ်အတည်းအချို့ကို ထပ်လောင်း အကျဉ်းချုပ်တင်ပြခြင်းဖြင့် နိဂုံးချုပ်ထားသည်။

၆.၂ လူ့အခွင့်အရေးနှင့် မြေယာဆိုင်ရာ အခြေခံသဘောတရားရေးရာ ပြဿနာရပ်များ

အဓိကကျသော သဘောတရားများက အရှေ့တောင်အာရှရှိ အချို့သော မြေယာဆိုင်ရာ လူ့အခွင့်အရေးဖြစ်ရပ်များ၊ အခွင့်အရေးအခြေပြုတောင်းဆိုမှုများနှင့် အခွင့်အရေး ချိုးဖောက်မှုများအကြောင်း နားလည်နိုင်ရန် ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်စေသည်။ ဤနေရာတွင် ယင်းအခြေခံသဘောတရား (၆) ခုကို အကြမ်းဖျင်း ဖော်ပြ

ထားသည်။ ထို(၆) ခုဖြင့် ပြည့်စုံလုံလောက်သည်ဟု မဆိုနိုင်သေးချေ။ မြေယာနှင့်ပတ်သက်သော လူ့အခွင့်အရေးများအား ပိုမိုနက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် သီအိုရီပိုင်းဆိုင်ရာ ထပ်မံလေ့လာမှုများ လိုအပ်ပေသည်။

၆. ၂. ၁ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ဖွယ်တစ်ခုဖြစ်နေသည့် မြေယာ

မြေယာအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများကို ပြဿနာတစ်ခုတည်းတွင် ပါဝင်နေကြသည့် အစိတ်အပိုင်းများသဖွယ် ဆွေးနွေးလေ့ရှိကြသည်။ အမှန်တကယ်အားဖြင့်လည်း ထိုအခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု ခွဲခြားရ၍မရအောင် ဆက်နွယ်နေတတ်သည်၊ ဥပမာအားဖြင့် - ထွန်ယက်စိုက်ပျိုးမြေများအပါအဝင် အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖိုးတန်အရင်းအမြစ်များစွာရှိနေသည့် ဘိုးဘွားပိုင် နယ်မြေများသို့ ဝင်ရောက်ခွင့်၊ စီမံခန့်ခွဲခွင့်၊ အသုံးပြုခွင့်ဆိုင်ရာ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများအကြောင်း ဆွေးနွေးသည့်အခါ ဆက်နွယ်မှုကို တွေ့မြင်နိုင်သည်။ ၎င်း၏တည်ရှိမှုအရ မြေယာသည်ပင်လျှင် သဘာဝပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ၎င်း၏ အလုံးအထည်မပျက် (*in situ*) ပျက်စီးယိုယွင်းခြင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခု ဖြစ်လာပေသည်။ ထို့အပြင် မြေယာကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုခြင်း၊ ဥပမာ - စိုက်ပျိုးရေးလုပ်ငန်းရှင်များက ဓာတုပစ္စည်းများ အသုံးပြုခြင်း၊ သို့မဟုတ် စီးပွါးဖြစ် သီးနှံစိုက်ပျိုးရန်အတွက် တောင်ပေါ်သစ်တောများအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကြောင့် မြစ်အောက်ပိုင်းဒေသတွင် နေထိုင်သူများ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများအပေါ် ထိခိုက်စေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (ဆိုးကျိုး) သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ ထို့ပြင် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် ရေဝပ်ဒေသထိန်းသိမ်းရန်အတွက် ထိန်းသိမ်းကာကွယ်ရေးနယ်မြေများ တိုးချဲ့သတ်မှတ်လိုက်ခြင်းကြောင့် အစိုးရက တရားဝင်ထုတ်ပြန် သတ်မှတ်လိုက်သော မြေယာပေါ်တွင် ထိုဒေသများ၌ မျိုးဆက်ပေါင်းများစွာ စိုက်ပျိုး လုပ်ကိုင်လာခဲ့ကြသည့် ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်ခွင့်အပေါ် အကျိုးသက်ရောက်မှုများ ရှိစေသည်။ ဤအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် မြေယာနှင့် တိုက်ရိုက်သက်ဆိုင်သောလူ့အခွင့်အရေးများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆိုပါရှုထောင့်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်သော်လည်း မြေယာနှင့်ပတ်သက်သည့် လူ့အခွင့်အရေးပြဿနာအားလုံးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စချည်းသာ မဟုတ်ကြောင်းကိုလည်း အသိအမှတ်ပြုထားသည်။

၆. ၂. ၂ မြေပိုင်ဆိုင်ခွင့် ခိုင်မာမှု

မြေယာအခွင့်အရေးများသည် မြေယာရရှိပိုင်ဆိုင်နိုင်မှုနှင့် ခိုင်မာမှုတို့အပေါ် ချမှတ်ထားသည့် အခြေအနေများနှင့် အလွန်ဆက်စပ်နေသည်။ တရားဝင်စနစ်သဘောနှင့် အလွတ်သဘောစနစ် နှစ်မျိုးစလုံးက မြေယာကို မည်သူအား အသုံးပြုခွင့်၊ နေထိုင်ခွင့်၊ ရောင်းချခွင့်၊ အမွေဆက်ခံခွင့် သို့မဟုတ် အခြားသောနည်းလမ်းများဖြင့် မြေမှ အကျိုးခံစားခွင့်ကို ပေးထားသည်ဆိုသည်ကို ဆုံးဖြတ်ပေးနိုင်သည်။ ဤကဲ့သို့ စီစဉ်ဆောင်ရွက်မှုများကို မြေယာလုပ်ပိုင်ခွင့်ဟု ဆိုနိုင်သည်။ မြေပိုင်ဆိုင်ခွင့်ခိုင်မာမှု ဆိုသည်မှာ ထိုအခွင့်အရေးများအား ဆက်လက်အသိအမှတ်ပြုခံရခြင်းဟူသော အာမခံချက်ပင် ဖြစ်သည်။ မြေယာကို တစ်ဦးချင်းပိုင်ဆိုင်မှု၊ နိုင်ငံတော်ပိုင်ဆိုင်မှု သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းအလိုက် စုပေါင်းပိုင်ဆိုင်မှုဟူ၍ ပုံစံအမျိုးမျိုးဖြင့် စီမံထားရှိနိုင်သည်။ ဓလေ့ထုံးတမ်း/မိရိုးဖလာအစဉ်အလာ

အရ မြေယာလုပ်ပိုင်ခွင့်ပုံစံများသည် တရားဝင်ဥပဒေကြောင်းအရ သတ်မှတ်ထားသော ပုံစံများနှင့် မကြာခဏ ကွဲလွဲလေ့ရှိပြီး ထိုကွဲလွဲမှုများကပင် အခွင့်အရေးချိုးဖောက်မှုများ၏ အရင်းအမြစ်များ ဖြစ်လာနိုင်သည်။ The Rights and Resources Initiative (RRI) အဖွဲ့သည် အရှေ့တောင်အာရှနိုင်ငံ အများစုရှိ မြေယာလုပ်ပိုင်ခွင့် အစီအစဉ်များနှင့် ၎င်းတို့၏ ပြောင်းလဲတိုးတက်လာမှုများကို စောင့်ကြည့်လေ့လာလျက်ရှိသည်။

၆. ၂. ၃ မြေယာအခွင့်အရေးများ နှင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးများ

မြေပိုင်ဆိုင်ခွင့်ခိုင်မာမှုကို နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ဆောင်နိုင်သည်။ မြေယာအား ကုန်စည်အဖြစ် ပြောင်းလဲခြင်းက အားလုံးပါဝင်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အခြေခံဖြစ်သည်ဟု ရှုမြင်သည့် နီယိုလစ်ဘရယ် ဖွံ့ဖြိုးရေးအခင်းအကျင်းတွင် မြေယာပိုင်ဆိုင်ခွင့်လက်မှတ်များပုံစံဖြင့် အပြည့်အဝ စျေးကွက်ဝင် ပစ္စည်းပိုင်ဆိုင်ခွင့်များအဖြစ် ဖန်တီးပေးလိုက်ခြင်းသည် မြေယာရရှိပိုင်ဆိုင်မှု ခိုင်မာစေရန် အထောက်အကူပြုသည်ဟု ထောက်ခံလာခဲ့ကြသည်။ ၎င်းတို့ကို အရှေ့တောင်အာရှတွင် ပုံစံအမျိုးမျိုးဖြင့် တွေ့ရပြီး အကန့်အသတ်အနည်းဆုံးပုံစံမှာ ထိုင်းနိုင်ငံရှိ NS4 (သို့မဟုတ်) ချနု (Chanood) ဂရန် ဖြစ်သည်။ ၎င်းသည် မြေယာကို ပုဂ္ဂလိကပိုင်အဖြစ် မှတ်တမ်းတင်သည့် အပြည့်စုံဆုံး ပုံစံဖြစ်ပြီး တိကျသော မြေပြင်တိုင်းတာမှုများ၊ အမြဲတမ်း နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းနှင့်အတူ မြေစာရင်းဦးစီးဌာနမှတစ်ဆင့် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော ဂရန်များကို ထုတ်ပေးထားခြင်းဖြစ်သည်။ အခြားဒေသများတွင်မူ ထိုကဲ့သို့သော ပိုင်ဆိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ စီမံခန့်ခွဲမှု သို့မဟုတ် နိုင်ငံ၏ ပိုင်ဆိုင်မှုအောက်တွင် ထားရှိလေ့ရှိသည်၊ ဥပမာအားဖြင့် လာအိုနိုင်ငံရှိ ဘိုင်တာဒင် (Bai taa din) ဂရန်များကဲ့သို့ ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အသီးသီးချမှတ်ကျင့်သုံးသည့် ပုံစံ (၇) နှင့် “စာအုပ်နီ” (Red Book) မြေယာအသုံးချခွင့်လက်မှတ်များသည် အချို့သော နည်းလမ်းများအရ ဂရန်နှင့် ဆင်တူသော်လည်း၊ မြေယာကို မည်သို့အသုံးပြုရမည်ဆိုသည့်အချက်တွင် အကန့်အသတ်များ ရှိနေသည်။ ကမ္ဘာ့ဘဏ်နှင့် ဩစတြေးလျအစိုးရ၏ အကူအညီပေးရေး အစီအစဉ်များက အရှေ့တောင်အာရှဒေသအတွင်း မြေဂရန် ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို ပံ့ပိုးပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပြီး ၎င်းတို့သည် စျေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ဟု ယူဆချက်အပေါ် အခြေခံထားခြင်းဖြစ်သည်။

နီယိုလစ်ဘရယ်မူဝါဒအရ ဖော်ဆောင်သော ပိုင်ဆိုင်မှုအခွင့်အရေးများသည် မြေယာလုပ်ပိုင်ခွင့်ကို ခိုင်မာစေရန် ပံ့ပိုးပေးသော်လည်း အခြားတစ်ဖက်တွင်မူ ပိုမိုကျယ်ပြန့်သော မြေယာဆိုင်ရာလူ့အခွင့်အရေးများအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်နိုင်သည့် အလားအလာရှိနေသည် (Beban, ၂၀၂၁)။ အချို့သော ဖြစ်ရပ်များတွင် အာဏာရှိသူများက ယခင်က မတရားသောနည်းလမ်းများဖြင့် ရယူခဲ့ကြသည့် မြေပိုင်ဆိုင်ခွင့်များကို ဥပဒေ ကြောင်းအရ တရားဝင်အောင်ပြုလုပ်ပေးလိုက်ခြင်းဖြင့် ဖြစ်ပျက်ခဲ့သည့်မတရားမှုများကို ပိုမိုခိုင်မာ အမြစ်တွယ်စေခဲ့သည်၊ ဥပမာအားဖြင့် - ဖိလစ်ပိုင်နိုင်ငံ၊ နီဂရိုးစ်ကျွန်း (Negros) မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ အကြီးစား သကြားစိုက်ကွင်းကြီးများကို သမိုင်းစဉ်ဆက် သိမ်းယူခဲ့ကြသည့် ဖြစ်ရပ်မျိုးဖြစ်သည်။ အချို့သော နယ်မြေများတွင် မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်အောင်ဖြစ်စေခြင်းက ထိုအစီအစဉ်တွင် မပါဝင်ဘဲ ချန်လှပ်ထားခြင်းခံရသည့်

နယ်မြေများအတွက် မလုံခြုံမှုကို ပိုမိုတိုးပွားစေနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် "တရားဝင်မြေယာ အခွင့်အရေး ဆိုသည်မှာ အစိုးရထုတ်ပေးသော ဂရန်ရှိမှသာ ဖြစ်ရမည်" ဟူသော အယူအဆကို ပိုမိုခိုင်မာစေပြီးလျှင် ဂရန်မရှိသောမြေပေါ်တွင် နေထိုင်လုပ်ကိုင်စားသောက်နေပါက တရားမဝင်ဟု သတ်မှတ်ခံရပြီး ဥပဒေမဲ့ ဖြစ်သွားသည့် အခြေအနေသို့ ရောက်ရှိသွားစေသည်။ ထို့ပြင် အရင်းရှင်စနစ်အရ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများအရ မြေယာကို အလွယ်တကူ ဝယ်ယူရောင်းချခွင့်ပြုလိုက်ခြင်းသည် ရေရှည်တွင် မြေယာပိုင်ဆိုင်မှုများကို ပိုမိုချမ်းသာကြွယ်ဝသောအုပ်စုများ၏ လက်ထဲသို့ စုပုံရောက်ရှိသွားတတ်လေ့ရှိသည်။ ၎င်းသည် မြေယာအနည်းငယ်သာ ပိုင်ဆိုင်သူများ (တောင်သူများ) အတွက် မလူးမလွန့်သာ အကျပ်အတည်း ဖြစ်လာစေသည်။ တောင်သူများသည် ဂရန်ရှိခြင်းကြောင့် ရရှိလာမည့် မြေပိုင်ဆိုင်ခွင့်ခိုင်မာမှုကို လိုလားကြသော်လည်း တစ်ဖက်တွင်မူ ထိုကဲ့သို့သော အစီအစဉ်များနှင့်အတူ ဒွန်တွဲဖြစ်ပေါ်လာသည့် ပိုမိုကျယ်ပြန့်လာသောစနစ်၏ မညီမျှမှုဒဏ်ကိုလည်း ကြုံတွေ့ကြရပြန်သည်။

ထို့ကြောင့် ၎င်းသည် တစ်ဖက်တွင် မြေယာအပေါ်ထားရှိသော ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများနှင့် အခြားတစ်ဖက်ရှိ လူမှုရေးအရရှေ့ရှုတိုးတက်သော အစီအစဉ်တစ်ရပ်အဖြစ်သတ်မှတ်ထားသည့် မြေယာအခွင့်အရေးများအကြား ခွဲခြားနိုင်ရန်အတွက် အသုံးဝင်ပေသည်။ အရင်းရှင်စျေးကွက် စီးပွားရေးစနစ်များတွင် ပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးသည် တစ်ဦးချင်း မြေပိုင်ဆိုင်သူများအတွက် လုံခြုံမှုပေးနိုင်သော်လည်း ရေရှည်တွင်မူ မြေယာများ လက်လွတ်ဆုံးရှုံးခြင်းနှင့် လူချမ်းသာများ၏လက်ထဲသို့ မြေယာများ စုပုံရောက်ရှိသွားသည့်အဖြစ်ကို ပိုမို မြန်ဆန်သွားစေနိုင်သည်။ မြေယာများ လက်လွတ် ဆုံးရှုံးလာခြင်းအပေါ် ဆန့်ကျင်သည့် လူမှုလှုပ်ရှားမှုများ၏ တောင်းဆိုမှုများဖြင့်ဖြစ်စေ၊ မြေယာပြုပြင်ပြောင်းလဲရေးမူဝါဒများ အဆင့်ဆင့်တိုးတက်ကာ ချမှတ်ခြင်းဖြင့်ဖြစ်စေ၊ သို့မဟုတ် ဓလေ့ထုံးတမ်း/မိရိုးဖလာအစဉ်အလာအရလုပ်ကိုင်နေကြသည့် မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်ပြုခြင်းများမှတစ်ဆင့်ဖြစ်စေ၊ မိမိတို့အလိုရှိသည့် မြေယာအခွင့်အရေးများကို ပိုမိုကျယ်ပြန့်စွာ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

၆. ၂. ၄ ခြံခတ်ပိတ်ဆို့ခြင်းနှင့် ဖယ်ထုတ်ခြင်း

ကမ္ဘာလုံးဆိုင်ရာ မြေယာသိမ်းဆည်းမှုဖြစ်စဉ်ဟုခေါ်ဆိုကြရာတွင် ကျန်ရှိနေသေးသည့် ဘုံပိုင်မြေများအား အပြီးတိုင်ခြံခတ်ပိတ်ဆို့ခြင်းဟု တစ်ခါတစ်ရံ ရည်ညွှန်းကြသည် (Neef et al., ၂၀၂၃)။ ဥရောပစက်မှုတော်လှန်ရေးမတိုင်မီကာလတွင် လယ်သမားများအား ၎င်းတို့၏မြေယာများပေါ်မှ အတင်းအဓမ္မ ဖယ်ရှားခဲ့သည့် ဖြစ်စဉ်နှင့်အတူ ခြံခတ်ပိတ်ဆို့ခြင်း (Enclosure) ဟူသော အသုံးအနှုန်းမှာ ထင်ရှားလာခဲ့သည်။ ၎င်းမှာ ယခင်က ကျေးလက်နေလူထု၏ အသက်မွေးဝမ်းကျောင်းအတွက် အတားအဆီးမရှိ မှီခိုနေထိုင်လုပ်ကိုင်နေကြသည့် မြေယာများနှင့် ဆက်စပ်သယံဇာတများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခြံခတ်ပိတ်ဆို့လိုက်ခြင်းကို ဆိုလိုသည်။ ဖယ်ထုတ်ခြင်းသည် ပိုမိုကျယ်ပြန့်သော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ၎င်း၌ “အသွားနှစ်ဖက်ပါသော ဓါး” ကဲ့သို့ သဘောရှိသည် (Hall et al., ၂၀၁၁)။ အကြောင်းမှာ မြေယာကို ဘေးကင်းလုံခြုံစွာဖြင့် အကျိုးရှိရှိအသုံးပြုနိုင်ရေးအတွက် အတိုင်းအတာတစ်ခုအထိ ဖယ်ထုတ်ထားရန်လိုအပ်သည်ဆိုသော သဘောဖြစ်သည်။ သို့သော်လည်း ဖယ်ထုတ်ထားမှုဖြစ်စဉ်သည် နိုင်ငံအသီးသီး၏ နောက်ခံကြောင်းခြားများအလိုက် အာဏာတည်ဆောက်ပုံစနစ်များပေါ်

မူတည်နေသည့် မမျှတသောအခင်းအကျင်းများတွင် ဖြစ်ပေါ်လေ့ရှိသည်။ ဖယ်ထုတ်ထားပိုင်ခွင့် အာဏာသည် လုပ်ထုံးလုပ်နည်းများ (ဥပဒေနှင့် ထုံးတမ်းစဉ်လာစည်းမျဉ်းများ)၊ ဈေးကွက်များ (မြေယာနှင့် ၎င်း၏စီးပွားရေး အကျိုးအမြတ်)၊ အင်အားသုံးခြင်း (အမှန်တကယ်အကြမ်းဖက်ခြင်းသာမက ခြိမ်းခြောက်ခြင်းများလည်းပါဝင်သည်) နှင့် တရားဝင်ဖြစ်စေခြင်း (လူအဖွဲ့အစည်းဆိုင်ရာစံနှုန်းများကိုကိုးကားပြီးလျှင် ဖယ်ထုတ်ထားမှုက မျှတသည်ဟု ဆိုကာ တောင်းဆိုခြင်းများအပေါ် အခြေခံသည်။) တို့မှ ဆင်းသက်ပေါ်ထွက်လာခြင်းဖြစ်သည်။ အခွင့်အရေး ရှုထောင့်မှကြည့်မည်ဆိုပါက အဓိကမေးခွန်းမှာ မည်သူက မည်သူ့အပေါ်တွင် ဤကဲ့သို့သောအာဏာများကို ကျင့်သုံးနေသနည်းဟူသည့်အချက်ပင် ဖြစ်သည်။

၆. ၂. ၅ မြေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု

မြေယာဆိုင်ရာ လူ့အခွင့်အရေးများသည် တရားမျှတမှုစနစ်များနှင့် နီးကပ်စွာဆက်စပ်နေသည်။ Schlosberg ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုဆိုင်ရာ သုံးဖက်မြင်ချဉ်းကပ်ပုံ (Schlosberg, ၂၀၀၇) အား အသုံးပြု၍ မြေယာအခွင့်အရေးများအပေါ်တွင်ရှိနေသည့် အကန့်အသတ်/အဟန့်အတားများကို ခွဲဝေမှုဆိုင်ရာ ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကန့်သတ်ချက်များနှင့် အသိအမှတ်ပြုမှုဆိုင်ရာကန့်သတ်ချက်များဟူ၍ ခွဲခြားသတ်မှတ်နိုင်သည် (Hirsch et al., ၂၀၂၂)။ ခွဲဝေမှုဆိုင်ရာ တရားမျှတမှုသဘောအရ ကျယ်ပြန့်သောလူထုအကြား မြေယာလက်လှမ်းမီနိုင်ခြင်းတွင် အတိုင်းအတာတစ်ခုအထိ ညီမျှမှုရှိရန် လိုအပ်သည်၊ ထိုကဲ့သို့ တရားမျှတမှု ရှိခြင်းတွင် ခြိမ်းခြောက်မှုများရှိနေပြီး အထူးသဖြင့် စိုက်ပျိုးရေးနှင့် အခြားမြေယာအခြေပြု လုပ်ငန်းများအပေါ် အဓိကမှီခိုနေရသူများ၏ အသက်မွေးဝမ်းကျောင်းကို ထိခိုက်စေပြီး လူနည်းစု၏ လက်ဝယ်သို့ မြေယာများ အလွန်အမင်း စုပြုံရောက်ရှိသွားသည့်အခါတွင်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများဆိုသည်မှာ အခွင့်အရေးများ ချိုးဖောက်ခံရချိန်တွင် တရားရုံးများနှင့် အခြားသောကုစားမှုနည်းလမ်းများအား လက်လှမ်းမီနိုင်ရေးတွင် ဖြစ်ပေါ်နေသည့် မညီမျှမှုများနှင့် သက်ဆိုင်ပေသည်။ အသိအမှတ်ပြုမှုဆိုင်ရာ တရားမျှတမှု ဆိုသည်မှာ ဂျန်ဒါ၊ တိုင်းရင်းသားလူနည်းစု၊ အမျိုးဇာတ် သို့မဟုတ် အခြားသော ဂုဏ်အင်္ဂါရုပ်များအပေါ် အခြေမခံဘဲ မြေယာအခွင့်အရေးများကို လေးစားလိုက်နာရန် လိုအပ်ခြင်းဖြစ်သည်။ မျက်မှောက်ခေတ်နိုင်ငံများတွင် မြေယာ စီမံခန့်ခွဲရေးအတွက် ချမှတ်ကျင့်သုံးနေသည့် ဥပဒေစနစ်များသည် အသိအမှတ်ပြုမှုအပေါ်အခြေခံသည့် အခွင့်အရေးများကို ချိုးဖောက်နေသည့်အခါ ထိုသို့သော ညီမျှမှုမျိုးမှာ ကင်းမဲ့နေလေ့ရှိသည်။

ယေဘုယျအားဖြင့်ဆိုရသော် မြေယာနှင့်ပတ်သက်သည့် လူ့အခွင့်အရေးများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မေးခွန်းများနှင့် အလွန်ပင် ဆက်နွယ်နေလေ့ရှိသည်။ မြေယာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ချိတ်ဆက်ပေးနိုင်မည့် အဓိက အခြေအနေ (၂) ရပ်ရှိသည်။ ပထမအချက်မှာ မြေယာအခြေပြုသော အသက်မွေးဝမ်းကျောင်းများတွင် ပတ်ဝန်းကျင်သယံဇာတများ၏ အရေးပါနေမှုဖြစ်ပြီး အကြီးစားစီမံကိန်းများကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများက ကျေးလက်နေဆင်းရဲသားပြည်သူများအတွက် အဆိုပါ သယံဇာတများကို ဆက်လက်အသုံးပြုနိုင်စွမ်းအပေါ် ထိခိုက်စေသည်။ ဒုတိယအချက်မှာ (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကြောင်းပြသည့်) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖယ်ထုတ်ထားရေးမူဝါဒများကြောင့်

ကျေးလက်နေဆင်းရဲသားပြည်သူများအတွက် မြေယာနှင့် ဆက်စပ်နေသောသယံဇာတများ ဆက်လက် လက်လှမ်းမီအသုံးပြုခွင့်အပေါ် သက်ရောက်မှုရှိနေခြင်း ဖြစ်သည်။ ဤဖြစ်ရပ်နှစ်ခုလုံးတွင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြန်အလှန်ဆက်နွယ်မှုရှိခြင်းက လူမှုတရားမျှတမှုဆိုင်ရာမေးခွန်းများနှင့် အလွန် နီးကပ်စွာ ချိတ်ဆက်မှုရှိနေကြပေသည် (Zarsky, ၂၀၀၂)။

၆. ၂. ၆ မညီမျှမှုရှိခြင်း

ကြွယ်ဝချမ်းသာမှု မညီမျှခြင်းအရေးသည် နီယိုလစ်ဘရယ်ခေတ်၏ ဈေးကွက်ဦးစားပေး အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်တွင် ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်၊ ဤခေတ်တွင် မြေယာ လက်လှမ်းမီနိုင်မှုကို ဆုံးဖြတ်ပေးသည်မှာ နီးစပ်ကပ်ရှိသည့် လူမှုဆက်နွယ်မှုများထက် ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်နိုင်ခြင်းအပေါ်တွင်သာ ဖြစ်လာသည်။ ဤအချက်ကို မညီမျှသော မြေယာပိုင်ဆိုင်မှုနှင့် လက်လှမ်းမီနိုင်မှု အခြေအနေများတွင် မြင်တွေ့နိုင်သလို ထိုမညီမျှမှုများကပင် ၎င်းဖြစ်စဉ်ကို ပြန်လည်ပုံဖော်ပေးနေသည်။

သို့သော်လည်း (ကျင့်သုံး)လွှမ်းမိုးထားသော စံနှုန်းများအရ မြေယာပိုင်ဆိုင်မှုတွင် အကြွင်းမဲ့ တန်းတူညီမျှရှိစေရေး တောင်းဆိုရန်မှာ ခက်ခဲနိုင်ပေသည်၊ အကြောင်းမှာ အခွင့်အရေးဆိုင်ရာပြဿနာတစ်ခုအနေဖြင့် မညီမျှမှုရှိခြင်းသည် အကြွင်းမဲ့ကိစ္စတစ်ခုထက် အခြားဆက်စပ်ခြင်းရာများအပေါ်တွင်သာ အလေးထားလေ့ရှိပြီး ဆက်လက်ငြင်းခုံဆွေးနွေးနေရမည့် ကိစ္စရပ်တစ်ခုပင်ဖြစ်သည်။ မညီမျှမှုကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိနေပြီး မြေယာပိုင်ဆိုင်မှု အကန့်အသတ်သတ်မှတ်ခြင်း၊ မြေယာပြန်လည်ခွဲဝေရေး အစီအစဉ်များ ချမှတ်ခြင်းတို့ ပါဝင်သည်၊ သို့သော် ယနေ့အချိန်အထိ ထိုနည်းလမ်းများ၏ သက်ရောက်မှုအပိုင်းမှာ အလွန်ပင် အကန့်အသတ်ရှိနေသေးပေသည်။

၆. ၂. ၇ နယ်နိမိတ်ကျော်လွန် ခံစားနိုင်သည့် အခွင့်အရေးများ

မြေယာလက်လှမ်းမီနိုင်မှုနှင့် ၎င်းနှင့်ဆက်စပ်နေသော အခွင့်အရေးများချိုးဖောက်မှုများအဖြစ် အခြားနိုင်ငံများမှ ကုမ္ပဏီအဖွဲ့အစည်းများအား ရေရှည်(မြေ)ငှားရမ်းမှုပုံစံဖြင့် မြေယာလုပ်ပိုင်ခွင့်များပေးအပ်ခြင်းကဲ့သို့သော နယ်စပ်ဖြတ်ကျော်ဆက်နွယ်သည့် လုပ်ငန်းစဉ်များ ပိုမိုပါဝင်လာနေသည်။ ရလဒ်အနေဖြင့် အခွင့်အရေးချိုးဖောက်မှုများရှိလာသည့်အခါ ဖြစ်စဉ်ဖြစ်ပွားရာ နိုင်ငံတွင်း၌သာမက အဆိုပါကုမ္ပဏီများ အခြေစိုက်ရာ မိခင်နိုင်ငံ၏ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများဖြင့်လည်း ဖြေရှင်းနိုင်ခြေရှိလာပေသည်။ ယနေ့အချိန်အထိ အရှေ့တောင်အာရှတွင် အမှုအနည်းငယ်သာ တရားရုံးသို့ ရောက်ရှိခဲ့ပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံတွင် တရားစွဲဆိုထားခြင်းများဖြစ်ကြပြီး ထိုင်းကုမ္ပဏီများ၏ အိမ်နီးချင်းနိုင်ငံများတွင် လုပ်ဆောင်ချက်များနှင့်ပတ်သတ်၍ ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့သော နယ်မြေကျော်လွန်သည့် အခွင့်အရေးချိုးဖောက်မှုများအား အောင်မြင်စွာ အရေးယူနိုင်ခြင်းမျိုး မရှိသေးပေ။

၆.၃ လူ့အခွင့်အရေးနှင့် မြေယာကိစ္စတို့နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာပြဿနာများ

မြေယာနှင့်ပတ်သက်သည့်လူ့အခွင့်အရေးများက ဥပဒေ၏ ပြည့်စုံလုံလောက်မှုရှိခြင်းနှင့် ထိုဥပဒေကို အကောင်အထည်ဖော်ခြင်း သဘောတရားနှစ်ရပ်လုံးအပေါ်တွင် မူတည်နေသည်။ ဥပဒေဟူသည် မြေယာဆိုင်ရာ တရားမျှတမှုရှိရေးအတွက် အရင်းအမြစ်တစ်ခုဖြစ်နိုင်သကဲ့သို့ မတရားမှုများ ဆက်လက်ဖြစ်ပွါးစေနိုင်သော နည်းလမ်းတစ်ခုလည်း ဖြစ်နိုင်ပေသည်။ နိုင်ငံတကာသဘောတူစာချုပ်များ၌ မြေယာလက်လှမ်းမီမှုကို လူ့အခွင့်အရေးတစ်ခုအဖြစ် သတ်မှတ်သည့်အချက်အပေါ် ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမျိုး မရှိချေ။ ကုလသမဂ္ဂ မူဘောင်အတွင်း၌မူ မြေယာနှင့် စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ အထွေထွေ မှတ်ချက်- အမှတ် ၂၆ (၂၀၂၂) တွင် မြေယာကို အခွင့်အရေးတစ်ခုအဖြစ် အသေးစိတ် ဖော်ပြထားသော်လည်း အောက်တွင် အသေးစိတ်ဖော်ပြသွားမည့်အတိုင်းပင် ကျယ်ပြန့်သော စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒတစ်ခုသာ ဖြစ်နေပြီး မည်သည့် ဥပဒေယန္တရားတစ်စုံတစ်ရာဖြင့် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် အရာတစ်ခုဖြစ်သည်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (၂၀၀၇) တွင် မြေယာနှင့် နယ်မြေပိုင်ဆိုင်မှုများအကြောင်း အကျယ်တဝင့် ဖော်ပြထားသော်လည်း ၎င်းသည်လည်း အလားတူပင် တရားဝင်စည်းနှောင်မှုမရှိသော စာချုပ်စာတမ်းတစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် မြေယာနှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသည့် အခွင့်အရေးဆိုင်ရာပြဿနာများသည် အဓိကအားဖြင့် နိုင်ငံ၏ ပြည်တွင်းဥပဒေများအောက်တွင်သာ ကျရောက်လေ့ရှိသည်။ ပြည်တွင်းဥပဒေများ၌ မြေယာကို လူ့အခွင့်အရေးတစ်ခုအဖြစ် သီးသန့်ရည်ညွှန်းဖော်ပြထားခြင်းမှာ နည်းပါးလှသော်လည်း နိုင်ငံတော်၏ ဥပဒေပြဋ္ဌာန်းချက်များသည် မြေယာလက်လှမ်းမီနိုင်မှုတွင် လုံခြုံစိတ်ချရခြင်း၊ မြေယာမြေ ပြောင်းလဲသည့်ကိစ္စများတွင် ပြန်လည်ကုစားခွင့်ရရှိခြင်းတို့အတွက် အရေးပါသော သက်ရောက်မှုများ ရှိနေသည်။ ဤအချက်နှစ်ရပ်လုံးသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည့် အခြေခံအခွင့်အရေးများအား ထောက်ပံ့ပေးနေသည့်အပြင် မြေယာနှင့် ဆက်စပ်နေသော သဘောဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့်လည်း သက်ဆိုင်နေပေသည်။

၆. ၃. ၁ မြေယာလုပ်ပိုင်ခွင့်

အရှေ့တောင်အာရှရှိ တရားဝင်ဥပဒေစနစ်အများအပြားသည် မိရိုးဖလာ/ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုထားခြင်းမရှိဘဲ အချို့ဖြစ်ရပ်များတွင် ၎င်းကြောင့် နေရပ်မှ ဖယ်ရှားခံရမှုများ ဖြစ်ပေါ်ခဲ့သည်။ ဥပမာအားဖြင့် ဌာနေတိုင်းရင်းသားလူနည်းစုများ၏ မျိုးဆက်နှင့်ချီ၍ နေထိုင်စိုက်ပျိုးလာခဲ့သော နေရာအများအပြားကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများအဖြစ် ကြေညာခဲ့ခြင်းမျိုးဖြစ်သည်။ ထို့ပြင် ဒေသခံလူထု၏ ယခင်ကတည်းက အခြေချနေထိုင်လာခဲ့မှုနှင့် စိုက်ပျိုးလုပ်ကိုင်မှုများအား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကုမ္ပဏီကြီးများကို မြေယာလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ကြသည်။ အခြားသောဖြစ်ရပ်များတွင်လည်း သတင်းအချက်အလက်များကို လက်ဦးရရှိမှုနှင့် ထင်ထင်ပေါ်ပေါ်အဂတိလိုက်စားမှုများကြောင့် ချမ်းသာကြွယ်ဝပြီး အဆက်

အသွယ်ကောင်းသူများက ဒေသခံနေထိုင်သူများကိုဖယ်ထုတ်ကာ တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားများကို ရယူနိုင်ခဲ့ကြသည်။ ထိုင်းနိုင်ငံရှိ သာဓကများတွင် အက်ဒမန်ပင်လယ်အတွင်းရှိ လီပေကျွန်းပါဝင်ပြီး ထိုနေရာတွင် အူရတ်ကလာတ်ဝွိုင်း လူမျိုးများ၏ မြေယာအသုံးပြုခွင့်မှာ ငြင်းပယ်ခံရသည့်အပြင် ၎င်းတို့၏ သွားလာရေး လမ်းကြောင်းများပါ ပိတ်ဆို့ခြင်း ခံခဲ့ရသည်။ ထို့အတူ ဖူးခက်ရှိ ရာဝိုင်ကမ်းခြေတွင်လည်း မိုကန်လူမျိုးများ နေထိုင်သည့် မြေနေရာကို လုပ်ငန်းရှင်တစ်ဦးက ၎င်းပိုင်ဆိုင်ကြောင်း တောင်းဆိုခဲ့သည့် ဖြစ်စဉ်မျိုး ရှိခဲ့သည်။

၆. ၃. ၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ

အရှေ့တောင်အာရှရှိ နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ မြေယာကို နိုင်ငံတော်၊ ဘုရင် သို့မဟုတ် နိုင်ငံတော်က စီမံခန့်ခွဲလုပ်ကိုင်စေမည့် "ပြည်သူများ" ၏ လက်ဝယ်တွင် ထားရှိကြသည်။ ယင်းမှာ မြေယာအပေါ် အကြွင်းမဲ့ပိုင်ဆိုင်ခွင့်သည် အစိုးရအာဏာပိုင်များ၏လက်ထဲတွင် ရှိနေသည်ဟု ဆိုလိုခြင်းဖြစ်သည်၊ ထို့ကြောင့် မြေယာသိမ်းယူမှုများဖြစ်ပေါ်လာပါက မျှတသင့်လျော်သော လျော်ကြေးပေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် အခြားသော လုပ်ထုံးလုပ်နည်းဆိုင်ရာချမှတ်ထားသော ပြဋ္ဌာန်းချက်များသည် မြေယာဆိုင်ရာ လူ့အခွင့်အရေးများ အတွက် အလွန်အရေးပါလှပေသည်။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံတွင် လယ်သမားများလက်ဝယ် "စာအုပ်နီ" ဟု ခေါ်သော မြေယာအသုံးပြုခွင့်လက်မှတ်များရှိနေစေကာမူ မြို့ပြဆင်ခြေဖုံး အိမ်ရာဖော်ဆောင်ရေးနှင့် စက်မှုဖွံ့ဖြိုးရေးအတွက် မြေယာသိမ်းယူမှုကို "မြေယာပြန်လည်သိမ်းဆည်းခြင်း" (*Thu hồi đất đai*) ဟု ခေါ်ဆိုကြပြီး ယင်းမှာ မြေယာအပေါ် အကြွင်းမဲ့ပိုင်ဆိုင်ခွင့်မှာ နိုင်ငံတော်ထံတွင်ရှိကြောင်း၊ "စာအုပ်နီ" အဖြစ်ပေးထားသည့် မြေယာအသုံးပြုခွင့်လက်မှတ်များသည် အမှန်တကယ်၌ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသို့ ပေးအပ်ထားသော တစ်ဆင့်ခံ အခွင့်အရေးမျှသာဖြစ်ကြောင်း ဆိုလိုပေသည်။

၆. ၃. ၃ ပြည်သူပိုင်သိမ်းယူခြင်း

ဥပဒေစနစ် အတော်များများတွင် "အစိုးရ၏ အထူးအာဏာသက်ရောက်ခြင်း" ဆိုင်ရာပြဋ္ဌာန်းချက်များရှိကြပြီး အများပြည်သူအကျိုးစီးပွားဖြစ်စေမည့်လုပ်ငန်းများအတွက် လိုအပ်ပါက မြေယာများကို သိမ်းယူနိုင်သည်။ သို့သော်လည်း ထိုပြဋ္ဌာန်းချက်များအောက်တွင်သတ်မှတ်ထားသည့် (မြေယာ)ပြည်သူပိုင်သိမ်းယူခြင်းဆိုင်ရာ စံနှုန်းများကား ဥပဒေစနစ်တစ်ခုနှင့်တစ်ခု မတူညီကြပေ။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးအတွက်၊ အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံအတွက်၊ "လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး" ရည်ရွယ်ချက်များအတွက်သာ မြေယာကို သိမ်းယူနိုင်သည်။ ထိုနောက်ဆုံးအချက်ဖြစ်သော "လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး" ဟူသော စကားလုံးမှာ အဓိပ္ပါယ်အလွန်ကျယ်ပြန့်လွန်းလှသဖြင့် အိမ်ရာစီမံကိန်းများ၊ ဂေါက်ကွင်းများ သို့မဟုတ် အခြား စီးပွါးရေးလုပ်ငန်းများအတွက် (မြေနေရာ) ဖယ်ပေးရသူများအကြား အငြင်းပွါးဖွယ်ရာကိစ္စရပ်တစ်ခုဖြစ်လာသည်။ အလွန်အမင်းဆိုးရွားသောအခြေအနေများ၌ ထိုရည်ရွယ်ချက်ကြောင့်ပင် အစိုးရအာဏာပိုင်များနှင့် ဒေသခံတောင်သူလယ်သမားများအကြား အချေအတင်များ အပြင်းအထန် ဖြစ်ပွားခဲ့ရသည်၊ သာဓကအားဖြင့် ဟန္ဓိုင်းမြို့အနီးရှိ ဒေါင်တန်း (Đồng Tâm) အမှုကဲ့သို့ ဖြစ်ရပ်မျိုးဖြစ်သည်။ အများပြည်သူအကျိုးစီးပွါးအတွက် မြေယာ

သိမ်းယူရာတွင် လျော်ကြေးငွေကိစ္စသည်လည်း အမြဲငြင်းခုံဖွယ်ကောင်းသော အဓိကအချက် ဖြစ်လေ့ရှိ သည်။ အကြောင်းမှာ အာဏာပိုင်များက လျော်ကြေးပေးရန်အတွက် အခြေခံသတ်မှတ်ထားသော မြေယာ တန်ဖိုး/ဈေး များသည် များသောအားဖြင့် လက်ရှိပေါက်ဈေးထက် နည်းပါးနေသည့်အတွက်ကြောင့်ဖြစ်သည်။ ထိုအခါ မြေယာ ဆုံးရှုံးသွားသူများအနေဖြင့် အခြားတစ်နေရာတွင် ယခင်နှင့် တန်ဖိုးတူညီသော မြေကွက်ကို ပြန်လည် ဝယ်ယူ နိုင်ခြင်း မရှိတော့ပေ။ ဥပမာအားဖြင့် လာအိုနိုင်ငံရှိ လမ်းနှင့် ရထားလမ်းစီမံကိန်းများကြောင့် နေရပ်စွန့်ခွာခဲ့ရသော လယ်သမားအများအပြားသည် ခေတ်နှင့်မကိုက်ညီတော့သည့် စိုက်ပျိုးရေးမြေနှုန်းထားများ အတိုင်းသာ လျော်ကြေးကိုလက်ခံခဲ့ရပြီး အဆိုပါငွေကြေးမှာ ၎င်းတို့အနီးအနားတွင် ယခင်နှင့် အရည်အသွေးတူ၊ အတိုင်းအတာတူ မြေယာမျိုး ပြန်လည်ဝယ်ယူရန် မလုံလောက်ခဲ့ပေ။

၆. ၃. ၄ ရွေးချယ်ပြီး အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်း

အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းနိုင်ငံများရှိ ဥပဒေစနစ်များ၌ အရေးယူဆောင်ရွက်သည့်အပိုင်းတွင် မညီမျှမှုများ ရှိနေပြီး မြေယာကိစ္စရပ်များတွင် ၎င်းမှာ အထင်ရှားဆုံးဖြစ်သည်။ ချမ်းသာကြွယ်ဝသူများက သစ်တောမြေများ သို့မဟုတ် တိုင်းရင်းသားလူနည်းစုများ၏ မိရိုးဖလာ/ထုံးတမ်းစဉ်လာအရ စီမံလုပ်ကိုင်နေသည့် မြေယာများကို ကျူးကျော်ဝင်ရောက်ခြင်းများပြုသည့်အခါ ထောင်ဒဏ်ကဲ့သို့သော ပြစ်ဒဏ်ပေးခံရသည့်အဖြစ်မျိုးမှာ အလွန်ပင် ရှားပါးလှသည်။ သို့သော် ဆန့်ကျင်ဘက်အနေဖြင့် မြေအနည်းငယ်သာပိုင်ဆိုင်ကြသူများ (လယ်သမားများ) အများ အပြားမှာမူ မိမိတို့နေအိမ်အနီးအားရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများအတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူရှာဖွေခြင်းကဲ့သို့သော သာမန်ပြစ်မှုလေးများအတွက်ပင် ထောင်ဒဏ်ချမှတ်ခြင်း ကို ခံနေရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အာဏာပိုင်များနှင့် နီးစပ်သူများ (Oknha) ၏ အကြီးစား မြေယာရယူမှု များတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများအား ကျူးကျော်ရယူခြင်းများ ပါဝင်နေသည်။ ထိုင်းနိုင်ငံတွင်လည်း အစိုးရအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များသည် မြေယာပြုပြင်ပြောင်းလဲရေးမြေများနှင့် သစ်တောမြေများကို တရားမဝင် ရယူထားကြသည်၊ သို့သော် ၎င်းတို့နှင့် ဆင်တူပြစ်မှုများကြောင့်ဖြစ်စေ၊ သို့မဟုတ် ပို၍အပြစ်ပေါ့သော ပြစ်မှုများကြောင့်ဖြစ်စေ ထောင်ဒဏ်ချမှတ်ခံကြရသည့် (အသေးစား) တောင်သူလယ်သမားများကဲ့သို့ ထိုပုဂ္ဂိုလ် များသည် ထောင်ဒဏ်ချမှတ်ခြင်းကို မခံကြရပေ။

၆. ၃. ၅ ဥပဒေမဲ့ အကြမ်းဖက်မှုများ

အရှေ့တောင်အာရှ ကုန်းတွင်းနိုင်ငံများ၏ နယ်စပ်ဒေသများရှိ မြေယာကိစ္စဖြေရှင်းမှုများက အာဏာရှိသူများ၏ အကြမ်းဖက်မှုများနှင့် ကာလရှည်ကြာ ဆက်နွယ်နေခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် သစ်ထုတ်လုပ်ခြင်းနှင့် မြေသိမ်းမှုများအပေါ် ဆန့်ကျင်ကန့်ကွက်နေကြသည့် ပရိုင်လန်း သစ်တောအတွင်းရှိ ရပ်ရွာအဖွဲ့အစည်း၏ ခေါင်းဆောင်များနှင့် ရှေ့နေများ သတ်ဖြတ်ခံရမှုကို ကြုံတွေ့ခဲ့ရသည်၊ သို့သော် ထိုသို့သော သယံဇာတနှင့် မြေသိမ်းမှုများနောက်ကွယ်မှ ကြိုးကိုင်သူများနှင့် လူသတ်မှုကျူးလွန်သူများမှာမူ ပြစ်ဒဏ်မှ ကင်းလွတ်ခြင်းမျိုး ဖြစ်နေလေသည်။ မြန်မာနိုင်ငံ၌မူ ဗမာလူမျိုးများနေထိုင်ရာ ဒေသများနှင့် တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာ ဒေသနှစ်ခုစလုံး၌ စစ်တပ်၏ မြေသိမ်းမှုများမှာ ဒေသခံလူထုအပေါ် အစုလိုက်အပြုံလိုက် အကြမ်းဖက်မှုများ

နှင့်အတူ ဖြစ်ပွါးလေ့ရှိသည်။ ယင်းမှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပိုမိုဆိုးရွားလာခဲ့သော်လည်း အမှန်စင်စစ်အားဖြင့် ယခင်ကာလရှည်ကတည်းကပင် ဖြစ်ပျက်နေခြင်းဖြစ်သည်။ အခြားနေရာများတွင်လည်း မြေယာအခွင့်အရေးအတွက် ရပ်တည်ကာကွယ်ပေးသူများမှာ ပစ်မှတ်ထားခြင်း ခံနေရသည်။ ၎င်းတို့အနက် ထင်ရှားသောဖြစ်ရပ်များမှာ ၂၀၁၂ ခုနှစ်တွင် လာအိုနိုင်ငံမှ (ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ) ဆွမ်ဘတ် ဆွမ်ဖုန်း နှင့် ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံမှ (ကရင်တက်ကြွလှုပ်ရှားသူ) ပေါလာဂျီ ရက်ချောင်ချာရွှန် သို့မဟုတ် "ဘီလီ" တို့၏ အတင်းအကြပ် လက်စဖျောက်ဖျက်ခံရမှုများ ဖြစ်ကြသည်။ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ကတည်းက ၎င်းတို့နှစ်ဦးလုံးအကြောင်း မည်သည့်သတင်းမျှ ထပ်မံမကြားသိရတော့ပေ။ သို့သော်လည်း ၂၀၁၉ ခုနှစ်တွင် ကန်ကရာချန်ဆည်အတွင်း၌ ဘီလီ၏ မိသားစုဝင်များနှင့် DNA ချင်းကိုက်ညီသော ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

၆. ၃. ၆ ဆန္ဒအလျောက်လိုက်နာရန် ချမှတ်ထားသည့် လမ်းညွှန်ချက်များဖြင့် စီမံအုပ်ချုပ်ခြင်း

မြေယာသိမ်းယူမှုများ၊ ယင်းနှင့်ဆက်စပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန္ဒအလျောက် လိုက်နာရန် ချမှတ်ထားသည့် လမ်းညွှန်ချက်များဖြင့် "စီမံအုပ်ချုပ်ရန်" ကြိုးပမ်းမှုများသည် ယနေ့အချိန်အထိ အကန့်အသတ်ဖြင့်သာ ထိရောက်မှုရှိခဲ့သည် (Neef et al., ၂၀၂၃)။ နိုင်ငံနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် ဆန္ဒအလျောက် လိုက်နာကျင့်သုံးရေးအတွက် အရေးအကြီးဆုံးဖြစ်သော အခြေခံမူများမှာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော *နိုင်ငံတော် စားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်ကို အစိုးရများက တာဝန်ယူမှုရှိစွာဖြင့် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ* (VGGT) ဖြစ်သည်။ သို့သော်လည်း ယနေ့အချိန်အထိ အရှေ့တောင်အာရှဒေသတွင်း၌ အဆိုပါလမ်းညွှန်ချက်များကို လက်ခံကျင့်သုံးမှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေသေးပေသည်။ အဆိုပါ လမ်းညွှန်ချက်များနှင့် ဆက်စပ်နေသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေသိမ်းယူခြင်းများတွင် လိုက်နာရမည့် ဆန္ဒအလျောက် လွတ်လပ်၍ ကြိုတင်အသိပေးထားသော သဘောတူညီချက် (FPIC) ရယူခြင်းဆိုင်ရာ အခြေခံမူများဖြစ်သည်၊ ဥပမာအားဖြင့် ဆည်တစ်ခုတည်ဆောက်သည့်အခါ ရေလှောင်ကန်အတွင်း ရေများသိုလှောင်ထားခြင်းက မြေယာဧရိယာ အမြောက်အမြားကို ရေလွှမ်းမိုးနိုင်မည့်ကိစ္စမျိုးတွင် ယင်းမူကို အသုံးပြုသည်။ သို့သော်လည်း ကမ္ဘာ့ဘဏ် ကဲ့သို့သော အဖွဲ့အစည်းများက မိမိတို့အဖွဲ့အစည်းအလိုက် ကာကွယ်စောင့်ရှောက်ရေး မူဝါဒများကို ကျင့်သုံးခဲ့သည့်တိုင် ပြည်တွင်းဥပဒေစနစ်များက အဆိုပါအခြေခံမူများအား အသိအမှတ်ပြုထားခြင်းမရှိပါမူ FPIC ကို စစ်မှန်စွာ အသုံးချနိုင်မှုမရှိကြောင်း တွေ့ရသည်။ လာအိုနိုင်ငံရှိ နမ်သမ်း ၂ ဆည်စီမံကိန်းသည် ထင်ရှားသော သာဓကတစ်ခုဖြစ်သည် (Shoemaker & Robichaud, ၂၀၁၈)။

၆.၄ မြေယာအခွင့်အရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်နေသော နောက်ခံကြောင်းခြင်းရာများ

အရှေ့တောင်အာရှဒေသတွင် ဖြစ်ပွားသည့် မြေယာပဋိပက္ခများမှာ အကြိမ်အရေအတွက်သာမက အမျိုးအစား အပိုင်းတွင်ပါ ပိုမိုများပြားကျယ်ပြန့်လာခဲ့သည်။ စီးပွါးရေး၊ လူမှုရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ မြေယာအပေါ်ထားရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်

ပူပန်မှုများမှာလည်း ယခင်ကထက် ပိုမိုအရေးပါလာခြင်းတို့ကြောင့် ထိုပဋိပက္ခများ၏ နောက်ခံ အကြောင်းခြင်းရာများနှင့် သဘောသဘာဝတို့သည်လည်း အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ထိုသို့သော ပဋိပက္ခများနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် မြေယာဆိုင်ရာလူ့အခွင့်အရေးပြဿနာများ၏ သာဓကများက လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် နောက်ဆက်တွဲ သက်ရောက်မှုများအကြောင်းကို ပိုမိုအသေးစိတ် သိမြင်စေနိုင်ပေသည်။

အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များသည် လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးအရ ပါဝင်ပတ်သက်နေသူ အမျိုးမျိုး၏ မြေယာအပေါ်ထားရှိသည့် မတူကွဲပြားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ တည်ငြိမ်မှုမရှိဘဲ ဆင့်ကဲပြောင်းလဲနေသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အလွန်ပင် ဆက်နွယ်နေသည်။ ဝမ်းစာရေးအတွက် စိုက်ပျိုးလုပ်ကိုင်ကြသည့် လယ်သမားများအတွက် မြေယာဆိုင်ရာအခွင့်အရေးများသည် စားနပ်ရိက္ခာနှင့် အခြားသော စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများနှင့် ဆက်စပ်နေပေသည်။ အသေးစား စီးပွါးဖြစ် စိုက်ပျိုးထုတ်လုပ်သူများအတွက်မူ မြေယာအခွင့်အရေးသည် ဝင်ငွေရှာဖွေနိုင်ရေးအတွက် အခြေခံကျပေသည်။ သို့သော် ဤဖြစ်ရပ်နှစ်ခုလုံးတွင် မြေယာသည် ကိုယ်ပိုင်ဖြစ်တည်မှု၏ အရင်းအမြစ်တစ်ခုလည်းဖြစ်သောကြောင့် မြေယာလက်လွတ်ဆုံးရှုံးရသည့်အခါ အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် နည်းလမ်းများကို ဆုံးရှုံးသွားစေရုံသာမက မိမိတို့၏ အခြေချရာ ဒေသ၊ ဆွေမျိုးသားချင်း ဆက်နွယ်မှုနှင့် အခြားသော လူမှုရေး အချိတ်အဆက်များမှပါ ကင်းကွာသွားစေနိုင်ပြီး ဘဝလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် လုံခြုံမှုရှိရေးတို့အပေါ် ထိခိုက်စေသည်။ ထို့ပြင် မြေယာသည် အမြဲတမ်း နေထိုင်ရာနေရာတစ်ခုဖြစ်သကဲ့သို့ ရွှေ့ပြောင်းသွားလာပြီး အသက်မွေးရသူများအတွက် ခိုလှုံရာနေရာတစ်ခုလည်း ဖြစ်သည် (Neilson ၂၀၂၃....)။ တစ်ဖက်တွင်လည်း မြို့ပြဆိုင်ရာရင်းနှီးမြှုပ်နှံသူများအတွက်မူ မြေယာသည် အမြတ်အစွန်းအတွက် မှန်းဆဝယ်ယူရသောပိုင်ဆိုင်မှုတစ်ခုအဖြစ် အဓိပ္ပါယ်ဆောင်ပေသည်။ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများနှင့် ပင်စင်ရန်ပုံငွေများကဲ့သို့သော ဘဏ္ဍာရေး အဖွဲ့အစည်းများအတွက်မူ မြေယာတန်ဖိုးများသည် ထိုမြေယာနှင့်မည်သည့်ပတ်သက်မှုမျှ မရှိသောသူများအတွက် ချမ်းသာကြွယ်ဝမှုရှာဖွေပေးသည့် အထောက်အကူပြု အရင်းအနှီးတစ်ခု ဖြစ်နိုင်ပေသည်။

၆. ၄. ၁ အရှေ့တောင်အာရှဒေသရှိ သမိုင်းတလျှောက် မတရားမှုများနှင့် မြေယာပြုပြင် ပြောင်းလဲရေး

ကိုလိုနီခေတ်ကာလများတွင် မြေယာလက်လွတ်ဆုံးရှုံးရခြင်းသည် ကိုလိုနီအာဏာပိုင်များ၏ အကျိုးစီးပွားအတွက် အထောက်အကူဖြစ်စေခဲ့ပြီး ဗြိတိသျှလက်အောက်ရှိ မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းခဲ့သည့် ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေကဲ့သို့သော ဥပဒေများက ကျေးထောက်နောက်ခံပြုပေးခဲ့ကြသည်။ လူနည်းစု အထက်တန်းလွှာများ၏ လက်ဝယ်တွင် မြေယာများ စုပုံလာခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များသည် ကိုလိုနီဆန့်ကျင်ရေးနှင့် တော်လှန်ရေး လှုပ်ရှားမှုများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ရလဒ်အနေဖြင့် မြေယာပြုပြင်ပြောင်းလဲရေးသည် ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်လာခဲ့ပြီး အသေးစားပိုင်ဆိုင်သူလယ်သမားများအတွက် မြေယာများ ပြန်လည်ခွဲဝေပေးရန် ရည်ရွယ်ပြီးလျှင် “လယ်လုပ်သူ လယ်ပိုင်စေရေး” ဟူသော ကြွေးကြော်သံများအောက်တွင် အကောင်အထည်ဖော်ခဲ့ကြသည်။ ထိုကဲ့သို့အစီအစဉ်များကို လူ့အခွင့်အရေးဟူသော စကားလုံးဖြင့်တိုက်ရိုက်ဖော်ပြခဲ့ခြင်းမရှိသော်လည်း ၎င်းတို့သည် အတိတ်က တွေ့ကြုံ

ခဲ့သည့် မြေယာလက်လွတ်ဆုံးရုံးရမှုများ၊ အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် အခြေခံကာ ထွက်ပေါ်လာသည့် ကျေးလက်ဆင်းရဲသားများ၏ မကျေနပ်ချက်များကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် ထိုသို့သောပြုပြင်ပြောင်းလဲမှုများသည် တော်လှန်ရေးအလွန် ဆိုရှယ်လစ်အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်၊ ဥပမာအားဖြင့် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ဗီယက်နမ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘောဒီးယားရှိ ခမာနီလက်ထက်တွင် အလွန်အမင်း ဆိုးရွားသောပုံစံဖြင့် ဖြစ်ပွါးခဲ့သောဖြစ်စဉ်များ ဖြစ်ကြသည်။ ထိုသို့သော မြေယာပြန်လည်ခွဲဝေရေးလှုပ်ရှားမှုများ၏ အကြမ်းဖက်သော သဘောသည်ပင်လျှင် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို တစ်ဖန်ပြန်လည် မြင့်တက်စေခဲ့သည်။ တစ်ဖက်တွင်မူ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်းနှင့် ထိုင်းနိုင်ငံတို့၌ လုပ်ဆောင်ခဲ့သည့် မြေယာပြုပြင်ပြောင်းလဲမှုများသည် အနောက်တိုင်းစနစ်လိုလားသည့် အစိုးရများ၏ ကြိုတင်ကာကွယ်သောနည်းလမ်းအစီအစဉ်များဖြစ်လာခဲ့ပြီး လက်ဝဲဝါဒီ လှုပ်ရှားမှုများ၏ စိန်ခေါ်မှုကို တားဆီးရန်အတွက် ကျေးလက်နေ တောင်သူလယ်သမားများ၏ ထောက်ခံမှုကို ရယူလိုခြင်းလည်း ဖြစ်သည်။

၆. ၄. ၂ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း

ကိုလိုနီခေတ်ကာလတွင်းသာမက လွတ်လပ်ရေးရပြီးသောနိုင်ငံများတွင်လည်း တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏ တောင်ပေါ်စိုက်ပျိုးရေးအလေ့အထများနှင့်ဆက်စပ်၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်ခဲ့ကြရသည်။ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းပြချက်ဖြင့်လည်းကောင်း၊ အချို့ဖြစ်ရပ်များတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအစီအစဉ်များ၏ အစိတ်အပိုင်းအဖြစ် လည်းကောင်း၊ တရားမဝင်ဟု သတ်မှတ်ကာ ပိတ်ပင်ခဲ့ကြသည်။ အမှန်၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို တားဆီးရန် လုပ်ဆောင်သောထိုလုပ်ရပ်များနောက်တွင် အာဏာပိုင်များ၏ ပိုမိုနက်ရှိုင်းသော ရည်ရွယ်ချက်များကြောင့် ဖြစ်တတ်ပေသည်။ ယင်းမှာ အစိုးရအနေဖြင့် လူနည်းစုအုပ်စုများကို တစ်နေရာတည်းတွင် အခြေချနေထိုင်စေခြင်းဖြင့် ၎င်းတို့အပေါ် ပိုမိုထိန်းချုပ်နိုင်ရန်၊ တောင်ပေါ်မြေနှင့် သစ်တောသယံဇာတများကို အာဏာပိုင်များ၏ ကိုယ်ပိုင်စီးပွါးရေးနှင့် နိုင်ငံရေး ရည်မှန်းချက်များအတွက် ထိန်းချုပ်ရယူနိုင်ရန်တို့ ဖြစ်သည်။

၆. ၄. ၃ မြေယာလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်များနှင့် မြေယာသိမ်းယူခြင်း

၁၉၈၀ ပြည့်လွန်နှစ်များနှောင်းပိုင်းတွင် ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲမှုများက အရှေ့တောင်အာရှရှိ ဆိုရှယ်လစ်ခေတ်လွန်နိုင်ငံများ၏စီးပွားရေးကို ပြင်ပသို့ ပိုမိုရှေးရှုသော၊ စျေးကွက်အခြေပြု ထုတ်လုပ်သောစနစ်များဆီသို့ ဦးတည်ပြောင်းလဲစေခဲ့သည်။ တစ်ချိန်တည်းမှာပင် (နိုင်ငံရှိ) နယ်မြေဒေသအများအပြားမှာ နိုင်ငံတော်ပိုင်အဖြစ် ဆက်လက်ရှိနေခဲ့ပေသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီများထံသို့ အကြီးစား မြေယာလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်များ မကြာခဏဆိုသလို ပေးအပ်ခဲ့ကြသည် (Hirsch et al, ၂၀၂၂)။ တစ်ဖက်တွင်လည်း အင်ဒိုနီးရှားနိုင်ငံ၌ ဆီအုန်းလိုအပ်ချက် မြင့်တက်လာမှု၊ အကြီးစား (စီးပွါးရေး)ကော်ပိုရေးရှင်းကြီးများ၏ သြဇာလွှမ်းမိုးမှုတို့ကြောင့် အလွန်ကြီးမားသော ဆီအုန်းစိုက်ခင်းကြီးများ တည်ထောင်လာခဲ့ကြပြီး၊ အချို့သော စိုက်ခင်း

များမှာ အိမ်နီးချင်း မလေးရှားနှင့် စင်ကာပူနိုင်ငံများတို့က ပိုင်ဆိုင်ကြသည်။ ထိုစိုက်ခင်းများ၏ လုပ်ငန်းခွင် အခြေအနေများ၊ ဌာနေတိုင်းရင်းသားပိုင်မြေယာများအပေါ် ကျူးကျော်ဝင်ရောက်မှုများက အခွင့်အရေးဆိုင်ရာ အဓိကပြဿနာများ ဖြစ်လာခဲ့သည် (Li & Semedi, ၂၀၂၁)။ ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် တစ်ကမ္ဘာလုံးအနှံ့ ဖြစ်ပွါးခဲ့သော မြေယာသိမ်းယူမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် အရှေ့တောင်အာရှဒေသအတွင်း၌ လုပ်ဆောင်ခဲ့သည့် အကြီးစားမြေယာလုပ်ပိုင်ခွင့်ပေးအပ်မှုများအပေါ် ဆန့်ကျင်သည့် အားကောင်းသော လှုပ်ရှားမှုများအဖြစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့သည်။ ထိုသို့ကန့်ကွက်မှုများမှာ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံသည့် ကော်ပိုရေးရှင်းကြီးများကိုဖြစ်စေ၊ နိုင်ငံရေး-စစ်ရေးနှင့် စီးပွါးရေး အထက်တန်းလွှာများအကြား သဘောတူညီချက်များဖြင့် နိုင်ငံတွင်းရှိ ခရိုနီများကိုဖြစ်စေ ပေးအပ်ထားသည့် ခွင့်ပြုမိန့်များအတွက် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

၆. ၄. ၄ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေများအပါအဝင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များကြောင့် နေရပ်စွန့်ခွာရမှုများ

အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းနိုင်ငံများ၏ ပထမဦးဆုံးသော အမျိုးသားဥယျာဉ်များကို ၁၉၆၀ ပြည့်လွန်နှစ်များတွင် စတင်တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ ထိန်းသိမ်းရေးနယ်မြေအဖြစ် ကြေညာသတ်မှတ်လိုက်သော နယ်မြေများအတွင်း ယခင်ကတည်းက အခြေချနေထိုင်လာသူများရှိနေခြင်းကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့သတ်မှတ်လာခြင်းကြောင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများစွာမှာ အတိဒုက္ခရောက်ရမည့် အခြေအနေသို့ ရောက်ခဲ့ရသည်။ အချို့ဖြစ်ရပ်များတွင် ဤအခြေအနေသည် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှု၊ ပြင်းထန်သော ပဋိပက္ခများ၊ ပြောင်ပြောင်တင်းတင်း လူ့အခွင့်အရေး ချိုးဖောက်မှုများဆီသို့ ဦးတည်သွားစေခဲ့သည်။ ထိုင်းနိုင်ငံရှိ ကန်ကရာချန်အမျိုးသားဥယျာဉ်မှ နှင်ထုတ်ခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည့်ရွာသားများကို ဦးဆောင်လှုပ်ရှားခဲ့သူ ကရင်ခေါင်းဆောင် “ဘီလီ” ၏ အတင်းအကြပ် လက်စဖျောက်ခံရသည့် နာမည်ကျော်ဖြစ်ရပ်မှာ ယင်း၏ သာဓကတစ်ခုဖြစ်သည်။ ပိုမိုကျယ်ပြန့်သောအတိုင်းအတာဖြင့် ကြည့်သော် အခွင့်အရေးချိုးဖောက်မှုများအနေဖြင့် ကျေးရွာများကို ပြောင်းရွှေ့နေရာချထားခြင်း၊ မြေယာအသုံးပြုမှုကို ကန့်သတ်ခြင်း၊ ထိုမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းမှုကို ထိခိုက်စေခြင်းများ ပါဝင်ပေသည်။ လက်နက်ကိုင်တပ်များဖြင့် အတင်းအကြပ်အရေးယူဆောင်ရွက်မှုကို ထောက်ခံသည့် လက်နက်ကိုင်အင်အားသုံးသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံ့အာဏာပိုင်များသာမက ကမ္ဘာဒီးယား ကဲ့သို့သောနိုင်ငံများတွင် လှုပ်ရှားနေသည့် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းအချို့ကလည်း လုပ်ဆောင်နေကြသည်။

၆. ၄. ၅ အခြေခံအဆောက်အအုံစီမံကိန်းများကြောင့် နေရပ်စွန့်ခွါရွှေ့ပြောင်းနေထိုင်ရမှု

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပြင် ယေဘုယျအားဖြင့် နေရပ်စွန့်ခွာရမှုများ ဖြစ်ပေါ်စေခြင်းမှာ မြေယာအမြောက်အမြား အသုံးပြုရန်လိုအပ်နေသော အခြေခံအဆောက်အအုံများ လျင်မြန်စွာ တိုးပွါးလာခြင်းကြောင့် ဖြစ်ပြီး ၎င်းတို့အတွက် စိုက်ပျိုးမြေများကို အခြားအသုံးချမှုများအဖြစ် ပြောင်းလဲရန် လိုအပ်ပေသည်။ ရေအား လျှပ်စစ်ထုတ်လုပ်ရေး ဆည်များတည်ဆောက်ခြင်းကြောင့် များသောအားဖြင့် (မြေဇရီယာ) ဟက်တာပေါင်း

သောင်းနှင့်ချီ၍ ကျယ်ဝန်းသော ရေလှောင်ကန်များ ဖြစ်ပေါ်လာလေ့ရှိသည်။ အထူးစီးပွားရေးဇုန်များသည် စက်မှုဇုန်နေရာများအတွက် ဖယ်ပေးရမည်ဟု သတ်မှတ်ထားသော နေရပ်ပြောင်းရွှေ့ရမည့်သူများ၏ အသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်မှုဖြစ်စေသည်သာမက ထိုနေရာတွင် မပြောင်းရွှေ့ဘဲ ဆက်လက်နေထိုင်မည့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများ၏ဘဝကိုလည်း မရေမရာဖြစ်စေသည်၊ အဘယ်ကြောင့်ဆိုသော် လူမှုရေးရာ အကဲဖြတ်ဆန်းစစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များဖြင့် ပတ်ချာလည်နေနိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းထားခြင်း၊ ယခင်က စိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသည့် နယ်မြေများကို အခြားအသုံးချမှုများအဖြစ် ပြောင်းလဲခွင့်ပြုလိုက်ခြင်းတို့ကြောင့် ဖြစ်သည်၊ ဥပမာ - ထိုင်းနိုင်ငံရှိ မြေယာပြုပြင်ပြောင်းလဲရေးနယ်မြေများ ဖြစ်သည်။

၆. ၄. ၆ မြေပိုင်ဆိုင်မှုအထောက်အထားနှင့် ၎င်း၏ မြေပိုင်ဆိုင်မှုခိုင်မာခြင်းအပေါ် ဒွိဟ/ မရေမရာ သက်ရောက်မှု

မြေယာလုပ်ပိုင်ခွင့်ကို (အပေါင်နှံနိုင်သော၊ ရောင်းချနိုင်သော) ခိုင်မာပြီး လွှဲပြောင်းနိုင်သော ပိုင်ဆိုင်မှု စာချုပ်များထုတ်ပေးသည့်ပုံစံဖြင့် တရားဝင်ဖြစ်နိုင်ရန်ဆောင်ရွက်ခြင်း၏ လားရာသည် မြေယာအခွင့်အရေးရှုထောင့်မှ ကြည့်လျှင် နှစ်ဖက်အသွားရှိ ဓါးသဖွယ် ဖြစ်နေသည်။ တစ်ဖက်တွင်မူ ယင်းကဲ့သို့သော မြေယာပိုင်ဆိုင်မှုလက်မှတ်ထုတ်ပေးခြင်းအစီအစဉ်များကို မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုပေးရန်ဟူသော အမည်ဖြင့် အလေးပေး ပြဋ္ဌာန်းသတ်မှတ်ကြခြင်း ဖြစ်သည်။ သို့သော် အခြားတစ်ဖက်တွင်မူ ယင်း၏အကျိုးသက်ရောက်မှုမှာ မြေယာကို ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်ရန် ပိုမိုလွယ်ကူချောမွေ့စေပြီးလျှင် စီးပွားရေးအင်အားရှိသူများ၏ လက်ထဲတွင် မြေယာများ စုပုံသွားစေတတ်လေသည်။ ကမ္ဘောဒီးယားနိုင်ငံရှိ အသေးစားချေးငွေဆိုင်ရာ အကျပ်အတည်းတွင် ဆင်းရဲသောအခြေခံလယ်သမားအများအပြားသည် ၎င်းတို့၏ မြေယာကို အပေါင်ပစ္စည်းအဖြစ် အသုံးပြုခဲ့ကြရာမှ အပေါင်ဆုံးရှုံးမှုများ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့ပြီး ထိုမှတစ်ဆင့် ငွေချေးသူများ၏လက်ထဲတွင် မြေယာများ ပိုမိုစုပုံသွားစေခဲ့သည်။ ထို့အပြင် တရားဝင်ပိုင်ဆိုင်မှု လက်မှတ်ထုတ်ပေးရန် နယ်နိမိတ်သတ်မှတ်ခြင်းသည် အကျိုးမဝင်ဘဲ ချန်လှပ်ထားခဲ့သောဇရိယာများတွင် မြေယာလုံခြုံမှုကို လျော့နည်းသွားစေသည့် တန်ပြန်အကျိုးသက်ရောက်မှုသဘော ဖြစ်ပေါ်စေပြီး၊ ထိုနေရာများကို ပြင်ပအကျိုးစီးပွားများအတွက် မြေယာလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်များထုတ်ပေးရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်သွားစေသည်။ ထို့ပြင် ပိုင်ဆိုင်မှုလက်မှတ် ထုတ်ပေးခြင်းအစီအစဉ်များသည် ဖိလစ်ပိုင်နိုင်ငံကဲ့သို့ ဖြစ်ရပ်မျိုးတွင် အတိတ်က မတရားရယူခဲ့မှုများကို ရောင်ပြန်ဟပ်နေသည့် လက်ရှိမြေယာပိုင်ဆိုင်မှုပုံစံများကို ပိုမိုခိုင်မာသွားစေနိုင်သည်။

၆. ၄. ၇ အကျပ်အတည်းများအတွင်း ခိုလှုံရာ အရင်းအမြစ်သဖွယ်ဖြစ်သော မြေယာ

အရှေ့တောင်အာရှနိုင်ငံများတွင် မြို့ပြထွန်းကားလာခြင်းနှင့်အတူ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ ရွှေ့ပြောင်းလုပ်သားများက ကျေးလက်ဒေသရှိမိမိတို့၏နေအိမ်များကိုစွန့်ခွာပြီး စိုက်ပျိုးရေးမဟုတ်သော အခြားအလုပ်အကိုင်များကို ရှာဖွေလာကြခြင်းတို့ကြောင့် မြေယာအခြေပြုအသက်မွေးဝမ်းကျောင်းပြုခြင်းများမှ အလှမ်းကွာလာကြသည့် အလားအလာများ ရှိနေသည်၊ သို့သော်လည်း ကြုံတွေ့ခဲ့ရသည့် အကျပ်အတည်းများအရ

မြေယာသည် ခက်ခဲသောကာလများတွင် ခိုနားရာနေရာတစ်ခုအဖြစ် မည်မျှအရေးပါကြောင်း သက်သေပြခဲ့သည်။ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ဖြစ်ပွါးခဲ့သော ဘဏ္ဍာရေးအကျပ်အတည်းများအပြင် ၂၀၂၀-၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွါးခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကာလများ၌ မြို့ပြသို့သွားရောက်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းလုပ်သား အများအပြားသည် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရပြီး မိမိတို့၏ နေရပ်ဒေသများသို့ ပြန်လာခဲ့ကြပြီး ခက်ခဲသော အချိန်များကို ဖြတ်ကျော်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ဤသို့သောအခြေအနေမျိုး၌ အခြားသော လူမှုဖူလုံရေး အထောက်အပံ့များလည်း မရှိသည်ဖြစ်ရာ မိသားစုပိုင်အိုးအိမ်နှင့် အထူးသဖြင့် အချို့သောကိစ္စရပ်များတွင် မိသားစုပိုင်စိုက်ပျိုးမြေများက ပိုမိုအရေးပါလာခဲ့သည်။

၆. ၄. ၈ ဂျန်ဒါနှင့် မြေယာအခွင့်အရေးများ

လူမှုအဖွဲ့အစည်းအတော်များများတွင် မြေယာပိုင်ဆိုင်ခွင့် သို့မဟုတ် လက်လှမ်းမီနိုင်မှုသည် ဂျန်ဒါရေးရာအပေါ် များစွာမူတည်နေသည်။ အမျိုးသားနှင့် အမျိုးသမီးများတို့၏ မြေယာပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်နိုင်မှု ကွဲပြားခြားနားကြရာတွင် ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်နှင့် ဥပဒေကြောင်းအရ ရှုထောင့်ဟူ၍ ရှုထောင့်နှစ်မျိုးစလုံး ရှိနေပေသည်။ မြေယာပိုင်ဆိုင်မှု အထောက်အထား (ဂရန်) ထုတ်ပေးခြင်း သို့မဟုတ် အခြားသော နည်းလမ်းများဖြင့် မြေနယ်နိမိတ်သတ်မှတ်ခြင်း၊ စာရွက်စာတမ်းများပြုလုပ်ကာ မှတ်တမ်းတင်ခြင်းတို့ကဲ့သို့ မြေယာအခွင့်အရေးများကို တရားဝင်ဖြစ်အောင် ဆောင်ရွက်သည့်အခါ၌ ကာလရှည်ကြာ ကျင့်သုံးလာခဲ့သည့် အစဉ်အလာထုံးတမ်းများနှင့် ကိုက်ညီခြင်း သို့မဟုတ် မကိုက်ညီနိုင်သည်များလည်း ရှိလာနိုင်ပေမည်။ အစိုးရအာဏာပိုင်များအနေဖြင့် အမျိုးသားများကိုသာ အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်လေ့ရှိသည့် သဘောထားကြောင့်လည်း ခွဲခြားဆက်ဆံမှုများ ဖြစ်လာစေနိုင်သည်။ ထို့ကြောင့် အမျိုးမျိုးသော မြေယာစီမံခန့်ခွဲမှု အစီအစဉ်များတွင် အမျိုးသမီးများအတွက် မြေယာအခွင့်အရေးများ ရရှိသေချာစေခြင်းသည် ရှုပ်ထွေးသော ကိစ္စရပ်တစ်ခုဖြစ်ပြီး မတူကွဲပြားခြားနားလှသည့် ယဉ်ကျေးမှုဆိုင်ရာ နောက်ခံကြောင်းခြင်အရာများအကြောင်း အသေးစိတ် သေချာစွာ နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။

၆. ၄. ၉ တိုင်းရင်းသားဖြစ်မှုနှင့် မြေယာအခွင့်အရေးများ

အရှေ့တောင်အာရှဒေသ၌ တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုမှုရရှိရေးကြိုးပမ်းရာတွင် ခွဲခြားဆက်ဆံမှုများနှင့် ကာလရှည်ကြာ ရင်ဆိုင်နေရသည်။ ဤသည်မှာ တစ်ဖက်တွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ပြဿနာများကြောင့်ဖြစ်ပြီး ထို့ကြောင့်ပင် ၎င်းတို့နေထိုင်ရာ နိုင်ငံအတွင်း၌ တရားဝင် မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများ မရရှိကြခြင်း ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ အစိုးရအာဏာပိုင်များက အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုများအား ရာဇဝတ်မှုမြောက်သည့် မြေအသုံးချမှုပုံစံများအဖြစ် သတ်မှတ်ထားခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုအများစု စိုက်ပျိုးလုပ်ကိုင်နေထိုင်ရာ တောင်ပေါ်ဒေသ တောတောင်ထူထပ်သောနေရာများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့လာခြင်းကြောင့် အမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများအဖြစ် ပြဋ္ဌာန်းထုတ်ပြန်သတ်မှတ်လိုက်ရသည့်အခါ ထိုမြေပေါ်တွင် နေထိုင်စိုက်ပျိုးနေကြသူများအတွက် ပြစ်မှုကျူးလွန်သူများသဖွယ် သတ်မှတ်

ခံရပေသည်။ ထိုကဲ့သို့သော မူဝါဒများ၏ ပစ်မှတ်ထားခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုများနှင့် တွေ့ကြုံရသည်မှာ တိုင်းရင်းသားလူနည်းစုများချည်းသာမဟုတ်သော်လည်း ၎င်းတို့သည် တောင်ပေါ်ဒေသ တောတောင်များတွင် အများအပြားနေထိုင်လေ့ရှိခြင်း၊ အခြားလူအများစုနှင့် အစိုးရအာဏာပိုင်များ၏ လူမျိုးရေး ခွဲခြားဆက်ဆံမှုများရှိခြင်းကြောင့်ပင် မူဝါဒများ၏အကျိုးဆက်အား အချိုးမမျှတစွာဖြင့် ပိုမိုထိခိုက်ခံစားကြရပေသည်။

တိုင်းရင်းသားလူနည်းစု အများအပြားအတွက် သီးခြားတွေ့ကြုံရသည့် အခက်အခဲပြဿနာတစ်ရပ်မှာ ၎င်းတို့အား အစိုးရအာဏာပိုင်များက ဌာနေတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုပေးမှု မရှိခြင်းပင်ဖြစ်သည်။ အရှေ့တောင်အာရှ၌ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်သာ ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ရှိကြသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဌာနေတိုင်းရင်းသားများအတွက် စုပေါင်းမြေယာပိုင်ဆိုင်ခွင့်ကို ပေးအပ်ထားပြီး၊ ဖိလစ်ပိုင်နိုင်ငံတွင်မူ ၎င်းတို့၏ ဘိုးဘွားစဉ်ဆက်ပိုင်နယ်မြေများအဖြစ် သတ်မှတ်ပေးထားသည့်နယ်မြေများ ထားရှိသည်။ အခြားနိုင်ငံများ၏ အစိုးရများကမူ တိုင်းရင်းသားလူနည်းစုများက ထိုဒေသတစ်ခု၏ မူလအခြေချနေထိုင်သူများဖြစ်ခြင်းကြောင့် ဌာနေတိုင်းရင်းသားဖြစ်ကြသည်ဆိုသည့် အယူအဆကို လက်မခံဘဲ ငြင်းပယ်လေ့ရှိကြသည်။ ဤသို့ဖြစ်ရခြင်းတွင် ရှုပ်ထွေးလှသော အကြောင်းရင်းများစွာရှိသော်လည်း အဓိကသမိုင်းနောက်ခံအချက်တစ်ချက်မှာ လူမျိုးစုကြီးတစ်ခုက လွှမ်းမိုးထားသော နိုင်ငံများတွင် နိုင်ငံ့နယ်နိမိတ်များကို သတ်မှတ်လိုက်သည့်အခါ လူနည်းစုအုပ်စုများသည် (ယခု) ခေတ်သစ်နိုင်ငံမပေါ်ထွန်းမီကတည်းက အခြေချနေထိုင်ခဲ့ကြသည့် မိမိတို့နေထိုင်ရာဒေသများနှင့်စပ်လျဉ်း၍ မည်သည့်အထူးအခွင့်အရေးမျှ မရှိတော့ဟု မှတ်ယူခံရခြင်းပင် ဖြစ်သည်။

၆. ၄. ၁၀ လူမှုရေးလှုပ်ရှားမှုများ

မြေယာသည် ကာလရှည်ကြာစဉ်ကပင် လူထုစည်းရုံးလှုပ်ရှားမှုများအတွက်၊ တစ်ခါတစ်ရံ တော်လှန်ရေးလှုပ်ရှားမှုများအတွက် အခြေခံအကြောင်းရင်းအဖြစ် တည်ရှိလာခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ လူအများစုသည် များမကြာမီအချိန်အထိ စိုက်ပျိုးရေးကိုသာ အဓိကမှီခိုနေကြရသည့် ဒေသတစ်ခုတွင် မြေယာသည် လူနေမှုဘဝ၊ အသက်မွေးဝမ်းကျောင်းနှင့် မည်သူမည်ဝါဖြစ်သည်ဆိုသော အချက်တို့အတွက် အခြေခံကျခြင်းကြောင့်ဖြစ်သလို၊ ကိုလိုနီစနစ်နှင့် စျေးကွက်စီးပွားရေးကိုအခြေပြုသည့် ဖွံ့ဖြိုးတိုးတက်မှုများက သမိုင်းတစ်လျှောက် မြေယာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ “လယ်လုပ်သူ လယ်ပိုင်စေ” ဟူသော ကြွေးကြော်သံသည် ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုများတွင်သာမက ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ပေါ်ပေါက်ခဲ့သော လက်ဝဲယိမ်းလှုပ်ရှားမှုများအကြား အလွန်ပင် ရေပန်းစားခဲ့သည်။ လူမှုရေးလှုပ်ရှားမှုများက တောင်းဆိုသော နစ်နာချက်များ၏ သဘောသည် အချိန်နှင့်အမျှ ပြောင်းလဲလာသော်လည်း ထိုင်းနိုင်ငံရှိ NGOs တစ်ခုဖြစ်သည့် Assembly of the Poor အဖွဲ့၊ အင်ဒိုနီးရှားရှိ Indonesian Peasants Union (လယ်သမားသမဂ္ဂ) နှင့် ဖိလစ်ပိုင်ရှိ PARAGOS ကဲ့သို့သော နိုင်ငံတကာလှုပ်ရှားမှုဖြစ်သည့် Via Campesina နှင့် လက်တွဲဆောင်ရွက်နေသော အဖွဲ့အစည်းများအတွက် မြေယာသည် စည်းရုံးလှုပ်ရှားမှု၏ ဗဟိုချက်အဖြစ် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။ ဗီယက်နမ်ရှိ Land Alliance၊ မြန်မာနိုင်ငံရှိ KESAN နှင့် ကမ္ဘောဒီးယားရှိ LICADHO ကဲ့သို့သော အစိုးရမဟုတ်သောအဖွဲ့အစည်း

အများအပြားသည်လည်း ပိုမိုတရားမျှတသော ဖွံ့ဖြိုးတိုးတက်မှုပုံစံများ ပေါ်ပေါက်လာစေရန်အတွက် မြေယာအရေးကို ၎င်းတို့၏လှုပ်ရှားမှုများတွင် အဓိကထားကာ ဆောင်ရွက်နေကြသည်။

၆. ၄. ၁၁ စီမံခန့်ခွဲခြင်း

မြေယာအရေးသည် လူ့အခွင့်အရေးဆိုင်ရာ ကဏ္ဍရပ်များစွာနှင့် ရောယှက်ဆက်နွယ်နေသည်ဟု လက်ခံသိရှိထားကြသဖြင့် ထိုအခွင့်အရေးများအား ကာကွယ်နိုင်ရေးအတွက် များစွာသော အစီအစဉ်များ၊ နည်းလမ်းများကို ချမှတ်ထားသည်။ ယင်းတို့အနက် _

- ပြည်သူလူထု၏မြေယာပိုင်ဆိုင်ခွင့်များအား အကာအကွယ်ပေးရန်အတွက် နိုင်ငံအသီးသီး၏ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များတွင် အမျိုးမျိုးသောနည်းလမ်းများကို ခေတ်အဆက်ဆက် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ဤကဲ့သို့သော နည်းလမ်းအစီအစဉ်များသည် တစ်ခါတစ်ရံတွင် ကောင်းကျိုးနှင့် ဆိုးကျိုး ဒွန်တွဲနေသည့် နှစ်ဖက်ချွန်ဓါးသွားသဖွယ် အကျိုးသက်ရောက်မှုများ ရှိတတ်လေသည်။ ကိုလိုနီခေတ်ဦးကာလကပင် အာဏာပိုင်များသည် ထိရှလွယ်မည်ဟုယူဆရသော တိုင်းရင်းသား လူနည်းစုများအတွက် အမျိုးမျိုးသော “အကာအကွယ်များ” ကို သတ်မှတ်ခဲ့ကြပြီး ဥပမာအနေဖြင့် ဒတ်ချ်အရှေ့အိန္ဒိယ ကျွန်းစု (ယခု အင်ဒိုနီးရှား) ရှိ ဒတ်ချ်တို့၏ အာဒတ် (adat) မူဝါဒသည် ထင်ရှားပေသည်။ ဤသို့ အကာအကွယ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ မြေယာဆုံးရှုံးမှုများကို တားဆီးနိုင်ရေးအတွက် ဖြစ်နိုင်သော်လည်း တစ်ခါတစ်ရံတွင် ဤအကာအကွယ်များကြောင့် အချို့သော လူနည်းစုအုပ်စုများအား စီးပွါးရေး စွမ်းဆောင်နိုင်သော လူမျိုးစုကြီးများကဲ့သို့ မြေယာ ပိုင်ဆိုင်ခွင့် မရနိုင်အောင် ပိတ်ပင်လိုက်သည့်အလား ဖြစ်သွားတတ်သည်။ ယနေ့မျက်မှောက်ခေတ် အခြေအနေတွင်လည်း ကမ္ဘောဒီးယားရှိ ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွက် မြေယာကို ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ပေါင်နှံခြင်းဆိုင်ရာ အခွင့်အရေးများ အပေါ် ကန့်သတ်ချက်များ ရှိနေခြင်း၊ သို့မဟုတ် ထိုင်းနိုင်ငံရှိ မြေယာပြုပြင်ပြောင်းလဲရေး ဒေသများ တွင်ပင် ၎င်းကန့်သတ်ချက်များ ရှိနေဆဲဖြစ်သည်။
- ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ ပံ့ပိုးရေး ပရောဂျက်များကြောင့် မြေယာနှင့်ပတ်သက်သော လူ့အခွင့်အရေးများအပေါ် ထိပါးလာနိုင်ခြေရှိသည့်အတွက် ကာကွယ်ရေးမူဝါဒများနှင့် သတ်မှတ်ချက်များကို ချမှတ်ထားကြသည်။ ဤသို့ ဆောင်ရွက်ထားရခြင်းမှာ ထိုကဲ့သို့သော အဖွဲ့အစည်းများနှင့် ၎င်းတို့ ရန်ပုံငွေထောက်ပံ့ထားသော ပရောဂျက်များ၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်နိုင်သည့် သက်ရောက်မှုများအကြောင်း အရပ်ဘက်လူမှုအခွင့်အရေးလှုပ်ရှားသူများ၏ ယခင်က ဝေဖန်ထောက်ပြခဲ့သည်များအတွက် ပြန်လည်တုံ့ပြန်ရာလည်း ရောက်ပေသည်။ လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် ကာကွယ်ရေးမူဝါဒများ၌ ထိခိုက်ခံစားရသည့် တစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများ၏ လွတ်လပ်၍ ကြိုတင်အသိပေးထားသော သဘောတူညီချက် (Free, Prior and Informed Consent - FPIC) ဆိုသည့် မူဝါဒကို ထည့်သွင်းလေ့

ရှိသည်။ သို့သော်လည်း ပရောဂျက်များကို အကောင်အထည်ဖော်ဆောင်ရာ နေရာဒေသများရှိ အာဏာရှင်ဆန်ဆန် နိုင်ငံရေးအခြေအနေများတွင်မူ ထိုကဲ့သို့သော သဘောတူညီချက်မျိုး ရရှိရန် ခက်ခဲစေသည်။

- မြေယာပိုင်ဆိုင်ခွင့်များကို အကာအကွယ်ပေးရန်ရည်ရွယ်သည့် အဘက်ဘက်မှ လွှမ်းခြုံနိုင်သော နိုင်ငံတကာ စီမံခန့်ခွဲမှုယန္တရားမှာ နိုင်ငံတော်စားနပ်ရိက္ခာဖူလုံမှုအခြေအနေအရ မြေယာ၊ ရေလုပ်ငန်းနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်အတွက် တာဝန်ယူမှုရှိသည့် စီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (VGGT) ဖြစ်ပြီး ယင်းကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ၂၀၁၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် နောက်ဆုံးရ အချက်အလက်များဖြင့် ထပ်မံဖြည့်စွက်ခဲ့သည်။ VGGT က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့် ကိုက်ညီမှုရှိစေရန် အတိအလင်း ရည်ညွှန်းထားသည်။ ၎င်းတွင် မြေယာအား အသက်မွေးဝမ်းကျောင်း နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ခွင့်ဆိုသည့် လူ့အခွင့်အရေးသာမက မတရားသဖြင့် မြေယာ သိမ်းယူခြင်း၊ ဖယ်ရှားခံရခြင်းတို့မှ ကာကွယ်ပေးနေသည့် အခွင့်အရေးကာကွယ်ရပ်တည်သူများ၏ လူ့အခွင့်အရေးများကိုလည်း အလေးပေးဖော်ပြထားသည်။ VGGT ၏ အရေးကြီးသော နောက်ခံအကြောင်းရင်းတစ်ခုမှာ မြေယာအဓမ္မသိမ်းယူခြင်းများနှင့်ဆက်နွယ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းပျောက်စေရန် တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆီသို့ ရှေးရှုဆောင်ရွက်သည့် လုပ်ဆောင်ချက်ပင်ဖြစ်သည်။ နောက်ထပ်အချက်တစ်ခုမှာ အများပြည်သူအကျိုးစီးပွားအတွက် အမှန်တကယ် လိုအပ်ခြင်းကြောင့် မြေယာလွှဲပြောင်းယူရသည့်အခါမျိုးတွင် ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများအား မထိခိုက်စေဘဲ သင့်တင့်မျှတသော ပံ့ပိုးမှုများနှင့် နစ်နာကြေးများကို ပေးဆောင်ရန် ဖြစ်သည်။ ၎င်းနှင့် ဆက်စပ်နေသော အခြား “အလေးထားလိုက်နာရမည့် ကျင့်ထုံး” (Soft law) တစ်ခုမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ ၂၀၁၈ ခုနှစ်တွင် ချမှတ်ခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ၏ (CFS-RAI ဟု လူသိများသည့်) စိုက်ပျိုးရေးစနစ်နှင့် စားနပ်ရိက္ခာစနစ်များတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံမူများ ဖြစ်သည်။
- မြေယာဆိုင်ရာလူ့အခွင့်အရေးများကို မြှင့်တင်ပေးနိုင်သည့် စီမံခန့်ခွဲရေးယန္တရားတစ်ခုမှာ မြေယာအခြေပြုထုတ်ကုန်များကို လူ့အခွင့်အရေးချိုးဖောက်မှုမရှိဘဲ ထုတ်လုပ်ထားကြောင်း စားသုံးသူများ၏ ယုံကြည်စိတ်ချမှုရရှိစေရန် လက်မှတ်ထုတ်ပေးခြင်းစနစ်ဖြစ်သည်။ ဤစနစ်တွင် ရှုထောင့်နှစ်ခုရှိသည်။ ပထမတစ်ခုမှာ အဆိုပါမြေယာသည် မတရားသဖြင့် လွှဲပြောင်းရယူထားခြင်း မဟုတ်ကြောင်း သေချာစေခြင်းဖြစ်သည်၊ ဥပမာဆိုရသော်- ယခင်က ထိုမြေတွင် လုပ်ကိုင်ခဲ့သော အသေးစားတောင်သူများအား ထိခိုက်စေပြီး အကြီးစား စိုက်ပျိုးရေးကုမ္ပဏီများကို လုပ်ပိုင်ခွင့်ချပေးထားခြင်းမျိုး မဟုတ်ရပေ။ ဒုတိယတစ်ခုမှာ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် အလုပ်သမားဆိုင်ရာ အခြေအနေ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကျင့်သုံးမှုများ၊ ထုတ်လုပ်သူများ၏ လူနေမှုဘဝကို သက်ရောက်စေသော အခြားအစီအမံများဖြင့် လူ့အခွင့်အရေးများကို ထိပါးနှောင့်ယှက်ခြင်း မရှိစေရေး ဖြစ်သည်။ ဤကဲ့သို့သော အစီအစဉ်များထဲတွင် အကြီးမားဆုံးတစ်ခုမှာ စဉ်ဆက်မပြတ်ဖြစ်ထွန်းစေမည့် ဆီအုန်းစိုက်ပျိုးခြင်းဆိုင်ရာ ကနဦးဆောင်ရွက်ချက်ပင်ဖြစ်သည်။

- ကုလသမဂ္ဂ မူဘောင်အတွင်းရှိ ကုလသမဂ္ဂ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာကော်မတီက မြေယာနှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ အထွေထွေမှတ်ချက်အမှတ် ၂၆ (၂၀၂၂) ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါမှတ်ချက်တွင် ပါဝင်သော မြေယာနှင့်ဆက်စပ်သည့် အခွင့်အရေးများအနက် လုံလောက်သော လူနေမှုအဆင့်အတန်း ရရှိခွင့်၊ သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်မှု ရပိုင်ခွင့်တို့ ပါဝင်သည်။ ဤမှတ်ချက်က မြေယာ၏ ကဏ္ဍအသီးသီး၌ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရေးပါမှုသာမက ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုကိုလည်း အသိအမှတ်ပြုထားသည်။ ထို့ပြင် မြေယာနှင့် ဆက်စပ်အရင်းအမြစ်များအတွက် ယှဉ်ပြိုင်မှုများရှိလာခြင်း၊ မြေယာကို စျေးကွက်ကုန်စည်အဖြစ် ပြုလုပ်လာခြင်းနှင့် ငွေကြေးအမြတ်အစွန်းအတွက် အသုံးချလာခြင်းတို့ကြောင့် ဖော်ပြပါ လူ့အခွင့်အရေးများအပေါ် ခြိမ်းခြောက်မှုဖြစ်စေခဲ့သည့်သာဓကဖြစ်ရပ်များစွာကိုလည်း အသေးစိတ် ဖော်ပြထားသည်။ ဤမှတ်ချက်တွင် အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများနှင့် အသေးစားတောင်သူငယ်များသည် အခွင့်အရေး ချိုးဖောက်ခံရနိုင်ခြေမြင့်မားဆုံးဖြစ်သော ထိရှလွယ်သည့် အုပ်စုများဖြစ်ကြောင်း ဖော်ပြထားသည်။

၆.၅ နိဂုံး

လူတို့၏ စားဝတ်နေရေး၊ ယဉ်ကျေးမှုအပြင် ကိုယ်ပိုင်ဝိသေသလက္ခဏာတို့နှင့် မြေယာသည် နီးကပ်စွာချိတ်ဆက်နေပေသည်။ ထို့ကဲ့သို့ မြေယာသည် လူသားတို့ အသက်ရှင်သန်ရပ်တည်ရေးအတွက် အခြေခံကျလှပြီး လူ့အခွင့်အရေးနှင့်လည်း နည်းလမ်းပေါင်းစုံဖြင့် ဆက်စပ်နေသည်။ ထို့ပြင် မြေယာသည် စီးပွါးရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက်လည်း ဗဟိုချက်အဖြစ် ရှိနေပေသည်။ မြေယာအပေါ်ထားရှိသည့် ထိုကဲ့သို့ မတူညီသော အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် တန်ဖိုးထားမှုများရှိခြင်းကြောင့် အုပ်စု အသီးသီးက မြေယာပိုင်ဆိုင်မှုနှင့် အသုံးချမှုတို့အတွက် အပြိုင်အဆိုင် တောင်းဆိုမှုများ ရှိလာကြသည်၊ သို့ကြောင့်ပင်လျှင် ပဋိပက္ခများ ဖြစ်ပွားခြင်း၊ အခွင့်အရေး ချိုးဖောက်ခံရခြင်းတို့အတွက် အရင်းခံအကြောင်းရင်းများ ဖြစ်လာရလေသည်။

မြေယာနှင့်စပ်လျဉ်းသည့် အချို့သောလူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်များသည် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများအဖြစ် ရှင်းလင်းစွာ တည်ရှိနေသည်၊ သို့ရာတွင် အခြားရှုထောင့်များစွာ၌မူ သက်ဆိုင်ရာ ဒေသအလိုက် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ သမိုင်းတစ်လျှောက်ကျင့်သုံးခဲ့သည့် လယ်ယာမြေဆက်နွယ်မှုများ၊ စီးပွါးရေးဖွံ့ဖြိုး တိုးတက်မှု လမ်းကြောင်းများအလိုက် နောက်ခံကြောင်းခြင်းရာကိုမူတည်ကာ နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။ ထို့ပြင် မြေယာအပေါ် ထားရှိသည့် မတူကွဲပြားပြီး ပြောင်းလဲနေသော အဓိပ္ပါယ်ဖွင့်ဆိုချက်များကပင် မြေယာနှင့် ပတ်သက်သည့်ပြဿနာများသည် အမြဲတစေ ပြောင်းလဲနေကြောင်း ပြသနေပြီး ၎င်းတို့သည် စီးပွါးရေး၊ လူမှုရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု ပုံစံများနှင့်လည်း အလွန်နီးကပ်စွာ ဆက်နွယ်နေပေသည်။

က။ မေးခွန်းများ၊ ငြင်းခုံဆွေးနွေးခြင်းနှင့် ဆွေးနွေးခြင်းများအတွက် အဓိကအချက်များ

အဆိုင်းမန္တ/အက်ဆေး မေးခွန်းများ

၁။ သင်၏နိုင်ငံတွင် မြေယာနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော အဓိကလူ့အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များမှာ အဘယ်နည်း? မြေယာအပေါ်ထားရှိသည့် မတူကွဲပြားပြီး ပြောင်းလဲနေသော တန်ဖိုးထားမှုများသည် ထိုပြဿနာများနှင့် မည်သို့ဆက်စပ်နေသည်ကို ဆွေးနွေးတင်ပြပါ။

၂။ မြေယာပိုင်ဆိုင်မှု အထောက်အထား ထုတ်ပေးခြင်းဖြင့် မြေယာလုပ်ကိုင်ခွင့်ကို တရားဝင်ဖြစ်စေရန် ပြုလုပ်ခြင်းသည် မြေယာလုံခြုံမှုကို တိုးမြင့်စေသလား? ထို့ပြင် မြေယာနှင့် ဆက်စပ်နေသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများထံမှ ကာကွယ်ပေးနိုင်သလား?

ငြင်းခုံဆွေးနွေးခြင်းအတွက် ခေါင်းစဉ်များ

၁။ မြေယာ အသုံးပြုပိုင်ခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့်သည်ပင်လျှင် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးတစ်ရပ် ဖြစ်သလား?

၂။ တောင်သူလယ်သမားများက ၎င်းတို့၏ မြေယာများ ရောင်းချနိုင်ခြင်း သို့မဟုတ် ပေါင်နှံနိုင်ခြင်းတို့အပေါ် ကန့်သတ်ထားသည့် ဥပဒေစနစ်များအား ထိုသို့ဆောင်ရွက်နိုင်ခွင့်ရှိစေရန်အတွက် ပိုမိုဖြေလျှော့ပေးသင့်သလား?

အုပ်စုဖွဲ့ဆွေးနွေးခြင်းများအတွက် ခေါင်းစဉ်များ/ဖြစ်ရပ်လေ့လာမှုများ

လူသိများသည့် မြေယာပဋိပက္ခဖြစ်ရပ်များက မြေယာနှင့်ပတ်သက်သော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များအကြောင်းလေ့လာရာတွင် ဥပမာသာဓကများပင် ဖြစ်ပေသည်။ အရှေ့တောင်အာရှ နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်ခဲ့သည့် အောက်ဖော်ပြပါဖြစ်ရပ်မျိုးစုံကို အင်တာနက်မှတစ်ဆင့် ရှာဖွေလေ့လာပြီး ဖြစ်ရပ်တစ်ခုချင်းစီတွင် ပေါ်ပေါက်လာသည့် အခွင့်အရေးဆိုင်ရာ ပြဿနာများအကြောင်း ဆွေးနွေးတင်ပြပါ။ အတန်းထဲရှိ ကျောင်းသားတစ်ဦးချင်းစီအနေဖြင့် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဖြစ်ရပ်တစ်ခုကို အသေးစိတ်လေ့လာပြီး ဆွေးနွေးသည့်အခါ ပါဝင်တင်ပြရမည်ဖြစ်သည်။

၁။ ကမ္ဘောဒီးယားနိုင်ငံ - မြို့ပြစိမ့်မြေဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှု (ဥပမာ- ဘောင်းကော့ဒ်)

၂။ အင်ဒိုနီးရှားနိုင်ငံ - နှစ်ရှည်စိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေး (ဥပမာ - အနောက် ကာလီမန်တန် နယ်)

၃။ လာအိုနိုင်ငံ - ရေအားလျှပ်စစ်နှင့် ၎င်း၏ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်မှုအပေါ် သက်ရောက်မှုများ (ဥပမာ - နမ့်သန် ၂ ဆည်)

၄။ မလေးရှားနိုင်ငံ - ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်းသည့် မြေယာသဘောတူညီချက်များ (ဥပမာ- ဆာဘားပြည်နယ်)

၅။ မြန်မာနိုင်ငံ - စစ်တပ်၏ မြေသိမ်းမှု (ဥပမာ- ရခိုင်ပြည်နယ်)

၆။ ဖိလစ်ပိုင်နိုင်ငံ - ဌာနေတိုင်းရင်းသားများ၏ မြေယာတောင်းဆိုမှုများ (ဥပမာ - ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်လာခဲ့သည့် နယ်မြေအခွင့်အရေးများ)

၇။ ထိုင်းနိုင်ငံ - ခရီးသွားလုပ်ငန်း (ဥပမာ - ကိုလစ်ပေ ကျွန်း)

၈။ ဗီယက်နမ်- မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေယာပြန်လည်ရရှိရေး (ဥပမာ- Đồng Tâm)

ခ။ ထပ်တိုးဖတ်ရှုဖွယ်ရာများ

လူ့အခွင့်အရေးနှင့် မြေယာအကြောင်းကို ပိုမိုအသေးစိတ်ဖတ်ရှုလေ့လာလိုပါက အောက်ပါတို့ကို ကြည့်ရှုလေ့လာနိုင်သည်-

ဤအခန်းတွင် ကိုးကားဖတ်ရှုထားသည်များ -

Beban, A. (2021). *Unwritten Rule: State-Making through Land Reform in Cambodia*. Cornell University Press. https://books.google.co.th/books?vid=ISBN9781501753640&printsec=index&redir_esc=y

Hall, D., Hirsch, P., & Li, T. (2011). *Powers of Exclusion: Land dilemmas in Southeast Asia*. Singapore University Press.

Hirsch, P., Woods, K., Scurrah, N., & Dwyer, M. (Eds.). (2022). *Turning Land into Capital: Development and dispossession in the Mekong Region*. University of Washington Press.

Li, T. M., & Semedi, P. (2021). *Plantation Life. Corporate Occupation in Indonesia's Oil Palm Zone*. Duke University Press. https://www.dukeupress.edu/plantation-life

Neef, A., Ngin, C., Moreda, T., & Mollett, S. (2023). *Routledge Handbook of Global Land and Resource Grabbing* (A. Neef, C. Ngin, T. Moreda, & S. Mollett (Eds.)). Routledge.

Schlosberg, D. (2007). *Defining environmental justice*. Oxford University Press.

Shoemaker, B., & Robichaud, W. (2018). *Dead in the Water: Global Lessons from the World Bank's Model Hydropower Project in Laos*. University of Wisconsin Press. http://deadinthewaterbook.org/about.html

Zarsky, L. (2002). *Human Rights and the Environment: conflicts and norms in a globalizing world*. Earthscan.

အွန်လိုင်း အရင်းအမြစ်များ

အခွင့်အရေးများနှင့် မြေယာဆိုင်ရာ ဆက်စပ်ပြဿနာရပ်များအကြောင်း လေ့လာစုံစမ်းရန်အတွက် အရေးကြီးသောရင်းမြစ်ကို အောက်ဖော်ပြပါနေရာ၌ ရှာဖွေနိုင်သည် -

www.mekonglandforum.org

The VGGT can be found at https://www.fao.org/policy-support/mechanisms/mechanisms-details/en/c/448858/

The General Comment on Land and Economic, Social and Cultural Rights can be found at https://www.ohchr.org/en/documents/general-comments-and-recommendations/ec12gc26-general-comment-no-26-2022-land-and

Rights and Resources Initiative tenure tracking page is a useful country-level data source: https://rightsandresources.org/tenure-tracking/

အခန်း (၇)
ရေ၊ မြစ်ချောင်းများနှင့် လူ့အခွင့်အရေး

Carl Middleton

စာဖတ်သူလမ်းညွှန်

ဤအခန်းတွင် လူသားတို့၏ သောက်သုံးရေ ရရှိပိုင်ခွင့် အခွင့်အရေးနှင့် ၎င်းကို နယ်စပ်ဖြတ်ကျော် ရေအရင်းအမြစ်စီမံအုပ်ချုပ်မှုနှင့် ဆက်စပ်ပုံတို့ကို တင်ပြထားသည်။ ပထမဦးစွာ ကမ္ဘာတစ်ဝန်းတွင် ရေရရှိနိုင်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အကျပ်အတည်းများကို မိတ်ဆက်ဖော်ပြထားသည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ်မှစ၍ ကုလသမဂ္ဂက အသိအမှတ်ပြုထားသည့် ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး (HRWS) ကို အသေးစိတ် ရှင်းလင်းထားသည်။ ရေနှင့် မြစ်ချောင်းဆိုင်ရာအရင်းအမြစ်များသည် အသက်မွေးဝမ်းကျောင်းမှုအတွက် အရေးကြီးသည့်အလျောက်၊ ၎င်းအခွင့်အရေးကို နယ်စပ်ဖြတ်ကျော် ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုအထိ တိုးချဲ့တင်ပြထားပြီး ရေအားလျှပ်စစ်ဆည်များ ကဲ့သို့သော အကြီးစား ရေအခြေခံအဆောက်အအုံများ၏ သက်ရောက်မှုများကိုလည်း ထည့်သွင်း ဆွေးနွေးထားသည်။ ထို့အပြင် ဥပဒေရေးရာ ဗဟုဝါဒ (Legal Pluralism)၊ အပြည်ပြည်ဆိုင်ရာ ရေအရင်းအမြစ်ဥပဒေ နှင့် ဘုံအရင်းအမြစ်များ (Commons) အပေါ် HRWS ၏ အကျိုးသက်ရောက်မှု များကိုလည်း လေ့လာထားသည်။ နောက်ဆုံးတွင် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုကို တိုးချဲ့ပြီး မကြာသေးမီက ပေါ်ပေါက်လာသော ဆန်းသစ်သည့် အယူအဆဖြစ်သည့် 'မြစ်ချောင်းများ၏ အခွင့်အရေး' (Rights of Rivers) ကို မိတ်ဆက်ပေးထားသည်။

၇.၁ နိဒါန်း

ရေမရှိပါက သက်ရှိများ ရှင်သန်နိုင်မည် မဟုတ်ပေ။ ရေသည် လူသားတို့၏ စီးပွါးရေး လုပ်ငန်းအားလုံးတွင် အခြေခံဖြစ်သကဲ့သို့ လူမှုရေးရာ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုများတွင်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်။ ဌာနေတိုင်းရင်းသားများကဲ့သို့သော အချို့အုပ်စုများသည် ရေနှင့် ထူးခြားသော ဆက်နွယ်မှုများ ရှိကြပြီး၊ အချို့သော အခြေအနေများတွင် ရေထုညစ်ညမ်းမှု၊ ရေရှားပါးမှုနှင့် ရေနှင့်ဆက်စပ်သော ဘေးအန္တရာယ်များသည် အသက်အရွယ် သို့မဟုတ် ဂျဲန်ဒါ ကွဲပြားမှုအပေါ် မူတည်၍ လူမှုအသိုက်အဝန်းအတွင်းရှိ အုပ်စုအသီးသီးအပေါ် သက်ရောက်မှု ပုံစံမတူကြပေ။ ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ကုလသမဂ္ဂသည် ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး (HRWS) ကို တရားဝင် အသိအမှတ်ပြုခဲ့သည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (**Sustainable Development Goals - SDGs**) ကို ဧဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း၊ ဆင်းရဲမွဲတေခြင်း၊ မညီမျှမှုများနှင့် အားလုံး၏ လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ခြင်း အပါအဝင် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို

ဘက်စုံဖြေရှင်းနိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်တွင် အောင်မြင်စေရေး လုပ်ဆောင်ရမည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ရပ်အဖြစ် တင်ပြထားသည်။ SDG ရည်မှန်းချက် အမှတ် (၆) မှာ "လူသားအားလုံးအတွက် ရေနှင့် မိလ္လာသန့်ရှင်းမှု ရရှိသေချာစေပြီး ရေရှည်တည်တံ့သော စီမံခန့်ခွဲမှု ဖြစ်စေရန်" ရည်ရွယ်သည်။ SDG 6 တွင် ဖော်ပြထားသော ရည်မှန်းချက်ခွဲ (၆) ခုမှာ အောက်ပါအတိုင်း ဖြစ်သည် - ဘေးကင်းစွာ စီမံထားသော သောက်သုံးရေ ဝန်ဆောင်မှုများကို အသုံးပြုနိုင်ခြင်း၊ ဘေးကင်းစွာ စီမံထားသော မိလ္လာသန့်ရှင်းမှု ဝန်ဆောင်မှုများကို အသုံးပြုနိုင်ခြင်း၊ စွန့်ပစ်ရေများကို ဘေးကင်းစွာ သန့်စင်ပြီး အရည်အသွေးကောင်းမွန်သော ရေထုများ ရှိခြင်း၊ ရေကို ထိရောက်စွာ အသုံးပြုမှုနှင့် ရေရှားပါးမှု ဒဏ်ခံရသည့် အဆင့်များ၊ ရေအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း (**Integrated Water Resource Management - IWRM**) ကို အကောင်အထည်ဖော်ခြင်း၊ ရေနှင့် မိလ္လာသန့်ရှင်းမှု ဆိုင်ရာ တရားဝင် ဖွဲ့ဖြိုးတိုးတက်ရေး အကူအညီများဖြစ်ကြသည်။ ကံမကောင်းစွာဖြင့်ပင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် SDG 6 ကို ပြည့်မီရန် လျာထားသည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိမနေသေးပေ (ပုံ - ၁ တွင် ကြည့်ရှုရန်)။

ပုံ ၁ - လူသားအားလုံးအတွက် ရေစီမံခန့်ခွဲမှုနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရန် ကြုံတွေ့နေရသော စိန်ခေါ်မှုများဆိုင်ရာ SDG သတင်းအချက်အလက်ပြပုံကားချပ်



ရေ၊ လူသားနှင့် လူအခွင့်အရေးတို့အကြား ဆက်နွယ်မှုမှာ ရှုပ်ထွေးလှပေသည်။ လူအခွင့်အရေး အားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး အပြန်အလှန် အမှီသဟဲပြုနေကြသည်။ တိုးပွါးလာသော ရေထုညစ်ညမ်းမှု၊ ရေရှားပါးမှုနှင့် ရေနှင့်ဆက်စပ်သော ဘေးအန္တရာယ်များသည် လူအခွင့်အရေး အများအပြားအပေါ် သက်ရောက်မှု ရှိသည်။ ဘေးကင်းပြီး လုံလောက်သော ရေကို ရယူသုံးစွဲနိုင်မှု မရှိခြင်း နှင့် ရေနှင့်ပတ်သက်သော ဘေး အန္တရာယ်များကို ရင်ဆိုင်ရခြင်းတို့သည် ကျယ်ပြန့်သော လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးဆိုင်ရာ မညီမျှမှုများကို

ထင်ဟပ်နေလေ့ရှိသည်။ သန့်ရှင်း၊ ကျန်းမာပြီး ရေရှည် တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေး အရာရှိ၏ မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာတစ်ခုတွင် အောက်ဖော်ပြပါ ရေနှင့် ဆက်စပ်နေပြီး အန္တရာယ်ရှိနိုင်သော လူ့အခွင့်အရေးများ ကို ဖော်ထုတ်ခဲ့သည် (Boyd, 2021) -

- **အသက်ရှင်သန်ခွင့် (Right to Life):** ညစ်ညမ်းသောရေနှင့် ရေရှားပါးမှုတို့သည် သေဆုံးခြင်းကို ဖြစ်စေနိုင်သည်။
- **ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ အခွင့်အရေး (Right to Water and Sanitation):** တစ်ကိုယ်ရေနှင့် အိမ်ထောင်စုသုံးအတွက် ဘေးကင်းလုံလောက်သော ရေရရှိမှု သေချာစေခြင်းသည် အခြားသော လူ့အခွင့်အရေးများစွာကို ဖြည့်ဆည်းပေးနိုင်ရန် အခြေခံဖြစ်သည်။
- **ကျန်းမာရေးဆိုင်ရာ အခွင့်အရေး (Right to Health):** ရေအရည်အသွေး ညံ့ဖျင်းခြင်းနှင့် မိလ္လာစနစ် ချို့တဲ့ခြင်းတို့ကြောင့် ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ မြေဆီလွှာမှ တဆင့် ကူးစက်သော သန်ကောင်ရောဂါများ၊ အသည်းရောင်အသားဝါ (A) နှင့် တိုက်ဖွိုက် (အူရောင်နာ်းဖျား) အပါအဝင် ရေမှတဆင့် ကူးစက်သော ရောဂါများစွာ ဖြစ်ပွါးနိုင်သည်။
- **စားနပ်ရိက္ခာဆိုင်ရာ အခွင့်အရေး (Right to Food):** အခြေခံအားဖြင့် ဘေးကင်းလုံလောက်သော ရေရရှိမှုအပေါ်တွင် မူတည်နေသည်။ အထူးသဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအတွက် ပို၍အရေးကြီးသည်။ အလွန်အကျွံ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်း အပါအဝင် ရေနှင့် ဆက်စပ်သော သဘာဝဘေးအန္တရာယ်များသည် စားနပ်ရိက္ခာ ထုတ်လုပ်မှုအတွက် အန္တရာယ်များကို တိုးပွါးစေသည်။
- **ဘေးကင်း၊ သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး (Right to a safe, clean, healthy and sustainable environment):** ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ အသိအမှတ်ပြုထားသော ဤလူ့အခွင့်အရေးတွင် ဘေးကင်း လုံလောက်သော ရေနှင့် ကျန်းမာသော ရေနေဂေဟစနစ်များမှာ အဓိက အစိတ်အပိုင်းများ ဖြစ်ကြသည်။
- **ကလေးသူငယ်များ၏ အခွင့်အရေး (Rights of Children):** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုအရ အသက် ၅ နှစ်အောက် ကလေးငယ် ၇၀၀ ကျော်သည် ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ ရောဂါများကြောင့် နေ့စဉ် သေဆုံးနေရသည် (WHO 2019)။ ထို့အပြင် ကလေးငယ်များသည် မိလ္လာစွန့်ပစ်ပစ္စည်းများ၊ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများကြောင့် ဖြစ်ပေါ်လာသော ရေထုညစ်ညမ်းမှုဒဏ်ကိုလည်း အထူးခံစားရလွယ်သည်။

အထက်ဖော်ပြပါ အခြေအနေများတွင် ထိခိုက်လွယ်သောအုပ်စုများနှင့် ဖယ်ကြဉ်ခံ အုပ်စုများသည် သက်ရောက်မှုကို အချိုးမညီမျှစွာ ခံစားနေရသည်။ သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအရာရှိက နိုင်ငံများအနေဖြင့် ရေနှင့် ဆက်စပ်သော အန္တရာယ်များကြောင့်

ခြိမ်းခြောက်ခံနေရသည့် ထိခိုက်လွယ်သောအုပ်စုများနှင့် ဖယ်ကြဉ်ခံ အုပ်စုများကို အထူးအလေးပေး ဂရုပြုရန် လိုအပ်ကြောင်း ဖော်ပြထားပြီး အဆိုပါအုပ်စုများတွင် အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၊ လူနည်းစု အုပ်စုများ၊ ဒုက္ခသည်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲနွမ်းပါးသူများ ပါဝင်သည် (Boyd, 2021)။

၇.၂ ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး

- ဘေးကင်းသော သောက်သုံးရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ အခွင့်အရေး (HRWS) ကို လူ့အခွင့်အရေးများ အဖြစ် အသိအမှတ်ပြုထားသည်။ HRWS သည် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအား ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (CEDAW) နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (CRC) တို့ရှိ စည်းနှောင်မှုရှိသော တာဝန်ဝတ္တရားများ အပြင် အခြားသော သဘောတူစာချုပ်များ၊ ကြေညာချက်များ၊ ဆုံးဖြတ်ချက်များနှင့် အထွေထွေမှတ်ချက်များ အပေါ် အခြေခံထားသည်။ အောက်ပါ လူ့အခွင့်အရေး သဘောတူစာချုပ်များသည် HRWS အတွက် အရေးကြီးသည် (Grönwall et al., ၂၀၁၇- ၄၈ မှ ၄၉) -
- ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၁ နှင့် ၃ တွင် လူဂုဏ်သိက္ခာရှိစွာ နေထိုင်ခွင့်နှင့် အသက်ရှင်သန်ခွင့်တို့ကို အသီးသီး ဖော်ပြထားသည်။
- ICESCR ၏ အပိုဒ် ၁၁ (အပိုဒ်ခွဲ ၁) တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လုံလောက်သော အစားအစာ၊ အဝတ်အထည်နှင့် အိုးအိမ်အပါအဝင် လုံလောက်သည့် လူနေမှုအဆင့်အတန်း ရပိုင်ခွင့်ရှိခြင်းနှင့် လူနေမှုအဆင့်အတန်း အဆက်မပြတ် တိုးတက်ခံစားခွင့်ရှိသည်ကို အသိအမှတ်ပြုကြောင်း ဖော်ပြထားသည်။
- ICESCR ၏ အပိုဒ် ၁၂ (အပိုဒ်ခွဲ ၁) တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အဆင့်မြင့်မြင့် ရရှိခံစားပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုသည်။
- CEDAW ၏ အပိုဒ် ၁၂ (အပိုဒ်ခွဲ ၂) တွင် ကျေးလက်နေ အမျိုးသမီးများသည် အထူးသဖြင့် အိမ်ရာ၊ မိလ္လာသန့်ရှင်းမှု၊ လျှပ်စစ်မီး၊ ရေပေးဝေမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့နှင့် စပ်လျဉ်း၍ လုံလောက်သော လူနေမှုဘဝ အခြေအနေများကို ခံစားပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။
- CRC ၏ အပိုဒ် ၂၄ (အပိုဒ်ခွဲ ၂) တွင် သန့်ရှင်းသော သောက်သုံးရေ ပံ့ပိုးပေးခြင်းဖြင့် ရောဂါဘယနှင့် အာဟာရချို့တဲ့မှုကို တိုက်ဖျက်ခြင်း အပါအဝင် ကလေးသူငယ်တစ်ဦး၏ အမြင့်ဆုံးသော ကျန်းမာရေး အဆင့်အတန်း ရရှိပိုင်ခွင့်ကို အသိအမှတ်ပြုထားသည်။

၂၀၀၂ ခုနှစ်တွင် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မတီက ရေရရှိပိုင်ခွင့်နှင့် ပတ်သက်၍ အထွေထွေမှတ်ချက် အမှတ် ၁၅ ကို ထုတ်ပြန်ခဲ့ပြီး တကိုယ်ရေနှင့် အိမ်ထောင်စုသုံး ရေရရှိမှုသည် လူ့အခွင့်အရေးဖြစ်ကြောင်း အတည်ပြုခဲ့သည်။ အပိုဒ် ၁.၁ တွင် “သောက်သုံးရေ ရပိုင်ခွင့်သည် လူ့ ဂုဏ်သိက္ခာ

နှင့်အညီ နေထိုင်နိုင်သော သက်ရှိဘဝတစ်ခုအတွက် မရှိမဖြစ် လိုအပ်သည်။ ၎င်းသည် အခြားသော လူ့အခွင့်အရေးများကို အကောင်အထည်ဖော်နိုင်ရန် ကြိုတင်လိုအပ်ချက် ဖြစ်သည်” ဟု ဖော်ပြထားသည်။ ဆက်လက်၍

> “သောက်သုံးရေ ရပိုင်ခွင့်သည် လူတိုင်းအတွက် တကိုယ်ရေနှင့် အိမ်ထောင်စုသုံးရန် လုံလောက်သော၊ ဘေးကင်းသော၊ လက်ခံနိုင်သော၊ ရုပ်ပိုင်းဆိုင်ရာအရ လက်လှမ်းမီပြီး တတ်နိုင်သော ဈေးနှုန်းရှိသည့်ရေကို ရရှိပိုင်ခွင့် ပေးထားသည်။ ရေဓာတ်ခန်းခြောက်၍ သေဆုံးမှုကို ကာကွယ်ရန်၊ ရေမှတဆင့် ကူးစက်သော ရောဂါအန္တရာယ်ကို လျှော့ချရန်နှင့် သောက်သုံးရန်၊ ချက်ပြုတ်ရန်၊ တကိုယ်ရေနှင့် အိမ်ထောင်စု သန့်ရှင်းရေး လိုအပ်ချက်များအတွက် ဘေးကင်းသော ရေပမာဏ လုံလောက်စွာ လိုအပ်သည်” ဟု ဆိုထားသည်။

HRWS ကို အခြားသော အခွင့်အရေးများနှင့် ဆက်စပ်တင်ပြရာတွင် (အပိုဒ် ၆) -

> “သဘောတူစာချုပ်ပါ အခွင့်အရေးများစွာကို အကောင်အထည်ဖော်ရန်အတွက် တစ်ကိုယ်ရေနှင့် အိမ်ထောင်စုအသုံးပြုရန်အတွက် ရေလိုအပ်ချက်အပြင် အခြားသော ရည်ရွယ်ချက်များအတွက်လည်း ရေလိုအပ်သည်။ ဥပမာ - အစားအစာ ထုတ်လုပ်ရန် (လုံလောက်သော အစားအစာ ရရှိပိုင်ခွင့်) နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး သေချာစေရန် (ကျန်းမာရေး ရပိုင်ခွင့်) တို့အတွက် ရေလိုအပ်သည်။ ရေသည် အသက်မွေးဝမ်းကျောင်းမှု (အလုပ်ဖြင့် အသက်မွေးခွင့်) နှင့် အချို့သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်း များကို ရရှိခံစားနိုင်ရန် (ယဉ်ကျေးမှုဘဝတွင် ပါဝင်ခွင့်) တို့အတွက် မရှိမဖြစ် လိုအပ်သည်။ သို့သော်လည်း ရေခွဲဝေရာတွင် တစ်ကိုယ်ရေနှင့် အိမ်ထောင်စုသုံး ရေရရှိပိုင်ခွင့်ကို ဦးစားပေးရမည်ဖြစ်သည်။ ထို့ပြင် ငတ်မွတ်ခေါင်းပါးမှုနှင့် ရောဂါဘယများကို ကာကွယ်ရန် လိုအပ်သော ရေအရင်းအမြစ်များ ကိုလည်း ဦးစားပေးရမည်။”

၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ဆုံးဖြတ်ချက်အမှတ် ၆၄/၂၉၂ မှတဆင့် ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး (HRWS) ကို အသိအမှတ်ပြုခဲ့သည်။ နောက်ပိုင်းတွင် သောက်သုံးရေရရှိပိုင်ခွင့်နှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ အခွင့်အရေးဟူ၍ သီးခြားစီ နားလည်သင့်၊ မသင့်ဟူသော ငြင်းခုံမှုများ ရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ၎င်းတို့ကို သီးခြားအခွင့်အရေး နှစ်ခုအဖြစ် အတည်ပြုခဲ့သည်။

၂၀၀၈ ခုနှစ်၊ မတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ဘေးကင်းသော သောက်သုံးရေနှင့် မိလ္လာသန့်ရှင်းမှု ရရှိရေးနှင့် ဆက်စပ်သော လူ့အခွင့်အရေး တာဝန်ဝတ္တရားများဆိုင်ရာ သီးခြားလွတ်လပ်သော ကျွမ်းကျင်သူ (Independent Expert) တစ်ဦးကို စတင်ခန့်အပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ၎င်း၏ လုပ်ပိုင်ခွင့်ကို တိုးမြှင့်ခဲ့ပြီး အမည်ကို ဘေးကင်းသော သောက်သုံးရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေးအရာရှိ (Special Rapporteur) ဟု ပြောင်းလဲခဲ့သည်။[၅]

[၅] https://www.ohchr.org/en/special-procedures/sr-water-and-sanitation/about-mandate

HRWS မူဘောင်အတွင်းတွင် နိုင်ငံသည် အဓိက တာဝန်ရှိသူအဖြစ် တာဝန်များရှိပြီး ၎င်းတို့သည် တစ်ဆင့်ချင်း မြှင့်တက်အကောင်အထည်ဖော်ဆောင်ရွက်ရေးမူသဘောတရား (Progressive Realization) ၊ အခွင့်အရေးများ ပြန်လည်ဆုတ်ယုတ်မှု မရှိစေရေး မူသဘောတရား (non-retrogression) နှင့် အခွင့်အရေးများကို လေးစား၊ လိုက်နာ၊ ကာကွယ်ရန် မူသဘောတရားတို့ အပေါ် မူတည်သည်။ သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေး အရာရှိက နိုင်ငံတော်များ၏ လုပ်ထုံးလုပ်နည်း ဆိုင်ရာ တာဝန်များကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြထားသည် (Boyd, ၂၀၂၁):

- ပညာရေးသင်ရိုးညွှန်းတမ်း အဆင့်တိုင်းတွင် ရေနှင့် ပတ်သက်သည်များကို ထည့်သွင်းသင်ကြားပေးရန် နှင့် ရေ၏ အနှစ်သာရတန်ဖိုး၊ ဘေးကင်းလုံလောက်သော ရေနှင့် ကျန်းမာသော ရေချို ဂေဟစနစ်များ၏ အရေးပါမှု၊ ရေထုညစ်ညမ်းမှု၊ ရေရှားပါးမှု၊ ရေနှင့်ပတ်သက်သော ဘေးအန္တရာယ်များ၏ အကြောင်းရင်း များနှင့် နောက်ဆက်တွဲ ရလဒ်များအကြောင်းကို ပြည်သူလူထုက အလွယ်တကူလက်လှမ်းမီ သိရှိနိုင်စေ ရန်အလို့ငှါ ဆောင်ရွက်ပေးရန်။
- ရေခွဲဝေမှု၊ ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့သော အသုံးပြုမှုဆိုင်ရာ စီမံကိန်းနှင့် လုပ်ဆောင်ချက် အားလုံး တွင် လူတိုင်းပါဝင်နိုင်ပြီး၊ မျှတသော၊ ဂျဲန်ဒါ အခြေပြု ချဉ်းကပ်မှုဖြင့် ပြည်သူ့ပါဝင်မှုကို သေချာစေရန်။
- ဘေးကင်းလုံလောက်သော ရေနှင့် ကျန်းမာသော ရေချိုဂေဟစနစ်များနှင့် သက်ဆိုင်သည့် တာဝန် ဝတ္တရားများကို နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများက တာဝန်ယူမှုရှိစေရန်အလို့ငှါ အားလုံးအတွက် တရားမျှတမှုနှင့် ထိရောက်သော ကုစားမှုများကို စာရိတ်သက်သာစွာ အချိန်မီ ရရှိနိုင်စေရန်။
- ရေနှင့် ရေချိုဂေဟစနစ်များကို ညစ်ညမ်းစေနိုင်သော၊ ဖြုန်းတီးစေနိုင်သော၊ ပျက်စီးစေနိုင်သော သို့မဟုတ် လျော့နည်းစေနိုင်သော စီမံကိန်းများ၊ မူဝါဒများ၊ ပရောဂျက်များ၊ အဆိုပြုချက်များကို လေ့လာရာတွင် ၎င်းတို့၏ ပတ်ဝန်းကျင်အပေါ်၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေးဆိုင်ရာများအပေါ် သက်ရောက်နိုင်သည့် အလားအလာများကို ဆန်းစစ်ရန်။
- ရေစီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများကို ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ခွင့်ပေးရန်နှင့် ရေကို ခွဲဝေခြင်း၊ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ပြန်လည်ကောင်းမွန်စေခြင်းနှင့် အကျိုး ကျေးဇူးများကို မျှတစွာခွဲဝေခြင်းဆိုင်ရာ လုပ်ဆောင်ချက်အားလုံးတွင် ဂျဲန်ဒါ တန်းတူညီမျှမှုကို ထည့်သွင်း ဆောင်ရွက်ရန်။
- ရေနှင့် ကျန်းမာသော ရေနေဂေဟစနစ်များနှင့် ပတ်သက်သော လုပ်ဆောင်ချက်အားလုံးတွင် ဌာနေ တိုင်းရင်းသားများ၊ ဒေသခံ လူ့အဖွဲ့အစည်းများ၊ အာဖရိကန္တယ်ဖွားများနှင့် လယ်သမားများ၏ အခွင့်အရေး များကို လေးစားရန်နှင့် ၎င်းတို့တွင် မိရိုးဖလာအသိပညာများ၊ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများ၊ စုပေါင်းပိုင်ဆိုင်မှုနှင့် ဌာနေတိုင်းရင်းသား အခွင့်အရေးဖြစ်သော လွတ်လပ်၍ ကြိုတင် အကြောင်းကြားပြီး သဘောတူညီချက်ရယူပိုင်ခွင့်တို့ကို ဥပဒေအရ အသိအမှတ်ပြုခြင်း ပါဝင်သည်။
- ရေနှင့်ပတ်သက်သော ကိစ္စရပ်များတွင် လုပ်ဆောင်နေသော ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ခိုင်မာစွာ အကာအကွယ်ပေးရန်။

ပင်မအရင်းခံ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ နိုင်ငံတော်သည် မိမိလုပ်ဆောင်ချက်ဖြင့် HRWS ကို ချိုးဖောက်ခြင်း မပြုရသည့်အပြင်၊ အခွင့်အရေးများသေချာစေရေးအတွက် ဥပဒေများ၊ မူဝါဒများနှင့် အစီအစဉ် များကို ရေးဆွဲ၊ အကောင်အထည်ဖော်၊ ကျင့်သုံးရမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍကဲ့သို့သော နိုင်ငံတော် မဟုတ်သည့် အဖွဲ့အစည်းများကလည်း အဆိုပါ အခွင့်အရေးများကို မချိုးဖောက်စေရေး သေချာစေရမည်။ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ကော်မတီ၏ သောက်သုံးရေ ရရှိပိုင်ခွင့် ဆိုင်ရာ အထွေထွေမှတ်ချက် အမှတ် ၁၅ (၂၀၀၂) တွင် နိုင်ငံ၏ ပင်မအရင်းခံ တာဝန်များကို အောက်ပါ အတိုင်း အကျဉ်းချုပ် ဖော်ပြထားသည် (အပိုဒ် ၂၈) -

> “စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် လုံလောက်ပြီး ဘေးကင်းသော ရေရှိစေရန် ဘက်စုံပေါင်းစပ်ထားသော မဟာဗျူဟာများနှင့် အစီအစဉ်များကို ချမှတ်သင့်သည်။ ထိုအစီအစဉ်များနှင့် မဟာဗျူဟာများတွင် (က) ရေအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူခြင်း၊ လမ်းလွဲခြင်းနှင့် ဆည်မြောင်းဖောက်လုပ်ခြင်းတို့ဖြင့် ရေအရင်းအမြစ် များကို လျော့နည်းစေခြင်း၊ (ခ) ရေဝေရေလဲဒေသများနှင့် ရေနှင့်ဆက်စပ်သော ဂေဟစနစ်များ တွင် ဓာတ်ရောင်ခြည်၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် လူ့မစင်များကြောင့် ဖြစ်ပေါ်လာသော ညစ်ညမ်းမှုကို လျှော့ချဖယ်ရှားခြင်း၊ (ဂ) သိုလှောင်ရေအရင်းအမြစ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ (ဃ) အဆိုပြုဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများက ရေအလုံအလောက်ရရှိမှုကို အဟန့်အတားမဖြစ်စေရန် သေချာစေခြင်း၊ (င) ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဲကန္တာရ ဖြစ်ထွန်းခြင်း၊ မြေဆီလွှာ ဆားငန်ဓာတ်တိုးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးခြင်းကဲ့သို့သော ရေရရှိနိုင်မှုနှင့် သဘာဝဂေဟစနစ်များအပေါ် သက်ရောက်နိုင်သော လုပ်ဆောင်ချက်များကို ဆန်းစစ်ခြင်း၊ (စ) အသုံးပြုသူများအကြား ရေ ထိရောက်စွာ အသုံးပြုမှုကို မြှင့်တင်ခြင်း၊ (ဆ) ရေဖြန့်ဖြူးရာတွင် လေလွင့်မှုကို လျှော့ချခြင်း၊ (ဇ) အရေးပေါ် အခြေအနေများအတွက် တုံ့ပြန်ဆောင်ရွက်မှု ယန္တရားများ ထားရှိခြင်း၊ နှင့် (ဈ) မဟာဗျူဟာနှင့် အစီအစဉ်များကို ဆောင်ရွက်ရန် ကျွမ်းကျင်သော အင်စတီကျူးရှင်းများနှင့် သက်ဆိုင်ရာ အစီအမံများ တည်ထောင်ထားခြင်းတို့ ပါဝင်သည်။”

HRWS အရ ပြည်သူများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများတွင် - သတင်းအချက်အလက် ရရှိပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်၊ ခွဲခြားဆက်ဆံမှုမရှိဘဲ ခံစားရရှိပိုင်ခွင့်နှင့် လက်ရှိနှင့် အနာဂတ် မျိုးဆက်များ၏ အခွင့်အရေးများ ပါဝင်သည်။ ပြည်သူများ၏ ပင်မအရင်းခံ အခွင့်အရေးများတွင် - ရှိရင်းစွဲ ရေပေးဝေမှုများကို ရယူသုံးစွဲနိုင်ခွင့်၊ နှောင့်ယှက်စွက်ဖက်မှုများမှ ကင်းလွတ်ခွင့်၊ အကြောင်းမဲ့ ရေဖြတ်တောက်ခံရမှုမှ ကင်းလွတ်ခွင့် နှင့် ရေပေးဝေမှုတွင် အညစ်အကြေးများမှ ကင်းစင်ခွင့်တို့ ပါဝင်သည်။

အလေးထားစရာ - အမျိုးသမီးများနှင့် ရေ

ရေနှင့် ပတ်သက်သည်များကို ထိန်းချုပ်ခြင်း၊ လက်လှမ်းမီ ရရှိခြင်းနှင့် အသုံးပြုခြင်းတို့ကို သတ်မှတ်ပေးသော လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချခြင်းများသည် ဂျဲန်ဒါအပေါ် အခြေခံသည်။ အမျိုးသမီးများသည် ရေအရင်း

အမြစ်များကို စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့၌ အရေးပါသော ကဏ္ဍမှ ပါဝင်နေကြောင်းကို လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝှမ်းရှိ လူ့အသိုင်းအဝိုင်းများ တွင် ပိုမိုအသိအမှတ်ပြုလာကြသည်။ သို့သော်လည်း အများအားဖြင့် အမျိုးသားများသာ ဦးဆောင် လွှမ်းမိုးထားသည့် ရေစီမံခန့်ခွဲမှုကဏ္ဍရှိ မူဝါဒများနှင့် စီမံကိန်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ များကို အသိအမှတ်ပြုရန် အားနည်းနေဆဲ ဖြစ်ပါသည်။ ၎င်းသည် မညီမျှမှုနှင့် တရားမျှတမှုမရှိသော လူမှုဖွဲ့စည်းပုံများကို ပိုမိုခိုင်မာစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည် (IUCN နှင့် Oxfam၊ ၂၀၁၈)။ သို့ရာတွင် အမျိုးသမီးများ၏ ဦးဆောင်မှုစွမ်းရည်ကို စည်းရုံးလှုံ့ဆော်ရေးနှင့် အသိပညာ ပေးလုပ်ငန်းများမှတဆင့် ပိုမိုထင်ရှားစွာ မြင်တွေ့လာရပြီ ဖြစ်သည်။ ၎င်းတို့သည် တရားမျှတမှု မရှိသော လူမှုဖွဲ့စည်းပုံများကို ပြောင်းလဲရန်နှင့် ရေရှည်တည်ရှိနေသည့် မညီမျှမှုများကို ပြုပြင်တည့်မတ်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြသည် (Delfau နှင့် Yeophantong၊ ၂၀၂၀)။

၇.၃ သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ဆက်စပ်ခြင်းရာရှိ HRWS

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်းသည် လူသားတို့၏ ကောင်းကျိုးချမ်းသာနှင့် လူ့အခွင့်အရေးများ ရရှိခံစားနိုင်မှုအတွက် အထောက်အကူပြုကြောင်း၊ ထို့အတူ ပတ်ဝန်းကျင် ပျက်စီးခြင်းသည် လူ့အခွင့်အရေးများကို ထိရောက်စွာ ရရှိနိုင်မှုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆိုးကျိုးများသက်ရောက်နိုင်ကြောင်း အသိအမှတ်ပြုမှုများ ပိုမိုများပြားလာသည် (Knox and Boyd, ၂၀၁၈)။ ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၈၀ ရာခိုင်နှုန်းကျော်သည် သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေပြုမှုများ၊ တရားရုံးဆုံးဖြတ်ချက်များနှင့် ဒေသတွင်း သဘောတူစာချုပ်များကဲ့သို့သော ဥပဒေစာချုပ်စာတမ်းများဖြင့် အသိအမှတ်ပြုထားကြသည် (Boyd, ၂၀၂၁)။ အာဆီယံ (ASEAN) တွင်လည်း ဘေးကင်းပြီး သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ဆိုင်ရာ အခွင့်အရေးကို အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂၈(c) တွင်လည်းကောင်း၊ ဘေးကင်း၊ သန့်ရှင်းပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကို အပိုဒ် ၂၈(စ) တွင်လည်းကောင်း အသီးသီး အသိအမှတ်ပြုထားသည်။

သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးသည် HRWS အတွက် အရေးကြီးသော နောက်ခံအကြောင်းအရာတစ်ခု ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ရှိခြင်းကို လူ့အခွင့်အရေးတစ်ခုအဖြစ် အသိအမှတ်ပြုသည့် ဆုံးဖြတ်ချက် ၄၈/၁၃ ကို အတည်ပြုခဲ့သည်။ ယင်းကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်ချက် A/76/L.75 ဖြင့် ထောက်ခံမဲ (၁၆၁) မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ (၈) မဲဖြင့် ဆက်လက်အတည်ပြုခဲ့သည်။

သန့်ရှင်း၊ ကျန်းမာပြီး ဘေးကင်းသော ပတ်ဝန်းကျင် အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိဟောင်း ဖြစ်သူ ပါမောက္ခ John Knox က နိုင်ငံတော်များအနေဖြင့် လိုက်နာရမည့် ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်သုံးရပ်ကို အဆိုပြုခဲ့သည် (Knox, ၂၀၁၄) -

- **ကျင့်ထုံးဆိုင်ရာ တာဝန်ဝတ္တရားများ (Procedural obligations):** ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ရန်၊ သတင်းအချက်အလက် မျှဝေရန်၊ ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုကို အားပေးရန်နှင့် ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများအတွက် ထိရောက်သော ကုစားမှုများ ရရှိစေရန် ဆောင်ရွက်ပေးရမည့် တာဝန်များ ပါဝင်သည်။

- **ပင်မရင်းခံဆိုင်ရာ တာဝန်ဝတ္တရားများ (Substantive obligations)** သည် အသက်ရှင်သန်ခွင့်၊ ကျန်းမာရေး၊ အစားအစာနှင့် ရေ အပါအဝင် လူ့အခွင့်အရေး ရရှိနိုင်ခွင့်များအပေါ် အဟန့်အတားဖြစ်စေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများမှ ကာကွယ်ပေးရန် တာဝန်ဖြစ်သည်။ နိုင်ငံတော်များသည် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် အခြားဦးစားပေးကဏ္ဍများအကြား သင့်တင့်မျှတသော မျှခြေတစ်ခုဖြစ်စေ မည့် သင့်လျော်သော ဥပဒေမူဘောင်များကို ချမှတ်အကောင်အထည်ဖော်သင့်သည်။

- **ထိခိုက်လွယ်သောအုပ်စုများကို ထည့်သွင်းစဉ်းစားရန် တာဝန်ဝတ္တရား (Obligation to take account of vulnerable groups)** သည်ပတ်ဝန်းကျင် ထိခိုက်မှုဒဏ်ကို ပိုမိုခံစားရနိုင်သည့် အုပ်စုများအား အထူး ဂရုပြုရန် တာဝန်ဖြစ်သည်။ ယင်းတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ကလေးသူငယ်များ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုများ၊ အမျိုးသမီးများအပေါ် အချိုးမညီမျှစွာ သက်ရောက်နိုင်သည့် အခြေအနေများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် သက်ရောက်မှုများ ပါဝင်သည်။

နိုင်ငံတော်များအနေဖြင့် သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို ပိုမိုကာကွယ်မြှင့်တင်နိုင်ရန် ပါမောက္ခ Knox က မူဘောင်အခြေခံမူ ၁၆ ချက်ကို အဆိုပြုခဲ့သည် (Knox, ၂၀၁၇)။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး၏ ဒုတိယမြောက် အထူးစုံစမ်းစစ်ဆေးရေး အရာရှိဖြစ်သူ တွဲဖက်ပါမောက္ခ David Boyd ကလည်း ၂၀၂၁ ခုနှစ်တွင် “လူ့အခွင့်အရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ရေအကျပ်အတည်း” ခေါင်းစဉ်ဖြင့် ဆန်းစစ်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည် (Boyd, ၂၀၂၁)။

လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ရာသီဥတုစနစ်များနှင့် ၎င်းနှင့် ဆက်နွယ်နေသော ရေစနစ်များကို ပြောင်းလဲစေလျက်ရှိသည်။ ယင်းတွင် ရေရှည်ဖြစ်စဉ်အဖြစ် အပူချိန်မြင့်တက်လာခြင်းနှင့် ပိုမိုအလေ့ကျဖြစ်လာသည့် ပြင်းထန်သော ရေကြီးမှုနှင့် မိုးခေါင်မှုများ ပါဝင်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ရေအရင်းအမြစ်များနှင့် ၎င်းကို မှီခိုနေရသော လူသားတို့၏ လုပ်ငန်းဆောင်တာများအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ရှိနေသည်။ ဥပမာအားဖြင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန် ၁ ဒီဂရီစင်တီဂရိတ် တိုးလာတိုင်း ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ် ၂၀ ရာခိုင်နှုန်း လျော့နည်းသွားနိုင်သည် (Jiménez Cisneros and Oki, ၂၀၁၄)။ ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သော ‘ပဲရစ် သဘောတူညီ

ချက်’ သည် ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ဖြစ်လာသဖြင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုများသည် ကမ္ဘာ့အဆင့် အသိအမှတ်ပြုမှုကို အမြင့်ဆုံး ရရှိလာခဲ့သည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာ တရားမျှတမှု သေချာစေရန်မှာ လုံလောက်မှု မရှိသေးပေ။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးတို့အကြား ဆက်နွယ်မှုသည်လည်း လွန်ခဲ့သော ၁၅ နှစ်အတွင်း သိသိသာသာ အရေးပါလာခဲ့သည် (Boyd, ၂၀၁၉) ။[၆] ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုနှင့် လူ့အခွင့်အရေး ဆက်စပ်မှုဆိုင်ရာဆုံးဖြတ်ချက်များထဲမှ ပထမဆုံး ဆုံးဖြတ်ချက်ကို လူ့အခွင့်အရေး ကောင်စီက ၂၀၀၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည် (ဆုံးဖြတ်ချက်အမှတ် ၇/၂၃)။ ပဲရစ်သဘောတူညီချက်၏ နိဒါန်းတွင် နိုင်ငံတော်များအနေဖြင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကို ဖြေရှင်းရန် ဆောင်ရွက်ရာ၌ “သက်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများကို လေးစားရန်၊ မြှင့်တင်ရန်နှင့် ထည့်သွင်းစဉ်းစားရန်...” တိုက်တွန်းထားသည်။ ပဲရစ်သဘောတူညီချက်ပါ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် ရေအရင်းအမြစ် (နှင့် HRWS) သည် အဓိကကျကြောင်းကို နိုင်ငံတော်များက ပိုမိုအသိအမှတ်ပြုလာကြသော်လည်း (UNCC and Marrakech Partnership 2020)၊ ပိုမိုထိရောက်သော လုပ်ဆောင်ချက်များကို အရေးတကြီး လိုအပ်နေဆဲဖြစ်သည် (UN News, ၂၀၂၂)။

၇.၄ ရေစီမံအုပ်ချုပ်မှု၊ မြစ်ချောင်းများနှင့် လူ့အခွင့်အရေး

ရေနှင့် မိလ္လာစနစ်ဆိုင်ရာ အခွင့်အရေး (HRWS) သည် အပြိုင်အဆိုင်သုံးစွဲမှုများအကြား ရေကို မည်သို့ ခွဲဝေကြသည်ဆိုသည့် အချက်နှင့် အခြေခံအားဖြင့် ဆက်နွယ်နေသည်။ ယင်းတို့တွင် - လူမှုပတ်ဝန်းကျင်၏ တကိုယ်ရေနှင့် အိမ်သုံးလိုအပ်ချက်များ၊ အခြေခံစားနပ်ရိက္ခာ ထုတ်လုပ်မှုအတွက် လိုအပ်ချက်များ၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍအသီးသီး (ကုန်ထုတ်လုပ်မှု၊ သတ္တုတူးဖော်ရေး၊ စွမ်းအင် စသည်) တွင် အသုံးပြုရန် လိုအပ်ချက်များ နှင့် လူသားမဟုတ်သော သက်ရှိများ ရှင်သန်နိုင်ရေးအတွက် လုံလောက်သော ရေပမာဏ (ဆိုလိုသည်မှာ "ပတ်ဝန်းကျင်ဆိုင်ရာ ရှင်သန်စီးဆင်းမှု" သို့မဟုတ် "e-flows" ကို ထိန်းသိမ်းခြင်း) တို့ ပါဝင်သည်။ ရေခွဲဝေမှုသည် အထူးသဖြင့် ရေရှားပါးချိန်များတွင် အငြင်းပွားဖွယ်ရာ ဖြစ်လေ့ရှိသည်။ သို့သော်လည်း HRWS ၏ အခြေခံ အနှစ်သာရမှာ ဤအခွင့်အရေးနှင့် သက်ဆိုင်သည့် ပင်မအရင်းခံဆိုင်ရာ အခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် အနိမ့်ဆုံး ရေပမာဏကို မဖြစ်မနေ ခွဲဝေပေးရမည် ဖြစ်သည်။ ဤအနိမ့်ဆုံးပမာဏသည် အစားအစာ ရရှိပိုင်ခွင့်၊ ဘေးကင်း၍ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများကဲ့သို့သော ဆက်စပ်လူ့အခွင့်အရေးများ၏ လိုအပ်ချက်များကို ထင်ဟပ်စေသည်။

ရေ “ရှားပါးမှု” သည် ရေလုံးဝပြတ်လပ်ခြင်း - ဥပမာ အလွန်အကျွံမိုးခေါင်မှုကြောင့် ဖြစ်ရသည်ဟု အမြဲတစေ မဆိုနိုင်ပေ။ ရေမူဝါဒများ (သို့မဟုတ် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးရေးမူဝါဒများ) က ရှိရင်းစွဲ ရေအရင်းအမြစ်များကို

[၆] https://www.ohchr.org/en/climate-change/integrating-human-rights-unfccc

လိုအပ်သည်ထက် ပိုမိုခွဲဝေချထားပေးခြင်း သို့မဟုတ် HRWS အတွက် လိုအပ်သော အနိမ့်ဆုံးရေပမာဏကို သေချာစေရမည့်အစား အချို့သော ရေအသုံးချသူများ (များသောအားဖြင့် စီးပွါးရေးကဏ္ဍများ) ၏ အကျိုးစီးပွါးကို ဦးစားပေးလိုက်သောအခါတွင်လည်း "လူမှုရေးအရ ဖန်တီးထားသော" ရေရှားပါးမှု ဖြစ်ပေါ်လာနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် ရေစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်သည် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်မှု (HRBA)၊ HRWS နှင့် ၎င်းနှင့် ဆက်နွယ်နေသော လူ့အခွင့်အရေးများကို ဦးစားပေးမှုအဖြစ် ထင်ဟပ်နေရန် လိုအပ်ပေသည်။

၇.၄.၁ ရေစီမံအုပ်ချုပ်မှု

ရေစီမံအုပ်ချုပ်မှုဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အင်စတီကျူးရှင်းဆိုင်ရာ ဖွဲ့စည်းပုံများ၊ လူမှု ဆက်ဆံရေးများ၊ နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍများအပေါ် ထားရှိသည့် အခြေခံတန်ဖိုးများနှင့် ယူဆချက်များကို မူတည်၍ အဓိပ္ပါယ် ဖွင့်ဆိုချက် အမျိုးမျိုး ကွဲပြားနိုင်သည်။ ဥပမာအားဖြင့် UNDP က ရေစီမံအုပ်ချုပ်မှုကို "လူ့အဖွဲ့အစည်း၏ အလွှာမျိုးစုံတွင် ရေအရင်းအမြစ် အသုံးပြုမှု၊ ဖွံ့ဖြိုးတိုးတက်မှု နှင့် စီမံခန့်ခွဲမှု နှင့် ရေဝန်ဆောင်မှု ပေးဝေမှုတို့အပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်မှု ရှိနေသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွါးရေးနှင့် အုပ်ချုပ်ရေး စနစ်များ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည် (UNDP, ၂၀၁၃)။ တစ်ချိန်တည်းမှာပင် ဝေဖန်ဆန်းစစ်သူ ပညာရှင်များက ရေစီမံအုပ်ချုပ်မှုကို "အငြင်းပွားဖွယ်ဖြစ်နေသော ရေခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်သူအသီးသီးအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များ" ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည် (Zwarteveen, Kemerink-Seyoum et al., ၂၀၁၇)။ ရေစီမံအုပ်ချုပ်မှုသည် တစ်ခုနှင့်တစ်ခု “ဆင့်ကဲချိတ်ဆက်" နေပြီး လက်တွေ့တွင် မည်သို့ပင်ရှိစေကာမူ မူအားဖြင့် ဒေသန္တရ၊ ပြည်နယ်/တိုင်းနှင့် နိုင်ငံတော်အဆင့်များအကြားတွင်လည်းကောင်း၊ နယ်စပ်ဖြတ်ကျော် စီးဆင်းသည့် မြစ်များအတွက် နိုင်ငံတကာအဆင့်တွင်လည်းကောင်း ချိတ်ဆက်တည်ရှိနေသည်။

UNDP ရေစီမံအုပ်ချုပ်မှုပံ့ပိုးဌာန က "ကောင်းမွန်သော" ရေစီမံအုပ်ချုပ်မှုတွင် "ရေသန့်စင်မှု” ကို သေချာစေရန် အဆိုပြုထားပြီး ၎င်းတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်မှု၊ ရိုးသားမှု၊ မျှတမှု၊ ကျွမ်းကျင်မှုဆိုင်ရာ အခြေခံတန်ဖိုးများ ပါဝင်ရန် အဆိုပြုထားသည်။ ရေစီမံအုပ်ချုပ်မှုတွင် လူ့အခွင့်အရေး အခြေခံပြု ချဉ်းကပ်နည်းကို ကျင့်သုံးခြင်းဖြင့် ရေညစ်ညမ်းမှု၊ ရေရှားပါးမှု၊ ရေချိုငေဟစနစ် ပျက်စီးမှုနှင့် ရေနှင့်ဆက်စပ်သော ဘေးအန္တရာယ်များမှ ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်ကြောင်း အသိအမှတ်ပြုမှုများ တိုးပွားလာနေသည် (Boyd, ၂၀၂၁)။ ယင်းတွင် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ လူထုပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်ပေးခြင်း၊ စောင့်ကြည့် လေ့လာ ခြင်း၊ ဥပဒေကြောင်းအရ ဆက်စပ်ဆန်းစစ်ပြီး ခိုင်မာအားကောင်းအောင် ပြုလုပ်ခြင်း၊ အခွင့်အရေးကို အခြေခံ သော အစီအစဉ်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပါဝင်သည်။ HRWS အောင်မြင်စေရန်အတွက် သက်ဆိုင်ရာ ပြည်တွင်း ဥပဒေများသည် HRBA နှင့် ကိုက်ညီရမည်ဖြစ်သည်။ Grönwall နှင့်အဖွဲ့ (၂၀၁၇: ၄၄) က "၂၀၀၂ ခုနှစ်မှစ၍ ရေကဏ္ဍ၏ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများ၊ မူဝါဒများ၊ ဗျူဟာများနှင့် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများသည် လူ့အခွင့်အရေး စံနှုန်းများ၊ ယန္တရားများနှင့် ပိုမိုခိုင်မာစွာ ချိတ်ဆက်လာခဲ့သည်" ဟု လေ့လာတွေ့ရှိခဲ့သည်။

၇.၄.၂ လူ့အခွင့်အရေးနှင့် ရေစီမံအုပ်ချုပ်မှုဆိုင်ရာ “ပေါင်းစပ်ညှိနှိုင်းသော” ချဉ်းကပ်မှုများ

ရေစီမံခန့်ခွဲမှုဆိုင်ရာ “နိုင်ငံတကာ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ” သည် အရှေ့တောင်အာရှနှင့် တစ်ကမ္ဘာလုံးရှိ ရေစီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများ၊ နိုင်ငံရေးနှင့် လက်တွေ့ကျင့်သုံးပုံများအပေါ် လွှမ်းမိုးမှုရှိသည်။ ယင်းတို့အနက် အထင်ရှားဆုံးမှာ “ရေအရင်းအမြစ်များ ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်း” (IWRM) ဖြစ်ပြီး၊ ၎င်းသည် စီးပွါးရေးအရ ထိရောက်မှုရှိခြင်း၊ လူမှုရေးအရ တရားမျှတမှုရှိခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည် တည်တံ့ခြင်း ဟူသော ရည်မှန်းချက်သုံးရပ်ကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရန်နှင့် မြစ်ဝှမ်းဒေသအဆင့်ကို စီမံခန့်ခွဲမှု အတွက် အသင့်တော်ဆုံးအဆင့်အဖြစ် သတ်မှတ်ရန် အဆိုပြုထားသည်။ ၁၉၉၂ ခုနှစ်၊ ကုလသမဂ္ဂ/ကမ္ဘာ့မိုးလေဝသအဖွဲ့၏ ဒပ်ဗလင် (Dublin) ညီလာခံတွင် စတင်အဆိုပြုခဲ့သော IWRM ၏ အခြေခံမူများသည် ရေကို အကန့်အသတ်ရှိသော အရင်းအမြစ်တစ်ခုအဖြစ် မှတ်ယူပြီး၊ သက်ဆိုင်သူများ (အထူးသဖြင့် အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ) ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ကာ ရေကို စီးပွားရေးအရ တန်ဖိုးရှိသော ကုန်စည်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ IWRM ကို အကောင်အထည်ဖော်ရန်အတွက် “ကောင်စီ” သို့မဟုတ် ကော်မတီတစ်ခုအပါအဝင် နည်းပညာဆိုင်ရာ အေဂျင်စီတစ်ခုပါရှိသော မြစ်ဝှမ်းဒေသဆိုင်ရာ အဖွဲ့အစည်းများ လိုအပ်သည်။ အဆိုပါ နည်းပညာဆိုင်ရာအေဂျင်စီသည် မဲခေါင်မြစ်ကဲ့သို့သော နယ်စပ်ဖြတ်ကျော်စီးဆင်းသည့် မြစ်များအတွက်မူ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သောအဖွဲ့ ဖြစ်ရမည်။ ဒေသန္တရအဆင့်တွင် ရေအသုံးချသူ အသင်းများကို ဖွဲ့စည်းကြသည်။ ကုလသမဂ္ဂသည် IWRM ကို ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များ (MDGs) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လက်ခံခဲ့ပြီး၊ နောက်ပိုင်းတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (SDG6) မှတဆင့် ဆက်လက်မြှင့်တင်ခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုသေးသော်လည်း IWRM နှင့် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှု (HRBA) တို့ကို ချိတ်ဆက်ရန် အစပျိုးဆွေးနွေးမှုများ ရှိနေပြီဖြစ်သည် (Grönwall, Schmitz et al., ၂၀၁၇)။

ဝေဖန်ဆန်းစစ်သော စာပေများတွင်မူ IWRM သည် လက်တွေ့တွင် မည်မျှအထိ အောင်မြင်နိုင်သည်ကို လေ့လာခဲ့ကြသည်။ ဥပမာအားဖြင့် IWRM တွင် လူထုပါဝင်ဆောင်ရွက်သော ချဉ်းကပ်မှုများ ရှိနေသော်လည်း၊ IWRM အတွင်း၌ပင် အလဲအထပ်ပြုလုပ်ရသည့် ကိစ္စရပ်များ (ဥပမာ- စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ရေကာတာကြီးများ တည်ဆောက်ခြင်းနှင့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးပါသော ငါးဖမ်းလုပ်ငန်းများကို ထိန်းသိမ်းခြင်းတို့အကြား ရွေးချယ်ရမှုများ) ကို ညှိနှိုင်းဖြေရှင်းပေးနိုင်သည့် စွမ်းဆောင်ရည် အပေါ် မေးခွန်းထုတ်မှုများ ရှိခဲ့သည် (Cooper, ၂၀၁၂)။ ပို၍ အခြေခံကျကျ ဆိုရပါမူ ရေစီမံခန့်ခွဲမှုအား တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ပုံစံတစ်ခုတည်း သတ်မှတ်ရန် ကြိုးပမ်းခြင်းကြောင့် IWRM သည် ဝေဖန်ခံခဲ့ရပြီး၊ ၎င်းသည် ရေ၏တန်ဖိုးအပေါ် ခေတ်သစ်ဝါဒနှင့် ပရမတ္ထလက်တွေ့ဝါဒဖြင့် ချဉ်းကပ်ထားသည်ဟု ဆိုကြသည် (Linton and Budds, ၂၀၁၄)။ Molle (၂၀၀၈) ကမူ IWRM သည် ကျွမ်းကျင်သူများ၏ အသိပညာနှင့် ကမ္ဘာလုံး ဆိုင်ရာ ဖွံ့ဖြိုးရေး အစီအစဉ်များကိုသာ ဦးစားပေးသည့် ဟောပြောချက် တစ်ခုအဖြစ် အားကောင်းနေခြင်းကို အလေးပေးဖော်ပြခဲ့သည်။

ရေနှင့်ဆက်စပ်သော အရင်းအမြစ်များ၏ ရှုပ်ထွေးသော ဆက်နွယ်မှုများကို ကိုင်တွယ်ရာတွင် ရေကိုသာ အဓိက ထားခြင်း၏ အကန့်အသတ်များကို အသိအမှတ်ပြုလာကြပြီးနောက် "ရေ-စွမ်းအင်-စားနပ်ရိက္ခာ-ရာသီဥတု ဆက်နွယ်မှု"သည် နောက်ဆုံးပေါ် "နိုင်ငံတကာ အကောင်းဆုံးလုပ်ထုံးလုပ်နည်း" တစ်ခု ဖြစ်လာကာ အချို့က ၎င်းကို IWRM ၏ ဆက်ခံသူအဖြစ် ရှုမြင်ကြသည်။ ဤ "ဆက်နွယ်မှု" အကြောင်းကို နိုင်ငံတကာ ကျွမ်းကျင်သူများ အကြား ဆွေးနွေးမှုများ ရှိသော်လည်း၊ ၎င်းသည် အရင်းအမြစ်ဆိုင်ရာ နိုင်ငံရေးကို နိုင်ငံရေးအမြင်မပါဘဲ ဖတ်ရှုရန် သာ အလေးပေးလေ့ရှိပြီး ကျင့်ဝတ်နှင့် လူမှုရေးတရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကိုမူ အရေးမကြီးသကဲ့သို့ ဘေး ဖယ်ထားတတ်သည် (Allouche, Middleton et al., ၂၀၁၉)။ သို့သော်လည်း အချို့က ဤ "ဆက်နွယ်မှု" ကို SDGs နှင့် ချိတ်ဆက်ရာတွင် ၎င်းသည် ရေနှင့် စားနပ်ရိက္ခာဆိုင်ရာ အခွင့်အရေးများကို လျှော့ပေါ့၍မရသော အခွင့်အရေး အဖြစ် သေချာစေနိုင်မည့် အလားအလာရှိသည်ဟု အဆိုပြုခဲ့ကြသည် (Simpson and Jewitt, ၂၀၁၉)။

အလေးထားစရာ - ရေ အသုံးချခွင့်နှင့် သောက်သုံးရေ ရရှိပိုင်ခွင့်

လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများတွင် "ရေဆိုင်ရာ အခွင့်အရေးများ" ဟူသော စကားရပ်သည် တစ်ခါတစ်ရံ ရောထွေးနေတတ်ပြီး အလွန်ကွာခြားသော အဓိပ္ပာယ်နှစ်မျိုး ဆောင်နေသည်။ ပထမအဓိပ္ပာယ်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘေးကင်းလုံခြုံသော ရေနှင့် မိလ္လာစနစ်ကို ရရှိအသုံးပြုနိုင်သည့် "လူသား တို့၏ သောက်သုံးရေရရှိပိုင်ခွင့်" (Human Rights to Water and Sanitation) ဖြစ်သည်။ ဒုတိယ အဓိပ္ပာယ်မှာမူ- များစွာကွာခြားပြီး ၎င်းမှာ ရေကို အသုံးပြုခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့် (Water Rights) ဖြစ်သည်။ ဤအခွင့်အရေးကို နိုင်ငံတော်က တစ်ဦးတစ်ယောက်ချင်းစီ၊ အစုအဖွဲ့များ သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းများ ကဲ့သို့သော တရားဝင်အဖွဲ့အစည်းများထံ ပေးအပ်ထားခြင်း ဖြစ်နိုင်သည်။ ဤ "အခွင့်အရေး" နှစ်မျိုးစလုံးသည် လူမှုရေးဆိုင်ရာ စနစ်တကျ ဖွဲ့စည်းမှုနှင့် စံနှုန်းများကို ထင်ဟပ်စေပါသည်။ အကြောင်းမှာ ၎င်းတို့သည် လူသား တို့၏ လုပ်ဆောင်ချက်များစွာအတွက် အရေးပါသော အရင်းအမြစ်ဖြစ်သည့် ရေအပေါ် ထိန်းချုပ်မှု၊ ပိုင်ဆိုင်မှုနှင့် အသုံးပြုမှုတို့ကို အခိုင်အမာ တောင်းဆိုမှုများ ပါဝင်သောကြောင့် ဖြစ်သည်။ သို့သော် "လူသားတို့၏ သောက် သုံး ရေရရှိပိုင်ခွင့်" နှင့် "ရေအသုံးချခွင့်" တို့ကို နှိုင်းယှဉ်ကြည့်ပါက လူသားတို့၏ ရေရရှိပိုင်ခွင့်သည် လူသား တိုင်းမှ ခွဲထုတ်၍မရသော အခွင့်အရေးဖြစ်ပြီး နိုင်ငံတော်၏ ခွင့်ပြုချက်အပေါ် မူတည်ခြင်းမရှိပါ။ ရေအသုံးချခွင့် (Water Rights) မှာမူ ယာယီသဘောသာဖြစ်ပြီး နိုင်ငံတော်က ပြန်လည် ရုပ်သိမ်းနိုင်ခွင့်ရှိသည် (Grönwall et al., ၂၀၁၇-၄၇)။ ဌာနေတိုင်းရင်းသား လူမျိုးများက ၎င်းတို့ အစဉ်အလာအရ အသုံးပြုနေထိုင်လာခဲ့သည့် မြေယာ၊ နယ်မြေနှင့် သဘာဝသယံဇာတများအပေါ် စုပေါင်းပိုင်ဆိုင်ခွင့် တောင်းဆိုမှုများကို နိုင်ငံတော်က အသိအမှတ် မပြုသည့်အခါတွင် ဥပဒေဆိုင်ရာ ဗဟုဝါဒ (Legal Pluralism) ပေါ်ပေါက်လာပြီး ရေအသုံးချခွင့်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်လာနိုင်သည်။

၇.၄.၃ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေနှင့် ဥပဒေဆိုင်ရာ ဗဟုဝါဒ

ခေတ်သစ် (ဝက်စ်ဖေးလီးယား) နိုင်ငံတော်စနစ်တွင် ရေပိုင်ဆိုင်မှု၊ ရေရရှိမှု၊ အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့အပေါ် နိုင်ငံတော်ကသာ အမြင့်ဆုံးအာဏာကို ကျင့်သုံးလေ့ရှိသည်မှာ အတွေ့ရများဆုံး ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်

သည် ရေခဲ့ဝေချထားပေးရန်နှင့် ရှုပ်ထွေးလှသော အပေးအယူ ကိစ္စများကို စီမံခန့်ခွဲရန်အတွက် အများပြည်သူ ဆိုင်ရာ အာဏာကို ပိုင်ဆိုင်ကြောင်း ကြေညာထားသည်။ ဤဆုံးဖြတ်ချက်များကို ရေအသုံးပြုမှု အမျိုးအစား အလိုက် ဥပဒေတွင် အသေးစိတ်ဖော်ပြထားသည့် ဦးစားပေးအစီအစဉ်များအတိုင်း ဆောင်ရွက်သည်။ နိုင်ငံတော် သည် ရေအသုံးပြုခွင့် လိုင်စင်/ပါမစ်များကို ထုတ်ပေးသကဲ့သို့ အိမ်သုံးရေနှင့် အခြေခံစားဝတ်နေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုများကဲ့သို့သော ကိစ္စရပ်များအတွက် ကင်းလွတ်ခွင့်များ ပေးလေ့ရှိသည်။ ဤကင်းလွတ်ခွင့်များ တွင် HRWS ၌ ဦးစားပေးထားသော အသုံးပြုမှုများလည်း မကြာခဏ ပါဝင်တတ်သည်။

သို့သော်လည်း ရေသည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွါးရေးလုပ်ငန်းများအတွက် အဓိကကျနေသည့် အချက်ကို ထောက်ရှုခြင်းဖြင့် ဒေသအများအပြားတွင် ရေနှင့်ပတ်သက်၍ ဌာနေတိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများ၊ ကျေးလက်လူ့အဖွဲ့အစည်းများနှင့် အခြားအစုအဖွဲ့များ၌ ကျင့်သုံးနေသည့် “ဓလေ့ထုံးတမ်းဆိုင်ရာ/မိရိုးဖလာ အစီအမံများ” ရှိနေပေသည်။ ၎င်းတို့ကို “ဓလေ့ထုံးတမ်းဆိုင်ရာ ရေဥပဒေ” ဟုခေါ်ဆိုပြီး ၎င်းတို့သည် တရားဝင် ပြဋ္ဌာန်းထားခြင်းမျိုးဖြစ်နိုင်သော်လည်း များသောအားဖြင့် တရားဝင် ရေးသားမထားသော (ဆိုလိုသည်မှာ ပြဋ္ဌာန်း ထားခြင်းမရှိသော) အစီအမံများသာ ဖြစ်ကြသည်။ ၎င်းတို့သည် သီးခြား အသိုက်အဝန်းတစ်ခုရှိ သတ်မှတ် ထားသော ကျင့်ဝတ်စံနှုန်းများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အစဉ်အလာများကို ထင်ဟပ်နေသည့် မိရိုး ဖလာအားဖြင့် ကျယ်ကျယ် ပြန့်ပြန့်လက်ခံကျင့်သုံးလာခဲ့ကြသော အလေ့အထများပင်ဖြစ်လေသည်။ ဤ တန်ဖိုး ထားမှုများသည် HRWS တွင် ပါဝင်နေသည့် အနောက်တိုင်း၏ လစ်ဘရယ် တစ်ဦးချင်းဝါဒနှင့် ကိုက်ညီလေ့မရှိပေ (Fantini, ၂၀၂၀)။ နိုင်ငံရေး ဂေဟဗေဒနှင့် မနုဿဗေဒ ရှုထောင့်များမှနေ၍ ရေ၏ ယထာဘူတကျကျဖြင့် လူမှု ဝန်းကျင်တွင် အခြေခံမှုများစွာအကြောင်း (ဆိုလိုသည်မှာ ရေနှင့် ပတ်သက်သော လက်တွေ့များစွာအကြောင်း) ဖတ်ရှုရန်လိုအပ်သည်ဟု ထောက်ပြဝေဖန်မှုများ ရှိသည် (Linton ၂၀၁၀, Yates, Harris et al., ၂၀၁၇)။ ထို့အပြင် ဤကဲ့သို့ ကွဲပြားသော အယူအဆများသည် ရေနှင့်ပတ်သက်သော ပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်သည် (Boelens, Escobar et al., ၂၀၂၃)။

နိုင်ငံတော်၏ ပြဋ္ဌာန်းဥပဒေ(ရေးသားချက် နှင့် တရားဝင်ကျင့်သုံးချက်) နှင့် ဓလေ့ထုံးတမ်းဥပဒေတို့ ဒွန်တွဲ တည်ရှိ နေခြင်းကို “ဥပဒေဆိုင်ရာ ဗဟုဝါဒ” သို့မဟုတ် “ရောနှောစနစ်များ” ဟု နားလည်နိုင်ပေသည်။ ရေစီမံ အုပ်ချုပ်မှု တွင် ဤအခြေအနေကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်မှာ ယနေ့တိုင် တက်တက်ကြွကြွ ဆွေးနွေးနေရဆဲ အကြောင်းအရာတစ်ခု ဖြစ်သည်။ Grönwall နှင့် အဖွဲ့ (၂၀၁၇-၆၈) က ဤပြဿနာကို အောက်ပါအတိုင်း အကျဉ်း ချုပ်ဖော်ပြခဲ့သည် - *“နှစ်ဖက်စလုံးတွင် မယုံကြည်မှုများ ရှိနိုင်သည် — ဓလေ့ထုံးတမ်းစနစ်ကို လိုလားသူများက နိုင်ငံတော်သည် အများကောင်းကျိုးအတွက် ရေသယံဇာတများကို စီမံခန့်ခွဲပေးနိုင်သည့် ယုံကြည်စိတ်ချရသူ အဖြစ် မမြင်ကြပေ။ အင်စတီကျူးရှင်းဆိုင်ရာ ဥပဒေကို လိုက်နာသူများကလည်း ဓလေ့ထုံးတမ်းဆိုင်ရာ အစီအမံ များသည် မညီမျှမှုများနှင့် အားလုံးမပါဝင်နိုင်မှုများကို ဖြစ်စေသည်ဟု ယူဆကြသည်။”* လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှု (HRBA) အရ ၂၀၀၂ ခုနှစ်၊ အထွေထွေမှတ်ချက်အမှတ် (၁၅)။ အပိုဒ် ၂၁ တွင် နိုင်ငံတော်အနေဖြင့် ၎င်း၏ လေးစားရန် တာဝန် အခြေခံမူအောက်တွင် ရေခဲ့ဝေမှုဆိုင်ရာ ဓလေ့ထုံးတမ်း သို့မဟုတ် အစဉ်အလာ အစီအမံများ အပေါ် မတရား ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်။

အလေးထားစရာ - ဌာနေတိုင်းရင်းသားလူမျိုးများ၊ ရေနှင့် လူ့အခွင့်အရေး

ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများလူမျိုးများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း (UNDRIP) ကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့သည်။ ဤစာတမ်းသည် ဥပဒေအရ စည်းနှောင်မှုရှိသည့် စာချုပ်မျိုး မဟုတ်သော်လည်း ကမ္ဘာတစ်ဝှမ်းလုံး၏ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု ရရှိထားသည်။ ရေနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် "လွတ်လပ်၍ ကြိုတင်အကြောင်းကြား ထားသော အသိပေးသဘောတူညီချက်" ကို ဌာနေတိုင်းရင်းသား လူမျိုး အသိုက်အဝန်းများထံမှ ရယူရန် လိုအပ်သည်။ ထို့အပြင် ဌာနေတိုင်းရင်းသား အများစုသည် အခြေခံ စားဝတ်နေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု အပေါ် မှီခိုနေရသောကြောင့်၊ သောက်သုံးရေနှင့် မိလ္လာသန့်ရှင်းမှု ရရှိပိုင်ခွင့် (HRWS) အရ နိုင်ငံတော်အနေဖြင့် ရေခွဲဝေချထားရာတွင် အနည်းဆုံး လိုအပ်သော ရေပမာဏကို ဦးစားပေးရရှိစေရန် အာမခံရမည် ဖြစ်သည်။ ပိုမို ကျယ်ပြန့်စွာ ဆိုရသော် မြေယာ၊ နယ်မြေ၊ ယဉ်ကျေးမှုများနှင့် သက်ဆိုင်သော ဌာနေတိုင်းရင်းသား အခွင့်အရေး များကို ကာကွယ်ပေးရန်နှင့် သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသော မတရားမှုများကို ပြန်လည် ကုစားပေးရန် လိုအပ်သည်။

ဌာနေတိုင်းရင်းသား အများအပြားသည် ရေအားလျှပ်စစ်ဆည် တည်ဆောက်ခြင်းများကဲ့သို့သော အကြီးစား ရေစီမံကိန်းများ တည်ဆောက်မည့် နေရာများတွင် နေထိုင်ကြသောကြောင့် ထိုစီမံကိန်းများ၏ သက်ရောက်မှု များကို တွေ့ကြုံခံစားရမည့် အန္တရာယ်၌ရှိနေသည်။ ဥပမာအားဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ ဆီဒန်အနိမ့်ပိုင်း ၂ ဆည်သည် ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သည်။ ၎င်း စီမံကိန်းကြောင့် ထိုမြစ်များတလျှောက် မျိုးဆက်ပေါင်းများစွာ နေထိုင်လာခဲ့သည့် ဌာနေတိုင်းရင်းသားများနှင့် အခြားလူနည်းစု တိုင်းရင်းသား စုစုပေါင်း ၅,၀၀၀ နီးပါး နေရပ်စွန့်ခွာခဲ့ရသည်။ ၎င်းအပြင် သဘာဝ ငါးဖမ်း လုပ်ငန်းများ အပါအဝင် မြစ်၏ ဂေဟစနစ်ကိုလည်း ထိခိုက်ပျက်စီးစေခဲ့သည်။ Human Rights Watch (HRW ၂၀၂၁) ၏ မှတ်တမ်းများအရ ဒေသခံလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများမှာ လုံလောက်မှုမရှိခြင်း၊ FPIC သဘော တူညီချက် ရယူထားမှု မရှိခြင်းနှင့် လူနေမှုဘဝ ရပ်တည်ရေးအပေါ် ပြင်းထန်သော သက်ရောက်မှုများ ရှိနေ ကြောင်း ဖော်ပြထားသည်။

၇.၄.၄ အပြည်ပြည်ဆိုင်ရာ ရေဥပဒေနှင့် လူ့အခွင့်အရေး

ရေကြောင်းစီးဆင်းမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေသည် နိုင်ငံအချင်းချင်း မျှဝေသုံးစွဲနေရသော ရေအရင်းအမြစ်များ ကို မည်သို့ပူးပေါင်းဆောင်ရွက်ကာ အတူတကွ စီမံခန့်ခွဲရမည်ဟူသော မူဘောင်ကို အသေးစိတ် ပြဋ္ဌာန်းထားသည်။ လက်ရှိတွင် ကမ္ဘာနှင့် အဝှမ်းကျင့်သုံးနေသည့် ရေအရင်းအမြစ်ဆိုင်ရာ သဘောတူစာချုပ် နှစ်ခု ရှိသည်- ၎င်းတို့မှာ

၁။ နိုင်ငံတကာ ရေလမ်းကြောင်းများကို သယ်ယူပို့ဆောင်ရေးမဟုတ်သည့် ရည်ရွယ်ချက်များအတွက် အသုံးပြု ခြင်း ဆိုင်ရာ သဘောတူစာချုပ် (UNWC) (၁၉၉၇) ၊ နှင့်

၂။ နယ်စပ်ဖြတ်ကျော်စီးဆင်းနေသော ရေလမ်းကြောင်းများနှင့် နိုင်ငံတကာအင်းအိုင်များအား ကာကွယ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (၁၉၉၂) တို့ဖြစ်ကြသည်။

လက်ရှိရေကြောင်းစီးဆင်းမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေကို နယ်နိမိတ်ရေးရာ အကန့်အသတ်ရှိသည့် အချုပ်အခြာ အာဏာဟူသော ဥပဒေအခြေခံမူတစ်ရပ်ပေါ်တွင် တည်ဆောက်ထားသည်။ ယင်းမှတဆင့် အပြည်ပြည်ဆိုင်ရာ ရေ ဥပဒေ၏ အခြေခံစည်းမျဉ်းနှစ်ရပ်ကို ထုတ်နုတ်ထားခြင်းဖြစ်သည်- သာတူညီမျှမှုရှိပြီး သင့်လျော်သော အသုံးပြုခြင်း နှင့် ဆိုးရွားကြီးမားသော ထိခိုက်နစ်နာမှု မဖြစ်စေရေး ဂရုပြုလိုက်နာရမည့် တာဝန်ရှိခြင်းဟူသည့် စည်းမျဉ်းများ ဖြစ်ကြသည်။ နိုင်ငံများကလည်း သဘောရိုးဖြင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိလေသည်။

ရေနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး (HRWS) ၏ အရေးကြီးသော သက်ရောက်မှုတစ်ခုမှာ နယ်စပ်ဖြတ်ကျော် စီးဆင်းသည့် ရေလမ်းကြောင်းတစ်ခုကို မျှဝေသုံးစွဲနေကြသည့် နိုင်ငံအားလုံးတွင် အဆိုပါ အခွင့်အရေးများရရှိစေရန်အတွက် အနည်းဆုံး လိုအပ်သော ရေပမာဏရရှိ သေချာစေရမည့် တာဝန်ရှိခြင်း ဖြစ်သည်။ UNWC ၏ အပိုဒ် ၁၀(၂) တွင် သက်ရှိလူသားတစ်ဦး၏ လိုအပ်သည့်ပမာဏ ကို အထူးဂရုပြုရန် ပြဋ္ဌာန်းထားသည်။ ၎င်းသည် သောက်သုံးရေနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုကဲ့သို့သော အခြေခံလိုအပ်ချက်များ အတွက် လူ့အခွင့်အရေး ရှုထောင့်မှ ချဉ်းကပ်မှုကို တိုက်ရိုက်ဖော်ပြခြင်း မရှိသော်လည်း သွယ်ဝိုက်၍ ညွှန်ပြနေပေသည်။ ဤအချက်နှင့် ပတ်သက်၍ Cinelli (၂၀၁၃:၁၈၅) က "သီအိုရီအရ UNWC သည် သောက်သုံးရေ ရရှိပိုင်ဆိုင်ခွင့် (လူ့အခွင့်အရေး) ကို အတိအလင်း အသိအမှတ်မပြုသည်မှာ မှန်သော်လည်း၊ လက်တွေ့တွင်မူ ရေရရှိရေးနှင့် မိလ္လာသန့်ရှင်းမှုဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးနိုင်ရန် တပြိုင်နက်တည်း အထောက်အပံ့ ပေးနေသည်" ဟု အကြံပြုထားသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း HRWS နှင့် ပတ်သက်သော နိုင်ငံတော်၏ တာဝန်များအနက် သင့်လျော်သော ဥပဒေမူဘောင်တစ်ရပ်ကို ချမှတ်ရေးလည်း ပါဝင်သည်။ သို့သော်လည်း နယ်စပ်ဖြတ်ကျော် စီးဆင်းသည့် ရေအရင်းအမြစ် သဘောတူညီချက်များသည် HRWS ကို အတိအလင်း ကိုင်တွယ် ဖြေရှင်းခြင်း သို့မဟုတ် အာမခံချက်ပေးရန် ဖွဲ့စည်းထားခြင်းမျိုးမှာ သာမန်အားဖြင့် မရှိသလောက်ပင် ဖြစ်သည်။ ပြည်တွင်းအခြေအနေတွင် ရေခွဲဝေမှုအပေါ် အပေးအယူလုပ်ရမှုများသည် နယ်စပ်ဖြတ်ကျော် မြစ်များတွင် ပိုမိုရှုပ်ထွေးနိုင်သည်။ အကြောင်းမှာ နိုင်ငံတိုင်း သည် (ပြည်တွင်းရေလိုအပ်ချက် အပါအဝင်) မိမိတို့၏ အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးသောကြောင့် အခြား နိုင်ငံတစ်ခု၏ ပြည်တွင်းရေ လိုအပ်ချက်ကို ထိခိုက်နိုင်ပေသည်၊ ထို့ကြောင့် "စုပေါင်းလုပ်ဆောင်မှု" မျှော်လင့်ချက်များ ရှိနေသော်လည်း ရှုပ်ထွေးနေဆဲဖြစ်သည် (Bidabadi, ၂၀၂၀)။ ဥပမာအားဖြင့်၊ မဲခေါင်မြစ်ကော်မရှင် (MRC) ကို ဖွဲ့စည်းပေးခဲ့သော ၁၉၉၅ မဲခေါင်သဘောတူညီချက်တွင် လူ့အခွင့်အရေးအကြောင်း လုံးဝ ရည်ညွှန်းထားခြင်း မရှိပေ (MRC, ၁၉၉၅)။ "၁၉၉၅ မဲခေါင်သဘောတူညီချက်နှင့် MRC လုပ်ထုံးလုပ်နည်း ငါးခုကို နားလည်ခြင်း" အမည်ရှိ လက်စွဲစာအုပ်တွင် "လူသားလိုအပ်ချက်များ" ကိုသာ ရည်ညွှန်းထားပြီး၊ ဆီလျော်မျှတစွာ အသုံးပြုခြင်းနှင့် ပတ်သက်၍ "လူမှုရေး သို့မဟုတ် လူသား လိုအပ်ချက်များနှင့် စီးပွားရေးဆိုင်ရာ မှီခိုမှု" တွင် "အရေးကြီးသော လူသားလိုအပ်ချက်များဖြစ်သည့် သောက်သုံးရေနှင့် သန့်ရှင်းမှုအတွက် လိုအပ်သောရေ" ပါဝင်ကြောင်း ဖော်ပြထားသည် (MRC, ၂၀၂၀-၁၆)။ ကုလသမဂ္ဂက HRWS ကို အသိအမှတ်မပြုမီကပင် ၁၉၉၅ ခုနှစ်

မဲခေါင်သဘောတူညီချက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သော်လည်း ၎င်းကို ယနေ့ထက်တိုင် ပြန်လည်ပြင်ဆင်ခြင်း မရှိသေးပေ။ အဆိုပါ လက်စွဲစာအုပ်ကိုမူ HRWS ကို ကုလသမဂ္ဂက တရားဝင် အသိအမှတ်ပြုပြီးသည့်နောက် ဆယ်စုနှစ် တစ်ခုအကြာ ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

နယ်စပ်ဖြတ်ကျော် မြစ်ဝှမ်းဒေသများတွင် HRWS သည် မိမိနယ်မြေပြင်ပအထိ သက်ရောက်မှုရှိသော သဘော သဘာဝကို ဆောင်လျက်ရှိသည်။ Rieu-Clarke (၂၀၁၅) က မေးခွန်းထုတ်ထားသည်မှာ- "မြစ်အထက်ပိုင်း နိုင်ငံတစ်ခု၏ ရေထိန်းသိမ်းမှုကြောင့် မြစ်အောက်ပိုင်းနိုင်ငံတွင် တကိုယ်ရေနှင့် အိမ်သုံးရေ လုံလောက်မှု မရှိတော့ပါက အောက်ပိုင်းနိုင်ငံရှိ လူတစ်ဦးချင်းစီ၏ သောက်သုံးရေ ရရှိပိုင်ဆိုင်ခွင့် ချိုးဖောက်ခံရမှုအတွက် အထက်ပိုင်း နိုင်ငံတွင် တာဝန်ရှိပါသလား? အကယ်၍ ရှိခဲ့ပါက၊ မည်သူက မည်သည့်နေရာတွင် ဤအခွင့်အရေးကို တောင်းဆိုနိုင် မည်နည်း?" ဟူ၍ ဖြစ်သည် (Bulto, ၂၀၁၄)။

၇.၄.၅ လူ့အခွင့်အရေးနှင့် ရေ/မြစ်များကို အများပိုင်အရင်းအမြစ် (Commons) အဖြစ် ရှုမြင်ခြင်း

မြစ်များ၊ အင်းအိုင်များနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသော သဘာဝငါးဖမ်းလုပ်ကွက်များကဲ့သို့သော ရေအရင်းအမြစ် များကို ရှေးရိုးစဉ်လာအရ အများဆိုင် အဖြစ် စီမံခန့်ခွဲလာခဲ့ကြသည်။ "အများဆိုင်" ဆိုသည်မှာ များသောအားဖြင့် မျှဝေသုံးစွဲနေသော သဘာဝအရင်းအမြစ်များကို လူထုက စုပေါင်း စီမံခန့်ခွဲခြင်း၊ ၎င်းနှင့်ဆက်စပ်နေသော ပိုင်ဆိုင်မှုအခွင့်အရေးစနစ်များ၊ အင်စတီကျူးရှင်းဆိုင်ရာ အခြေခံမူများနှင့် ဖွဲ့စည်းပုံများကို ရည်ညွှန်းခြင်း ဖြစ်သည် (Ostrom, Burger et al., ၁၉၉၉)။ ထို့ပြင် အများဆိုင်အရင်းအမြစ်များကို ဖော်ဆောင်ခြင်းနှင့် ထိန်းသိမ်း ခြင်းဆိုင်ရာ လူမှုဆက်ဆံရေးများနှင့် လုပ်ငန်းစဉ်များကို ပိုမိုအလေးပေးသည့် အများဆိုင်ပြုခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း တက်ကြွစွာ ဆွေးနွေးငြင်းခုံမှုများ ရှိနေပေသည် (Bollier and Helfrich, ၂၀၁၉)။

မဲခေါင်မြစ်ကဲ့သို့သော နယ်စပ်ဖြတ်ကျော်မြစ်များကို အဆင့်ဆင့်သော အများဆိုင်အရင်းအမြစ်များအဖြစ် သတ်မှတ်နိုင်သည်။ နိုင်ငံတကာအဆင့်တွင်မူ နယ်စပ်ဖြတ်ကျော်မြစ်များကို ထိုမြစ်စီးဆင်းရာ နိုင်ငံအသီးသီး၏ အစိုးရများအကြား ဘုံပိုင်ဆိုင်ထားသော အရင်းအမြစ်အဖြစ် နားလည်နိုင်သည်။ သို့သော်လည်း နယ်စပ်ဖြတ်ကျော် စီးဆင်းနေသောမြစ်များသည် အဆင့်ဆင့်ထပ်နေသော အများဆိုင်စနစ်များ (Nested commons) ဖြစ်ပြီး ရေ၊ ငါးဖမ်းလုပ်ကွက်၊ မြေယာနှင့် သစ်တောများ အပါအဝင် ဒေသန္တရအဆင့် အများဆိုင်စနစ်များကို အထောက်အကူ ပြုနေသည်။ Hirsch (၂၀၂၀) က မဲခေါင်မြစ်ဝှမ်းရှိ အဆင့်ဆင့်သော အများဆိုင်စီမံအုပ်ချုပ်မှုအတွင်းမှ ပဋိပက္ခ များကို လေ့လာရာတွင်—အစိုးရ အချင်းချင်းအဆင့်ကိုသာ အဓိကထားသော အင်စတီကျူးရှင်းဆိုင်ရာ ကန့်သတ် ချက်များသည် တစ်ဦးချင်းစီ သို့မဟုတ် လူ့အသိုက်အဝန်းများအတွက် အရေးကြီးသော ဒေသန္တရအဆင့် အများဆိုင် စနစ်များ၏ အရေးပါမှုကို လျှော့တွက်ရာရောက်ကြောင်း ငြင်းခုံထားသည်။

ရေအရင်းအမြစ်များအား ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် ဆက်နွယ်လျက်ရှိသော ဖယ်ထုတ်ခံရမှုအန္တရာယ်များမှ ကာကွယ်ရန်နှင့် ရေရရှိရေး၊ ခန့်ခွဲစီမံရေးနှင့် အသုံးပြုရေးတို့တွင် လူထု၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှုသည် အထိရောက်ဆုံးသော ဗျူဟာ ဖြစ်၊ မဖြစ်နှင့် ပတ်သက်၍ ပြင်းထန်သော

ဆွေးနွေးမှုများ ရှိခဲ့သည်။ ဩဇာညောင်းသော ဆောင်းပါးတစ်ပုဒ်တွင် Karen Bakker (၂၀၀၇) က ရေနှင့် သန့်ရှင်းမှုဆိုင်ရာ လူ့အခွင့်အရေး (HRWS) သည် တစ်ဦးချင်းဗဟိုပြုပြီး လစ်ဘရယ်ဆန်သော ချဉ်းကပ်မှုဖြစ်သော ကြောင့် ၎င်းသည် ကုမ္ပဏီကြီးများ၏ စျေးကွက်အခြေပြုချဉ်းကပ်မှုများ၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှုများနှင့် ကိုက်ညီ နေသည်ဟု ငြင်းခုံခဲ့သည်။ သူမက အများဆိုင်အခြေပြု ဗျူဟာများ သည်သာ အောင်မြင်ရန် အလားအလာ ပိုများ ပြီး သဘောတရားရေးရာအရ ပိုမိုခိုင်မာသည်ဟု ဆိုခဲ့သည်။ သို့သော်လည်း အခြားသော ပညာရှင်များကမူ လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှုများသည် ဒေသန္တရအခြေအနေနှင့် ကိုက်ညီပြီး လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှုကို ရှာဖွေနေသော မဟာမိတ်အဖွဲ့အစည်းအသီးသီးက ပံ့ပိုးပေးမည်ဆိုပါက ထိရောက်မှု ရှိနိုင်ကြောင်း ငြင်းခုံခဲ့ကြသည် (ဥပမာ- Sultana and Loftus, ၂၀၁၂) (ဤဆွေးနွေးငြင်းခုံမှု အနှစ်ချုပ်ကို Fantini (၂၀၂၀) တွင် ကြည့်ရှုနိုင်သည်)။

၇.၅ ရေဆိုင်ရာ အခြေခံအဆောက်အအုံနှင့် လူ့အခွင့်အရေး

အကြီးစား ရေအားလျှပ်စစ်ဆည်များ၊ ဆည်မြောင်းတာဝတမံများနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများ ကဲ့သို့သော အကြီးစား ရေအခြေခံအဆောက်အအုံ စီမံကိန်းများသည် လူ့အခွင့်အရေးအပေါ် ထိခိုက် နစ်နာမှုများ ဖြစ်ပေါ် လာနိုင်ခြေရှိသောကြောင့် အထူးဂရုပြုရန် လိုအပ်သည်။ အရှေ့တောင် အာရှရှိ ထိုင်းနိုင်ငံမှ ပါ၀ါမွန်းဆည်၊ ကမ္ဘောဒီးယားရှိ ဆီဆန်အောက်ပိုင်း ၂ ဆည်၊ လာအိုနိုင်ငံရှိ နမ်သီယွန် ၂ နှင့် ဆေယဘူရီဆည်များအပါအဝင် ကမ္ဘာတဝှမ်း ရှိ အကြီးစားဆည် အများအပြားသည် ကြီးမားသော အငြင်းပွားဖွယ်ရာများ ဖြစ်ပွားခဲ့သည် (Middleton, ၂၀၂၂)။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်သော ပူးတွဲကြေညာချက်တစ်ခု၌ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ (၄) ဦး က ကမ္ဘာတလွှားရှိ အကြီးစား ဆည်များ၏ သက်ရောက်မှုများနှင့် ပတ်သက်၍ မှတ်ချက်ပြုရာတွင် “ထိခိုက် ခံစားရသူများ၏ လူ့အခွင့်အရေးများ ဆက်တိုက်ချိုးဖောက်ခံနေရဆဲ ဖြစ်သည် - နေအိမ်၊ အစားအစာ၊ ရေနှင့် မိလ္လာစနစ်၊ ပညာရေးစသည့် လူ့အခွင့်အရေး အများအပြားကို ချိုးဖောက်ရာ ရောက်သော အတင်းအကြပ် ရွှေ့ပြောင်းစေမှုများ၊ ထိခိုက်ခံစားရသော တိုင်းရင်းသားလူမျိုးစုများ၏ နယ်မြေ ပိုင်ဆိုင်ခွင့်နှင့် လွတ်လပ်စွာ ကြုံတင်အသိပေး အကြောင်းကြားပြီး သဘောတူညီချက်ရယူရမည့် အခွင့်အရေးများ၊ ဆည်များကို ဆန့်ကျင် ခဲ့သူများအား ရာဇဝတ်မှုဖြင့် စွပ်စွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းများမှတဆင့် အသက်ရှင်သန်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို ချိုးဖောက်ခြင်းများ ဖြစ်ပေါ်နေသည်” ဟု ဖော်ပြခဲ့ကြသည် (Agudo, Boyd et al., ၂၀၂၁)။

၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း ကမ္ဘာတဝှမ်းရှိ အကြီးစားဆည်များနှင့် ပတ်သက်၍ ကြီးထွားလာသော အငြင်းပွားမှုများကို တုံ့ပြန်သည့်အနေဖြင့် ဆည်များနှင့် ဖွံ့ဖြိုးရေးကြား ဆက်နွယ်မှုကို ကမ္ဘာလုံးဆိုင်ရာ အစုအဖွဲ့စုံ ပါဝင်ဆွေးနွေး အကဲဖြတ်သည့် ကမ္ဘာ့ဆည်များဆိုင်ရာ ကော်မရှင် (WCD) ကို ဖွဲ့စည်းခဲ့သည် (WCD ၂၀၀၀)။ ၎င်း၏ အဓိကတွေ့ရှိချက်များအရ အကြီးစား ဆည်များကြောင့် လူပေါင်း သန်း ၄၀ မှ သန်း ၈၀ အထိ အတင်းအကြပ် ရွှေ့ပြောင်းခံခဲ့ရပြီး မြစ်အောက်ပိုင်းရှိ လူပေါင်း သန်း ၄၇၀ ကျော်၏ အသက်မွေးဝမ်းကျောင်းမှုများကို ပြင်းထန်စွာ ထိခိုက်ခဲ့ကြောင်း သိရသည်။ ၎င်း၏ ခြုံငုံသုံးသပ်ချက်တွင် “ဆည်များသည် လူသားဖွံ့ဖြိုးတိုးတက်မှုအတွက်

အရေးပါသော အကျိုးကျေးဇူးများကို ပေးစွမ်းခဲ့သော်လည်း၊ များစွာသော အခြေအနေများတွင် ထိုအကျိုးကျေးဇူးများကို ရရှိရန်အတွက် အထူးသဖြင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ရွှေ့ပြောင်းပေးရသူများ၊ မြစ်အောက်ပိုင်း လူမှုအသိုက်အဝန်းများ၊ အခွန်ထမ်းများနှင့် သဘာဝပတ်ဝန်းကျင်တို့က လက်မခံနိုင်သော၊ မလိုအပ်သော ပေးဆပ်မှုများကို ပြုလုပ်ခဲ့ရသည်” ဟု ပါရှိသည်။ WCD သည် ရေနှင့် စွမ်းအင်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် “အခွင့်အရေးနှင့် ဘေးအန္တရာယ် (Rights and Risks)” ချဉ်းကပ်မှုကို အဆိုပြုခဲ့ပြီး ၎င်းကို “နိုင်ငံတကာက လက်ခံထားသော လူ့အခွင့်အရေး စံနှုန်းများ၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ရေရှည်တည်တံ့မှုဆိုင်ရာ မူဘောင်” အပေါ်တွင် အခြေခံထားသည်။[၇]

အခြေခံမူများအနေဖြင့် ထိခိုက်ခံစားရသူများ၏ လက်ခံသဘောတူမှုကို ပြသနိုင်ခြင်းနှင့် ဌာနေတိုင်းရင်းသား လူမျိုးများ၏ လွတ်လပ်စွာ ကြိုတင်အသိပေး အကြောင်းကြားပြီး သဘောတူညီချက် ရယူခြင်း၊ ရေ၊ အစားအစာနှင့် စွမ်းအင်လိုအပ်ချက်များကို ဘက်စုံပါဝင် အကဲဖြတ်ခြင်း၊ ထိခိုက်ခံစားရသူများအား အကျိုးခံစားခွင့် ရှိသူများအဖြစ် သတ်မှတ်ကာ လျော်ကြေးများ (အတိတ်မှ ကိစ္စများအတွက်ပါ အကျုံးဝင်စေလျက်) မျှတစွာ ပေးဆောင်ခြင်းနှင့် ပျက်စီးသွားသော ဂေဟစနစ်များကို ထိရောက်စွာ ပြန်လည်ကုစားခြင်းတို့ ပါဝင်သည်။ WCD ၏ ချဉ်းကပ်မှုအပေါ် အခြေခံ၍ International Rivers ကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံတကာဥပဒေများတွင် အသိအမှတ်ပြုထားသည့် အတိုင်း အကြီးစား ရေအားလျှပ်စစ်ဆည်များ စီစဉ်ခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုကို ပိုမိုမြှင့်တင်ရန် ကြိုးပမ်းခဲ့ကြသည် (Hurwitz, ၂၀၁၄)။

အကြီးစားဆည် အများအပြားကို ပုဂ္ဂလိကကဏ္ဍမှ ဖော်ဆောင်နေသဖြင့် ကုလသမဂ္ဂ၏ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ (UNGPs) ကို ကျင့်သုံးနိုင်သည်။[၈] အဓိကမူ ၃ ချက်မှာ စီးပွါးရေးလုပ်ငန်းများ အပါအဝင် တတိယအဖွဲ့အစည်းများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်ရမည့် နိုင်ငံတော်၏ တာဝန်၊ ကော်ပိုရေးရှင်းများ၏ လူ့အခွင့်အရေးကို လေးစားရန် တာဝန်၊ နှင့် ထိရောက်သော ကုစားမှုများ ပိုမိုရရှိနိုင်ရေး လိုအပ်နေမှုတို့ ဖြစ်သည်။ ဥပမာအားဖြင့် မဲခေါင်ဒေသတွင် ထိုင်းအစိုးရသည် UNGPs ကို အကောင်အထည်ဖော်ရန် နိုင်ငံခြားရေး၊ တရားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများကို တာဝန်ပေးကာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) ကို ရေးဆွဲခဲ့သည်။ ထိုင်းနိုင်ငံ၏ ပထမဆုံး စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသား လုပ်ငန်းစီမံချက်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် အစိုးရအဖွဲ့က အတည်ပြုခဲ့ပြီး ယင်းတွင် ရေအားလျှပ်စစ်၊ မြစ်ချောင်းများ နှင့် သက်ဆိုင်သော ဦးစားပေးကဏ္ဍများဖြစ်သည့် (၁) အလုပ်သမား၊ (၂) လူမှု

[၇] WCD စတင်မိတ်ဆက်ခဲ့စဉ်မှ ၁၀ နှစ်အကြာ ၎င်း၏သက်ရောက်မှုများအပေါ် ပြန်လည်သုံးသပ်ထားသော အထူးထုတ်ဝေချက် Water Alternatives (2010) Vol 3, issue 2 တွင် ကြည့်ပါ။

[၈] နောက်ထပ်ဆက်စပ်သော ကုလသမဂ္ဂ စီမံကိန်းတစ်ခုမှာ UN Global Compact အောက်ရှိ CEO Water Mandate ဖြစ်ပြီး ၎င်းက ၂၀၁၅ ခုနှစ်တွင် “Bringing a Human Rights Lens to Corporate Water Stewardship” အမည်ရှိ အစီရင်ခံ စာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အသိုက်အဝန်း၊ မြေယာ၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်၊ (၃) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ (၄) နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံစုံကုမ္ပဏီများ စသည်တို့ ပါဝင်သည်။

အဓိကမြစ် အများအပြားသည် နိုင်ငံဖြတ်ကျော်စီးဆင်းသည့် မြစ်များဖြစ်သကဲ့သို့ နယ်စပ်ဖြတ်ကျော် ရင်းနှီး မြှုပ်နှံမှုများနှင့်လည်း သက်ဆိုင်နေသည်ဖြစ်ရာ လူ့အခွင့်အရေးဆိုင်ရာ နယ်မြေကျော်လွန် တာဝန်ဝတ္တရားများ (ETOs) သည်လည်း ဆီလျော်စပ်ဆိုင်မှုရှိလာပေသည်။ ETOs ကို "နိုင်ငံတစ်ခု၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု များကြောင့် ၎င်း၏နယ်နိမိတ်ပြင်ပရှိ လူ့အခွင့်အရေး ခံစားခွင့်များအပေါ် သက်ရောက်မှုရှိစေသည့် တာဝန်ဝတ္တရား များ" ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည် (ETO Consortium ၂၀၁၃)။ နိုင်ငံဖြတ်ကျော်မြစ်များပေါ်တွင် အကြီးစားဆည် များ တည်ဆောက်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကြောင့် လူ့အခွင့်အရေး အများအပြား ထိခိုက်နိုင် ခြေရှိသဖြင့် ETOs သည် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များ၊ တရားစီရင်ရေးစနစ်များနှင့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) တို့မှတဆင့် ဆောင်ရွက်နိုင်သော အရေးပါသည့် နယ်စပ် ဖြတ်ကျော် တရားမျှတမှု ယန္တရားတစ်ခု ဖြစ်လာနိုင်သည် (Middleton and Pritchard, ၂၀၁၆)။ ၁၉၉၁ ခုနှစ်၊ အက်စ်ပူးကွန်ဗင်းရှင်းတွင် ဖော်ပြထားသည့်အတိုင်း နယ်စပ်ဖြတ်ကျော် ပတ်ဝန်းကျင်/လူမှုရေး သက်ရောက်မှု ဆိုင်ရာ အကဲဖြတ်မှု (Transboundary EIA/SIA) ပြုလုပ်ခြင်းသည် သက်ရောက်မှုများကို အကဲဖြတ်ရန်၊ ရှောင်လွှဲ ရန်နှင့် လျှော့ချရန် အရေးကြီးသော နည်းလမ်းဖြစ်သော်လည်း လက်တွေ့တွင် ယနေ့အထိ စနစ်တကျ ကျင့်သုံး နိုင်ခြင်း မရှိသေးပေ (Grönwall, ၂၀၂၀)။ သို့သော်လည်း တရားမျှတပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးကို သေချာ စေရန် အကြီးစားဆည်များတွင် ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကို နိုင်ငံတော်မှ မည်သို့ ထိန်းကျောင်းသင့်သည် ဆိုသည့်အပေါ် လစ်ဟင်းချက်များ ရှိနေဆဲဖြစ်သည် (Rieu-Clarke, ၂၀၂၀)။ တချိန်တည်းမှာပင် နယ်စပ်ဖြတ် ကျော်မြစ်များရှိ ရေနှင့် မိလ္လာစနစ်ဆိုင်ရာ လူ့အခွင့်အရေး (HRWS) အတွက် ETOs ၏ အကျိုးသက်ရောက်မှုများကို နောက်ထပ် သုတေသနပြု စဉ်းစားရန် လိုအပ်နေသေးပေသည် (Bulto, ၂၀၁၄)။

အလေးထားစရာ - အကြီးစားဆည်များနှင့် နိုင်ငံဖြတ်ကျော် မဲခေါင်မြစ်

အရှေ့တောင်အာရှရှိ အသက်မွေးဝမ်းကျောင်းမှုများနှင့် ယဉ်ကျေးမှုများသည် ဒေသတွင်းရှိ မြစ်ချောင်းများနှင့် နီးကပ်စွာ ဆက်နွယ်နေသည်။ ၁၉၉၀ ပြည့်နှစ်များ အစောပိုင်းကတည်းက မဲခေါင်မြစ်ဝှမ်းသည် လွတ်လပ်စွာ စီးဆင်းနေသော မြစ်ဝှမ်းတစ်ခုအဖြစ်မှ အကြီးစား ရေအားလျှပ်စစ်ဆည်များဖြင့် ပိုမိုပိတ်ဆို့ထိန်းချုပ်ထားသော မြစ်ဝှမ်းတစ်ခုအဖြစ် ပြောင်းလဲလာခဲ့သည်။ ၂၀၁၉ ခုနှစ်အထိ စာရင်းများအရ မဲခေါင်မြစ်ဝှမ်း အောက်ပိုင်း နိုင်ငံများ (ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်) တွင် အလတ်စားနှင့် အကြီးစားဆည် ၈၉ ခု ရှိနေပြီး၊ နောက်ထပ် ၁၄ ခုမှာ တည်ဆောက်ဆဲဖြစ်ကာ အခု ၃၀ မှာ စီမံကိန်းအဆင့်တွင် ရှိနေသည်။ တရုတ်နိုင်ငံတွင် မဲခေါင်မြစ်မကြီးပေါ်၌ အလတ်စားနှင့် အကြီးစား ရေအားလျှပ်စစ်ဆည် ၁၁ ခု တည်ဆောက်ပြီးစီးကာ နောက် ထပ် ၁၁ ခုအတွက် စီမံကိန်းချထားပြီး၊ မြစ်လက်တက်များပေါ်တွင်မူ ဆည်ပေါင်း ၉၅ ခုကျော် တည်ဆောက်ပြီး ဖြစ်သည်။

မဲခေါင်မြစ်၏ အစိုးရအချင်းဆိုင်ရာ နယ်စပ်ဖြတ်ကျော် ရေစီမံခန့်ခွဲမှုကို မဲခေါင်မြစ်ကော်မရှင် (MRC) အတွင်း အခြေခံဖွဲ့စည်းထားပြီး ယင်းနှင့်ပတ်သက်၍ များစွာရေးသားဖော်ပြပြီး ဖြစ်သည် (Middleton, ၂၀၂၂)။ အချို့က MRC အနေဖြင့် စနစ်တကျ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ၎င်း၏ အလားအလာများကို ပြည့်ဝစွာ အသုံးမချနိုင်သေးကြောင်း ငြင်းခုံကြသည်။ အချို့ကမူ နည်းပညာဆိုင်ရာ အသိပညာနှင့် စီမံကိန်းရေးဆွဲရေး အစီအမံများမှ တဆင့် စီမံခန့်ခွဲမှုအပေါ် MRC ၏ ပံ့ပိုးမှုကို အသိအမှတ်ပြုသော်လည်း၊ ပိုမိုမြန်ဆန်လာသော ပတ်ဝန်းကျင်ယိုယွင်းမှုကို စီမံခန့်ခွဲနိုင်စွမ်းတွင် ကန့်သတ်ချက်များရှိနေကြောင်း မှတ်ချက်ပြုကြသည်။ မဲခေါင် မြစ်မကြီးပေါ်ရှိ ဆည်များ စီမံကိန်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် MRC ၏ အခန်းကဏ္ဍကို အထူးစောင့်ကြည့်စစ်ဆေးခဲ့ကြပြီး ယင်းတွင် အသိပေးခြင်း၊ ကြိုတင်တိုင်ပင်ဆွေးနွေးခြင်းနှင့် သဘောတူညီချက်ရယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (PNPCA) အကောင်အထည်ဖော်မှုနှင့် ရလဒ်များလည်း ပါဝင်သည် (Rieu-Clarke, ၂၀၁၅)။

မဲခေါင်မြစ်မကြီး အောက်ပိုင်းတွင် ပထမဆုံး တည်ဆောက်ခဲ့သော ဆေယဘူရီဆည်စီမံကိန်းအတွက် ထိခိုက်ခံစားရသော လူမှုအသိုက်အဝန်းများ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ ယင်းတွင် စီမံကိန်း၏ လျှပ်စစ်ဝယ်ယူရေးသဘောတူညီချက် (PPA) ကို အတည်ပြုပေးရာတွင် ပါဝင်ခဲ့သည့် ထိုင်းအစိုးရအေဂျင်စီ ငါးခုကို ၂၀၁၂ ခုနှစ်တွင် တရားစွဲဆိုခဲ့ပြီး ၂၀၂၂ ခုနှစ်တွင်မှ နောက်ဆုံး ပယ်ချခံခဲ့ရသည့် အမှုလည်း ပါဝင်သည် (Sohsai and Lee, ၂၀၂၂)။ ထို့အပြင် ၂၀၁၂ ခုနှစ်အတွင်း ဖင်လန်နိုင်ငံတွင် မှတ်ပုံတင်ထားသော အင်ဂျင်နီယာလုပ်ငန်း Pöyry ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်း ၁၅ ခုက OECD ၏ နိုင်ငံစုံကုမ္ပဏီများဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖင်လန်နိုင်ငံဆိုင်ရာ ဆက်သွယ်ရန် အချက်အခြာဌာန (NCP) သို့ တိုင်ကြားခဲ့သည့် အမှုလည်း ပါဝင်သည်။ ထို တိုင်ကြားမှုကို လက်မခံခဲ့သော်လည်း NCP က ကုမ္ပဏီအနေဖြင့် လာအိုအစိုးရထံ တင်ပြသည့် အစီရင်ခံစာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် လူ့အခွင့်အရေးများနှင့် ပတ်သက်သော မရေရာမှုများကို ပိုမိုရှင်းလင်းစွာ ဖြေရှင်းဖော်ပြသင့်ကြောင်း ပြောကြားခဲ့သည် (EnvironmentalAnalyst, ၂၀၁၃)။

၇.၆ မြစ်ချောင်းများ၏ အခွင့်အရေး

ရေနှင့် မိလ္လာစနစ်ဆိုင်ရာ လူ့အခွင့်အရေး (HRWS) နှင့် ယေဘုယျ လူ့အခွင့်အရေးများအပေါ် ပိုမို ထွက်ပေါ်လာသော ဝေဖန်ချက်တစ်ခုမှာ ၎င်းတို့သည် လူသားဗဟိုပြု (Anthropocentric) ဖြစ်နေခြင်းပင်ဖြစ်သည် (Fantini, ၂၀၂၀)။ လူသားတို့၏ လုပ်ဆောင်ချက်များက ကမ္ဘာမြေအပေါ် လွှမ်းမိုးမှုအရှိဆုံးဖြစ်နေသည့် ယခုခေတ်ကာလ (Anthropocene) တွင် လူသားဗဟိုပြုဝါဒသည် လက်ရှိ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် အကျပ်အတည်း၏ ရင်းမြစ်အကြောင်းရင်းဖြစ်သည်ဟု ယူဆကြသည်။ သဘာဝဗဟိုပြု (Ecocentric) ချဉ်းကပ်မှုများကမူ သဘာဝတရား၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်တိုင်၌ပင် တန်ဖိုးရှိကြောင်း အသိအမှတ်ပြုသည့် ဖြစ်တည်မှုဆိုင်ရာ အပြောင်းအလဲ (Ontological shift) တစ်ခုကို အဆိုပြုခဲ့ကြသည်။ ဤသည်မှာ မြစ်ချောင်းများ အသုံးပြုမှုကို ထိန်းကျောင်း

ရန် ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများမှနေ၍ သဘာဝတရားကို အခွင့်အရေးပိုင်ဆိုင်သူ (Rights holder) တစ်ဦးအဖြစ် အသိအမှတ်ပြုသည့် ဥပဒေရေးရာအပြောင်းအလဲကို ဖော်ဆောင်ခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းတွင် သဘာဝတရား၏ အခွင့်အရေးများကို ဥပဒေအရအသိအမှတ်ပြုသည့် ဖြစ်ရပ်များ ပိုမိုများပြားလာနေသည် (Cano Pecharroman, ၂၀၁၈)။ အစောပိုင်း သာဓကများအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ဘိုလီးဗီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ "ပါချာမာမာ (Pacha Mama)" ခေါ် သဘာဝတရား၏ အခွင့်အရေးများကို အသိအမှတ်ပြုခဲ့ခြင်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် ဘိုလီးဗီးယားနိုင်ငံ၌ "မိခင်ကမ္ဘာမြေ အခွင့်အရေးများဆိုင်ရာ ဥပဒေ" ကို အတည်ပြုခဲ့ခြင်းတို့ ရှိခဲ့သည်။ မြစ်ချောင်းများနှင့် ပတ်သက်သော ထင်ရှားသည့် အမှုတစ်ခုမှာ နယူးဇီလန်နိုင်ငံရှိ ဝမ်ဂါနူအီ (Whanganui) မြစ်ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်တွင် မာအိုရီ (Maori) မျိုးနွယ်စုများနှင့် နယူးဇီလန် အစိုးရတို့အကြား ရရှိခဲ့သော သဘောတူညီချက်အရ ထိုမြစ်ကို တရားဝင် လူပုဂ္ဂိုလ် တစ်ဦး (Legal personhood) ကဲ့သို့ အခွင့်အရေးရှိသူအဖြစ် အသိအမှတ်ပြုခဲ့သည် (Chapron, Epstein et al., ၂၀၂၀)။ အရပ်ဘက် အဖွဲ့အစည်းများနှင့် လူထုလှုပ်ရှားမှုများကလည်း ဤ အယူအဆအပေါ် အခြေခံ၍ စုစည်း လှုပ်ရှားလာကြသည် (ဥပမာ- www.rightsofrivers.org ကို ကြည့်ပါ)။ အီကွေဒေါ၊ ကိုလံဘီယာနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း မြစ်ချောင်းများကို အခွင့်အရေးရှိသူများအဖြစ် အသိအမှတ် ပြုခဲ့ကြသော်လည်း အိန္ဒိယနိုင်ငံ၏ ဂင်္ဂါမြစ်အမှုတွင်မူ အဆင့်မြင့်တရားရုံးက အောက်တရားရုံး၏ ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ထားခဲ့သည်။ ဤအယူအဆနှင့် ဥပဒေရေးရာ ချဉ်းကပ်မှုမှာ ဆန်းသစ်သော်လည်း - လူသားမဟုတ်သည့် သဘာဝတရား၏ အကျိုးစီးပွါးများကို တရားရုံးတွင် မည်သို့ကိုယ်စားပြု တင်ပြမည်နည်းဆိုသည့် အချက်နှင့် ဤကဲ့သို့ ဖြစ်တည်မှုဆိုင်ရာ အပြောင်းအလဲသည် သဘာဝတရားအပေါ် အတိတ်က ကျင့်သုံးခဲ့သော ဖျက်ဆီးလိုသည့် အလေ့အထများကို အမှန်တကယ် ပြောင်းပြန်လှန်နိုင်ခြင်း ရှိ၊ မရှိ စသည့် စိန်ခေါ်မှုများစွာ ကျန်ရှိနေဆဲ ပင်ဖြစ်သည်။

၇.၇ နိဂုံး

ရေနှင့် မိလ္လာစနစ်ဆိုင်ရာ လူ့အခွင့်အရေးများကို ၂၀၁၀ ပြည့်နှစ်ကတည်းကပင် အသိအမှတ်ပြုခဲ့ပြီး ဖြစ်သည်။ ယင်းသည် ရေနှင့် အခြားသော လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုတို့အကြား အပြန်အလှန် ဆက်နွယ်နေမှုကိုလည်း အသိအမှတ်ပြုလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း ကမ္ဘာတဝှမ်းနှင့် အရှေ့တောင်အာရှတွင် ဘေးကင်းသော ရေရရှိမှု၊ ရေထုညစ်ညမ်းမှု၊ ရေရှားပါးမှုနှင့် ရေနှင့်ဆက်စပ်သော ဘေးအန္တရာယ်များသည် ကြီးမားသော စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်ကာ အကာအကွယ်မဲ့သူများနှင့် ဖယ်ကြဉ်ခံ အုပ်စုများအပေါ် ပိုမိုဆိုးရွား သော သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။

ရေနှင့် မိလ္လာစနစ်ဆိုင်ရာ လူ့အခွင့်အရေး (HRWS) သည် နိုင်ငံတော်အစိုးရများအနေဖြင့် ထိုအခွင့်အရေးများကို တဖြည်းဖြည်းချင်း အကောင်အထည်ဖော်ရန် လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် ပင်မရင်းခံဆိုင်ရာ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးထားပြီး ရေစီမံကိန်းရေးဆွဲခြင်း၊ ခွဲဝေခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့အပေါ် သက်ရောက်မှုရှိနေသည်။ HRWS ကို ကာကွယ်ရန်အတွက် နိုင်ငံတော်သည် တကိုယ်ရေနှင့် အိမ်ထောင်စုသုံးအတွက် ဘေးကင်းသော ရေရရှိစေရန် ရေအရည်အသွေးကို ကာကွယ်ပေးရမည်ဖြစ်သည်။ ထို့အပြင် ရေခွဲဝေမှုစနစ်များတွင် တကိုယ်ရေနှင့်

အိမ်ထောင်စုသုံး ရေရရှိခွင့်ကို ထိပ်တန်းဦးစားပေး အဆင့်သတ်မှတ်ရမည်ဖြစ်သည်။ ဤရှုထောင့်အရ ကြည့်လျှင် သန့်ရှင်း၊ ကျန်းမာပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးနှင့် ရေစီမံခန့်ခွဲမှုတွင် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုတို့ကို ပိုမိုကျယ်ပြန့်စွာ စဉ်းစားရန်မှာ အလွန်အရေးကြီးလေသည်။ လက်ရှိတွင် အရှေ့တောင်အာရှရှိ အချို့သောနိုင်ငံများ၌ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှုများအတွက် စိန်ခေါ်မှုများနှင့် ကန့်သတ်ချက်များ ရှိနေသည်မှာ ထင်ရှားသည်။ သို့သော်လည်း HRWS ကို အခြေခံ၍ ရေစီမံခန့်ခွဲမှုတွင် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်မှုကို ကျင့်သုံးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု အခြေအနေများကြားတွင် လူမှုအသိုက်အဝန်း၏ ခံနိုင်ရည်အားကို မြှင့်တင်ပေးနိုင်သော အလားအလာ ရှိနိုင်ပေသည်။ သို့ရာတွင် HRWS နှင့် ပတ်သက်၍ ဥပဒေရေးရာ ဗဟုဝါဒ၏ သက်ရောက်မှုများ၊ နိုင်ငံတကာ ရေဥပဒေအတွင်း HRWS ကို မည်သို့ တဖြည်းဖြည်းချင်း ထည့်သွင်းအကောင်အထည်ဖော်မည့်အချက်နှင့် အများဆိုင်အခြေပြု စီမံခန့်ခွဲမှုနှင့် လူ့အခွင့် အရေးအခြေပြု စီမံခန့်ခွဲမှုတို့အကြား ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခများအပေါ် အရေးပါပြီး တက်ကြွလှုပ်ရှားသည့် ဆွေးနွေးငြင်းခုံမှုများ ရှိနေဆဲဖြစ်သည်။

အရှေ့တောင်အာရှ၌ လွန်ခဲ့သည့် ဆယ်စုနှစ်များစွာအတွင်း အကြီးစားဆည်ကြီးများ အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့မှုကို ထောက်ရှုပါက ရေနှင့် (ရေအား) စွမ်းအင် အခြေခံအဆောက်အအုံ စီမံကိန်းကာလ တလျှောက်လုံး၌ လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုကို ကျင့်သုံးရမည်ဖြစ်သည်။ ယခုအခါ အဆိုပါဆည်ကြီး အများအပြားတွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်ပတ်သက်နေသဖြင့် စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများကို အခြေခံထားရမည်ဖြစ်သည်။ ထို့အပြင် စီမံကိန်းများသည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်နေခြင်းနှင့် နိုင်ငံဖြတ်ကျော်စီးဆင်းသောမြစ်များပေါ်တွင် တည်ရှိနိုင်ခြင်းတို့ကြောင့် လူ့အခွင့်အရေးဆိုင်ရာ နယ်မြေ ကျော်လွန်သော တာဝန်ဝတ္တရားများ (ETOs) သည်လည်း သက်ဆိုင်မှုရှိနေသည်။

လူသားတို့၏ လုပ်ဆောင်ချက်များက ကမ္ဘာမြေအပေါ်သက်ရောက်လွှမ်းမိုးနေသော ယခုခေတ်ကာလတွင် အကြီးစားဆည်များ တည်ဆောက်ခြင်းသည် ယခင်ကရှိခဲ့သော သဘာဝနှင့် လူ့အဖွဲ့အစည်းကြား ဆက်နွယ်မှုကို အနှောင့်အယှက်ဖြစ်စေသည့် သာဓကတစ်ရပ်ဖြစ်လာပေသည်။ ယနေ့ခေတ်တွင် ရေရှည် တည်တံ့မှုနှင့် သဘာဝ-လူ့အဖွဲ့အစည်း ဆက်နွယ်မှုကို ပြန်လည်သုံးသပ်နေချိန်၌ HRWS အကြောင်းကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။ ဤအခြေအနေတွင် မြစ်ချောင်းများ၏ အခွင့်အရေးသည် မကြာသေးမီက ပေါ်ပေါက်လာသော အရေးပါသည့် ဥပဒေရေးရာ ဆန်းသစ်တီထွင်မှုတစ်ခုဖြစ်သည်။ အမှန်စင်စစ် ၎င်းသည် ရေနှင့် မိလ္လာစနစ်ဆိုင်ရာ လူ့အခွင့်အရေး (HRWS) ကိုလည်း ပိုမိုအားကောင်းလာစေ နိုင်ပေသည်။

က။ မေးခွန်းများ၊ ငြင်းခုံဆွေးနွေးရန် အဓိကအချက်များ

အဆိုင်းမန့်/ အက်ဆေး မေးခွန်းများ

- နိုင်ငံ သို့မဟုတ် ဒေသတစ်ခုကို ရွေးချယ်ကာ အဆိုပါ နိုင်ငံ သို့မဟုတ် ဒေသတွင် ရေနှင့် မိလ္လာစနစ်ဆိုင်ရာ လူ့အခွင့်အရေး (HRWS) ကို တဖြည်းဖြည်းချင်း အသိအမှတ်ပြုလာနိုင်ရန်အတွက် မည်သည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ရှိသနည်း?
- HRWS ကို ပိုမိုမြှင့်တင်ရာတွင် ဥပဒေရေးရာ ဗဟုဝါဒ၏ သက်ရောက်မှုများမှာ အဘယ်နည်း?

ငြင်းခုံဆွေးနွေးရန် အကြောင်းအရာများ

အောက်ပါအချက်များအပေါ် ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ငြင်းခုံဆွေးနွေးပါ -

- သောက်သုံးရေရပိုင်ခွင့်ဆိုင်ရာ လူ့အခွင့်အရေးသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုရေးရာ မတရားမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် ဗဟိုချက်ဖြစ်သည်။
- သဘာဝတရား၏ အခွင့်အရေးများသည် လူသားဗဟိုပြု ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများထက် ပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်း၏ အသက်မွေးဝမ်းကျောင်းမှုများကို ကာကွယ်ရာတွင် ပိုမို အောင်မြင်နိုင်ခြေရှိသည်။

အုပ်စုလိုက် ဆွေးနွေးရန် အကြောင်းအရာများ/ ဖြစ်ရပ်မှန်လေ့လာမှုများ

- သင်သိရှိထားသော မြစ်တစ်စင်း (ဥပမာ- မဲခေါင်မြစ်) ၏ ရေစီမံခန့်ခွဲမှုအပေါ် လူ့အခွင့်အရေးများက မည်သည့်အတိုင်းအတာအထိ လွှမ်းမိုးမှုရှိသည်ကို ဆွေးနွေးပါ။
- အကြီးစား ရေအားလျှပ်စစ်ဆည်များ၌ HRWS ကို တဖြည်းဖြည်းချင်း အသိအမှတ်ပြုလာစေရန်အတွက်မူ မည်သည့်နည်းလမ်းများက ခြိမ်းခြောက်မှုဖြစ်စေနိုင်သည် သို့မဟုတ် အခွင့်အလမ်း ဖြစ်စေနိုင်သည်ကို ဆွေးနွေးပါ။

ခ။ ထပ်မံဖတ်ရှုဖွယ်ရာများ

Boelens, R., A. Escobar et al (2023). “Riverhood: political ecologies of socionature commoning and translocal struggles for water justice.” The Journal of Peasant Studies **50**(3): 1125-1156.

Boyd, D. (2021). Human rights and the global water crisis: water pollution, water scarcity and water-related disasters: Human Rights Council Forty-sixth session 22 February–19 March

2021 Agenda item 3 [A/HRC/46/28]. New York, UN Human Rights Council.

Fantini, E. (2020). “An introduction to the human right to water: Law, politics, and beyond.” WIREs Water **7**(2): e1405.

Grönwall, J., T. Schmitz and L. Arrieta (2017). Human rights-based approach to integrated water resources management: Training manual and facilitator’s guide, CapNet, WaterLex, The Water Governance Facility (WGF), and REDICA

Hurwitz, Z. (2014). Dam Standards: A Rights-Based Approach - A Guide Book for Civil Society. Berkeley, International Rivers.

အွန်လိုင်းအရင်းအမြစ်များ

Waterlex website, conducting research and analysis on water law and policy frameworks to connect water governance with human rights law: www.waterlex.org

The website of the Special Rapporteur on the Right to a Clean, Healthy and Sustainable Environment: www.srenvironment.org/

The website of the Special Rapporteur on the Rights to Water and Sanitation: www.ohchr.org/en/special-procedures/sr-water-and-sanitation

ဤအခန်းတွင်းကိုးကားခဲ့သော ဖတ်ရှုဖွယ်ရာများ

Agudo, P. A., D. Boyd, M. Fakhri and C. Jiménez-Damary (2021). Joint statement on the human rights of people affected by dams and other water infrastructure.

Allouche, J., C. Middleton and D. Gyawali (2019). The Water-Food-Energy Nexus: Power, Politics and Justice London and New York, Routledge-Earthscan.

Bakker, K. (2007). The “Commons” Versus the “Commodity”: Alter-globalization, Anti-privatization and the Human Right to Water in the Global South.” Antipode 39(3): 430-455.

Bidabadi, F. S. (2020). “State’s Obligations Under International Water Law on the Implementation of the Right to Water.” วารสารนิติศาสตร์ มหาวิทยาลัยแม่ฟ้าหลวง **3**(1): 15-48.

Boelens, R., A. Escobar, K. Bakker, L. Hommes, E. Swyngedouw, B. Hogenboom, E. H. Huijbens, S. Jackson, J. Vos, L. M. Harris, K. J. Joy, F. de Castro, B. Duarte-Abadía, D. Tubino de Souza, H. Lotz-Sisitka, N. Hernández-Mora, J. Martínez-Alier, D. Roca-Servat, T. Perreault, C. Sanchis-Ibor, D. Suhardiman, A. Ulloa, A. Wals, J. Hoogesteger, J. P. Hidalgo-Bastidas, T. Roa-Avendaño,

G. J. Veldwisch, P. Woodhouse and K. M. Wantzen (2023). “Riverhood: political ecologies of socionature commoning and translocal struggles for water justice.” The Journal of Peasant Studies 50(3): 1125-1156.

Bollier, D. and S. Helfrich (2019). Free, Fair and Alive: The Insurgent Power of the Commons. Gabriola Island, New Society Publishers.

Boyd, D. (2019). A Safe Climate: Human Rights and Climate Change: Seventy-fourth session Item 72 (b) of the preliminary list [A/74/161]. New York, UN Human Rights Council.

Boyd, D. (2021). Human rights and the global water crisis: water pollution, water scarcity and water-related disasters: Human Rights Council Forty-sixth session 22 February–19 March 2021 Agenda item 3 [A/HRC/46/28]. New York, UN Human Rights Council.

Bulto, T. S. (2014). The Extraterritorial Application of the Human Right to Water in Africa. Cambridge, Cambridge University Press.

Cano Pecharroman, L. (2018). “Rights of Nature: Rivers That Can Stand in Court.” Resources 7(1): 13.

Chapron, G., Y. Epstein and J. V. López-Bao (2019). “A rights revolution for nature.” Science 363(6434): 1392-1393.

Cinelli, C. (2013). “A new human rights-based approach to the UN Watercourses Convention.” Water International 38: 180–191.

Cooper, R. (2012). The Potential of MRC to Pursue IWRM in the Mekong: Trade-offs and Public Participation. Politics and Development in a Transboundary Watershed: The Case of the Lower Mekong Basin. J. Öjendal, S. Hansson and S. Hellberg. Dordrecht, Heidelberg, London, New York, Springer**:** 61-82.

Delfau, K. and P. Yeophantong (2020). State of Knowledge: Women and Rivers in the Mekong Region. Oakland, USA, International Rivers.

EnvironmentalAnalyst. (2013). “Pöyry found not to have broken OECD guidelines for Laos dam project.” from https://environment-analyst.com/global/29044/poyry-found-not-to-havebroken-oecd-guidelines-for-laos-dam-project

ETO Consortium (2013). Maastricht Principles on Extraterritorial Obligation of States in the area of Economic, Social and Cultural Rights. Heidelberg, FIAN International.

Fantini, E. (2020). “An introduction to the human right to water: Law, politics, and beyond.” WIREs Water 7(2): e1405.

Grönwall, J. (2020). Applying a Human Rights-Based Approach to transboundary infrastructure projects. Stockholm, Stockholm International Water Institute (SIWI).

Grönwall, J., T. Schmitz and L. Arrieta (2017). Human rights-based approach to integrated water resources management: Training manual and facilitator’s guide, CapNet, WaterLex, The Water Governance Facility (WGF), and REDICA.

Hirsch, P. (2020). “Scaling the environmental commons: Broadening our frame of reference for transboundary governance in Southeast Asia.” Asia Pacific Viewpoint 61(2): 190-202.

HRW (2021). Underwater: Human Rights Impacts of a China Belt and Road Project in Cambodia. United States of America, Human Rights Watch (HRW).

Hurwitz, Z. (2014). Dam Standards: A Rights-Based Approach - A Guide Book for Civil Society. Berkeley, International Rivers.

IUCN and Oxfam (2018). Gender and Water Governance in the Mekong Region. Bangkok and Phnom Penh, IUCN (International Union for Conservation of Nature) and Oxfam.

Jiménez Cisneros, B. E. and T. Oki (2014). Freshwater resources. Climate Change 2014: Impacts,Adaptation, and Vulnerability. Part A: Global and Sectoral Aspects. Contribution of Working Group II to the Fifth Assessment Report of the Intergovernmental Panel on Climate Change. C. B. e. a. Field. Cambridge, United Kingdom and New York, NY, USA, Cambridge University Press**:** 229-269.

Knox, J. (2017). Report of the Special Rapporteur on the issue of human rights obligations relating to the enjoyment of a safe, clean, healthy and sustainable environment (A/HRC/34/49). Geneva, United Nations Human Rights Council.

Knox, J. and D. Boyd (2018). Human rights obligations relating to the enjoyment of a safe, clean, healthy and sustainable environment. Seventy-third session Item 74 (b) of the preliminary list [A/73/188]. New York, UN General Assembly.

Knox, J. H. (2014). Report of the Independent Expert on the issue of human rights obligations relating to the enjoyment of a safe, clean, healthy and sustainable environment, John H. Knox: Mapping

report. Human Rights Council: Twenty-fifth session, Agenda item 3, Promotion and protection of all human rights, civil, political, economic, social and cultural rights, including the right to development. New York, United Nations Human Rights Council.

Linton, J. (2010). What Is water? The history of a modern abstraction. Vancouver, University of British Columbia (UBC) Press.

Linton, J. and J. Budds (2014). "The hydrosocial cycle: Defining and mobilizing a relationaldialectical approach to water." Geoforum 57: 170-180.

Middleton, C. (2022). "The Political Ecology of Large Hydropower Dams in the Mekong Basin: A Comprehensive Review." Water Alternatives 15(2): 251-289.

Middleton, C. and A. Pritchard (2016). Arenas of Water Justice on Transboundary Rivers: A Case Study of the Xayaburi Dam, Laos. Water Governance Dynamics in the Mekong Region. D. J. H. Blake and L. Robins. Petaling Jaya, Strategic Information & Research Development Centre**:** 55-90.

Molle, F. (2008). "Nirvana concepts, storylines and policy models: Insights from the water sector." Water Alternatives 1(1): 131-156.

MRC (1995). Agreement on the Cooperation for the Sustainable Development of the Mekong River Basin, 5 April 1995, Mekong River Commission.

MRC (2020). Understanding the 1995 Mekong Agreement and the five MRC Procedures: A handbook Vientiane, Mekong River Commission (MRC).

Ostrom, E., J. Burger, C. B. Field, R. B. Norgaard and D. Policansky (1999). "Revisiting the Commons: Local Lessons, Global Challenges." Science 284: 278-282.

Rieu-Clarke, A. (2015). "Notification and Consultation Procedures Under the Mekong Agreement: Insights from the Xayaburi Controversy." Asian Journal of International Law **5**(01): 143-175.

Rieu-Clarke, A. (2015). "Transboundary Hydropower Projects Seen Through the Lens of Three International Legal Regimes—Foreign Investment, Environmental Protection and Human Rights." International Journal of Water Governance(Special Issue 1,): 27–48.

Rieu-Clarke, A. (2020). "The duty to take appropriate measures to prevent significant transboundary harm and private companies: insights from transboundary hydropower projects." International Environmental Agreements: Politics, Law and Economics 20(4): 667-682.

Simpson, G. B. and G. P. W. Jewitt (2019). “The Development of the Water-Energy-Food Nexus as a Framework for Achieving Resource Security: A Review.” Frontiers in Environmental Science 7.

Sohsai, P. and G. Lee. (2022). “Court dismissal of Xayaburi dam lawsuit highlights the need to strengthen accountability of cross-border investments.” https://www.internationalrivers.org/news/court-dismissal-of-xayaburi-dam-lawsuit-highlights-the-need-to-strengthenaccountability-of-cross-border-investments/.

Sultana, F. and A. Loftus, Eds. (2012). The Right to Water: Politics, Governance and Social Struggles. London, Sterling, VA, Earthscan.

UN News. (2022, 20 May 2022). “Climate change threatening access to water and sanitation.” https://news.un.org/en/story/2022/05/1118722.

UNCC and Marrakech Partnership (2020). Climate Action Pathway: Water Executive Summary, United Nations Climate CHange (UNCC) and the Marrakech Partnership.

UNDP. (2013). “What is water governance?” Retrieved 24 September, 2013. http://www.watergovernance.org/whatiswatergovernance.

WCD (2000). Dams and Development: A New Framework for Decision-Making - The Report of the World Commission on Dams London, World Commission on Dams (WCD).

WHO (2019). Safer Water, Better Health. Switzerland, World Health Organization (WHO).

Yates, J. S., L. M. Harris and N. J. Wilson (2017). “Multiple ontologies of water: Politics, conflict and implications for governance.” Environment and Planning D: Society and Space 35(5): 797-815.

Zwarteveen, M., J. S. Kemerink-Seyoum, M. Kooy, J. Evers, T. A. Guerrero, B. Batubara, A. Biza, A. Boakye-Ansah, S. Faber, A. Cabrera Flamini, G. Cuadrado-Quesada, E. Fantini, J. Gupta, S. Hasan, R. ter Horst, H. Jamali, F. Jaspers, P. Obani, K. Schwartz, Z. Shubber, H. Smit, P. Torio, M. Tutusaus and A. Wesselink (2017). “Engaging with the politics of water governance.” Wiley Interdisciplinary Reviews: Water 4(6): n/a-n/a.

အခန်း (၈)
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအား ကာကွယ်ရပ်တည်ခြင်း

Sriprapha Petcharamesree

စာဖတ်သူ လမ်းညွှန်

ဤအခန်းတွင် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများမှာ မည်သူတို့ဖြစ်ကြသည်၊ ၎င်းတို့၏ အခန်းကဏ္ဍများနှင့် ရင်ဆိုင်ကြုံတွေ့ နေရသော ဘေးအန္တရာယ်များမှာ မည်သည်တို့ဖြစ်ကြသည် စသည်တို့ကို တင်ပြရန် ရည်ရွယ်ထားသည်။ ဤအခန်းအား လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများမှာ မည်သူတို့ဖြစ်သည်ဟူသော ဆွေးနွေးချက်ဖြင့် စတင်ထားပြီး ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် မည်သို့ကွဲပြားသည်ဆိုသည်ကိုလည်း တင်ပြထားသည်။ အရှေ့တောင်အာရှရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များနှင့် ရာသီဥတုပြောင်းလဲမှု အခြေအနေများအကြောင်းကို ဆန်းစစ်တင်ပြထားခြင်း မပြုမီ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများကို အကာအကွယ်ပေးရန်အတွက် ချမှတ်ထားသော နိုင်ငံတကာစံနှုန်းများနှင့် ဒေသတွင်းစံနှုန်းများကိုလည်း သုံးသပ်ဖော်ပြထားသည်။ ထို့နောက်တွင် တစ်ကမ္ဘာလုံး အထူးသဖြင့် အရှေ့တောင်အာရှဒေသတွင်းရှိ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးဆိုင်ရာအခြေအနေအရပ်ရပ်ကို ဆက်လက်တင်ပြထားသည်။ အရှေ့တောင်အာရှဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ဖြစ်ရပ်အချို့ကို ဖော်ပြလျက် အထူးအလေးပေးဆန်းစစ်ထားသည်။ နိဂုံးပိုင်းတွင် တွေ့ရှိချက်အချို့နှင့် ပြဿနာရပ်များကို ဖြေရှင်းရန်အတွက် မဟာဗျူဟာမြောက် နည်းလမ်းများအား တင်ပြထားသည်။

၈.၁ နိဒါန်း - လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုသည်ကား မည်သူတို့ဖြစ်ကြသနည်း။

များသောအားဖြင့် “လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ” ဆိုသည့် စကားလုံးကို ကြားရလျှင် လူမှုတရားမျှတမှုအတွက် လှုပ်ရှားတက်ကြွသူများ၊ ရပ်ရွာခေါင်းဆောင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ဝန်ထမ်းများ၊ လူမှုအကျိုးဆောင်ရွက်နေများ၊ အလုပ်သမားသမဂ္ဂဝင်များ၊ သတင်းထောက်များနှင့် လူ့အခွင့်အရေး

နယ်ပယ်တွင် လုပ်ကိုင်နေကြသော ပညာရှင်များကို ပြေးမြင်လေ့ရှိကြသည်။ အမှန်စင်စစ် ထိုပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်အားလုံးသည် လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျှက်ရှိကြပေသည်။ သို့သော် “လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ” ဆိုသည်မှာ အမှန်တကယ် မည်သူတို့ကို ဆိုလိုခြင်းဖြစ်ပါသနည်း?

လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက လူ့အခွင့် အရေး ကာကွယ်ရပ်တည်သူများဆိုသည်မှာ “တစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ ငြိမ်းချမ်းသော နည်းလမ်းဖြင့် လူ့အခွင့်အရေးများကို မြှင့်တင်ရေး သို့မဟုတ် ကာကွယ်ရေး ဆောင်ရွက်သူများ” ဖြစ်သည် ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည် (OHCHR, n.d. a)။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြု ထားသည့် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စုများနှင့် လူမှုအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း၌ “လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ” ဟူသော အသုံးအနှုန်းကို ဖော်ပြထားခြင်း သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသည်ကို တွေ့ရခြင်းဖြစ်သည်။ သို့သော်လည်း ဤကြေညာစာတမ်းကို “လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ ကြေညာစာတမ်း” ဟုသာ အများက ရည်ညွှန်းခေါ်ဆိုလေ့ ရှိကြသည်။ ၎င်းတွင် ဖော်ပြထားသော “လူတိုင်း” ဟူသောစာကားရပ်သည် “နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် များ၌ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ရန်၊ ကာကွယ် ရန်နှင့် လက်တွေ့ဖော်ဆောင် နိုင်ရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ ကြိုးပမ်း အားထုတ်ခွင့်ရှိသူ လူတိုင်း” ကို ရည်ညွှန်းဖော်ပြထားခြင်းဖြစ်သည် (အထွေထွေညီလာခံ၊ ၁၉၉၉)။ ဤကြေညာစာတမ်း၌ လူတိုင်းအနေဖြင့် “လူ့အခွင့်အရေးများကို လူတိုင်းအတွက် လက်တွေ့ဖြစ်လာစေရန် ဖော်ဆောင်ရာတွင် ကျွန်ုပ်တို့အားလုံး ပါဝင် ပတ်သက်ပြီး ကျွန်ုပ်တို့အားလုံး၌ ထမ်းဆောင်ရမည့် ကဏ္ဍကိုယ်စီရှိသော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး လှုပ်ရှားမှုကြီးတစ်ခုရှိကြောင်း” အလေးအနက် ဖော်ပြထားသည် (OHCHR, n.d. b)။ ဤကြေညာစာတမ်းသည် လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန် ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုထားရုံသာမက တာဝန်ဝတ္တရားများကိုလည်း အလေးပေးဖော်ပြထားပြီး “ကျွန်ုပ်တို့အားလုံး” ကို လူ့အခွင့်အရေး ကာကွယ်ရပ်တည် သူများ ဖြစ်လာကြစေရန် တိုက်တွန်းအားပေးထား သည်။

လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခန်းကဏ္ဍများမှာ မည်သည်တို့ဖြစ်သနည်း? “ကျွန်ုပ်တို့ အားလုံး” သည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ ဖြစ်လာနိုင်သည်နှင့်အညီ နေရာတိုင်းရှိ လူတိုင်း၏ လူ့အခွင့်အရေး များကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် ကောင်းမွန်သော အပြောင်းအလဲများ ဖြစ်လာစေရန် တိုက်တွန်း အားပေးခြင်းနှင့် ကြိုးပမ်းအားထုတ်ခြင်းတို့တွင် ကျွန်ုပ်တို့ ပါဝင်ဆောင်ရွက်နိုင်သည်။ အထူးသဖြင့် ကျွန်ုပ်တို့သည်

- အလုပ်ခွင်တွင် မတရားသဖြင့် ဆက်ဆံခံရသော လုပ်ဖော်ကိုင်ဖက်တစ်ဦးအတွက် ထုတ်ဖော်ပြောဆို ပေးခြင်း၊

- နေရာအနှံ့ရှိ အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများကို ကန့်ကွက်ဆန္ဒထုတ်ဖော်ခြင်း၊
- မိမိတို့လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်း ရရှိနိုင်စေရန် သေချာစေမည့် ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ဆောင်ရွက်ခြင်း၊
- ဂျဲန်ဒါ ဝိသေသလက္ခဏာနှင့် လိင်စိတ် တိမ်းညွတ်မှုနှင့်ပတ်သက်သော ခေတ်မမီတော့သည့် အမြင်ယူဆချက်များကို ပြောင်းလဲနိုင်ရန် ကူညီပေးခြင်း၊
- အသားအရောင်ကြောင့် ခွဲခြားခံရသော လူများစွာကို ယနေ့တိုင် တိုးတက်မှုမှ တားဆီးထားဆဲဖြစ်သော စနစ်တကျအမြစ်တွယ်နေသည့် လူမျိုးရေးခွဲခြားမှုများကို ဖယ်ရှားပစ်ရန် လိုအပ်ကြောင်း အသိပညာပေးမှုများ မြှင့်တင်ခြင်း၊
- ကျွန်ုပ်တို့အပေါ် သက်ရောက်မှုရှိစေမည့် မူဝါဒများနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့်၊ အချက်အလက်ပြည့်စုံသော လူထုဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းခြင် (International Service for Human Rights, n.d.)။

လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအနေဖြင့် လုပ်ဆောင်နိုင်သည့် အခန်းကဏ္ဍများနှင့် ပတ်သက်၍ ဖော်ပြထားသော အဆိုပါစာရင်းသည် အလုံးစုံပြည့်စုံသည့်စာရင်းမဟုတ်ပေ။ အဓိကအားဖြင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ လုပ်ဆောင်ချက်များသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး တိုးတက်ထွန်းကားလာရန်အတွက် အလွန်ပင် အရေးကြီးသည်။ နိုင်ငံတော်၏ မူဝါဒများကို လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရာတွင်လည်းကောင်း၊ အာဏာပိုင်များ၌ တာဝန်ယူမှု တာဝန်ခံမှု ရှိစေ ရန် ဆောင်ရွက်ရာတွင်လည်းကောင်း၊ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရ သူများအတွက် ကာကွယ်ရပ်တည်ပေးရန်၊ ၎င်းတို့အတွက် နစ်နာမှုများအား ပြန်လည်ကုစားခွင့်နှင့် တရားမျှတမှုရရှိစေရေး ဆောင်ရွက်ရာတွင် အဓိက အထောက်အကူပြုသူများ ဖြစ်ကြသည် (Council of Europe, n.d.)။

လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများမှာ လူ့အခွင့်အရေးများကို ကာကွယ်သူများနှင့် မြှင့်တင်သူများဟု တကမ္ဘာလုံးက အသိအမှတ်ပြုထားသည့်အတွက် အခြားတစ်ခုဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ ဆိုသည်မှာ မည်သူတို့ဖြစ်ကြသနည်း။

၈.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ

လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်တို့သည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရအောင် ဒွန်တွဲနေကြောင်း အသိအမှတ်ပြုထားကြသည်။ သန့်ရှင်းကျန်းမာပြီး ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်သည် ကျွန်ုပ်တို့ ၏ လူ့အခွင့်အရေးများကို ပြည့်ဝစွာခံစားနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်ပေသည် (Geneva Environmental

Network, n.d.)။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ ဆိုသည်မှာ “ရေ၊ လေ၊ မြေ၊ သစ်ပင်ပန်းမန်နှင့် တိရစ္ဆာန်များ အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် မိမိတို့၏ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ သက်မွေးဝမ်းကျောင်းလုပ်ငန်း အရသော်လည်းကောင်း ငြိမ်းချမ်းသော နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြသည့် တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ” ဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂက အဓိပ္ပါယ်ဖွင့်ဆိုထားသည် (UNEP, n.d.b)။ ၎င်းတို့သည် ဝေးလံခေါင်ဖျားသော ကျေးရွာဒေသများနှင့် တောတောင်များတွင် နေထိုင်ကြသည့် သာမန်ပြည်သူများလည်း ဖြစ်နိုင်ပြီး မိမိတို့ကိုယ်တိုင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအဖြစ် တုံ့ပြန်ဆောင်ရွက်နေကြသည်ကိုပင် သတိမပြုမိသူများလည်း ဖြစ်ကြသည်။ အများအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ (EHRDs) သည် ဆည်မြောင်းစီမံကိန်းများ၊ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး သို့မဟုတ် ရေနံတူးဖော်ရေး စသည့် စီမံကိန်းကြီးများကြောင့် ၎င်းတို့၏ မြေယာများနှင့် နေထိုင်မှုဘဝများ ခြိမ်းခြောက်ခံနေရသည့် တိုင်းရင်းသား မျိုးနွယ်စုများနှင့် ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များ ဖြစ်ကြသည် (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ(EHRDs))။ အကျဉ်းချုပ်ဆိုရသော် ၎င်းတို့သည်သဘာဝပတ်ဝန်းကျင် နှင့် ဆက်စပ်နေသော လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် ကြိုးပမ်းဆောင်ရွက် နေကြသူများ ဖြစ်ကြသည် (Geneva Environmental Network, n.d.)။ ၎င်းတို့အားလုံး၏ တူညီသောအချက်မှာ လူ့အခွင့်အရေးများစွာ မှီတွယ်အားထားနေရသည့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် လုပ်ဆောင်နေကြခြင်းပင် ဖြစ်သည်။ ၎င်းတို့သည် နောက်ခံအကြောင်းအရာအမျိုးမျိုးမှ လာခဲ့သူများဖြစ်နိုင်သကဲ့သို့ လုပ်ဆောင်ပုံ နည်းလမ်းအားဖြင့်လည်း ကွဲပြားနိုင်သည်။ ဤသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးပမ်းနေကြသော်လည်း ၎င်းတို့သည် ကမ္ဘာတစ်ဝန်းတွင် အလွန်ထိခိုက်ရန်လွယ်ကူသောအခြေအနေ၌ ရှိနေဆဲဖြစ်ပြီး တိုက်ခိုက်မှုများကိုလည်း ရင်ဆိုင်နေရကြောင်း အထောက်အထားများက ဖော်ပြနေသည်။

၈.၃ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်ရေးကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများ – စံနှုန်းများ

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) က “ယနေ့အထိ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်သည် ၎င်းတို့၏ နိုင်ငံသားများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးရပိုင်ခွင့်ကို အာမခံချက်ပေးထားပြီးဖြစ်သော်လည်း အဆိုပါ လုပ်ဆောင်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကြိုးပမ်းရာတွင် စိန်ခေါ်မှုများရှိနေသည်” ဟု ဖော်ပြထားသည် (UNEP, n.d. a)။ နိုင်ငံသားများ၏ ကျန်းမာသန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းအားဖြင့် ထိုသူများ၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခွင့်သည်လည်း အလားတူပင် အခြေခံအခွင့်အရေး အဖြစ် အခိုင်အမာ ပါဝင်ပြီးသားဖြစ်သည်ဟု ကောက်ချက်ချနိုင်လေသည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) သည် သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများအပေါ် ကျရောက်နေသည့်

ခြိမ်းခြောက်မှုများကို အသိအမှတ်ပြုထားပြီး ၎င်းတို့ကို အကာအကွယ်ပေးရန် တောင်းဆိုထားသည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) သည် မိမိတို့၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်နေကြသည့် တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအတွက် ပိုမိုအားကောင်းသော အကာအကွယ်များ ရရှိစေရန် မြှင့်တင်ပေးမည့် ၎င်း၏ **"ကာကွယ်ရပ်တည်သူများဆိုင်ရာ မူဝါဒ"** (Defenders Policy) မှတစ်ဆင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများကို ကူညီပံ့ပိုးပေးရန် ဤလုပ်ငန်းကို အခြေခံ၍ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့နေရာအတော်များများ၌ လူများစွာအပေါ် သက်ရောက်မှုရှိနေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို အလွဲသုံးစားပြုလုပ်မှုများအား လျှော့ချရန်အတွက် ဖြေရှင်းနည်းများကိုလည်း သတ်မှတ်ဖော်ထုတ်ပေးသည်။ အဆိုပါမူဝါဒတွင် အောက်ပါ အချက်များ ပါဝင်သော်လည်း ၎င်းတို့ကိုသာ ကန့်သတ်ထားသည် မဟုတ်ချေ။

- သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများကို တိုက်ခိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို လူသိရှင်ကြား ပြစ်တင်ရှုတ်ချခြင်း၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများနှင့် ထိုအခွင့်အရေးများကို ကာကွယ်ရပ်တည်ပေးနေသူများအား ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးနိုင်ရန်အတွက် အစိုးရများအပြင် စီးပွားရေး လုပ်ငန်းများအပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းစည်းရုံး လှုံ့ဆော်ခြင်း၊
- သဘာဝသယံဇာတများကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲရေးအပိုင်းတွင် ကူညီပံ့ပိုးပေးခြင်း၊
- သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများအပေါ် ထိခိုက်နစ်နာစေမှု သို့မဟုတ် သတ်ဖြတ်ခံရမှု ဖြစ်စဉ် အမျိုးမျိုးအတွက် အစိုးရနှင့် ကုမ္ပဏီများ၌ တာဝန်ရှိခြင်းကို တောင်းဆိုခြင်း (Geneva Environmental Network, n.d.)။

လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် ကုလသမဂ္ဂ အေဂျင်စီများနှင့် အခြားသော အဖွဲ့အစည်းများ၏ ပြစ်တင်ရှုတ်ချခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့ကို နိုင်ငံများစွာ၏ စံနှုန်းများ၊ သဘောတူညီချက်များ သို့မဟုတ် ယန္တရားများ အပါအဝင် ပုံစံအမျိုးမျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၈.၃.၁ ဒေသတွင်း ဥပဒေများနှင့် နိုင်ငံတကာ ဥပဒေများတွင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများကို အာမခံပေးထားမှု

"လူ့အခွင့်အရေးများကို အပြည့်အဝခံစားနိုင်ခွင့်အပေါ် အဟန့်အတားဖြစ်စေနိုင်သည့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ပေးရန် နိုင်ငံများတွင် တာဝန်ရှိသည်။ ထိုတာဝန်ဝတ္တရားများသည် လူတိုင်း အပေါ် သက်ရောက်မှုရှိပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ (EHRDs) လည်း အပါအဝင်ဖြစ်သည်ဟု" ဂျွန် အိတ်ရှ် နော့(John H. Knox) (၂၀၁၇) က အတည်ပြုပြောကြားခဲ့သည်။

လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးရရှိမှုအတိုင်းအတာကို အကြမ်းဖျဉ်း ဖော်ပြထားသည့် ပထမဦးဆုံးသော ကုလသမဂ္ဂကြေညာစာတမ်းတစ်စောင်ကို ၁၉၉၈ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ၎င်းမှာ **တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၊ အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း** (လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ ကြေညာစာတမ်းဟု လူသိများသည်) ဖြစ်သည်။ နိုင်ငံများက အကာအကွယ်ပေးရမည့် အခွင့်အရေးကို အဆိုပါ ကြေညာစာတမ်းတွင် အသိအမှတ်ပြုထားသည်။ “အဆိုပါ ကြေညာစာတမ်းသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသော အခွင့်အရေးများကို ထပ်လောင်းအတည်ပြုထားသည်။ ထိုအခွင့်အရေးများတွင် အခြားအချက်များစွာအပြင် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ ပါဝင်သည်။ ထို့ပြင် သတင်းအချက်အလက် ရယူပိုင်ခွင့်၊ ဥပဒေရေးရာ အကူအညီ ပေးခွင့်နှင့် လူ့အခွင့်အရေး နယ်ပယ်အတွင်း အယူအဆသစ်များကို ဖော်ထုတ်ဆွေးနွေးခွင့်တို့လည်း ပါဝင်သည်” (OHCHR, n.d. b)။ ဤကြေညာစာတမ်းသည် ယေဘုယျအားဖြင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို အကာအကွယ်ပေးရေးအတွက် ရည်ညွှန်းဖော်ပြထားခြင်းဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) က အဆိုပါကြေညာစာတမ်းအရ နိုင်ငံများအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ထပ်လောင်းရှင်းပြထားသည်။

- ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့၌ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ တန်ဖိုးနှင့် အရေးပါသော ပါဝင်ကူညီမှုများအား အသိအမှတ်ပြုရန်၊
- လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများကို ခွဲခြားမှုမရှိဘဲ လေးစားရန်၊ ကြေညာစာတမ်းတွင် ဖော်ပြထားသော အခွင့်အရေးများကို တရားဝင်ကျင့်သုံးမှုကြောင့် ဖြစ်ပေါ်လာသည့် မတရားသော အရေးယူ ဆောင်ရွက်မှုများမှ ၎င်းတို့အား အကာအကွယ်ပေးရန်၊ အခွင့်အရေး ချိုးဖောက်ခံရမှုများရှိပါက ထိရောက်သော ကုစားမှုများ ရရှိစေရန်နှင့် အခွင့်အရေးချိုးဖောက်မှုဟု စွပ်စွဲထားချက်များအပေါ် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဘက်လိုက်မှုကင်းစွာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်၊
- ဥပဒေပြုရေး၊ စီမံခန့်ခွဲရေးနှင့် အခြားသော လုပ်ဆောင်ချက်များမှတစ်ဆင့် လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးခြင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ နားလည်သဘောပေါက်မှုအား မြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ရန်အတွက် လွတ်လပ်သော အမျိုးသားအဆင့် အဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်းနှင့် လူ့အခွင့်အရေး ဆိုင်ရာ သင်ကြားပို့ချမှုများကို မြှင့်တင်ပေးခြင်းတို့ဖြင့် ၎င်းတို့၏ လုပ်ငန်းများကို ပိုမိုအားကောင်းလာ စေရေး ဆောင်ရွက်ရန်။

သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် EHRDs များအား အကာအကွယ်ပေးရေးတို့နှင့် ပတ်သက်သည့် အစိုးရများ၏ တာဝန်ဝတ္တရားများကို နော့ (Knox) (၂၀၁၇) က ထပ်လောင်း အသေးစိတ် ရှင်းလင်းဖော်ပြခဲ့သည်။ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အဓိက ကဏ္ဍကြီး သုံးခုအဖြစ်

ခွဲခြားထားသည်ဟု ၎င်းက ဖော်ပြထားသည်။ ၎င်းတို့မှာ လုပ်ထုံးလုပ်နည်းဆိုင်ရာ တာဝန်ဝတ္တရားများ၊ ပင်မအရင်းခံ တာဝန်ဝတ္တရားများ၊ နှင့် ထိရှလွယ်သော အခြေအနေများတွင် ရှိနေသူများနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများဟူ၍ ဖြစ်သည်။

- သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့်ဆိုင်သော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ တာဝန်ဝတ္တရားများတွင် အောက်ပါဝတ္တရားများ ပါဝင်သည်။
  (က) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို အကဲဖြတ်သုံးသပ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုထံ ထုတ်ပြန်ကြေညာရန်၊

  (ခ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်တို့ကို ကာကွယ်ပေးခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်နိုင်မှုကို အဆင်ပြေချောမွေ့စေရန်၊ နှင့်

  (ဂ) ထိခိုက်နစ်နာမှုများအတွက် ကုစားခွင့်များ ရရှိနိုင်အောင် ဆောင်ရွက်ပေးရန်။ ဤတာဝန်ဝတ္တရားများသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများအပေါ် အခြေခံထားခြင်း ဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် ဆုံးရှုံးနိုင်ခြေရှိသည့် လူ့အခွင့်အရေး နယ်ပယ်တစ်ခုလုံးအပေါ် မူတည်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်အနေဖြင့် ပိုမိုရှင်းလင်းစေကာ တိုးချဲ့သတ်မှတ်ခြင်းများ ရှိလာခဲ့သည်။

- ပင်မအရင်းခံတာဝန်ဝတ္တရားများအဖြစ် လူ့အခွင့်အရေးများကို အပြည့်အဝခံစားနိုင်ခွင့်အပေါ် အဟန့်အတားဖြစ်စေသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ရန်နှင့် တုံ့ပြန် ဆောင်ရွက်ရန် အတွက် ဥပဒေကြောင်းဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ချမှတ်ကျင့်သုံးရန် နိုင်ငံများအနေဖြင့် တာဝန်ရှိကြောင်း အတိအလင်းဖော်ပြထားသည်။ ဤတာဝန်ဝတ္တရားများသည် အသက်ရှင်သန်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်နှင့် သန့်ရှင်းသောသောက်သုံးရေရပိုင်ခွင့်အပါအဝင် အခြားသော လူ့အခွင့်အရေး အများအပြားမှ ဆင်းသက်လာခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမှ ပေါ်ပေါက်လာသည့် လူ့အခွင့်အရေးများကို ကာကွယ်ရမည်ဆိုသည့် တာဝန်ဝတ္တရားသည် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးစေနိုင်သည့် လုပ်ငန်းဆောင်တာ မှန်သမျှကို ရပ်ဆိုင်းရန်လိုအပ်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ သို့သော် ထိုသို့မျှတအောင် ချိန်ညှိရာတွင် အကျိုးအကြောင်း ဆီလျော်မှုမရှိခြင်း သို့မဟုတ် တရားမျှတမှုမရှိသည့်အပြင် ကြိုတင်ခန့်မှန်း၍ သိနိုင်သော လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းမျိုး မဖြစ်စေရပေ။

အထက်တွင် ဖော်ပြခဲ့သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပင်မအရင်းခံတာဝန်ဝတ္တရားများနှစ်ရပ်စလုံးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ လှုပ်ရှား ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုစေသည့်အချက်များဖြစ်ကြသည်။ နိုင်ငံများအနေဖြင့် သဘာဝ ပတ်ဝန်းကျင်

ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ (EHRDs) အပေါ် အဘယ်ကြောင့် တာဝန်ရှိ သည်ကို နော့ (Knox) က "သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုသည် လူ့အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ခွင့်အပေါ် အဟန့်အတားဖြစ်စေသောကြောင့် ထိုကဲ့သို့သော ထိခိုက်မှုများမှ ကာကွယ်ရန် လုပ်ဆောင်နေသူများသည် မိမိကိုယ်ကိုယ် "လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူ" တစ်ဦးအဖြစ် အစပိုင်းတွင် ရှုမြင်သည်ဖြစ်စေ၊ မရှုမြင်သည်ဖြစ်စေ လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် လုပ်ဆောင်နေကြခြင်းပင် ဖြစ်သည်" ဟု အတိအလင်း ဖော်ပြခဲ့သည် (၂၀၁၇)။ ထို့အတူပင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် "ဘေးကင်းသန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိခံစားပိုင်ခွင့်နှင့် ဆက်နွယ်နေသည့် လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရာ တွင်" လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုထားသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်နှင့် မြေယာရေးရာ ကာကွယ်ရပ်တည်သူများသည် အန္တရာယ်အကျရောက်နိုင်ဆုံး သော လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများထဲတွင် ပါဝင်ကြောင်းလည်း အသိအမှတ်ပြုထားသည်။ (လူ့အခွင့်အရေး ကောင်စီ)။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ (EHRDs) သည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ ဖြစ်ကြသည်နှင့်အညီ ၁၉၉၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့သည့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းပါ အခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးများ၌ အောက်ပါတို့ ပါဝင်သည်။

- လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခွင့် (အခွင့်အရေးများကို ကာကွယ်ပိုင်ခွင့်)၊
- အကာအကွယ်ပေးခြင်း ခံရပိုင်ခွင့်၊
- လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ အယူအဆသစ်များကို ဖော်ထုတ်ခွင့်နှင့် ဆွေးနွေးငြင်းခုံခွင့်၊
- နိုင်ငံတကာ/အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့် နှင့် ရန်ပုံငွေ အထောက်အပံ့များ ရယူပိုင်ခွင့်၊
- လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ဆန္ဒထုတ်ဖော်ပိုင်ခွင့်၊ နှင့်
- ထိရောက်သော ကုစားမှု ရရှိပိုင်ခွင့်။

ဤကြေညာစာတမ်းသည် ဥပဒေအရ မဖြစ်မနေ လိုက်နာရမည့် စံနှုန်းတစ်ရပ်မဟုတ်သော်လည်း အထက်တွင် ဖော်ပြခဲ့သည့် အခွင့်အရေးများသည် "စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်"နှင့် "ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘာတူစာချုပ်" တို့ဖြင့် ကာကွယ်ပေးထားပြီးဖြစ်သည်မှာ ထင်ရှားလှသည်။ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မတီက နိုင်ငံများအနေဖြင့် "လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူ များအား ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ကြုံတွေ့ရနိုင်သည့် အလွဲသုံးစားပြု ခံရမှု၊ အကြမ်းဖက်ခံရမှုနှင့်

လက်တုံ့ပြန်ခံရမှု ပုံစံအမျိုးမျိုးမှ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှု ရရှိနိုင် စေရန် သေချာဆောင်ရွက်ရမည်” ဟု အလေးပေး ပြောကြားခဲ့သည် (နော့(Knox)၊၂၀၁၇)။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘာတူစာချုပ် (ICCPR) အရ လွတ်လပ်စွာထင်မြင်ယူဆပိုင်ခွင့်အပေါ် မည်သည့် ကန့်သတ်ချက်မျှ ထားရှိခွင့်မပြုပေ။ သို့သော် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြေအနေမျိုးနှင့်သော်လည်းကောင်း၊ အခြားသူများ၏ အခွင့်အရေး သို့မဟုတ် ဂုဏ်သိက္ခာကို လေးစား လိုက်နာရန် လိုအပ်သည့်အခါမျိုးတွင်သော်လည်းကောင်း၊ သို့မဟုတ် နိုင်ငံတော် လုံခြုံရေး၊ အများပြည်သူ အေးချမ်း သာယာရေး၊ ပြည်သူ့ကျန်းမာရေးရှုထောင့် သို့မဟုတ် ကိုယ်ကျင့်တရားရှုထောင့်အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အခါမျိုးတွင်လည်းကောင်း၊ စသည့်အခြေအနေများတွင် ကန့်သတ်နိုင်သည် (နော့ (Knox) ၂၀၁၇)။

ထို့ပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂ အထူးလုပ်ထုံးလုပ်နည်းများ အောက်တွင် လုပ်ငန်းစဉ် ယန္တရားအမျိုးမျိုးကို ချမှတ်ထူထောင်ထားသည်။ ၎င်းတို့တွင် အောက်ပါအချက်များ ပါဝင်သည်။

(က) လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခြေအနေများဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ - လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခြေအနေများဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်း စစ်ဆေးရေးအရာရှိရာထူးကို ၂၀၀၀ ပြည့်နှစ်တွင် လူ့အခွင့်အရေးကော်မရှင်က စတင်အပ်နှင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် လူ့အခွင့်အရေးကောင်စီမှ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၎င်း၏ရည်ရွယ်ချက်မှာ ကုလသမဂ္ဂ ၏ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများဆိုင်ရာ ကြေညာစာတမ်းအား ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးကို မြှင့်တင်ပေးရန်အတွက်ဖြစ်သည်။ မယ်ရီ လော်လာ (Mary Lawlor) သည် ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှစကာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူ များ၏ အခြေအနေများဆိုင်ရာ အထူးစုံစမ်း စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမ၏ လုပ်ပိုင်ခွင့်တာဝန်တစ်စိတ် တစ်ပိုင်းအနေဖြင့် သဘာဝပတ်ဝန်းကျင်ရေးရာကာကွယ်ရပ်တည်သူများ အပါအဝင် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခြေအနေနှင့် ပတ်သက်သည့် အချက်အလက်များကို ရှာဖွေခြင်း၊ လက်ခံရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

(ခ) ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ - သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများအနက် အများစုမှာ ဌာနေ တိုင်းရင်းသား အဖွဲ့အစည်းမှ ဖြစ်ကြသည်။ ထို့အတွက် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များသည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခြေအနေနှင့်ပတ်သက်သည့် အချက်အလက်များကို လွတ်လပ်သည့် ကျွမ်းကျင်သူတစ်ဦးအနေဖြင့် စစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပေသည်။ ထို့ပြင် ကြေညာစာတမ်းကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် အစိုးရများ၊ အခြားသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအတွက် အကာအကွယ်ပေးနိုင်မည့် မဟာဗျူဟာများကို အကြံပြု တိုက်တွန်းခြင်း တို့ကိုလည်း ဆောင်ရွက်နိုင်သည်။ ၂၀၁၁ ခုနှစ်တွင် လူ့အခွင့်အရေးကော်မရှင်က စတင်

ခန့်အပ်ထူထောင်ခဲ့သည့် အဆိုပါအထူးစုံစမ်း စစ်ဆေးရေးအရာရှိသည် နိုင်ငံအလိုက် သွားရောက် စစ်ဆေးမှုများ၊ အစီရင်ခံစာများနှင့် ထုတ်ပြန်ချက်များမှ တစ်ဆင့် ဌာနေတိုင်းရင်းသားလူမျိုးရေးရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအပေါ် ကျရောက်နေသည့် ခြိမ်းခြောက်မှုများကိုလည်း အမြဲတမ်း အလေးထား ဖော်ပြလေ့ရှိသည်။ ထို့ပြင် ဇီဝမျိုးစုံ မျိုးကွဲများအား ကာကွယ်ရန်အတွက် သတ်မှတ်ထားသည့် ထိန်းသိမ်းရေး နယ်မြေဧရိယာများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများသည် ကမ္ဘာအနှံ့အပြားရှိ ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် ကျရောက်လာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်နွယ်နေကြောင်းကိုလည်း အဆိုပါ လုပ်ပိုင်ခွင့် အောက်တွင် အလေးထားဖော်ပြထားသည် (OHCHR)၊ ၂၀၁၆)။

(ဂ) လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ - လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်သည် သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင်ရရှိခံစားပိုင်ခွင့်နှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် တာဝန်ဝတ္တရားများအပေါ် စစ်ဆေးရန် သတ်မှတ်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့သော အခွင့်အရေးတစ်ရပ်ကို တစ်ကမ္ဘာလုံး အသိအမှတ်ပြုခြင်းနှင့် အကောင်အထည်ဖော်သည့်အခါတို့တွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အတားအဆီးများကို ဖော်ထုတ်ရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အစီရင်ခံတင်ပြရန်အတွက် အဆိုပါ အထူးစုံစမ်းစစ်ဆေးရေးအရာရှိအား တာဝန် ပေးအပ်ထားခြင်းဖြစ်သည်။

ဒေးဗစ် ဘွိုက်ဒ် (David Boyd) သည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထူးစုံစမ်း စစ်ဆေးရေးအရာရှိဖြစ်ပြီး ၎င်း၏ လုပ်ပိုင်ခွင့်တာဝန်ကို ၂၀၂၁ ခုနှစ် မတ်လတွင် သက်တမ်းတိုးမြှင့် ပေးခဲ့သည်။ လူ့အခွင့်အရေး ကောင်စီ၏ (၄၃) ကြိမ်မြောက် ညီလာခံသို့ ၎င်းတင်သွင်းသည့် "ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး - ကောင်းမွန်သော လက်တွေ့ကျင့်သုံးမှုများ" (A/HRC/43/53) ဆိုသည့် အစီရင်ခံစာ၌ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက "အများပြည်သူ ပါဝင်ဆောင်ရွက်မှု၏ အရေးကြီးသောအပိုင်း ကဏ္ဍအဖြစ် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများကို အကာအကွယ်ပေးခြင်းပါဝင်ပြီး ၎င်းတို့သည် မကြာခဏဆိုသလို နှောင့်ယှက်ခံရခြင်း၊ ဖိအားပေးခံရခြင်း၊ ပြစ်မှုထင်ရှားစီရင်ခံရခြင်း သို့မဟုတ် သတ်ဖြတ်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်" ဟု အလေးပေး ဖော်ပြခဲ့သည် (Geneva Environmental Network, n.d.)။

"လူ့အခွင့်အရေးများ ခံစားရရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ ပါဝင်ကူညီမှုများကို အသိအမှတ်ပြုခြင်း" ဟု ခေါ်သည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ ၂၀၁၉ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကန့်ကွက်မဲမရှိ တညီတညွတ်တည်း အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးကို သေချာစေရန်အတွက် လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ၏ အရေးကြီးသော ကဏ္ဍများကို အသိအမှတ်

ပြုရုံသာမက သဘာဝပတ်ဝန်းကျင်ရေးရာ ကာကွယ်ရပ်တည်သူများအပေါ် ကျူးလွန်သည့် သတ်ဖြတ်မှုများ၊ ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ နှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုနှင့် ဖိအားပေးမှုများ အပါအဝင် အမျိုးအစားတိုးပွါးလာနေသည့် အကြမ်းဖက်မှုများ ကိုလည်း ပြင်းထန်စွာ ပြစ်တင်ရှုတ်ချထားသည်။ အဆိုပါ ဆုံးဖြတ်ချက်က လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများအား ကာကွယ်မှုပေးရေးကို အာမခံချက်ရှိ စေမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန်၊ ဘက်စုံ လွှမ်းခြုံသည့် အကာအကွယ်ပေးရေး အစီအမံများကို ချမှတ် ဆောင်ရွက်ရန်၊ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအပေါ် ခြိမ်းခြောက်မှု များနှင့် တိုက်ခိုက်မှုများအတွက် စုံစမ်း စစ်ဆေးမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေး ဆောင်ရွက်ပေးကြရန် နိုင်ငံများအပေါ် တိုက်တွန်းတောင်းဆိုထားခြင်းဖြစ်သည်။ ထို့ပြင် စီးပွါးရေး လုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေး ဆိုင်ရာ ထိုက်သင့်သည့် ဂရုပြုမှုဖြင့် စစ်ဆေးခြင်းများကို လုပ်ဆောင်ရန်နှင့် ထိခိုက်ခံရနိုင်ခြေရှိသည့် အုပ်စုများ၊ သက်ဆိုင်သူများအပါအဝင် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့်အတူ အဓိပ္ပါယ်ပြည့်ဝပြီး အားလုံးပါဝင် နိုင်သော ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်လည်း အဆိုပါ ဆုံးဖြတ်ချက်ဖြင့် တိုက်တွန်းတောင်းဆိုထားသည်။

လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိသာထင်ရှားလှသည့် နောက်ထပ် မှတ်တိုင်တစ်ခုမှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သော လူ့အခွင့်အရေးကောင်စီ၏ (၄၈) ကြိမ်မြောက် ဆွေးနွေးပွဲ (၂၀၂၁) ၌ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး ကို သမိုင်းမှတ်တိုင်အဖြစ် အတည်ပြုအသိအမှတ်ပြုခဲ့ခြင်းပင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျန်းမာရေးနှင့်ညီညွတ်သည့်သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ (EHRDs) အကြားတွင် နီးကပ်စွာဆက်နွယ်မှု ရှိနေပေသည်။ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးဖြစ်ခဲ့သူ မီရှဲလ် ဘက်ရှ်ချ်လေ (Michelle Bachelet) က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက် ချက်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုတို့အကြား ခွဲခြားထား၍ မရကြောင်း မှတ်ချက်ပြုခဲ့သည် (UN News, ၂၀၂၁)။ အထူးသဖြင့် စီးပွါးရေးနှင့် စီးပွါးရေးလုပ်ငန်းဆောင်ရွက်မှုများတွင် ပေါ်ပေါက်လာသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအကြောင်းကို လည်း အလေးပေးဖော်ပြခဲ့သည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာကိစ္စရပ်များတွင် လုပ်ဆောင်နေကြသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ် ရပ်တည်သူများ၏ အသက်ရှင်သန်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုရပိုင်ခွင့်တို့အပါအဝင် ၎င်းတို့၏ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် စီးပွါးရေးလုပ်ငန်းအားလုံးတွင် တာဝန်ရှိကြောင်း အလေးပေး ဖော်ပြထားသည့် စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများကို ပြန်လည်သုံးသပ်ရမည် ဆိုပါက (Geneva Environmental Network, n.d.) လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကို ဆက်စပ်ပေးနိုင်မည့် ပထမဆုံးနှင့် အရိုးရှင်းဆုံးသော နည်းလမ်းမှာ ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝ ပတ်ဝန်းကျင်ရပိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြုခြင်းပင် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုမှု မရသေးမီအချိန်ကပင် ဥရောပကောင်စီ၏ အဖွဲ့ဝင်နိုင်ငံ အများစု အပါအဝင် နိုင်ငံပေါင်း (၁၀၀) ခန့်သည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဆိုပါ အခွင့်အရေးကို ပုံစံ တစ်မျိုးမျိုးဖြင့် အသိအမှတ်ပြုထားနှင့်ပြီးဖြစ်သည်။ ဒေသတွင်းအတိုင်းအတာအနေဖြင့် အဖွဲ့ဝင်နိုင်ငံပေါင်း (၅၄) နိုင်ငံရှိသည့်

လူသားနှင့် ပြည်သူ့အခွင့်အရေးများဆိုင်ရာ အာဖရိက သဘောတူစာချုပ်သည် ၁၉၈၁ ခုနှစ်တွင် အဆိုပါ အခွင့်အရေးကို ပထမဆုံး ထည့်သွင်းပြဋ္ဌာန်းခဲ့သည့် လူ့အခွင့်အရေး သဘောတူစာချုပ် ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၈၈ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉) နိုင်ငံရှိသည့် အမေရိကန်နိုင်ငံများဆိုင်ရာ သဘောတူစာချုပ်၏ ဆန်ဆာဗေးဒိုး နောက်ဆက်တွဲစာချုပ်သည် ဒုတိယမြောက် အသိအမှတ်ပြုသည့် စာချုပ် ဖြစ်လာခဲ့သည်။ အဆိုပါ အခွင့်အရေးကို အသိအမှတ်ပြုထားသည့် အခြားသောဒေသတွင်းဆိုင်ရာ သဘောတူစာချုပ်များအနက် ၂၀၀၄ ခုနှစ်၊ လူ့အခွင့်အရေးဆိုင်ရာ အာရပ်ပဋိညာဉ်စာတမ်းလည်း ပါဝင်လေသည် (John Knox)၊ ၂၀၂၂)။

ဒေသတွင်းအဆင့်၌ လက်တင်အမေရိကနှင့် ကာရေဘီယံဒေသများအပြင် ဥရောပဒေသတို့သည် အခြားသော ဒေသများထက် ပိုမိုတိုးတက်ကောင်းမွန်သည့် အခြေအနေတွင်ရှိနေကြောင်း တွေ့ရသည်။ လူသိအများဆုံး ဥပမာများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အက်စကာဇူး သဘောတူညီချက်

လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် သတင်းအချက်အလက် ရယူပိုင်ခွင့်၊ အများပြည်သူ ပါဝင်ဆောင်ရွက်ခွင့်နှင့် တရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာ ဒေသတွင်း သဘောတူညီချက် သို့မဟုတ် အက်စကာဇူး သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ကိုစတာရီကာနိုင်ငံ၊ အက်စကာဇူးမြို့၌ အတည်ပြုချမှတ်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် စတင် အာဏာသက်ဝင်ခဲ့သည်။ ဒေသတွင်းသမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ဤသဘောတူစာချုပ်သည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန်အတွက် တိကျသည့်ပြဋ္ဌာန်းချက်များပါဝင်သည့် ပထမဆုံးသောဥပဒေအရ စည်းနှောင်မှုရှိသည့် သဘောတူညီချက်တစ်ခုလည်း ဖြစ်သည်။ အပိုဒ် (၉) ၏ “သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များရှိ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ” ခေါင်းစဉ်အရ အဖွဲ့ဝင်နိုင်ငံများသည် သဘာဝ ပတ်ဝန်းကျင်ရေးရာ ကာကွယ်ရပ်တည်သူများအတွက် ဘေးကင်းပြီး အဆင်ပြေချောမွေ့သော ပတ်ဝန်းကျင်တစ်ခုရရှိရေးကို အာမခံချက်ပေးရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်း ဆောင်တာများတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်ခွင့်အပါအဝင် ၎င်းတို့၏ အခွင့်အရေးများကို အကာအကွယ် ပေးခြင်းနှင့် မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့အပေါ် တိုက်ခိုက်မှုများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် ဖိအားပေးမှုများကို တားဆီးရန်၊ စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေး နိုင်ရန်အလို့ငှာ လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်ရမည် ဖြစ်သည် (Geneva Environmental Network, n.d.)။

(ခ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် သတင်းအချက်အလက် ရယူပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချမှတ်ရာ၌ အများပြည်သူ ပါဝင်ဆောင်ရွက်ခွင့်နှင့် တရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ် (အောဟုစ် သဘောတူစာချုပ်)

အောဟုစ် သဘောတူစာချုပ် (Aarhus Convention) သို့မဟုတ် ကုလသမဂ္ဂ ဥရောပစီးပွါးရေးကော်မရှင်

(UNECE) ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် သတင်းအချက်အလက် ရယူပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချမှတ်ရာ၌ အများပြည်သူ ပါဝင်ဆောင်ရွက်ခွင့်နှင့် တရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာ သဘောတူ စာချုပ်ကို ၁၉၉၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ၊ အောဟုစ်မြို့၌ အတည်ပြု ချုပ်ဆိုခဲ့သည်။ ဤသဘောတူညီချက်အား အဖွဲ့ဝင်နိုင်ငံ (၄၇) နိုင်ငံအတွက် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆက်စပ်ပေးသည့် ဥပဒေကြောင်းအရ လိုက်နာရမည့် တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းထားသော ထူးခြားသည့် သဘောတူညီချက်တစ်ခုအဖြစ် မှတ်ယူကြသည်။ အဆိုပါအဖွဲ့ဝင်များတွင် ဥရောပသမဂ္ဂနှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံအားလုံး၊ အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းဒေသမှ နိုင်ငံအများစု၊ ကော့ကေးဆပ်ဒေသ၊ ဥရောပ၏ အရှေ့တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ နိုင်ငံအားလုံးတို့ ပါဝင်ပြီး ၂၀၂၃ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည့် ဂီနီဘစ်ဆောနိုင်ငံလည်း ပါဝင်လေသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် ဤသဘောတူစာချုပ်တွင် ပါဝင်ခွင့်ရှိသည်။ အောဟုစ် သဘောတူစာချုပ်၌ ပါဝင်ခြင်းနှင့် ၎င်း၏ စာချုပ်ပါတာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ခြင်းအားဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အားလုံးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိခြင်း တို့အပေါ်ထားရှိသည့် ၎င်းတို့၏ ကတိကဝတ်ပြုချက်များကို ဖော်ပြနိုင်သည့်အပြင် အားလုံးမျှဝေပိုင်ဆိုင်ပြီး ရေရှည်တည်တံ့သော အနာဂတ်ကို ကာကွယ်စောင့်ရှောက်ရာတွင် အများပြည်သူ၏ အရေးပါသော အခန်းကဏ္ဍကိုလည်း ထင်ရှားစေနိုင်ပေသည် (Geneva Environmental Network, n.d.)။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကုလသမဂ္ဂ ဥရောပစီးပွားရေးကော်မရှင် (UNECE) သည် သဘောတူ စာချုပ်၏ အပိုဒ် ၃ (၈) နှင့် သက်ဆိုင်သည့် ဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လျင်မြန်စွာ တုံ့ပြန်မှု ပေးနိုင်သော စနစ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်သည် သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများအား ၎င်းတို့၏ ပါဝင်ပတ်သက်မှုများကြောင့် အပြစ်ပေးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ နှောင့်ယှက်ခံရခြင်းနှင့် အခြားသော လက်တုံ့ပြန်ခံရသည့် ပုံစံမျိုးစုံတို့မှ ကာကွယ်စောင့်ရှောက်ပေးရေးကို မြှင့်တင်ရန်နှင့် ပိုမိုအားကောင်းလာစေရန် အဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များကို အတည်ပြုခဲ့သည့်အပြင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ဥပဒေမူဘောင်များနှင့် လက်တွေ့ လုပ်ဆောင်နေသည့် အစီအမံများကို သဘောတူစာချုပ်၏ တာဝန်ဝတ္တရားများနှင့်အညီ ပြန်လည် သုံးသပ်ရန်လည်း တိုက်တွန်းတောင်းဆိုထားသည်။ ထို့ပြင် သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့၏ အခွင့်အရေးများကို ကျင့်သုံးနေသူများအတွက် ၎င်းတို့၏ ပါဝင်ပတ်သက်မှုကြောင့် မည်သည့် နည်းလမ်းနှင့်မျှ အပြစ်ပေးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း သို့မဟုတ် နှောင့်ယှက်ခံရခြင်းမျိုး မရှိစေရေး အတွက် လိုအပ်သော အစီအမံအားလုံးကို ချမှတ်ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင် ကာကွယ် ရပ်တည်သူများဆိုင်ရာ လွတ်လပ်သော အထူးစုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦး ခန့်အပ်ရန်ကိုလည်း အဆိုပါ ဆုံးဖြတ်ချက်တွင် တိုက်တွန်းထားသည်။ အဆိုပါ ရာထူးအတွက် မစ္စတာ မိုက်ကယ် ဖော့စ် အား ၂၀၂၂ ခုနှစ်တွင် နောက်ဆုံး ရွေးချယ်ခန့်အပ်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် မစ္စတာ မိုက်ကယ် ဖော့စ်၏ တာဝန် လုပ်ပိုင်ခွင့်များကို ၂၀၁၂ ခုနှစ် တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC) က ခန့်အပ်ခဲ့ပြီး လက်ရှိတွင် ဒေါက်တာ ဒေးဗစ် အာရ် ဘိုက်ဒ်တာဝန်ယူထားသည့် “လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်

ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်း စစ်ဆေးရေးအရာရှိ” ၏ တာဝန်လုပ်ပိုင်ခွင့်များနှင့် ရောထွေးမှုမရှိစေရန် သတိပြုရမည်ဖြစ်သည်။ အဆိုပါ ဒေါက်တာ ဒေးဗစ် အာရ် ဘွိုက်ဒ်၏ လုပ်ပိုင်ခွင့်တာဝန်သည်လည်း သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့် အရေး ကာကွယ်ရပ်တည်သူများနှင့် သက်ဆိုင်လျက်ရှိသည် (UNECE၊ ၂၀၂၁)။

ကုလသမဂ္ဂ ဥရောပစီးပွါးရေးကော်မရှင် (UNECE) ၏ သဘာဝပတ်ဝန်းကျင်ရေးရာ ကာကွယ်ရပ်တည်သူများ ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ အခန်းကဏ္ဍမှာ အောဟုစ် သဘောတူစာချုပ်အရ မိမိတို့၏ အခွင့်အရေးများကို ရရှိကျင့်သုံးရန် ကြိုးပမ်းသည့်အတွက်ကြောင့် အပြစ်ပေးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက် ခံရခြင်း သို့မဟုတ် နှောင့်ယှက်ခံရခြင်းတို့ကို ကြုံတွေ့နေရသူများ သို့မဟုတ် ထိုသို့သော ဘေးအန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့ရနိုင်ချေရှိနေသည့် မည်သူ့ကိုမဆို အကာအကွယ်ပေးရေးအတွက် အစီအမံများ ချမှတ် ဆောင်ရွက်ပေးရန် ဖြစ်သည်။ ဤယန္တရားသည် ကုလသမဂ္ဂစနစ်အတွင်း၌ ဖြစ်စေ၊ အခြားသော အစိုးရအချင်းချင်း ပူးပေါင်း ဆောင်ရွက်သည့် ဖွဲ့စည်းပုံအောက်၌ဖြစ်စေ၊ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသော မူဘောင်တစ်ခုအတွင်းတွင် သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများကို အထူးတလည် အကာ အကွယ်ပေးရန် ချမှတ် ထားသည့် ပထမဆုံးအကြိမ် ထူထောင်လိုက်သည့် ယန္တရားပင် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများဘက်မှ လုပ်ဆောင်နေသော ကြိုးပမ်းအားထုတ်မှုများလည်း ရှိနေပြီး အဆိုပါကြိုးပမ်းအားထုတ်မှုများအနက် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမဂ္ဂ (IUCN) ၏ အဖွဲ့ဝင်များက အတည်ပြုခဲ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများ (EHRDs) ဆိုင်ရာ ဆုံးဖြတ်ချက် (WCC 2020 Res 115)လည်း ပါဝင်သည်။ ယင်းဆုံးဖြတ်ချက်၌ “သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် သတင်းပေးပို့သူများကို အကာအကွယ်ပေးရန်” တောင်းဆိုထားပြီး၊ ထိုသူများကို ကာကွယ်ရန် ရည်ရွယ်သည့် ဥပဒေများ ပြဋ္ဌာန်းပေးရန်နှင့် လိုက်နာစောင့်ထိန်းကြရန် အစိုးရများအား တိုက်တွန်းထားသည်။ အဆိုပါ ဆုံးဖြတ်ချက်သည် IUCN ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အစိုးရအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သောအဖွဲ့ဝင်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများနှင့် သတင်းပေးပို့သူများကို အကာအကွယ်ပေးနိုင်ရေးအလို့ငှာ IUCN ၏ မူဝါဒနှင့် လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲရေးကိုလည်း တိုက်တွန်းအားပေးထားသည် (Geneva Environmental Network, n.d.)။

အခြားသော ကြိုးပမ်းအားထုတ်မှုတစ်ခုကို အာရှ-ပစိဖိတ်ဒေသတွင် တွေ့ရှိရပြီး ယင်းမှာ ဆွေးနွေးတိုင်ပင် ခြင်းနှင့် အတွေ့အကြုံ သင်ယူလေ့လာခြင်းများအတွက် အထောက်အကူပြု ပလက်ဖောင်းတစ်ခု ဖော်ဆောင်ပေးသည့် ပုံစံ မျိုးဖြစ်သည်။ ပထမအကြိမ် အာရှ-ပစိဖိတ်ဒေသ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည် သူများရေးရာ ဆွေးနွေးပွဲကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲများသည် အာရှ-ပစိဖိတ်ဒေသတစ်ဝန်းရှိ ရာပေါင်းများစွာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများကို အောင်မြင်စွာ ချိတ်ဆက်ပေးနိုင်ခဲ့ပြီး စည်းရုံးလှုံ့ဆော်ရေးနှင့် လုံခြုံရေးကဲ့သို့သော ခေါင်းစဉ်အမျိုးမျိုးနှင့်စပ်လျဉ်း၍ အချင်းချင်း

အပြန်အလှန် သင်ယူလေ့လာခြင်းများလုပ်ဆောင်နိုင်မှုအတွက် အထောက်အကူပြုပေးခဲ့သည်။ တတိယအကြိမ် ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည် (UN Conference Centre၊ ၂၀၂၃)။

အာရှ-ပစိဖိတ်ဒေသ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများရေးရာ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ -

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ဒေသတွင်း ဖြစ်ပေါ် ပြောင်းလဲ မှု အလားအလာများကို ဆွေးနွေးတိုင်ပင်ရန်အလို့ငှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့် အရေး ကာကွယ်ရပ်တည်သူများအတွက် ဘေးကင်းလုံခြုံသော နေရာတစ်ခုအဖြစ် ဖော်ဆောင် ပေးရန်။
- အာရှနှင့် ပစိဖိတ်ဒေသတစ်ဝန်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ် တည်သူများ အချင်းချင်းအကြား အပြန်အလှန် သင်ယူလေ့လာနိုင်ရန်အတွက် ပလက်ဖောင်း တစ်ခု ပံ့ပိုးပေးရန်။
- အလေ့အကျင့်ကောင်းများ၊ အောင်မြင်မှုမှတ်တမ်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အ လက်များ ရရှိနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖြေရှင်းဆောင်ရွက် ခြင်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို သိရှိရယူနိုင်ရေး ပံ့ပိုး ပေးရန်။
- စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများအတွက် အချက်အလက်စုဆောင်းခြင်းမှ ရရှိလာနိုင်သည့် အကျိုး ကျေးဇူးများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ အကြား ပိုမိုနားလည်သဘောပေါက်လာစေရေး တိုက်တွန်းအားပေးရန်။
- အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည် သူများ၏ အခြေအနေနှင့် ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသည့် အခွင့်အလမ်းများ၊ အတားအဆီးများ နှင့် ဘေးအန္တရာယ်များအကြောင်း ရှာဖွေဖော်ထုတ်ခြင်း၊ အာရှနှင့် ပစိဖိတ် ဒေသရှိ အချက်အလက် စုဆောင်းမှု ဖြစ်စဉ်များကို အသေးစိတ်ဆန်းစစ်လေ့လာခြင်းတို့မှ တစ်ဆင့် အချက်အလက်စုဆောင်း ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ရန်။
- ဒေသခွဲအသီးသီးရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ အချင်းချင်း ချိတ်ဆက်မှုများ ပိုမိုခိုင်မာလာစေရန်အတွက် ကွန်ရက်ချိတ်ဆက်နိုင်မည့် နေရာများ ကို ဖော်ဆောင်ပေးရန်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအနေဖြင့် မီဒီယာများနှင့် မည်သို့ဘေးကင်းလုံခြုံစွာ၊ ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်သည်ကို လေ့လာသင်ယူရန် နှင့် နားလည်သဘောပေါက်စေရန် (UN Conference Centre)၊ ၂၀၂၃) တို့ဖြစ်ကြသည်။

အရှေ့တောင်အာရှဒေသတွင် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၂၀၁၂

ခုနှစ်တွင် အတည်ပြုခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် အခွင့်အရေးနှင့် သက်ဆိုင်သော အခန်းတွင် (အထူးသဖြင့် အပိုဒ် ၃၅ နှင့် ၃၆ တို့၌) ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် အခွင့်အရေးကို လူသားတိုင်းနှင့် အာဆီယံ ပြည်သူ များ၏ လွဲပြောင်းဖယ်ရှားခြင်းမရသော အခွင့်အရေးတစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြထားသည်။ အဆိုပါ အပိုဒ် နှစ်ခုသည် “စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက် ရန်၊ ခံစားပိုင်ခွင့်ရှိရန်နှင့် တရားမျှတ၍ ရေရှည်တည်တံ့သော အကျိုးကျေးဇူးများကို ရရှိစေရန်” ဟူသော ပူးပေါင်း ပါဝင်မှုဆိုင်ရာ သဘောတရားများကို အလေးပေးဖော်ပြထားခြင်းပင်ဖြစ်သည် (AHRD၊ ၂၀၁၂)။ အပိုဒ် ၃၅ တွင် “ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် အခွင့်အရေးကို လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များ၏ ဖွံ့ဖြိုး တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို တရားမျှတစွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အကောင်အထည် ဖော်ဆောင်ရွက်ရမည်” ဟု ထပ်လောင်းဖော်ပြထားသည် (AHRD, ibid.)။ တဆက်တည်း မှာပင် အပိုဒ် ၃၆ ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား "ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို ဦးတည်သည့် အဓိပ္ပာယ်ပြည့်ဝ၍ ပြည်သူကို ဗဟိုပြုသော၊ ဂျန်ဒါရေးရာ တုံ့ပြန်ဆောင်ရွက်မှုရှိသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပြဋ္ဌာန်းဆောင်ရွက်ရန် နှင့် အာဆီယံပြည်သူများအတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့် ရှောက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အပါအဝင် လိုအပ်သော အခြေအနေရပ်များကို ဖန်တီးပေးရန်” တိုက်တွန်းထားသည် (AHRD, ibid.)။ အရှေ့တောင် အာရှဒေသတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် ဥပဒေအရ စည်းနှောင်မှုရှိသော ဒေသတွင်းမူဘောင်ဟူ၍ ယနေ့အချိန်အထိ မရှိသေးချေ။ သို့ရာတွင် နိုင်ငံ အများအပြား၌ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်ထားသည့် ပြည်တွင်း ဥပဒေများကို ပြဋ္ဌာန်းထားရှိကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများအား ဤဒေသအတွင်း မည်သို့ကိုင်တွယ် ဖြေရှင်းနေပုံကို ဆက်လက်ဖော်ပြမည့် အပိုင်း၌ တွေ့မြင်ရမည်ဖြစ်သည်။

၈.၄ အရှေ့တောင်အာရှဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များ

မတ် ဟားရှ်ဘာဂါ (Matt Hershberger, n.d.) က အရှေ့တောင်အာရှဒေသအတွင်း ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှု ၆ ရပ်ကို အောက်ပါအတိုင်း ဖော်ထုတ်ထားသည်။

၁။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော မျိုးစိတ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း။ ဤသည်မှာ တောရိုင်းတိရစ္ဆာန်များကို တရားမဝင်ဖမ်းဆီးခြင်းမှသည် သစ်တောပြုန်းတီးခြင်းအထိ အမျိုးမျိုးသော အကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဒေသရင်းမျိုးစိတ် အများအပြားမှာ မျိုးသုဉ်း ပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

၂။ လေထုညစ်ညမ်းခြင်း။ ဤသည်မှာ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်သော်လည်း အရှေ့တောင် အာရှသည် အရှေ့အာရှနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အဆိုးရွားဆုံး ဖြစ်သော ဒေသအချို့စာရင်းထဲတွင် ပါဝင်နေသည်။ ဤဒေသရှိ နေရာအနှံ့အပြားတွင် တောမီးလောင် ကျွမ်းမှုများကြောင့်

ဖြစ်ပေါ်လာသည့် “မီးခိုးမြူငွေ့” ဘေးအန္တရာယ်နှင့် မကြာခဏ ရင်ဆိုင်ရလေ့ရှိသည်။ အရှေ့တောင်အာရှရှိ မီးခိုးမြူငွေ့များမှာ မကြာခဏဆိုသလို ပိုမိုဖြစ်ပွားလာပြီး နိုင်ငံအများအပြားသို့ ပျံ့နှံ့သွားနိုင်ကာ ပြင်းထန်သော ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ် စေသည်။ အဓိကအားဖြင့် အင်ဒိုနီးရှားနိုင်ငံရှိ မီးလောင်ကျွမ်းမှုများမှ စတင်ခဲ့သော ၂၀၁၃ ခုနှစ်၊ မီးခိုးမြူ ငွေ့ဘေးသည် စင်ကာပူ၊ ဘရူနိုင်း၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ပြဿနာများကို ဖြစ်ပေါ် စေခဲ့သည်။ နယ်စပ်ဖြတ်ကျော် ဖြစ်ပေါ်သည့် မီးခိုးမြူငွေ့များပြဿနာသည် နှစ်စဉ် မြင့်တက်လာလျက် ရှိနေသည်။

၃။ သန္တာကျောက်တန်းများ ပျက်စီးခြင်း။ ကာဗွန်ဓါတ်များက ကာဗွန်နစ်အက်ဆစ်အဖြစ်သို့ ပြောင်းလဲသွားပြီးလျှင် အချိန်ကြာလာသည်နှင့်အမျှ သမုဒ္ဒရာ၏ အက်ဆစ်ဓာတ်ပမာဏကို မြင့်တက်လာစေခြင်း အပါအဝင် များစွာသောအကြောင်းရင်းများကြောင့် သန္တာကျောက်တန်းများသည် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလများအတွင်း ပြင်းထန်စွာပျက်စီးယိုယွင်းလာခဲ့သည်။ ဤသို့ အက်ဆစ်ဓာတ် မြင့်တက်လာခြင်း သည် သန္တာကျောက်တန်းများကို အဓိကအားနည်းသွားစေပြီး ရောဂါဘယများ ပိုမိုဖြစ်ပွားလွယ်စေကာ ပြင်ပမှ နှောင့်ယှက်ထိခိုက်မှုများ ပေါ်ပေါက်လာပါကလည်း ပြန်လည် ကောင်းမွန်လာနိုင်မည့် အနေအထားကို လျော့နည်းသွားစေသည်။ ငါးများ အလွန်အကျွံ ဖမ်းဆီးခြင်းကြောင့် ငါးမျိုးစိတ်များ ပျောက်ကွယ်သွားစေပြီး သန္တာကျောက်တန်းများ၏ သဘာဝဂေဟစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိစေရုံသာမက ငါးဖမ်းရာတွင် အသုံးပြုသည့် နည်းလမ်းအများအပြားကလည်း ထိုသဘာဝဂေဟစနစ်ကို တိုက်ရိုက်ထိခိုက် ပျက်စီးစေသည်။ ဥပမာအားဖြင့် မိုင်းခွဲ၍ငါးဖမ်းခြင်း (ဒိုင်းနမိုက် အသုံးပြုခြင်း) နှင့် ဆိုင်ယာနိုက်အသုံးပြု၍ ငါးဖမ်းခြင်း (ငါးများကို မူးဝေစေရန်နှင့် ကိုယ်ပိုင် ငါးမွေးကန်များ၌ ငါးဖမ်းဆီးရန်အတွက် ဆိုဒီယမ်ဆိုင်ယာနိုက်ကို အသုံးပြုခြင်း) တို့ဖြစ်ကြသည်။ ရေငုပ်အပန်းဖြေ ခရီးသွားလုပ်ငန်းသည်လည်း သဘာဝ ဂေဟစနစ်ကို ထိခိုက် ပျက်စီးစေနိုင်သည့် နည်းလမ်းများအသုံးပြုခြင်းကြောင့် ထိုဂေဟစနစ်အပေါ် မကြာခဏ ထိခိုက်ပျက်စီးမှုများ ဖြစ်စေသည်။

၄။ သစ်တောပြုန်းတီးခြင်း။ မြို့ပြများတိုးချဲ့လာခြင်းနှင့် လူဦးရေ တိုးပွါးလာသည်နှင့်အမျှ မြေနေရာများ ကို အများအပြား ရယူအသုံးပြုလာကြသည်။ အထူးသဖြင့် အရှေ့တောင်အာရှဒေသသည် အပူပိုင်းဒေသတွင် တည်ရှိနေခြင်းကြောင့် ပျက်စီးသွားသော သစ်တောအများစုမှာ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများ အကြွယ်ဝဆုံး ဂေဟစနစ်များအနက်တစ်ခုဖြစ်သည့် အပူပိုင်းမိုးသစ်တောများ ဖြစ်ကြသည်။ မိုးသစ် တောများ ပျက်စီးလာခြင်း၏ အကျိုးဆက်များကား အလွန်ဆိုးရွားလှပေသည်။ ၎င်းသည် အပင်နှင့် တိရိစ္ဆာန်တို့၏ နေရင်းဒေသများကို ဖျက်ဆီးစေရုံသာမက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုလည်း ပိုမိုမြန်ဆန်စေပြီး ကျွန်ုပ်တို့အတွက် အသက်ကယ်တင်ပေးနိုင်မည့် မဖော်ထုတ်ရသေးသော ဆေးဝါးအသစ်များကိုလည်း ဆုံးရှုံးသွားစေနိုင်သည်။

၅။ သောက်သုံးရေ ရှားပါးခြင်း။ ဤစိုးရိမ်ဖွယ်ရာကိစ္စရပ်သည် အရှေ့တောင်အာရှဒေသတွင် အလွန်ပင် ပြင်းထန်ဆိုးရွားလာလျက်ရှိသည်။ တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကို

ဖြတ်သန်းစီးဆင်းနေသည့် မဲခေါင်မြစ် အပါအဝင် အာရှတိုက်၏ အဓိကမြစ်ကြီးများအတွက် မြစ်ဖျားခံရာ အရင်းအမြစ်ဖြစ်သော ဟိမဝန္တာရေခဲမြစ်များသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပိုမို လျင်မြန်စွာ အရည်ပျော်လျက်ရှိသည်။ မဲခေါင်မြစ်ကဲ့သို့သော မြစ်များသည် ဆည်တည်ဆောက်ထားမှုကို အကြီးအကျယ် ရင်ဆိုင်ထားရပြီး ထိုအချက်သည် ရေပေးဝေမှုနှင့်ပတ်သက်ပြီးလျှင် မြစ်အထက်ပိုင်းရှိ နိုင်ငံများက မြစ်အောက်ပိုင်းရှိ နိုင်ငံများအပေါ် ကြီးမားသော လုပ်ပိုင်ခွင့်အာဏာကို ရရှိသွားစေသည်။ ထိုရေ အများစုကို သီးနှံစိုက်ပျိုးရေး အတွက် အသုံးပြုရသည်ဖြစ်ရာ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ပြဿနာ များ လည်း ရှိလာစေသည်။ ထို့ပြင် အလွယ်တကူရရှိနိုင်သော ရေချိုများကလည်း ညစ်ညမ်းနေခြင်း သို့မဟုတ် သန့်ရှင်းမှု မလုံလောက်သည့် ပြဿနာများ ဖြစ်ပေါ်နေပေသည်။ ဤဒေသတွင် အင်ဒိုနီးရှားနိုင်ငံက အခြေအနေအဆိုးရွားဆုံးဖြစ်ပြီး မြို့ပြနေထိုင်သူ ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေထိုင်သူ ၁၀ ရာခိုင်နှုန်းသည်သာ သန့်ရှင်းသောရေကို ရရှိနိုင်သည့် အခွင့်အလမ်းရှိနေလေသည်။

၆။ မြို့ပြဖြစ်ထွန်းမှု ပိုမိုမြင့်မားလာခြင်း။ ကျေးလက်နေထိုင်မှုမှ မြို့ပြနေထိုင်မှုသို့ ကမ္ဘာလုံးဆိုင်ရာ ကူးပြောင်းလာသည့်လမ်းကြောင်းမှ အရှေ့တောင်အာရှဒေသသည်လည်း ကင်းလွတ်မနေဘဲ ထိုကဲ့သို့ ကူးပြောင်းမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများစွာကို ဖြစ်စေသည်။ မြို့ပြဖြစ်ထွန်းမှုက လူဦးရေ ထူထပ်လွန်းခြင်း၊ ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်း၊ သန့်ရှင်းမှု အားနည်းခြင်း နှင့် နိုင်ငံရေး မတည်ငြိမ်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ ထိုမှတစ်ဆင့် အကြမ်းဖက်ပဋိပက္ခများဆီသို့ ဦးတည်သွားနိုင်ပြီး သဘာဝပတ်ဝန်းကျင်အတွက် မည်သည့်အခါမျှ ကောင်းကျိုးများရရှိနိုင်မည် မဟုတ်ပေ။ ထို့ပြင် မြို့ပြများအတွက် စီမံကိန်းများ စနစ်တကျ ချမှတ်ထားခြင်းမရှိပါက မြို့ပြဧရိယာများ အထိန်းအကွပ်မဲ့ ကျယ်ပြန့်လာခြင်းကို ဖြစ်ပေါ်လေ့ရှိပြီး အရှေ့တောင်အာရှဒေသတွင်မူ ယင်းကဲ့သို့ ဖြစ်လာခြင်းသည် သစ်တောပြုန်းတီးမှု၊ တိရိစ္ဆာန်တို့၏ နေရင်းဒေသများ ပျက်စီးမှု၊ ကာဗွန်ဓါတ်ငွေ့ ထုတ်လွှတ်မှုများ ပိုမိုမြင့်မားလာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် ပြဿနာများကို အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွါးရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) က ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်၌ အတည်ပြုထားသည်။ ယင်းအစီရင်ခံစာ ၌ UNESCAP က “ဖွံ့ဖြိုးအောင်အရင်လုပ်၊ ပြီးမှ ပြန်လည်သန့်စင်” ဟု အမည်တပ်ထားသော ဖွံ့ဖြိုးရေး ဆိုင်ရာ မူဝါဒများကြောင့် မြို့ပြအခြေခံအဆောက်အအုံများ ချို့တဲ့ခြင်း၊ သမုဒ္ဒရာ/ရေအောက် ပတ်ဝန်းကျင် ပျက်စီးခြင်း၊ မြေထုအရည်အသွေး ကျဆင်းခြင်း၊ တောမီးလောင်ခြင်းနှင့် လေထုညစ်ညမ်းခြင်းတို့ ဖြစ်ပေါ်နေသည်ဟု ဖော်ပြထားသည်။ ထိုကဲ့သို့ဖွံ့ဖြိုးရေးမူဝါဒများသည် နိုင်ငံပြင်ပမှလာသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မောင်းနှင်အားများကြောင့်သာမက ပြည်တွင်းမှဖြစ်တည်လာသော လူဦးရေတိုးပွါးလာမှု၊ ဆင်းရဲ မွဲတေမှု စသည့် ဖိအားများကြောင့်လည်း ပိုမိုအားကောင်းလာရခြင်းဖြစ်သည် (UNESCAP၊ ၂၀၂၃)။

အရှေ့တောင်အာရှရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် ရာသီဥတုပြောင်းလဲမှုနှင့်အတူ ပိုမို ဆိုးရွားလာပြီး ရှုပ်ထွေးလျက်ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ပြင်ဆင်တင်ပြသော အစီရင် ခံစာတစ်ခုဌ

အရှေ့တောင်အာရှ၏ ပျမ်းမျှအပူချိန်သည် ၁၉၆၀ ပြည့်နှစ်မှစတင်ကာ ဆယ်စုနှစ် တစ်ခုစီတိုင်းတွင် မြင့်တက်လာခဲ့ကြောင်း ထောက်ပြထားသည်။ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံစာရင်းတွင် ပါဝင်နေသည် (ပါရာကတ်၊ ၂၀၁၈)။ ကမ္ဘာ့ဘဏ်၏ မှတ်တမ်းများအရ ဗီယက်နမ်နိုင်ငံသည် နောင်အခါ ကမ္ဘာကြီးပူနွေးလာမှုဒဏ်ကို ခံရနိုင်ခြေအရှိဆုံး နိုင်ငံ (၅) နိုင်ငံထဲတွင် ပါဝင်နေကြောင်း ဖော်ပြထားသည် (ibid.)။ အရှေ့တောင်အာရှဒေသသည် စွမ်းအင် လိုအပ်ချက် မြင့်တက်လာခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မူဝါဒရေးရာ ပဋိပက္ခများ စသည့် တိုးပွါးလာနေသော ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

အရှေ့တောင်အာရှတွင် ဖြစ်ပေါ်နေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကိစ္စရပ်များ နှစ်ခုစလုံးသည် စိုးရိမ်ဖွယ်ရာ အခြေအနေ၌ ရှိနေပေသည်။ ပထဝီအနေအထားကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများနှင့် ပျက်စီးမှုများသည် လူသားတို့ ပြုလုပ်လိုက်သော ဘေးအန္တရာယ်များကြောင့် ပိုမိုဆိုးရွားလာကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို သဘာဝ ပတ်ဝန်းကျင်နှင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းများအား ကာကွယ်စေရေး လုပ်ဆောင်ရန်အတွက် တွန်းအားပေးလျက် ရှိသည်။ သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော ရေရှည်တည်တံ့သည့် သဘာဝ ပတ်ဝန်းကျင်နှင့် ရာသီဥတု ဆိုင်ရာ တရားမျှတမှုတို့အတွက် ရုန်းကန်ကြိုးပမ်းခြင်းသည် ၎င်းတို့အား ကြီးမားသော ဘေးအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရစေသည်။

၈.၅ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေ

Global Witness အဖွဲ့မှ ပထမဦးဆုံး ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာကို ကိုးကားပြီးလျှင် နော့ (Knox) က “ပဋိပက္ခများအကြောင်း သတင်းပို့တင်ပြမှုအားနည်းသည့်နေရာများသို့ အသေးစိတ် ကွင်းဆင်းစုံစမ်း စစ်ဆေးမှုများမပြုလုပ်ဘဲ သတင်းအချက်အလက်ရရှိရန်မှာ မဖြစ်နိုင်သည်ဖြစ်ရာ ကျွန်ုပ်တို့ အတည်ပြုနိုင်ခဲ့ သည့် အမှုအခင်းများထက် ပိုမိုများပြားသော အမှုအခင်းများ ရှိနေမည်မှာ သံသယဖြစ်ဖွယ်မရှိပေ” ဟု အလေးပေး ပြောကြားခဲ့သည် (၂၀၁၇)။ ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ၎င်းတို့၏ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ခြင်း၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် အနည်းဆုံး လူပေါင်း ၉၀၈ ဦး အသတ်ခံခဲ့ရကြောင်း တွေ့ရှိခဲ့သည်။ Global Witness အစီရင်ခံစာတွင် ဖော်ပြထားသော သတ်ဖြတ်မှုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် နိုင်ငံ ၉ နိုင်ငံအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသေအပျောက် အများဆုံးအဖြစ် ဘရာဇီးနိုင်ငံတွင် သေဆုံးသူ ၄၄၈ ဦး (စုစုပေါင်း အရေအတွက်၏ ထက်ဝက်နီးပါး) ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ဒုတိယ အများဆုံးမှာ ဟွန်ဒူးရပ်စ်နိုင်ငံဖြစ်ပြီး သေဆုံးသူ ၁၀၉ ဦး ရှိခဲ့သည်။ သေဆုံးသူ ဆယ်ဦးထက်မက ရှိခဲ့သော အခြားနိုင်ငံများစာရင်းတွင် ကမ္ဘောဒီးယား (၁၃ ဦး)၊ ကိုလံဘီယာ (၅၂ ဦး)၊ ဂွါတီမာလာ (၂၁ ဦး)၊ မက္ကဆီကို

(၄၀ ဦး)၊ ပီရူး (၅၈ ဦး)၊ ဖိလစ်ပိုင် (၆၇ ဦး) နှင့် ထိုင်းနိုင်ငံ (၁၆ ဦး) တို့ ပါဝင်သည် (Knox, ၂၀၁၇)။

မကြာသေးမီက တင်ပြထားသော Global Witness အစီရင်ခံစာအရ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းမှုကြောင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကာကွယ် ရပ်တည်သူပေါင်း ၁,၉၁၀ ဦး အသတ်ခံခဲ့ရကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ် တစ်နှစ်တည်းတွင်ပင် ကမ္ဘာတစ်ဝန်းရှိ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူ အနည်းဆုံး ၁၇၇ ဦး အသတ်ခံ ခဲ့ရသည် (Global Witness၊ ၂၀၂၃)။ ၎င်းက ထပ်မံဖော်ပြထားသည်မှာ

- ၂၀၂၂ ခုနှစ်အတွင်း မှတ်တမ်းတင်ထားသော သတ်ဖြတ်မှုများ၏ ဆယ်ပုံကိုးပုံနီးပါးသည် လက်တင် အမေရိကတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသက်အန္တရာယ်ထိခိုက်စေသည့် တိုက်ခိုက်မှုအားလုံး၏ သုံးပုံတစ်ပုံ ကျော်သည် ကိုလံဘီယာနိုင်ငံတွင် ဖြစ်ပွားခဲ့ကာ ၎င်းမှာ အခြားနိုင်ငံများထက် ပိုမို များပြားသည်။
- ၂၀၂၂ ခုနှစ်အတွင်း မှတ်တမ်းတင်ထားသော သတ်ဖြတ်မှုအများစုသည် လက်တင်အမေရိကတွင် ဖြစ်ပွားခဲ့ပြီး အသက်အန္တရာယ်ရှိသော တိုက်ခိုက်မှုများ၏ ၈၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် အတွင်း အဆိုပါဒေသရှိ အသေအပျောက်များပြားခဲ့သော အခြားနိုင်ငံများတွင် ဘရာဇီး (၃၄ ဦး)၊ မက္ကဆီကို (၃၁ ဦး) နှင့် ဟွန်ဒူးရပ်စ် (၁၄ ဦး) တို့ ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံတွင်မူ စုစုပေါင်း ကာကွယ်ရပ်တည်သူ ၁၁ ဦး သတ်ဖြတ်ခံခဲ့ရသည်။
- ယမန်နှစ်က ကမ္ဘာတစ်ဝန်းရှိ ကာကွယ်ရပ်တည်သူများ အသတ်ခံရမှုငါးခုလျှင် တစ်ခုသည် အမေဇုန် မိုးသစ်တောအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ခြိမ်းခြောက်မှုများသည် ထိုဒေသတစ်လွှားရှိ လူမှုအဖွဲ့အစည်းများအတွက် အမြဲတစေ ယှဉ်တွဲ ရင်ဆိုင်ကြုံတွေ့နေရသော လက်တွေ့ဘဝ ဖြစ်ရပ်များပင် ဖြစ်သည်။
- ကမ္ဘာတစ်ဝန်းရှိ ဌာနေတိုင်းရင်းသား လူမှုအဖွဲ့အစည်းများသည် အသက်အန္တရာယ်ရှိသည့် တိုက်ခိုက်မှုများနှင့် အချိုးမညီမျှစွာ ရင်ဆိုင်နေရသည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည် ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ယမန်နှစ်က ကမ္ဘာလုံးဆိုင်ရာ သတ်ဖြတ်မှုများတွင် သေဆုံးခဲ့ရသူများ၏ သုံးပုံတစ်ပုံကျော် (၃၄ ရာခိုင်နှုန်း) မှာ ၎င်းတို့ဖြစ်နေကြောင်း တွေ့ရှိရသည်။ “စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ အခြေခံအဆောက်အအုံနှင့် သဘာဝသယံဇာတ ထုတ်ယူရေး စီမံကိန်းများနှင့်ဆက်နွယ်၍ ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် အကြမ်းဖက်မှုနှင့် ဥပဒေကြောင်းအရ နှောင့်ယှက်စော်ကားမှုများ မြင့်တက်လာခြင်းမှာ ‘ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်း’ တစ်ရပ် ဖြစ်ကြောင်း ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေး အရာရှိက ဖော်ပြခဲ့သည်” (Denton)၊ ၂၀၁၈)။
- အသက်အန္တရာယ်ရှိနိုင်သော တိုက်ခိုက်မှုများအပြင် ကာကွယ်ရပ်တည်သူများအနေဖြင့် မိမိထင်မြင်ချက်ကိုထုတ်ဖော်ပြောဆိုသည့်အခါတွင်လည်း နှုတ်ပိတ်ရန် ဗျူဟာတစ်ခုအဖြစ် ဥပဒေများကို လက်နက်သဖွယ်အသုံးချကာ ရာဇဝတ်မှုဖြင့် အရေးယူခံရခြင်းများကိုလည်း ပိုမိုရင်ဆိုင်ကြုံ တွေ့နေရပေသည်။

သတ်ဖြတ်မှုများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအပေါ် ကျူးလွန်သည့် တုန်လှုပ်ဖွယ်ရာအကောင်းဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံ ဖြစ်နိုင်သော်လည်း သတ်ဖြတ်မှုတစ်ခုတည်းကိုသာ ဖော်ပြခြင်းက ကာကွယ်ရပ်တည်သူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ဘေးအန္တရာယ်များ၏ အတိုင်းအတာနှင့် သဘောသဘာဝကို ဖော်ပြရန် မလုံလောက်နိုင်ကြောင်း နော့ (Knox) က ပြောကြားခဲ့သည်။ အကြောင်းမှာ ကာကွယ်ရပ်တည်သူများသည် အကြမ်းဖက်တိုက်ခိုက်ခံရခြင်း၊ မိသားစုဝင်များ ခြိမ်းခြောက်ခံရခြင်း၊ အတင်းအကြပ် လက်စဖျောက်ခံရခြင်း၊ တရားမဝင် စောင့်ကြည့်ခံရခြင်း၊ ခရီးသွားလာခွင့် ပိတ်ပင်ခံရခြင်း၊ ခြိမ်းခြောက်ငွေတောင်းခံရခြင်း၊ လိုင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံရခြင်း၊ တရားစီရင်ရေးဆိုင်ရာ နှောင့်ယှက်ခံရခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လူစုခွဲရန် အင်အားသုံးခြင်း အပါအဝင် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်းများစွာကိုလည်း ခံစားနေရသောကြောင့် ဖြစ်သည် (Knox၊ ၂၀၁၇)။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ဟန့်တားရန်နှင့် ကြောက်ရွံ့တုန်လှုပ်စေရန် ရည်ရွယ်လုပ်ဆောင်သည့် ခြိမ်းခြောက်မှုများနှင့်လည်း မကြာခဏ ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုကဲ့သို့ ခြိမ်းခြောက်အနှိုင်ကျင့်မှုများ သည် များသောအားဖြင့် အခြေအနေပိုမိုဆိုးရွားလာကာ အကြမ်းဖက်မှုအသွင်သို့ လျင်မြန်စွာ ကူးပြောင်း သွားလေ့ရှိကြောင်း တွေ့ရှိရသည် (ibid.))။ နော့စ် (၂၀၁၇) ၏ အစီရင်ခံစာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရခြင်း သို့မဟုတ် လက်တုံ့ပြန် အရေးယူခြင်းများကို တွေ့ကြုံခံစားနေရကြောင်း အလေးပေး ဖော်ပြထားသည်။ ထိုသို့သော ထိပါးနှောင့်ယှက်မှုများသည် ကာကွယ်ရပ်တည်သူများ ကိုယ်တိုင် အပေါ်တွင်သာမက ဖြစ်ရပ်အများစု၌ ၎င်းတို့၏ မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်းများအပေါ်သို့ပါ သက်ရောက်လျက်ရှိကြောင်းလည်း ဖော်ပြထားသည်။ အဆိုပါ ခြိမ်းခြောက်မှု သို့မဟုတ် လက်တုံ့ပြန်မှုများတွင် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်ခြင်း၊ လိုင်ပိုင်းဆိုင်ရာ စော်ကားခြင်းနှင့် ပြန်ပေးဆွဲခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာဆိုင်ရာ ထိပါး နှောင့်ယှက်မှုများသာမက ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းနှင့် လူမှုရေးအရ အမည်းစက်ထင်အောင် ပြုလုပ်ခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ မဟုတ်သည့် ခြိမ်းခြောက်မှုများလည်း ပါဝင်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး ကာကွယ်ရပ်တည်သူအများစုက သုံးသပ်ကြသည်မှာ ယခုကဲ့သို့ ပြင်းထန်လှသည့် ခြိမ်းခြောက်မှု နှင့် လက်တုံ့ပြန်မှုများ ဖြစ်ပေါ်ရခြင်းသည် ကြီးမားသော စီးပွါးရေးအကျိုးစီးပွါးများနှင့် ဆက်နွယ်နေခြင်း ကြောင့်ဖြစ်ပြီး ၎င်းသည် အဂတိလိုက်စားမှုမြင့်မားနေခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းတို့နှင့် ဒွန်တွဲ နေခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ ထို့ပြင် ဌာနေတိုင်းရင်းသားများသည်လည်း မြေယာပိုင်ဆိုင်ခွင့်နှင့် နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ကြိုးပမ်းအားထုတ်မှုများတွင် အများအားဖြင့် ပါဝင်နေကြသည်ကို တွေ့ရှိရသည်။ ရှေ့တန်းမှ ကာကွယ် ရပ်တည်သူများအဖွဲ့၏ ၂၀၁၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက် အစီရင်ခံစာအရ ကမ္ဘာတစ်ဝှမ်းတွင် သတ်ဖြတ်ခံခဲ့ရသည့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူ ၃၂၁ ဦးအနက် ၇၇ ရာခိုင်နှုန်းမှာ မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအတွက် ကာကွယ်ရပ်တည်သူများ ဖြစ်ကြောင်း ဖော်ပြထားသည် (APF ၊ ၂၀၂၁)။ ထိုနည်းတူစွာပင် အမျိုးသမီး လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများသည် အမျိုးသားလူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှု နှင့် လက်တုံ့ပြန်မှုဆိုင်ရာ ဘေးအန္တရာယ်များကို သိသိသာသာ ပိုမို

ရင်ဆိုင်နေရသည်။ ၎င်းတို့သည် ဖိုဝါဒီ လွှမ်းမိုးသည့် အစဉ်အလာအစွဲများကို မကြာခဏ ဆန့်ကျင်ကာ ဆောင်ရွက်ကြရပြီး ထိုသို့ လုပ်ဆောင်မှုများကြောင့် မိသားစုဝင်များ၊ လူမှုအသိုက်အဝန်းနှင့် လူ့အဖွဲ့အစည်း၏ ကဲ့ရဲ့ပြစ်တင် ခြင်းကို ခံကြရလေ့ရှိသည်။ ထိုကဲ့သို့သော ဖြစ်ရပ်များသည် ၎င်းတို့ကို လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ် ခံရသည့် အဖြစ်သို့ ဦးတည်စေရုံမျှမက တရားမျှတမှု ရရှိနိုင်မှုနှင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ လူမှုကွန်ရက်များမှပေးအပ်သည့် အခြား အလွတ်သဘော အကာအကွယ်ပေးရေးယန္တရားများကို တန်းတူ မရနိုင် တော့မည့် အခြေအနေများကို ဖြစ်ပေါ်စေသည် (APF၊ ၂၀၂၁)။

၈.၆ အရှေ့တောင်အာရှဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများ

အရှေ့တောင်အာရှဒေသတွင် ဖြစ်ပေါ်နေသောအခြေအနေများက ကမ္ဘာတစ်ဝှမ်းရှိ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာအခွင့်အရေး ကာကွယ်ရပ်တည်သူများရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ထင်ဟပ်ဖော်ပြနေသည်။

ဂျင်းနီ ဒန်တွန် (Jenny Denton)(၂၀၁၈) က အရှေ့တောင်အာရှတစ်လွှားရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် ဖိအားပေးမှုအမျိုးမျိုးကို ရင်ဆိုင်နေရကြောင်း ရေးသား ဖော်ပြခဲ့ သည်။ ဒန်တွန်သည် Global Witness အဖွဲ့၏ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာကို ကိုးကား ဖော်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီရင်ခံစာအရ ၂၀၁၆ ခုနှစ်အတွင်း၌ပင် ကမ္ဘာတစ်ဝှမ်းရှိ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူ (၂၀၇) ဦး သတ်ဖြတ်ခံခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။ ဤနေရာတွင် 'ကာကွယ်ရပ်တည်သူ' ဟူသည့် အသုံးအနှုန်း၌ စနစ်တကျ ဖွဲ့စည်းထားသော တက်ကြွလှုပ်ရှားသူများ သို့မဟုတ် ရွှေ့နေရွှေ့ရပ်များသာမက၊ မိမိတို့၏ မြေယာကို ငြိမ်းချမ်းစွာ ကာကွယ်စောင့်ရှောက်ကြသည့် ဌာနေတိုင်းရင်းသား လူမျိုးများ သို့မဟုတ် လူနည်းစု တိုင်းရင်းသားအုပ်စုဝင်များမှသည် သာမန်ပြည်သူများလည်း ပါဝင်သည်။ မှတ်တမ်းတင်ထားသော သတ်ဖြတ်မှုများအနက် အမှုပေါင်း ၅၀ သည် အာရှတိုက်တွင် ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် ၄၈ ခုမှာ ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံသည် သမ္မတ ရိုဒရီဂို ဒူတာတေး လက်ထက်တွင် တက်ကြွလှုပ်ရှားသူများအတွက် ကမ္ဘာပေါ်ရှိ အန္တရာယ်အရှိဆုံး နိုင်ငံများအနက်မှ တစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ အချက်အလက်များအရ သဘာဝ ပတ်ဝန်းကျင်နှင့် ဆက်နွယ်သည့် သတ်ဖြတ်မှု များသည် ၂၀၁၆ ခုနှစ်အတွင်း ၇၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ယင်းမှာ အာရှနိုင်ငံတစ်ခုအနေဖြင့် အမြင့်မားဆုံး စံချိန်တင်ခဲ့ရာ ကိန်းဂဏန်းတစ်ခု ဖြစ်ခဲ့သည်။ ထို့ပြင် ဖြစ်ပွါးခဲ့သည့် အမှုပေါင်း၏ ၅၆ ရာခိုင်နှုန်းတွင် စစ်တပ်၏ ပါဝင်ပတ်သက်မှုရှိသည်ဟု သံသယရှိကြောင်း ဖော်ပြထားသည် (Dento၊ ၂၀၁၈)။

ဖြစ်ရပ်လေ့လာမှု - မင်ဒါနာအိုကျွန်းရှိ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ (Global Witness ၂၀၁၇ ခုနှစ် အစီရင်ခံစာ)

Global Witness (၂၀၁၇) ၏ အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု

(၇) ခုအနက် တစ်ခုသည် မင်ဒါနာအိုကျွန်းတွင် ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်၌ ကော်ဖီစိုက်ခင်းအတွက် မြေယာ သိမ်းဆည်းမှုကို ဆန့်ကျင်နေသည့် ဌာနေတိုင်းရင်းသား လယ်သမား (၈) ဦးသည် စီဘူးအိုင် ဒေသတွင် စစ်သားနှင့် ရေတပ်အဖွဲ့ဝင်များ၏ ပစ်ခတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ အဆိုပါ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုသည် ကွန်မြူနစ်လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ပြည်သူ့တပ်မတော်သစ် (New People's Army) နှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု စစ်တပ်က မှားယွင်းစွာ ဖော်ပြခဲ့သည် (Denton၊ ၂၀၁၈)။ ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ (၂၀၁၄ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အထိ) အဖြစ် ခန့်အပ်ခြင်းခံရသူ ဖိလစ်ပိုင်နိုင်ငံသူ ဗစ်တိုးရီးယား တောင်လီ-ကော်ပက်စ် (Victoria Tauli-Corpuz) သည် မင်ဒါနာအိုတွင် ဖြစ်ပွါးခဲ့သည့် အဆိုပါ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် သူမကိုယ်တိုင်ပင် ဖိလစ်ပိုင်နိုင်ငံရှိ မတရားဖိအားပေးခြင်းခံရသူတစ်ဦး ဖြစ်လာခဲ့သည်။ အစိုးရက အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ကာ ပိတ်ပင်ရန် ကြိုးပမ်းနေသည့် ကွန်မြူနစ်ပါတီ နှင့် ပြည်သူ့တပ်မတော်သစ်၏ အဖွဲ့ဝင်များအဖြစ် စွပ်စွဲသတ်မှတ်ထားသော စာရင်းတွင် သူမ၏အမည်သည် အခြားသော အခွင့်အရေးလှုပ်ရှားသူများနှင့် ဌာနေတိုင်းရင်းသားလူမျိုး ခေါင်းဆောင် အများအပြား၏ အမည်များနှင့်အတူ ပါဝင်လာခဲ့သည် (Denton၊ ၂၀၁၈)။

အရှေ့တောင်အာရှရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး မှ ကာတီးယား ချီရီဇီ (Katia Chirrizi) ၏ အဆိုအရ ဒေသတွင်း၌ အခြေခံလွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်သည့် "ဥပဒေ ပြဋ္ဌာန်းချက်များ အဆမတန် များပြားလာခြင်း" ရှိနေပြီး ၎င်းတို့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေများ၊ လုံခြုံရေးဆိုင်ရာ ဥပဒေများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုင်ရာ ဥပဒေများ ပါဝင်ကြောင်း သိရသည် (Denton၊ ၂၀၁၈)။ ကမ္ဘောဒီးယားနိုင်ငံတွင် "Mother Nature Cambodia" ဟုခေါ်သော တက်ကြွ လှုပ်ရှားသူအဖွဲ့မှ အဖွဲ့ဝင်ဟောင်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလွဲသုံးစား ပြုမှုများကို ဖော်ထုတ်ခြင်းနှင့် ယင်းကိစ္စရပ်များအတွက် တာဝန်ရှိသော အစိုးရဝန်ကြီးများအကြောင်း လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ပွင့်လင်းစွာ ဝေဖန်ထောက်ပြခြင်းတို့ကြောင့် ကမ္ဘောဒီးယား အာဏာပိုင်များ၏ ပြင်းထန်သော ပစ်မှတ်ထားမှုကို ခံခဲ့ကြရသည် (Denton၊၂၀၁၈)။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အကြားတွင် အဆိုပါ အဖွဲ့အစည်းမှ အဖွဲ့ဝင် (၅) ဦးသည် ၎င်းတို့၏ ငြိမ်းချမ်းစွာ လှုပ်ရှားဆောင်ရွက်မှုများနှင့် ဆက်နွယ်သည့် စွဲချက်များဖြင့် တရားရင်ဆိုင်ရန် စောင့်ဆိုင်းနေစဉ်အတွင်း အကျဉ်းထောင်ထဲ၌ လပေါင်းများစွာ ကုန်ဆုံးခဲ့ရသည်။ တစ်ချိန်တည်းမှာပင် ပူးတွဲတည်ထောင်သူ အဲလက်စ် ဂွန်ဇာလက်စ်-ဒေးဗစ်ဆင် သည် လည်း ပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ရသည် (Denton၊၂၀၁၈)။

ထိုင်းနိုင်ငံရှိ ကွန်ပျူတာနှင့်ဆက်စပ်သော ရာဇဝတ်မှုဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံရှိ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေနှင့် ဆက်သွယ်ရေးဥပဒေများ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ဘုရင်မင်းမြတ်ကို စော်ကားမှုဆိုင်ရာ ဥပဒေ (lèse majesté) တို့သည် ပြဋ္ဌာန်းချက်များကို အလွန်ကျယ်ပြန့်စွာ အဓိပ္ပါယ်

ဖွင့်ဆိုထားသည့် ဥပဒေ နမူနာများ ဖြစ်ကြသည်။ ထိုကဲ့သို့ ကျယ်ပြန့်လွန်းခြင်းကြောင့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ပြစ်မှုတစ်ခုအဖြစ် အဓိပ္ပါယ်ကောက်ယူကာ အရေးယူနိုင်ရန် လမ်းစဖွင့်ပေးထားသကဲ့သို့ ဖြစ်နေလေသည် (Denton၊ ၂၀၁၈)။ SLAPP (အများပြည်သူ ပါဝင်ဆောင်ရွက်မှုကို ဟန့်တား သည့် မဟာဗျူဟာမြောက် တရားစွဲဆိုမှု) ဟုခေါ်သည့် တရားစွဲဆိုမှုများသည် တက်ကြွလှုပ်ရှားသူများကို နှစ်ရှည်လများ တရားရင်ဆိုင်ရ စေရန် ချည်နှောင်ထားခြင်း၊ ငွေကြေးအမြောက်အမြား ကုန်ဆုံးစေခြင်း တို့အပြင် တရားရုံးများ၌ တရားစီရင်ရေးဆိုင်ရာ အမှီအခိုကင်းမှုများ မရှိသောကြောင့် ထောင်ဒဏ်ကျခံရသည်အထိ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။

ပို၍ပင် စိုးရိမ်ဖွယ်ကောင်းသော အချက်မှာ ဝေဖန်ထောက်ပြသည့် မှတ်ချက်များကို အွန်လိုင်းပေါ်မှ ဖယ်ရှားပစ်ရန် ရည်ရွယ်သည့် ဗီယက်နမ်နိုင်ငံ၏ ပြင်းထန်လွန်းသော ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် ဒေသတွင်းရှိ အစိုးရများသည် အင်တာနက်ကို ထိန်းချုပ်မှုလွန်ကဲခြင်းနှင့် အထူးအလေးပေး စောင့်ကြည့် စစ်ဆေးခြင်းတို့ ပါဝင်သည့် “တရုတ်နိုင်ငံပုံစံ (The China Model)” ကို အတုယူရန် ကြိုးပမ်းနေကြခြင်းပင် ဖြစ်သည် (Denton၊ ၂၀၁၈)။

သတ်ဖြတ်မှုများ၊ အခြားသော နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်စော်ကားမှုများနှင့် ခြိမ်းခြောက်အကြပ်ကိုင် ဖိအားပေးမှုများအပြင် EHRDs များသည် အတင်းအကြပ် လက်စဖျောက်ခံရခြင်းများ၏ သားကောင်များ လည်း ဖြစ်နေကြသည်။ ဥပမာအားဖြင့် လာအိုနိုင်ငံမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးဆောင်သူ ဆွမ်ဘတ် ဆွမ်ဖုန်း နှင့် ထိုင်းနိုင်ငံမှ ကရင်မြေယာတက်ကြွလှုပ်ရှားသူ ပေါ်လာဂျီး “ဘီလီ” ရပ်ချွန်ချာရွန် တို့သည် အာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရပြီးနောက် ယနေ့ထက်တိုင် ပြန်လည် တွေ့ရှိခြင်း မရှိတော့ ပေ။

ခိုင်လုံသော စုံစမ်းစစ်ဆေးမှုမျိုး တစ်ကြိမ်တစ်ခါမျှ ပြုလုပ်ခြင်းမရှိခဲ့သည့် လူသိများသော အမှုတစ်ခုမှာ ကမ္ဘောဒီးယား သစ်တောကာကွယ်ရေး တက်ကြွလှုပ်ရှားသူ ချတ် ဝူတီး ၏ ဖြစ်ရပ်ပင် ဖြစ်သည်။

ဖြစ်ရပ်လေ့လာမှု - ကမ္ဘောဒီးယား သစ်တောကာကွယ်ရေး တက်ကြွလှုပ်ရှားသူ ချတ် ဝူတီး (Chut Wutty) ၏ ဖြစ်ရပ်

ချတ်ဝူတီး သည် ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ တရားမဝင် သစ်ခုတ်မှုများကို စောင့်ကြည့်လေ့လာပြီး အစီရင်ခံတင်ပြသည့် အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သော Natural Resource Protection Group ကို တည်ထောင်ခဲ့သူ ဖြစ်သည်။ ၎င်းနှင့်သိကျွမ်းသူများ၏ ပြောဆိုချက်အရ “သူရဲ့ ဘဝတစ်လျှောက်လုံး လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းစဉ်တွေဟာဆိုရင် သစ်တောအခြေပြု လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝအမွေအနှစ်များကို ပျက်စီးစေတဲ့ အဆမတန်

သစ်တောပြုန်းတီးမှုများကို ဆန့်ကျင်ထုတ်ဖော် ပြောကြားရန်”ပင် ဖြစ်သည်ဟု သိရသည်။ ၎င်းသည် ၂၀၁၂ ခုနှစ် ဧပြီလအတွင်း ကိုးကုန်းပြည်နယ်ရှိ ဘေးမဲ့သစ်တောတစ်ခုအနီးတွင် သတင်းထောက် နှစ်ဦး အား လိုက်ပါပို့ဆောင်ပေးနေစဉ်အတွင်း သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ၎င်း၏ ကင်မရာနှင့် မန်မိုရီကတ်တို့ကို ပေးအပ်ရန် ငြင်းဆန်ခဲ့ရာမှ စစ်ရဲအရာရှိဟု ယူဆရသူတစ်ဦး၏ ပစ်ခတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ထိုဖြစ်ရပ်အတွင်း အဆိုပါအရာရှိသည်လည်း အခြားလုံခြုံရေးဝန်ထမ်းတစ်ဦး၏ မတော်တဆ မှားယွင်း ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ အရာရှိအား သတ်ဖြတ်မှုဖြင့် အဆိုပါလုံခြုံရေးဝန်ထမ်းသည် ပြစ်ဒဏ် စီရင်ခြင်း ခံခဲ့ရသော်လည်း ထောင်ဒဏ် အနည်းငယ်မျှသာ ကျခံခဲ့ရသည်။ ချတ် ဝူတီးအား သတ်ဖြတ်မှုနှင့် ပတ်သက်၍မူ မည်သူတစ်ဦးတစ်ယောက်မျှ တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း မခံခဲ့ရပေ။ အခြားသော သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများက ၎င်းလုပ်ဆောင်ခဲ့သည်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြသည်။ ဥပမာအားဖြင့် ဩခ် လင် (Ouch Leng) သည် သူ၏လုပ်ဆောင်ချက် များကြောင့် အကြမ်းဖက်ရန်ပစ်မှတ်ထားခံရနိုင်သည့် စိုးရိမ်မှုများရှိနေသော်လည်း ကမ္ဘောဒီးယားနိုင်ငံ အတွင်းရှိ တရားမဝင် သစ်ခုတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံစာများ ထုတ်ပြန်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ၎င်းသည် ၂၀၁၆ ခုနှစ်အတွက် Goldman Environmental Prize ကို ရရှိခဲ့သည်။ ထိုဆုသည် တိုက်ကြီးတစ်ခုချင်းစီမှ အခြေခံလူထုအခြေပြု သဘာဝပတ်ဝန်းကျင် ကာကွယ် ရပ်တည်သူများကို ဂုဏ်ပြုချီးမြှင့်သော ဆုဖြစ်ပြီး “ကြီးမားသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အန္တရာယ်များကြားမှ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန်အတွက် စဉ်ဆက်မပြတ်ဘဲ သိသာ ထင်ရှားသော ကြိုးပမ်းအားထုတ်မှုများ” ပြုလုပ်ခဲ့သည့် တစ်ဦးချင်းစီကို အသိအမှတ်ပြု ချီးမြှင့်ခြင်း ဖြစ် သည် (Knox၊ ၂၀၁၇)။

ဖြစ်ရပ်လေ့လာမှု - ထိုင်းနိုင်ငံရှိ HRDs များ

ထိုင်းနိုင်ငံတွင် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ (HRDs)သည် သဘာဝပတ်ဝန်းကျင်နှင့် လူမှု စီးပွါးဘဝကို ပျက်စီးစေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ် ဆန့်ကျင်ပြောဆိုမှုကြောင့် ပုဂ္ဂလိကကဏ္ဍ၏ ခြိမ်းခြောက်မှုနှင့်ဖိအားပေးမှုများကို မကြာခဏ ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ တွင် ထိုင်းနိုင်ငံအလယ်ပိုင်း ဘမ်နတ် နာရုံ လူ့အဖွဲ့အစည်းမှ ဒေသခံရွာသားတစ်စုသည် ယင်းဒေသအတွင်း လုပ်ငန်းများစတင်ရန် စီစဉ်နေသည့် နိုင်ငံခြားသားပိုင် ပိုတက်ရှ် သတ္တုတူးဖော်ရေး ကုမ္ပဏီကြီးတစ်ခုအား ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ အဆိုပါ ဆန့်ကျင်ကန့်ကွက်မှုများကို ဒေသခံ လိင်ပြောင်း ထားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာအတွက် တက်ကြွလှုပ်ရှားသူနှင့် သတ္တုတူးဖော်မှုဆန့်ကျင်ရေး လှုပ်ရှားသူဖြစ်သူ ဆန်ထွန် ဒေါင်နာရွန် က ဦးဆောင်ညှိနှိုင်းခဲ့ခြင်း ဖြစ်သည်။ ၎င်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ရှေ့နေငှားခွင့်မပေးဘဲ ထိန်းသိမ်းထားခဲ့သည် (APF၊ ၂၀၂၁)။

ဤဖြစ်စဉ် သုံးရပ်လုံးသည် ယေဘုယျအားဖြင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ ရပိုင်ခွင့်များနှင့် ၎င်းတို့ ရင်ဆိုင်နေရသည့် ဆိုးရွားသော အခြေအနေများအပေါ် ဒေသတွင်း၌ အလွန်အမင်း စိုးရိမ်ပူပန်မှုများ ရှိနေကြောင်းကို ဖော်ထုတ်ပြသနေလေသည်။

အာရှ-ပစိဖိတ်ဒေသအတွင်း နယ်စပ်ဖြတ်ကျော်စီးပွါးရေး လုပ်ကိုင်နေကြသည့် နိုင်ငံတကာ ကုမ္ပဏီကြီးများသည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ(HRDs)အပေါ် ကျူးလွန်သည့် ချိုးဖောက်မှုများတွင် မကြာခဏ ပါဝင်ပတ်သက်နေကြခြင်းကို သတိပြုရန် လိုအပ်ပေသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပတ်သက်မှုသည် EHRDs နှင့် လူထုအခြေပြု ဌာနေတိုင်းရင်းသားလူမျိုးရေးရာ ကာကွယ်ရပ်တည်သူများ အကြားတွင် အထူးသဖြင့် တွေ့ရတတ်ပေသည်။ ၎င်းတို့သည် သတ္တုတူးဖော်ရေး၊ သစ်ထုတ်လုပ်ရေးနှင့် အခြားသော သယံဇာတတူးဖော်ထုတ်ယူရေး စီမံကိန်းများကြောင့် ထိခိုက်ခံစားရသည့် လူ့အဖွဲ့အစည်းများ၏ ကိုယ်စား ရှေ့တန်းမှ ဦးဆောင်ကာ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများကို ဆန့်ကျင် သည့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသူများ ဖြစ်သည်။ စီးပွါးရေးနှင့် လူ့အခွင့်အရေး အရင်းအမြစ် ဗဟိုဌာန (Business & Human Rights Resource Centre) ၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လထုတ် နှစ်ပတ်လည် အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းရှိ စီးပွါးရေးလုပ်ငန်းဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးနေသည့် HRDs အပေါ် ဥပဒေကြောင်းအရ နည်းမျိုးစုံဖြင့် နှောင့်ယှက်မှုများမှာ ၄၈ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း သိရှိရသည်။ အထူးသဖြင့် အရှေ့တောင်အာရှဒေသသည် တရားဝင် တောင်းဆိုချက်များ သို့မဟုတ် ဆန္ဒထုတ်ဖော်မှုများကို ပစ်မှတ်ထား နှောင့်ယှက်ရန်အတွက် နိုင်ငံတော်၏ တရားစီရင်ရေးစနစ်ကို အလွဲ သုံးစားပြုခြင်း (SLAPPs) ဖြစ်ပွားမှု အများဆုံး ဒေသတစ်ခု ဖြစ်နေပေသည်။

၈.၆.၁ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း

တရားစွဲဆိုခြင်းဆိုသည်မှာ ဥပဒေကြောင်းအရ အခွင့်အရေးတစ်ရပ်ကို တည်မြဲစေရန် သို့မဟုတ် ကာကွယ် ရန်အတွက် ပဋိပက္ခဖြစ်သူများအကြား စတင်ဆောင်ရွက်သော တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဖော်ပြရန် အသုံးပြုသည့် ဝေါဟာရ ဖြစ်သည်။ ယေဘုယျအားဖြင့် တရားရင်ဆိုင်ခြင်း၏ ရည်ရွယ်ချက်မှာ တရားရုံးတွင် ဥပဒေကြောင်းအရ အနိုင်ရရှိရန်ဖြစ်သော်လည်း အချို့သော အခြေအနေများတွင် အမှုရှုံးနိမ့်ခြင်းမှတစ်ဆင့် အခြားသော ရလဒ်ကောင်းများကို ရရှိပိုင်ဆိုင်နိုင်လေသည်။ မတရားမှုများကို ဖော်ထုတ်နိုင် ခြင်းနှင့် လူထု၏ အာရုံစိုက်မှုကို ရရှိစေခြင်းတို့ကြောင့် အမှု၏ရလာဒ် မည်သို့ပင်ဖြစ်စေကာမူ မိမိတို့၏ နောက်ဆုံးရည်မှန်းချက် ပန်းတိုင်သို့ ပိုမိုနီးကပ်လာစေမည့် အခွင့်အလမ်းများ မကြာခဏ ပေါ်ပေါက်လာလေ့ ရှိသည်။

“မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းသည် လူသားအားလုံးအတွက် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို စည်းရုံးလှုံ့ဆော်နိုင်ရန် ကျွန်ုပ်တို့အား အထောက်အကူပြုပေးသည်" ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာ ခွင့်အဖွဲ့ (Amnesty International-AI, n.d.) က ဖော်ပြထားသည်။ ထိုအဖွဲ့ (AI) သည် လူ့အခွင့်အရေး ချိုး

ဖောက်ခံရသူများနှင့် လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများကို ကူညီပံ့ပိုးပေးရန်အတွက်လည်းကောင်း၊ စနစ်တကျပြောင်းလဲမှုများကို ဖော်ဆောင်ရန်အတွက်လည်းကောင်း မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း နည်းလမ်းကို အသုံးပြုလျက်ရှိသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများကို ကူညီပံ့ပိုးပေးခြင်းနှင့် လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများကို ဘေးကင်းလုံခြုံအောင် အကာအကွယ်ပေးခြင်းတို့မှတစ်ဆင့် ၎င်းအဖွဲ့သည် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် မကြာခဏ ပါဝင်ပတ်သက်လေ့ရှိသည် (အပြည်ပြည် ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ (AI)၊ ibid)။

မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း၏ ရည်မှန်းချက်သည် သီးခြားအမှုသည်တစ်ဦးအတွက် အမှုအနိုင် ရရှိရေးထက် ထိုဥပဒေကြောင်းအရ ဆောင်ရွက်ချက်များက ပိုမိုကျယ်ပြန့်သော အကျိုးစီးပွါးများကို ဖြစ်လာစေမည့် အကျိုးကျေးဇူးရရှိစေရန် ဖြစ်သည်။ ထိုအကြောင်းပြချက်ကြောင့်ပင် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းကို အပြုသဘောဆောင်သော သက်ရောက်မှုများ ဖြစ်ထွန်းစေသည့် အကျိုးပြု တရားစွဲဆိုခြင်း ဟုလည်း ခေါ်ဆိုကြပါသည်။ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းသည် မူဝါဒရေးရာ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ထောက်ခံအားပေးခြင်းမှသည် လူထုအခြေပြု စုစည်းမှုများနှင့် ဆန္ဒထုတ်ဖော်မှုများအထိ လူမှုအပြောင်းအလဲ ဖော်ဆောင်သည့် အခြားသော နည်းလမ်းများကို ဖြည့်စွက်ပံ့ပိုးပေးသော နည်းလမ်းတစ်ရပ်လည်း ဖြစ်သည်။ ထို့ကြောင့် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းကို အဓိကထား လုပ်ဆောင်သော အဖွဲ့အစည်းတစ်ခုသည် တက်ကြွလှုပ်ရှားသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြေခံလူထုအခြေပြု အဖွဲ့အစည်းများ အတွက် မဟာမိတ်အဖြစ် ရပ်တည်ဆောင်ရွက်သင့်ပါသည် (AI၊ n.d.)။

သို့ဖြစ်ရာ လူ့အခွင့်အရေး နယ်ပယ်တွင် တရားစွဲဆိုခြင်း တစ်ရပ်ကို 'မဟာဗျူဟာမြောက်သည်' ဟု ဆိုနိုင်ရန် အတွက် ၎င်းသည် လူ့အခွင့်အရေးများကို ပိုမိုရှင်းလင်းပြတ်သားစေရန်၊ လေးစားလိုက်နာရန်၊ ကာကွယ် စောင့်ရှောက်ရန်နှင့် အကောင်အထည်ဖော် ဖြည့်ဆည်းပေးရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ပုံဖော် ရေးဆွဲထားခြင်းဖြစ်စေရန် လိုအပ်ပေသည်။ ရည်ရွယ်ချက်မှာ ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များကို ပြုပြင်ပြောင်းလဲနိုင်ရေးဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် ကုစားမှုများ သို့မဟုတ် နစ်နာမှုများ သက်သာလျော့ပါးစေရေး အကူအညီများကို ရရှိစေရေး ဖြစ်သည်။ ထို့အပြင် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းသည် မတရားမှုတစ်ရပ်ကို လူထုသတိပြုမိလာစေရန် ဆောင်ရွက်ခြင်းမျိုးလည်း ဖြစ်လေ့ရှိသည်။ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အလွဲသုံးစားမှုများနှင့် ချိုးဖောက်မှုများကို အာရုံစိုက်လာစေရန် စွမ်းဆောင်နိုင်ရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် ၎င်း၏ ပြည်တွင်း နှင့် အပြည်ပြည် ဆိုင်ရာတာဝန်ဝတ္တရားများကို ကျေပွန်စွာ ဖြည့်ဆည်းပေးရန် တာဝန်ရှိကြောင်းကိုလည်း အလေးပေး ဖော်ပြနိုင်ရမည် ဖြစ်သည်။ သို့ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုတိုင်းကို မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းနည်းလမ်းဖြင့် ကိုင်တွယ် ဖြေရှင်းနိုင်သည် (သို့မဟုတ်) ကိုင်တွယ်ဖြေရှင်းသင့်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

၈.၆.၂ သဘာဝပတ်ဝန်းကျင် အခွင့်အရေး ကာကွယ်ရပ်တည်သူများအတွက် SLAPP အား အသုံးချခြင်း

မဟာဗျူဟာမြောက် တရားစွဲဆိုခြင်း သို့မဟုတ် တရားဥပဒေကြောင်းအရ ရင်ဆိုင်ခြင်းများကို ပညာရှင်များ၊ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၊ မီဒီယာလောကသားများနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း အဖွဲ့ဝင်များကို နှုတ်ပိတ်ရန် ရည်ရွယ်ချက်ဖြင့် အသုံးချလာသည့်အခါ ၎င်းသည် SLAPP အသွင်သို့ ကူးပြောင်း သွားသည်။ အများပြည်သူ ပါဝင်ဆောင်ရွက်မှုကို ဟန့်တားသည့် မဟာဗျူဟာမြောက် တရားစွဲဆိုမှုများ (SLAPPs) ကို သတင်းထောက်များနှင့် အခွင့်အရေးထောက်ခံသူများအား အဆုံးမသတ်နိုင်သော ဥပဒေ ကြောင်းအရ ရင်ဆိုင်မှု များ၊ ကုန်ကျစရိတ်ကြီးမားမှုများဖြင့် ခြိမ်းခြောက်လျက် ထိတ်လန့်တုန်လှုပ်သွားစေရန် ရည်ရွယ်၍ မကြာခဏ အသုံးပြုလေ့ရှိကြသည်။ ထိုအခြေအနေများကြောင့် အမှုများကို တိုင်ကြားရန် ကြောက်ရွံ့ခြင်း၊ ပြစ်ဒဏ်ပေးခြင်း မခံရဘဲ လွတ်မြောက်နေခြင်းနှင့် ထိုသို့သော ကျူးလွန်မှုများကို နောက် ကွယ်မှ စေခိုင်းသူ သို့မဟုတ် ကိုယ်တိုင် ကျူးလွန်သူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန် ခက်ခဲခြင်း စသည့်ရလဒ်များ ဖြစ်ပေါ်စေနိုင်သည်။ SLAPP ကို စီးပွါးရေးကဏ္ဍတွင်သာမက နိုင်ငံများကလည်း အသုံးပြုနေကြသည်။ နိုင်ငံများနှင့် စီးပွါးရေး လုပ်ငန်းရှင်များသည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူ များကို နှုတ်ပိတ်ရန်အတွက် တရားဥပဒေကြောင်း ဆိုင်ရာ နည်းလမ်းများသာမက တရားဥပဒေကြောင်းမဟုတ်သော နည်းလမ်းများကိုပါ အသုံးပြုလာကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း သာဓကများစွာကို အထင်အရှား တွေ့မြင်ခဲ့ရသည်။ အစိုးရများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိုမို တင်းကျပ်စွာ ဖြတ်တောက်ရန် ကပ်ရောဂါကို အကြောင်းပြချက်သဖွယ် အသုံးပြုခဲ့ပြီး အချို့သောကုမ္ပဏီများသည်လည်း ၎င်းတို့အပေါ် ဝေဖန်သူများကို တရားစွဲဆိုမှုများ ပိုမိုလုပ်ဆောင် နိုင်ရေးအတွက် ကန့်သတ်ချက်များစွာ ရှိနေသည့် အဆိုပါအခြေအနေကို အခွင့်ကောင်းယူခဲ့ကြသည်။ “လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများကို တရားစွဲဆိုခြင်းသည် စီးပွါးရေးလုပ်ငန်းများက SLAPPs မှတစ်ဆင့် ဝေဖန်မှုများကို ဖြတ်တောက်ရန်၊ ဖိအားပေးရန်နှင့် အသံတိတ်စေရန် ဥပဒေရေးရာစနစ်ကို အလွဲသုံးစားပြု၍ လုပ်ဆောင်နေပုံ၏ ရှင်းလင်းသော သာဓကတစ်ခုပင် ဖြစ်သည်” (စီးပွားရေးနှင့် လူ့အခွင့်အရေး အရင်းအမြစ် စင်တာ (Business & Human Rights Resource Centre)၊ ၂၀၂၀)။ SLAPPs သည် အခွင့်အရေးကာကွယ်ရပ်တည် သူများ အပါအဝင် အများပြည်သူ အကျိုးစီးပွါးကို စောင့်ကြည့်သူများ၏ အခန်းကဏ္ဍအပေါ် သက်ရောက်မှု ရှိနေသည်။ ၎င်းတို့သည် အများပြည်သူ၏ စောင့်ကြည့်လေ့လာမှုကို နှောင့်နှေးကြန့်ကြာစေခြင်း၊ ပွင့်လင်း မြင်သာမှု ကို လျော့နည်းစေခြင်းနှင့် အများအကျိုးစီးပွါးဆိုင်ရာ အကြောင်းအရာများအပေါ် ဝိုင်းဝန်းဆွေးနွေး အဖြေရှာမှုကို ဟန့်တား ခြင်း တို့ကို ဖြစ်ပေါ်စေသည်။

အာဟုစ် သဘောတူစာချုပ်အရ သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများဆိုင်ရာ ပထမဆုံး အထူးစုံစမ်း စစ်ဆေးရေးအရာရှိ မိုက်ကယ် ဖော့စ် က ၎င်း၏ အစီရင်ခံစာ၌ “အများပြည်သူ ပါဝင်ဆောင်ရွက်မှုကို ဟန့်တားသည့် မဟာဗျူဟာမြောက် တရားစွဲဆိုမှုဆိုသည်မှာ တရားစွဲဆိုခြင်းသာမကဘဲ တရားမစွဲဆိုမီ မဟာ ဗျူဟာများဖြစ်သည့် ခြိမ်းခြောက်မှုများနှင့် အခြားသော ဖိအားပေးရာရောက်သည့် ပုံစံများပါ ပါဝင်ပြီး ထိုလုပ်ရပ်များသည် ကာကွယ်ရပ်တည်သူများကို နှုတ်ပိတ်သွားစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ အများပြည်သူ ပါဝင်မှုကို ဟန့်တားသည့်

မဟာဗျူဟာမြောက် တရားစွဲဆိုမှု (SLAPP) တွင် တရားရုံး၌ စစ်ဆေးသည့်ဖြစ်စဉ် သက်သက်ကသာ အများပြည်သူ ပါဝင်ဆောင်ရွက်မှုကို ထိခိုက်စေသည်မဟုတ်ဘဲ တရားမစွဲဆိုမီ ပြုလုပ် သည့် မဟာဗျူဟာများနှင့် တရားခွင်ပြင်ပရှိ အခြားသော တရားရင်ဆိုင်မှုဆိုင်ရာ နည်းဗျူဟာများ ကလည်း အလားတူ ထိခိုက်နစ်နာစေကြောင်း အသိအမှတ်ပြုလက်ခံရမည်ဖြစ်သည်" ဟု ပြောကြားခဲ့သည်။ (UNEP၊ ၂၀၂၃)။ ထို့ပြင် ၎င်းက SLAPPs ၏ သားကောင်များသည် တရားစွဲဆိုခံရသူ တစ်ဦးတည်းသာမကဘဲ ၎င်း၏ မိသားစုဝင်များနှင့် ၎င်းအတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးနေသော ရှေ့နေများပါ ပါဝင်လာလေ့ရှိ ကြောင်း ၎င်းက အလေးအနက် ပြောကြားခဲ့သည် (ibid.)။

ယနေ့ခေတ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရပ်တည်သူများ ရင်ဆိုင်နေရသည့် ပြဿနာမှာ အကြမ်းဖက် တိုက်ခိုက်ခံရမှုများသက်သက်ချည်း မဟုတ်ပေ။ အစိုးရများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းများကို သံသယဖြစ်ဖွယ် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ဖော်ပြလာကြပြီး ၎င်း အဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်း အတိုင်းအတာကို ကန့်သတ်ရန် ရည်ရွယ်သည့် ဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းလာကြသည်။ ထိုသို့သော ဥပဒေပြဋ္ဌာန်းချက်များအနက် တရားဝင်မှုရှိသော သဘာဝ ပတ်ဝန်း ကျင်ရေးရာလှုပ်ရှားဆောင်ရွက်မှုအပေါ် အလွန်အမင်း သက်ရောက်မှုရှိသည့် ထင်ရှားသော ဥပမာမှာ နိုင်ငံခြားအကျိုးဆောင် ကိုယ်စားလှယ်ဆိုင်ရာ ဥပဒေများ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဆိုင်ရာ ဥပဒေများဟု ခေါ်ဆိုကြသည့် ဥပဒေများပင်ဖြစ်သည်။ ထိုကဲ့သို့သော ဥပဒေများသည် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများ၏ အဖွဲ့အစည်းများစွာကို တရားဝင်မှတ်ပုံတင်ခြင်း လုံးဝမပြုလုပ်ဘဲ ရှောင်ရှားစေရန် သို့မဟုတ် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းလိုက်ရန် သို့မဟုတ် ငွေဒဏ် အမြောက်အမြား ပေးဆောင်ရန်၊ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ အနှောင့်အယှက် ပေးခြင်း သို့မဟုတ် ဖျက်သိမ်းပစ်ခြင်းတို့အပါအဝင် အခြားသော ပြစ်ဒဏ်ပေးသည့် ဆောင်ရွက်ချက်များကို ခံယူရစေရန် ဖိအားပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော UNEP ၏ အစီရင်ခံစာတစ်စောင်က SLAPPs အသုံးပြုမှုသည် ကမ္ဘာတစ်ဝှမ်း၌ တိုးတက်များပြားလာနေပြီး အာရုပစိဖိတ်ဒေသသည် SLAPPs အသုံးပြုမှုနှုန်း အမြင့်ဆုံး သော ဒေသများအနက် တစ်ခုဖြစ်နေကြောင်း ထောက်ပြခဲ့သည်။ အများအားဖြင့် SLAPPs ကို စီးပွါးရေး လုပ်ငန်းများက တရားစွဲဆိုလေ့ရှိပြီး အသရေဖျက်မှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် အမှုများဖြင့် စွဲချက်တင်ကြသည်။ ၂၀၂၁ ခုနှစ်၌ ကမ္ဘာတစ်ဝှမ်းတွင် SLAPPs အသုံးပြုမှုနှင့်ပတ်သက်၍ ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုအရ “တာဝန်မဲ့သော စီးပွါးရေးလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများအပေါ် စိုးရိမ် ပူပန်မှုများ ရှိကြောင်းထုတ်ဖော်ခဲ့သည့် ရပ်ရွာခေါင်းဆောင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမား များ၊ သမဂ္ဂများ၊ သတင်းထောက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားကာကွယ်ရပ်တည်သူများ အပေါ် ကမ္ဘာအနှံ့က မှတ်တမ်း တင်ထားသော တိုက်ခိုက်မှု” ပေါင်း ၃၀၀၀ ကျော်ကို ဖော်ထုတ်တွေ့ရှိခဲ့ ကြောင်း အဆိုပါ အစီရင်ခံစာက ထုတ်ဖော်ခဲ့သည်။ ၂၀၂၁ ခုနှစ် လေ့လာမှု၏ အဓိကတွေ့ရှိချက်များအရ ၂၀၁၅ ခုနှစ် မှ ၂၀၂၁ ခုနှစ် အတွင်း SLAPPs အသုံးပြုမှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

- ဖော်ထုတ်တွေ့ရှိရသည့် အမှုပေါင်း ၃၅၅ မှုသည် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း တွေ့ရသည်။
  (က) “SLAPPs ၏ ထင်ရှားသော လက္ခဏာရပ်များ” ပါရှိခြင်းနှင့်

  (ခ) “စီးပွါးရေးလုပ်ငန်းရှင်များက လူ့အခွင့်အရေး နှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်မှုနှင့် ဆက်စပ်သူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အဖွဲ့အစည်းများကို ဦးတိုက် လျှောက်ထားခြင်း သို့မဟုတ် တရားစွဲဆိုခြင်း။”

- အမှုများ၏ ၆၀% ကျော်တွင် “ရာဇဝတ်မှုဆိုင်ရာ စွဲချက်များ ပါဝင်ပြီး အများစုမှာ အသရေဖျက်မှု သို့မဟုတ် အခြားသော ဂုဏ်သိက္ခာညှိုးနွမ်းစေမှုဆိုင်ရာ စွဲချက်များ” ဖြစ်သည်။

- SLAPP ၏ ၈၀% ကျော်သည် ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် စွဲဆိုခဲ့ခြင်းဖြစ်သည်။

- SLAPPs ကို ရင်ဆိုင်နေရသော တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ၆၀% ကျော်သည် အောက်ပါ “ကဏ္ဍလေးခုရှိ စီမံကိန်းများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ထုတ်ဖော်ခဲ့ကြသည်။”
  (က) သတ္တုတူးဖော်ရေး၊ (ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ (ဂ) သစ်ထုတ်လုပ်ရေးနှင့် သစ်ခွဲလုပ်ငန်းနှင့် (ဃ) စားအုန်းဆီလုပ်ငန်းတို့ဖြစ်ကြသည်။

- “တရားစွဲဆိုမှုများစွာတွင် ပြင်းထန်ပြီး အချိုးမညီသော ကုစားမှုများ ပါဝင်နေသည်။ ဥပမာအနေဖြင့် SLAPP၏ ထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်သည့် အလွန်အကျွံ နစ်နာကြေး တောင်းဆိုခြင်းဖြစ် သည်။” ဤလေ့လာမှုတွင် ဖော်ထုတ်တွေ့ရှိခဲ့သော ၃၅၅ မှုအနက် ၈၂ မှုမှ အချက်အလက်များကို စစ်ဆေးကြည့်ရှုရာ၌ SLAPP တွင် တောင်းခံခဲ့သော နစ်နာကြေးပမာဏသည် စုစုပေါင်း “အမေရိကန် ဒေါ်လာ ၁.၅ ဘီလီယံကျော်” အထိ ရှိခဲ့ကြောင်း တွေ့ရသည် (UNEP၊ ၂၀၂၃)။

၂၀၂၁ ခုနှစ်တွင် အာရှပစိဖိတ်ဒေသသည် တစ်ကမ္ဘာလုံး၌ SLAPPs အသုံးပြုမှုနှုန်းတွင် လက်တင်အမေရိက (၃၉%) ပြီးနောက် ဒုတိယအမြင့်ဆုံး ဒေသအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ အစီရင်ခံစာအရ ထိုင်းနိုင်ငံသည် အာရှဒေသတွင် တရားစွဲဆိုမှု အများဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အာရှတစ်ဝန်း တရားစွဲဆိုမှု စုစုပေါင်း ၏ ၄၀ ရာခိုင်နှုန်း အထိ ရှိခဲ့သည်။ ထိုင်းနိုင်ငံ၏ နောက်တွင် အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က အစဉ်လိုက် ရပ်တည်နေကြသည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်(UNEP)၏ အစီရင်ခံစာသည် ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများဆိုင်ရာ အစီရင်ခံစာအကျဉ်းချုပ်ကို ကိုးကားထားပြီး စိုးရိမ်ဖွယ်ကောင်းသော အလွဲသုံးစားပြုမှုပုံစံများမှာ ဆက်လက်ဖြစ်ပွားနေကြောင်း အတည်ပြုထားသည်။ အဆိုပါဒေသတွင်း၌ မှတ်တမ်းတင်ထားသည့် တိုက်ခိုက်မှုများ၏ ၇၀ ရာခိုင်နှုန်းနီးပါးက မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ အခွင့်အရေးကာကွယ်ရပ်တည်သူများအပေါ် ကျူးလွန်ခြင်းဖြစ်ပြီး တိုက်ခိုက်မှု ၁၀ ခုတွင် ၃ ခုခန့်မှာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ အပေါ် ကျူးလွန်ခြင်းဖြစ်သည် (UNEP၊ ၂၀၂၃)။

အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများအတွက် အန္တရာယ်အရှိဆုံး ဒေသများအနက် တစ်ခုဖြစ်လာပြီး ထိုသူများစာရင်းတွင် ဌာနေ တိုင်းရင်းသား အုပ်စုများထံမှ လူပုဂ္ဂိုလ်များစွာ ပါဝင်နေကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အရှေ့တောင်အာရှဆိုင်ရာ ဒေသတွင်းကိုယ်စားလှယ် စင်သီယာ ဗယ်လီကို က ပြောကြားခဲ့သည် (Kuentak၊ ၂၀၂၀)။ သူမ၏ အမြင်အရ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရောယှက် ရှုပ်ထွေးသည့် လူ့အခွင့်အရေး ပြဿနာများသည် များသောအားဖြင့် သဘာဝအရင်းအမြစ်များကို တိုးမြှင့် ထုတ်ယူသုံးစွဲလိုသော တွန်အားနှင့် ဆက်စပ်လျက်ရှိသည်။ ခြိမ်းခြောက်မှုများနှင့် တိုက်ခိုက်မှုများသည် သတ္တုတူးဖော်ရေး စီမံကိန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးနှင့်ဆိုင်သော စီးပွါးရေးလုပ်ငန်းများ၊ သစ်ထုတ်လုပ်ခြင်းနှင့် သစ်တောပြုန်းတီးမှု၊ ရေအားလျှပ်စစ် နှင့် ကြီးမားသော အခြေခံအဆောက်အအုံ စီမံကိန်းများ စသည်တို့နှင့် အများဆုံး ဆက်နွယ်နေသည်။ အရှေ့တောင်အာရှ ဒေသတွင် စီးပွါးရေးလုပ်ငန်းများ နှင့် ဆက်စပ်သော တိုက်ခိုက်မှု စုစုပေါင်း ၃၄၅ မှု ရှိခဲ့ရာ ၎င်းတို့အနက် ၁၆၇ ခု (သို့မဟုတ် စုစုပေါင်း၏ ၄၈ ရာခိုင်နှုန်း) မှာ တရားစီရင်ရေးဆိုင်ရာ နှောင့်ယှက်မှုဖြစ်ကြသည်။ ထိုင်းနိုင်ငံတစ်ခုတည်းတွင်ပင် ၁၉၉၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် မေလအထိ SLAPPအမှုပေါင်း ၂၁၂ မှု ရှိခဲ့ကြောင်း လူ့အခွင့်အရေးရှေ့နေများအသင်း (Human Rights Lawyers Association) က အစီရင်ခံထားသည်။ ထိုအမှုများအနက် ၁၉၆ မှုသည် ထောင်ဒဏ်ကျခံရနိုင်သည့် ပြစ်ဒဏ်များအပါအဝင် ပြင်းထန်သော နောက်ဆက်တွဲအကျိုးဆက်များ ရှိနိုင်သည့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ ဖြစ်ကြသည်။ SLAPPs ၏ ပစ်မှတ်ထားခံရသူများအနက် ၄၁ ရာခိုင်နှုန်းမှာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၊ ဒေသခံ လူထုများ၊ အဖွဲ့အစည်းများနှင့် အလုပ်သမားများ ဖြစ်ကြသည်။ တရားစွဲဆိုထားသည့် ကိစ္စရပ်များတွင် ၃၂ ရာခိုင်နှုန်းမှာ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ (သတ္တုတူးဖော်ရေး၊ စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံ များ)တို့နှင့် သက်ဆိုင်ပြီး၊ ၅ ရာခိုင်နှုန်းမှာ အလုပ်သမားရေးရာ ကိစ္စရပ်များ၊ ၂ ရာခိုင်နှုန်းမှာ ပြည်သူ့ကျန်းမာရေးနှင့် ကျန် ၂ ရာခိုင်နှုန်းမှာ စွမ်းအင်ကဏ္ဍတို့နှင့် သက်ဆိုင်ကြောင်း တွေ့ရှိရသည် (Kuentak၊ ၂၀၂၀)။ ပုံမှန်အားဖြင့် SLAPPs အများစုမှာ တရားမမှုပုံစံဖြင့်ဖြစ်စေ၊ သို့မဟုတ် တရားမရုံး၊ အုပ်ချုပ်ရေးဆိုင်ရာရုံးနှင့် ရာဇဝတ်တရားရုံးများတွင် တစ်ပြိုင်နက်တည်း တရားရင်ဆိုင်ရသည့် ပုံစံမျိုးဖြင့်ဖြစ်စေ တရားစွဲဆိုလေ့ရှိ ကြသည်။ အရှေ့တောင်အာရှ ဒေသတွင်မူ SLAPP အမှုအများစုမှာ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ ဖြစ်ကြသည်။ အလွဲသုံးစားပြုသော တရားရုံးလုပ်ထုံးလုပ်နည်းများ ကြာရှည်လေလေ တရားစွဲဆိုခံရသူ အတွက် ငွေကြေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် အခြားသော ထိခိုက်နစ်နာဆုံးရှုံးမှုများမှာလည်း ပိုမိုကြီးမား လေလေဖြစ်ပေသည်။

၈.၇ နိဂုံး - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများကို ကာကွယ်စောင့်ရှောက်ရန် မဟာဗျူဟာများ ရှိပါသလား။

အာဆီယံဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့၊ ၂၀၂၂ (ASEAN Parliamentarians for Human Rights - 2022) သည် ပထမအကြိမ် အာဆီယံ-ဥရောပသမဂ္ဂ (ASEAN-EU) ထိပ်သီးအစည်းအဝေး မတိုင်မီ အရှေ့တောင်အာရှဒေသတွင်း လူ့အခွင့်အရေး အခြေအနေနှင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏

အခြေအနေတို့နှင့်ပတ်သက်၍ အိတ်ဖွင့်ပေးစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကြောင့် လက်တုံ့ပြန်မှုများနှင့် ဆက်လက်ခံစားနေကြရပြီး ထိုသို့ဖြစ်ပွားရာတွင် မကြာခဏဆိုသလို ၎င်းတို့ကို ကာကွယ်ရန် တာဝန်ရှိသည့် နိုင်ငံများ၏ လက်ချက်ဖြစ်နေရသည်မှာ များပြားလွန်းလှသဖြင့် အဆိုပါအဖွဲ့က စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ အဆိုပါ အိတ်ဖွင့်ပေးစာတွင် လူ့အခွင့်အရေး အထိမ်းအမှတ် စီမံကိန်း (Human Rights Memorial project) ၏ အစီရင်ခံစာကို ကိုးကားခဲ့ပြီး ထိုအစီရင်ခံစာအရ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူ ၂၅ ဦး အသတ်ခံရကြောင်း မှတ်တမ်း တင်ခဲ့သည်။ သို့သော် အမှန်တကယ် အသတ်ခံရသည့်အရေအတွက်မှာ ထိုမှတ်တမ်းထက် အဆများစွာ ပိုများနိုင်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။ ၂၀၂၂ ခုနှစ်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ (Lao PDR) အစိုးရမှ စတင်ခဲ့သော ဖွံ့ဖြိုးရေး စီမံကိန်းများကို ကန့်ကွက်ခဲ့သည့် ဆွမ်ဘတ် ဆွမ်ဖုန်း အတင်းအကြပ် လက်စဖျောက်ခံရခြင်း၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။ ဒေသတွင်းရှိ နိုင်ငံအများအပြားတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအပါအဝင် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ ကြုံတွေ့နေရသည့် အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်သာ ဖြစ်သည်။

ရှေ့တန်းမှ ကာကွယ်ရပ်တည်သူများ (Front Line Defenders) အဖွဲ့၏ ၂၀၂၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက်တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း ဒေသတွင်းရှိ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများသည် တရားစီရင်ရေးဆိုင်ရာ နှောင့်ယှက်မှုများ၊ အသရေဖျက်မှုနှင့် ဂုဏ်သရေညှိုးနွမ်းစေရန် စည်းရုံးလှုံ့ဆော်မှုများ၊ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် လူသိများပြီး ဆိုးရွားလွန်းသော 'အနီရောင်တံဆိပ်ကပ်ခြင်း (Red-tagging)' အလေ့အထ၊ ကမ္ဘောဒီးယားနိုင်ငံတွင် လူအများ၏ ဝေဖန်မှုခံနေရသော ကြိုတင်ကာကွယ်ရေး အစီအမံများဆိုင်ရာဥပဒေကဲ့သို့သော ကိုဗစ်-၁၉ ဆိုင်ရာ ဥပဒေများကို အလွဲသုံးစားပြုခြင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ အီလက်ထရွန်နစ် သတင်းအချက်အလက်နှင့် အရောင်းအဝယ်ပြုခြင်းဆိုင်ရာ ဥပဒေကို လက်နက်သဖွယ် အသုံးချကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများအပါအဝင် ကာကွယ်ရပ်တည်သူများကို နှုတ်ပိတ်ရန် အသုံးပြုခြင်း စသည့် ကျယ်ပြန့်သော ခြိမ်းခြောက်မှု အမျိုးမျိုးကို ရင်ဆိုင် နေကြရသည် (ASEAN Parliamentarians for Human Rights၊ ၂၀၂၂)။

ဒစ်ဂျစ်တယ်နည်းပညာသုံး စောင့်ကြည့်ထောက်လှမ်းခြင်းသည် ပိုမိုကြီးထွားလာသော စိုးရိမ်ဖွယ်ရာကိစ္စတစ်ခု ဖြစ်လာနေသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းဖြစ်နည်းပညာများသာမက လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် စနစ်တကျစိစစ်မှုအားနည်းသော တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံကဲ့သို့သော နိုင်ငံများမှ တင်သွင်းလာသည့် နည်းပညာများကိုလည်း အသုံးပြုနေကြသည်။ တိုရွန်တိုတက္ကသိုလ်ရှိ Citizen Lab နှင့် Amnesty International အဖွဲ့တို့၏ အစီရင်ခံချက်များအရ ထိုင်းလူ့အခွင့်အရေး ကာကွယ် ရပ်တည်သူများနှင့် ဒီမိုကရေစီအရေး လှုပ်ရှားသူများသည် NSO Group ၏ ပေဂဆက် ထောက်လှမ်းရေး ဆော့ဖ်ဝဲ (spyware) ဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းကိုခံခဲ့ကြရသည်။ သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံတွင် တစ်ဦးတစ်ယောက်၏ ကိုယ်ရေး အချက်အလက်များကို အများပြည်သူသိအောင် တမင်ဖွင့်ချခြင်း (doxing) တိုးပွားလာနေသည်ကို ကြည့်ခြင်း

အားဖြင့် နည်းပညာဆိုင်ရာ နည်းလမ်းများဖြင့် လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများကို ပစ်မှတ်ထားရန် အတွက် အဆင့်မြင့် ဆော့ဖ်ဝဲလ်များ အမြဲတမ်း မလိုအပ်ကြောင်း ဖော်ပြနေလေသည်။

အများဆုံး ပစ်မှတ်ထားခံရသည့် ကာကွယ်ရပ်တည်သူများအနက် အလုပ်သမားအခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး၊ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားကြိုးပမ်းနေသူများ၊ ဒီမိုကရေစီအတွက် လှုပ်ရှားသူများနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို အလွဲသုံးစားလုပ်ခြင်းအပေါ် ဆန့်ကျင်သူများ ပါဝင်သည်။

အာဆီယံ-ဥရောပသမဂ္ဂ ပါလီမန်အမတ်များသည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများအား ကာကွယ်ရန် အရေးကြီးကြောင်း၊ ထိုသူတို့အပေါ် ကျူးလွန်သည့် သတ်ဖြတ်မှုများ၊ အတင်းအကြပ် လက်စဖျောက်ခံ ရမှုများ အပါအဝင် ပြစ်မှုများကို စနစ်တကျစုံစမ်းစစ်ဆေးရန် အရေးကြီးကြောင်းကို ထပ်လောင်း အတည် ပြုသည်။ ၎င်းတို့သည် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများကို ကာကွယ်စောင့်ရှောက်ရန် အဓိကထား ကိုင်တွယ်သည့် သီးခြားမူဝါဒများအပါအဝင် အမျိုးသားလူ့အခွင့်အရေးမူဝါဒများကို လိုအပ်သည့်အခါတွင် ဖော်ဆောင်ရန်နှင့် တိုးတက်ကောင်းမွန်စေရန် တိုက်တွန်းထားသည်။ အစိုးရအပေါ် ဝေဖန်ထောက်ပြသူများ၊ တက်ကြွ လှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် အတိုက်အခံ ပါလီမန်အမတ်များကို နှုတ်ပိတ်ရန် အတွက် နိုင်ငံများနှင့် စီးပွါးရေးလုပ်ငန်းရှင်များက မဟုတ်မမှန် စွပ်စွဲမှုနှင့် အသရေဖျက်မှုဆိုင်ရာ ဥပဒေများကို အသုံးချနေခြင်းအား ရပ်တန့်ရေးမှာ အလွန်အရေးကြီးသည် (ASEAN Parliamentarians for Human Rights၊ ၂၀၂၂) ။

SLAPP များ တိုးပွါးလာခြင်းနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ (၂၀၂၃) က ၎င်းပြဿနာကို ဖြေရှင်းရန်အတွက် နည်းလမ်း (၃) ခုကို အဆိုပြုခဲ့သည်။

- တရားစွဲဆိုမှုများကို စောစီးစွာ ပယ်ဖျက်ပေးခြင်းနှင့် တရားစွဲဆိုမှု လုပ်ငန်းစဉ်များကို အရှိန်မြှင့် လျင်မြန်စွာဆောင်ရွက်ပေးခြင်းကဲ့သို့သော SLAPP ကို ဆန့်ကျင်သည့် တရားမကျင့်ထုံးဆိုင်ရာ အကာအကွယ်ပေးမှုများအတွက် ဥပဒေပြဋ္ဌာန်းခြင်း။ အမှန်စင်စစ်အားဖြင့် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံအချို့တွင် Anti-SLAPP ဥပဒေဆိုင်ရာစနစ်များကို စတင်မိတ်ဆက်ခဲ့ပြီး ၎င်းတို့သည် ဒေသတွင်းရှိ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်မှုနမူနာများပင်ဖြစ်သည်။ ထိုကဲ့သို့သော ကောင်းမွန်သော လက်တွေ့ လုပ်ဆောင်မှုများတွင် ဖိလစ်ပိုင်နိုင်ငံ တရားရုံးချုပ်၏ ကျင့်ထုံးစည်းမျဉ်းများ၌ အတိအလင်း ပြဋ္ဌာန်းထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်နွယ်သော SLAPPs ကို ဆန့်ကျင် သည့် ကျင့်ထုံးဆိုင်ရာ အကာအကွယ်ပေးမှုများ ပါဝင်သည်။ အခြားသော နိုင်ငံများအနေဖြင့်လည်း ဤလုပ်ဆောင်ချက်များကို အတုယူ လိုက်နာ ဆောင်ရွက်နိုင်ကြပေသည်။

- SLAPP ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းကြရာတွင် ထိုသို့သော တရားစွဲဆိုမှုများကို ထိန်းချုပ် ထားသည့် ဥပဒေများကို ပြုပြင်ပြောင်းလဲရန် အဓိကထား လုပ်ဆောင်လေ့ရှိသည်။ အရှေ့တောင် အာရှဒေသတွင်း စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူ လူ့အခွင့်အရေးရှေ့နေတစ်ဦးဖြစ်သူ ဂျေးကော့ဘ် ဘိုဂါတ်

(၂၀၂၃) ရေးသားခဲ့သော ဆောင်းပါးတိုတစ်စောင်တွင် ထိုင်းအစိုးရသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၊ စီးပွါးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အကြံပြုချက်များကို လိုက်နာကာ ၎င်းတို့၏ ရာဇဝတ်ကျင့်ထုံးဥပဒေ နှင့် တရားမကျင့်ထုံးဥပဒေများ၏ အဓိက ပုဒ်မများကို ပြင်ဆင်ခဲ့ကြောင်း ဖော်ပြထားသည်။ သို့သော် ထိုသို့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သော်လည်း လုံလောက်မှုမရှိကြောင်း တွေ့ရှိရသည်။ အကြောင်းမှာ ဥပဒေပြင်ဆင်ပြီးသည့် နောက်ပိုင်းနှစ်များတိုင် SLAPP များ ဆက်လက် ဖြစ်ပွားနေဆဲ ဖြစ်ပြီး တရားသူကြီးများအနေဖြင့် အဆိုပါ SLAPP များကို ပယ်ဖျက်ရန်အတွက် ဥပဒေပြဋ္ဌာန်းချက် အသစ်များကို ကိုးကားအသုံးပြုခြင်း ရှိ၊ မရှိမှာလည်း ရှင်းလင်းမှုမရှိသေးသောကြောင့် ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် အထက်ဖော်ပြပါ အမှုအချို့တွင် ကာကွယ်ရပ်တည်သူ ထိုင်းရှေ့နေများက တရား စွဲဆိုမှုကို ပယ်ဖျက်ပေးရန်အတွက် ဥပဒေပြဋ္ဌာန်းချက်များကို တင်ပြခဲ့ကြသော်လည်း တရားသူကြီးများသည် တစ်ခါတစ်ရံတွင် ထိုတင်ပြချက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အမှုများကို စစ်ဆေးမှု ဆက်လက်ပြုလုပ်ရန် ခွင့်ပြုခဲ့ကြသည်။ ထို့ကြောင့် ဥပဒေကြောင်းအရ ပြုပြင်ပြောင်းလဲမှုများသည် တန်ဖိုးရှိသော လုပ်ဆောင်ချက် ဖြစ်သော်လည်း ထိုင်းနိုင်ငံ၏ အတွေ့အကြုံအရ ထိုကဲ့သို့သော အစီအမံ များသည် တက်ကြွလှုပ်ရှားသူများအနေဖြင့် SLAPP များကို ဆန့်ကျင်တိုက်ဖျက်ရာတွင် အသုံးပြုရမည့် တစ်ခုတည်းသော လက်နက် (သို့မဟုတ်) ကိရိယာ မဖြစ်နိုင်ကြောင်း သက်သေပြနေသည်။ ၎င်းက အလေးအနက် တိုက်တွန်းထားသည်မှာ ကျွန်ုပ်တို့အနေဖြင့် ပိုမိုတိုက်တွန်းအားပေးရန် လိုအပ်သည့် မဟာဗျူဟာများထဲမှ တစ်ခုမှာ လူ့အခွင့်အရေးဆိုင်ရာ စနစ်တကျစီစစ်မှု (human rights due diligence) ပင် ဖြစ်သည်။

- SLAPP နှင့် ပစ်မှတ်ထားခံရသူများအတွက် ဥပဒေကြောင်းအရ ကူညီထောက်ပံ့ပေးခြင်း၊ တတိယ ပုဂ္ဂိုလ်များကြားဝင်ကူညီဆောင်ရွက်ပေးခြင်းနှင့် SLAPP ကြောင့် ပစ်မှတ်ထားခံရသူများ၏ ကိုယ်စားအဖြစ် ကိုယ်စားပြုအဖွဲ့အစည်းများက ဆောင်ရွက်ခွင့်ပြုခြင်း၊ SLAPPနှင့် ပတ်သက်၍ အသိပညာပေးမှုများ မြှင့်တင်ခြင်း၊ ဥပဒေရေးရာ ကျွမ်းကျင်သူများကို လေ့ကျင့်သင်တန်းပေးခြင်း၊ နိုင်ငံများအကြားနှင့် ဥပဒေပညာရှင်များအကြား ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများ မျှဝေခြင်း၊ ဒေသတွင်း၌ SLAPP များကို စောင့်ကြည့်လေ့လာခြင်း စသည်တို့ကဲ့သို့သော ဥပဒေကြောင်းအရနှင့် ဥပဒေကြောင်းအရ မဟုတ်သော ဆောင်ရွက်ချက်များ ပေါင်းစပ်ပါဝင်သည်။

- ပစ်မှတ်ထားခံရသူများကို ကူညီအထောက်အပံ့ပေးရန် အထူးပြုဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ အတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများပေးခြင်း။ ဤအချက်သည် ရိုးရှင်းသော်လည်း အာရှဒေသတွင်မူ ခက်ခဲသောကိစ္စရပ်တစ်ခု ဖြစ်နေသည်။ အကြောင်းမှာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရပ်တည်သူများ အပါအဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများသည် ဒေသပြင်ပ ရန်ပုံငွေအပေါ်တွင်သာ မှီခိုအားထားနေရသောကြောင့် ဖြစ်သည်။ ဤရည်ရွယ်ချက်အတွက် ရန်ပုံငွေ ရှာဖွေခြင်းသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်စေသည်။

- တိုက်ခိုက်မှုများကို မှတ်တမ်းတင် အစီရင်ခံခြင်း၊ အန္တရာယ်များကို အကဲဖြတ်ခြင်း၊ ဖြစ်ပေါ်မှု လမ်းကြောင်းကို ပုံဖော်ခြင်းနှင့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသူများအတွက် အချိန်မီနှင့် သတ်မှတ်ထားသော အထောက်အပံ့များ ပေးအပ်ခြင်း။

- SLAPP များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒေသတစ်ဝှမ်းရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ (NHRIs) ၏ အခန်းကဏ္ဍများကို ပိုမိုခိုင်မာအောင် မြှင့်တင်ခြင်း။

က။ မေးခွန်းများ

၁။ သင်၏ ထင်မြင်ချက်အရ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများအကြား သိသာထင်ရှားသည့် ကွာခြားချက် (သို့မဟုတ်) ကွဲပြားချက်များက မည်သည့်အရာ (သို့မဟုတ်) အရာများ ဖြစ်သနည်း?

၂။ ယေဘုယျအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ နှင့် (သို့မဟုတ်) လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများ၏ အခွင့်အရေးများကို ကန့်သတ်ထားသော သို့မဟုတ် ကာကွယ်ပေးထားသော ဥပဒေပြဋ္ဌာန်းချက်များ သင့်နိုင်ငံတွင် ရှိပါသလား? ရှင်းပြပါ။

၃။ သင့်နိုင်ငံ၌ အပြင်းထန်ဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများမှာ မည်သည့်အရာများ ဖြစ်ပါသနည်း? သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများက ထိုပြဿနာများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းကြပါသနည်း?

၄။ သင်သည် နိုင်ငံသားတစ်ဦးအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်ရပ်တည်သူများကို အကာအကွယ်ပေးရာတွင် သင့်၏ ကိုယ်ပိုင်အခန်းကဏ္ဍများကို မည်ကဲ့သို့ သတ်မှတ်ထားပါသနည်း?

ခ။ ကျမ်းကိုးများ

AHRD, Article 35, https://asean.org/wp-content/uploads/2021/01/6_AHRD_Booklet.pdf

Amnesty International (n.d.). Strategic Litigation, https://www.amnesty.org/en/strategiclitigation/

Asia Pacific Form (2021), Regional Action Plan on Human Rights Defenders, chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://apf-prod.s3.amazonaws.com/media/resource_file/Regional_Action_Plan_on_HRDs_English.pdf?AWSAccessKeyId=AKIA57J6 V 5 5 7 I S A S X 3 4 R & S i g n a t u r e = p D % 2 B H P % 2 B TJ o O % 2 B z l Q b U b a O A f

%2BK1E9U%3D&Expires=1701514818

ASEAN Parliamentarians for Human Rights (2022). Open letter on the situation of human rights and human rights defenders in Southeast Asia ahead of the inaugural ASEAN – EU Summit, https://aseanmp.org/2022/12/12/open-letter-on-the-situation-of-human-rights-and-human-rightsdefenders-in-southeast-asia-ahead-of-the-inaugural-asean-eu-summit/#:~:text=As%20detailed%20in%20Front%20Line,related%20laws%2C%20like%20Cambodia's%20widely

Bogart, Jacob (2023, February 23). Human Rights Due Diligence as a Tool to Counter the Rise of SLAPP Suits, OpinioJuris (in association with the International Commission of Jurists), http://opiniojuris.org/2023/02/23/human-rights-due-diligence-as-a-tool-to-counter-the-rise-ofslapp-suits/

Business and Human Rights Resource Centre (2020 March). Defending Defenders: Challenging Malicious Lawsuits in Southeast Asia, chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://media.business-humanrights.org/media/documents/files/documents/2020_CLA_Annual_Briefing_SLAPPs_SEA_FINAL.pdf

Council of Europe-Commission for Human Rights, Human rights defenders (n.d.). https://www.coe.int/en/web/commissioner/human-rights-defenders.

Denton, Jenny (2018, September 6). Environmental Defenders Under Pressure Across Southeast Asia, The Diplomat, https://thediplomat.com/2018/09/environmental-defenders-underpressure-across-southeast-asia/

Environmental human rights defenders (EHRDs), Note prepared by Costa Ricam Chile, Panama, Paraguay and Peru for the Negotiating Committee during the presentation of the alternative proposal on article 9 bis contained in the Compiled text-Seventh version (LC/L.4059/Rev.6), n.d. https://negociacionp10.cepal.org/8/sites/negociacionp108/files/defensores_ambientales_-_concept_note_-_english_4.pdf.

European Commission (2023, November 30). Commission welcomes political agreement oncountering abusive lawsuits against public participation (SLAPP), https://ec.europa.eu/commission/presscorner/detail/en/ip_23_6159

Geneva Environmental Network(n.d). Update: Environmental Human Rights Defenders, https://www.genevaenvironmentnetwork.org/resources/updates/environmental-human-rightsdefenders/

Global Witness, (2023). Almost 2,000 land and environmental defenders killed between 2012 and 2022 for protecting the planet, Press Release. https://www.globalwitness.org/en/pressreleases/almost-2000-land-and-environmental-defenders-killed-between-2012-and-2022-protecting-planet/

Hershberger, Matt (n.d.). 6 Environmental Challenges Facing Southeast Asia (and What You Can Do To Help, Metador Network, https://matadornetwork.com/change/6-environmentalchallenges-facing-southeast/.

Human Rights Council (2021, October 18). Resolution 48/13, The human right to a clean, healthy and sustainable environment, chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://documents-dds-ny.un.org/doc/UNDOC/GEN/G21/289/50/PDF/G2128950.pdf?OpenElement.144

Human rights Council, (2016, March 24). Resolution 31/32, Protecting human rights defenders, whether individuals, groups or organs of society, addressing economic, social and cultural rights, A/HRC/RES/31/32, chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://documents-dds-ny.un.org/doc/UNDOC/GEN/G16/083/21/PDF/G1608321.pdf?OpenElement

International Service for Human Rights (n.d). Who are human rights defenders?, https://ishr.ch/about-human-rights/who-are-human-rights-defenders/

Knox, John (2017 February). Policy Brief, Environmental Human Rights Defenders :A global crisis, Universal Rights Group, https://www.universal-rights.org/wp-content/uploads/2017/03/EHRDs.pdf.

Knox, John (2022, September 13). “How are environmental aspects of human rights law related to environmental law, including the legal framework relating to human rights and the environment and the status and enforcement of existing standards?”, chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://rm.coe.int/intervention-john-knox/1680a90260

Kuentak, Pattama (2020, July 20). Slapped into silence, Bangkok Post, https://www.bangkokpost.

com/business/1954199/slapped-into-silence

OHCHR(n.d.a). About human rights defenders, https://www.ohchr.org/en/special-procedures/srhuman-rights-defenders/about-human-rights-defenders.

OHCHR(n.d.b). Declaration on human rights defenders, https://www.ohchr.org/en/specialprocedures/sr-human-rights-defenders/declaration-human-rights-defenders.

OHCHR (2016, July 21). A/71/229: Conservation and indigenous peoples' rights, https://www.ohchr.org/en/documents/thematic-reports/a71229-conservation-and-indigenous-peoples-rights.

Prakash, Amit (2018 September). Boiling point, IMF, https://www.imf.org/en/Publications/fandd/issues/2018/09/southeast-asia-climate-change-and-greenhouse-gas-emissions-prakash

(U.N) Economic Commission for Europe (2021, October 21). Meeting of the Parties to the Conventionon Access to Information, Public Participation in Decision-making and Access to Justice in Environmental Matters Seventh session Geneva, 18–20 October 2021, chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://unece.org/sites/default/files/2022-01/Aarhus_MoP7_Decision_on_RRM_E.pdf.

UNEP (2023 July). Environmental rule of law and human rights in Asia Pacific: Strategic litigation against public participation (SLAPPs), https://wedocs.unep.org/bitstream/handle/20.500.11822/43137/litigation_public_participation_SLAPPS.pdf?sequence=3&isAllowed=y

UNEP (n.d.a). Landmark UN resolution confirms healthy environment is a human right, https://www.unep.org/news-and-stories/story/landmark-un-resolution-confirms-healthyenvironment-human-right.

UNEP (n.d.b.). Who are environmental defenders?, https://www.unep.org/explore-topics/environmental-rights-and-governance/what-we-do/advancing-environmental-rights/who#:~:text=The%20UN%20defines%20environmental%20human,land%2C%20flora%20and%20fauna%E2%80%9D.

UN General Assembly (1999, March 8). Resolution adopted by the general Assembly, A/RES/53/144chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://www.ohchr.org/sites/default/files/Documents/Issues/Defenders/Declaration/declaration.pdf

United Nations (2021, October 8). UN News, Access to a healthy environment, declared a humanright by UN rights council, https://news.un.org/en/story/2021/10/1102582.145

United Nations Conference Centre (UNCC - BKK) (2023). The 3rd Asia-Pacific Environmental Human Rights Defender (EHRD) Forum, 20–22 Sep 2023, https://indico.un.org/event/1006855/

UNESCAP (2023). Introduction shared environmental problems,(Chapter 17) chrome-extension://efaidnbmnnnibpcajpcglclefindmkaj/https://www.unescap.org/sites/default/files/CH17.PDF

စာရေးသူများ၏ အတ္ထုပ္ပတ္တိများ

Carl Middleton, PhD သည် ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်းတက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံဌာနရှိ လူမှုဖွံ့ဖြိုးရေးလေ့လာမှုဗဟိုဌာန (CSDS) ၏ ညွှန်ကြားရေးမှူးဖြစ်ပြီး၊ နိုင်ငံတကာဖွံ့ဖြိုးရေးလေ့လာမှု ဘွဲ့လွန်သင်တန်း (MAIDS-GRID)၏ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ပါမောက္ခလည်း ဖြစ် သည်။ သူ၏ သုတေသနစိတ်ဝင်စားမှုများမှာ အရှေ့တောင်အာရှရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံရေး နှင့် မူဝါဒများအပေါ် အဓိကထားပြီး၊ အထူးသဖြင့် လူသားနှင့်သဘာဝ ဆက်နွယ်မှုများ၊ ရေနှင့် စွမ်းအင် ဆိုင်ရာ နိုင်ငံရေးဂေဟဗေဒ၊ လူသားရွှေ့ပြောင်းသွားလာမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေး ချဉ်းကပ်မှုများအပေါ် အာရုံစိုက် ဆောင်ရွက်ပါသည်။

Chunya Primrose Boonyawan သည် လက်ရှိတွင် နယ်သာလန်နိုင်ငံအခြေစိုက် Terre des Hommes (အာရှ) အဖွဲ့၌ နိုင်ငံဖြတ်ကျော်ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူမ၏ အဓိက အာရုံ စိုက်သည့် နယ်ပယ်မှာ နိုင်ငံတကာ ကလေးသူငယ်အခွင့်အရေးဥပဒေဖြစ်ပြီး၊ အထူးသဖြင့် ရွှေ့ပြောင်း ကလေးငယ်များ၊ နိုင်ငံမဲ့ကလေးငယ်များနှင့် ခေါင်းပုံဖြတ်ခံရနိုင်ခြေ မြင့်မားသော ကလေးငယ်များအရေး ဖြစ်သည်။ သူမသည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ၏ အခွင့်အရေး အတွက် ရှေ့နေလိုက်ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဥပဒေ အထောက်အကူပြုအဖွဲ့တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို စတင်ခဲ့သည်။

သူမသည် ချူလာလောင်ကွန်းတက္ကသိုလ်မှ ဥပဒေဘွဲ့ (၂၀၂၀) ကို ရရှိခဲ့ပြီး နယ်သာလန်နိုင်ငံ၊ လိုင်ဒင် တက္ကသိုလ် (Leiden University) မှ နိုင်ငံတကာကလေးသူငယ်အခွင့်အရေး လေ့လာမှုဘာသာရပ်ဖြင့် အဆင့်မြင့်ဥပဒေမဟာဘွဲ့ (Advanced LL.M) ကို ၂၀၂၃ ခုနှစ်တွင် ရရှိခဲ့သည်။ သူမ၏ ဘွဲ့လွန်ကျမ်းမှာ ထိုင်းနိုင်ငံရှိ နိုင်ငံမဲ့ကလေးငယ်များ၏ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံပိုင်ခွင့် (Right to Identity) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ သတင်းပို့ဆက်သွယ်တိုင်တန်းမှု လုပ်ထုံး လုပ်နည်းဆိုင်ရာ နောက်ဆက်တွဲသဘောတူစာချုပ် ၃ ကို အသုံးပြုနိုင်ခြေများအပေါ် အလေးပေး လုပ် ဆောင်သည်။

Jerald Joseph သည် လူ့အခွင့်အရေးဆိုင်ရာ အတိုင်ပင်ခံနှင့် သင်တန်းဆရာတစ်ဦးဖြစ်ပြီး၊ အခြေခံ လူတန်းစားကွန်ရက်များ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် လူမျိုးရေးခွဲခြားမှုဆိုင်ရာ ကိစ္စရပ်များ တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအဖြစ် အနှစ် ၃၀ အတွေ့အကြုံရှိသူဖြစ်သည်။ သူသည် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင် (SUHAKAM) တွင် ၆ နှစ်ကြာ ကော်မရှင်နာအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် Forum ASIA ၏ အမှုဆောင်ကောင်စီဥက္ကဋ္ဌ၊ Pusat KOMAS ၏ ဘုတ် အဖွဲ့ဝင်၊ အရှေ့တောင်အာရှ Greenpeace ၏ ဘုတ်အဖွဲ့ဝင်၊ TikTok အာရှ-ပစိဖိတ် ဘေးကင်းလုံခြုံရေး အကြံပေးကောင်စီဝင်နှင့် ရောမမြို့ရှိ

Institute De Le Salle Brothers ၏ တရားမျှတရေးနှင့် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်။ ထို့ပြင် သူသည် မလေးရှား နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးကောင်စီဝင် (၂၀၁၈-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၂)၊ လူသား အရင်းအမြစ်ဝန်ကြီးဌာန၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ လွတ်လပ်သောကော်မတီဝင် (၂၀၁၉-၂၀၂၀) နှင့် အာဆီယံလူ့အခွင့်အရေးကော်မရှင် (AICHR) အတွက် မလေးရှားကိုယ်စားလှယ် ရွေးချယ်ရေး အဖွဲ့ဝင် (၂၀၁၈)၊ အကျဉ်းသားများ စောလျင်စွာ လွှတ်ပေးရေး စိစစ်ကြီးကြပ် ကော်မတီ၊ အကျဉ်ဦးစီးဌာန၊ မလေးရှား၏ ကော်မတီအဖွဲ့ဝင် (၂၀၂၀ - ဧပြီ ၂၀၂၂) အဖြစ်လည်း ခန့်အပ်ခြင်းခံခဲ့ရသည်။

Kalpalata Dutta, PhD သည် အာဆီယံတက္ကသိုလ်ကွန်ရက် - လူ့အခွင့်အရေးပညာရေး (AUN-HRE) ၏ ပညာရေးမန်နေဂျာဖြစ်သည်။ သူမသည် အိန္ဒိယနိုင်ငံတွင် လူမှုပြောင်းလဲမှုအတွက် ဥပဒေကို အရင်းအမြစ်တစ်ခုအဖြစ် အသုံးချသည့် ဥပဒေဆိုင်ရာအဖွဲ့အစည်းတစ်ခု၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို စတင်ခဲ့သည်။ ထို့နောက် ဘန်ကောက်အခြေစိုက် အာရှလူ့အခွင့်အရေးအဖွဲ့အစည်း (Asian Institute for Human Rights) တွင် လူ့အခွင့်အရေးပညာရေး အားကောင်းလာစေရန် ဦးဆောင်ခဲ့ပြီး၊ ရှေ့နေများ၊ ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် ကျောင်းသားများအတွက် သင်ယူမှုအစီအစဉ်များနှင့် အရင်း အမြစ်များ ဖော်ဆောင်ပေးခဲ့သည်။ သူမ ဦးစီးဖော်ဆောင်ခဲ့သည့် ရှေ့ဆောင်အစီအစဉ်တစ်ခုမှာ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့် တက်ကြွလှုပ်ရှားသူများ ပူးပေါင်းဆောင်ရွက်သည့် "တရားရုံး စောင့်ကြည့် ရေး အစီအစဉ်" (Court Watch Program) ဖြစ်သည်။ သူမသည် ၂၀၂၃ ခုနှစ်မှစတင်၍ AUN-HRE ၏ ပညာရေးမန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သည်။

သူမသည် ဒေလီတက္ကသိုလ်မှ စီးပွားရေးဘွဲ့နှင့် ဥပဒေဘွဲ့ (L.L.B)၊ ဘူဒါပတ်စ်မြို့ စန်ထရယ် ဥရောပ တက္ကသိုလ်မှ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေဖြင့် မဟာဘွဲ့ (L.L.M) နှင့် မဟီဒေါတက္ကသိုလ်၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှုအင်စတီကျူမှ ပါရဂူဘွဲ့ (PhD) တို့ကို ရရှိခဲ့သည်။

Kamal Solhaimi Fadzil, PhD သည် မလာယာတက္ကသိုလ် (Universiti Malaya)၊ ဝိဇ္ဇာနှင့် လူမှုသိပ္ပံ ဌာနကြီး၏ မနုဿဗေဒနှင့် လူမှုဗေဒဦးစီးဌာနမှ အကြီးတန်း ကထိကတစ်ဦးဖြစ်သည်။ သူ၏ အဓိက သုတေသနနယ်ပယ်မှာ ဌာနေတိုင်းရင်းသား လူနည်းစုအခွင့်အရေးများဖြစ်ပြီး၊ အထူးသဖြင့် ဘေးမဲ့တော ဧရိယာများတွင် နေထိုင်သည့် Orang Asli လူမျိုးစုများနှင့် ပတ်သက်သည်။ သူသည် Orang Asli တို့၏ ဓလေ့ထုံးတမ်းမြေယာအမှုများအတွက် တရားရုံးတွင် ကျွမ်းကျင်သူသက်သေအဖြစ်လည်း ပါဝင်ဆောင် ရွက်ပေးသည်။ ၎င်းအပြင် အထောက်အထားမဲ့ကလေးငယ်များနှင့် ပညာသင်ကြားခွင့် ရရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နေသူ ဖြစ်သည်။

Melizel Asuncion သည် ပရော်ဖက်ရှင်နယ် ရှေ့နေတစ်ဦးဖြစ်ပြီး၊ အလုပ်သမားအခွင့်အရေးကို အဓိကထားဆောင်ရွက်သည့် အကျိုးအမြတ်မယူသောအဖွဲ့အစည်း Verité Southeast Asia ၏ အကြီး တန်း ဒါရိုက်တာဖြစ်သည်။ သူမသည် ၂၀၀၉ ခုနှစ်တွင် Verité သို့ စတင်ဝင်ရောက်ခဲ့ပြီး ပင်လယ်စာ၊ အီလက်ထရွန်နစ်၊ အထည်အလိပ်နှင့် စားအုန်းဆီကဏ္ဍများရှိ သုတေသနစီမံကိန်းများ၊ စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်များနှင့် အစုအဖွဲ့စုံပါဝင်သော ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲခဲ့သည်။ သူမ သည် အရှေ့တောင်အာရှရှိ ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍအတွင်း လူကုန်ကူးမှုနှင့် အဓမ္မ ခိုင်းစေမှု များအပေါ် အာရုံစိုက်သည့် Verité ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ သူမသည် Greenpeace တွင် ၂၀၁၇ မှ ၂၀၂၃ အထိ ဘုတ်အဖွဲ့ဥက္ကဋ္ဌ တာဝန်ယူခဲ့ပြီး ၂၀၁၅ - ၂၀၁၉ အထိ SHAPE-SEA အစီအစဉ်၏ အတွင်းဝန် ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ လက်ရှိတွင် သူမသည် အရှေ့တောင်အာရှ Greenpeace ၏ ဂုဏ်ထူးဆောင်ဘုတ်အဖွဲ့ဝင် ဖြစ်ပြီး SHAPE-SEA အစီအစဉ်၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်၊ နှင့် အမျိုးသမီးဥပဒေနှင့် လူ့အခွင့်အရေးဗျူရိုး၏ ဘုတ်အဖွဲ့ဝင်အဖြစ် တာဝန် ယူထားသည်။

လွန်ခဲ့သည့် ၂၃ နှစ်အတွင်း သူမသည် အမျိုးသမီးများ၊ သဘာဝပတ်ဝန်းကျင်၊ ဌာနေတိုင်းရင်းသားများ၊ ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု၊ ပညာရေးလွတ်လပ်ခွင့်နှင့် အားနည်းသော အုပ်စုများ၏ တရားမျှတမှု ရရှိရေးဆိုင်ရာ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် လုပ်ကိုင်ခဲ့သည်။ သူမသည် မဟီဒေါတက္ကသိုလ်မှ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာမဟာဝိဇ္ဇာဘွဲ့နှင့် ဖိလစ်ပိုင်တက္ကသိုလ်မှ ဥပဒေဘွဲ့တို့ကို ရရှိထားပြီး ၂၀၀၂ ခုနှစ်မှစ၍ ဖိလစ်ပိုင်ရှေ့နေအသင်းဝင် ဖြစ်သည်။

Patricia Rinwigati Waagstein, S.H., MIL, PhD သည် အင်ဒိုနီးရှားတက္ကသိုလ်၊ ဥပဒေပညာဌာနရှိ ကထိကတစ်ဦးဖြစ်သည်။ ဆယ်စုနှစ်နှစ်ခုကျော် အတွေ့အကြုံရှိသော ရှေ့နေနှင့် အတိုင်ပင်ခံတစ်ဦး ဖြစ်ပြီး တီမောလက်စတေး၊ အမေရိကန်၊ ဆွီဒင်နှင့် အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များ၊ စီးပွားရေး လုပ်ငန်းများ၊ NGO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ကျွမ်းကျင်သူအဖြစ် ပါဝင်ခဲ့သည်။

သူမသည် လူ့အခွင့်အရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေး၊ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုနှင့် နိုင်ငံတကာ ဥပဒေတို့တွင် အထူးပြုပြီး လက်ရှိတွင် အင်ဒိုနီးရှားတက္ကသိုလ်၊ Djokosoetono သုတေသနဗဟိုဌာန၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူထားသည်။ ထို့ပြင် သူမသည် အင်ဒိုနီးရှား ဥပဒေနှင့် လူ့အခွင့်အရေး ဝန်ကြီးဌာန၏ အကြံပေးတစ်ဦးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်တည်တံ့မှုနှင့် လူ့အခွင့်အ ရေးဆိုင်ရာ အကြံပေးလုပ်ငန်းတစ်ခုကိုလည်း လုပ်ကိုင်နေသည်။

ဒေသတွင်း၌ သူမသည် SEARHN၊ AUN နှင့် မဟီဒေါတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာရေး မြှင့်တင်မှုအစီအစဉ်၏ စီမံကိန်းညွှန်ကြားရေးမှူးအဖြစ် တာဝန် ထမ်းဆောင်နေသည်။

သူမသည် အင်ဒိုနီးရှားတက္ကသိုလ်မှ ဥပဒေဘွဲ့ (၁၉၉၆)၊ ဆွီဒင်နိုင်ငံ Lund တက္ကသိုလ်မှ အများဆိုင် နိုင်ငံတကာ ဥပဒေ (Public International Law) မဟာဘွဲ့ (၁၉၉၉) နှင့် ဆွီဒင်နိုင်ငံ Uppsala တက္ကသိုလ် မှ အများဆိုင်နိုင်ငံတကာ ဥပဒေ (Public International Law) ပါရဂူဘွဲ့ (၂၀၀၉) တို့ကို ရရှိခဲ့သည်။ သူမ၏ ပါရဂူကျမ်းမှာ စီးပွါးရေးနှင့် လူ့အခွင့်အရေးအတွက် ထိန်းညှိမှုဘောင်တစ်ခု ရှာဖွေလေ့လာခြင်း ဖြစ်သည်။

Philip Hirsch သည် ဆစ်ဒနီတက္ကသိုလ်မှ လူမှုပထဝီဝင်ဘာသာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်ပါမောက္ခ (Emeritus Professor) ဖြစ်သည်။ သူသည် မဲခေါင်ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်၊ ဖွံ့ဖြိုး တိုးတက်မှု နှင့် စိုက်ပျိုးရေးဆိုင်ရာ အပြောင်းအလဲများအကြောင်းကို အကျယ်တဝင့် ရေးသားခဲ့သူဖြစ်သည်။ သူ၏ လုပ်ငန်းများသည် ဒေသတွင်း လျင်မြန်သော ဖွံ့ဖြိုးတိုးတက်မှုနောက်ကွယ်မှ လူမှုရေးတရားမျှတမှု၊ မြေယာ၊ ရေနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများအပေါ် အလေးဂရုပြုထားသည်။ သူ၏ မကြာသေးမီက ထွက်ရှိခဲ့သော စာအုပ်များတွင် "Turning Land into Capital: Development and Dispossession in the Mekong Region" မြေယာကို အရင်းအနှီးပြုခြင်း - မဲခေါင်ဒေသရှိ ဖွံ့ဖြိုးမှုနှင့် ပစ္စည်းလက်မဲ့ဖြစ်ခံရသူများ (ဝါရှင်တန် တက္ကသိုလ် ပုံနှိပ် - ၂၀၂၂)၊ "Handbook of the Environment in Southeast Asia" အရှေ့တောင်အာရှဒေသရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက်စွဲ (Routledge, ၂၀၁၇) နှင့် "Powers of Exclusion: Land Dilemmas in Southeast Asia" ချန်လှပ်ခံရခြင်း၏ စွမ်းအား - အရှေ့တောင်အာရှရှိ မြေယာ ဝိရောဓိများ (စင်္ကာပူတက္ကသိုလ်ပုံနှိပ် နှင့် ဟာဝိုင်ယီတက္ကသိုလ် ပုံနှိပ်၊ ၂၀၁၁) တို့ ပါဝင်သည်။

Sriprapha Petcharamesree, PhD သည် ချူလာလောင်ကွန်းတက္ကသိုလ်၊ ဥပဒေဌာနရှိ အကြီးတန်း သုတေသနပညာရှင်တစ်ဦး ဖြစ်သည်။ သူမသည် အာဆီယံတက္ကသိုလ်ကွန်ရက် - လူ့အခွင့်အရေး ပညာ ရေး (AUN-HRE) ၏ ဦးဆောင် တည်ထောင်သူဖြစ်ပြီး၊ ထိုင်းနိုင်ငံ၊ မဟီဒေါတက္ကသိုလ်၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု အင်စတီကျူမှ အာရှတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့သော လူ့အခွင့်အရေး (နိုင်ငံတကာ) မဟာဘွဲ့သင်တန်းနှင့် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု နိုင်ငံတကာ ပါရဂူဘွဲ့ သင်တန်းတို့၏ ညွှန်ကြားရေးမှူးဟောင်းလည်း ဖြစ်သည်။ သူမကို ထိုင်းအစိုးရက အာဆီယံ အစိုးရချင်း ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) ၏ ထိုင်းနိုင်ငံကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့ပြီး၊ သူမသည် ၂၀၀၉ ခုနှစ် အောက်တိုဘာလမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

သူမ၏ သုတေသနနှင့် ကျွမ်းကျင်မှုများတွင် လူ့အခွင့်အရေး၊ အာဆီယံ/အရှေ့တောင်အာရှလေ့လာမှုများ၊ နိုင်ငံမဲ့ဖြစ်မှုနှင့် နိုင်ငံသားဖြစ်မှုအပါအဝင် ရွှေ့ပြောင်းသွားလာနေထိုင်မှု၊ စီးပွားရေးနှင့် လူ့အခွင့်အရေး၊ နှင့် နိုင်ငံတကာဆက်ဆံရေးတို့ ပါဝင်သည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍ သူမသည် ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခြင်းနှင့် ရေးသားခြင်းများ ပြုလုပ်ခဲ့သည်။

သူမသည် ထိုင်းနိုင်ငံ၊ သာမဆတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့ပြီး၊ ပြင်သစ်နိုင်ငံရှိ ပါရီ-X နန်တဲလ် တက္ကသိုလ် (University of Paris-X Nanterre) မှ ပါရဂူဘွဲ့ (PhD) ကို ရရှိခဲ့သည်။

Tesa Casal de Vela, PhD သည် မီရီယမ်ကောလိပ် (Miriam College)၊ နိုင်ငံတကာလေ့လာရေးဌာန၏ တွဲဖက်ပါမောက္ခတစ်ဦး ဖြစ်ပါသည်။ သူမသည် အမျိုးသမီးဝါဒီဆိုင်ရာ လေ့လာဆန်းစစ်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလေ့လာမှုများ၊ အသွင်ကူးပြောင်းမှုဆိုင်ရာ ခေါင်းဆောင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်များ အစရှိသည့် ဘာသာရပ်များကို သင်ကြားပေးနေသူ ဖြစ်သည်။ သူမ၏ သုတေသန နှင့် စာပေထုတ်ဝေမှုဆိုင်ရာ စိတ်ဝင်စားမှုများသည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝေဖန်ဆန်းစစ်မှုဆိုင်ရာ အမျိုးသမီးဝါဒီကျင့်ထုံးများ၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး၊ အခွင့်အရေးနှင့် လွတ်လပ်ခွင့် များ၊ လူမှုရေးလှုပ်ရှားမှုများ တည်ဆောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အုပ်ချုပ်ရေးစနစ်တို့တွင် အဓိကတည်ရှိပါသည်။

လက်ရှိတွင် သူမသည် မီရီယမ်ကောလိပ် အမျိုးသမီးနှင့် ဂျဲန်ဒါ အင်စတီကျူ (WAGI) ၏ ပညာရှင် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ အဆိုပါအင်စတီကျူသည် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဂျဲန်ဒါ တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းအတွင်း အားလုံးပါဝင်နိုင်ရေးတို့အတွက် သုတေသနပြုခြင်း၊ သင်တန်းပေးခြင်းနှင့် လှုံ့ဆော်စည်းရုံးခြင်းတို့ကို အလေးထားဆောင်ရွက်နေသော ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ သူမသည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးဝါဒီအဖွဲ့အစည်း နှစ်ခုဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသမီးများ စောင့်ကြည့်ရေးအဖွဲ့ (SEAWWatch) နှင့် Io/Isis International တို့၏ အမှုဆောင်ဘုတ်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

ASEAN University Network – Human Rights Education (AUN – HRE) လူ့အခွင့်အရေး ပညာရေးဆိုင်ရာ အာဆီယံတက္ကသိုလ်များကွန်ရက် အကြောင်း

ASEAN University Network
Human Rights Education (AUN-HRE)

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားခြင်းသည် အာဆီယံအသိုက်အဝန်း တည် ဆောက်ရေး၏ အဓိကအကျဆုံး မူဝါဒများထဲမှ တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြု၍၊ အာဆီယံဒေသတွင်း တွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံတက္ကသိုလ်များကွန်ရက် - လူ့အခွင့်အရေးပညာရေးအဖွဲ့ (AUN-HRE) ကို အာဆီယံတက္ကသိုလ် များကွန်ရက် ဦးဆောင်ဘုတ်အဖွဲ့က ၂၀၀၉ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။

AUN-HRE ၏ သီးခြားရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- အာဆီယံနှင့် အရှေ့တောင်အာရှဒေသတွင်းရှိ အဖွဲ့အစည်းအသီးသီးမှ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာပေးမှုကို မြှင့်တင်ရာတွင် ပိုမိုအားဖြည့်ဆောင်ရွက်ရန်။
- အာဆီယံမျှော်မှန်းချက် ၂၀၂၅ (ASEAN Vision 2025) တွင် ဖော်ပြထားသည့်အတိုင်း လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာရေးကို ပင်မရေစီးကြောင်းထဲသို့ ထည့်သွင်းရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (SDG 4.7) ပြည့်မီရေးအတွက် ပံ့ပိုးကူညီရန်။
- သုတေသနနှင့် ပညာရေးကဏ္ဍတွင် ကထိကများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်။
- အရှေ့တောင်အာရှဒေသတွင်းနှင့် ဒေသပြင်ပရှိ အဖွဲ့အစည်းများအကြား အပြန်အလှန် ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် အခြေခံပလက်ဖောင်းတစ်ခု ဖန်တီးပေးရန်။
- လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာပေးမှုအတွက် သင်ကြားရေးပစ္စည်းများနှင့် လူသားအရင်း အမြစ်များကို ဖွံ့ဖြိုးတိုးတက်စေရန်။

အဆိုပါ ရည်ရွယ်ချက်များဖြင့် AUN-HRE သည် ဒေသတွင်းနှင့် နိုင်ငံအဆင့် သင်ကြားပို့ချသူများ အတွက် သင်တန်းဆွေးနွေးပွဲများ၊ ဒေသတွင်းရှိ ဘွဲ့ကြိုကျောင်းသားများအတွက် စာစီစာကုံးပြိုင်ပွဲများ၊ နှင့် ကွန်ရက်အဖွဲ့ဝင်များက စိတ်ပါဝင်စားသော အကြောင်းအရာများအပေါ် အခြေခံသည့် နှီးနှောဖလှယ်ပွဲ များကို ကျင်းပပေးလျက်ရှိသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များနှင့် သင်ကြားရေးလက်စွဲစာအုပ်များကိုလည်း ထုတ်ဝေလျက်ရှိပါသည်။

AUN-HRE တွင် အဖွဲ့ဝင် ၃၀ နှင့် တွဲဖက်အဖွဲ့ဝင် ၂ ဖွဲ့ ရှိပါသည်။ AUN-HRE ၏ အတွင်းရေးမှူးရုံးကို ထိုင်းနိုင်ငံ၊ မဟီဒေါတက္ကသိုလ် (Mahidol University) ရှိ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု အင်စတီကျူ (Institute of Human Rights and Peace Studies) ၌ အခြေစိုက်ထားပါသည်။

AUN-HRE Secretariat

Institute of Human Rights and Peace Studies, Mahidol University

Panyaphiphat Building

999 Phuttamonthon 4 Rd., Salaya

Nakhon Pathom 73170, Thailand

Tel : (66) 2-441-0813-5

Fax : (66) 2-441-0872-3

E-mail: aunhre.secretariat@gmail.com

Website:http://www.ihrp.mahidol.ac.th/

Institute of Human Rights and Peace Studies (IHRP) လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု အင်စတီကျူ၊ မဟီဒေါ တက္ကသိုလ်အကြောင်း

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု အင်စတီကျူ (IHRP) ကို မဟီဒေါတက္ကသိုလ်ရှိ ဗဟိုဌာနနှစ်ခု ဖြစ်သော လူ့အခွင့်အရေးလေ့လာမှုနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု သုတေသနဗဟိုဌာန တို့ကို ပေါင်းစည်း၍ ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

လူ့အခွင့်အရေးလေ့လာမှုနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Center for Human Rights Studies and Social Development - CHRSD) ကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဆယ်စုနှစ် တစ်ခုကျော်ကြာအောင် လူ့အခွင့်အရေးဆိုင်ရာ အထူးပြုပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး၊ ဘွဲ့လွန်ပညာရေးအပြင် ကျောင်းသားများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များနှင့် အစိုးရအရာရှိများအတွက် သင်တန်းများကို ပံ့ပိုးပေးခဲ့သည့် မှတ်တမ်းကောင်းများ ရှိခဲ့ပါသည်။ CHRSD မှ စတင်ခဲ့သော လူ့အခွင့် အရေး မဟာဘွဲ့ (MA in Human Rights) သင်တန်းသည် အာရှတွင် သက်တမ်းအရှည်ဆုံး လူ့အခွင့်အရေး ဘွဲ့လွန်သင်တန်းတစ်ခု ဖြစ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်မှု သုတေသနဗဟိုဌာန (Research Center for Peacebuilding) ကို ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် တည်ထောင်ခဲ့ပြီး၊ ထိုင်းနိုင်ငံရှိ ပဋိပက္ခများ၊ အထူးသဖြင့် တောင်ဘက် အကျဆုံးပြည်နယ် သုံးခုဖြစ်သော ပတ္တာနီ (Pattani)၊ ယဲလား (Yala) နှင့် နာရသီဝပ် (Narathiwat) တို့ရှိ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ခဲ့သည်။ ထိုဗဟိုဌာနသည် လက်တွေ့ကျပြီး ပူးပေါင်းပါဝင်မှု ရှိသော သုတေသနစီမံကိန်းများစွာကို ဖော်ဆောင် ခဲ့သည်။ အဆိုပါ စီမံကိန်းများသည် အဆင့်တိုင်းတွင် တွေ့ဆုံဆွေးနွေးရေး လမ်းစများ ဖွင့်လှစ်ပေးခြင်း၊ လူထုနှင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖော်ထုတ်ပေးခြင်းတို့မှတစ်ဆင့် ပဋိပက္ခများကို စုပေါင်း ဖြေရှင်းနိုင်ရန် အလေးထား ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ပဋိပက္ခများကို အသွင်ကူးပြောင်းရန်နှင့် တရားမျှတ၍ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများ တည်ဆောက်ရန်အတွက် မူဝါဒချမှတ်သူများကိုလည်း အကြံပြုချက်များ ပံ့ပိုးပေးခဲ့ပါသည်။

IHRP သည် အထက်ပါ ဗဟိုဌာနနှစ်ခုလုံး၏ အတွေ့အကြုံနှင့် အမြင်များကို ပေါင်းစပ်ထားသဖြင့် ပညာရပ်စုံချဉ်းကပ်မှုတွင် ထူးခြားမှုရှိပြီး၊ အောက်ပါလုပ်ငန်းစဉ်များဖြင့် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး တိုးတက်ဖြစ်ထွန်းမှုအတွက် ကတိကဝတ်ပြု ဆောင်ရွက်နေပါသည်။ ၎င်းတို့မှာ - လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လက်တွေ့လုပ်ဆောင်သူများကို ပညာပေးခြင်း၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့ ကွင်းဆင်းကူညီမှုအစီအစဉ်များကို မြှင့်တင်ခြင်း၊ အရေးကြီးသော အကြောင်းအရာများအပေါ် ခေတ်ရှေ့ပြေး သုတေသနများ ပြုလုပ်ခြင်း တို့ဖြစ်ကြသည်။ IHRP မှ အကောင်အထည် ဖော်နေသော ပညာရပ်ဆိုင်ရာ အစီအစဉ် (၄) ခုမှာ -

၁။ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု ပါရဂူဘွဲ့ (နိုင်ငံတကာအစီအစဉ်)

၂။ လူ့အခွင့်အရေး မဟာဘွဲ့ (နိုင်ငံတကာအစီအစဉ်)

၃။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီထွန်းကားရေး မဟာဘွဲ့ (နိုင်ငံတကာအစီအစဉ်)

၄။ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာမှု မဟာဘွဲ့ (ထိုင်းဘာသာ အစီအစဉ်) တို့ဖြစ်သည်။

IHRP သည် အာဆီယံတက္ကသိုလ်များကွန်ရက် - လူ့အခွင့်အရေးပညာပေးရေးအဖွဲ့ (AUN-HRE) နှင့် အာဆီယံ/အရှေ့တောင်အာရှအတွင်း လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး သုတေသနနှင့် ပညာရေး ခိုင်မာအားကောင်းစေခြင်း (Strengthening Human Rights and Peace Research and Education in ASEAN / Southeast Asia - SHAPE-SEA) အဖွဲ့တို့၏ အတွင်းရေးမှူးရုံးများကိုလည်း လက်ခံအခြေစိုက် ပေးထားသည်။

Institute of Human Rights and Peace Studies, Mahidol University

Panyaphiphat Building, 999 Phuttamonthon 4 Rd., Salaya

Nakhon Pathom 73170, Thailand

Tel : (66) 2-441-0813-5

Fax : (66) 2-441-0872-3

Website:http://www.ihrp.mahidol.ac.th/

နော်ဝေလူ့အခွင့်အရေးဗဟိုဌာန (Norwegian Centre for Human Rights - NCHR), အော်စလိုတက္ကသိုလ် အကြောင်း

UiO : Norwegian Centre for Human Rights
University of Oslo

နော်ဝေလူ့အခွင့်အရေးဗဟိုဌာန (NCHR) သည် ဘာသာရပ်စုံနှင့် ပညာရပ်ပေါင်းစုံ ပေါင်းစပ်ထားသော ဗဟိုဌာန တစ်ခု ဖြစ်သည်။ ဤဗဟိုဌာနသည် သုတေသနပြုခြင်း၊ သင်ကြားပို့ချခြင်းနှင့် အသိပညာ ပြန့်ပွားစေခြင်းတို့မှ တစ်ဆင့် လူ့အခွင့်အရေးဘာသာရပ်ကို ပညာရပ်ဆိုင်ရာ နယ်ပယ်တစ်ခုအဖြစ် မြှင့်တင်ရန်ဖြစ်သည်၊ လူ့အခွင့် အရေးကဏ္ဍတွင် အဓိကကျသော အဖွဲ့အစည်းတစ်ခုအဖြစ်လည်းကောင်း၊ ပူးပေါင်းမိတ်ဖက်ကောင်းအဖြစ် လည်းကောင်းဆောင်ရွက်လျက် ၎င်း၏ နိုင်ငံတကာအဆင့်အတန်းကို ခိုင်မာစေသည်။ NCHR သည် နိုင်ငံတကာ စီမံကိန်းများနှင့် အစီအစဉ်များမှတဆင့် သုတေသနပြုမှု၊ ပညာရေးနှင့် လက်တွေ့နယ်ပယ်တွင် အသုံးချမှုတို့ အကြား ဆက်စပ်မှုကို အထူးအလေးပေး ဆောင်ရွက်သည်။

Website:

https://www.jus.uio.no/smr/english/about/